ပြည်မြို့

# ကျေးဇူးတော်ရှင်ဟာရာဏသီဆရာတော်ဘုရားကြီး

# ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ

## နှစ်တစ်ရာပြည့်အထိမ်းအမှတ်

## ဂုဏပူဇာစာတမ်းများ




ဓါတ်ပုံ-ဗဂျီလင်းဝဏ္ဏ


သာသနာ-၂၅၄၆ ကောဇာ - ၁၃၆၄ ခရစ် - ၂၀၀၂

၂၃၃၇၇



သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။



ကောဇာ ၁၃၆၄ သာသနာ ၂၅၄၆ ခရစ် ၂၀၀၂



# ပြည်မြို့
# ကျေးဇူးတော်ရှင် ဟရာဏသီဆရာတော်ဘုရားကြီး
# ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ
# နှစ်တစ်ရာပြည့်အထိမ်းအမှတ်

## ဂုဏပူဇာစာတမ်းများ

ဓမ္မဒါန

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

# မာတိကာ

## ဗာရာဏသီဆရာတော် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပူဇော်စာစောင်


| | | | |
|---|---|---|---|
| ၁။ | စာတည်းအဖွဲ့၏ ပန်ကြားလွှာ | | ၅ |
| ၂။ | နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာစောင် နိဒါန်း | | ၇ |
| ၃။ | မဟာထေရ ဂုဏဝိသိဋ္ဌပူဇာ ထုတိဝေဒလ္လဂါထာ | မင်္ဂလာဗိမာန်-အရှင်ပညာသိရီဘိဝံသ | ၉ |
| ၄။ | ထေရုပ္ပတ္တိအကျဉ်းချုပ် မင်္ဂလာရတုပိုဒ်စုံ | မင်္ဂလာဗိမာန်-အရှင်ပညာသိရီဘိဝံသ | ၁၁ |
| ၅။ | ထေရုပ္ပတ္တိအကျဉ်းချုပ် အချီအချညီ (၄၃-ပဒစီ) မင်္ဂလာရတုပိုဒ်စုံ | ဇေယျာ ဉာဏ်ရှင် | ၁၃ |
| ၆။ | အချီအချ ပဒညီ မင်္ဂလာပိုဒ်စုံရတု | စန္ဒဝရ (မြောင်းမြ) | ၁၄ |
| ၇။ | လူးတားညှပ် ရှစ်ဆယ်ပေါ်တေးထပ် | ရဝေထွန်း | ၁၅ |
| ၈။ | ကန်တော့ပန်း လေးချိုး | ဉူးဓမ္မရသ | ၁၆ |
| ၉။ | ရာပြည့်ထေရာ ပတ္ထနာ ရှစ်ဆယ်ပေါ်တေးထပ် | အရှင်ခမာစာရ | ၁၇ |
| ၁၀။ | ထုတိမင်္ဂလာကဗျာ | သိရီပညာမဟာအကျော် | ၁၈ |
| ၁၁။ | မဟာထေရ သတ္တာရပူဇာ စာတမ်းလွှာပါဘုရား | အရှင်မာန်တာစာရ | ၂၀ |
| ၁၂။ | ညောင်မွှေးမြို့ ကန်ကြီးဆရာတော်ဘုရားကြီး၏ သြဝါဒကထာ | | ၂၃ |
| ၁၃။ | စစ်ကိုင်းတောင်ရိုး ပထမဂန္ဓာရုံဆရာတော်ဘုရားကြီး၏ သြဝါဒကထာ | | ၂၅ |
| ၁၄။ | ရန်ကုန် ရွှေဟင်္သာသိရီမန္တစံကျောင်း ဆရာတော်ဘုရားကြီး၏ သာရဏီယသြဝါဒကထာ | | ၂၇ |


## ဗာရာဏသီဆရာတော်ထံပေးစာများကဏ္ဍ


| | | |
|---|---|---|
| ၁၅။ | ဗာရာဏသီဆရာတော်ဘုရားထံပေးစာများ | ၂၉ |


## ဗာရာဏသီဆရာတော်၏ သြဝါဒနှင့်တရားတော်များကဏ္ဍ


| | | |
|---|---|---|
| ၁၆။ | [illegible] ဗာရာဏသီ ဆရာတော်၏ သြဝါဒကထာ | ၄၀ |
| ၁၇။ | [illegible] ဘုရားကြီး၏ သြဝါဒဓမ္မကထာ | ၄၄ |
| ၁၈။ | [illegible] သာမညအကျွတ်တွေ အစည်းအဝေး စည်းဝေးချက်များ | ၄၇ |
| ၁၉။ | [illegible] ပေးစာ | ၄၉ |

# မာတိကာ

## ဗာရာဏသီဆရာတော် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပူဇာစာစောင်


၂၀။ အရိယမဂ္ဂပညာတော်သင်အုပ်ချုပ်ရေးအဖွဲ့ အမှုဆောင် ဦးဘဝင်းထံသို့ ပေးစာ ၅၀
၂၁။ သစ်ချိုပင် ဒကာ ဒကာမများထံ ဩဝါဒမိန့်ခွန်း ၅၂
၂၂။ လွတ်လပ်ရေးတရားတော် ၅၄
၂၃။ မြန်မာ့ထုံးစံခါသကြံန်တရားတော် ၅၈
၂၄။ ဝိညာပနမိဒံနိဒါန် ၆၃
၂၅။ ကျေးဇူးတင်ရှိခြင်း ၆၇


## ဗာရာဏသီဆရာတော်ဘုရားနှင့်ဘဝဖြစ်စဉ်ကဏ္ဍ


၂၆။ ထေရုပ္ပတ္တိ အကျဉ်းချုပ် ၆၈
၂၇။ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ဖြစ်ပေါ်လာပုံ — သိမ်ဦးဆရာတော် ၇၂
၂၈။ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ဆရာစဉ်ဆက် — သိရီဟိတေသက (လယ်တီ) ၇၅
၂၉။ ခေတ်သစ်ဝိသာခါဂုဏ်ပြုလွှာ — အရှင်သောမရံသီ ၇၈
၃၀။ သုံးခရိုင်ရွှေကျင်နိကာယဝိနည်းစာပြန်ပွဲကြီး — ဦးနာဂဝံသ (မောင်းထောင်) ၈၂
၃၁။ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် တစ်နေ့တာလုပ်ငန်းဆောင်ရွက်ချက်များ ၈၈


## ဆောင်းပါးကဏ္ဍ


၃၂။ အကျိုးဆောင်၏ သည်းခံခြင်းတရား — ဝိသုဒ္ဓါရုံ ဦးအဂ္ဂိယ ၉၀
၃၃။ နာမည်ထူးဖြင့် ဂုဏ်ထူးဆင့်သူ ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော် — အရှင်အဂ္ဂညာနာဘိဝံသ ၉၄
၃၄။ သီရိဂုဏ်ရည်စုံညီသည့်ဆရာတော်ဘုရား — ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) ၁၀၀
၃၅။ ဗာရာဏသီဆရာတော် — အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး) ၁၀၅
၃၆။ သာသနာဟူသည် — ကထိကရဟန်း ၁၁၀
၃၇။ ထေရဝါဒမူ(၃)ချက် — ပုသိမ်ကြီး - အရှင်အရိယဝံသ ၁၁၆
၃၈။ ကလိယုဂ်မဆန်းသေးသောမြန်မာပြည် — မြဝင်း (ဒဿန) ၁၂၀
၃၉။ နားထဲမှမထွက်သောဆရာတော်၏ မိန့်ကြားချက် — သိန်းအောင် (ဗာရာဏသီ) ၁၂၃
၄၀။ အာဏာစက်၊ ဓမ္မစက်နှင့် ရွှေကျင်ဂိုဏ်း — သိန်းအောင် (ပြင်ဦးလွင်) ၁၂၇

# မာတိကာ

## ဗာရာဏသီဆရာတော် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပူဇော်စာစောင်


| | | |
|---|---|---|
| ၄၁။ စဉ်ဆက်သာသနာတည်စေသော် | အရှင်အမတောဘာသ | ၁၃၀ |
| ၄၂။ ရာပြည့်ပူဇာမင်္ဂလာ | ရေပြည့်ဆရာတော် | ၁၃၄ |
| ၄၃။ ဝိနည်းတရား အလေးထား | ဉူးနာဂဝံသ (ဝိ-ဗာ) | ၁၃၆ |
| ၄၄။ ထေရဂုဏ်ရည် တစိုးတစိ တစေ့တစောင်း | ဘဒ္ဒန္တနန္ဒာဘာသာဘိဝံသ | ၁၃၉ |
| ၄၅။ အတိတေဗာရာဏသီယံ | အရှင်ဇယိဿရ | ၁၄၇ |
| ၄၆။ ဗာရာဏသီဆရာတော်ရာပြည့် အိတ်ဖွင့်လျှောက်ထားလွှာ | အရှင်ပဏ္ဍိတ (ဝါးတန်း) | ၁၅၂ |
| ၄၇။ ဆရာသခင်ကျေးဇူးရှင် | ဘဒ္ဒန္တ ကုဿရာဘိဝံသ | ၁၅၄ |
| ၄၈။ ရေးသီဖွဲ့မမီ ထေရဂုဏ်ရည် | အရှင်ကိတ္တိဗလ | ၁၅၇ |
| ၄၉။ တစ်သွေးတစ်သံ တစ်မိန့်အောက်မှ ကျေးဇူးရှင်ဆရာတော်ဘုရား | သိမ်ဉူးဆရာတော် | ၁၆၀ |
| ၅၀။ ဗာရာဏသီမဟာထေရ်ဘုရားနှင့် ခြောက်နှစ်တာကာလ | ဉူးအဘယ(နယူးယောက်) | ၁၆၄ |
| ၅၁။ အကြည်ညိုဆုံးဂုဏ်တစ်ပုဒ် | ပဲခွပ်မျိုး(အောင်လံ) | ၁၇၆ |
| ၅၂။ ကြွေလဲဝေဆဲ | ဉူးသီတလာစာရ(အောင်လံ) | ၁၇၈ |
| ၅၃။ ဗာရာဏသီဆရာတော်ဘုရားကြီး၏ ပရိယတ္တိအခြေခံနှုပ္ပဒေသ | သီရိဘုန်းထွဋ် | ၁၈၂ |
| ၅၄။ ဗာရာဏသီဆရာတော်နှင့်စာရေးသူ | လှသန့်(ပြည်) | ၁၉၀ |
| ၅၅။ ဘထွေးကြီးနှင့်ကျွန်တော် | ဒုတိယဗိုလ်မှူးကြီးစံသိမ်း(အငြိမ်းစား) | ၁၉၄ |
| ၅၆။ ကုသိုလ်ပြုခြင်းနှင့်သာသနာပြုခြင်းခွဲခြားသိမြင်နိုင်ပါစေ | အရှင်ပညာဇောတ(သရက်) | ၁၉၇ |
| ၅၇။ မြို့ထည်လေးရဲ့အတ္ထုပ္ပတ္တိ | အရှင်နန္ဒသာရ(စည်ရှင်) | ၂၀၀ |
| ၅၈။ မေတ္တာကရုဏာရိပ်ကိုတမ်းတခြင်း | ကပ္ပိယ-ဟန်သိန်း | ၂၀၃ |
| ၅၉။ သီဟိုဠ်သွားမှတ်တမ်း | သီရိဘုန်းထွဋ် | ၂၀၉ |
| ၆၀။ အတုယူစရာ | လယ်ဝေး-ရွှက်လှ | ၂၁၇ |
| ၆၁။ နှစ်တစ်ရာပြည့်စာစောင်အတွက် မ,တည် အလှူရှင်များစာရင်း | | ၂၂၀ |


### ဝတ္ထုကဏ္ဍ


| | | |
|---|---|---|
| ၆၂။ အကြွေနှင့်အကြွေး | အရှင်ခမေသက(ဇိန့်) | ၂၂၂ |
| ၆၃။ အလိုဆန္ဒတို့၏နောက်ကွယ်၌ | တင့်ယည် | ၂၂၈ |


### ကဗျာကဏ္ဍ


| | | |
|---|---|---|
| ၆၄။ အားသစ်ဇာနည် ရှေ့သို့ချီ | ရေနံမြေ-အရှင်အဂ္ဂဉာဏ | ၁၉၃ |
| ၆၅။ လျှောက်သောလမ်း | တာရာမျိုး | ၂၂၇ |
| ၆၆။ ဆရာ့လမ်း | ဝင်းသစ္စာ (သမ္ဘုလ) | ၂၂၇ |

# စာတည်းအဖွဲ့၏ ပန်ကြားလွှာ

ပဲခူးတိုင်း၊ ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက် ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့် **"ရာပြည့် အထိမ်းအမှတ်"** ပူဇော်ပွဲကျင်းပရေးအစည်းအဝေးကို ၁၃၆၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂-ရက်၊ (၁၁-၃-၂၀၀၂)နေ့တွင် ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက် မနောရဋ္ဌိတ ဓမ္မသာလာဓမ္မာရုံကြီး၌ ကျင်းပခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင် ရာပြည့်အထိမ်းအမှတ် စာစောင် ဖြစ်မြောက် ရေးအဖွဲ့ကို အဖွဲ့ဝင်(၉)ပါးဖြင့် ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။

အဖွဲ့ဝင်များမှာ-

၁။ ဦးနန္ဒောဘာသာဘိဝံသ(သ-စ-အ ဓမ္မာစရိယ) တိုက်အုပ်ဆရာတော် ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ ပြည်မြို့။

၂။ ဦးထေရပ္ပိယ ။

၃။ ဦးဟိတေသက ။

၄။ ဦးသီတလာစာရ ။

၅။ ဦးအမတောဘာသ(တိုက်အုပ်) ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၊ ရန်ကုန်။

၆။ ဦးဇယိဿရ ။

၇။ ဦးသောမရံသိ ။

၈။ ဦးခမာစာရ ။

၉။ ဦးတောသနိယဓမ္မ ။

တို့ဖြစ်ကြသည်။

သို့ဖြစ်၍ အထိမ်းအမှတ်စာစောင်ဖြစ်မြောက်ရေးအဖွဲ့သည် အထိမ်းအမှတ်စာစောင် ထုတ်ဝေ နိုင်ရေးအတွက် ဆရာတော်ဘုရားကြီးများ၊ စာပေပညာရှင်များနှင့် ဆရာတော်ဘုရားကြီး၏ တပည့်ကြီး/ငယ် များထံ စာမူများတောင်းခံခဲ့ပါသည်။

ဤစာစောင်သည် နှစ်ပေါင်း(၁၀၀)တွင် တစ်ကြိမ်တစ်ခါမျှသာထုတ်ဝေခွင့်ရရှိသော စာစောင် ဖြစ်သကဲ့သို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်အင်အနန္တတို့ကို ပူဇော်သော စာစောင်လည်း ဖြစ်သည်။ စာပေပညာရှင်အသီးသီးတို့ကလည်း ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူး နှင့်စပ်လျဉ်း၍ သိသင့် သိထိုက်သော အကြောင်းအရာများ၊ သာသနာတော်နှင့်စပ်လျဉ်းသည့် မှတ်သားဘွယ်ရာများကို ပါဠိဘာသာ ဂါထာများဖြင့်လည်းကောင်း၊ မြန်မာဘာသာ ကဗျာ၊ လင်္ကာများဖြင့်လည်းကောင်း၊ ဆောင်းပါး၊ ဝတ္ထု၊ စာတမ်းများ ဖြင့်လည်းကောင်း ရေးသားပေးပို့ ကူညီခဲ့ကြပါသည်။

သို့ဖြစ်၍ စာတည်းအဖွဲ့အနေဖြင့် ရာပြည့်မော်ကွန်းတင်စာစောင်နှင့် လိုက်ဖက်ညီညွတ်အောင် တတ်စွမ်းသမျှ ကြိုးစားအားထုတ်ခဲ့ကြပါသည်။ ဤသို့အားထုတ်ရာ၌ ရာပြည့်မော်ကွန်းတင်စာစောင်ဖြစ်မြောက်ရန်အတွက် အဖက်ဖက်မှ ဝိုင်းဝန်းချီးမြှောက်ကူညီ အားပေးခဲ့ကြသော-

၁။ ကျေးဇူးတော်ရှင် ဆရာတော်သံဃာတော်အရှင်သူမြတ်များ။

၂။ စာမူချီးမြှင့်ခဲ့ကြသော စာပေပညာရှင်များ။

၃။ စာစောင်ဖြစ်မြောက်ရေးအတွက် မ,တည်ငွေလှူဒါန်းခဲ့ကြသော အလှူရှင်များ။

၄။ ရွှေနန်းမှန်ကူစာပေဝိုင်းတော်သားများ၊ ဇဂျီလင်းဝဏ္ဏ၊ ရာပြည့်ပုံနှိပ်တိုက်အစရှိသော ဓမ္မမိတ်ဆွေ အပေါင်းတို့အားလည်းကောင်း၊ အထူးအားဖြင့် ဘဒ္ဒန္တစန္ဒဝရ (မြောင်းမြ)၊ ကထိက ဝိနယ ပိဋကမဟာဌာန၊ န-ပ-သ (ရန်ကုန်)။ အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ)တို့အားလည်းကောင်း အထူးကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာတည်းအဖွဲ့သည် တိုတောင်းသောကာလအတွင်း စာမူတောင်းခံခြင်း၊ ဖတ်ရှုခြင်း၊ ကွန်ပျူတာစာစီခြင်း၊ ပုံနှိပ်ခြင်း စသည့်ကိစ္စများကို ရာပြည့်အထိမ်းအမှတ်ပူဇော်ပွဲအမီ ကိစ္စ ဆောင်ရွက်ခဲ့ရပါသည်။ သို့အတွက် ရာပြည့်မော်ကွန်းတင် စာစောင်၌ အချို့သောစာမူများကို စာမျက်နှာအခက်အခဲအရ မဖော်ပြ နိုင်ခဲ့သည်ကိုလည်းကောင်း၊ ဖော်ပြပါရှိသော စာမူများ၌ အမှားအယွင်း မကင်းခဲ့သည်ကိုလည်းကောင်း နားလည်ခွင့်လွှတ်ပေးတော်မူကြပါရန် လေးမြတ်စွာဖြင့် ပန်ကြားအပ်ပါသည်။

**စာတည်းအဖွဲ့**

သာသနာတော်နှစ် ၂၅၄၆-ခုနှစ်

ကောဇာသက္ကရာဇ် ၁၃၆၄-ခု၊

ဝါဆိုလဆန်း (၅) ရက်၊ခရစ်နှစ် ၂၀၀၂-ခုနှစ်၊ ဇူလိုင်လ ၁၄-ရက် တနင်္ဂနွေနေ့

ပဲခူးတိုင်း၊ ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်၌ ကျင်းပအပ်သော

**ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက၊ တွဲဘက်ရွှေကျင်သာသနာပိုင်**

**အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ**

ကျေးဇူးတော်ရှင်ဗာရာဏသီဆရာတော်ဘုရားကြီး၏

## နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာစောင်

## နိဒါန်း

ပညာမျိုးစုံ တိုးတက်ထွန်းကားလာသော ယခုအခါတွင် ထင်ရှားကျော်ကြားသော အသိပညာရှင်၊ အတတ်ပညာရှင်ပုဂ္ဂိုလ်များ၊ စာဆိုရှင်ပုဂ္ဂိုလ်ကြီးများ၊ သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် ဆရာတော်ကြီးများ၊ သာသနာပြုကျောင်းတိုက်ကြီးများနှင့် သာသနာပြုအသင်းအဖွဲ့များ၏ နှစ်ငါးဆယ်ပြည့်၊ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပပြုလုပ်ကြသည်ကို တွေ့ရှိရသည်။ အဆိုပါ အထိမ်းအမှတ်ပူဇော်ပွဲများနှင့် စပ်လျဉ်း၍ စာပေပညာရှင်များက အမျိုးမျိုးသော ပါဠိဂါထာ၊ ကဗျာ၊ လင်္ကာ၊ ဆောင်းပါး ၊ စာတမ်းတို့ကို ရေးသားပြုစုကာ အထိမ်း အမှတ်စာစောင်အဖြစ် ထုတ်ဝေကြသဖြင့် အားပါးတရ ဖတ်ရှုရပေသည်။ ဤဆောင်ရွက်ချက်သည် မြန်မာနိုင်ငံတွင် အမျိုးဘာသာ သာသနာနှင့် မြန်မာစာပေ ကြီးပွားတိုးတက်ရေးအတွက် လိုလားအပ်သော လုပ်ငန်းဖြစ်၍ နှစ်သက်အားရဖွယ် ဆောင်ရွက်ချက်ဖြစ်ပါပေသည်။

ရာဇဝင်၊ သာသနာဝင်၊ မဟာဝင် ၊ စူဠဝင် စသည်တို့သည် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များ၏ ဘဝဖြစ်စဉ်များ၊ ယင်းတို့နှင့်ဆက်နွယ်သော အဖြစ်အပျက်အကြောင်းအရာများကို စုစည်း ရေးသား မှတ်တမ်းတင်ထားသော သမိုင်းစာပေများပင်ဖြစ်သည်။ ဘုရားဟောဖော် ပိဋကသုံးပုံ ပါဠိတော်တို့တွင် ထေရာပဒါန်၊ ထေရီပဒါန် ပါဠိတော်များသည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာသခင် ထေရာထေရီ အရှင်မြတ်ကြီးတို့၏ ဘဝဖြစ်စဉ် အကြောင်းအရာများကို ဟောကြားဖေါ်ကျူးထားရာ အတ္ထုပ္ပတ္တိကျမ်းစာများဖြစ်လေသည်။ သို့ဖြစ်၍ ဘုရားရှင်လက်ထက်တော်က ထေရာ၊ထေရီ ပုဂ္ဂိုလ်မြတ်ကြီးတို့၏ အကြောင်းအရာကို ကောင်းစွာ သိရှိလိုလျှင် ဖေါ်ပြပါ အပဒါန်ပါဠိတော်ကြီးများကို ဖတ်ရှုလေ့လာရသည်။ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ပေါ်ထွန်းလာသော နှောင်းခေတ်ဖွား မထေရ်ကျော်များ၏ အကြောင်းအရာကို သိလိုလျှင် ရာဇဝင်၊ သာသနာဝင်၊ မဟာဝင်စသော သမိုင်းစာပေ အတ္ထုပ္ပတ္တိကျမ်းစာများကို ဖတ်ရှုလေ့လာရပေမည်။

အဋ္ဌကထာကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသ၏ အကြောင်းအရာကို သိရှိလိုလျှင် မဟာဝံသနှင့် ယင်းကို မှီးငြမ်းပြု ရေးသားထားသော ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း စသည်တို့ကို လေ့လာရပေမည်။ ထိုကျမ်းတို့တွင် မဟာဝံသကျမ်း၌ အရှင်မဟာဗုဒ္ဓဃောသ၏ ဖွားရာဒေသကို " မဇ္ဈိမဒေသ ဗောဓိမဏ္ဍိုင်အနီး ဗုဒ္ဓဂယာ" ဟူ၍လည်းကောင်း၊ မဟာရာဇဝင်ကြီးစသည်တို့၌ "မြန်မာနိုင်ငံ သထုံပြည်" ဟူ၍လည်းကောင်း ပြဆိုကြသည်။ နှောင်းခေတ်ပညာရှင်တို့ကမူ "အရှင်မဟာဗုဒ္ဓဃောသသည် ဋ္ဌက္ကိယပြည်တောင်ပိုင်းသား" ဟူ၍ ဆိုကြသည်။ ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့က ထုတ်ဝေသော ဝိသုဒ္ဓိမဂ္ဂနိဒါနကထာနှင့် ဝိသုဒ္ဓိမဂ်နိဿယကျမ်း နိဒါန်းတို့၌ ဖေါ်ပြပြီးအဆိုသုံးရပ်တွင် တတိယအဆိုသာ ယုတ္တိရှိကြောင်း သုံးသပ်ဝေဖန်ပြီးလျှင် အရှင်မဟာဗုဒ္ဓဃောသ၏ ဖွားရာဌာနကို ဋ္ဌက္ကိယပြည်တောင်ပိုင်း ဂုန္တာဒိစတြိတ် အဝင်အပါ မောရဏ္ဍခေဋကရွာဖြစ်နိုင်ကြောင်း ဖေါ်ပြထားပေသည်။

အရှင်မဟာဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ်ကျမ်းကို နတ်တို့က ကွယ်ဝှက်ထားသဖြင့် သုံးကြိမ်ပြန်ကာ ရေးသားထားရကြောင်း မဟာဝံသကျမ်း၌ ဆိုသည်။ ယင်းကို မှီငြမ်းပြုသော ဗုဒ္ဓဃောသုပ္ပတိကျမ်း၌မူ တစ်ညဉ့်အတွင်း သုံးကြိမ်ပြန်ကာ ရေးသားရကြောင်း ဆိုထားလေသည်။ ဤအဆိုသည် များစွာသောသူတို့၏ အံ့ဩဖွယ်ကို ဖြစ်စေသော်လည်း စူးစမ်းဆင်ခြင်သူတို့၏ ယုံမှားသံသယကို ဖြစ်စေသည်။ အမှန်မှာ အရှင်မဟာဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို ၅-လ/၆-လ ကြာအောင်ရေးသားရမည်ဟူ၍ ဝိသုဒ္ဓိမဂ္ဂနိဒါနကထာတွင် စိစစ်ထားလေသည်။ ထို့ပြင် အမေရိကန်နိုင်ငံ ဟာဗဒ်တက္ကသိုလ်က ၁၉၅၀-ခုနှစ်တွင် ရောမအက္ခရာခေါ် အင်္ဂလိပ်စာလုံးဖြင့် ပုံနှိပ်ထုတ်ဝေသော ဝိသုဒ္ဓိမဂ်ကျမ်း၏ နိဒါန်းကို ပါမောက္ခ ဓမ္မာနန္ဒကောသမ္ဗီဆိုသူက ရေးသားသည်။ ယင်းနိဒါန်းတွင် အရှင်မဟာဗုဒ္ဓဃောသ၏ ဘဝအကြောင်းနှင့်စပ်၍ မဟုတ်မမှန် ဝေဖန်ရေးသားထားသည်။ ဤရေးသားချက်ကိုလည်း ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ၌ ခိုင်လုံသော အကြောင်းယုတ္တိတို့ဖြင့် ဝေဖန်ချေဖျက်ထားလေသည်။ ထို့ကြောင့် ဆဋ္ဌသံဂါယနာ၏ ဝိသုဒ္ဓိမဂ္ဂနိဒါနကထာသည် မြန်မာနိုင်ငံ၏ သာသနာ့ဂုဏ်ရောင်ကို ထွန်းပြောင်စေသည့်အပြင် "ဆဋ္ဌသံဂါယနာက လက်ခံအတည်ပြုအပ်သော အရှင်ဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိ အသစ်" ကိုလည်း ဖော်ထုတ်နိုင်ခဲ့ပေသည်။

ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ စာတမ်းကြောင့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ဆင်ယင်ကျင်းပရာ မြန်မာပြည်၏ ဂုဏ်သိက္ခာတိုးတက်မြင့်မားလာသည့်အပြင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အကျိုးများစွာ ရရှိခံစားရပေသည်။ ထို့အတူပင် ယခုခေတ်အခါတွင် သာသနာ့ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများ၊ သာသနာပြုကျောင်းတိုက်ကြီးများ သာသနာပြုအသင်းကြီးများ၏ နှစ်ငါးဆယ်ပြည့်၊ နှစ်တစ်ရာပြည့် အထိမ်းအမှတ် စာစောင်စာတမ်းများကို ထုတ်ဝေဖြန့်ချိကြသဖြင့် အမျိုးဘာသာ သာသနာနှင့် မြန်မာစာပေ တိုးတက်ထွန်းကားခြင်း စသော အကျိုးတရားများ ဖြစ်ပွားလာမည်မှာ အမှန်ပင်ဖြစ်ပေသည်။

သို့ဖြစ်၍ ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော် ဘုရားကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ် ပူဇော်ပွဲကို ဆင်နွှဲကျင်းပကြ၍ အထိမ်းအမှတ်စာစောင် ထုတ်ဝေဖြန့်ချိကာ ဂုဏ်ပြုမှတ်တမ်းတင်ခြင်း ဖြစ်ပေသည်။



ဗာရာဏသီဆရာတော်ဘုရား၏ ဥပဇ္ဈာယ်ဖြစ်တော်မူသော
မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် တတိယရွှေကျင်နိကာယသာသနာပိုင်
ဒီပဲရင်းဆရာတော်ဘုရားကြီး အရှင်ဉာဏဝရမဟာထေရ်



ဗာရာဏသီဆရာတော်ဘုရား ကျောင်းသားဘဝမှစ၍
အစစအရာရာသွန်သင်ဆုံးမ အနီးကပ်ဆရာတော်ဖြစ်တော်မူသော
မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ-စည်ရှင်ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တကောသလ္လာဘိဝံသ



ဗာရာဏသီဆရာတော်ဘုရား ကျောင်းသားဘဝ ဇာတိဇီးနံ့ရွာမှ
မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ-စည်ရှင်ကျောင်းတိုက်သို့ ပညာသင်ရန် ခေါ်ဆောင်သွားခဲ့သော
တောင်ငူမြို့ လောကုတ္တရာရပ် ဝိသုဒ္ဓါရုံသိမ်ဦးကျောင်းဆရာတော်
ဘထွေးတော် လေယာဉ်ပျံ-ဦးကုဏ္ဍလ



ဗာရာဏသီဆရာတော်ဘုရား ကျောင်းသားဘဝ
အခြေခံစာပေများကို သင်ကြားပေးခဲ့သော
အောင်လံမြို့နယ် ဇီနဲ့ရွာ ရွာဦးဘုန်းတော်ကြီး ဦးသုန္ဒရ



(၁၃)နှစ်သားအရွယ်
ဗာရာဏသီဆရာတော်လောင်းလျာ
မောင်ကျော်ယုံ



(၁၅)နှစ်အရွယ်
သာမဏေဘဝ
ရှင်အာနန္ဒပဏ္ဍိတ




ကောဇာ ၁၂၉၅-ခုနှစ်
အစိုးရပထမကြီးတန်း "ပထမကျော်"
အရှင်အာနန္ဒပဏ္ဍိတာဘိဝံသ



ကောဇာ ၁၃၀၅-ခုနှစ် အိန္ဒိယပြည် ဗာရာဏသီမြို့
ဟိန္ဒီယူနီဗာစီတီ သက္ကတကောလိပ်၌
နံနက်ခင်း ကျောင်းဆင်းအပြန်
အရှင်အာနန္ဒပဏ္ဍိတာဘိဝံသ



ပြည်မြို့ နဝင်းရပ် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်
ဗာရာဏသီဆရာတော်
သက်တော်(၆၀) သိက္ခာတော်(၄၀)



ပြည်မြို့ နဝင်းရပ် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်
နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု တွဲဘက်ရွှေကျင်သာသနာပိုင်
ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး
သက်တော်(၉၂) သိက္ခာတော်(၇၂)



ပြင်ဦးလွင်မြို့
ဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်
သီတော်) ဘဒ္ဒန္တမဟောသဓပဏ္ဍိတာဘိဝံသ "အဂ္ဂမဟာပဏ္ဍိတ"



ပြည်မြို့ ဝိ-ဗာတိုက်
ဒုတိယမြောက် ပဓာနနာယကဆရာတော်
ဘဒ္ဒန္တဝိစိတ္တစာရ "အဂ္ဂမဟာပဏ္ဍိတ" (၆၇)နှစ်ပုံတော်



ဘဒ္ဒန္တနာဂဝံသ
လက်ရှိ-ပဓာနနာယကဆရာတော်
ဝိ-ဗာတိုက်၊ ပြည်မြို့



ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ
(သ-စ-အ ဓမ္မာစရိယ) တိုက်အုပ်ဆရာတော်
ဝိ-ဗာတိုက်၊ ပြည်မြို့



ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် ပဓာနနာယကနှင့် စာချဆရာတော်များ

(ရှေ့-ဝဲမှယာ) ဦးသြဘာသ(ဆွမ်းဘုန်း)၊ ဦးနာဂဝံသ(ပဓာန)၊ ဘုန်းတော်ကြီး ဦးဓမ္မရသ၊ ဦးနန္ဒောဘာသာဘိဝံသ(တိုက်အုပ်)

(နောက်-ဝဲမှယာ) ဦးအဓိဘူ၊ ဦးသီတလာစာရ၊ ဦးပဏ္ဍိတဝရ၊ ဦးထေရပ္ပိယ၊ ဦးပဝိတ္တသိရီ၊ ဦးဟိတေသက

ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ထွက် ပြည်ပသာသနာပြုရဟန်းတော်များ



ဦးအာဘာယာလင်္ကာရ(ပါဠိပါရဂူ)
တိသရဏဝိဟာရကျောင်း
ဝတ်တန်မြို့ ၊ အင်္ဂလန်နိုင်ငံ



ဦးအာသဘာစာရ (အဂ္ဂမဟာကျော်)
မင်္ဂလာရာမဝိဟာရကျောင်း
ဝါရှင်တန်မြို့ ၊ အမေရိကန်နိုင်ငံ



ဦးသုဇနပ္ပိယ(သာသနဓဇဓမ္မာစရိယ)
အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာ့ရိပ်သာ
ခတ္တာမန္ဒူမြို့ ၊ နီပေါနိုင်ငံ



ဦးဂန္ဓသာရာဘိဝံသ(စ-အ ဓမ္မာစရိယ၊ ပါဠိပါရဂူ)
ဝပ်ထာ့မအိုးကျောင်း
လန်းပန်းမြို့ ၊ ထိုင်းနိုင်ငံ

ကောဇာ-၁၃၂၁-ခုနှစ် ဝါဆိုလ
ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကို စတင်တည်ထောင်သော



တိုက်ဒါယကာ သခင်သင်



တိုက်အမ သခင်မကြီး ဒေါ်သိန်းတင်



တိုက်အမ သခင်မကြီး ဒေါ်သိန်းတင် နှင့်
တွဲမ ဒုတိယတိုက်အမ ကောမာရီဗြဟ္မစာရိနီ ဒေါ်အမာ

## ကျေးဇူးရှင်ဗာရာဏသီဆရာတော်ဘုရားကြီး၏
## သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ်

# မဟာထေရ ဂုဏဝိသိဋ္ဌပူဇာ ထုတိဝေဒလ္လဂါထာ

(၁) ရွှေကျင်ဂဏူပဥက္ကဋ္ဌော၊ ရွှေကျင်နိကာယ မာမကော။
အဘိဓ္ဓဇ မဟာရဋ္ဌ၊ ဂုရုထေရော သုပါကဋော။

ရွှေကျင်ဂဏူပဥက္ကဋ္ဌော၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ပဓာနမဏ္ဍိုင် သာသနာ့ဦးကိုင် တွဲဘက်ရွှေကျင်သာသနာပိုင် တစ်ဆူဖြစ်တော်မူပေသော။ ရွှေကျင်နိကာယမာမကော၊ "အင်းကျင်းခက်ကျိုး ရွှေကျင်ဂိုဏ်း" ဟု သမိုင်းဝေလွှင် နိုင်းနေသွင်ကဲ့သို့ ဂိုဏ်းရွှေကျင်တိုးပွားအကျိုးများကို လိုလားမြတ်နိုးတော် မူပေထသော။ အဘိဓ္ဓဇမဟာရဋ္ဌဂုရု၊ သီလ သမာဓိ ပညာ သာသနာဝယ် သိက္ခာသုံးတန် သာသနာ့အောင်လံကို နဘန်မိုးမြင့် ဖြိုးဖြိုးတင့်အောင် ဝင့်တလူလူ လွင့်ထူတော်မူနိုင်သည်ဖြစ်၍ ရှင်လူအများ တိုင်းရင်းသားတို့၏ လေးစားမှီခို ကြည်ညိုဦးခိုက် ပူဇော်ထိုက်သည့် မကိုဋ်သရဖူ ပြည်ထောင်စု ဆရာတစ်ဆူ ဖြစ်တော်မူသော။ ထေရော၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ သံဃပရိနာယက သံဃာ့ဥသျှောင် သာသနာ့ကျက်သရေဆောင် ဂုဏ်ရောင်ဝေမှု့ အသရေကြို့ပေသည့် ပြည်မြို့ဗာရာဏသီ ကမ္ဘာကျော်ကြား ကျေးဇူးရှင် ဗာရာဏသီဆရာတော် ဘုရားကြီးသည်။ သုပါကဋော၊ ဘုရားရှင် ရွှေလက်ထက်တော်အခါက ဇေတဝင်ါးတန် ဘွဲ့ထူးခံသည့် အာနန္ဒာမည်ခေါ် မထေရ်ကျော်ကဲ့သို့ ထင်ပေါ်ကျော်ကြား အလွန်ပင် ထင်ရှားတော်မူခဲ့ ပါပေသတည်း။ သုပါကဋော၊ တစ်ကမ္ဘာလုံးထက်ဗွေ သမ္မာဘုန်းလက်ဝေ အသာဆုံးကျက်သရေ ကျက်သရေအညွှန့်အဖူးတို့ဖြင့် ကွန့်မြူးစံပါယ် တင့်တယ်ထင်ရှား ခဲ့ပါပေသတည်း။

(၂) ထေရဿဝိဇာတကာလော၊ ဣဒါနိ သတိမ်ဂတော၊
မဟာမဟံ မယံ ကုမ္မ၊ ထေရဂုဏာနုသာရိတံ။

ထေရဿ၊ ကမ္ဘာပြည်ပြည် ဗာရာဏသီဟု နာမည်ကျော်ကြား ကျေးဇူးရှင် ရွှေကျင်တွဲဘက်သာသနာပိုင် ဆရာတော်ဘုရားကြီး၏။ ဝိဇာတကာလော၊ မြေထဲမြို့နယ်အပိုင် ဂုဏ်လှိုင်ဝေဆာ ရွှေပန်းတော ဇိန့်ရွာတွင် တေဇာထင်ပေါ် ခမည်းတော်- ဦးစံထူး မယ်တော်-ဒေါ်ဒေါ်ဆေး မိဘနှစ်ပါးတို့မှ ပေါက်ဖွားခဲ့ရာ ချိန်အခါသည်။ ဣဒါနိ၊ ၁၃၆၄-ခု ရောက်ပြုတင့်ဆန်းပုန်းညက်ပန်းတို့ ပွင့်လန်းဝင်းစို သာယာပိုသည့် ဝါဆိုလဆန်း ၅-ရက်ရောက်လာ ယခုအခါ၌။

သတိမံ၊ နှစ်လရာသီ နာရီမိနစ် တစ်ရာခေတ်ခေါ် သက်တမ်းတော်သို့။ ဂတော၊ သက်တော်ထင်ရှား ရှိစဉ်လားကဲ့သို့ မှတ်သားစွဲထင် အမှန်ပင်ရောက်ခဲ့လေပြီတကား--။ တသွာ၊ ဆရာသခင် ကျေးဇူးရှင်၏ ဖွားမြင်ခဲ့ရာ သာသနာဝယ် ချိန်ခါတွက်စစ် တစ်ရာပြည့်နှစ် သက်တမ်းသို့ တက်လှမ်းရောက်ရှိပြီ ဖြစ်ပါသောကြောင့်။ မယံ၊ ထေရ်ရှင့် ဂုဏ်ရည် စုံအညီကို ယုံကြည်လေးမြတ် သဒ္ဓါဓာတ်ဖြင့် ရာပြည့်အထိမ်းအမှတ် ပွဲသဘင် နွဲဆင်ပူဇော် တပည့်တော်တို့သည်။ ထေရာနုဿာရိတံ၊ နတ်ပြည်စံဝင် မထေရ်ရှင်၏ ဂုဏ်လျှင်မှန်းဆ မပြတ်တ၍ အမှတ်တရအောက်မေ့နိုင်သော။ မဟာမဟံ၊ သာသနာတစ်ခေတ် သမ္မာသစ်၍ တစ်ရာနှစ်အောင်ပွဲဟု နောင်အမြဲ ဂုဏ်တင်စရာ သာသနာဝယ် ရတနာအထိ ကမ္ဘာသိအောင် တစ်ရာပြည့်ခေါ် အောင်ပွဲတော် ကြီးကို။ ကုမ္မ၊ ဂုဏ်တော်ကိုမွမ်း ပုံတော်ဖမ်းပြီး ရွှင်လန်းကော်ရော် ပူဇော်ပြုလုပ်ကြပါကုန်သည်ဘုရား။ ကုမ္မ၊ ထူးလှသည့်ဆရာရှင် ဖူးမဝထာဝစဉ် ဉူးချပဏာတင် မြူးကြွသဒ္ဓါရှင် သဒ္ဓါရှင်ရှင် ကြည်ဖိတ်လျှံပြီး ပြည်နိဗ္ဗာန် အတူမြန်းရန်ဖို့ လှူဒါန်းကော်ရော် ပူဇော်ကျင့်ပကြပါကုန်သည် အရှင်ဘုရား-----။

(၃) အဘိဒ္ဓဇမဟာရဋ္ဌ၊ ဂုရုထေရော ဂဏီဿရော၊
ကိတ္တိသဒ္ဒေါဝ သေသတိ၊သခ်ါရာ နဟိသဿတာ၊

အဘိဒ္ဓဇမဟာရဋ္ဌဂုရု၊ ပြည်ထောင်စုဆရာသခင် ကျေးဇူးရှင်ဟုကမ္ဘာတွင်ကျော်ကြား ထင်ရှား တော်မူခဲ့ပေသော။ ဂဏီဿရော၊ ရွှေကျင်နိကာယဉပဉက္က မဟာနာယက သံဃပရိနာယက သံဃဉသျှောင် သာသနာ့ကျက်သရေဆောင် ဂုဏ်ရောင်ဝေလွှင် နေအသွင်ကဲ့သို့ ရွှေကျင်ဉူးကိုင် တွဲဘက်သာသနာပိုင် ဖြစ်တော်မူပေထသော။ ထေရော၊ သီလ သမာဓိ ပညာမယုဉ်သာအောင် မင်္ဂလာဝေမျှ အသရေကြို့ပေသည့် ပြည်မြို့ ဗာရာဏသီ ကမ္ဘာပြည်ဝယ် နာမည်ကျော်တည်း ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်။ ကိတ္တိသဒ္ဒေါ၊ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ပြည်ထောင်စု ဆရာသခင် တွဲဘက်ရွှေကျင်သာသနာပိုင်ဟု ကမ္ဘာတိုက်ထင်ပေါ် ဂုဏ်တော်သတင်း ကျော်စောခြင်းမျှသာလျှင်။ သေသတိ၊ "ရူပံ ဇီရတိ သတ္တာနံ၊ နာမဂေါတ္တံ န ဇီရတိ (သံ၊ ၁ ၊ ၄၀ )" ပါဠိအရ ကပ္ပဌာယီ ကမ္ဘာတည်အောင် ဘွဲ့မည်ဂုဏ်သတင်း ရှင်လူခပင်းတို့ တ-ရင်းပြောကြား ခေတ်စားသောအနေ ကျန်ရစ်ခဲ့ပါပေ၏။ သခ်ါရာ၊ လူနတ်ဗြဟ္မာ သတ္တဝါဟု မှတ်ခါထင်ကြ ရုပ်နာမ်ဓမ္မသခ်ါရ သဘောတရားတို့သည်။ နဟိသဿတာ၊ အစဉ်မမြဲ ပြိုကွဲပျက်စီး တတ်ကြချေ၏တကား။ နဟိသဿတာ၊ ဘဝဖန်ခါသံသရာဝယ် ခန္ဓာရုပ်နာမ် အချုပ်မြန်၍ နိဗ္ဗာန်မရသေးသမျှ ဘဝတွေမခိုင်မြဲပဲ ယိုင်လဲပျက်စီးကြရသည် ဧကန် အမှန်ပါတကား-။

ရေးသားဂုဏ်ပြုပူဇော်သူ---------

အရှင်ပညာသိရီဘိဝံသ
မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံ ၊ မန္တလေး

**ကျေးဇူးရှင်ဗာရာဏသီဆရာတော်ဘုရားကြီး၏**
**သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ်**

# ထေရုပ္ပတ္တိအကျဉ်းချုပ်

# မင်္ဂလာရတုပိုဒ်စုံ

တောင်ကျွန်းမြန်မာ ။ ။ ဂုဏ်လွှမ်းသာသား၊ ဗာရာဏသီ၊ မဟာထေရ်ဟု၊ နာမည်ဘုန်းလွှင်၊ မြတ်ထေရ်ရှင်ကား၊ ဂုဏ်အင်တင့်လှိုင်း၊ မြေလတ်ပိုင်းဟု၊ သမိုင်းစာတင်၊ ရာဇဝင်၌၊ ပေါ်လွင်အမြဲ၊ ဂုဏ်ထူးကဲသည့်၊ မြေထဲမြို့မှန်၊ မြို့အောင်လံတွင်၊ ပြိုင်စံကင်းပေ၊ ကျက်သရေဖြင့်၊ လက်ဝေတင့်ဆန်း၊ တက်သစ်ဆန်းသို့၊ ရွှေပန်းတောတိုက်၊ ဂုဏ်သိုက်မြိုက်၍၊ မကိုင်နှိုရိန်ဝါ၊ ထိန်ထိန်သာသည့်၊ ဇိန့်ရွှာဂါမ၊ မြတ်ဌာနဝယ်၊ တေဇလျှံမြူး၊ ဦးစံထူးနှင့်၊ ရည်စူးမိဌာန်၊ ပြည်နိဗ္ဗာန်ကို၊ စိတ်သန်မြော်တွေး၊ ဒေါ်ဒေါ်ဆေးမှ၊ တွက်ရေးဂေါစာ၊ ထောင့်နှစ်ရာနှစ်၊ စွန်းလာခြောက်ဆယ်၊ လေးခုဝယ်လျှင်၊ တင့်တယ်လှဆန်း၊ ပုန်းညက်ပန်းတို့၊ ပွင့်လန်းဝင်းစို၊ သာယာပိုသည့်၊ ဝါဆိုလပြည့်၊ တနင်္ဂနွေနေ့တွင်၊ ချမ်းမြေ့သာယာ၊ ဘွားမြင်လာ၍၊ ငယ်ကာနုနယ်၊ ကျောင်းသားရွယ်၌၊ သင်ဖွယ်ကိစ္စ၊ မြတ်သိပ္ပကို၊ ခဏသိမြင်၊ တတ်အောင်သင်၍၊ ရွယ်လျှင်တွက်စစ်၊ (၁၃) နှစ်တွင်၊ ဘုန်းသစ်ကျော်မော်၊ ဘထွေးတော်ဟု၊ နိုင်ငံကျော်လှ၊ ဓမ္မကထိက၊ ဦးကုဏ္ဍလနှင့်၊ တကွလိုက်ပါ၊ မန်းမြို့မှာလျှင်၊ မဟာဝိသုဒ္ဓါရုံ၊ တိုက်ရွှေဘုံသို့၊ ခိုလှုံနေစဉ်၊ ပညာသင်၍၊ စည်ရှင်ဘုန်းလှိုင်၊ သာသနာပိုင်က၊ ကိုယ်တိုင်စောင့်ရှောက်၊ ခရီးရောက်အောင်၊ ချီးမြှောက်စာဝါ၊ ပို့ချကာဖြင့်၊ ပဗ္ဗဇ္ဇာမှု၊ ရှင်သာမဏေပြုလျက်၊ သုံးလူ့ ထွဋ်ထား၊ မြတ်ဘုရား၏၊ ညီဘွားမှန်စွာ၊ ရှင်အာနန္ဒာသို့၊ ဉာန်မှာသိမြင်၊ ပညာရှင်မို့၊ ရှင်အာနန္ဒ ပဏ္ဍိတဟု၊ ဘွဲ့သမည်တွင်၊ မြတ်ထေရ်ရှင်သည်-- -----ပြေခွင်တိုင်းရပ်-အောင်ခဲ့ပြီဘုရား-------။

ပြောင်ရွှန်းစန္ဒာ ။ ။ လစကြာသို့၊ ဗာရာဏသီ၊ မဟာထေရ်ကား၊ မြင့်ရှည်သာသနာ၊ ထွန်းစိမ့်ငှါလျှင်၊ သက်မှာနှစ်ဆယ်၊ ပြည့်ဖြိုးကြွယ်၍၊ ထက်ဝယ်နေသွင်၊ သရေလွှင်သည့်၊ ရွှေကျင်ဂိုဏ်းချုပ်၊ ပြည်လုံးအုပ်သည့်၊ ဝိသုဒ္ဓါရုံ၊ မန်းရွှေဘုံတွင်၊ မြတ်ဂုဏ်ကျော်သင်း၊ ဒီပဲယင်းကို၊ ထံရင်းကပ်ရှူ၊ ဥပဇ္ဈာယ်ပြုလျက်၊ သုံးလူ့မြတ်စွာ၊ သာသနာဝယ်၊ ရောင်ဝါထွန်းသစ်၊ ရဟန်းဖြစ်ခဲ့၊ ရှင်ချစ်သာသနာ၊ ထွန်းစေငှါလျှင်၊ သုံးဖြာပိဋကတ်၊ ပရိယတ်တွင်၊ ကျမ်းတတ်ထင်ပေါ်၊

အစိုးရပထမကျော်နှင့်၊ မဟော်ပဏ္ဍိတ်၊ ဉာဏ်ရောင်ဖိတ်၍၊ အောင်တံဆိပ်ကျော်မော်၊ ကျော်လေးကျော်ဖြင့်၊ စာတော်ပြန်ပွဲ၊ တစ်(၁) ကစွဲသား၊ ထူးကဲအနဂ္ဃ၊ သက္ကသီဟ၊ အဘိဝံသလျှင်၊ ထိပ်ကအောင်ပန်း၊ ဆွတ်ယူလှမ်း၍၊ ရဟန်း(၉)ဝါ၊ ရောက်သောခါဝယ်၊ ဆရာသခင်၊ ကျေးဇူးရှင်ဟု၊ စည်ရှင်ထေရ်မြတ်၊ စေလွှတ်လတ်၍၊ ဝိုင်းပတ်တောင်ညို၊ စိမ်းလမ်းစို၍၊ ရာဇဂြိုဟ်သို့၊ အသရေကြို့သည့်၊ မေမြို့- ဝိသုဒ္ဓါရုံ၊ ပြောင်းရွှေ့လှုံကာ၊ သုံးပုံသတ်မှတ်ပိဋကတ်ကို၊ မပြတ်နေ့စဉ်၊ ပို့ချသင်၍၊ ရွှေကျောင်သမိုက်၊ စာသင်တိုက်ကို၊ သိုက်မြိုက်တည်မျှ၊ သာသနာပြုစဉ်၊ နှစ်ခုစွန်းလာ၊ ထောင့်သုံးရာ(၁၃၀၂)တွင်၊ ပညာတော်သင်၊ ပညာရှင်ကို၊ စီစဉ်ရွေးကြ၊ အရိယမေ့၊ အဖွဲ့ကြီးမှလျှင်၊ သက္ကတဟိန္ဒီ၊ ခေတ်နှင့်မီအောင်၊ စုံညီသင်ရန်၊ ရွေးချယ်ပြန်၍၊ နိုင်ငံရပ်ခြား၊ အိန္ဒိယားသို့၊ ကြွသွားခိုမှီ၊ ဗာရာဏသီ၌၊ ယူနီဗာစီတီ၊ ဟိန္ဒီ- သက္ကတကောလိပ်၊ အောင်တံဆိပ်ဖြင့်၊ ပဏ္ဍိတ်ဘွဲ့ရ၊ ဂုဏ်ပေါင်းခ၍၊ ကမ္ဘာ့ပြေခွင်၊ မြတ်ထေရ်ရှင်သည်------နေသွင်နှိုင်းအပ် ပြောင်ခဲ့ပြီဘုရား-------။

အောင်ကွန်းစံရာ ॥ ॥ ပြည်မြန်မာသို့၊ ပြန်လာခဲ့ဖြစ်၊ ဂျပန်စစ်ကြောင့်၊ (၆)နှစ်ခါညီ၊ ဗာရာဏသီ၌၊ ခိုမှီသမှု၊ သာသနာပြုလျှက်၊ သုံးလူ့မြတ်စွာ၊ သာသနာ၏၊ ကမ္ဘာပြန့်ရေး၊ လွန်အားပေးခဲ့၊ စစ်အေးသောခါ၊ ပြည်မြန်မာသို့၊ ပြန်လာနေစဉ်၊ မြတ်စည်ရှင်က၊ မည်တွင် ခေါ်ဝေါ်၊ ဗာရာဏသီ- ဆရာတော်ဟု၊ ခေါ်ဝေါ်ပညတ်၊ ကင်းပွန်းတပ်ခဲ့၊ ထေရ်မြတ်စည်ရှင်၊ နတ်ပြည်ခွင့်သို့၊ စံဝင်သောခါ၊ ဂိုဏ်းသံဃာက၊ ပြန်လာဘို့ရန်၊ လျှောက်ထားပြန်၍၊ နိုင်ငံသိမ်းချုပ်၊ ဂိုဏ်းလုံးအုပ်သည့်၊ ဝိသုဒ္ဓါရုံ၊ မြတ်ရွှေဘုံတွင်၊ ခိုလှုံပြီးနောင်၊ ဂိုဏ်းဝန်ဆောင်ဟု၊ ထိပ်ခေါင်ထေရ်များ၊ တင်မြှောက်စားခဲ့၊ ဘုရားသာသနာ၊ ကြီးပွားလာအောင်၊ သံဃာဥဿောင်၊ အကျိုးဆောင်၏၊ ထိုနောင်သံဂါယနာ၊ တင်စဉ်ခါလည်း၊ ကျမ်းစာသီးသီး၊ သုတ်သင်ပြီးလျှင်၊ ပွဲကြီးသဘင်၊ အောင်ပွဲဆင်ခဲ့၊ ရွှေကျောင်ဂိုဏ်းသား၊ သံဃာများက၊ လေးစားမပျက်၊ ဦးထိပ်ရွက်၍၊ တွဲဘက်ဦးကိုင်၊ သာသနာပိုင်ဟု၊ မဏ္ဍိုင်ရွေးကောက်၊ တင်ကာမြှောက်၏၊ ဘုန်းတောက်နေလ၊ ပြည်မြို့မှလျှင်၊ ဝဏ္ဏကျော်ထင်၊ ဒေါ်သိန်းတင်က၊ စာသင်တိုက်ဖွင့်၊ တောင်းပန်ပင့်၍၊ သုံးဆင့်သာသနာ၊ တည်စေဌါလျှင်၊ ဗာရာဏသီ၊ ကျောင်းတိုက်တည်၍၊ ပွားစည်သာသနာ၊ ပြုဆဲခါဝယ်၊ ဂုဏ်ဝါသတင်း၊ ကမ္ဘာချဉ်း၍၊ မြတ်မင်းသမ္မတ၊ ဆက်ကပ်ရသည်၊ အဂ္ဂမဟာ၊ ပဏ္ဍိတာနှင့်၊ သံဃာဓိပတိ၊ အဘိဓဇ-မဟာရဋ္ဌဂုရု၊ ပြည်ထောင်စု-ဆရာသခင်၊ ကျေးဇူးရှင်ဟု၊ ပေါ်လွင်ခေါင်ထိပ်၊ အောင်တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်ပွင့်လန်း၊ သော်တာစန်းသို့၊ ဂုဏ်ပန်းဝေလွင်၊ မြတ်ထေရ်ရှင်သည်-------ရွှေကျောင်ဂိုဏ်းမြတ် - ဆောင်ခဲ့ပြီဘုရား-------။

မင်္ဂလာဗိမာန်-အရှင်ပညာသိရီဘိဝံသ

# ကျေးငူးရှင်ဓာရာလာသီဆရာတော်ဘုရားကြီး၏ သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပူဇာ ထေရုပ္ပတ္တိအကျဉ်းချုပ်

## အချီအချည်း (၄၃-ပဒစီ) မင်္ဂလာရတုပိုဒ်စုံ

သာသနာ့ဂုဏ်ရည် ။ ။ ဘက်စုံညီဘို့၊ အတိတေစ၊ တိတ်ကာလက၊ ပြုရလေပြား၊ ကောင်းမှုများဖြင့်၊ တိုးပွားဘို့ရာ၊ ကြိုးစားလာခဲ့၊ ခုခါဂုဏ်ရည်၊ စုံပြည့်ညီလို့၊ လူပြည်ဘဝ၊ ဒုလ္လဘနှင့်၊ ဗုဒ္ဓ သာသနာ၊ ခေတ် အခါ၌၊ ဖြစ်လာပေရ၊ အခြေလှသည့်၊ ရှေးကခေါ်လာ၊ 'မြေထဲ' သာတည်း၊ ခုခါ ခေါ်ရန်၊ 'မြို့အောင်လံ' ဟု၊ ဝေဘန်ခွဲချယ်၊ ယင်းမြို့နယ်၌၊ ဆက်သွယ်ပေါ်လာ၊ ' ဇိန့် ' ကျေးရွာမှ၊ သဒ္ဓါ ရှင်မြူး၊ ဦးစံထူးနှင့်၊ နှစ်ဦးကြည်အေး၊ ဒေါ်ဒေါ်ဆေးတို့၊ ရင်သွေး သည်းခြာ၊ သားရတနာ ဟု၊ ဖွားလာ တိုးတက်၊ ကောင်းကျိုးဆက်၍၊ မြင့်တက် ရှင်လန်း၊ ရှင်ရဟန်းဟု၊ ဆင့်တန်းနှစ်ဖြာ၊ သာသနာ၌၊ ခါခါ ရှင်ပျော်၊ အစဉ် မျှော်လျက်၊ ရှင်တော် ဗုဒ္ဓ၊ လမ်းစဉ် ပြသည့်၊ ဓမ္မစွမ်းရည်၊ ဘက်စုံ ချီသည်၊ ဂုဏ်ရည် သာသနာ့ - အောင်ပွဲတည်း .....

ထာဝရ ယုံကြည် ။ ။ မြော်မှန်းရည်လျက်၊ သုံးလီ ပိဋက၊ တတ်မြောက်ကြသည်၊ ပိဋက ဝိဒူ၊ မြတ် ဝိညူတို့၊ ထံမှ ချဉ်းကပ်၊ စာပေတတ်ဖို့၊ မပြတ်သင်ယူ၊ လုံ့လ ထူ၍၊ အောင်သူ ထင်ပေါ်၊ 'ပထမကျော်' ဟု၊ ဘွဲ့တော်များလှ၊ အောင်ပန်းရခဲ့၊ ဗုဒ္ဓ သာသနာ၊ ထွန်းလင်းဖြာဘို့၊ တိုက်တာ စုစု၊ တည်ထောင်ပြုလျက်၊ များထု သံဃာ၊ လက်ခံကာဖြင့်၊ စာဝါနေ့-ည၊ သင်ပို့ချလျက်၊ ဂန္ထ ထွေထွေ၊ ပြုစုလေခဲ့၊ မသွေ မုချ၊ မြတ်ဗုဒ္ဓ၏၊ ဓမ္မ ရေးရာ၊ အဖြာဖြာကို၊ ခါခါ နိစ္စ၊ ဆောင်ရွက်လှ၍၊ အဂ္ဂ ပဏ္ဍိတ်၊ မြတ်တံဆိပ်နှင့်၊ အဘိဓဇ၊ ဘွဲ့ထူး ရခဲ့။ ဂဏ ရွှေကျင်၊ ဂိုဏ်းဘုရင်ဟု၊ ပေါ်လွင် ထင်ရှား၊ တွဲဖက်အားဖြင့်၊ မြင့်မားတိုးတက်၊ ကြောင်း ကျိုးဆက်၍၊ ထူးချက် ဂုဏ်ရည်၊ ဘက်စုံ ညီသည်၊ ယုံကြည်ထာဝရ - အောင်ပွဲတည်း .....

ပါကဋ စုံညီ ။ ။ မြတ်ဂုဏ်ရည်တို့၊ ကိုယ်စီ ပြည့်ဝ၊ အသိ လှ၍၊ ပိဋက လိမ္မာ၊ မြတ် ဆရာတို့၊ ထံမှ ချဉ်းကပ်၊ မြဲ မပြတ်၍၊ ပေးအပ် ဆုံးမ၊ ဩဝါဒ ကြောင့်၊ ငယ်က လိမ္မာ၊ ကြီးရင့်လာလည်း၊ လိမ္မာ တိုးဆင့်၊ ပွဲလယ် တင့်လျက်၊ ဂုဏ်မြင့်သည်မှာ၊ မဆုံးပါတည်း၊ ခါခါ အောင်မြင်၊ ဥဏ်ကြီးရှင်တို့၊ အစဉ် အဆက်၊ မပျက်ကွက်ပဲ၊ ထက်မြတ်ထွန်းကား၊ ဆင့်ဆင့်ပွားခဲ့၊ ထင်ရှားမပြတ်၊ သင်ယူမှတ်သည့်၊ ထူးမြတ် သံဃာ၊ များဒကာလည်း၊ ဆရာ တည်ထား၊ ကျောင်းတိုက်များကို၊ စည်ကားတိုးတက်၊ မူ မပျက်အောင်၊ ဆက်လက်၍သာ၊ ဆင့်ဆင့်သာလျှင်၊ ရာရာ အောင်မြင်၊ အောင်ပွဲဆင်ခဲ့၊ ထေရ်ရှင် ထင်ရှား၊ ရှိစဉ်များက၊ မိန့်ကြားသမျှ၊ ဩဝါဒနှင့်၊ ညွှန်ပြ ဥပဒေ၊ အထွေထွေကို၊ မသွေကိုယ်စီ၊ ထမ်းဆောင်ချီသည်၊ စုံညီ ပါကဋ - အောင်ပွဲတည်း .....

" ဇေယျာ ဉာဏ်ရှင် " ရေးသားပူဇော်သည်။

ဘဒ္ဒန္တ နာရဒ (အဂ္ဂမဟာပဏ္ဍိတ)<br>
ပဓာနနာယကဆရာတော်<br>
မဟာသုဗောဓာရုံကျောင်းတိုက်<br>
စစ်ကိုင်းမြို့။

## ကျေးငူးရှင်ဗာရာဏသီဆရာတော်ဘုရားကြီး၏ သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏာပူဇာ

# အချီအချ ဝဒညီ မင်္ဂလာဝိုဒ်စုံရတု

ထေရာ့ထေရာ။ ။ဆင့်ဆင့်သာတည့်၊ ထေရာကဿပ၊ အာဒိမှလျှင်၊ ဝံသနွယ်လာ၊ (ဘဒ္ဒန္တ)ဇာဂရာဘိ၊ ရာဇာဓိဟု၊ ဇာတိရွှေကျင်၊ မည်စွဲတွင်သည့်၊ ထေရ်လျှင်မွန်စ၊ ဂိုဏ်းမြတ်လှကား၊ ရဋ္ဌမြန်မာ၊ မကာသာဘဲ၊ ကမ္ဘာထိတိုင်၊ ဂုဏ်သင်းလှိုင်၏၊ ဦးကိုင်ထေရ၊ ဆက်ဆက်မှလည်း၊ သီလသမာ၊ ဓိပညာဟု၊ သိက္ခာသုံးပါး၊ အလေးထားလျက်၊ မြတ်ဖြားသာသနာ၊ ရှည်စိမ့်ငှာလျှင်၊ သိဿာအများ၊ ဆင့်ဆင့်ပွားလျက်၊ တရားအမွေ၊ လက်ဆင့်ဝေရှင့်၊ စာပေစည်းကမ်း၊ နည်းစုံပြွမ်းသား၊ ကြိုးပမ်းအစဉ်၊ စာသဘင်လည်း၊ ပါဝင်ထိပ်တန်း၊ တိပိ–ပန်းကို၊ ဆင်မြန်းလေရာ၊ နှစ်ပါးပါခဲ့၊ အဂ္ဂဘိဝေ၊ မြတ်ထေရလည်း၊ များလှစုံလင်၊ တစ်ဂုဏ်တင်၍၊ နေသွင်ထင်ရှား၊ ထေရ်မွန်များဖြင့်၊ ပြန့်ပွားစည်ပင်၊ ဂိုဏ်းရွှေကျင်ဟု၊ ပြည်ခွင်ဝှန်းမှာ၊ ဂုဏ်လင်းဖြာသည် ...တေဇာတိုးလိုမြင့်သည်ဘုရား.............။

တေဇာ့တေဇာ။ ။ဂုဏ်သင်းဖြာသား၊ နရာဓိပတိ၊ စောမုနိ၏၊ တြိသာသနာ၊ ထိန်ဝေဖြာသည့်၊ မြန်မာထင်ပေါ်၊ နိုင်ငံတော်တွင်၊ မြင့်မော်သမိုင်း၊ ပဲခူးတိုင်း၏၊ စံနိုင်းဖွယ်ရာ၊ ပြည်မြို့မဟာ၌၊ ဗာရာဏသီ၊ ထေရ်ဇာနည်မှ၊ ခြေတည်စကာ၊ ကြိုးစားလာကြောင့်၊ ဓိ–ဇာမည်ဟီး၊ ကျောင်းတိုက်ကြီးကား၊ မြင့်ထီးသရေ၊ ခက်လက်ဝေလျက်၊ မြန်ပြေတဝှန့်၊ ဂုဏ်သင်းပြန့်ရှင့်၊ ရှင်းသန့်စိတ်ထား၊ လျှုရှင်များလည်း၊ ဆပွါးသဒ္ဓါ၊ ကြည်ညိုစွာဖြင့်၊ လေးဖြာပစ္စယ၊ ထောက်ပံ့မလျက်၊ အားရကြည်နူး၊ အထူးထူးဖြင့်၊ ရည်စူးနိဗ္ဗာန်၊ ကောင်းမှုလှူခဲ့၊ တစ်ဖန်ကိုးမျှော်၊ ဝိနည်းခေါ်သည့်၊ စာတော်ပြန်ဆင်၊ ပွဲသဘင်လည်း၊ နှစ်စဉ်မပျက်၊ ပြုဆောင်ရွက်ခဲ့၊ ဆက်ဆက်ရိုက်ရာ၊ ထေရ်မဟာလည်း၊ စဉ်လာမသွေ၊ စောင့်ရှောက်လေကြောင့်၊ အခြေခိုင်စွာ၊ တိုက်ဗာရာသည် ... ဝေဖြာပြိုးလို့ တင့်သည်ဘုရား...........။

ခေမာ့ခေမာ။ ။အောင်ကြောင်းဖြာသား၊ ဂုဏာနန္တ အာစေရ၏၊ များလှကျေးဇူး၊ တင်ပေပူးကို၊ အထူးခွင့်ကောင်း၊ ဆပ်သင့်ကြောင်းဟု၊ ကျိုးကြောင်းထွေထွေ၊ ဟောမိန့်ချေသည့်၊ စိန္တေမြတ်စွာ၊ ဆုံးမလွှာကို၊ ရင်မှာသိုထား၊ တပည့်များတို့၊ တင်ပြားပုံပုံ၊ ကျေးဇူးဂုဏ်ကို၊ ကြည်ယုံညွတ်ကာ၊ မြတ်ဆရာအား၊ ဆပ်ပါလို့မူ၊ အကြောင်းပြု၍၊ ''ရာစု'' လည်ပြည့်၊ ထူးမြတ်နေ့၌၊ မမေ့နိုင်ဖွယ်၊ အဆန်းခြယ်သား၊ သွယ်သွယ်ဂုဏ်လျှမ်း၊ မကုန်ခန်းကို၊ လက်လှမ်းမှီရာ၊ ပေါင်းသိကာဖြင့်၊ တလွှာမှတ်တမ်း၊ ကန်တော့ပန်းကို၊ ရည်မှန်းကော်ရော်၊ ရိုက်ပူဇော်၍၊ ထေရ်မော်ညွှန်ပြ၊ ဩဝါဒနှင့်၊ ကျနမကွာ၊ ညီညွတ်စွာသား၊ ထေရာရှိစဉ်၊ ပြုဆင်ယင်သည့်၊ ယခင်ရေးနည်း၊ အတူမှီး၍၊ လျှကြီးသံဃ၊ မြတ်ဒါနကို၊ တကွညီညာ၊ ဆည်းပူးရှာသည် ... ခေမာစိုးပို့ ဖြင့်ရည်ဘုရား...........။

ဝန္ဒဝရ (မြောင်းမြ)
ဝိနယ ပိဋကမဟာဌာန၊ ဂဏဝါစက
န . ပ . သ၊ ရန်ကုန်။

ဗာရာဏသီဆရာတော်ဘုရားကြီး၏သက်တော် ရာပြည့်ဘွဲ့

# လူးတားညှပ် ရှစ်ဆယ်ပေါ်တေးထပ်

" အဘိဓဇမဟာ-ရဋ္ဌဂုရု "
အမြတ်တကာ့ ပြုမူ ကမ္ဘာပေါ်
အမှတ်တရ ယခုသာသနာတော်မှာ
မဟာကျော်မော် ဆရာတော်ဘုရား
ပြည်သူ့ဂုရု-ဂုဏ်ထူးချွေသည်
ပဒုံဦးခြေ ဝပ်စင်းရှိညွတ်တွား။

လူးတား။ ။မြန်မာနိုင်ငံ ကြိုင်လှိုင်သစ်စွာ ခေတ္တရာသရေ သာစွမြေတွင် ဂုဏ်နေထွန်းလတ် အမြတ်ဆရာ ဗာရာဏသီ သညီတွင်လတ်-ရှင်မြတ်လေ ...။ သံဃမဟာနာယက ဒုတိယဉက္ကဋ္ဌ နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏ်ပေါင်းစုသား သမုတိရှင်မြတ်သခင်ကား- လူ့ခွင်မက ဒေဝါကျအောင် နာမသညာ အာနန္ဒာဝယ် မဟာပဏ္ဍိတ ကျော်စောလှ၏၊ ထေရသခင် ယခုထင်က သက်လျှင်ရာရောက် ဂုဏ်ရည်မောက်စွ ကြီးမြောက်ပညာ ရှင်ဆရာတည့် ဗာရာဏသီ သာယာမှီသည်၊ ရာညီပြည့်သည့်ပွဲတည့်လေ ...၊ ထူးကဲတည့်ရေးသား-တေးအသွား။ ။

တေးဆက်။ ။သရေခေတ္တ သာယာပြည်ပေါ်မှာ
ဗာရာဏသီခေါ် ဆရာဘုရား
တစ်ရာအညီသော် အခါတော်များသို့
ရာကျော်အသွား ခရီးစဉ်
ယခုနှစ်တွင် အပြီးရောက်၍
ခရီးတစ်ထောက် ပွဲကြီးဖွင့်ပြီး-ယင်။
ဇရာ ဗျာဓိ မရဏာခွင်ကို
ဆရာအရှင် ကြွကာသွားလဲ
ရလာအများ ဂုဏ ပညာတွေ
ရှုဆ မြင်သာ ပလေ
ကပ္ပဋ္ဌိတိ တည်ရှိနေမည်
ပြည်သိ ကဝေ ပေါ်ထွန်းထင် လို့လေး။
သီလ, သမာဓိ, ပညာတွေကို
တင်ကာမသွေ ဖော်ညွှန်းဆင်ဘို့လေး။
ကမ္ဘာကြေလဲ -ပျက်နိုင်ပါပြီ
အချက်ပိုင်စွာ မော်ကွန်းတင်စို့လေး။ ။

ရဝေထွန်း ဂုဏ်ပြုခြီကုံးသည်။ (၁၅.၄.၀၂)

# ကျေးဇူးရှင်ဗာရာဏသီဆရာတော်ဘုရားကြီး၏ သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပူဇော်

## "ကန်တော့ပန်း" လေးချိုး

* မဟာဝိသုဒ္ဓါရာမ အဓိကရ တိုက်မဟာ
ဗာရာဏာ နှစ်တစ်ရာပြည့်ပြီမို့
မှန်းကြည့်မိသည်။

* ခရေရိပ်မှာ လေလေ့
ဖြေသိပ်ကာသိုက်နန်းရှင် မျှဝေရင်းနဲ့
ထေရ်သခင်ဆရာဘုရားကို လွမ်းအားပိုမှန်းဆလို့
ထပ်ကြိမ်ကြိမ်တမ်းတခါ အချိန်နှောင်း
ပြန်ပြောင်းတွေးသည်မို့ လွမ်းလို့ဖြေမဆည်။

* ခရေပိတောက် အချိန်ရောက်ပြန်ပေါ့
တနှစ်နော အချိန်စား ကျားလိုပ
ပေါက်ဖွားကြတပည့်အများမှာ
ရောက်သွားနေရာ သာသနာအခွန့်ရှည်ဘို့ ညီညွတ်စွာလက်တွဲမဖြုတ်ဘဲ
အဟုတ်ပေါ့မှန်းဆရည် တမ်းတပြီပေါ့ ဆရာတော်ဘုရား။

* ဆရာ့ညွှန်ချက် မပျက်အမှန်ရည်စူးကာပါ
တည်ထူးလာ အဟုတ်မူမကြွားပါဘူး ဗာရာဏာနှစ်တစ်ရာပြည့်မှာ
စုပေါင်းကာ တပည့်များတို့၊ ဆရာ့ဂုဏ်ပွားကာ ဘယ်ဘယ်လို့မှန်းစေတော့
မပျက်တန်း ရှေးလမ်းစဉ် မဖျက်ပါဘဲ ပဋိပတ်စွက်လျက် ပရိယတ်တွက်ပေမို့
စာချ စာသင်လျက်ပင် ဆရာ့ဂုဏ်ထိန်းပါ့တယ် ဆရာဘုရား ဉးချဝတ်တွား။

တပည့်- ဦးမေ့ရသ
ပါဠိပါရဂူ B.A
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိက
(ဝိ-ဗာ)

# ကျေးဇူးရှင်တာရာကာသီဆရာတော်ဘုရားကြီး၏
# သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပူဇော်
# ''ရာပြည့်ထေရ ဝတ္ထုနာ'' ရှစ်ဆယ်ဝေါ်တေးထပ်

* ခေတ္တရာ ရွှေပြည်ဌာနီနန်းမြင့် သာကီလျှမ်းတင့် ဇွဲချက်ချာ
စာဂီလမ်းဖွင့် ပြည်မျက်နှာတွင် သရေတက်ကာဂုဏ်ထင်ရှား
ဝိ-ဟာကျောင်းတိုက် သမိုက်တွင်သည် စရိုက်အသွင် နှိုင်းတုမယှဉ်အား ။

* အသိကိန်းခါတ် ပရိယတ်စုံညီ သိမှတ်ယုံကြည် စေတနာထား
ကဝိမြတ်ပုံမှီ ဒေသနာတရားရယ်နှင့် နေရာမခြားဟောပြပုံ
များလှဝေနေ သက်သေအချင့် မျက်ပြေအလွှင့်ရောက်လှမ်းနိဗ္ဗာန်ဘုံ ။

* ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ ပဓာနဂုဏ်လွှာ သာသနာ့ဘုံမှာ ပြိုင်စံကျော်၍
နိုင်ငံတော်က ဘွဲ့ပေါင်းဆက်ကပ်လှူခါ သွဲ့ပြောင်းလက်ယှက်ပူဇာ ။

* အဂ္ဂါဘိဓေ စုံသည့်ရှင်မဟာ ရာပြည့်သဘာ ပွဲကြီးယင်လို့လေး ။

* သုံးပုံပိဋက ငါးထောင်သာသနာ များမြောင်ခါခါ ရည်စူးမျှော်လို့လေး ။

* တပည့်ပေါင်းစု ကောင်းမှုညီညာ တောင်းဆုသီကာ အောင်ပွဲဆင့်ဘို့လေး ။

တပည့်-
အရှင်ခမာစာရ
(စာချ ၊ ဂဏဝါစက)
ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်
ရန်ကုန်မြို့။ (၂၄-၆-၂၀၀၂)

## ကျေးဇူးရှင်ဟာရကသီဆရာတော်ဘုရားကြီး၏
## သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ်

# သုတိမင်္ဂလာကဗျာ

၁။ တစ်နှစ်ခြောက်လေး၊ ရောက်ရေး ဂေါစာ၊
ဝါဆိုလပြည့်၊ ဂဠုန်နေ့မှာ၊
သုံးနာရီစက်၊ ညဥ့်ဘက်ချိန်ခါ၊
ဇာနည်ထူး၊ မီးရှူးဖွားမြင်လာ၊

၂။ အောင်လံမြို့ကြီး၊ ကျော်ဟည်းဂုဏ်လွင်၊
ဇိနိ့ရွာဂါမ ၊ ဌာနမှည်တွင်၊
ဦးစံထူးတို့၊ ကြည်နူးပျော်ရွှင်၊
ဒေါ်ဒေါ်ဆေး၊ ပိုက်ထွေးသားရွှေစင်

၃။ ဦးသုန္ဒရ၊ ဆရာ့ထံတွင်၊
(၁၀) နှစ်သားမြတ်၊ ကျောင်းအပ်စာသင်၊
လောကီသိပ္ပ၊ ထိပ်ကအောင်မြင်၊
ပညာများ၊ ကြိုးစားတတ်အောင်သင်။

၄။ (၁၃)နှစ်၊ ရောက်သစ်ခါတွင်၊
ဦးကုဏ္ဍလ၊ ဘွဲ့ရထေရ်ရှင်၊
ဘထွေးတော်နား၊ လိုက်သွားလို့ပင်၊
မြို့တော်မန်း၊ ကြွမြန်းပညာသင်။

၅။ ရွှေကျင်ဂိုဏ်းချုပ်၊ ဝိသုဒ္ဓါရုံ၊
စည်ရှင်ထေရ်မြတ်၊ ဆည်းကပ်ခိုလှုံ၊
ကိုယ်တိုင်ပြသ၊ ပို့ချပြည့်စုံ၊
ကျမ်းစာများ၊ သင်ကြားအဖုံဖုံ။

၆။ သာမဏေမှူ၊ ရှင်ပြုပြီးလျှင်၊
အာနန္ဒာလား၊ ကြီးမားဉာဏ်ရှင်၊
ရှင်အာနန္ဒ-ပဏ္ဍိတလျှင်၊
နှုတ်တံဆိပ်၊ ခပ်နှိပ် မြတ်စည်ရှင်။

၇။ တစ်နှစ်ရှစ်လေး၊ မှတ်ရေးဂေါစာ၊
ဝါဆိုလတက်၊ (၁၃)ရက်မှာ၊
(၉)နာရီစက်၊ နေတက်ချိန်ခါ၊
မြတ်ရဟန်း၊ တက်လှမ်း အောင်မြင်လာ။

၈။ စည်ရှင်ထံပါး၊ သင်ကြားခိုလှုံ၊
စာတော်ပြန်ပွဲ၊ ဝင်နွှဲဖုံဖုံ၊
ပထမကျော်တန်း၊ အောင်ပန်းမြတ်ဂုဏ်၊
အဘိဝံသ၊ ဘွဲ့ရအောင်ပွဲစုံ။

၉။ ကျော်လေးကျော်ရ၊ သာသနာ့ဇာနည်၊
သကျသီဟ၊ စာချဂုဏ်ရည်၊
ကမ္ဘာ့ခေါင်ထိပ်၊ အောင်တံဆိပ် စုံညီ၊
တစ်ဂဏန်း၊ အောင်ပန်းဆင်ခဲ့သည်။

၁၀။ (၉)ဝါအရောက်၊ ချီးမြှောက်စည်ရှင်၊
[illegible]ရေကြို့၊ မေမြို့မှာပင်၊
ရွှေကျင် ကျောင်းတိုက်၊ သိုက်မြိုက် တည်ထွင်၊
မေမြို့ဘုန်း၊ ပြည်လုံး ကျော်လို့ပင်။

၁၁။ ထောင့်သုံးရာနှစ်၊ သက္ကရာဇ်တွင်(၁၃၀၂)၊
အရိယဓမ္မ၊ ဖွဲ့မှုစီစဉ်၊
ပညာသင်ရေး၊ အားပေးမြှင့်တင်၊
အိန္ဒိယား၊ ကြွသွားမြတ်ထေရ်ရှင်။

၁၂။ ဗာရာဏသီ၌၊ နှစ်ခြိုက် ပျော်ရွှင်၊
ဟိန္ဒီ- သက္ကတ၊ သိပ္ပ စုံလင်၊
ပညာရပ်များ၊ သင်ကြားအောင်မြင်၊
(၆) နှစ်လုံး၊ နေသုံး မြတ်ထေရ်ရှင်။

၁၃။ စစ်ပြီးခေတ်မှ၊ ပြန်ကြွ မြန်ပြည်၊
စည်ရှင် ထေရ်ဘုန်း၊ မြတ်ဆုံးဂုဏ်ရည်၊
ဗာရာဏသီ-ဟု၊ ဂုဏ်ပြုဘွဲ့မည်၊
လွှန်ထင်ရှား၊ ကျော်ကြားမြတ်မထေရ်။

၁၄။ ရွှေကျင် ဂိုဏ်းသား၊ အများကော်ရော်၊
ဥပ-ဥက္ကဋ္ဌ၊ မြှောက်ကြပူဇော်၊
သာသနာပိုင် တစ်ပါး၊ ထင်ရှား ကျော်မော်၊
ရွှေကျင်ဂိုဏ်း၊ သမိုင်း ဂုဏ်ထင်ပေါ်။

၁၅။ ပြည်မြို့ အချုပ်၊ ဝိသုဒ္ဓါရုံ၊
ကျမ်းပြုစာချ၊ ပါကဋ ထင်ပေါ်၊
ကမ္ဘာ့လွှမ်းသည့်၊ ပညာစွမ်းဟုန်၊
ပဏ္ဍိတ၊ အဂ္ဂဘွဲ့တော်စုံ။

၁၆။ မဟာသံဃ၊ နာယကတွင်၊
ဂိုဏ်းပေါင်းစုံကြီး၊ ဖွဲ့စည်းအောင်မြင်၊
နိုင်ငံတော်သြဝါဒါစရိယ၊ တင်ကြစုံလင်၊
မထေရ်ဘုန်း၊ ပြည်လုံး ဂုဏ်ရောင်လွှင်။

၁၇။ ပြည်မြို့ တော်မှ၊ ဝဏ္ဏကျော်ထင်၊
နိုင်ငံ့ ဂုဏ်ရည်ဘွဲ့၊ ထူးကဲဂုဏ်ရှင်၊
ဒေါ်သိန်းတင်-ဟု၊ မည်ပြုပေါ်လွင်၊
ကျောင်းတိုက်ဆောက်၊ ပင့်လျှောက်မြတ်ထေရ်ရှင်။

၁၈။ တစ်သုံးနှစ်တစ်(၁၃၂၀)၊ သက္ကရာဇ်မှီ၊
နာယက-နှင့်၊ စာချ စုံညီ၊
စာသင်တိုက်ဖွင့်၊ အသင့်အောင်ပြီ၊
ဂုဏ်ရည်ကြို့၊ ပြည်မြို့ ဗာရာဏသီ။

၁၉။ တစ်သုံးငါးငါး၊ ရောက်ငြားဂေါစာ၊
လ-တပို့တွဲ၊ ထူးကဲချိန်ခါ၊
လ-ဆုတ်ဆယ့်သုံး၊ ထေရ်ဘုန်းဆရာ
နတ်ရွာကျောင်း၊ ရွှေပြောင်းစံခဲ့ရာ။

၂၀။ ပြည်သူလူထု၊ ပူမှုကြုံလာ၊
သောကပူဆွေး၊ ငိုကွေးခါခါ၊
တရားရေအေး၊ တိုက်ကျွေးလှည့်ပါ၊
ထေရ်ရှင်ဘုန်း၊ နောက်ဆုံးဝန္ဒနာ။

၂၁။ ရုပ်နာမ်ဇာတိ၊ ပါရှိသူမှာ၊
အို-နာ-သေမြဲ၊ မလွဲမှန်စွာ၊
ဉာဏ်စဉ်တက်လှမ်း၊ မဂ်လမ်းကိုရှာ၊
နိဗ္ဗာန်ရ ၊ အေးမြလွန်ချမ်းသာ။

ရေးသားဂုဏ်ပြုပူဇော်သူ-----

သိရီပညာမဟာအကျော်
မဂ်လာဗိမာန်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

# မဟာထေရ သတ္တာရပူဇာ စာတမ်းလွှာပါဘုရား

(က) ။ ပြည်မြန်မာ မကွေးတိုင်း၊ သမိုင်းတင်ရန်၊ မြို့အောင်လံနယ်ကျေးမှ၊ ဇီနံ့ရွာတွင် ဂုဏ်ပြန့်မွေးသည့်၊ လှူရေးတမ်း ရေးလက်မနေး ဝါသနာ၊ ပါရမီရင့်ကျက်လာသည့်၊ ကျောင်းဒါယကာ ဦးစံထူး၊ စိတ်ဖြောင့်ဖြူးကြင်ယာ၊ ဒေါ်ဒေါ်ဆေး မိဘနှစ်ဖြာတို့သည်၊ ပုရိသာဇည၊ သာသနာ့အာဇာနည်၊ ရလိုသည်ဆုတောင်းကြောင့်၊ လောင်းလျာမြတ် ဗာရာဏသီသည်၊ နတ်ပြည်မှသက်ဆင်း၍၊ မိမာတာ ကြာတိုက်အတွင်းဝယ်၊ ကပ်ချဉ်းကာခိုလှုံ၊ လ ငါးစုံဓမ္မတာရင့်၊ ကမ္ဘာဇာတ်လေပင့်မှုကြောင့်၊ ချင့်တွက်လစ် နှစ်ကောဇာ၊ တစ်ဆဲ့ နှစ်ရာခြောက်လေးခု၊ မိုးဥတုအကြိုရက်၊ ဝါဆိုလ ညဘက်တွင်၊ လူ့ပြည်တွင် ပနက်ချခဲ့သဖြင့် (အင္ဂ သီလ၊ ဗာရာဏ၊ ဇာတ သက္ကရာဇ်) (မောင်ကျော်ယုံနေ့၊ ဂဠုန်မွေ့၊ လပြေ့ (ပြည့်) ဝါဆိုဖြစ်) ဟူသော သမိုင်းလှစ်ထေရဝင်၊ မော်ကွန်းဝင်စာတမ်းဖြင့်၊ မှတ်တမ်းတင်ကာ၊ တပည့်ပေါင်း - များစွာက၊ မဟာထေရ- နှစ်တစ်ရာပြည့်ချိန်အခါ - မဟာသက္ကာရပူဇာကို ရှိသေစွာအာရုံထား၍ ကြိုးစားပြုလုပ်ကြပါသည်ဘုရား။ (သာစု-၃)

(ခ) ။ ဆယ်နှစ်သားရောက်သော်၊ ဆရာတော်ဦးသုန္ဒရ၊ ဇီနံ့ရွာကျောင်းအာစရိယက၊ ပါဒမူလ်၊ အခြေပြုကျမ်းဂန်စာကို၊ သင်ပေးရာသုံးနှစ်၊ ကျောင်းသားဖြစ် ထိုချိန်ခါ၊ နိုင်ငံမှာကျော်ကြား၊ လူတိုင်းနားမှာ သတင်းထုံ၊ မျှော်မြင်ဉာဏ်ပြည့်စုံသည့်၊ ဘထွေးတော် ဦးကုဏ်က၊ မန်းရွှေဘုံခေါ်ကာသွား၊ ကလျာဏမိတ္တ၊ ဥပနိဿယအတွက်၊ အင္ဂ - ပဏ္ဍိ၊ အသိပြည့်စုံ၊ ဝိသုဒ္ဓါရုံစည်ရှင်၊ အနယ်နယ်တွင်ကျော်ကြား၊ ဘဒ္ဒန္တကောသလ္လာဘိဝံသ ဆရာတော်ဘုရားထံ၊ အပ်နှံ၍သင်ယူ၊ သက်မူတွက်စစ်၊ ဆယ့်ခြောက်နှစ်ဝယ်၊ သာသနာဝင် အမှတ်တံဆိပ်၊ ရှင်အာနန္ဒပဏ္ဍိတ ဘွဲ့ဂုဏ်ဟိတ်ဖြင့်၊ နှစ်သိပ်ကြည်ဖြူ ခံယူပဗ္ဗဇ္ဇ သက်ဝီသ၏၊ ဝါဆိုလပိုင်း၊ ရွှေကျင်ဂိုဏ်းဦးကိုင်၊ သာသနာပိုင် ဥက္ကဋ္ဌ၊ ဒီပဲရင်း - ဥပဇ္ဈာယ၊ ဒေါ်ဒေါ်သွယ် ပစ္စယဖြင့် ဥပသမ္ပဒဖြစ်လာ၊ ငါတို့၏ထေရ်ဆရာသည်၊ ဆင့်ကာဆင့်ကာ ကံဟုန်ပစ်၍ ဖြူစင်သောရဟန်းအဖြစ်ကို ရရှိတော်မူခဲ့ပါသည်ဘုရား။ (သာစု-၃)

(ဂ) ။ ရဟန်းဖြစ်ကသာသနာ၊ တာဝန်မှာနှစ်ရပ်၊ အခြေခံပရိယတ်ကို၊ မပြတ်အားစိုက်၊ တပည့်တွေအတုလိုက်ဖို့၊ ပြတိုက်ပုံစံ၊ ထုတ်ယူ၍ ကြည့်ပြန်လျှင် -

၁ ။ တစ်နိုင်ငံလုံးဆင်နွှဲ၊ အစိုးရပါဠိပထမပြန်စာပွဲသဘင်၊ တစ်နှစ်တွင်းမှတစ်ပါးပေါ် တစ်ပြည်လုံးမှာ အတော်ဆုံးဘွဲ့တော် အစိုးရပါဠိပထမကျော်၊

၂ ။ မန္တလေးမြို့၊ ဝိသုဒ္ဓါရုံတိုက်အတွင်းမှာ သံဃာသုံးရာကျော်၊ အတော်ဆုံးဘွဲ့တော် ဝိသုဒ္ဓါရုံ ပါဠိပထမကျော်၊

၃ ။ သာဝတ္ထိမြို့မှာ ဖြေသော် သာဝတ္ထိပထမကျော်၊

၄ ။ မေမြို့မှာဆင်နွှဲသော် မေမြို့ပထမကျော် - ကျော်လေးကျော်ဆင့်ကဲ လူသတ်ပွဲခေါ်တွင်၊ မန္တလေးမြို့ သကျသီဟကို အောင်မြင်၊ အဘိဝံသ ဂုဏ်ထူးဆင်၊ သာသနာ့လုပ်ငန်းစဉ်ဘွဲ့လက်မှတ်တို့ကို၊ အထပ်ထပ်သိမ်းပိုက်၊ စစ်ဖြစ်ခိုက်ချိန်အခါ၊ ခြောက်နှစ်ကြာကာလ၊ ဟိန္ဒီစာသက္ကတကို၊ သင်ယူဘို့ အခွင့်ရသဖြင့်၊ အိန္ဒိယတိုင်းပြည်၊ ဗာရာဏသီ ကောလိပ်၌၊ စိတ်နှစ်ခြိုက်ကြည်လင်၊ ဘာသန္တရသင်ယူ၍၊ အမိနိုင်ငံပြန်ကာရွှေ့သော် ကျေးဇူးတော်သခင်၊ ဝိသုဒ္ဓါရုံထေရ်စည်ရှင်က၊ နေခဲ့သောဌာန၊ အိန္ဒိယ ဗာရာဏသီ၊ ဌာန၏ အမည်ကို၊ ဌာနီမှာတင်စား၍ လူအများခေါ်မှတ် ၊ ဗာရာဏသီဆရာတော်ဟူသော ဘွဲ့ပညတ်ကို၊ တင်အပ်ကာ ချီးမြှင့်ပေး၊ ဆရာတော်၏ စွမ်းရည်အကျင့်အသွေးသည် ပန်းရနံ့မွှေးသော်လည်း လေညာသို့ မပြေးသွား ဗာရာဏသီ ဆရာတော်၏ သီလာဒိရနံ့များမှာမူကား လေညာအထိကျယ်ပြန့်၊ ပြည်တွင်းမှာနေရာမဆံ့သဖြင့် ပြည်ပသို့ပင် ခြေဆန့်တော်မူခဲ့ပါသည်ဘုရား။ (သာဓု - ၃)

(ဃ) ။ ဂုဏဝန္တေ ပဿန္တိ ဇနာ-ငွေရှိမှလူခင်၊ ဂုဏ်ရှိမှလူမြင်ကြသတဲ့။ တစ်နည်းပြင် မာတုဒေသနာရှု သော်၊ ကလျာဏ-ကလျာဏချင်း၊ ဟီန-ဟီနချင်းနှီးနှောလို့၊ မပြောခင်က ပြီးသည့်အသွင်

၁ ။ သာသနာပြုကုသိုလ်လိုချင်၊ ပြည်-နဝင်း ဒေါ်သိန်းတင်၊

၂ ။ လောကပညတ်၊ နယ်လေးရပ်ပေါ်လွင်၊ ဝဏ္ဏကျော်ထင်-ဒေါ်သိန်းတင်၊

၃ ။ နိုင်ငံဂုဏ်ရည်မှတ်တမ်းတွင်၊ ဒုတိယတန်းအဆင့်ဝင်၊ နိုင်ငံ့သမီးကောင်းဒေါ်သိန်းတင်၊

၄ ။ သာသနာ့အတွက်၊ လုပ်ဆောင်ချက်ပီပြင်၊ သာသနာ့မိခင်-ဒေါ်သိန်းတင် ထိုစဉ်ကာလ ငါးမျက်နှာ ကျောင်းအမသည်၊ မြတ်ဗုဒ္ဓသာသနာ၊ ပြုဘို့ရာသဒ္ဓါဓာတ်၊ အထပ်ထပ်နှီးဆွယ်၊ ဆရာမြတ်ကိုးကွယ်ဘို့၊ မန်းမြို့ကိုအရောက်စိုင်း၊ ရွှေကျင်ဂိုဏ်းသာသနာ၊ ပြည်မြို့မှာ ဝေဖြာလင်းစေဘို့၊ မေတ္တာသွင်အာရုံယူ၍ ကြွတော်မူပါပင့် စကားကြောင့် ကြီးပွားဘို့သာသနာ၊ အမြဲပင်လိုလားနေပါသော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည်၊ ရွှယ်တော်သတ္တ၊ ပညာသတွင်၊ ရွှေကျင်ဂိုဏ်းသာသနာ၊ ကိုးဆယ့်ကိုးနှစ်ရာသီ၌ စာချစာသင် တပည့်တွေစုံအလင်နဲ့ ပြည်မြို့တွင်မှီကာကပ်၊ ဌာနီဗာရာဏသီဆရာတော်၏ အမည်ကို ဌာနတွင် တင်ကာဟပ်၍ ရွှေပညတ်ငါးမျက်နှာ ယခုအခါ ဗာရာဏသီ၊ ဂိုဏ်းအမည်တံဆိပ်၊ ဝိသုဒ္ဓါရုံ ဂုဏ်ဝိသိဋ္ဌဖြင့်၊ နှစ်ကျိပ်ခွဲသံဃာဖြင့် စတင်ကာကြီးစား၍ လာရသော၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၏ သာသနာသည်၊ နိုင်ငံမှာကျော်ဟီး၍ နတ်တို့ဘုံပမာမှီးလောက်အောင်၊ အံ့ချီး၍မကုန်၊ ထေရ်ဗာရ တန်ခိုး ဂုဏ်ကို၊ အစွမ်းကုန်ဖော်ကာပြ၍၊ ဝမ်းသာဖွယ် မြင်တွေ့လျက်ရှိနေကြပါသည်ဘုရား။ (သာဓု -၃)

**သုတေသနစာကြည့်တိုက်**

၂၅၃၉၉၇ **သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

**ကမ္ဘာအေး၊ ရန်ကုန်။**

(င) ။ အာဇာနည်ပုဂ္ဂိုလ်ရဘို့ကိုမလွယ်၊ ရလာသည့် အမျိုးဝယ်၊ ပြည်ဖြိုးကြွယ်ချမ်းသာ၊ ဒေသနာညွန်ပြ၊ အဂ္ဂ-ပဏ္ဍိတ်၊ ဘွဲ့တံဆိပ်လက်မှတ်ရ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ညွှန်ပြသတ်မှတ်၊ ဂိုဏ်းဥက္ကဋ္ဌ-- ရွှေကျင်၊ နိုင်ငံတွင် ဥက္ကဋ္ဌ၊ ဂုဏ်ပေါင်းစုံကိုယ်ဝယ်ခဲသား၊ ပြည်-ဝိဟာဆရာတော်ဘုရားကို၊ ဥပနိဿယ ကောင်းမွန်စွာ အမှီရကြ၍၊ တိုက်အမဒေါ်သိန်းတင်နှင့်၊ ပါရမီရှင်တူမ၊ လူသိကြဒေါ်အမာ၊ တူတော်မှာ ဦးတင်ညွန့်-ဒေါ်နီနီ ဆွေမျိုးစုတို့မှာ၊ ပစ္စယဒါန ကုသိုလ်တွေအစုံရကြသည်ကတစ်ချက်၊ သာသနာ့အတွင်း ဘက်တွင် ရွှေကျင်ဆက်မပြတ်စေရန်၊ နိကာယ အမွေခံကြသည့် ၊ ထေရာနုထေရ၊ ကြီးပွား၍လာကြသော တပည့်ကြီးတို့ကို ဖေါ်ကာပြသော်-

* ရေပြည့်ရွှေကျင် ဂိုဏ်းစုရွှေကျင်၊ ဇိန့်ရွှေပန်းတောကြိုးကြာ ရွှေကျင်၊ သိမ်ဥုးမြို့ထောင့် တောင်ငူ ရွှေကျင်၊ မကွေးမင်းဘူးသဲကုန်းရွှေကျင်-ဗာရာဏသီနွယ်ဝင်၊ ရွှေကျင်တိုက်တို့မှာလည်း။
* သင်္ချာမှတ်သား၊ ဂဏန်းအားဖြင့် ၊ များပြားစွာပေါ်ထွန်းတက်၊ တိုက်တည်သက် စတုတ္ထံသား၊ ထေရ်အာယု ဧကနဝုတိ၊ ကံအဟုန် အစွမ်းမရှိတော့သဖြင့်-
* အသက်စည်းစိမ်၊ ခန္ဓာအိမ်ကား၊ တိမ်တခဲနက်၊ ကြည့်ရင်းပျက်သို့ မျက်စိအောက်တွင် ၊ လွင့်ပျောက် စင်၏၊ သင်္ခါရစက်၊ သူ့ပိုင်နက်၌ ၊ သွက်သွက်လည်ကာ၊ ပါရရှာသည်-

- ခန္ဓာ အနိစ္စ ပါတကား -

ခန္ဓာ ဒုက္ခပါတကား -

ခန္ဓာ အနတ္တပါတကား - ဟု တပည့်သာဝကများစွာအား အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာတရား ထင်ရှားအောင် ပြသွားခဲ့သည်မှာ ၊ ကိုးနှစ်တိုင်တိုင်ရှိခဲ့ငြားသော်လည်း၊ ဆရာတော်ဘုရား၏ ကျေးဇူးဂုဏ်၊ လွှမ်းထုံ၍အားမရ ၊ တပည့်တွေအမြင်တူကြသဖြင့် (နှစ်တစ်ရာပြည့် ပူဇော်ပွဲ) (ဗာရာဏသီ ရာပြည့်ပွဲ) ဆင်နွှဲကြ၍ကုသိုလ်၊ ဒေသနာမူကို ဉာဏ်ချဲ့တော့-

* ဘုရားရှင်ကို ပန်းနဲ့ ပူဇော်သည်၊

ဖြစ်ရာဘဝ အပူဇော်ခံရသည် ၊

အပူဇော်ခံ ရဟန္တာ ဖြစ်ခဲ့သည်၊ ထုံးကိုမှီ ယူကာကျင့်၍ ၊ ပူဇော်ခွင့်ကြုံကြသည့် တပည့်ကြီး ငယ် ဟူသမျှတို့မှာ၊ ဖြစ်ရာဘဝ၊ အပူဇော်ကိုခံကြရပြီးလျှင် ထိုမှကျော်လင့်၊ ဘဝတစ်ဆင့်ကူးပြန်၊ အပူဇော်ခံ ရဟန္တာအဖြစ်ဖြင့်၊ သာသနာ့အနှစ်အရယူ၊ မီးအပူအကုန်ငြိမ်း၍ တပည့်တတွေ ယှဉ်ပြိုင်တူ တရားကိန်းကြသဖြင့်၊ ဘဝဇာတ်သိမ်းပွဲ ဆင်နွှဲတော်မူနိုင်ကြပါစေကုန်သတည်း။ (သာဓု-၃)

ရေးသားဖတ်ကြားသူ----

**အရှင်မာနိတာစာရ**

သာသနာ့အောင်မြေကျောင်းတိုက်

မင်းဘူးမြို့၊ မကွေးတိုင်း

ဖုန်း - ၀၆၅ / ၂၁၁၁၈၈

တောရသမ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက(ရွှေကျင်သာသနာပိုင်)
နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ညောင်ရွှေမြို့ ကန်ကြီးဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ



သံဃာတော်အရှင်မြတ်တို့-

တပည့်တော်တို့၏ ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူပြီး၊ တောထွက်တော်မူသည့် မဟာသက္ကရာဇ် ၉၇-နှစ်၊ဝါဆိုလ ပြည့်ညဥ့်မှ စတင်ရေတွက်လျှင် ၆-နှစ်တင်းတင်း ပြည့်သည့် ထို ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့် ညနေချမ်းအချိန်မှာ ဓမ္မစကြာတရားကို ဟောတော်မူခြင်းဖြင့် သာသနာတော်ကို စတင်လိုက်သည်။ ထိုသို့ သာသနာတော်ကို စတင်လိုက်သည်နှင့် အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပြီး အရိယာသံဃာ ပေါ်လာပါသည်။ နောက်နောက် အရှင်ကောဏ္ဍည ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်တော်မူပြန်တော့ ဂေါတမမြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်မည့် သမ္မုတိသံဃာလည်း ပေါ်လာပါသည်။

ဒါကြောင့် ဒီမဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်နေ့ကို ဂေါတမဗုဒ္ဓရဲ့ သာသနာတော် စတင်တဲ့ နေ့လို့ဆိုရပါမည်။

ဂေါတမမြတ်စွာဘုရားသည် သာသနာတော် စတင်တည်ထောင်ပြီး ၄၅-ဝါကြာအောင် ဓမ္မအမြိုက် ဆေးကို လည်းတိုက်ကျွေးတော်မူသည်၊ မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ကဆုန်လပြည့် အင်္ဂါနေ့မှာ ပရိနိဗ္ဗာန် စံတော်မူသည်။ အခြားအခြားသော သက်တော်ရှည်မြတ်စွာဘုရားများ ပရိနိဗ္ဗာန်စံပြီဆိုပါက သာဝကသမ္မုတိ သံဃာ နှစ်ဆက်လောက်သာ သာသနာတည်သည်။ တပည့်တော်တို့ ဂေါတမမြတ်စွာဘုရားရဲ့

သာသနာ ကတော့ ယနေ့အထိ သမ္မုတိသံဃာ အဆက်ပေါင်းများစွာကြာအောင် တည်လျက်ရှိသည်။ ဒါဘာကြောင့်လဲ ဆိုတော့ အရှင်ဘုရားတို့ တပည့်တော်တို့လို သမ္မုတိသံဃာတော်များက မြတ်စွာဘုရားရဲ့ သာသနာတော်တည်း ဟူသော ပရိယတ္တိသဒ္ဓမ္မကြီးမပျောက်ပျက်အောင် ထိန်းသိမ်းခဲ့ကြလို့ဖြစ်သည်။

ဒီလို သာသနာမကွယ်ပျောက်အောင် ထိန်းသိမ်းတဲ့နေရာမှာ သမ္မုတိသံဃာဆိုသည့်အတိုင်း ဝိနည်းလိုအပ်ပါတယ်။ ဝိနည်းကို လိုက်နာဖို့အရေးကြီးပါတယ်။ ဒါ့ကြောင့် "ဝိနယေ ဌိတေ သာသနံ ဌိတံ-ဝိနည်းတည်မှ သာသနာတည်တယ်" လို့ အဋ္ဌကထာဆရာတော် မိန့်ခဲ့ခြင်းဖြစ်သည်။ ဝိနည်းရှိလျှင် သမ္မုတိသံဃာရှိသည်။ ဝိနည်းသိက္ခာပုဒ်တွေကို အသက်တမျှ လိုက်နာကျင့်သုံးသည့် သမ္မုတိသံဃာများ ရှိနေသမျှ သဒ္ဓမ္မသုံးဖြာ သာသနာတော် တည်နေမည်ဖြစ်ကြောင်းကို အောက်ပါ ပရိဝါပါဠိတော်စကားအရ သိနိုင်သည်။

" ပဉ္စာနိသံသာ ဝိနယဓရေ၊ အတ္တနော သီလက္ခန္ဓော သုဂုတ္တော ဟောတိ သုရက္ခိတော၊ ကုက္ကုစ္စပကတာနံ ပဋိသရဏံ ဟောတိ၊ ဝိသာရဒေါ သံဃမဇ္ဈေ ဝေါဟရတိ၊ ပစ္စတ္ထိကေ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဏှာတိ၊ သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတိ"

ဝိနည်းလေးစားသည့် ရဟန်းများ၌ ရနိုင်သည့် အကျိုးငါးမျိုးမှာ -

၁။ မိမိသီလအစု ကောင်းစွာလုံခြုံသည်၊ မိမိသီလအစုကို ကောင်းစွာစောင့်ရှောက် သည်။

၂။ ကုက္ကုစ္စဖြစ်နေသူတို့၏ မှီခိုအားထားရာဖြစ်သည်။

၃။ ရွံ့ရှာမှုကင်း ရဲရဲကင်းတင်း သံဃာ့အလယ်၌ ပြောဆိုနိုင်သည်။

၄။ သာသနာတော်၏ ရန်သူတို့ကို အကြောင်းနှင့်တကွသော စကားဖြင့် နှိမ်နင်းနိုင် သည်။

၅။ သဒ္ဓမ္မသုံးဖြာ သာသနာတော် ရှည်မြင့်စွာတည်ရန် ကျင့်ဆောင်သည်။

ဤပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ကြီးကို တည်ထောင်သာသနာပြုတော်မူသော အာဒိကမ္မိက အာရာမသမုဋ္ဌာပက ဗာရာဏသီဆရာတော်ကြီးသည် ဝိနယရေလဇ္ဇီပေသလ သိက္ခာကာမ အရှင်မြတ်ကြီးဖြစ်သည့်အလျောက် သဒ္ဓမ္မသုံးဖြာ သာသနာတော်တည်တံ့ရေးအတွက် ဤကျောင်းတိုက်ကြီးကို တည်ထောင်သာသနာပြုခြင်းဖြစ်သည်။ ထို့ကြောင့် ဗာရာဏသီဆရာတော်ကြီးကိုလည်းကောင်း၊ ရှေးရှေးရွှေကျင်ဆရာတော်ကြီးများကိုလည်းကောင်း၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ကိုလည်းကောင်း ပူဇော်သည့်အနေဖြင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို ကြိုးစားစောင့်ရှောက် နိုင်ကြပါစေလို့ မေတ္တာကရုဏာရှေ့ထားပြီး ဩဝါဒစကား ပြောကြားလိုက်ပါသည်။



## နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ တွံ့ဘက်ရွှေကျင်သာသနာပိုင် စစ်ကိုင်းတောင်ရိုး ပထမဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

အတ္တာဟိ အတ္တနော နာထော၊ ကောဟိနာထော ပရောသိယာ။
အတ္တနာဟိ သုဒန္တေန၊ နာထံ လဗ္ဘတိဒုလ္လဘံ။

၁။ ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည် ကာမဘုံကာမဘဝ၊ ရူပဘုံ၊ ရူပဘဝ၊ အရူပဘုံ၊ အရူပဘဝ၊ အဝဋ္ဋဘုံ၊ အဝဋ္ဋဘဝ အားလျော်စွာ ဖြစ်ကြောင်းဖြစ်ရာ လွတ်ကြောင်းလွတ်ရာ ကြိုးစားအားထုတ်တော်မူကြသော အခါ အထက်ထက် အဆင့်မြင့်သည်ထက် မြင့်မြင့်တက်အောင် ကြိုးစားအားထုတ်ကြပါမူကား သို့မဟုတ် ကြိုးစား အားထုတ်ကြရာပါသည်။ သို့မဟုတ် ကြိုးစားအားထုတ်ကြပါသည်။

၂။ ရဟန်းတော်များသည်လည်း ရဟန်းတော်များအတွက် ဘုန်းရှင်(ဘ) ဘုရားက အပ်ထားခဲ့သော၊ ပေးထားခဲ့သော၊ ဟောကြားထားခဲ့သော၊ သာသနာဟုဆိုအပ်သော ပိဋကတ်တော်များကို သင်ကြားပို့ချ ကျင့်ကြံ ကြိုးစား အားထုတ်တော်မူနေစဉ်။

၃။ မိမိနှင့် မိမိတို့နှင့် အနီးအစပ် ဆည်းကပ်မှီခိုနေကြသော ဒါယကာ၊ ဒါယိကာ၊ ဥပါသကာ ဥပါသိကာများကို လည်း အိုမှု၊ နာမှု၊ သေမှု၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း လွတ်မြောက်ရာ၊ ဒါန၊ သီလ၊ သမာဓိ၊ ပညာတရားများကို ဗုဒ္ဓ (ဘ)ဘုရားရှင်က လေးဆယ့်ငါးဝါ ကာလပတ်လုံး ဗုဒ္ဓကိစ္စငါးပါးဖြင့် ဟောပြော၍ နည်းအမျိုးမျိုးတို့ကို ညွှန်ပြတော်မူလျက် လူ့ပြည်လူ့ရပ်၊ နတ်ပြည်နတ်ရပ်၊ ဗြဟ္မာမြတ်ဖြစ်ရန် ဟောကြားတော် မူရာ၌-

၄။ မိမိကိုယ်တိုင် စွမ်းအားဖြင့် စွမ်းအားကို အားမထားမူ၍ အခြားအခြားသော ပုဂ္ဂိုလ်များကို အားထားနေသူတွေ များလှပေသည်။

၅။ (က) (အမှန်မှာ) မိမိကိုယ်တိုင်ပြုသော ဒါနကုသိုလ်စေတနာကသည်သာလျှင် မိမိ၏ အိုမှု၊ နာမှု၊ သေမှု၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း လွတ်မြောက်ရာဖြစ်သော မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ် လေးပါး အဆင့်ဆင့်ဖြင့် ကိလေသာတို့ကို ပယ်ငြိမ်း၍ ဝိပါက် ကမ္မဇရုပ် အကြွင်းရှိသေးသော သဉပါဒိသေသနိဗ္ဗာန် ဝိပါက် ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်၌ (ဉာဏ်မျက်စိအောက်၌) ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဉာဏ်အားပွင့်လင်း သိမြင်ရခြင်း အကျိုးရှိပါမည်။

(ခ) မိမိကိုယ်တိုင် စောင့်ထိန်း ကျင့်ကြံအားထုတ်သော (သီလ) ကုသိုလ်စေတနာက သည်သာလျှင်မိမိ၏ အိုမှု၊ နာမှု၊ သေမှု ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း လွတ်မြောက်ရာဖြစ်သော မဂ်ဝဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါး အဆင့်ဆင့်ဖြင့် ကိလေသာတို့ကို ပယ်ငြိမ်းပြီး၍ ဝိပါက်ကမ္မဇရုပ် အကြွင်းရှိသေးသော သဉပါဒိ သေသနိဗ္ဗာန်၊ ဝိပါက်ကမ္မဇရုပ်အကြွင်း မရှိသော အနုပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်၌ (ဉာဏ် မျက်စိအောက်၌) ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဉာဏ်အားပွင့်လင်း သိမြင်ရခြင်းအကျိုးရှိပါမည်။

(ဂ) မိမိကိုယ်တိုင် ပွားများအားထုတ်သော သမထဘာဝနာ သမာဓိသည်သာလျှင် ဈာန်လေးပါ၊ ဈာန်ငါးပါး အားလျော်စွာ သက်ဆိုင်ရာပညတ်တို့ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သမာဓိတရား ပွင့်လင်း တည်ရခြင်း အကျိုးရှိပါမည်။

(ဃ)မိမိကိုယ်တိုင် ပွားများအားထုတ်သော ဝိပဿနာ ပညာသည်သာလျှင် ဉာဏ်အဆင့်ဆင့်ဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ နောက်၊ ဂေါတြဘူမဟာ ကုသိုလ်စေတနာကသည်သာလျှင် လက္ခဏူပနိဇ္ဈာန်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်အနွယ်ဖြတ်၊ အရိယာအနွယ်မြတ်ဖြစ်လျက် မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိ၊ သမုဒယသစ္စကိုပယ်၊ နိရောဓသစ္စာကို မျက်မှောက်ပြု၊ မဂ္ဂသစ္စါကို ပွားများသောအားဖြင့် အာရမ္မဏူပနိဇ္ဈာနကိစ္စပဋိဝေဓအားလျော်စွာ နိဗ္ဗာန်ကို မျက်မှောက်၌ (ဉာဏ်မျက်စိအောက်၌) ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဉာဏ်အားပွင့်လင်း သိမြင်ရခြင်း အကျိုးရှိပါမည်။




အဘိဓဇမဟာရဋ္ဌဂုရု၊
တွံ့ဘက်ရွှေကျင်သာသနာပိုင်
ရန်ကုန် ရွှေဟင်္သာသိရီမန္တစံကျောင်း
ဆရာတော်ဘုရားကြီး၏

# သာရဏီယသြဝါဒကထာ

စာရေးသူ ဗာရာဏသီဆရာတော်ကြီးနှင့် ဆရာတပည့် မတော်စပ်ခဲ့သော်လည်း ဆရာတပည့် အနေလောက်ပင် ရင်းနှီးကျွမ်းဝင်ရှိခဲ့ပါသည်။ စာရေးသူ၏ဆရာ ညောင်တုံးရွှေဟင်္သာတောရ စတုတ္ထစံကျောင်းဆရာတော်ကြီးနှင့် ဗာရာဏသီဆရာတော်ကြီးတို့သည် သက်တော်ရွယ်တော် မတိမ်းမယိမ်းလောက်သာကွာ၍ (ညောင်တုံးဆရာတော်ကြီးက ငယ်ပါသည်။) ရွှေကျင်ဂိုဏ်းကိစ္စ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီးကိစ္စနှင့် အခြားသာသနာရေး ကိစ္စများကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကကိစ္စများကိုလည်းကောင်း နှစ်ပေါင်းများစွာ အတူတကွခင်မင်ရင်းနှီးစွာ ဆောင်ရွက်ခဲ့ကြရာ၌ ဆရာတော်ကြီးနှစ်ပါးလုံးပင် သိရီမန္တစံကျောင်းသို့ အကြိမ်များစွာ နှစ်ပေါင်းများစွာ ရောက်ရှိ သီတင်းသုံးခဲ့ကြသောကြောင့်ဖြစ်ပါသည်။

**ထိုစဉ်ကပင် စာရေးသူသည် ဗာရာဏသီဆရာတော်ကြီး၏ ဝါသနာ ၊ စိတ်နေသဘောထား နူးညံ့သိမ်မွေ့ပုံ၊ မာန်မာနမရှိပုံ၊ သူတစ်ပါး နားချမ်းသာစရာ စကားလုံးများကိုသာ သုံးနှုန်း၍ ရေးသားတတ်၊ ပြောဆိုတတ်ပုံများကို သတိပြုမိခဲ့ပါသည်။ ဘုန်းရှင်ကံရှင်ပုဂ္ဂိုလ်များ၏ သန္တာန်၌သာ တည်ရှိတတ်သော ထိုဝါသနာ စိတ်နေသဘောထားသည် စာသင်တိုက်တည်ထောင်၍ သာသနာပြုလိုသော ဆရာတော်ကြီးအတွက် တန်ဘိုးမဖြတ်နိုင်သော တန်ခိုးအရှိန်အဝါပင် ဖြစ်ပါသည်။**

ဘုန်းရှင်ကံရှင်ဖြစ်သော ဆရာတော်ကြီးသည် ထိုတန်ခိုးအရှိန်အဝါကို အသုံးချ၍ ကျောင်းသားအရွယ် ကလေးငယ်၊ ရှင်ငယ်၊ ရဟန်းငယ်တို့ကို မိမိထံရောက်အောင် သိမ်းသွင်းခဲ့သည်။ ဆွေတော်မျိုးတော် အမျိုးသမီးငယ်များကိုလည်း သာသနာ့နွယ်ဝင် သီလရှင်ဘဝရောက်အောင် သိမ်းသွင်းစုဆောင်းထားရှိကာ အခါကောင်းကိုစောင့်လျက် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် စည်ရှင်ကျောင်းတွင် သီတင်းသုံးနေထိုင်ကာ သာသနာပြုလုပ်ငန်းကို လုပ်ဆောင်နေခဲ့ပါသည်။

ထိုစဉ်အတွင်း ရှေးယခင်က ရွှေကျင်ကျောင်းတိုက်တည်ထောင်ဘို့ရာ နေရာလွတ်မရှိခဲ့သော ပြည်မြို့၌ စာသင်တိုက်တည်ထောင်ဆို့ အကွက်အကွင်းကျလှသော နဝင်းရပ်တစ်နေရာရှိ ကျောင်းတိုက်တစ်တိုက်ကို ကျောင်းတိုက်အမ ကျောင်းတိုက်ပိုင်ရှင် သခင်မကြီး ဒေါ်သိန်းတင်က မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသော ဗာရာဏသီဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ အမျိုးရှိသော သံဃာတော်အား ပြည်မြို့သို့ပင့်ဆောင်၍ ၁၃၂၁-ခုနှစ်၊ ဝါဆိုလဆန်း ၁၃-ရက်နေ့တွင် ကျောင်းလွှတ်ပူဇော်ပွဲကို ခမ်းနားကြီးကျယ်စွာ ပြုလုပ်၍ လှူဒါန်းလိုက်ပါသည်။

ကျောင်းတိုက်ကို အလှူခံရပြီး မကြာမီပင် မိမိနဂိုက ကြိုတင်သိမ်းသွင်း စုဆောင်းထားသည့် တပည့်၊ ကျောင်းသား ရှင်၊ ရဟန်း စာသင်သားပရိသတ်များကို အမာခံထား၍ ပြည်မြို့ နဝင်းရပ်၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ဟု ကမ္ပည်းတင်အမည်တပ်ပြီး စာသင်တိုက်တည်ထောင်၍ ပရိယတ္တိသာသနာ ပြုတော်မူပါသည်။ စာသင်တိုက်တည်ထောင်ပြီး နှစ်များမကြာမီမှာပင် ကျောင်းတိုက်အမ သခင်မကြီး ဒေါ်သိန်းတင်နှင့် တပည့်များ၏ လိုလေသေးမရှိ ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းမှု၊ ကျောင်းတိုက်သံဃာတော်များ၏ မိမိတို့ဆိုင်ရာ ပရိယတ် ပဋိပတ် တာဝန်များကို ဆရာတော်ကြီး၏ စီမံအုပ်ချုပ်မှုအောက်တွင် ကျေပြွန်စွာ ထမ်းဆောင်မှုတို့ကြောင့် ဝိသုဒ္ဓါ ရုံ ဗာရာဏသီကျောင်းတိုက်ကြီးသည် သံဃာတော် (၁၀၀) ဝန်းကျင်အထိ တိုးတက်စည်ကားကြီးပွားလျက် ရှိသည်ကိုလည်းကောင်း၊ နှစ်စဉ်နှစ်တိုင်း ပြည်၊ သာယာဝတီ၊ သရက် သုံးခရိုင်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပ လျက်ရှိသည်ကိုလည်းကောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပါသည်။

ဒါတွင်မက ရန်ကုန်မြို့ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်ကျောင်းတိုက်ကို ဆရာတော်ကြီး ဆက်လက်ထိမ်းသိမ်း စောင့်ရှောက်လိုက်သဖြင့် နဂိုက သံဃာ ၄-၅-ပါးဖြင့် တိတ်ဆိတ်ငြိမ်သက်နေရာမှ နှီးကြားထကြွကာ ယခုအခါ သံဃာတော် ( ၁၃၀ ) ကျော်ဖြင့် စည်ကားသိုက်မြိုက်သော စာသင်တိုက်ကြီးဖြစ်နေသည်ကို တွေ့မြင်ဝမ်းမြောက်ရပါသည်။ ထို့ပြင် တောင်ငူမြို့ ဝိသုဒ္ဓါရုံ မြို့ထောင့်ကျောင်းတိုက်၊ လောကုတ္တရာ ဝိသုဒ္ဓါရုံ သိမ်ဦးကျောင်းတိုက် တို့သည်လည်း ဆရာတော်ကြီး စီမံအုပ်ချုပ်မှုအောက်ရောက်မှသာ ယနေ့တွေ့မြင် နေရသော စာသင်တိုက်ကြီးများ အဖြစ်သို့ ရောက်ခဲ့ကြပါသည်။

စာရေးသူ ဤသို့ရေးပြနေခြင်းမှာ ထိုကျောင်းတိုက်ကြီးများကို ဆက်လက်အုပ်ချုပ်နေကြသော ဆရာတော် များသည် ဆရာတော်ကြီးအသုံးပြုသွားသော ထိရောက်၍ သက်သာလွယ်ကူသည့် ညင်သာပျော့ပြောင်းသော နည်းလမ်းများ အဆိုအဆုံးမများကို တပည့်စာသင်သား၊ တပည့်ဒကာဒကာမများ၊ သီတင်းသုံးဖော်ချင်း၊ မိတ်ဆွေ သင်္ဂဟချင်းစသည် အားလုံးတို့နှင့်ဆက်ဆံရာ၌ သင့်သလို အသုံးပြု ဆက်ဆံသွားပါက အားလုံးချမ်းသာကြည်နူးစွာဖြင့် ကျစ်လစ်သိပ်သည်းသော ညီညွတ်မှုကို ရရှိကာ မိမိတို့ကျောင်းတိုက်သာသနာ ဆထက်တံပိုး တိုးတက်၍ ဆရာဒကာ နှစ်ဖက်စလုံး ပစ္စုပ္ပန်သံသရာ နှစ်ပြာကောင်းကျိုး ပြည့်ဖြိုးကြွယ်ဝလိမ့်မည်ဟု မျှော်လင့်သောကြောင့် ဖြစ်ပါသည်။

စာရေးသူမျှော်လင့်သည့်အတိုင်း လိုက်နာကျင့်သုံးကာ နှစ်ပြာကောင်းကျိုး ပြည့်ဖြိုးကြွယ်ဝကြပါစေဟု ပတ္ထနာအာသီသပြုလျက် စာရေးသူ၏ သာရဏီယဩဝါဒကထာကို အဆုံးသတ်လိုက်ပါသတည်း။



# ဗာရာဏသီဆရာတော်ဘုရားထံ ပေးစာများ

ဦးဇနကာဘိဝံသ
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့။

၃၃-၇-၀၃ နေ့စွဲ- ကျွတ်ဆန်း ၁၃

ဗာရာဏသီဆရာတော်ထံ

ပေးလိုက်သောစာ ယနေ့ရပါသည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး၏ နှလုံးသွင်း ဂါထာတော်သည် ယခုတိုင် အဖိုးမဖြတ်နိုင်ပါ။

ယံကိဉ္စိ ဗာဟိယံဝတ္ထု၊ ယထာကာမံ ပဘိဇ္ဇတု။
အဇ္ဈတ္တမှိ အဘိန္နမှိ၊ အဘိန္နော ဝေသပညဝါ။
စက္ကိဘူတာန ပုဗ္ဗေပိ၊ ဘိန္နာ သမ္ပတ္တိယော ဗဟူ။
ပါရမိပုညသမ္ဘာရ၊ သာရေဏော အဘိန္နကော။
တသ္မာတံယေဝသမ္ဘာရံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။
သတိမာ ပညဝါ ရက္ခာ၊ နသောစေ ဖေဂ္ဂု ဘေဒနံ။

**တပည့်တော်တို့အားလုံး ဘဝသစ်သွားဘို့ နီးကပ်နေပါပြီ။ လက်ရှိအခြေအနေသည် ထိုဘဝသစ်အတွက် ကျေးဇူးမပြုနိုင်ပါလျှင် အကာတွေသာ မဟုတ်ပါလား။ ဝတ်တရားအတိုင်း စောင့်ထိန်းနေရသော်လည်း မရှိလျှင်တောင် သာ၍ကောင်းသကဲ့သို့ ထင်ရပါသည်။**

ဇနကာဘိဝံသ

လက်ရေးမူ



ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်
မဟာဝိသုဒ္ဓါရုံတိုက်
အမနောက်ပြင်၊ မန္တလေး။



ဗာရာဏသီဆရာတော်
ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊
၃၂-တော်သလင်းလဆန်း ၂

ပြန်ကြားသိစေအပ်သည်။ ပို့လိုက်သော သံဃာစာရင်းကို ကောင်းမွန်စွာရပါသည်။ ရလျှင်ရခြင်းပင် အသေအချာ ကြည့်ပြီးလျှင် စံကင်းဆရာတော်ကြီးထံသွား၍ ဖတ်ပြပေပြီး၊ ပိုက်ကျုံးဆရာတော်ထံ ပို့စေလိုက်ပါသည်။ ပြည်မြို့၌ ရှေးအခါက ရွှေကျင်ဂိုဏ်းဝင်ကျောင်း ယခုလောက်များများမရှိခဲ့ဘူးပါ။ ယခုအခါ ရွှေကျင် ကျောင်းတိုက်ကြီးတစ်တိုက် ထင်ရှားစွာ တည်ထောင်မိပါပြီ။ အလွန်ပင်ဝမ်းမြောက်ပါသည်။ ရှေ့အဖို့၌လည်း အထူးပင် တိုးတက်ကြီးပွားစည်ကားကို့ရန် များစွာပင်မျှော်လင့်ပါသည်။

**ကျောင်းတိုက်၏ ကြီးပွားတိုးတက်မှုသည် အုပ်ချုပ်သော ဆရာတော်နှင့် တိုက်အုပ်တိုက်ကြပ်၊ စာချ ဘုန်းကြီးများ၏အပေါ်မှာ မူတည်ပါသည်။ အုပ်ချုပ်ရေး ပညာရေး၊ နေထိုင်ရေးများ စည်းကမ်းစနစ် ကောင်းခဲ့လျှင် ကောင်းသလောက် ကြီးပွားစည်ကားနိုင်ပါသည်ဟု ယူဆပါသည်။**

ဆရာတော်မှာ အရွယ်ရင့်၍ အနည်းငယ် ကျန်းမာရေးလျော့ ချို့ယွင်းနေပါသည်။ သို့သော် မပင်ပန်းသည့် အခြေခံစာငယ်များကိုသာ အနည်းငယ်ချနိုင်လျှင် ချပို့ပေးပြီး ချပို့ပုံနည်းလမ်းကောင်းများကို ညွှန်ကြားပေးရုံမျှသာ သင့်လျော်ပါတော့သည်ဟု ထင်မြင်ပါသည်။ ပင်ပန်းမှာ ကိုယ်တိုင်ချပေးနေဖို့ လိုမည်မထင်ပါ။ နည်းပေးညွှန်ပြသည့်အတိုင်း တိုက်အုပ်၊ တိုက်ကြပ်၊ စာချဘုန်းကြီးများက အားကျိုးမာန်တက် ဝီရိယရှိရှိနှင့် လုပ်ကိုင်ဆောင်ရွက်သွားကြပါမူ အားလုံးပင်အဆင်ပြေသွားနိုင်သည်ဟု သဘောရပါသည်။

ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၏ တိုးတက်မှုသည် နှေးကွေးလေးလံသည်ဟု မဆိုနိုင်ပါ။ တော်တော်ပင် အတက်လျင်မြန်ပါသည်။ အုတ်တိုက်ကြီးများ၏ တိုးတက်ကြီးပွားပုံမှာ အားရစရာကောင်းလှပါသည်။ ကြိုးစားတော်မူကြပါ။ မရှိခဲ့ဘူးသေးသော ပြည်မြို့ကြီး၌ ရွှေကျင်ကျောင်းတိုက်ကြီးကို မြင်ခဲ့ရသဖြင့် အလွန်ပင် အားရကျေနပ်ပါသည်။ ကျောင်းအမကြီးနှင့် သူ၏တပည့်များသည်လည်း တိုက်ကြီးကို အစွမ်းကုန် အားပေးအားမြောက် အထောက်အကူ ပြုနေသောသူများ ဖြစ်နေကြပေသည်။ ဆရာနှင့် ဒကာ ညီညီညွတ်ညွတ် ရွက်ဆောင် လုပ်ကိုင်ခဲ့ကြသဖြင့် ဤမျှကြီးကျယ်တည်ငါသော ရွှေကျင်ကျောင်း တိုက်ကြီးဖြစ်ခဲ့ပေသည်။ ရှေးအဖို့၌ ဤကဲ့သို့ပင် ဆရာ ဒကာ ညီညီညွတ်ညွတ်ဖြင့် တိုးတက်ကြီးပွား စည်ကားအောင်ဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းပါသည်။

ဆရာတော်နှင့်တကွ တပည့်သံဃာအားလုံး သက်ရှည်ကျန်းမာချမ်းသာကြပါစေ၊

မြောင်းမြဆရာတော်
မဟာဝိသုဒ္ဓါရုံတိုက်
အနောက်ပြင်၊ မန္တလေး

ဆရာတော်
ဝိသုဒ္ဓါရုံဗာရာဏသီတိုက်
၃၃-ဝါခေါင်လဆန်း ၁၃

မေတ္တာရှေ့ထား ပြန်ကြားသိစေအပ်သည်။ ပို့လိုက်သောသံဃာစာရင်းကို ကောင်းမွန်စွာရပါပြီ၊ သံဃာ ၇၄- ပါးရှိ၍ အတော်ပင်အင်အားတောင့်တင်း ပြည့်ဝလာခဲ့ပါပြီ။ သံဃာများ၏ နေရပ်များပါလာ၍ ဂရုတစိုက် ကြည့်မိပါသည်။ ခရိုင်မြို့နယ်များကြည့်ရခြင်းအားဖြင့် မြို့နယ်တော်တော်များကစာသင် သားများရှိကြောင်း တွေ့ရပါသည်။

ယခုခေတ်၌ စာသင်တိုက်အများတွင် သံဃာ အရေ အတွက်သာများပြီး စနစ်တကျနေထိုင်မှုမရှိ၊ စာပေကျမ်းဂန် သင်ပြမှုမရှိ၊ ဖြစ်ကတတ်ဆန်းနေ ဖြစ်ကတတ်ဆန်းသွားလာ စားသောက်နေကြသူက များနေပါသည်။ စာမေးပွဲအောင်မှုသာ၊ သံဃာအရေတွက်သာ ပဓာနထား လုပ်ကိုင်နေကြသူက များပါသည်။ ယင်းကဲ့သို့ ဖြစ်နေကြသော ခေတ်ကြီးထဲတွင် ဝိသုဒ္ဓါရုံ ဗာရာဏသီ ကျောင်းတိုက်သည် ပြည်မြို့၌ မဖြစ်ဘူးဘဲ ထူးကဲစွာ ပေါ်လာခဲ့သည်။ ယင်းသည်လည်း ရွှေကျင်ဂိုဏ်းကြီး၏ စည်းကမ်း စနစ်နှင့် ကျကျနနအုပ်ချုပ်ကာ စာပေကျမ်းဂန်များကို ပို့ချနေသော ကျောင်းတိုက် ဖြစ်ခဲ့သည်။

ပြည်ခရိုင်၌ ရှေးအခါက နေထိုင်သွားကြသော ဆရာ တော်ကြီးများကလည်း ပြည်မြို့ ပေါ်၌မနေကြဘဲ တောင်ပေါ် တောရကျောင်းလက်များ၌ အေးအေး ဆေးဆေး (သို့မဟုတ်) တောကျေးနေထိုင် သွားတော်မူကြသည်။ ထို့ကြောင့် ရွှေကျင်ဂိုဏ်းကြီး၏ မြို့နယ်များ၌ ပြန့်နှံ့ခြင်းမရှိဘဲ အကြောင်းများကို ခရိုင်မှေးမှိန်သလိုဖြစ်နေခဲ့သည်၊ ယခုအချိန်မှာမူ ပြည်မြို့ပေါ်၌ ကျောင်းတိုက်ကြီးတစ်တိုက် ဖြစ်ပေါ်လာပြီဖြစ်၍ ခရိုင်မြို့နယ် အများ၌ ထင်ရှားကျော်စော လျက် ရဟန်းရှင်လူအများ သိနေကြလေပြီ။ ထို့ကြောင့် ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက် သည် ရှေ့အဘို့၌ တစ်နေ့ တစ်ခြား တိုးတက်ကြီးပွား စည်ကား လာမည်ဟု ယုံကြည်ပါ သည်။ ဗာရာဏသီဆရာတော် ကျန်းကျန်း မာမာ ချမ်းချမ်း သာသာနှင့် သာ တပည့်တပန်း ရဟန်း သာမဏေများအား ပြောဆို ဆုံးမ ဩဝါဒပေးလျက် စာပေ ကျမ်းဂန်များ နေ့ညမပြတ် ပို့ချနိုင်ပါစေဟု အဝေးက ဆုမွန် ကောင်းတောင်းလျက် မေတ္တာ ရေ သွန်းဖြန်းလိုက်ပါသည်။



သံဃာစာရင်းများကို စံကင်းဆရာတော်ကြီးထံသို့ပို့ပြီး ပိုက်ကျုံးထံပို့လိုက်ပါသည်။



မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်
မဟာနာယကအဖွဲ့၊ ဂဏဝါစကအဖွဲ့နှင့်
တိုက်သားသံဃာတော်များထံ

## မေတ္တာရှေ့ထား အကြောင်းကြားခြင်း

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်တွင်းရှိ သံဃာတော်များသည် ဆရာကောင်းတို့၏ တပည့် ကောင်းပီပီ၊ ညီညွတ်စည်းလုံးစွာ ရှိကြသည်ကို သိရှိရ၍ ဝမ်းမြောက်လှပါသည်။ မဟာဝိသုဒ္ဓါရုံ ဂဏဝါစကအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်တို့ကို ဖတ်ရှုရသည်မှာလည်း ဝမ်းမြောက်ဖွယ်၊ သာဓုခေါ်ဖွယ်ဖြစ်၍ အားရနှစ်သက်စွာ သာဓုခေါ်ပါသည်။

ရွှေဟင်္သာက တိုက်တွန်းလိုသော ဆန္ဒရှိသည်မှာ-

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် မဟာနာယက အဖွဲ့အနေဖြင့် ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်ကို မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ ကြွရောက်၍ သီတင်းသုံး၍ မဟာဝိသုဒ္ဓါရုံတိုက်နှင့် ရွှေကျင်ဂိုဏ်းကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ပင့်လျှောက်စေလိုပါသည်။

ဗာရာဏသီဆရာတော် ကြွရောက်စောင့်ရှောက်ရန် ရွှေဟင်္သာကလည်း တိုက်တွန်းပါမည်။

ရွှေဟင်္သာဆရာတော်
၅၄- တော်သလင်းလပြည့်ကျော် -၂ရက်

၅၄- တော်သလင်းလဆုတ်(၅)ရက်

## စစ်ကိုင်းတောင်ရိုး ရွှေဟ်သာတိုက်သစ်

ဗာရာဏသီဆရာတော်ရောဂါဝေဒနာ
ကင်းရှင်းစွာဖြင့် ကျန်းမာချမ်းသာစွာ သာသနာတော်ကို ဆောင်ရွက်နိုင်ပါစေ ဟု မေတ္တာပွားများပါသည်။

ဗာရာဏသီဆရာတော်အား တိုက်တွန်းလိုသည်မှာ ဗာရာဏသီဆရာတော်သည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ ကြွရောက်သီတင်းသုံး၍ မဟာဝိသုဒ္ဓါရုံတိုက်နှင့် ရွှေကျင်ဂိုဏ်းကို ထိန်းသိမ်းစောင့်ရှောက် စေလိုပါ သည်။

၎င်းအရာ၌ ဗာရာဏသီဆရာတော်သည် အထိုက်တန်ဆုံး အသင့်လျော်ဆုံး ဖြစ်သောကြောင့် တိုက်တွန်းခြင်း ဖြစ်ပါသည်။

ကြွရောက်စောင့်ရှောက်လိမ့်မည်ဟုလည်း စိတ်ချ ယုံကြည်ပါသည်။

ကျန်းမာတော်မူပါစေ။

ရွှေဟင်္သာ ဆရာတော်



# ဟာရာဏသီဆရာတော် ဘုရားကြီးနှင့်တကွ
# ဆရာတော် သီတင်းသုံးသော် မထေရ်မြတ်များထံ



ရက်စွဲ၊ ၂၂/၆/၈၃

(၁) ပါဏိဂွန္ဒံ နဋ္ဌာတမှိ၊ သာဓုံ ထပိယ အဉ္ဇလိံ။
ဒူရတောဟံ နမဿန္တော၊ နိဝေဒယာမိသာဒရံ။
(၂) အရောဂေါ မုဒိတော ဒူရေ၊ သုခိဝသာမိ ပစ္စိမေ။
သာသနံ ဉာပယံ ကာလံ၊ ခေပေမိ ဂုရုမာဝဟံ။
(၃) သိက္ခိတဗ္ဗံ သိက္ခိတွာန၊ ကတ္တာ ပရိဝတ္တနမ္ပိစ။
ဒေသေတွာ သာဓု ခမ္မံဒွေ၊ ဝါရေသတ္တာဟာဗ္ဗန္တရေ။
(၄) ပဋိတ္တာ ပါဉာပေတွာန၊ ပရေဘိဓမ္မသင်္ဂဟံ။
လက္ခိတွာဘိ လက္ခိတဗ္ဗံ၊ သုတာသန္ဒိစယံ ကရေ။
(၅) ဒသမာသာ ဝီတိပတ္တာ၊ ဒါနိ အံဂလ ဒေသကေ။
ဂ္ဂတော ပရံ ဒွေ ဝဿာနိ၊ နိဝတ္တုံ သက်ပ္ပနံအကာ။
(၆) အမေရိကော စတြေလျမ္ပိ၊ ဥရောပဒေသ မဏ္ဍလေ။
ဓမ္မဘေရိံ စရာပေတွာ၊ နိဝတ္တေမိ သကံဃရံ။
(၇) ရှေဟင်္သာ ဘိမဇောပါမိံ၊ ထေရံ သုထိရစေတသံ။
တထာပိုက်ကျုံး မဟာထေရံ၊ ရွှေကျင်ဂဏာသုပါလကံ။
(၈) မဟာ ထေရံ ဗာရာဏသိံ၊ ကုသလံ ဘာသန္တရေသုစ။
ဟင်္သာ တောရ နိဝါသိံစ၊ အဂ္ဂံ ပဏ္ဍိတ လဥ္ဆကံ။
(၉) အာဒိက တွာ မဟာထေရေ၊ ဂဏနေတ္တေ သုပေသလေ။
ပဏ္ဏောနာနေန ဝန္ဒန္တော၊ ယာစာမိ အနုကမ္ပိတုံ။
(၁၀)ဥပရိမေ စ ဟေဋ္ဌိမေ၊ မြမ္မရဋ္ဌေ နိခိလကေ။
သုစိရံ ဇောတယံ လောကံ သာသနံ အဝတံ ဂဏောတိ။

(မဟာထေရေဟိ သုပါလိတော အမှာကံ ဂဏော (နိကာယော) လောကံဇောတယန္တော သာသနံ သုစိရံ အဝတံ (ရက္ခတု) ဣတိ။

မေတ္တာတော်ကြောင့် ကျန်းမာချမ်းသာစွာ စာရေးသားသုစ်သင်ပြင်ဆင်လျက်ရှိပါသည်၊ အသစ်ဘာသာပြန်များလည်း ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။

အခွင့်ရတုန်း ဘာသာစကားသင်တန်းများ တက်ရောက်လေ့လာ၊ စာမေးပွဲပါ ဖြေဆိုခဲ့ပါသည်။ အောင်မြင်မည်ဟု မျှော်လင့်ရပါသည်၊ စက်တင်ဘာလတွင် ဂေဇက်ထွက်ပါမည်။

ကျန်းမာရေး မချွတ်ယွင်းလျှင် ဘွဲ့လွန်သင်တန်းတစ်ခုတက်ရန် ရည်ရွယ်ပါသည်၊ အနောက် စိတ်ပညာနှင့်

စပ်၍လည်းကောင်း၊ ကမ္ဘာပေါ်ရှိ ဘာသာအယူအဆများ နှိုင်းယှဉ်လေ့လာချက်နှင့် စပ်၍လည်းကောင်း၊ သုတေသန သင်တန်းဖြစ်ပါသည်၊ အချိန်ကာလအားဖြင့် ၂-နှစ်ကြာပါမည်။ ယခု ၁၀-လကျော်အတွင်း ကျန်းမာရေးအလွန်ကောင်းလျက် အရေးရော၊ အဟောအပြောပါ တွင်ကျယ်လျက် ရှိပါသည်။ သာသနာပြု လုပ်ငန်းများအနေဖြင့် လုပ်ဆောင်နေပါသောကြောင့် သာသနာ အရေးအရောင် ညှိုးမှိန်ဘွယ်များကို အထူးသတိထား ထိန်းသိမ်းလျက် နေပါကြောင်း လျှောက်ထားပါသည်ဘုရား။

ဆရာတော်ဘုရားများအားလုံးသက်ရှည်ကျန်းမာ
သာသနာပြုတော်မူနိုင်ကြပါစေ၊
ဉာဏိက

ကြီးမြတ်သူဟူသမျှတို့
ယူကြသည့်မြတ်နေရာ
ရှောင်တခင် ခုချက်ချင်း၊ လျှဉ်းမရပါ။
များသူတို့အိပ်နေရာ၊ ညခါပင် သူမနား၊
အမြင့်ကို သူမြင်လို့
သူ့အစဉ် နှစ်ဆတိုးလို့ရယ်
ကြိုးကုတ်လေသား။

ဘဒ္ဒန္တဉာဏိက
အင်္ဂလန်

ဗါရာဏသီ ဆရာတော် ဘုရားကြီး ၂၄ ဂါထာ
ဆရာတော် သီတင်းသုံးတော် မဆေရှ်ဖြတ် ကျောင်းထံ
၂၂/၆/၈၃

(၁) ပါကဋ္ဌန္တ နဂုတမှိ, သာရံ ထပိယ အဉ္ဇလိံ၊
ဘုရတော ဟံ နမဿိတွာ, နိဝေဒယာမိ သာဒရံ။
(၂) အရာဝေါ မုဒိတော ဟုတွာ, သုဒိဝသာမိ ပဇ္ဇိမေ၊
သာသနံ ဥာပယံ ကာလံ, ဓာမေမိ ဝိရုဠှ မာဝဟံ။
(၃) ဝိကိတ္တံ သိက္ခိတွာန, ကတွာ ပရိဝတ္တနမိ ခ၊
ဓာဝိတွာ သာဓု စမ္ဗံ မေ, ဓါရေ သတ္တာဟ ပန္တရေ။
(၄) ပဋိတွာ ပါဠိပေတွာန, ပရေ အိဝံ သင်္ဂဟံ၊
လက္ခိတွာ အိလက္ခိတမ္ဗံ, သုတ သန္တိ ဓယံ ကရေ။
(၅) ဒသမာသာ ဝီတိဝတ္တာ, ဒါနိ ဘဂဝ ဓေသတော၊
ဝုဏ္ဏော ပရံ ဓွေ ဝဿာနိ, ဝိဝတ္တုံ သက်ပွန် အကာ၊
(၆) ဘဝေ ရိဏော စဇ္ဇေလျှ မှိ, ဥဇု ပဓေသ မဏ္ဍလေ၊
စဖွဲ ဓာရိ စရာလေတွာ, နိဝတ္တေ မိ သင်္ဃရံ။
(၇) ဧွှ ဟင်္သာ ဘိစဓော ပါဝိ, ထေရံ သုထိရ ဓောတသံ၊
တထာ ပိုက်ကျုံး မဟာထေရံ, ရွှေကျင် ဂဏေ သုပါလကံ။
(၈) မဟာထေရံ ဗါရာဏသံ, ကုသလံ ဘာသန္တရာသု စ၊
ဟဉ္စာ တောရ နိဒါသိ ခ, အဂ္ဂံ ပဏ္ဍိတ လဒ္ဓကံ။



# ထိုင်းနိုင်ငံမှ ပါဠိသန္ဒေသကထာ

အရှင်ဂန္ဓသာရာဘိဝံသ

အကျွန်ုပ်သည် ကျေးဇူးရှင် ဟာရကာသီ ဆရာတော်ဘုရားနှင့် ၁၉၈၂-ခုနှစ်၊ ဒီဇင်ဘာလ၌ တွေ့ဆုံခဲ့ပြီးနောက် မြန်မာပြည်၌ ပရိယတ္တိစာပေကျမ်းဂန်ကို သင်ကြားလေ့လာ နိုင်ရန်အတွက် ကျေးဇူးရှင် ဆရာတော်ဘုရား၏ ထောက်ခံချက်ကို ရရှိရန် မကြာခဏ စာရေးဆက်သွယ်ခဲ့ပါသည်။

ဗမာစကားမတတ်သေးသဖြင့် မိမိဉာဏ်စွမ်းအလျောက် ပါဠိသန္ဒေသ ကထာခေါ် ပါဠိပေးစာကို ပို့ပေးလျှောက်ထားခဲ့ပါသည်။ ကျေးဇူးရှင်ဆရာတော် ဘုရားကလည်း ဤပါဠိပေးစာကိုရ၍ တိုက်တာရှိသံဃာများ ပါဠိစိတ်ဝင်စားရန် သံဃာ့အလယ်၌ ဘုန်းတော်ကြီး ဦးဓမ္မရသ (ပါဠိပါရဂူ၊ B.A) ကို ဖတ်စေပြီး အနက်ပေးစေခဲ့ပါသည်။

ကျေးဇူးရှင် ဟာရကာသီဆရာတော်ဘုရားနှင့် ပတ်သက်သဖြင့်လည်း ဤ၌ရှာဖွေတွေ့ရှိခဲ့သော စာတစ်စောင်ကို မှတ်တမ်းတင်သောအနေဖြင့် ထည့်သွင်းဖော်ပြအပ်ပါသည်။

ထာ့မအိုးအာရာမတော
ဝိသုဒ္ဓိရုံဟာရကာသီဝိဟာရံ
၂၄-၇-၁၉၈၄ ဒိနမာသသံဝစ္ဆရေသု

ပဟိတံ မေ ဘန္တေ လေခနမိဒံ မဟာထေရဝ- ရဿ သန္တိကံ ဂါရဝါဘိဝါဒနပုဗ္ဗင်္ဂမေန စေတသာ။ အဟံ ဘန္တေ သက္ကစ္စံ မဟာထေရဝရဿ ပါဒေသု သိရသာ နိပတိတွာ တိက္ခတ္တုံ အဘိဝါဒေတွာ ကိဉ္စိ ပဋိဝေဒယာမိ ဝတ္တုံ’မတ္တနာဘိပတ္ထိတ ကာရဏံ။

အဟံ ခေါ ဘန္တေ ပရိယတ္တိယာ တိဗ္ဗကာမော တိဗ္ဗဆန္ဒော ဒဟရကာလတောဝ ပဗ္ဗဇ္ဇာယ စိရကာလံ ဘဒ္ဒန္တဓမ္မာနန္ဒမဟာထေရဝရဿ သန္တိကာဝစရော ဟုတွာ ဗျာကရဏာဒိပုဗ္ဗင်္ဂမံ ဓမ္မဝိနယံ ဥဂ္ဂဏှိတွာ သာမဏေရောဝ သမာနော ပဟောသိ ဗျာကရဏာ-ဒိဂန္ထေ ပိဋကတ္တယပါဒဘူတေ ဥဂ္ဂဏှိသာပေတုံ။

တတော ပရံ အနုက္ကမေန ဂစ္ဆန္တေကာလေ ဥပသမ္ပဒကာလေ အနုပတ္တေ ပိဋကတ္တယပရိယတ္တိယာ- ပေက္ခော သမာနော သာစရိယကော မရမ္မရဋ္ဌံ အာဂမ္မ မဟာစည်သာသနာ့ရိပ်သာဝိဟာရေ မဟာစည်ဆရာ- တော် မဟာထေရာ သဘာဿ သန္တိကေ အလတ္ထံ ပဗ္ဗဇ္ဇံ၊ အလတ္ထံ ဥပသမ္ပဒံ။

အထ ခွါဟံ ဘန္တေ တသ္မိံယေဝ ဝိဟာရေ တေမာသံ သမဏဓမ္မံ ကုရုမာနော ဝါသံ ကပ္ပေတွာ သမတေမာသေ ပန သမ္ပတ္တေ မရမ္မရဋ္ဌသ္မိ ရေဟိ အနုညာတော နာဟောသိ စိရံ ဝသနတ္ထာယ။ တ္တမိနာ ခေတ္တ ဘန္တေ မမ ပရိယတ္တိသိက္ခာ ပဋိပသ္သမ္ဘိ အဓမ္မေန အကာရဏေန။

သျှာမရဋ္ဌဂတောပါဟံ ဘန္တေ အနုဋ္ဌပေက္ခော ဥဿုက္က’မာပန္နော တုမှာကဉ္စေဝ ဒါယကာနဉ္စ သန္တိကာ အနေကဝါရံ ဥပတ္ထမ္ဘနလေခ’မာယာစိတွာ ယာဝတတိ-ယကံ



သာမံယေဝ မရမ္မရာဇဒ္ဓူတဍာနံ ဂၷ ၁ အဒ်သိ။ တတြ စ ပန ကမ္မိကာနံ ဝိဝသာဓိကရဏေန ယထိစ္ဆိတံ ဝသနာနုညလေခနံ န တာဝ လဗ္ဘတိ။ မရမ္မရဋ္ဌနိက္ခမနၞ ဒိဝသတော ပဘုတိ ယာဝဇ္ဇတနာ သာဓိကဒ္ဓိသံဝစ္ဆရံ အတိက္ကမိ။

ကွဒါနိ ပန မေ ဘန္တေ အညတရဿ ဘာသိတံ သုယျတိ ''မရမ္မရဋ္ဌိဿရာ မမ ပဝတ္တိံ အပရိသေသမ္ပိ တုမှာကံ ပေသေန္တိ ဝိနိစ္ဆယတ္ထာယ ယဒိ ဝါယံ ဘိက္ခု သမ္ပဋိစ္ဆိတဗ္ဗော ယဒိဝါ နော''တိ။ သုတံ စေပိ မေ ဘန္တေ သစ္စံ ဝစနံ။ ကွစွေတံ ကုသလံ။ မဟာထေရဝရော ဟိ တဒေဝ ကိစ္စံ သဥ္ဇာနာတိ၊ ယံ မမဿ ဒိဃရတ္တံ ဟိတာယ သုခါယ။

ကဒ္ဒါစိ ခေါ ပန ဘန္တေ မေတ’ဒဟောသိ ''ဒုလ္လဘော ဝတ ဟိတဇ္ဈာသယော ထာမသမ္ပန္နော ဝီရိယဝါ ပဏ္ဍိတကတိကော၊ ယသ္မိံ ပတိဋ္ဌိတသာသနံ သဏ္ဌိတံ ဟောတိ ထာမဂတံ ဒဠှပဝတ္တနံ။ ဝေရူပေါယံ ကေကော သမာနောပိ နိဇရဋ္ဌမ္ပိ နိခိလလောကမ္ပိ သံသောဘေတိ ဝိရာဇေတိ သူရိယသန္နိဘော ဗဟုန’မတ္တဒါယကော ဟုတွာ, ယထာ တံ ဒီပပ္ပသာဒကမဟာမဟိန္ဒထေရာဒယော။ အယမေဝ ပုဂ္ဂလော ဥပ္ပဇ္ဇတိ အတ္တနော စေဝ ပရေသဥ္စ အတ္ထာယ ဟိတာယ သုခါယ အဟာဠ ခေါ ဝေရူပေါ ဘဝိတု’မိစ္ဆာမိ။ ယာ ခေါ မေ ဒိဋ္ဌေဝ ဓမ္မေ ပဋိလဒ္ဓါ ပဥ္စ ဒုလ္လဘာ နိရတ္ထကာ အဿု မောဃာ အပ္ဖလာ''တိ။

ဟာဒယဗ္ဘန္တရေ ခေါ ဝေရူပေါ ကုသလစ္ဆန္ဒော ပဝတ္တမာနောပိ အစုနာ အပ္ပဿုတဘာဝေန ယာဝ န ဗဟုဿုတောမှိ၊ တာဝ န သမိဇ္ဈတီတိ ဉဿတိ။ တဿ မေ ဘန္တေ တထာဘူတတ္ထာယ သာဋ္ဌကထံ ပဥ္စနိကာယံ သသက္ကံ ပရိယာပုဏိတဗ္ဗမေဝ။

နာဿ နိဋ္ဌာတိ ဘန္တေ ပရိယာပုဏာနကိစ္စံ၊ ယာဝ န မရမ္မရဋ္ဌံ အာဂစ္ဆာမိ။ တသ္မာဟံ ကွမမတ္တံ မနသိကရိယ ကွဓာဂမနသ္မိံ အတိဝိယ သဥ္ဇာတုဿာ- ဟော ဘဝါမိ။ သာဓု ဘန္တေ မဟာထေရဝရော အနုကမ္ပ’မုပါဒါယ မမ သင်ဟံ ကရောတု၊ ယံ လဒ္ဓါန သက္ကုဏိဿာမိ ကွဓာဂမ္မ သာဋ္ဌကထံ တိပိဋက’မနု- သိက္ခိတုံ။ သစေ ခေါ ဘန္တေ ဒုတိယဝဿကာလေ လဒ္ဓေါကာသော ဘဝေယျ။ ဝေါဟံ တေန အဘိပ္ပမော- ဒိမိ၊ နာလံ စေပိ ဘန္တေ တာဒိသေ ကာလေ အာဂန္တုံ။ ဇံ သန္တေ ဝုတ္တဝသော ပဝါရေတွာ အာဂန္တုံ လဘေ- ယျန္တိ အယံ မေ အဘိပတ္ထနာ။

မဟာထေရာသဘော သဗ္ဗဒါ နိရာဗာဓော နိဒ္ဒုက္ခော ဟုတွာ ပရောသတံ ဇီဝတု။ သာသနဿ ဟိတံ ဝဟရုတိ နိစ္စမေဝါသိံသာမီတိ။

သိဿယတိ ဂန္ထသာရော


24 - 7 - 1984

အရိယဓမ္မ-ပညာတော်သင်
ထုပ်ချုပ်ရေးအဖွဲ့
၄၄-ဘားလမ်း၊ ရန်ကုန်မြို့
တယ်လီဖုန်းနံပါတ်(၄၅၀)
"ဖွဲ့ဝင် လူကြီးများ"
(၁) ဘဒ္ဒန္တ-ဦးစန္ဒဝံသ၊
ထန်းတောကျောင်း၊ သရက်တောကျောင်းတိုက်၊
(၂) ဦးသိန်းမောင် M A, LL B, Bar at Law
Advocate General Burma.
(၃) ဦးဘလွင် B A. F R G S.
မြို့မကျောင်း-ကျောင်းအုပ်ကြီး
(၄) ဦးလှမင်း B Sc B L.
လွှတ်တော်ရှေ့နေကြီး
(၅) ဒေါ်မြစိန် M A B Litt
ကမ္ဘာ့ရုပ်စုံတိုက်ထုတ်အယ်ဒီတာ
(၆) မစ္စတာ-ကာနာနီ
ထမင်းကျွန်းကော်စက်မန်နေဂျာ
(၇) မစ္စတာမိုနီရမ်ဂျီ-ပေါဒါ
(၈) မစ္စတာဆယ်(လ)၊ ဘီ၊ လာသီယာ၊
ဗမာသမာချား-သတင်းစာတိုက်၊
(၉) ဦးဘဝင်း B Sc, B L, M H R.
လွှတ်တော်ရှေ့နေကြီး(အမှုဆောင်)
[illegible]
ARIYA DHAMA
Scholarship Trust.
44. Barr Street.
Phone; Central 450.
TRUSTEES...
1 Bikkhu U Sandawuntha
Htandaw Kyaung,
Thayettaw Kyaungdaik
2 U Thein Maung M A.LLB. Bar at Law
Advocate General.
3. U Ba Lwin, M A. F R G S
Superintedent,
Myoma Boy's High School
4. U Hla Min, Bsc; B L.
Advocate.
5. Daw Mya Sein, M. A. BLitt
Managing Editress,
Burma World Pictorial
6. Mr S. M. Karnani,
Manager, Indian Starch Product
7. Mr Moniramji Poddar,
Jeweller & Merchant.
8. Mr L. B. Lathia,
Burma Samachar Prese.
9. U Ba Win Bsc; B. L. MHR
(Managing Trustee)

၃၀၂-၃-၀၁၀ နယုန်လဆုပ် ၇-ရက် (၂၆. ၆. ၄၀)
ဦးအာနန္ဒပဏ္ဍိတာဘိဝံသ
ဝိသုဒ္ဓါရုံရွှေကျောင်းတိုက်
မေမြို့

ရှိသေစွာ ခြေတော်ဦးခိုက် လျှောက်ထားပါသည်
အရှင်သူမြတ်ဘုရား ။

အရိယာဓမ္မပညာတော်သင် အုပ်ချုပ်ရေးအဖွဲ့မှ အောက်ပါ အရှင်သူမြတ်တို့အား အိန္ဒိယပြည်၊ ဗာရာဏသီမြို့နယ်၊ မိဂဒါဝုန် အရပ်၌ ဟိန္ဒီဘာသာကို ဘာသန္တရဗဟုသုတအတွက် သင်ကြားနိုင်ရန် ရွေးချယ်ခြင်း အတည်ပြုပြီး ဖြစ်ပါသည်။

ရွေးချယ်ခြင်းခံရသော ရဟန်းတော်များမှာ -

(၁) အရှင်သူရိယာဘိဝံသ ပုပ္ပါရုံ ဘိတ်ကျောင်း၊ သရက်တောတိုက်၊ ရန်ကုန်မြို့။
(၂) ဦးအာနန္ဒပဏ္ဍိတာဘိဝံသ ဝိသုဒ္ဓါရုံရွှေကျောင်းတိုက်၊ မေမြို့။
(၃) ဦးဇနိန္ဒာဘိဝံသ ခေတ္တသင်္ဂဇာကျောင်း၊ ဘင်္ဂလားတိုက်၊ ဗဟန်းရပ်၊ ရန်ကုန်မြို့။
(၄) ဦးကုဏ္ဍ ဘုရားနှစ်ဆူတောင်၊ ဇင်းကျိုက်စာတိုက်၊ သထုံခရိုင်။
(၅) ဦးဇယန္တာဘိဝံသ
မဟာအောင်မြေဘုံစံကျောင်းတိုက်၊ ဗဟန်းရပ်၊ ရန်ကုန်။
(၆) ဦးကေသရဓမ္မပိယကျောင်းသစ်၊သရက်တော ကျောင်းတိုက်၊ ရန်ကုန်မြို့။

တပည့်တော်သည် ကလ်ကတ္တားမြို့နှင့် ဗာရာဏသီမြို့ရှိ မဟာဗောဓိအသင်း စက္ကရီတေရီထံသို့ ကြိုဆိုရေးနှင့်တကွ မိဂဒါဝုန်တွင် (Saranath) နေရေး ထိုင်ရေး ပညာသင်ကြားရေးကိုပါ စီစဉ်ထားပါရန် စာရေးသားပြီးပြီ ဖြစ်ပါကြောင်း၊

တစ်ကြိမ်တည်းစုပေါင်း၍ ကြွရောက်နိုင်ကြပါလျှင် အဖော်ရနိုင် သည့်အပြင်၊ စီစဉ်ရေးမှာလည်း လွယ်ကူလိမ့်မည်ဟု စိတ်ကူးရရှိပါသဖြင့် ၁၃၀၂-ခုဝါဆိုလဆန်း (၄)ရက် (၇-၇-၄၀) တနင်္ဂနွေနေ့ ထွက်သော သင်္ဘောဖြင့် ကြွနိုင်ကြစေရန် စီစဉ်၍ထားပြီး ဖြစ်ပါသည်ဘုရား။

၁၃၀၂-ခု၊ ဝါဆိုလဆန်း(၃)ရက် (၆-၇-၄၀) စနေနေ့ နံနက် ၁၁-နာရီဖြစ်စေ၊ ၎င်းနေ့ထက် စောစော မည်သည့်နေ့ရက်ဖြစ်စေ တပည့်တော် ၏ အလုပ်တိုက်၊ ဘားလမ်း၊ တိုက်နံပါတ်(၄၄)တွင် တပည့်တော်နှင့် တွေ့ဆုံမေးမြန်းတော်မူပါက သင်္ဘောထွက်ရန် အချိန်နာရီနှင့်တကွ လမ်းစရိတ်နှင့်




လက်မှတ်များကိုပါ ကပ်လှူရန် စီစဉ်ထားမည်ဖြစ်ပါကြောင်း၊ ၎င်းရွေးချယ်ထားသော ရက်သည် ဗာရာဏသီမြို့၊ မိဂဒါဝုန် အရပ်၌ ဟိန္ဒီဘာသာ ကျောင်းဖွင့်သော ရက် မှီသည့်အပြင်၊ ဝါဆိုဝါကပ်အတွက် အဆင်သင့်သည်ဟု ထင်မြင် သဘောရရှိပါကြောင်း။

ယခုပညာသင်လွှတ်သော အရိယာဓမ္မအဖွဲ့က ပညာသင်ကြားမည့် ရဟန်းတော်တို့အား အချုပ် အချယ် စည်းကမ်းကန့်သတ်ခြင်းမရှိပါ။ အရှင်ဘုရားတို့ကိုယ်တိုင် ပေါက်ရောက်နိုင်သမျှ ဟိန္ဒီဘာသာကို သင်ကြားစေရန် (၂)နှစ်တိတိ၊ တစ်လလျှင် ဝတ္ထုငွေ(၁၅/-)ကျ ထောက်ပံ့မည်ဖြစ်ပါသည်။ ယခင်က ဆုံးဖြတ်ထားသည်မှာ သတင်းစာကြော်ငြာတွင် ပါသည့်အတိုင်း အသွားအပြန်စရိတ်နှင့်တကွ တစ်လလျှင် ဝတ္ထုငွေ (၁၅/-)အပြင်၊ ပညာသင်နေခိုက် မြန်မာပြည်သို့ တစ်ခေါက်ပြန်ကြွရန် စရိတ်အတွက်ကိုသာ ဆုံးဖြတ်ထားပါသဖြင့် စာအုပ်ဖိုးနှင့် ကျောင်းလခများမပါဟု တပည့်တော်ယူဆ၍ ရပါသည်။ ၎င်းတို့မှာ စာအုပ်ဖိုးနှင့် ကျောင်းလခများစွာ ကုန်ကျမည်မထင်ပါ။ ရဟန်းတော်(၆)ပါးလုံး တစ်နေရာတည်းတွင် သင်ကြားရန်ဖြစ်သည့်အပြင်၊ သက္ကဋ္ဌဘာသာကို အချိန်ရ၍ သင်ကြားလိုက အရိယာဓမ္မအဖွဲ့ဝင် လူကြီးများက ကန့်ကွက်ခြင်းရှိမည် မထင်ပါ။

ယခု ပညာတော်သင်လွှတ်ရေးမှာ ဟိန္ဒီနှင့် မြန်မာတို့ ပေါင်းသင်းဆက်ဆံရေးနှင့် ဗုဒ္ဓဘာသာကို နိုင်ငံခြား၌ ပြန့်လွင့်စေရန် အဓိကရည်ရွယ်ချက်ဖြစ်ပါသဖြင့် တတ်မြောက်အောင်မြင်၍ ပြန်လည်ကြွရောက် လာသော်လည်း အဖွဲ့က ကန့်သတ်ထားသော ကိစ္စဟူ၍ မရှိပါကြောင်း။

အထက်ပါ တပည့်တော်လျှောက်ထားသည့် ရက်များသည် ၁၃၀၂-ခုနှစ်၊ ဝါဆိုလဆန်း(၃)ရက် (၆-၇-၄၀) စနေနေ့ မတိုင်မီ ကိုယ်တော်တိုင်ဖြစ်စေ၊ စာနှင့်ဖြစ်စေ အကြောင်းကြားစေလိုပါကြောင်း၊ လွန်ခဲ့သော (၃)နှစ်အတွင်း အင်္ဂလိပ်ကျောက်ထိုးပြီး လက်မှတ်များရှိလျှင် တပါတည်းယူ၍ လာစေလိုပါသည်။ အကယ်၍ မထိုးနှံရသေးလျှင် အဆင်သင့်သောနေရာဌာနၞ အင်္ဂလိပ်ကျောက်ထိုး၍ ပြီးကြောင်း လက်မှတ်ကိုပါယူ၍ ကြွလာစေလိုကြောင်း လျှောက်ထားပါသည် အရှင်ဘုရား။

ဘဝင်း
အမှုဆောင်
အရိယာဓမ္မ-ပညာတော်သင်
အုပ်ချုပ်ရေးအဖွဲ့
နံပါတ်-၄၄၊ ဘားလမ်း၊ ရန်ကုန်မြို့။

# ဗာရာဏသီဆရာတော်ဘုရား၏ သြဝါဒနှင့်တရားတော်များ



၁၃၄၃-ခုတန်ဆောင်မုန်းလဆန်း- ၂ရက်(၁၉၈၁-အောက်တိုဘာ- ၂၉ရက်)နေ့တွင် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စဉ် လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယပေးအပ်ပွဲ၌ သြဝါဒပေးပြီး လက်မှတ်ရေးထိုးနေပုံ

ပထမအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စဉ်

လူသေလူဖြစ် ဝါဒါနုဝါဒဝိနိစ္ဆယအပ်နှံပွဲ၌

ဗာရာဏသီ ဆရာတော်၏

## သြဝါဒကထာ

၁။ သာသနာဝင် ရာဇဝင်တွေကို ရှည်လျားစွာ မပြောတော့ဘဲ 'အောင်ကျော်ချမ်းအေးမန္တလေး' ဆိုတဲ့ ဆောင်ပုဒ်အရ ကောဇာသက္ကရာဇ် ၁၂၂၁-ခုနှစ်တွင် မန္တလေးမြို့ကို တည်ထောင်တော်မူ၍ သာသနာပြုသွားသည့် မင်းတုန်းဘုရင်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ တိုးတက်စည်ပင်ရေးကို ရှေးရှု၍ အလွန်သာသနာပြုတော်မူသည်။ ကျောင်းတိုက် ကြီးပေါင်းမြောက်များစွာ တည်ဆောက်၍ တံဆိပ်တော် ရ-မရ ဆရာတော်များအား လစဉ်ဆွမ်းဆန်တော်များ ထောက်ပံ့ လှူဒါန်းလေသည်။ ရဟန်းဝိနည်းသိက္ခာပုဒ် မပျက်ပြားစေရန်အတွက် မဟာဒါန်ဝန်များ ခန့်ထားတော်မူလျက် အဘက်ဘက်မှ မလိုရအောင် ဆောင်ရွက်တော်မူသည်။ ပါဠိတော်ပိဋကတ်ကျမ်းစာများကို ကျောက်ဖြူပြား၌ ရေးသားစေ၍ သေလကမ္ဗရာရုဋ္ဌ ပဥ္စမ

သံဂါယနာ ဒါယကာ ခံယူတော်မူသွား လေသည်။

၂။ သို့ကလောက် သာသနာတော် ထွန်းကားနေသည့် အချိန်မှာပင် ဓာတ်ဆရာ ဦးပိုသည် သာသနာ ၅၀၀၀- ကိစ္စနှင့် စပ်လျဉ်းပြီး မျှတသောအများဝါဒကို ဆန့်ကျင်လျက် ရတနာသုံးပါးကို စော်ကားခဲ့သည်။ ထိုအခါ သာသနာပြု မင်းတုန်းမင်းတရားကြီးက ငပိုကို ကိုယ်တိုင်ခေါ်ယူ ကိုယ်တိုင်စစ်ဆေးမေးပြီး သမာနဝါဒ မျှတညီညွတ်သော အယူကိုယူဖို့နှင့် အများကိုမပုတ်ခတ်ဖို့ ဖျောင်းဖျတော်မူခဲ့သည်။ သို့သော် ဦးပိုသည် တစ်ယူသန်အယူသည်း ခေါင်းမာသူဖြစ်၍ သူ၏အယူကို မစွန့်သည့်အတွက် ကွပ်မျက်ခံခဲ့ရလေသည်။ ဤကိစ္စတွင် ဦးပိုသည် သတ္တိပြောင်သော သူရဲကောင်းမဖြစ်ဘဲ တပင်ရွှေထီးမင်းလက်ထက်က လက်မထိပ်၌ အပ်ရိုက်လူရွေးပွဲတွင် အရွေးမခံရ၍ ရှက်ရမ်းရမ်းပြီး မိမိဗိုက်ကို ခွဲ အူထုတ်ပြီး အသေခံသွားသော ဗလမင်း ထင်ကဲ့သို့ မိုက်ရူးရဲတစ်ဦးအဖြစ်သာ အဖတ်တင်ခဲ့လေ သည်။

၃။ ထို့နောက်သားတော်သီပေါမင်းလက်ထက် ၁၂၄၇ ခုနှစ်တွင် ထီးကျိုးစည်ပေါက်၍ မြန်မာနိုင်ငံ တစ်ရပ်လုံး နယ်ချဲ့လက်သို့ ကျရောက်သွားသောအခါ ဗုဒ္ဓသာသနာတော်မြတ်လည်း မင်းစိုးရာဇာတို့၏ အစောင့်အရှောက်ကင်းကွာသွားပြီး တိုင်းသူပြည်သားတို့၏ လက်တွင်း၌ အကွပ်မရှိသော ကြမ်းကဲ့သို့ ပရမ်းပတာဖြစ်ခဲ့ရလေသည်။

၄။ လွန်ခဲ့သော ၁၃၀၉-ခုနှစ်က မြန်မာနိုင်ငံ လွတ်လပ်ရေး ပြန်ရလာသောအခါတွင်မှ ဗုဒ္ဓသာသနာတော်ကို ပြန်လည်ထူထောင်ခဲ့ကြရသည်။ သို့သော်ယခင်မြန်မာဘုရင်များ ခေတ်ကနှင့် မတူတော့ဘဲ မြန်မာနိုင်ငံအတွင်း၌ ဘာသာပေါင်းစုံ၊ ဝါဒပေါင်းစုံ ဝင်ရောက်နေနှင့်ပြီး ဖြစ်ပေသည်။ ပိဋကတ်ကျမ်းစာ အမျိုးမျိုးမှာလည်း ဘာသာခြားစီးပွားရေးသမားများတို့က ဖြစ်သလိုပုံနှိပ်ထုတ်ဝေထားကြသဖြင့် ပဥ္စမသံဂါယနာတင် ကျောက်စာတော်မူနှင့်ညှိပြီး ဆဋ္ဌသံဂါယနာတင်ခဲ့ကြလေသည်။

၅။ သို့ရာတွင် ဓမ္မစက်ကို သူတော်ကောင်းတို့ ကသာ လိုက်နာကြ၍ မသူတော်တို့က ဓမ္မစက်ကို မလိုက်နာကြချေ။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်ကြီး၌ အတွင်းအပြင် မသန့်ရှင်းမှုများ ရှိလာသဖြင့် လွန်ခဲ့သော နယုန်လက ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီးကျင်းပပြီး သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း စသည်တို့ကိုရေးဆွဲ၍ ပြဋ္ဌာန်းခဲ့ကြရ၏ ဤကဲ့သို့ ဂိုဏ်းပေါင်းစုံ သံဃာတော်များ၏ ဆုံးဖြတ်ပြဋ္ဌာန်းချက်အရ ဤနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး နှင့်တကွ ပြည်နယ်တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သံဃမဟာနာယက အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်လာခဲ့ရသည်။ နိုင်ငံတော်အစိုးရကလည်း ဓမ္မစက်ကို မလိုက်နာသူများအတွက် ဆုံးမနိုင်သော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။

၆။ သို့ဖြစ်၍ နိုင်ငံတော်အတွင်းရှိ တစ်သိန်းကျော် သံဃာတော်များ၏ ကိုယ်စား သာသနာရေး သာသနာ့ကိစ္စ အရပ်ရပ်ကို တာဝန်ခံ၍ ဆောင်ရွက်ရသော နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့သည် နိုင်ငံတော်အတွင်း၌ ဓမ္မရေးရာ ပြဿနာဖြစ်သော ဝိဝါဒါဓိကရုဏ်းကိစ္စရပ်များကို အေးငြိမ်းစေရန် အလို့ငှာ ဓမ္မဝိနယနှင့်လည်းကောင်း၊ အစိုးရဥပဒေနှင့်လည်းကောင်း နှစ်ဖက်နှစ်လမ်း အကျိုးဝင်သော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့များ ဖွဲ့စည်းပေးခဲ့



သဘာပတိ ဆရာတော်က နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂)၏ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ (အဂ္ဂမဟာပဏ္ဍိတ) ဗာရာဏသီ ဆရာတော်လက်သို့ လွှဲအပ်နေပုံ

လေသည်။

ထိုဝိနည်းမိုရ်အဖွဲ့ များအနက် အမှတ်(၁) အဖွဲ့က ကျောက်သဘော်ဝါဒကို ဆုံးဖြတ်ပေးခဲ့ပြီး ဖြစ်၏။ ယခု အမှတ်(၂) ဝိနည်းမိုရ်အဖွဲ့က လူသေလူ ဖြစ်ဝါဒ သမ္မာဒိဋ္ဌိသုတေသနဝါဒ၊ ရွှေအဘိဓမ္မာဝါဒ ဆိုသည်တို့ကို စီရင်ဆုံးဖြတ် ဝိနိစ္ဆယချမှတ်ပေးခဲ့ ပေသည်။

၇။ ဤကိစ္စနှင့်စပ်၍ ပြောကြားလိုသည်မှာ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့က သူတို့ကို ဝိနည်းမိုရ်ရုံး မတင်ပါနှင့်၊ မဟာနာယက ဆရာတော်များကပဲ ဆုံးမပါ၊ နာခံပါ့မယ်ဆိုတဲ့ စာကိုလာတင်ခဲ့ဖူးပေသည်။ ဤကိစ္စ နှင့်ပတ်သက်၍ ဆရာတော်တို့ လေးလေးနက်နက် စဉ်းစားခဲ့ကြသည်။ သမ္မာဒိဋ္ဌိသုတေသန အဖွဲ့၏ အရင်းအမြစ်နှင့်တကွ ဝိဝါဒါဓိကရုဏ်းဖြစ်အောင် ဖန်တီးနေပုံကိုပါ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ခဲ့ကြ သည်။ ဤကဲ့သို့ သုံးသပ်သောအခါ အောက်ပါအချက် နှစ်ရပ်ကို တွေ့ရပေသည်။

(က) တစ်အချက် နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့အနေဖြင့် မိမိစိတ်ဆန္ဒရှိရာ သဘော အတိုင်း လုပ်ခွင့်မရှိ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းတို့နှင့် အညီသာလျှင်လုပ် ပိုင်ခွင့်ရှိသည်။ ဟူသော အချက်ဖြစ်၏။

(ခ) နှစ်အချက်က သမ္မာဒိဋ္ဌိသုတေသနအဖွဲ့သည် အလွန်အခြေခံ ခိုင်သည်။ ဗုဒ္ဓဘာသာ



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ (အဂ္ဂမဟာပဏ္ဍိတ) ပထမ ... သီဆရာတော်က ဝိဒိတာ ပုဂ္ဂိုလ်များအား ဩဝါဒကထာ ချီးမြှင့်နေစဉ်

နှင့်မဆိုင်ဟူ၍ ပကာသနီယကံပြုထားသော ဒါယကာဒါယိကာမတို့ကမကြည်ညိုနိုင်ဟု အပ္ပသာဒ ဝေဒနီယကံ ပြုထားသော သာသ နာ့ဆန့်ကျင်ဘက် တောင်တွင်းကြီး ဦးဥက္ကဋ္ဌ ကို မှရှေးပြီး၊ ဆရာတင်ထားကြသည်။ သမ္မာဒိဋ္ဌိအဖွဲ့ ဝင်တို့၏လုပ်နည်း လုပ်ဟန်မှာ လည်း သွေးရိုးသားရိုး ဘာသာ သာသနာကို အေးချမ်းစွာကျင့်ကြံ သူတို့၏လုပ်ရပ် မျိုးမဟုတ်ဘဲ သူတစ်ပါးတို့အား ပုတ်ခတ်ပြီး မိမိမဲရအောင်ဖန်တီး ကြသောရွေးခေတ်နိုင်ငံ ရေးသမား၏ နိုင်ငံရေး လုပ်နည်းလုပ်ဟန်များ ဖြစ်ကြောင်း တွေ့ရသည်။

ထို့ကြောင့် ယခုလို စာတင်ခြင်းသည် "မီးကြီး ငြိမ်းခို၊ ထမင်းရေပူလာလျှာလွှဲ "ဆိုသကဲ့သို့အခြေ အနေအရ ပျားရည်နှင့် ဝမ်းလာချခြင်းသာ ဖြစ်သည်။ တကယ် လိုက်နာမည်ဟု ယုံကြည် ရန်ခက်သည်။

၈။ ဤကဲ့သို့ သုံးသပ်တော်မူကြသဖြင့် ဆရာ တော်များ၏ ပုဂ္ဂလိက ဆန္ဒအနေဖြင့် သနားကရုဏာ ငဲ့ညှာလိုပါသော်လည်း နှစ်ဖက်အခြေအနေအရ ယခုလို ဝိနည်းမိုရ်ရုံးဖွဲ့၍ စစ်ဆေးဆုံးဖြတ်စေခဲ့ခြင်း ဖြစ်ပေ သည်။ အကယ်တန္တ သံဃမဟာနာယကထံ တင်လာ သောစာထဲမှာ ပါသကဲ့သို့ ဆရာတော်ကြီးများ ဆုံးမ ရာကို နာခံမည်ဆိုသည့်အတိုင်း သမ္မာဒိဋ္ဌိသုတေသန အဖွဲ့ဝင် လူကြီးများမှာ ရိုးသားဖြူစင်သော စိတ်ထားရှိရိုး မှန်လျှင် ယခုဝိနည်းမိုရ်ဆရာတော်ကြီးများက ပညာရှေ့သွား မေတ္တာ ထား၍ ရေးသားဆုံးဖြတ် ဆုံးမအပ်သည်တို့ကို ရှေ့တွင်တစ်မျိုး ကွယ်ရာတစ်မျိုး မလုပ်ဘဲ အမှန်တကယ် လိုက်နာကြလိမ့်မည်ဟု ဆရာတော်မျှော်လင့်ပေသည်။ အထက်က ဆရာတော် ဆိုခဲ့သည့် အတိုင်း ဓမ္မစက်ကို သူတော်ကောင်းတို့ ကသာ လိုက်နာသည်။ အာဏာစက်ကိုမူ မသူတော်တို့ ကလည်း မလိုက်နာမနေရ၊ လိုက်နာကြရပေလိမ့်မည်။ သို့ဖြင့်၍ ဤသီးခြား ဝိနိစ္ဆယရုံးတော်၏ ဆုံးဖြတ်ချက် သည် သူတော်ကောင်းကို ပိုကောင်းစေပြီး သူယုတ်မာကို

သူတော်ကောင်းဖြစ်လာစေမည့် ဆုံးဖြတ်ချက်ဖြစ်ပေသည်။

၉။ ဤလူသေလူဖြစ်ပါဒ ဝိနိစ္ဆယသည် အဂတိတရားလေးပါး ကင်းပေသည်။ ကင်းပုံမှာ ခမ္မရေးရာပြဿနာဖြစ်၍ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်ငဲ့ညှာစရာ မလိုသဖြင့် ဆန္ဒာဂတိကင်းပေသည်။ သခင်မြတ်ဆိုင်က ဝိနည်းမိုရ်ရုံးပျက်စေရန်နှင့် ၂၅၀၀-သာသနာနှင့် ရဟန်းသံဃာတော်များအပေါ် အာဃာတကြီးလှစွာဖြင့် ဟိုစာတင် ဒီစာဖြန့်လုပ်ခြင်းသည် ဆရာတော်ကြီးများ၏ သမာဓိကို မတုန်လှုပ်စေနိုင်သဖြင့် ဒေါသာဂတိလည်းကင်းပေသည်။ ဆရာတော်ကြီးများ၏ ဘဝသည် မည်သူကိုမျှကြောက်စရာမလိုသည့် အနေအထားတွင်ရှိ၍ ဘယာဂတိလည်းကင်းပေသည်။ ဝိနည်းမိုရ် ဆရာတော်ကြီးများသည် ဘာသန္တရနှင့်တကွ ပိဋကတ်ကျမ်းဂန် စွမ်းသန်တော်မူရုံမျှမက မပြတ်လေ့လာ ဆည်းပူးလျက်ရှိသည့်အပြင် ယခုဝိနိစ္ဆယကို လေးလတာ အချိန်လုံလုံလောက်လောက်ယူပြီး ကျကျနန ရေးသား စီရင်တော်မူသည့်အတွက်ကြောင့် မောဟာဂတိလည်းကင်းပေသည်။

၁၀။ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဝိနည်းမိုရ်ဆရာတော်ကြီးများ၏ ဆောင်ရွက်ချက်သည် နိဂ္ဂဟေ နိဂ္ဂဟိတဗ္ဗံ-နှိပ်ထိုက်သူကိုနှိပ်ရမည်၊ ပဂ္ဂဟေ ပဂ္ဂဟိတဗ္ဗံ-မြှင့်ထိုက်သူကို မြှင့်ရမည် ဟူသော သာသနာတော်နှင့် အညီသာဖြစ်သည်။ ထို့ပြင် အဘူတံ အဘူတတောနိဗ္ဗေဌေတဗ္ဗံ-မဟုတ်မမှန်သည်ကို မဟုတ်မမှန်သည့်အကြောင်း ဖြေရှင်းကြရမည်ဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ဩဝါဒ ညွှန်ကြားချက်နှင့်လည်း အညီသာဖြစ်ပေသည်။

၁၁။ ယခုလို ရဟန်းရှင်လူ ပြည်သူတို့အကျိုးငှာ ဗုဒ္ဓသာသနာ ဘုရားအဆုံးအမတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက်ဓမ္မစက်၊ အာဏာစက်တို့ဖြင့် ထက်ထက်မြက်မြက် ဆောင်ရွက်ခွင့်ရအောင် မိမိပင်ပန်းဆင်းရဲမှုကို ပဓာနမထားဘဲ ဤကမ္မာအေးမှာဝါဆို၍ လူသေလူဖြစ် ဝါဒါနုဝါဒ ဝိနိစ္ဆယကိုရေးသား ပြုစု ဆုံးဖြတ်ချမှတ်တော်မူကြသော ထားဝယ်မြို့ ဃောသိတာရုံ ကျောင်းတိုက် ဆရာတော်ဘုရားကြီး အမှူးရှိသော သီးခြားဝိနည်းမိုရ်ဆရာတော်ငါးပါးတို့၏ စေတနာဆန္ဒ၊ ဇွဲလုံ့လ၊ ပညာဉာဏ်၊ ပဋိဘာန်တို့ကိုလည်း ချီးကျူးပါသည်။ ထို့အပြင်ဤဝိနိစ္ဆယ အောင်မြင်ရေးအတွက် အဘက်ဘက်က ကူညီခဲ့ကြသောပုဂ္ဂိုလ်များအား နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကိုယ်စား ကျေးဇူးတင်ပါသည်။

၁၂။ အထူးသဖြင့် ဤနိုင်ငံတော်၌ မပေါ်ပေါက်ခဲ့ဖူးသေးသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်စနစ် တကျပေါ်ပေါက်စေပြီး မဆုံးဖြတ်ခဲ့ဖူးသေးသော ယခုလိုသာသနာတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ဓမ္မရေးရာ အဆုံးအဖြတ်မျိုး ချမှတ်နိုင်အောင် အာဏာစက်အကူအညီပေးကြသော နိုင်ငံတော် အစိုးရအားလည်း တစ်သိန်းကျော် သံဃာတော်တို့၏ ကိုယ်စား ကျေးဇူးဥပကာရ အထူးတင်လျက် အစဉ်မေတ္တာပို့သလျက်ရှိကြောင်း နိဂုံးချုပ်မိန့်ကြားလိုက်ပါသည်။

ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)



ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
(တွဲဖက် ရွှေကျင်သာသနာပိုင်)
ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီ ဆရာတော်ဘုရားကြီး၏

# ဩဝါဒဓမ္မကထာ



ကျေးဇူးတော်ရှင် ဂဏသမုဒ္ဒာပက ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၁၈၄-ခုနှစ် ပထမဝါဆိုလ ပြည့်ကျော် (၁၃) ရက်နေ့တွင် ဖွားမြင် တော်မူ၍ ၁၂၅၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇) ရက်နေ့တွင် တစ်ဘဝခန္ဓာ ချုပ်ငြိမ်းပျံလွန်တော်မူခဲ့ပါသည်။ ထို့ကြောင့် ၁၃၅၃-ခုနှစ် တပို့တွဲလပြည့်ကျော် (၁၂)ရက်၊ (၁၃)ရက်နေ့တို့၌ စစ်ကိုင်းမြို့ ရွှေဟသာ် တိုက်တွင် ကျင်းပပြုလုပ်သော တစ်ဆယ့်သုံးကြိမ် မြောက် (တေရသမ) ရွှေကျင် ဂိုဏ်းလုံးကျွတ် သံဃာ့ အစည်းအဝေးကြီးက လာမည့် ၁၃၅၅-ခုနှစ်တွင် ရွှေကျင်ဆရာတော် ဘုရားကြီးပျံလွန်တော်မူသည့် အနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပူဇော်ပွဲပြုလုပ်ရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ယင်းသို့ ဆုံးဖြတ်ချက်ချခြင်း သည်လည်း တပည့်တော်များနှင့် ဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပိုက်ကျိုးဆရာတော်ဘုရားကြီးတို့ ဆွေးနွေးတိုင်ပင်ခဲ့ရာမှ အစပြု၍ ဖြစ်ပေါ် လာခဲ့ခြင်းဖြစ်ပါသည်။ ဤဆုံးဖြတ်ချက်အရ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် သက်တော်ရှည် ရွှေဟသာ် ဆရာတော်ဘုရားကြီးနှင့် ရွှေကျင်နိကာယဗဟိုဌာနမှဆရာတော်များက ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များအား ဦးစီးဦးဆောင်ပြု၍လည်းကောင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒါယကာကြီးက ဒကာ၊ ဒကာမပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တို့အား ဦးစီးဦးဆောင်ပြု၍လည်းကောင်း အလုပ်အမှုဆောင်ကော် မတီများ အသီးသီးဖွဲ့စည်းကာ အနှစ် (၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပပြု လုပ်မည်ဖြစ်ကြောင်း သတင်းကောင်းကြားသိရသည့် အချိန်မှစ၍ ပီတိသောမနဿ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်များ အဖန်ဖန် ဖြစ်ပွားခဲ့ရပါသည်။

ယခုအခါ ကျင်းပလျက်ရှိသော ရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲကြီး၌ တပည့်တော်သည် ကိုယ်တိုင်ပါဝင် ပူဇော်လိုပါသော်လည်း မိမိမှာ အသက် (၉၀)ကျော် ဇရာဒုဗ္ဗလအရွယ်သို့ ရောက်နေ သည့်အပြင် ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်း ခံနေရပါ သဖြင့် ပါဝင်ပူဇော်ခွင့်မရသည်ကို ခန္တီတရားလက် ကိုင်ထားကာ သည်းခံအောင့်အည်းလျက် ဖြစ်ပေါ်ခဲ့သော မဟာကုသိုလ်စိတ္တုပ္ပါဒ်များကိုသာ ဆက်လက်ဖြစ်ပွားစေရပါသည်။ သို့ဖြစ်ပါ၍ မိမိနေရာ အရပ်ဝေးမှပင် သီတင်းသုံးဖော်ဂိုဏ်းဝင် သံဃာတော်တို့ အား ဩဝါဒဓမ္မကထာ ပဋိသန္ထာရစကား တရားလက်ဆောင်ပါးလိုက်ရပါသည်။

ဤရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲကြီး၌ အာမိသပူဇာ၊ ဓမ္မပူဇာနှစ်ဖြာလုံး ပါဝင်ကြောင်းကြားသိရပေသည်။ ပဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် မဟာဓမ္မိကာရာမရွှေကျင်



တိုက်မကြီးကို နိုင်ငံတော်အစိုးရက ကြီးမှူးဦးဆောင်ကာ မွမ်းမံပြင်ဆင်ခဲ့သဖြင့် မူလပကတိအသွင် အပြင်ကဲ့သို့ ဖြစ်ပေါ်လာခြင်းစသည်တို့သည် အာမိသပူဇာဖြစ်၍ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်တကွ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များ၏ ကျမ်းဂန်စာပေများကို ပုံနှိပ်ထုတ်ဖော်ပြသခြင်း စသည်တို့သည် ဓမ္မပူဇာဖြစ်ပါသည်။ ဤအာမိသဓမ္မ ပူဇာနှစ်ပါးကြောင့် ဖြစ်ပွားပေါ်ပေါက်လာမည့်အကျိုးတရားတို့ ကားပိုင်းခြားကန့်သတ်ဂဏန်းတပ်၍မပြနိုင်အောင် များမြောင်ကြပေလိမ့်မည်။

ဤအကြောင်းကို သုခာပိဏ္ဍိယမထေရ်၏ အဖြစ်အပျက်နှင့် နှိုင်းယှဉ်သုံးသပ်သင့်ပေသည်။ သုခာပိဏ္ဍိယထေရာပါဒါန်ပါဠိတော်၌

ပူဇာရဟေ ပူဇယတော ၊ ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ ၊ တိဏ္ဏသောကပရိဒ္ဒဝေ။
တေ တာဒိတေ ပူဇယတော၊နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုည် သင်္ခါတုံ က္ကမေတ္တမပိ ကေနစိ။

ဟူ၍သုဓာပိဏ္ဍိယမထေရ်မြတ်က သူ၏ အဖြစ်အပျက် အကြောင်းအရာတို့ကို ကိုယ်တိုင် ဟောပြတော်မူခဲ့ပါသည်။ ထိုမထေရ်သည် လွန်ခဲ့ပြီးသော ၉၄ ကမ္ဘာထက်၌ သိဒ္ဓတ္ထဘု ရားရှင်၏ ဓာတ်တော်မွေတော်များ ထည့်သွင်းဌာပနာထားသည့် စေတီတော်မြတ်ကြီး ကွဲအက်နေရာတွင် အင်္ဂတေစိုင်ခဲပေးလှူပူဇော်ခဲ့ပါသည်။ ဤကောင်းမှုကြောင့် သုဓာပိဏ္ဍိယမထေရ် လောင်းလျာသည် (၉၄)ကမ္ဘာကာလပတ်လုံး အပါယ်လေးပါး မလားမရောက်ရပဲ စကြဝတေးမင်းစည်းစိမ်ကို (၁၃)ကြိမ် တိုင်တိုင် ရရှိခံစားခဲ့ရပေသည်။

ဂေါတမဘုရားရှင် လက်ထက်တော်၌ သုဓါပိဏ္ဍိယမထေရ်အမည်ဖြင့် ထင်ရှား၍ ပဋိသမ္ဘိဒါလေးပါး ၊ အဘိညာဉ်ခြောက်ပါး ဝိမောက္ခရှစ်ပါး တရားထူး တရားမြတ်တို့ကို ရရှိကာ နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ ရပေသည်။ ဤအဖြစ်အပျက်၌ စကြဝတေးမင်း စည်းစိမ်သည် လောကအနေဖြင့် အလွန် ကြီးကြယ်သည်ဟုဆိုရသော်လည်း အင်္ဂတေစိုင်ခဲပေးလှူပူဇော်မှု အာမိသပူဇာ၏ အကျိုးကို (၁၆)စိတ်ဆယ့်ခြောက်ပြန် စိတ်၍ တစ်စိတ်ကိုမျှ (ဝါ ၊ ၂၅၆ - စိတ် စိတ်၍ တစ်စိတ်ကိုမျှ) မမှီနိုင်ကြောင်းကို သုဓါပိဏ္ဍိယမထေရ်မြတ်ကိုယ်တော်တိုင် -

စတုန္နမပိ ဒီပါနံ ၊ ဣဿေရံ ယောဓကာရယေ။
ဧကိဿာ ပူဇနာယေတံ၊ ကလံ နာဃတိ သောဠသိ။

ဟူ၍ဟောပြတော်မူသည်။

ဖော်ပြခဲ့ပြီးသော အပါဒါန်ပါဠိတော်လာ သုဓာပိဏ္ဍိယမထေရ် အာဇာနည်သူတော်ကောင်းကြီးများကဲ့သို့ ယခုအခါ ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပူဇော်ပွဲကြီး၌ ပါဝင်ဆင်နွှဲပူဇော်ကြသော ရဟန်းရှင်လူ ပြည်သူပြည်သား သူတော်စင်အများတို့သည်လည်း တိုင်းတာမရ ကြီးကြယ်များပြားလှသည့် လူနတ်ချမ်းသာစည်းစိမ်အဖြာဖြာတို့နှင့် တကွ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကြီးကို ဧကန်မုချ ရရှိခံစားကြရပေလိမ့်မည်။

ဤရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲကြီးမှ ရရှိအပ်သော ပါရမီကုသိုလ်မျိုးတို့ကို ထုပ်ပိုးပြင်ဆင်ယူငင်သိမ်းပိုက်ကြကုန်ပြီးလျှင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဆုံးမတော်မူခဲ့သည့်အတိုင်း သမုဒ္ဒရာပြင်ကျယ် ရေပင်လယ်ကြီးကို ကူးခတ်သွားလာကုန်ကြသော ပင်လယ်ခရီးသွား လူအများတို့သည် အထူးထူးသော ငါးရဲမိကျောင်း ဘေးအပေါင်းမှ လွန်စွာကြောက်ကြကုန်၍ မိမိတို့စီးနင်းသည့် သံသဘော်ကြီးကို မကွဲမပြိုမယိုစေခြင်းငှါ အခါခပ်သိမ်း ကြောင့်ကြတစ်ခု လုံးလပြုကြကုန်သကဲ့သို့ သံသရာပြင်ကျယ် ဘဝပင်လယ်ကြီးကို ကူးခတ်သွားလာ ကျက်စားနေကြသော သံသရာခရီးသွား သတ္တဝါအများတို့သည် ငရဲ ၊ ပြိတ္တာ အဖြာဖြာသော ဘေးအပေါင်းမှ လွန်စွာကြောက်ကြ၍ မိမိတို့ အဓိသီလသိက္ခာ လှေသဘော်ကြီးကို မကျိုးမပေါက်စေခြင်းငှာ အခါခပ်သိမ်း ကြောင့်ကြတစ်ခု လုံ့လပြုကာ ထိန်းသိမ်း စောင့်ရှောက်သင့်ကြပေသည်။

ထိုကြောင့် ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီးက နောင်လာနောင်သား တပည့်အများတို့အား -

ဧဒိံ သရံ မယှံ သီဃာ ၊ သဒါဏ္ဏဝံ သုတာရိနော။
သကုလ္လာန မဘိန္နာယ ၊ သဗ္ဗဒါဝ ဥဿုက္ကယုံ။

ဟူ၍ ကရုဏာထား မေတ္တာပွားကာ တိုက်တွန်းနှိုးဆော်တော်မူခဲ့ပါသည်။ ရွှေကျင်ဆရာတော်ဘုရား ကြီးတိုက်တွန်းနှိုးဆော်တော်မူသည့်အတိုင်း နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ပူဇော်ပွဲကြီး၌ ပါဝင်ဆင် နွှဲ ပူဇော်ကြသော ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့သည် မိမိတို့၏ အဓိသီလသိက္ခာ လှေသဘော် ကြီးကို မကျိုးမပေါက် မပြောက်မကြားရလေအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူနိုင် ကြပါစေကုန်သတည်း။





# ဗာရာဏသီမြို့ ခိုကိုးရာမဲ့ မြန်မာများအသင်း

## သာမညအထွေထွေ အစည်းအဝေး

### စည်းဝေးချက်များ

ဤအစည်းအဝေးကို ဗာရာဏသီမြို့၊ တေလိ ယာဗာဂ်အရပ်ရှိ အသင်းတိုက်၌ ၁၉၄၃-ခု၊ ဒီဇင်ဘာလ ၅- ရက်၊ တနင်္ဂနွေနေ့ မွန်းလွဲအချိန်တွင် စည်းဝေးပါ ကြောင်း။

ဤအစည်းအဝေးသို့ ဦးစန္ဒိမာဆရာတော်၊ ဦးအာနန္ဒပဏ္ဍိတဆရာတော်၊ ဦးဓမ္မိဿရဆရာတော်၊ ဦးဥတ္တမ(က)ဆရာတော်၊ ဦးဥတ္တမ(ခ)ဆရာတော်၊ ဦးပညာဝံသဆရာတော်၊ ဦးသူရိယဆရာတော်၊ ဦးကောဏ္ဍညဆရာတော်၊ ဦးအောင်ဖံ နှင့်ဇနီး၊ ဦးအံ နှင့်ဇနီး တို့ကြွရောက်ကြပါကြောင်း။ **ဦးအာနန္ဒပဏ္ဍိတ ဆရာတော်က အစည်းအဝေးနာယကအဖြစ် ဆောင်ရွက်ပါကြောင်း။**

<u>ဆုံးဖြတ်ချက်များ</u>

(၁) ဆရနတ်နေမတင်လှိုင်၊ မဖွားခင်နှင့် မောင် ဘဌေးတို့ထံမှ ၂၃-၁၁-၄၃ ခု နေ့စွဲနှင့်ပြန် စာကို ရရှိရာ၊ ၎င်းတို့၏ပြန်ကြားစာအရ ၎င်းတို့ ဤစခမ်း(ကင့်)သို့ မလာလိုကြောင်း သိရှိရ၍၊ ၎င်းတို့အား ဤကင့်၏ ခိုကိုးရာမဲ့ စာရင်းမှ ပယ်ဖျက်လိုက်သည့်အပြင် ဤကင့် နှင့် ၎င်းတို့မှာ လုံးဝမသက်ဆိုင်ကြောင်း။

(၂) ဤအသင်းသို့ နယူးဒေလီမြို့၊ အာကေဘိရ လာဂျီနှင့် ဒေလီမြို့၊ အိန္ဒိယပြည်လုံးဆိုင်ရာ ဟိန္ဒူ ဓမ္မသေဝါသဃ အသင်းကြီးတို့က ဝတ္ထု ပစ္စည်း အမျိုးမျိုးတို့ဖြင့် ကူညီထောက်ပံ့လာခဲ့ သည်ကို ဤအစည်းအဝေး ကြီးက ကျေးဇူးတင် ကြောင်းကို မှတ်တမ်းတင်ပါသည်။ အထက်ပါ ဆုံးဖြတ်ချက် ၂- ရပ်ကို ဆိုင်ရာပုဂ္ဂိုလ်ကြီးနှင့် အသင်းကြီးသို့ပို့ရန် အားလုံး သဘောတူညီကြ ပါသည်။

(၃) ဆရနတ် မြန်မာဗုဒ္ဓဘာသာကျောင်းတွင် ထားရှိခဲ့သော ယာယီမီးဖိုတဲ စသည်များကို အရာမ်ပိုင် ဆရာတော်ဦးကိတ္တိမက ၎င်း၏ သဘော အတိုင်း နှစ်သက်သလို ပြုလုပ်နိုင်ပါကြောင်း။

(၄) အသင်ချယ်ရာပင် တိုက်တွန်းချက်အရ ရက်ကန်းစင်ထောင်ရန်နှင့် ပါတ်သက်၍ ရက်ကန်းစင် ၂- စင်လုပ်ကိုင်ရန်အတွက် မစ်ချက်မင် သာသနာပြုကျောင်းတွင် သင်ကြားပြသနေသော ရက်ကန်းဆရာမ မစ္စတာ မူဆွတ်သို့ ၂-၁၂-၄၃-ခုနေ့တွင် စရံငွေ ၂၀/- ပေးထားပြီး

ဖြစ်ကြောင်း၊ ရက်ကန်းစင် တစ်စင်မှာ ယခုလ ၂၀-ရက် နေ့လောက်တွင် ပြီးမြောက်မည် ဖြစ်ပါကြောင်း စသည်ကို စက္ကရီထေရိက အကျယ်တဝင့်ပြော ပြရာ၊ အမြန်ဆုံးနည်းနှင့် ရက်ကန်းစင်မှာ ပြီး စီးစေရန် ဤအစည်းအဝေးက တိုက်တွန်းနှိုး ဆော်ပါကြောင်း။

(၅) ယခုလာမည့် နတ်တော်လပြည့်နေ့ (၁၁-၁၂-၄၃) ခုနေ့က အစပြု၍ လစဉ် သတင်းနေ့တိုင်း ဒုက္ခသည်များကို အသင်းတိုက်၌ တရားဟော ရန် အောက်ပါအစီအစဉ်အတိုင်း ရဟန်း သံဃာတော်မြတ်များက အလှည့်ယူပါ ကြောင်း။

(၁)ဦးကောဏ္ဍညဆရာတော်၊(၂)ဦးဥတ္တမ (ခ)ဆရာတော်၊ (၃)ဦးစန္ဒိမာဆရာတော်၊ (၄)ဦးပညာဝံသဆရာတော်၊ (၅) ဦးသူရိယ ဆရာတော်၊ (၆) ဦးအဂ္ဂဓမ္မဆရာတော်၊ (၇)ဦးအာနန္ဒပဏ္ဍိတဆရာတော်၊ (၈) ဦးဥတ္တမ(က)ဆရာတော်၊ (၉) ဦးဓမ္မိဿရ ဆရာတော်။

(၆) ခိုကိုးရာမဲ့များအား အသင်းရုံး၌ သတင်းနေ့မှ တပါး၊ နေ့စဉ် မြန်မာစာနှင့် အတွက်ဂဏန်း စသည်များ သင်ကြားပေးရန်အတွက် အစည်းအဝေးကတောင်းပန်ချက်အရ ဦးစန္ဒိမာဆရာတော်နှင့် ဦးဓမ္မိဿရ ဆရာ တော် ၂-ပါးက သတင်းနေ့မှတပါး နေ့စဉ် ညနေ ၃-နာရီ မှ ၄-နာရီအထိ သင်ကြား ပြသပေးရန် တာဝန်ယူပါကြောင်း။

(၇) ၁၉၄၃-ခု၊ နိုဝင်ဘာလ ၂၁-ရက်နေ့တွင် ကျင်းပသော အထူး အထွေထွေ အစည်း အဝေး စည်းဝေးချက်များကို ဤအစည်း အဝေးက အတည်ပြုပါကြောင်း။

ဋင်းနောက် နာယကဆရာတော်အား ကျေးဇူးတင်စွာနှင့် ဤအစည်းအဝေးကို ရုပ်သိမ်းလိုက်ပါကြောင်း။

(ပုံ)

ဦးအာနန္ဒပဏ္ဍိတ
အစည်းအဝေးနာယကဆရာတော်

ဆရာအောင်ဇံ
စက္ကရီထေရိ

အထက်ပါ စည်းဝေးချက်များကို ဩဝါဒအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံ တင်ဆက်ပါကြောင်း။

၀၅-နတ်တော်လ (၁၀) ရက်နေ့၊
(၆-၁၂-၄၃) တွင်
လက်ခံရရှိလေသည်။





| | |
|---|---|
| ပြည်မြို့၊ နဝင်းရပ် | မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ-စည်ရှင် |
| ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် | ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြု |
| ဗာရာဏသီဆရာတော် | ဦးဩမာဝိရ-ထံ |
| ဦးအာနန္ဒပဏ္ဍိတ | |

ရက်စွဲ၊ ၁၃၂၉ ခု၊ နှောင်းတန်ခူး ၁-ရက်

## မောင်ဩမာဝိရ

စန္ဒကာန္တ - လျှောက်ထားစာကို တပေါင်းလဆုတ် ၁၃-ရက်က ရသည်။ဆရာဘုန်းကြီး၏ သဘောကျကို ရေးသားပြလိုက်သော်လည်း ကြိုက်နှစ်သက်ရာကို ယူဘို့ရန်-

စန္ဒကန္တ (စန္ဒကာန္တ-သံ) (၁) စန္ဒကန်ကျောက်ရတနာတစ်မျိုး (သနာမချာတေမဏိဘေဒေ၊ သံ-ထော)

(၂) လိုချင်နှစ်သက်အပ်သော လရှိသော၊ ဝါ-လ ကိုလိုချင်နှစ်သက်သော (စန္ဒောကန္တော အာသိဒ္ဓေါယဿ)

(၃) စန္ဒကန်ကျောက်၊ (နည်းစစ်)

(၄) ရတနာတစ်မျိုး၊ (ဝိသာလသဒ္ဒသာဂရ) ထောမ မဟာနိဓိက မဏိဘေဒေအရ ကျောက်ရတနာ ဟု ပြန်သည်။

ပါဠိအဘိဓာန်-ဂါ-၄၈၉ ၌ ဝသုရတနဥ္စ မဏိဒွိသု-ဂါ-၁၁၁၃-၌ မဏိကေရတနေမဏိ-ရတနာဟူ၍လည်းကောင်း၊ ထောမဟာနိဓိ၌ရှိ- मुक्ताद्री - रत्न -ပုလဲ စသောရတနာဟူ၍လည်းကောင်းဆိုကြလေသည်။

ဝိသာလသဒ္ဒသာဂရနှင့် သဒ္ဒသာဂရ ဟိန္ဒီ အဘိဓာန်တို့ကမူ



အရိယမဂ္ဂပညာတော်သင်အုပ်ချုပ်ရေးအဖွဲ့အမှုဆောင်
ဦးဘဝင်းထံ သို့

ဗာရာဏသီမြို့
မေမြို့ဘုန်းကြီး
ဦးအာနန္ဒပဏ္ဍိတာဘိဝံသ ... ထံမှ

၀၃-၃၊ နယုန်လဆန်း (၄)ရက်နေ့

အရိယမဂ္ဂအဖွဲ့ အကျိုးတော်ဆောင် ဝတ်လုံတော်ရ ဒကာကြီး ဦးဘဝင်းသိစေရန် - - ယခုလာ မည့်ဝါ၌ " ဟိန္ဒူဗိဆွဗိဇ္ဇာလယ" ခေါ် " ဟိန္ဒူယူနီဗာစီတီတက္ကသိုလ်" ၌ ပြောင်းရွှေ့နေထိုင်ဘို့ရန် ကြံစည်ဆုံးဖြတ်ထားသည်။ ၎င်းသို့ပြောင်းရွှေ့နေထိုင်လိုခြင်းမှာ မြို့ထည်းမှာထက် ပိုမို၍ ပညာရေး တွင်ကျယ်ဘွယ် အကြောင်းမြင်၍ ဆန်းဆကရိတ်ကိုလည်း အလိုရှိတိုင်း တွဲသင်ခွင့်ရမည် ဖြစ်သောကြောင့်တည်း။

မြို့ထဲ၌ကား-ဆန်းဆကရိတ်ဆရာများက အဘိုးအခကြီးစွာ လိုချင်ကြသည်။ ယူနီဗာစတီ၌မူ မိမိလိုက်လိုရာအတန်းက လိုက်၍သင်ယူနိုင်မည်။

**ဆန်းဆကရိတ်ဆိုသည်မှာလည်း ဟိန္ဒူဘာသာ၏ အမိသဖွယ် အခြေတယ် ဘာသာဖြစ်ရကား ဟိန္ဒူမှ အသီးအခြားမဟုတ်ပေ။ ဆန်းဆကရိတ်ကို တတ်ပါမှ ဟိန္ဒူဘာသာကို ခြေခြေမြစ်မြစ် တတ်သည်ဟု ဆိုရပေမည်။ ဟိန္ဒူဘာသာ၏ အဆုံးသတ်ကား ဆန်းဆကရိတ်ပင်ဖြစ်၏။ မြန်မာဘာသာ၏ အဆုံးသတ်မှာ ပါဠိဘာသာဖြစ်သကဲ့သို့တည်း။**

၎င်းယူနီဗာစီတီ၌ နေရာလွယ်ကူစွာရဘို့ရန် ဒကာကြီးကအမြန် ကျေးဇူးပြု၍ ပညာတော်သင် ဒကာ ဗီရလာ သူဌေးကြီးထံမှ ထောက်ခံစာ- ဝါ-နေ့ခွင့်ပြုရန် စာတစ်စောင်ကို အမြန်တောင်း၍ ပေးပို့ပါ။ ဗီရလာ သူဌေးကြီးကလည်း အထူးဝမ်းမြောက်စွာနှင့် ထောက်ခံပေးပါလိမ့်မည်။ နဂိုမူလကပင် ပညာတော်သင်များ နေဘို့ရန် အခန်းသီးခြားတစ်ခုကို ဗီရလာက စီစဉ်ခိုင်းထားသည်ဟူသော အကြောင်းကို လွန်ခဲ့သော ၄-၅- လလောက်က သိရှိခဲ့ရသောကြောင့်တည်း။ မူလက ယူနီဗာစီတီ၌ အခြေကျဖို့ရာ မဟာဗောဓိက အသိမပေးသောကြောင့် လွဲခဲ့ရခြင်း ဖြစ်ဟန်တူ၏။ သို့သော် လွန်ပြီးတာရှိပါစေ၊ ယခု အရေးကို သာ ဖြစ်မြောက်ဘို့ အရေးကြီးပေသည်။ ၎င်းယူနီဗာစီတီ၌ ဗီရလာသေဌေးကြီး၏ ကောင်းမှု ဟော်စတယ်တစ်ခု ရှိသည်ဟု သိရ၏။ သို့အတွက် ဗီရလာသူဌေးကြီးကို ကျောင်းတိုက် အုပ်ချုပ်သူများက အခွင့်အရေးပေး၍ လေးစားကြရသည်။ ဘုန်းကြီး များနေရမည့်နေရာက "ဆန်းဆကရိတ်ဟော်စတယ်"၌ ဖြစ်သည်။ ၎င်း၌ မြန်မာရဟန်းတော် ၂-ပါးလည်း

ပညာသင်ကြားလျက် ရှိနေသည်။ တစ်ခန်းလျှင် ၄-ယောက်သာ နေနိုင်၏။ဘုန်းကြီးများအတွက် တစ်ခန်းရလိုသည်။ ဘုန်းကြီးနှင့်လိုက်ပါမည့်သူက ၄-ယောက်ရှိသောကြောင့်တည်း။ နေထိုင်လိုသောပုဂ္ဂိုလ်များမှာ-

(၁) ဦးအာနန္ဒပဏ္ဍိတာဘိဝံသ (မေမြို့ဘုန်းကြီး)
(၂) ဦးပညာဝံသ (ဝက်ဝံဘုန်းကြီး)
(၃) ဦးကေသရ
(၄) မောင်ဟန်သိန်း (မေမြို့ ဘုန်းကြီး၏ ကျောင်းသားကပ္ပိယ)
(၅) မောင်မြ (ဝက်ဝံဘုန်းကြီး၏ ကျောင်းသားကပ္ပိယ)တို့ပေတည်း။

ကျောင်းသားများကို ချန်ထားလို့မဖြစ်နိုင်။ ဘုန်းကြီးဟူသော ဂုဏ်သိက္ခာကို စောင့်ထိန်းရှိသေ၊ ဂိုဏ်းစည်းမျဉ်းနှင့် ဘုရားဝိနည်းတော်ကိုလည်း မပျက်စီးစေလိုသည့်အတွက် ဒကာများ၏ တောင်းပန်ချက်ဖြင့် အသင့်ခိုင်းစေဖို့ရာ ခေါ်ယူခဲ့ရသော ကျောင်းသားများဖြစ်သောကြောင့်တည်း။

ကျောင်းဖွင့်ရက်မှာ ဇူလိုင်လ ၉- ရက်ဟုသိရသောကြောင့် ဇွန်လအတွင်း ထောက်ခံစာကို အရောက်ပေးပို့ပါရန် နောက်ကျလျှင် နေရာရဖို့ခဲယဉ်းသည်ကို စိုးရိမ်ရသည်။ ဒကာကြီး၏ ထောက်ခံစာ တစ်စောင်လည်း ပူးတွဲထည့်ပေးပါလျှင် ကျေးဇူးများဘွယ်ရာ အကြောင်းရှိသောကြောင့် ထည့်ပေးလိုက်စေလို၏။ လစဉ်ဝတ္ထုများကိုကား ပေးပို့မြဲအတိုင်းပင် ပို့နိုင်ပါသည်။

ပြောင်းရွှေ့နေထိုင်လိုသော ပုဂ္ဂိုလ်စာရင်းနှင့် တချို့ပုဂ္ဂိုလ်များကို မတွေ့မြင်သည်အတွက် တွေးထင် ချက်မလွဲမိရန်၊ အမြော်အမြင်ရှေ့ထား၍ စိတ်ဝမ်းကွဲပြားခြင်းမရှိ၊ စည်းလုံးညီညွတ်စွာပင် ရှိ၏။ သို့သော် နေထိုင်ရေး မစည်းလုံးမိခြင်းကိုကား အပြစ်မဆိုသာပေ။ မိမိကြိုက်နှစ်သက်ရာ ဌာနသို့နေ၍ ပညာကို ကြိုးစားရခြင်းက ပိုမို၍ ခရီးတွင်ကျယ်သောကြောင့်တည်း။

ဒကာကြီးနှင့် ဝတ်လုံကတော်တို့ပါ ကျန်းမာ ချမ်းသာကြပါစေသတည်း။

မေမြို့ဘုန်းကြီး
ဦးအာနန္ဒပဏ္ဍိတာဘိဝံသ
ဗာရာဏသီမြို့။



ပြည်မြို့ နဝင်းရပ်
ဝိသုဒ္ဓါရုံဗာရာဏသီတိုက်
ဗာရာဏသီဆရာတော်
ဦးအာနန္ဒပဏ္ဍိတ .......မှ

ဝက်ထီးကန်
သစ်ချိုပင်ရွာ
ဒကာ ဒကာမများ ....သို့

ဂေါစာ၊ ၁၃၃၄-ခု၊ နယုန်လဆန်း ၁၀ ရက်။

# ဗာရာဏသီဆရာတော်ဘုရား၏ ဩဝါဒမိန့်ခွန်း

သစ်ချိုပင် ဒကာ ဒကာမများ-

မိမိတို့ကျောင်းကန်တွင် ရဟန်းသံဃာပင့်တင်၍ ကိုးကွယ်ဆည်းကပ်ကြခြင်းသည် လောက၌ ဥယျာဉ်ခြံစိုက်ပျိုးကြတာနှင့်တူသည်၊ ဥယျာဉ်ကို ဘာပြုလို့စိုက်ပျိုးကြတာလဲ၊ ဥယျာဉ်ကထွက်တဲ့ အရွက် အပွင့်အသီးတို့ကို စားသုံးချင်ကြလို့ စိုက်ပျိုးကြသည်။

သာသနာ၌ ကျောင်းကန်တိုက်တာတွင် ရဟန်းသံဃာကိုဘာပြုလို့ပင့်တင်ကိုးကွယ်ကြတာလဲ၊ ကုသိုလ်တရားတိုးပွားစည်ပင်နိဗ္ဗာန်ကိုလိုချင်ကြလို့ကိုးကွယ်ကြသည်။

လောကဥယျာဉ်ခြံ စိုက်ပျိုးကြရာတွင် ဥယျာဉ်ခြံ၌ သီးနှံပင်များကို စိုက်ပျိုးထားရုံမျှနှင့် ကိစ္စမပြီးကြသေး "ရေလောင်း၊ ပေါင်းသင်၊ မြေတောင်တင် သုံးအင်ကိစ္စမှု" ဟူသောဆောင်ပုဒ်အရ (၁)ရေလောင်းခြင်း၊ (၂)ပေါင်းမြက်သင်ခြင်း၊ (၃)မြေတောင်မြှောက်ခြင်းများကိုပြုလုပ်ကြရဦးမည်။ ဤကိစ္စသုံးချက်ကို မဆောင်ရွက်ကြလျှင် ဥယျာဉ်မကြီးပွား၍ ဥယျာဉ်ထွက် အပွင့်အသီးများကို သုံးစားခွင့်ရကြမည်မဟုတ်။ ဖော်ပြပါ အလုပ်ကိစ္စ ၃-ချက်ကို ဆောင်ရွက်လုပ်ကိုင်ကြမှသာလျှင် မိမိတို့ဥယျာဉ် စည်ပင် ကြီးပွါး၍ အပွင့်အသီးများကို ရည်မှန်းသည့်အတိုင်း သုံးစားမကုန် ရနိုင်ကြမည်ဖြစ်သည်။

သာသနာကျောင်းကန်တွင် ရဟန်းသံဃာ ပင့်တင်ကိုးကွယ်ရာ၌လည်း ကျောင်းပေါ်တွင် ဘုန်းကြီးကို ပင့်တင်ထားရုံမျှနှင့် မပြီးကြသေး။ "ပစ္စည်းပံ့ထောက်၊ အပြစ်ဖျောက်၊ လျှောက်ထား အားပေးမှု" ဟူသော ဆောင်ပုဒ်အရ (က)သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို လှူဒါန်းခြင်း၊ (ခ)မိမိတို့ကိုးကွယ်သော ရဟန်းသံဃာအပေါ် ကျရောက်မည့် ဘေးရန်အန္တရာယ်ကို ဒကာဒကာမတို့က ကာကွယ်ပေးခြင်း၊ (ဂ)မိမိတို့ ရဟန်းသံဃာတော် မပျော်ပျော်အောင် လျှောက်ထား အားပေးခြင်းများကို ပြုလုပ်ကြရဦးမည်။ ဤကိစ္စသုံးချက်ကို ဒကာဒကာမတို့က မဆောင်ရွက်ကြလျှင် သာသနာတွင် မိမိတို့ကျောင်းကန် မကြီးပွား၍ မျှော်လင့်တောင့်တကြသော ကုသိုလ်တရား မတိုးပွား မစည်ပင်၍ နိဗ္ဗာန်ဝင်စံရေးမှ ဝေးကြလိမ့်မည်။

ဖော်ပြပြီး ကိစ္စသုံးမျိုးကို အားကြိုးမာန်တက် ဆောင်ရွက်ကြမှသာ မိမိတို့သာသနာ ကျောင်းကန် စည်ကားကြီးပွား၍ ဒကာဒကာမတို့ လိုချင်ကြသော ကုသိုလ်တရားများကို နေ့စဉ်, လစဉ်, နှစ်စဉ်နှင့်အမျှ ရရှိကြလျက် မဂ်ဖိုလ်မှဆက် နိဗ္ဗာန်ဘက်သို့ ကူးတက် စံဝင်နိုင်ကြမည်ဖြစ်သည်၊

လောကဥယျာဉ် စည်ပင်ရေးတွင် ဥယျာဉ်ရှင်ကိုယ်တိုင် ကြောင့်ကြစိုက်ထုတ် ပြုလုပ်ပေးရသကဲ့သို့ သာသနာ့ဥယျာဉ် စည်ပင်ရေးတွင်လည်း ဥယျာဉ်ရှင် ဒကာဒကာမ တို့က ကြောင့်ကြစိုက်ထုတ် ပြုလုပ်ပေးကြရသည်။

ဥယျာနေ သာသနေရမ္မေ၊ ရောပေန္တာ ဇေနပါဒပေ။

ဆေကာ ဥယျာနကိစ္စဿ၊ ပဟောန္တု ဖလဘာဂိနော။

ရမ္မေ၊ ဘုရားပင်စည် ကိုင်းခက်မည်သည့် မထေရ်ကျော်အပေါင်း အရှင်ကောင်း တို့ဖြင့် နှစ်ထောင်းရွှင်ပျော် မွေ့လျော်ဖွယ်ကောင်းပေသော။ သာသနေ ဥယျာနေ၊ သာသနာခေါ် ဥယျာဉ်တော်ကြီး၌။ ဇေနပါဒပေ၊ ဘုရားသားတော် သံဃာခေါ်သည့် ရှစ်ဖော်အရိယာ နွယ်လာအစဉ် ကုသိုလ်ပင်တို့ကို။ ရောပေန္တာ၊ သဒ္ဓါဖွံ့ဖြိုး စိုက်ပျိုးကြကုန် သော သစ်ချိုပင် ဒကာ ဒကာမအပေါင်း ဥယျာဉ်ရှင် သူတော်ကောင်းတို့သည်။ ဥယျာနကိစ္စဿ၊ ရေလောင်းပေါင်းသင် မြေတောင်တင်သည့် ဥယျာဉ်ကိစ္စ အဝဝ၌။ ဆေကာဝ၊ တတ်သိလိမ္မာ နားလည်ကြကုန်၍သာလျှင်။ ဖလဘာဂိနော၊ ရည်ရွယ်မှန်းထား ပွင့်သီးများကို သုံးစားမြိုင်မြိုင် ဥယျာဉ်ပိုင်သူဌေးကြီးတို့သည်။ ပဟောန္တု၊ တံခွန်စိုက်ဆောက် ထက်တန်းရောက်၍ ဖြစ်မြောက်နိုင်ကြကုန်စေသတည်း။

ဗာရာဏသီဆရာတော်
ပြည်မြို့။



## အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဟိန္ဒီယူနီဗာစီတီ၌နေစဉ်
## All INDIA ရေဒီယိုမှဟောကြားသော

# လွတ်လပ်ရေးတရားတော်

(၁၃၀၇-၁၀-၄)=(6-1-1946)

ဝဋ္ဋောဃေသံသရန္တာနံ၊ သတ္တာနံ နိစ္စပီဠကော။
ခန္ဓေ ပဇဟိတုံ ဒါနိ၊ ပဓဟေထ ပဓာနိကာ။

သာဓဝေါ၊ ရေဒီယို ဓမ္မသဘင်မှ နားသောတဆင်ကြတဲ့ မြန်ခွင်ပျော်အောင်း သူတော်ကောင်းတို့။ ဝဋ္ဋောဃေ-ဝဋ္ဋဩဃေ၊ ပြေးလို့မလွတ် ဘုံဝဋ်အကျယ် ပင်လယ်လှိုင်းတော ဩဃခေါ်တဲ့ ရေယာဉ် ကြော၌။ သံသရန္တာနံ၊ ခန္ဓာကိုယ်အဖော် လုပ်၍ မြုပ်တလှဲ့ ပေါ်တခါ ဦးတဲ့ရာမျော သွား ကျင်လည်ကျက်စား၍နေကြကုန်သော။ သတ္တာနံ၊သက္ကာယကြီး ခေါင်ကစီး ၍ အထီးအမ ခေါ်ဆိုကြသည့် လောကပျော်နေ သတ္တဝါ တွေကို။ နိစ္စပီဠကော၊ ဉာဏ်တာကင်းမဲ့ အကိုနှိပ် စက်လေ့ရှိ ကြကုန်သော။ ခန္ဓေ၊ ရုပ် ခန္ဓာငါးဝတို့ကို။ ဓာမ်ပေါင်းဆို သူပုန်ဓါးပြ ပဇဟိတုံ၊ သင်တို့နှင့်ငါ မပေါင်းပြီဟု ကြိမ်း မောင်းကာ တွန်းလှန်၍ မြန်မြန်ကြီး ပယ်ရှား ရန်အလို့ငှာ။ ဒါနိ၊ သာသနာ ရောင် ရှိန်ပြောင် ထိန်ဝင်းပ အခွင့်ကောင်း ခေါ်ရတဲ့ ဤအချိန် ကာလ၌။ ပဓာနိကာ၊ ယောဂ်ျား ဘသား ငါတကားဟု စွမ်းအား ထုတ်ပြီး ပဓာနခေါ်တဲ့ အလုပ်ကြီးကို အပြီး တိုင်စွန့် စား လက်ကိုင်ထား ကြကုန် သည်ဖြစ်၍။ ပဓဟေထ-ပဓဟေယျာထ၊ ဘဝ ခန္ဓာပြတ်ကင်း၍ လွတ်လပ်ခြင်းဆို တဲ့ ပန်းတိုင်ကို လှမ်းကိုင်မိ သည် အထိ သတိပညာ ရှေ့သွားလျက် ကြိုးစားအားထုတ်လိုက် ကုန်ရာသတည်း။



ရှုပကာလက်ာရဂုဏ်အင်နှင့် စုံလင်ပြည့်ဝ သော ဤဂါထာကို အခြေတယ်မူလ တရားစ၍ ရွတ် လိုက်ရသည်မှာ ဤသတင်းနေ့အဘို့ လွတ်လပ်ရေး တရားတော်ကြီးကို ဟောမည်လို့ နှလုံးသွင်းဖြင့် ရွတ် လိုက်ရခြင်းဖြစ်တယ်။ လွတ်လပ်ရေးဆိုလို့ ဗမာနိုင်ငံ တော်က ဆူညံစွာတောင်းဆိုနေကြတဲ့ လွတ်လပ်ရေးနှင့် လဲ ရောထွေးနေကြအုံးမယ်။ ရှင်းအောင်ပြောတော့ ဒါန သီလ ဘာဝနာ သုံးဖြာသော ခေါင်းစဉ်ထဲက ဘာဝနာ

ခေါ်တဲ့ လွတ်လပ်ရေးလို့ မှတ်ကြရမယ်။ ဘဝခန္ဓာပြတ် ကင်း၍ လွတ်လပ်ခြင်း ရဘို့ကြိုးပမ်းရာမှာ ဘာဝနာသည် လွတ်လပ်ရေးလမ်းမှန်ကြီးအစစ်ပေပေါ့။ ဘာဝနာမှာလဲ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာရယ်လို့ နှစ်မျိုးရှိရာတွင် ဝိပဿနာ ဘာဝနာကို ဆိုလိုတယ်။

ကဲလွတ်လပ်ရေးလမ်းစကို အမြွက်မျှဟောပြ လိုက်မယ် "အနိစ္စနှင့် လက္ခဏာ ဝိညာဏ် ခွဲဝေပြန် ဖန်ဖန်မြင်အောင်ရှု" လို့ဆိုတဲ့အတိုင်း အနိစ္စ-အနိစ္စ လက္ခဏာ-အနိစ္စဉာဏ်ရယ်လို့ ဤသုံးတန်သော အချက် အလက်ကို ကွက်ကွက်ကွင်းကွင်း ဉာဏ်မှာသွင်း၍ ရှင်းရှင်းလင်းလင်း ရှိစေရမယ်။

တစ်အချက်- အနိစ္စဆိုတာက ယခုတရားနာ နေကြတဲ့ ဒကာ ဒကာမတို့ရဲ့ ရုပ်ကောင် နာမ်ကောင် ဘဝခန္ဓာကောင်ကြီးတွေ ဖြစ်ပေတယ်။

နှစ်အချက်-အနိစ္စလက္ခဏာဆိုတာက အဲသည် ဘဝခန္ဓာကောင်ကြီးတွေမှာ ကိုယ့်အိမ်ကိုယ့်အိုး ကိုယ်ဆွေမျိုးတို့နှင့် သမရိုးကျ ထာဝရပေါင်းဆုံ၍ တွေ့ကြုံနေရတဲ့ နိစ္စသတ္တိ အလျင်းမရှိသည့် ပျက်စီးခြင်း သဘောကလေးဟာ အနိစ္စလက္ခဏာတဲ့။

သုံးအချက်- အနိစ္စဉာဏ်ဆိုတာမှာ ယခုတင် က ပြောခဲ့တဲ့ပျက်စီးခြင်း သဘောကို မနောဉာဏ်ထဲ၌ စွဲမြဲထင်မြင်နေခြင်းကို ဆိုလိုတယ်။

သို့ကလို တိုတိုတုပ်တုပ်သုံးမျိုးသော ဘာဝနာ လွတ်လပ်ရေးအလုပ်ဖြင့် မိမိတို့လက်ရှိရနေကြတဲ့ ခန္ဓာဘဝ၊ လူဆိုးဓါးပြကြီးတွေလက်မှ ဝါ-ဘဝခန္ဓာ သူတစ်ပါး အင်ပါယာ လက်အောက်မှ လွတ်မြောက် အောင် အားထုတ်ကြရမယ်။ ဘဝခန္ဓာကို လူဆိုးဓါးပြလို့ ဆိုတာက ဒို့ဗမာနိုင်ငံတော်၏ မျက်နှာဖုံးဘုရင်ခံ ရုံးစိုက်ရာဖြစ်တဲ့ ရန်ကုန်မြို့တော်ကြီးအလယ်ခေါင် နေ့ခင်းကြောင်ကြောင်ကြီးတောင်မှ ဓါးပြအတိုက်ခံ ကြရတာ။ အတွင်းမှာပင် ပစ္စည်းယူ လူညှင်းဆဲ၍ အတင်းဓါးပြတိုက် အရိုက်ခံကြရတယ်။ ထိုကဲ့သို့ ဓါးပြတိုက် အရိုက်ခံကြရသည့်အခါ ဓါးပြအပေါ်မှာ အပြစ်ချဖို့မလို တိုက်လာတဲ့ ဓါးပြကို ဓါးပြလို့ အမှတ်မှား မနေကြနဲ့။

အရင်းစစ်တော့ မိမိတို့ခန္ဓာကိုယ်ကောင်ကြီး ရှိနေလို့ အတိုက်ခံရတာ မိမိတို့ ခန္ဓာကိုယ်ကောင်ကြီး ငြိမ်းပျောက်၍ နိဗ္ဗာန်ပေါက်လွတ်လပ်ရေး ရသွားကြ လျှင် ဘယ်သူခိုးဓါးပြ၏ အတိုက်အခိုက်ကို ခံရအုံးမှာ တဲ့လဲ။ သူခိုးဓါးပြတို့၏ အရိုက်အနှက် ခံကြရတဲ့ ဒုက္ခကို ဘယ်သူကြောင့် ရသလဲ။ ခန္ဓာကိုယ်ကြောင့်ရတယ်။ စတင်းဂန်းနှင့် အညှင်းပန်းခံရတာ ဘယ်သူ့ကြောင့်လဲ။ ခန္ဓာကိုယ်ကြီးကြောင့်ပဲ၊ ဗုံးကြဲလို့ဖြုံးခနဲ သေကြတာကော ဘယ်သူ့ကြောင့်လဲ။ ခန္ဓာကိုယ်ကြီးကြောင့်ပဲ။ တိုတိုပြောတော့မိမိတို့ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခစုဝေးရာ ဒုက္ခအိုးကြီး အစစ်ဖြစ်တယ်။ ဒါကြောင့် သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ-လို့ဟောကြားတော်မူတာပေါ့။ သံခိတ္တေန၊ အပိုမသွင်း လိုရင်းအချုပ်အားဖြင့်၊ ပဉ္စုပါဒါ နက္ခန္ဓာပိ၊ ရုပ်နာမ် နှစ်ပါး လောကီခန္ဓာငါးပါး တို့သည် လည်း။ ဒုက္ခာ၊ လူဆိုးဓါးပြပမာ ဒုက္ခသစ္စာတို့ပေတည်း။

ကဲ ဘာဝနာလွတ်လပ်ရေးလုပ်ငန်းနှင့် စပ်၍ လောကူပမာအားဖြင့် ဒိုမိနီယာန်

ဟုမှရှုးလ် အခြေအနေလောက် လွတ်လပ်ရေးပေါက် ရောက်သွား တဲ့ ဝတ္တုကလေးတစ်ပုဒ်ကို ထုတ်လိုက်ကြဦးစို့ရဲ့။ နားသောတ စိုက်ကြပေတော့။

ငါတို့မြတ်စွာဘုရားလက်ထက်တော်အခါက အာဇာနည်အမျိုးသားလေးတစ်ယောက် မြတ်စွာဘုရား သာသနာမှာဝင်ရောက်၍ ရဟန်းပြုတော်မူတယ်။ ထိုရဟန်းကလေး မှာ(၅)ဝါပြည့်တဲ့ အခါဧကစာရီ သဘော ဆိတ်ငြိမ်သော တောကျောင်းမှာ သီတင်းသုံး နေထိုင်တော်မူတယ်။ လွတ်လပ်ရေးလုပ်ငန်းကို တကယ်ကြိုးပမ်း အားထုတ်ရန်အတွက် ပေပေါ့။ မူလရည်ရွယ်ချက်ဖြင့် တောထွက်လာခဲ့သည်အား လျှော်စွာ ဘဝခန္ဓာ လွတ်လပ်ရေး တိုက်ပွဲကြီးကို နေ့စဉ် အားခဲတော်မူခဲ့ရာ ညဉ့်အခါ ကျိန်းစက်အိပ်နေ ခြင်းကိုပင် လုံးလုံးကြီး ရှောင်ကြဉ်၍ လွတ်လပ်ရေး တိုက်ပွဲမှာ ဗိုင်းဗိုင်းကြီးလဲလို့သေသေ ကိလေသာရန် သူပုန်တို့ ကိုမှ ငါအနိုင်မရလျှင် နေရာမှမထတော့ဘူး ဟူသော စိတ်ဓာတ်ဖြင့် ရဲရဲတောက် အားထုတ်တော်မူ သည့်အတွက် တင်ပျဉ်ခွေလျှက်ပင် ခန္ဓာစဲ၍ နတ်ပွဲဝင် ရရှာတယ်။ တာဝတိံသာ နတ်မြို့ တော်ကြီးအလယ် ကြီးကျယ်သော ဘုံနန်းဗိမာန် ကြီးအတွင်းမှာ ဦးပဉ္စင်း နတ်သား ရယ်လို့ထင် ရှားဖြစ်သွားတယ်။ လူ့ပြည်လွတ် လပ်ရေး တိုက်ပွဲအရှိန်အားဖြင့် စကျုန္နေ့ကိုမဖျက် တင်ပျဉ်ခွေလျက် နှင့်ထိုင်နေ အခြွေအရံ နတ်သမီး တွေကလဲ အသစ်နတ်သားကလေးနှင့် နန္ဒဝံဥယျာဉ် တော်ပျော်ပွဲမှာ တွဲခုတ်ချင်ကြ၊ သို့ကလို အကြွနှင့် မကြွ သဘော မညီမျှဘဲ ဖြစ်နေရာ အကြံကောင်းနတ်သမီး ကညာ တစ်ယောက်က ရှေ့တည့်တည့်မှ ကိုယ်လုံး ပေါ်မှန်ကြီး ကိုထောင်ထားလျှက် နှုတ်ဆက်စကား ပြောကြား လျှောက်တင်လိုက်ကြတယ်။

ဒေဝလောကေ အယံသာမိ၊ နာလံ ဒါနိ ပဓာတဝေ။
အနုဘောတုံ သုခံကာမံ၊ ကာလောတဝ ယဒိစ္ဆိတံ။



သာမိ၊ ရဟန်းတော်မသွေ စမ္မာယ်နေသည့် ဣန္ဒြေကြီးမား မောင်တော်နတ်သား။ အယံ၊ ငါးပါးအာရုံ မျှားပြားစုံတဲ့ ဤဘုံဌာနသည်ကား။ ဒေဝလောကော၊ သိကြားမင်းစံရာ တာဝတိံသာခေါ် တဲ့နတ်မြို့တော်ကြီး ပါတည်း။ ဒါနိ၊ ယခုလိုကာလ အခါသမယ၌။ ပဓာတဝေ၊ ဣန္ဒြေကြီးရင့် မျက်နှာတော်မပင့်ပဲ တကယ်ထဲပင် ကမ္မဋ္ဌာန်းဝင်၍ နေခြင်းငှာ။ နာလံ၊ အခွင့်အလျှော် မသင့်တော်တော့ပါ။ တဝ၊ ဂုဏ်ရောင် ပလ္လွား မောင်တော်နတ်သား၏။ ယဒိစ္ဆိတံ၊ ဗုံးသံ အမြှောက် ပြစ်အဖောက်မှ ရွံ့ကြောက်ကင်းကွာ အလိုရှိတိုင်းသာလျှင်။ သုခံ၊ တွင်းအောင်းမြေလျှို့ အခြေဆိုးတဲ့ လူ့ဒုက္ခမျိုးတွေမရှိဘဲ။ ကာမံ၊ သူ့နယ် ငါ့နယ် လုဘွယ်မရှိ ပကတိညီးထိန် နတ်စည်းစိမ်ကို။ အနုဘောတုံ၊ အဖျော်အဖြေ အဖော်တွေနှင့် ပျော်နေ စံစားတော်မူခြင်းငှာ။ ကာလော၊ မျက်တောင်မပင့် ဣန္ဒြေကြီး မဝင်ပါနှင့်တော့ အခွင့်အခါ ဆိုက်ရောက်၍ လာပါပြီ ဘုရား။

အဲသို့ကလို နတ်သမီးများ လျှောက်တင်သံ ကြားတော့မှ

ရှေ့နားမော့ကြည့်လိုက်ရာ ကိုယ်လုံးပေါ် မှန်ကြီးအတွင်း နတ်သားဖြစ်နေတဲ့ ရုပ်အဆင်းကို ထင်ထင်ကြီး တွေ့မြင်ရတော့မှအော်ဖြစ်မှဖြစ်ရပလေ လွတ်လပ်ရေး တိုက်ပွဲကြီးမပြီး သည်ကောင်မတွေ ဝင်ရှုတ်က သူတို့၏ လက်ချက်ကြောင့် သမာဓိပျက်ရ ချေရဲ့ သမာဓိမပျက် ခင် ဘုရားရှင်ထံပြေးမှပဲဟု ကြံစည် ၍ ရုတ်တရက် ထိုင်ရာမှထပြီးလျှင်ရေးကြီး သုတ်ပြာလူ့ပြည်ဆင်းလာ မြတ်စွာဘုရားထံကပ်ရောက် ၍ အစ္ဆရာဂဏာသံယုဂ္ဂ ပိသာစဂဏာသေဝိတံ စသည် ဖြင့် ပုစ္ဆာများကို လျှောက်တယ်။ နတ်သမီးတွေကလဲ နတ်သားကလေး တစ်ယောက် မျက်စိအောက်က အပျောက်မခံ နောက်တော်ရံအပါးက ဖဝါးထက်ချ လိုက်လာကြသတဲ့။ ပုစ္ဆာ၏အဓိပ္ပာယ်က နတ်တူရိယာ တွေတီး၍ နတ်သမီး များရဲ့ ပျော်မွေ့ရာ အဖူးအပွင့် အမွှေးအကြိုင်တို့ဖြင့် ဝေးမှိုင်၍ သွားရာ ကာမဂုဏ် တောကြီးထ၍ အမှောင် အတိကျနေတဲ့ နန္ဒဝံဥယျာဉ် တော်ကြီးသည် လွတ်လပ် ရေးလမ်းဝက ဘန်းပြနှောက် ရှက် လွတ်လပ်ရေးကို ပြတ်စေတတ်တဲ့ အရာဝတ္ထုတခု ဖြစ်ပါတယ်။

ထိုနန္ဒဝံဥယျာဉ်တော်ကြီးကို ဘယ်ကဲ့သို့လွန် မြောက်၍ လွှပ်လပ်ရေးပေါက် ရောက်နိုင် ပါမည်လဲ ဘုရား . . . လို့ . . . ဆိုလိုတယ်။ အင်းဗမာနိုင်ငံ တော်က လွတ်လပ်ရေးတောင်းကြတဲ့ ဒို့မြန်မာ ခေါင်း ဆောင်ကြီးတွေလဲနန္ဒဝံသီးတွေနှင့်ကိစ္စပြီးမနေကြပဲ ကြပ်ကြပ်ကြီးသတိထားကြဖို့ သင့်တယ်။

မြတ်စွာဘုရားက ဥဇုကောနာမသောမဂ္ဂေါ၊ အဘ ယံနာမတံဒိသံစသည်ဖြင့်ဖြေကြားတော်မူတယ် အဓိပ္ပါယ်က အလွန်ဖြောင့်တန်းသော ဘာဝနာလမ်း စဉ်ဖြင့် မဂ္ဂင်ရှစ်ပါး ယာဉ်ပျံတော်ကြီးကို စီးသွားလျှင် ယောက်ျားမိန်းမ မဆို ဘဝခန္ဓာတို့နှင့် မတွယ်မစပ် လွှပ်လပ်တဲ့ နိဗ္ဗာန်ဌာနကြီးကို ရောက်နိုင်ပါတယ်လို့ ဆိုလိုပါတယ်။

မြတ်စွာဘုရား၏ အဖြေတော် စကားကို ကြားရလျှင် လူ့ဘဝက လွှပ်လပ်ရေးတိုက်ပွဲ လက်ငုတ် ကြောင့် ဖြုတ်ခနဲဆို လွတ်လပ်ရေးပန်းတိုင်ကို လှမ်း ကိုင်စွဲမိ သောတာမဂ် အခြေခံ၍ သောတာပန်ဖြစ် သွားရတယ်။ (ဘဝခန္ဓာနှင့် လုံးလုံးလျားလျား) အိုးစား မကွဲတတ်သေးသည့်အတွက် ခေတ်မျက်စိနှင့်ကြည့်၍ ခေတ်ပြောပြောရလျှင် ဒိုမိနီယာန်အခြေ သောတာပန် ဟူသော လွတ်လပ်ရေးပေပေါ့။ သို့သော် အပါယ်ဒုံရင်း ပြန်ဆင်းခြင်းမရှိသော လွတ်လပ်ရေးဖြစ်သည့် အလျောက် ရွှံ့ကြောက်ခြင်းကင်းတော့သဖြင့် ဘုရားရှင် ထံတော်မှဖယ်ခွါ၍ တာဝတိံသာနတ်ပြည် ပြန်ပြီး နတ်သမီးအခြံအရံမောင်းမတို့နှင့် သဘော ကျပျော်ပါး ဦးပဋ္ဌင်းနတ်သားရယ်လို့ ယခုတိုင် ထင်ရှားရှိပေတယ်။

အဲသည့်ဝတ္ထုကို ထောက်ထား၍ ဒို့ ဒကာ၊ ဒကာမများမှာလည်း ရဟန္တာအဖြစ်ရောက်လာသော လွတ်လပ်မှုကိုမရကြစေကာမူ အပါယ်ဒုဂ္ဂတိ ဘဝခန္ဓာ ကိုနှင့် အမွေပြတ်လျှင် အစစ်အမှန်ဖြစ်သော လွတ်လပ် ခြင်းလို့ဆိုရသောကြောင့် ဘာဝနာလုပ်ငန်းဖြင့် ဘဝ ခန္ဓာလွတ်လပ်ရေးကို ကြိုးပမ်းနိုင်ကြ ပါစေကုန် သတည်း။

ဟိန္ဒူတက္ကသိုလ်၊ ဗာရာဏသီမြို့၊ အိန္ဒိယပြည်
(၀၇-၁၀-၄- = 6-1-46)



## အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ဟိန္ဒီယူနီဗာစီတီ၌နေစဉ်
## All INDIAရေဒီယိုမှ ဟောကြားသော

# မြန်မာ့ထုံးစံခါသကြန်တရားတော်

(၀၇-၁၂-၀၉) ＝ (၂၆. ၃. ၄၆)

အနိစ္စာနိ သရီရာနိ၊ ဝိဘဝေါ နေဝသဿတော။
နိစ္စံ သန္နိ ဟိတော မစ္စု၊ ကာတဗ္ဗော ဓမ္မသင်္ဂဟော။

သာဓဝေါ၊ all အိန္ဒိယား ရေဒီယိုတရားပွဲ၌ အားခဲ၍ပင် နားစွဲဆင်ကြတဲ့ မြန်ခွင်ပျော်အောင်း အို ဒကာ ဒကာမအပေါင်းတို့။ သရီရာနိ၊ အကြီးအငယ် အရွယ်စားစား များပြားလှစွာ ယောကျ်ားမိန်းမဆိုတဲ့ ကိုယ်ခန္ဓာတို့သည်။ အနိစ္စာနိ၊ ကိုယ့် အိမ် ကိုယ့်အိုး ကိုယ့်ဆွေမျိုးနှင့် သမရိုးကျ အခြေ ခိုင်၍ နေနိုင်ခြင်း ဆိုတဲ့ သဘောသတ္တိ အလျှင်းမရှိကြလေကုန်။ ဝိဘဝေါ၊ နေအိမ်တိုက်တာ ဆင်တန်ဆာနှင့် အသပြာ ဓန ပစ္စည်း ဥစ္စာဟူသမျှသည်။ နေဝ သဿတော၊ မလဲမယိုင် အမြဲပိုင်သည့် မြဲခိုင်ခြင်းဆိုတဲ့ သဘောသတ္တိ အလျှင်းမရှိသည်သာတည်း။ မစ္စု၊ မျက်နှာကြီးငယ် ရွေးချယ်မရှိ အဂတိ မလိုက်စား သေခြင်းဆိုတဲ့ တရားသည်။ နိစ္စံ၊ နေရောညဉ့်ပါ ဘယ်ခါမဆိုင်း အချိန်ကာလတိုင်း။ သန္နိဟိတော၊ ခရီးမဝေးပဲ အနီးကလေးတည်ရှိ၍ နေပေ၏။ တသ္မာ၊ ပစ္စည်းဥစ္စာ ကိုယ်ခန္ဓာတို့ ကမ္ဘာဆုံးတိုင် အခြေမခိုင်ကြလေသောကြောင့်။ တုမှေဟိ၊ သကြံန်ကူးပြောင်း အခါကောင်းကို ကြုံတောင်းကြုံရသင် ဒကာ ဒကာမတို့သည်။ ဓမ္မသင်္ဂဟော၊ အပျက်ကင်း၍ ချမ်းအေးခြင်းသုခကိုရကြောင်း ကုသိုလ်ကောင်း မှ ဆည်းစုခြင်းကို။ ကာတဗ္ဗော၊ ပြည်သစ်မြန်မာ သာသနာ၌ သမ္မာဝါယာမ စက်ကုန်ထုတ်၍ ပြုလုပ်အပ်ပေတည်း။

ဤဂါထာကို ပနက်ချ၍ တရားစလိုက်ရတာက-ယခုတရား အပါတ်မှာ ဒို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ရဲ့ထုံးစံ သကြံန်ဆိုတဲ့ နှစ်သစ်ကူးပွဲတော်ကြီးနှင့် အကြောင်းဆိုက်၍ ကြုံကြိုက် နေသည့် အားလျှော်စွာ "မြန်မာထုံးစံ ခါသကြံန်"ဆိုတဲ့ တရားတော်ကို ဟော ကြားဘို့ရန် အတွက် ပန္နက်ချလိုက်ရခြင်း ဖြစ်ပါတယ်။

> ***ဆကြံန္တဟူသော ဆံ့ဆ္ကိတ် ဘာသာ- သက္ကဋဘာသာစကားကိုပင် ဒို့ မြန်မာလူမျိုးတို့က သာမန်ပြောင်းလွဲ၍ သကြံန်လို့ ခေါ်ဆို သုံးစွဲခဲ့သောကြောင့် ဆံ့ဆ္ကိတ်ဘာသာမှ ဆင်းသက်လာသော စကားဟု မှတ်သားရမယ်။***

အဲဒီခါသကြံန် တရားတော် ဆိုတဲ့အထဲက (သကြံန်လို့ ခေါ်တဲ့ စကားလုံးလေးကို ပထမစိစစ်၍ ကြည့်ရမယ်--) ၎င်းသကြံန် ဆိုတဲ့စကားဟာ ဘယ်ဘာသာမှ ဆင်းသက်၍ ဘယ်လိုအဓိပ္ပါယ် ထွက်ပါသလဲ ဆိုတဲ့ အချက်ပေပဲ ပေါ့။ ဘယ်ဘာသာမှ ဆင်းသက်လာသလဲ ဆိုတဲ့အချက်က ဆကြံန္တဟူသော ဆံ့ဆ္ကိတ်ဘာသာ- သက္ကဋဘာသာစကားကိုပင် ဒို့ မြန်မာလူမျိုးတို့က သာမန်ပြောင်းလွဲ၍ သကြံန်လို့ ခေါ်ဆို သုံးစွဲခဲ့သောကြောင့် ဆံ့ဆ္ကိတ်ဘာသာမှ ဆင်းသက်လာသော စကားဟု မှတ်သားရမယ်။ သို့သော် ၎င်းဘာသာ၏ အသံထွက်အားဖြင့်ဆိုတော့ ဆကြံန္တ , ဆကြံန် သကြံန် ဟုသုံးစွဲသင့်ပေတယ်။ ယခုအခါမှာပင် အိန္ဒိယ

တိုင်းရင်းသား ဟိန္ဒူလူမျိုးများမှာလည်း မြန်မာသင်္ကြန်ပွဲနှင့် တချိန်တည်း "ဆင်္ကြန္တိ" ဟူသော ပွဲကိုပြုလုပ်မြဲဖြစ်၍ ဆံဆြိတ်ဘာသာစကားပျက် စကားဆိုတာ ထင်ရှားသိသာပါတယ်တဲ့။ (တပေါင်းလ ပြည့်ကျော်တစ်ရက်နေ့မှာ အနီရေပက်ကစားတဲ့ပွဲ ကိုတော့ "ဟိုလီ"လို့ ခေါ်ဆိုသုံးစွဲထားကြတယ်။ အဒါကို မြန်မာတို့က "ကာလားသင်္ကြန်"လို့ခေါ်ကြသပေါ့။

သင်္ကြန်၏ ဒုတိယအချက် အဓိပ္ပါယ်ဆိုတာကတော့ ရွှေပြောင်းကူးသွားခြင်းဟူသောအဓိပ္ပါယ်လို့ သင်္ကြန်ဟုသုံးစွဲလျက် ပွဲကြီးများပြုလုပ်ကာ အသိအမှတ်ပြုလာခဲ့ကြတယ်။

အဲသည်လို နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးခြင်းဆိုတဲ့ သင်္ကြန်ပွဲတော်ကြီးမှာ အပျော်ကြူး၍ မူးမူးမေ့မေ့မဖြစ်ကြစေပဲ "စေ့စေ့တွေးတော့ ရေးရေးပေါ်"ဆိုတဲ့အတိုင်း အနိစ္စနှင့် မရဏသညာတွဲ၍ သံဝေဂတရားကိုလည်း နှလုံးသွင်းကြရမယ်။ ၁၃၀၇-ခုနှစ်အတွင်းမှာ ဖြစ်ပျက်ကြီးပြင်းခဲ့တဲ့ ရုပ်နာမ် ခန္ဓာတွေသုံးစွဲလို့ပြီးခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို ငါတို့သည် ဘယ်တော့မှပြန်၍




ဆိုလိုပါတယ်။ ကူးပြောင်းသွားပုံက ဇျောတိရ်ကျမ်းအလို အားဖြင့် သူရိယဆိုတဲ့ တနင်္ဂနွေဂြိုဟ်မင်းသည် မိဿရာသီမှစ၍ အစဉ်လိုက်ကူးပြောင်း၍တည်နေခဲ့ရာ ဆယ့်နှစ်ရာသီပတ်ပြည့်၍ မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသွားခြင်းဆိုလိုတယ်။ အဲသည်လိုဆိုတော့ သင်္ကြန်မှာ နေ့သင်္ကြန်၊ လသင်္ကြန်၊ နှစ်သင်္ကြန်ရယ်လို သင်္ကြန်တွေအများကြီးပေပေါ့။ သို့သော်- နေ့-လ သင်္ကြန်တို့ကိုတော့ သင်္ကြန်လို့မခေါ်တော့ပဲ နောက်ဆုံးပိတ်ရာသီပတ်ပြည့်၍ နှစ်သစ်ကူးပြောင်းခြင်းကိုသာ ရကြတော့မည်မဟုတ်၊ ခဏိကမရဏအနေသေကြေပျက်စီးခဲ့ကြလေပြီ။ မျက်မြင်ကိုယ်တွေ့အားဖြင့် ဒို့မြန်မာနိုင်ငံတော်မှာ စစ်အတွင်းဖြစ်ပျက်ခြင်းများက အနိစ္စနှင့် မရဏသညာအချက်ကို ထောက်ခံလျက်ရှိကြသည် မဟုတ်ပါလား။ ဘုန်းကြီးများမှာတော့ သတင်းကြားရုံမျှပဲပေါ့၊ ဒို့ ဒကာ ဒကာမများမှာတော့ မျက်မြင်ကိုယ် တွေ့တွေ ဖြစ်ကြပါတယ်။

အဲဒါကြောင့်မို့ အပျက်နှင့် အသေ နှစ်ထွေသောဘေးကြီးက အပြီးပါ၍ အနီးမှာရှိနေသောကြောင့်

သေဘေးကြီးမဆိုက်ခင် ကြိုတင်၍ ကုသိုလ်ကောင်းမှုများကို အားထုတ်ပြုလုပ်သင့်ကြတယ်လို့ ပထမပန္နက်ချဂါထာဖြင့် ဟောပြောတိုက်တွန်းခဲ့ရပါတယ်။

သဗ္ဗေသခါရာ ခယဒ္ဓေန အနိစ္စာ။

သဗ္ဗေ သင်္ခါရာ၊ လူတို့ခန္ဓာ တိုက်တာအိမ်ခြေ ထွေထွေများလှ အလုံးစုံသောသင်္ခါရတို့သည်။ ခယဒ္ဓေန၊ အတွင်းဖုံးတစ် ချပ်ချက သိန်းသောင်းမက ပျိုပျက်သေဆုံးကြလေ သောကြောင့်။ ဝါ-မိနစ်နာရီ ရက်, လချို့၍ ဒီရေအလား ဆီးတာမရ ပျက်ကြ ချုပ်ကြလေသောကြောင့်။ အနိစ္စာ၊ အမြဲမရှိ အနိစ္စအတိတို့ပေတည်း။ ။ မရဏံ မေ ဘ ဝိ ဿ တိ၊ မရဏံ မေ ဘ ဝိ ဿ တိ - ငါသေရလတ္တံ့. - ငါသေရလတ္တံ့. --- အဲဒီကလို အနိစ္စနှင့် မရဏာသညာကိုလဲ ပွားများနှလုံးသွင်းကြရမယ်။ အကျိုးကတော့ ---------

အဲသည်ကလို ပွားများတဲ့ပုဂ္ဂိုလ်များမှာ " သစေ ဒိဋ္ဌေဝဓမ္မေ အမတံ နာဓိဂမေတိ၊ ကာယဿဘေဒါ သုဂတိပရာယနောဟောတိ"တဲ့။ သော၊ ထိုမရဏာ သညာပွါးတဲ့ ယောက်ျားမိန်းမ ဟူသမျှသည်။ ဒိဋ္ဌေဝဓမ္မေ၊ ရရှိနေကြ ယခုမျက်မှောက်ဘဝ၌။ အမတံ - အမတခေါ် ဆိုတဲ့ နိဗ္ဗာန်ချမ်းသာကြီးကို။ သစေ နာဓိဂမေတိ၊ မဂ်ပေါက်ဖိုဝင် အကယ်၍မသိမမြင်ငြားအံ့။ ကာယဿဘေဒါ၊ သက်တမ်းကြွေပျောက် သေသည်မှ နောက်ကာလ၌။ သုဂတိ ပရာယနော၊ သုဂတိခေါ်ငြား လူ့ပြည်နတ်ပြည်များ၌သာ ပြောင်းသွားခိုဝင် ပျော်ရွှင်ခံစားရသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရပေ၏ လို့ ဝိသုဒ္ဓိမဂ်ကျမ်းတွင် မိန့်ဆိုချက်ကို ထောက်ထားသဖြင့် မရဏာသညာ၏ အကျိုးကို သိရမယ်။ ယခုဘဝတွင်လည်း နိဗ္ဗာန်ကို ရနိုင်တယ်။ အကယ်၍ ယခုဘဝ နိဗ္ဗာန်ကိုမရခဲ့သော် သားသမီးဆွေမျိုး ပေါက်ဖော်တို့၏ သေပွဲနှင့် ကြုံတွေ့ရသည့်အခါ အများကြီးသက်သာခွင့်ရသည့် အပြင် သေပွဲဝင်သည်မှ နောက်ကာလ၊ ကောင်းမြတ်ရာဘဝသို့ အမှန်ရောက်နိုင်ပါတယ်တဲ့။

ကဲ --- ကဲ မရဏာသညာနှင့် စပ်၍ထူးမြတ်တဲ့ ချမ်းသာကိုရသွားတဲ့ အမျိုးသမီးကလေး တစ်ဦးရဲ့ ဝတ္ထုကို တိုတိုတုပ်တုပ် တက်သုတ်နှင်ကာ ဟောလိုက်ရအုံးမယ် နားစိုက်ကြပေတော့။

ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ သဗ္ဗညူမြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်အခါ သာဝတ္ထိမြို့တော်က မဟာနေသူဌေးကြီးမောင်နှံစုံတွဲမှာ အချိုးအစားဂုဏ်အင်နှင့် စုံလင်ပြည့်ဝတဲ့ သမီးလေးတစ်ယောက်ရှိခဲ့တယ်။ ထို သူဌေးသမီးလေးမှာ အချိန်ရွယ်ရောက်တော့ အချစ်မျက်စိ မှောက်မှားလျက် အစေအပါးလုလင် အိမ်ပါးစေ သတို့သားနှင့် မှောက်မှားချစ်ခင် တနေ့တွင် ထွက်ပြေးကြ၍ သာဝတ္ထိမြို့ဌာနယ်နိမိတ်အဝင်အပါ တစ်ခုသော တောရွာကလေး၌ အသက်မွေး နေထိုင်ကြတယ်။ ထိုအခါ ဓမ္မတာ အလျှောက် သားတစ်ယောက် ဖွါးချိန်တန်တော့ "ခလုတ်ထိမှ အမိတ"ဆိုတဲ့အတိုင်း "ဖောင်စီး မီးနေ" အရေးကြီးတဲ့အခြေကြောင့် မိဘရပ်ထံ မီးဖွားရန် ပြန်အလာ လမ်းခုလပ်မှာပင် မျက်နှာမြင်ခြင်း ကိစ္စပြီးတော့ ခရီးရှေ့မဆက်ဘဲ မိမိတို့ရွာကလေးဘက်သို့ ပြန်လာခဲ့ကြတယ်။

ဒုတိယဖွားချိန်တန်တော့လည်း လင်နှင့်သားကို အပါခေါ်၍ သာဝတ္ထိမြို့တော်သို့ ပြန်လာခဲ့ပြန်တယ်။ အဲသည်အခါမှာလည်း ပထမနည်းအတူပင် ညကြီးသန်းခေါင် လူသူမနီးတဲ့ ခရီးအလယ် လမ်းခုလတ်မှာ ကမ္ဘာလေလှုပ်ကြွ၍ ဖွားမြင်ဖို့အချိန် ကြလာပြန်တယ်။ ထိုအခါ အာကာသ ဟိုးကောင်းကင်က အလျှင်သည်းစွာ မိုးကြီးရွာချ၍ အလွန်တရာ အေးမြသည့်အတွက် မီးကလေးဖိုရန် လင်သယ်ယောက်ျား ထင်းရှာရန်ထွက်ခွာအသွား တောင်ပို့နားအရောက် မြွေထွက်၍ ပေါက်တာနှင့် ထိုနေရာမှာပင် ယောက်ျားလင်သယ် သေပွဲဝင်ရရှာတယ်။

အရုဏ်ချင်း၍ အလင်းသို့ ရောက်သည့်အခါ လင်ယောက်ျားသွားရာလမ်းသို့ လိုက်လံစုံစမ်း ရှာဖွေရာတွင် သေနေသော အလောင်း ကောင်ကိုသာ တွေ့မြင်ရ၍ သောကလှိုက်ဖို ပြင်းပြစွာငိုကြွေးရှာတယ်။ လင်ယောက်ျား၏အလောင်းကို သစ်ရွက်ကလေးများနှင့်

ဖုံးဖိထားခဲ့ပြီးလျှင် ညဦးကဖွားမြင်တဲ့ သားငယ်ကလေးနှင့် သားကြီးကို ယူငင်၍ ခရီးနှင်ခဲ့ရာ သာဝတ္ထိမြို့တော်နှင့် မနီးမဝေး အစိရဝတီခေါ်တဲ့ မြစ်ကြီးသို့ အရောက် ညဦ့ကရွာချတဲ့ မိုးအရှိန်ကြောင့် ပေါင်လယ်ခါးလောက် ရေစီးပေါက်ရှင်နေရာ သားကြီးကိုကမ်းမှာထား၍၊ သားငယ်ကို တစ်ဖက်ကမ်းပို့အပြီး သားကြီးကိုခေါ်ရန်ပြန်အလာ မြစ်အလယ်သို့ အရောက် သားငယ်ကိုသိန်းစွန်ငှက် ကောက်ချီထိုးသုတ် သွားသည်ကိုမြင်ရတဲ့အတွက် လက်ခုတ်တီးလျက် ခြောက်လှန့်လိုက်ရာ ပထမကမ်းနေရာရှိ သားကြီးက သူ့ကိုခေါ်သည်ဟုအထင်ရှိ၍ မြစ်အတွင်းသို့ ဆင်းအလာ ရေမြော၍ပါရရှာပြန်တယ် "ဗူးလေးရာ ဖရုံ ဆင့် - မီးလောင်ရာလေပင့်" ဆိုတဲ့ကိန်း ကျနေတော့တာပေါ့။

အမျိုးသမီးကလေးမှာ လင်သောက သားသောကတို့ဖြင့် ယူကြုံးမရ ပြင်းပြစွာ ငိုကြွေးလျက်တစ်ယောက်တည်း ခရီးဆက်ခဲ့ရာ မြို့၏အနီး ခရီးလမ်းမ၌ ယောကျ်ားတစ်ယောက်ကို တွေ့ရ၍ မိဘတို့၏သတင်းကို မေးမြန်းခြင်းပြုရာ - ညဦ့ကရွာတဲ့ မိုးလေအရှိန်ကြောင့် နေအိမ်ပြိုပျက် တိုက်ပိလျက် သေပွဲဝင်ရရှာသည်။ မောင်တစ်ယောက်ပင် အဆစ်ပါ သွားသည့်အကြောင်းကို သိရသည့်အခါ သောက အရှိန်ကိုမခံမရပ်နိုင်တော့ပဲ သတိကင်းကွာ တစ်ခါထဲ ရူးသွတ်ရရှာတော့တယ် ----

ဥဘောပုတ္တာ ကာလင်္ကတာ ၊ ပန္ထေ မယှံ ပတိ မတော။
မာတာ ပိတာစ ဘာတာစ ၊ ဧကစိတကသ္မိံ ဍယှရေ ။

မယှံ၊ သောကမီးတောက် ကံဆိုးမတစ်ယောက်ဖြစ်သောငါ၏။ ဥဘောပုတ္တာ၊ သားကြီး သားငယ်ရင်သွေး နှစ်သွယ်တို့သည်။ ကာလင်္ကတာ၊ စွန်ချီရေနစ်အခြေညစ်လျက်အဖြစ်ဆိုးစွာ သေပွဲ ဝင်ကြရရှာလေကုန်၏။ ပတိ၊ မှီခိုအားထား လင်ယောကျ်ားသည်။ ပန္ထေမတော၊ လူသူမဲ့ကင်း တောအတွင်း၌ သေခြင်းမလှ သေခဲ့ရရှာလေပြီ။ မာတာပိတာစ၊ မြင့်မိုရ်တောင်သွင် ကျေးဇူးရှင် မိဘနှစ်ပါးကိုလည်းကောင်း။ ဘာတာစ၊ အရင်းခေါက်ခေါက် မောင်တယောက်ကိုလည်းကောင်း။ ဧကစိတကသ္မိံ၊ အတူရောပြီး တစ်ခုတည်းသော မီးထင်းပုံ၌။ ဍယှရေ၊ မီးတင်ပုံတိုက်ရှို့မြိုက် သဂြိုဟ်အပ်ကုန်ပြီ။

အဲဒီလို အဝတ်မပါ တစာစာနှင့် ဗလာကိုယ်တည်း တားဆီးမရ သောကလှိုက်ဖို ဟစ်အော်ငိုကြွေးဥုးတည့်ရာပြေးရာက ဘုရားရှင်တော်ထံမှောက်ဇေတဝန်ကျောင်းတော်သို့ ရောက်သွားရှာတယ်။ (မရဏသညာနှလုံးသွင်းခေတ်ခံမရှိတော့ အတိုင်းမသိရူးသွတ်သွားရတာပေါ့။) ထိုအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က မရဏသညာဖြင့် သတိရစေပြီးတရားတော်ဆေးကြီးကို ဆက်လက် တိုက်ကြွေးတော်မူရာ သောကရူးပျောက်ရုံမက အမတချမ်းသာကိုပါရတဲ့သောတာပန်မကလေး ဖြစ်သွားရှာတယ်။ ၎င်းနောက်ဘိက္ခုနီမလုပ်၍ တရားကို အားထုတ်ပြန်ရာ အာသဝေါကင်းကွာတဲ့ အကျော်အမော် ရဟန္တာမကြီးဖြစ်သွားတော့တယ်။

(အနိစ္စနှင့် မရဏသညာ အကျိုးဆက်ဘယ်ကလောက် တန်ခိုးထွက်သည်ဆိုတာကို တရားနာပရိသတ်တို့ စဉ်းစားကြဘို့ပေါ့။) ဤဝတ္ထုလာ အမျိုးသမီးကလေးမှာ သောကကင်း၍ အေးမြခြင်း နိဗ္ဗာနသုခကိုရသွားတာဟာ အရင်းစစ်တော့ မရဏသညာအရင်းခံခြင်းဖြစ်ပေတယ်။

သာဝတ္ထိမြို့တော်နှင့် ဇေတဝန်ကျောင်းတို့ဆိုတာလဲ အနိစ္စအချက်ကိုသက်သေခံ၍ အမည်မျှသာကြွင်းကျန်ကြတော့တယ်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏နှုတ်ဖျားမှာ ခေတ်စားလျှက်ရှိသော်လည်း အိန္ဒိယတိုင်းသားတို့မှာမူ သိသူပင် အလွန်နည်းပါးကြလေပြီ။ ရာဇဝင်လိုက်စားတဲ့ ရာဇဝင်သမားတို့သာ သာဝတ္ထိကို " ဩာဝတ္ထိ " ဟူသော အမည်ဖြင့် သိထားကြတယ်။ ယခုအခါ ဂေါရက္ခပုရ်ဒိစတြိတ်၊ ဗလရာမ်ပုရ်မြို့၏နယ်နိမိတ်အပါအဝင် (၉)မိုင်ကွာသောအရပ်၌ 'ဆဟေတ် မဟေတ်'ဟူသော နာမည်နှင့် တောခြုံအတိဖြစ်နေသော ဇေတဝန်ကျောင်းတော်ရာ၊

သာဝတ္ထိမြို့တော်ရာများကို တွေ့ရှိရပါသေးရဲ့. ပုဗ္ဗာရုံကျောင်းတော်ရာကိုတော့ အစိရဝတီမြစ် ရေစား၍ ထင်ရှားမတွေ့ရ လုံးလုံးကြီးကွယ်ပလေပြီ။

အဲဒါကြောင့် ယခုလိုသကြံန်ပွဲမှာ ပျော်ပွဲသက်သက် မဖြစ်စေကြဘဲ ကုသိုလ်ပွဲလည်း ဖြစ်စေကြရမယ်လို့ လွန်ခဲ့တဲ့ငါးနှစ်မြောက် သကြံန်အခါတုံးက မေမြို့တွင် သကြံန်တွင်းဟောနေကြ တရားပွဲသို့ ဤသြဝါဒရစနာ တရားတော်ကိုလည်း ရေးသားခဲ့ဖူးပါတယ်။

ဒုလ္လဘေ ပုညကမ္မေန၊ သမ္မာဒိဋ္ဌိက ဝံသိကေ။
သုဇာတိမုံ့ ပဿမာနာ၊ သဗ္ဗေယျုံ့ပုညမုတ္တမေ။

ဘောန္တော၊ နှစ်ဟောင်းကုန်ဆုံး ရက်တွေပြုန်း၍ လုံးလုံးမပြုန် ခါသကြံန်အခွင့်ကောင်း၌ စုပေါင်းဆင်နွှဲ တရားပွဲကို အားခဲကြတောင်း အိုဒကာ ဒကာမအပေါင်းတို့။ တုမှေ၊ သာသနာ့သံယောဇဉ် ဓမ္မသဘင်ပျော်မွေ့ သူတော်ဝလေ့ လက်ကိုင်ထားကြသည့် သင်ဒကာ ဒကာမအများတို့သည်။ ပုည ကမ္မေန၊ ပုဗ္ဗေစက်တွင်း ဆက်သွယ်နင်းလျက် သက်ဆင်း ကျရောက်ပင့်ကော်ထောက်သည့် လျှမ်းတောက် ထက်သန် ကုသိုလ်ကံကြောင့်။ ဒုလ္လဘေ၊ မနုဿတ္တ ဒုလ္လဘာဟု ညွှန်ပြဟောဘော် တရားတော်ကို ရှုမျှော် ထောက်ဆ အလွန်တရာ ခဲယင်းလှပေသော။ သမ္မာဒိဋ္ဌိကဝံသိကေ၊ တရာတော်မျိုးမှန် အဘိုးတန်ကို ဝေဖန်ခွဲသိ ကြောင်းကျိုးမိသည့် သမ္မာဒိဋ္ဌိက ဗုဒ္ဓဘာသာ သမ္မာနွယ်ရိုး ဒို့မြန်မာမျိုး၌။ သုဇာတာ၊ ရတနာသုံးထိပ်ဝယ်ဖုံး၍ ပြုံးပြုံးရွှင်ရွှင် ဖွားမြောက်မြင်လျက် လူတွင်လူစစ် လူအမှန်ဖြစ်၍ လာကြလေကုန်၏။ သာဓဝေါ၊ ဘုရားမိန့်သံ မြနာခံလျက် ကျင့်ကြံကြိုးစား ဒကာဒကာမအများတို့သည်။ ဣမံ့-ဣမဘာဝံ၊ ကံနှင့်အကျိုး ချိန်ဆတိုး၍ ကြောင်းကျိုးယုံကြည် ဤမည်သော ဗုဒ္ဓဘာသာလူ့အဖြစ်မျိုးကို။ ပဿမာနာ၊ ပြန်လှန်စေ့စေ့ အောင်းမေ့ဆင်ခြင် ထောက်မှန်ပြင်ဝယ် ဉာဏ်မြင်စက္ခု အဖန်ဖန်ရှုကြကုန်လျက်။ ဥတ္တမေ သာသနေ၊ ကမ္ဘာမှော်ခေါတ် ကင်းလွတ်လပ်သည့် မြင့်မြတ်ခွင့်ခါ ဒို့သာသနာ၌။ ဥတ္တမေ သက်မန္တေ၊ ဗုဒ္ဓအယူ သမ္မာဖြူသည့် မြန်မာလူမျိုး မော်ကွန်းထိုးလျက် ရှေးရိုးစဉ်နွှဲ သကြံန်ပွဲ၌။ ပုညံ၊ တစ်ဘဝကျိုး အလုပ်မျိုးထက် ဆတိုးကဲသာ ဆယ်ဖြာပုည ကုသလကို။ သဗ္ဗေယျုံ့၊ နိုးနိုးကြားကြား သကြံန်ချိန် ကုန်လွန်မသွားစေဘဲ ကြိုးစား၍သာ ဆည်းပူးအားထုတ်ကြကုန်ရာသတည်း။ သဗ္ဗေယျုံ့ အိန္ဒိယတိုင်းပျော် ဆရာတော်၏ အာဘော်ခွန့်လိုမ့် နှုတ်သံမိန့်ကို ရွှန်းအိမ့်ငါတို့ ပြုကြစို့ဟု နှလုံးဝမ်းသာ ဆည်းပူးနိုင်ကြပါစေ။

မြန်မာနိုင်ငံတော်ရှိ ဒို့ ဒကာ ဒကာမတို့မှာ ယခုဟောခဲ့သော ဒေသနာစင်ကို ဆင်ခြင်စဉ်းစား လက်ကိုင်ထားကြပြီးလျှင် ၁၃၀၈-ခုလို့ဆိုတဲ့ နှစ်သစ်အတွင်းမှာ ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့နှင့် စုံလင်ပြည့်ဝ ကုသိုလ်ဓမ္မတို့ကို ဆည်းပူးနိုင်ကြပါစေကုန်သတည်း။

၀၇-၁၂-၀၉- 26-3-46



# ဝိညာ ပန မိဒံနိဒါနံ

နမော သမ္မာ သမ္ဗုဒ္ဓါယ

ဣမဿ ဝိသုဒ္ဓါရုံ ပိဋ္ဌကာ ဘိဓာန- ဿာဘိသင္ခတ္တုနော " ကောသလ္လာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ဂန္ထာဇ္ဈာပက ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ" ယုပါခိနော "စည်ရှင် မဟာထေရ ဝရဿာ"ယမုပ္ပတ္တိ ကထာ သင်္ခေပတော။

အမှာကံ ဟိ မဟာထေရော မြင်းခြံနဂရဿ ဒက္ခိဏဒိသေ လယ်ကြီးတိပါကဋ္ဌေ မဟာခေတ္တ ဂါမေပဏ္ဏာသာမိက ဒွိသတ သဟဿ မေ ဂေါစရဿာက- ဝှေဗဟ္မ ဝဿေ အာသဠှိမာသ ဒုတိယေ ရတျံဒွိပဟာ ရာမိကေ သောမဝါရေ ဝိဇာတော၊ အဋ္ဌန္နဉ္စ သဟောဒရာနံ စတုတ္ထောရ သော၊ တတော သောထေရ ဣုရော အဝယပတ္တော ဝတဿ မာတာ- ပိတရော မြင်းခြံနဂရေ သင်္ကန္တာဝ သိံသု၊ တသ္မိံ ယေဝနဂရေ ဦးထွန်းမြ၊ ဒေါ်ပြည့်စုံ ဇာယမ္ပတိ ကေဟိ သကောရသံ ကတွာ ပေါသိတော ဝုမ္မာပိတော၊ တေဟိယေဝ ဒမ္ပတီဟိယာဝ ပဗ္ဗဇ္ဇုပ သမ္ပန္နာ အနုဂ္ဂတော ပူဇိတော။

သောဟသ္မိံ နဂရေ မဟာမာဠာရာမိကဿ ဝိသုဒ္ဓတ္ထေရဿ သန္တိကေ ဒါရကောဝ သမာနော ထူလကွ က-ခတော ပဠ္ဍာယ ကစ္စာယန ဗျာကရဏာ ဘိဓမ္မတ္ထသင်္ဂဟာဒိ ဂန္ထေဥဂ္ဂဏှိတွာ ထေရဿ ဝဿိက ကာလေ"ကောသလ္လောနာမ" သာမဏေရော အဟောသိ၊ တတော သတ္တရသဝဿိက ကာလေ မန္တလေး နဂရေ မဏိရတ္နာရာမိက မဟာထေရဿ စေဝ ဆရာတော်ကလေးတိ ဝိဿုတဿ ဝိစာရ တ္ထေရဿစဒွိန္နမေတေသံ ထေရာနံ သန္တိကေ ပရိယာ ပုဏိတဗ္ဗံ ပရိယတ္တိံ ပရိယာပုဏန္တောဝ မဟာဝိသုဒ္ဓါရာမိ မဟာထေရ ဝရဿပိ သန္တိကေ သပိဋ္ဌက သက္ကတ



ဂန္ထေဥဂ္ဂဏှိ၊ တတော ပရိပုဏ္ဏဝီသတိ ဝဿော ဧကူန သတ္တတိမိက ဒွိသတ သဟဿ မေဿာလေ ပုဗ္ဗကတ္တိက စတုတ္ထာဟေ မြင်းခြံနဂရေ မဟာ မာဠာ ရာမသီမာယံ ပုဗ္ဗာစရိယ ဿူပဇ္ဈာယာစ- ရိယဘူတံ ဦးဝေတိ ပါကဋ္ဌံ ကိုးဆောင်မဟာထေရ မုပဇ္ဈံ ကတွာ ဥပသမ္ပန္နောအဟောသိ။

တတော ဒုတိယေ သတ္တတိမေ ဂေါစ ရဿာကေ ပုနာဂန္တွာ မန္တလေးနဂရေ ရွှေကျင်နိကာယ ဓမ္မသေနာ- ပတိံ မဟာဝိသုဒ္ဓါရာမိက မဟာထေရ ဝရ မုပနိဿယနိစ္စံ ဝသန္တော နဝမဟာ ဝိသုဒ္ဓါရာမသီမာယ မေကံ, မြင်းခြံ နဂရေ (ရွှေကျင်) အာရာမ သီမာယ မေကန္တိ ဒွိဋ္ဌိကမ္မံ ပုနောပသမ္ပဒံ ဒွိက္ခတ္တု မဂဏှိ။ မဟာဝိသုဒ္ဓါရာမိက မဟာထေရ ဝရဿေဝသန္တိကေ ဝသန္တော ဧကေဝဿိ ကောဝ ပရိယတ္တိသာသနဟိတ- ဓမ္မုဿဝေ ဟောဋ္ဌိမေ သောတုဇနဠ္ဌာနေ သဗ္ဗဂ္ဂေါ သဗ္ဗပထမော ဇယပ္ပတ္တော အဟောသိ၊ ပုနပိ ဥပရိမေ ဓမ္မာစရိယဠ္ဌာနေ စတုဝဿောဝ ပရိပုဏ္ဏံ ဇယဂ်တော " ကောသလ္လာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာ စရိယော"တိ

လဒ္ဓု ပါဓိကော အဟောသိ။

တဒနု ရူပမေ၀ ပန ရွှေကျင်နိကာယ ဓမ္မ သေနာပတိနာ မဟာဝိသုဒ္ဓါရာမိက မဟာထေရ ၀ရေန စာယံ ယတိပေါတကော ဣမိနာ ပထမဂန္ထာ- ဠာကွ ဒါနသက္ကိ ပဏ္ဍောနဝိသိဋ္ဌဓမ္မ ဝါစက, ဓမ္မ ဝိနိစ္ဆယက ဌာနန္တရေသု ထပိ တော။ မဟာဝိသုဒ္ဓါ ရာမိက ထေရ ၀ရဿ ပနာယံ ဌာနန္တရ ဒါနသက္ကိသ- န္နေသော။

သမ္မာ သမ္ဗုဒ္ဓဿဘဂ၀ တောတိလောကာ တိပ္ပတိနော သာသနဿဋ္ဌိတိ ကာမေဟိ ဒွိဟိ မြမ္မ ရာဇူဟိစေ၀ အင်္ဂလိ သရညာစဒိန္န လဒ္ဓေန "ဝိသုဒ္ဓါစာရကဝိဒ္ဓဇ မဟာဓမ္မရာဇဂုရု" "ဝိသုဒ္ဓါ- စာရဒ္ဓဇဓိပ္ပတိပဝရ မဟာဓမ္မရာ ဇိရာဇဂုရု" "အဂ္ဂ- မဟာပဏ္ဍိတ" နာမေန ပညာသာမိကနာနာဂန္ထ- ကာရိနာ ဂဏာဝါစကာရညိက ဓမ္မ ကထိက ဘာသန္တရ ကောဝိဒပရိယတ္တိ ဝိသာရဒ ပတိပတ္တိမာမက ဂန္ထကာရ- ကာဒျနေက ပဋ္ဌသဟာဿ မတ္တ ဘိက္ခု ပရိဝါရေန သက္ကတ မာဂဓသဒ္ဒသတ္ထ ဂဟန ဝိဂ္ဂါဟိနာ မဟာဝေယျာ ကရဏေန ပိဋကတ္တယဏ္ဏဝေ,ယသံ ခေါဘိတုံ သမတ္ထေန ဝိသုဒ္ဓါစာရဒ္ဓဇ မဟာထေရေန- အတ္တနော သိဿဿ သဒ္ဓိဝိဟာရန္တေ ဝါသိနော ဘဒ္ဒန္တ" ကောသလ္လဿ" ဂန္ထကရဏ ဓမ္မဝါစန အာစာ- ရဋ္ဌာနေသုသု ဒိန္နံ့ယထာ ဘုစ္စသက္ကိပဏ္ဏံ။

သိဿောမျာယံ "ကောသလ္လော"သုဝိသုဒ္ဓ သီလာစာရေ ရတနတ္တယ မာမကေပရိပုဏ္ဏဥပဘောဂ ပရိဘောဂူပ ကရဏော"သေဋ္ဌိ" မဟာကုလေဇာတော ဇာတိကုလပုတ္တော။ သော တေရသ ဝဿုဒ္ဒေသိက- ကာလေ ဇိနဝရသာသနေ ပဗ္ဗဇိတွာ သာမဏေရော ၀သမာနော မမ သန္တိကေ သာဋ္ဌကထံ ပိဋကံ ယထာဗလံ ဥဂ္ဂဟေတွာ ပရိပုဏ္ဏဝီသတိဝဿကာလေ

ဥပသမ္ပဇ္ဇိတွာ ဗဟူနံသော တာရာနံ ခုရဂ္ဂါဟောတုတွာ အနေကဝါရံ ဥဂ္ဂဟေသိ။ သော သုခေနဝ ပရိယတ္တိသု ဆေကောဟုတွာ အနေကာသု ဓမ္မသဘာသု သဒ္ဓမ္မဝုဒ္ဓိ မာမကေဟိဥပါသကေဟိ စေ၀ရဋ္ဌဿာမိကေဟိစ ရာဇူဟိကတာ သုဇယံ ပတ္တော ကောသလ္လာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မစရိယာဒိ လဒ္ဓ လဒ္ဓော အဟောသိ။ မယာစတဿ သ မ ာ န ာ စ ရိ ယ က ာ စေရေနစ စာရိတ္တတ္ထေရေန အဉ္ဇေဟိစ သဗြဳ . ရီဟိ အဇ္ဈေသိတော သဗ္ဗသောတာရ သမ္မိယာယိတဗ္ဗသမ္မာနိ တဗ္ဗာနံ သာဋ္ဌကထဿ ပိဋကတ္တယဿ အလင်္ကာရ ဘူတာနံ ကစ္စာယနသာရ သဒ္ဒတ္ထဘေဒစိန္တာနံ ဂူဠ္ဍဌာန သံဝဏ္ဏာနာ ဘူတေ "ဝိသုဒ္ဓါရုံ ကစ္စာယနသာ ရဂဏ္ဌိ" "ဝိသုဒ္ဓါရုံ ဘေဒစိန္တာဂဏ္ဌိ" ပကရဏေ အဇ္ဈေစခုဒ္ဒက- ဂန္ထေအကာသိ။ နာနာဝိနိစ္ဆယဘာရဋ္ဌအာဝဟိတုံ နိတ္ထရိတုံသမတ္တော။ တေနေသမ ယာပိ " ဓမ္မဝိနိစ္ဆယက" ဌာနန္တရေ ထပိတော။



ပုဗ္ဗေမေသကလ မြမ္မရဋ္ဌေ ဒေသ စာရိကံ စရိတွာ သာသန ကိစ္စဿကရဏကာလေသာသန မလဿ ဝိသောဓနကာလေဇကေ ဒါယံ မမ ပစ္ဆာသမ- ဏော ဟုတွာ ဒက္ခိဏာ ဗာဟုသဒိသော သာသန ကိစ္စံ ခါရေသိ။ ကေဒါ မမ နိဗဒ္ဓနိ ဝါသေ အာရာမေ ဂန္ထဘာရနိတ္ထရကာနံ ဓမ္မဝါစကာနံ ဇကောဟုတွာ ဗဟူဟိသော တာရေဟိဓမ္မံ ဝါစေန္တော ပတိဝသိ။ မယိအာရာမေ နိဗဒ္ဓ ဝါသေနဝသန္တေပျေသ မမ သဟာယော ဒက္ခိဏာ ဗာဟုသန္တိဘောဟု တွာ ဗဟူဟိ ဓမ္မံဝါစေသိ။ ဣဒါနိပန မယိဇရာ ဒုဗ္ဗလတာယ သိဿေဟိ ဓမ္မံဝါစေတုံ အသက္ကောတိတေ ယေဝ ဗဟူဟိသောတာရေဟိ ဝါစေန္တောတေသံ ၀ုဒ္ဓိနယံ ကရောန္တိ။ တဿခေါပနာ ယသ္မတော ကောသလ္လဿ

သန္တိကေ ဗဟူ ဥဂ္ဂဏှန္တာ သောတာရော ပရိယတ္တိ ဆေကာ ဂန္တ္ဂပိ ရစယိတုံ သမတ္ထာအဟေသုံ။ တေနဿ ပရိယတ္တိ သာသနဿ စိရဋ္ဌိတိ ကာမေဟိ မြမ္မရာဇပတိ မေဟိ သမိတိယဥပါသကေ ဟိ ဓမ္မဝါစက လဒ္ဓော ဒိန္နော။ မယာပိ စေသ " ဓမ္မဝါစက" ဌာနန္တရေထ ပိတော။

သီလာစာရေနာပျေသသီးလုံး ရှမ်းကလေး-ကျွန်းရွှေကျောင်အာစေရာဒီနံဝံသာလင်္ကာရ ဘူတာနံ-မာဒိသာနံ သမီပေဝ သံဝဍ္ဎိတွာ၊ ဝိသုဒ္ဓါရာမ ဝါသီနံဝံသာ လင်္ကာရ ဘူတော သီလ သိက္ခာသု သဂါရဝေါ လဇ္ဇီကုက္ကုစ္စက သိက္ခာကာမော၊ အနနုလောမိက ဂိဟိသံသဂ္ဂ ပစ္စယလောလ တာဒီဟိစ ဝိရဟိတောဟောတိ၊ ကုလေသုစ အတိဂိဒ္ဓိ အနုပ္ပါဒေတွာ အာစရိယေစေဝသပြဟ္မစာရိနောစ ထာမံ ကတွာ တေယေဝနိဿာယ ပတိဋ္ဌံ ကတွာ- ဝသနသီလော။ သယံ သီလ ဝါဒိတိမာ ပဏ္ဍိတော သံဝိဂ္ဂမာနသော ဂန္ထကာရကော ဓမ္မဝါစကော ဟုတွာတာဒိသေ ယေဝ သပ္ပုရိသေ ပယိရုပါသမာန ရူပေါ သမ္မာန ရူပေါ အနုဂ္ဂဟ သီလောစ ဟောတိ။တေနာ ဟမဿသီလာစာရေသုနိဿံသယော နိက္ကင်္ခေါ နိက္ကုက္ကုစ္စော တိ အာစာရ ကုလပုတ္တ ဘာဝေ မယံသက္ခိဘာဝါမာတိ။



ကော,သလျံယာတိမယာယော၊ သ,ဇ္ဇေသံခိရပါယိနာ။
လ,ဒ္ဓဗ္ဗံမိ သုဒါတာရာ၊ လဒ္ဓညာနီ နဇာတိယာ။
ဂန္ထဿ, ကရဏေသော၊ အာစာရေဓမ္မဝါစနေ။
ဗျတ္တော ဆေကော မယာတေန၊ သက္ခိပဏ္ဍပဒိယျတေ-တိ။

မဟာဝိသုဒ္ဓါရုံဆရာတော်တိတဒ္ဒါန မဟာ-ထေရဝရဿ- ဟတ္ထကဒ္ဓရော။

အဌ သတ္တိမေ ပနဝဿေ " ဝိသုဒ္ဓါရုံမဟာနာ-ယက သမ္မုတိ " ဒတွာ ပန- ဌာနန္တရေထပိတော၊ မဟာဝိသုဒ္ဓါရာမိက မဟာထေရဝရဿ ပနသဂ္ဂဂမန-တော ပစ္ဆာ မဇ္ဈိမ ဒေသေ (ဣန္ဒိယဘာရတ) ရဋ္ဌေ ကေဝဿံ ဝသိတွာ သက္ကတာဒိ ဘာသန္တရံ-ပုနောပစိနိ-တွာ ကတော လံကာဒိပံ ဂန္တွာ မဟာဝိသုဒ္ဓါရာမေ ကေဝဿံ ဝသိတွာ ဝိသုဒ္ဓါရုံသာသန ကိစ္စမနုဂ္ဂဟန္တော သီဟဋ္ဌဘာသံ ပရိစိနောသိ၊ အယုဒ္ဓျ(ယိုးချား)ရဋ္ဌံစ-သီမာ သမ္မုတိ ကရဏီ ယေနဂန္တွာ အယဒ္ဓျကဒ္ဓရံ ပရိစိဝနိတွာ, တတောသာဋ္ဌကထံ အယုဒ္ဓျ ပိဋ္ဌကံ ဝိမာနေန အာနေသိ။

မြမ္မရဋ္ဌေစ ပါဠိဘာသာ ဓမ္မုဿဝ သမိတိယံ နာယ ကတ္တေရော ဟုတွာ ရဋ္ဌသာမိ ကေဟိစ ရာဇူဟိ "အဂ္ဂမဟာ ပဏ္ဍိတော " တိဒိန္နလဒ္ဓော အဟောသိ၊ သမ္မတောပိစ သကလ ရွှေကျောင် နိကာယိကေန သံဃေန "ရွှေကျောင်နိကာယဥက္ကဋ္ဌ မဟာနာယကဓမ္မသေနာပတိ" တိ၊ နဝမဟာဝိသုဒ္ဓါရာမေစ စည်ရှင် ဝိဟာရေ ဝသန္တော "စည်ရှင်မဟာ ထေရော"တိ ပါကဋော၊ တသ္မိံ ယေဝါရာမေ မြင်းမူနဂရေ ပဒတ္ထိုင်း ဂါမ ဝါသိကေဟိ ခေတ္တ သာမိကေဟိ"ဦးတိုးကြွယ်-ဒေါ်မေ" ဒမ္ပတီဟိကာရိတေ အသောကာရုံ နာမကေကွဋ္ဌ-ကာလယေ, မန္တလေး-နဂရေ မဟာဝဏိဇေဟိ "ဦးစက်ဖေ-ဒေါ်ဧးတင်" ဇာယမ္ပတိကေဟိ "မတင်မြ -မကြည်စိန်" မိတူဟိစကာရိတေ စည်ရှင်ဒေါင်းရိုး နာမကေကွဋ္ဌာကာလယေ တသ္မိံယေဝ နဂရေ ဓနပ္ပတီဟိ"ဦးကောင်းနာမကေန တဒ္ဓ ဂိနီဟိစ မစောတင်-မစောရင်" နာမိကာဟိကော မာရပြဟ္မစာ-

ရိနီဟိ ကာရိတေ ဘတ္တဂ္ဂိဣကာလယေ, မနသာမိနိယာ "ဒေါ်စု" နာမိကာယ ဥပါသိကာယ ကာရိတေ သောဏ္ဏလိမ္ပိတေ စည်ရှင်ပိုက်ကျုံးနာမကေဏ္ဍ-ကာလယေ, ပေါတ္တက ဝဏိဇေဟိ "ဦးအိန်-ဒေါ်ကြည်" ဒမ္ပတီဟိ ကာရိတေ စိန်ပန်း ဝိဟာရေစ ဝသိတွာ သာသနကိစ္စ မကာသိ။

အညေသုစ မေမြို့နဂရေ "ဝိသုဒ္ဓါရုံ ရွှေကျင်" နာမကေ အာရာမေ တောင်ငူနဂရေ "သိမ်ဦး" အာရာမေဝ စေဝ၊ "မြို့ထောင့်"အာရာမေစ ဒွီသု အာရာမေသု, မော်လမြိုင် နဂရေ "ပဓာနိကာရုံ" အာရာမေစ အနုသာသန ကိစ္စမာဝဟိ။ ကစ္စာယန သာရ သဒ္ဒတ္ထ ဘေဒစိန္တာနံ ပန သင်္ဂဟ ပဒါနိ နိဿယပ္ပကရဏာနိ စေဝ အလင်္ကာရာ ဘိဓမ္မတ္ထ သင်္ဂြဟာနံ နိဿယပ္ပ ကရဏာနိ စာကာသိ၊ အညာနိစ သီဟဠ နိဿယာ နုရူပံ မဟာရူပ သိဒ္ဓိဗျာကရဏာဿ နိဿယံ ဝိသုဒ္ဓါရုံ ကစ္စာယန သုတ္တတ္ထဋ္ဌီကံ, ဝိသုဒ္ဓါရုံ ကစ္စာယန သုတ္တတ္ထ ရူပသိဒ္ဓျနာဒီနိစ ပကရဏာနိ ဒုတိယကပ္ပ မဟာယုဒ္ဓ ပရိယော သာနေ ပနာယံ သုဒ္ဓဇာတိစာရ ဝံသ ကုလဇော, သုဒ္ဓ သဒ္ဓါလိတပ္ပတိ ဘာဂ သီလာဒိ ဂုဏော, သဏ္ဍ သခိလ သမ္မာသော, ဝိသုဒ္ဓါရုံ ဝံသ ပါလကော နိကာယဏ္ဏဝ ပါရင္ဂတော, မာဂဓ သက္ကတ နာနာ သတ္ထ ကောဝိဒေါ, မြမ္မ ရဋ္ဌဒ္ဓဇူပမော မဟာထေရဝရော အဘယာရာမိက တ္ထေရဝရေန သဒ္ဓေ ဒိတ ပုဗ္ဗာ နုရူပံ ဏ္ဏမံ သဝိနိစ္ဆယ မပေါရာဏိကံ "ဝိသုဒ္ဓါရုံပိဋကာဘိဓာန" မဘိ သင်္ခရိ နတမ္ပန အက္ခရာ ဝလိယာ ပရိယော သနပ္ပတ္တံ တဋ္ဌိ ဗဟုဇန ဟိတေ သကေဟိ တသ္မိံ ဝိဟာရိကေဟိ အက္ခရာဝလိယာ ကတွာ "ဂဏ္ဍကုဋ္ဌ" ချာတေန လိပိ ပရိဝတ္တ ယန္တေန မုဒ္ဒိတံ။ လေခကောပန သာသန ဒ္ဒဇ သိရီ ပဝရ ဓမ္မာစရိယော သီလာစာရတ္ထေရောနာမာ တိ။ ။

ဝိသုဒ္ဓါရုံ ဗာရာဏသီ

၁၅/၇/၀၄။







ပဋ္ဌမသံဂါယနာမှုအရ ကျင်းစီးမဲ့ကာဝဒ္ဒ ပ ဆင့် ပဒ်များပြစ်သော အန္တရာယ်-တဋ္ဌကာ-လိင်္ဂ-ဓမ္မ ဝ-သာဗ္ဗ- ဆောင်ထိုးတိုက်ကြည်း အဆင့်အတိုင်း အန္တရာယ်- ကာနီကာ- လိုက်-ဖယ်ရှား-သုတ်သင် ကသည်ပဲမတိပါ။



## ကျေးဇူးတင်ရှိခြင်း

၁။ (က) အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဟိန္ဒီယူနီဗာစီတီ၌နေစဉ် All အိန္ဒိယားရေဒီယိုမှ ဟောကြားသော မြန်မာ့ထုံးစံ ခါသင်္ကြန်တရားတော်နှင့် လွတ်လပ်ရေးတရားတော်။

(ခ) ဗာရာဏသီမြို့ ခိုကိုးရာမဲ့ မြန်မာများအသင်း သာမညအထွေထွေ အစည်းအဝေးစည်းဝေးချက်များ၊

(ဂ) မေမြို့ဘုန်းကြီး ဉူးအာနန္ဒပဏ္ဍိတာဘိဝံသထံမှ အရိယဓမ္မပညာတော်သင် အုပ်ချုပ်ရေးအဖွဲ့ အမှုဆောင် ဦးဘဝင်းထံသို့ ပေးစာ။

၂။ ရန်ကုန်မြို့ အရိယဓမ္မပညာတော်သင် အုပ်ချုပ်ရေးအဖွဲ့ အမှုဆောင် ဦးဘဝင်းထံမှ မေမြို့ဘုန်းကြီး ဉူးအာနန္ဒပဏ္ဍိတာဘိဝံသထံသို့ ပင့်လျှောက်လွှာ။

၃။ မြောင်းမြဆရာတော်ဘုရားကြီးထံမှ ပေးစာ ၂-စောင်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးထံမှ ပေးစာ ၂-စောင်။

ဘာသာဋီကာဆရာတော်ဘုရားကြီးထံမှ ပေးစာ ၁-စောင်။

အင်္ဂလန်-ဆရာတော်ဉူးဉာနိကထံမှ ပေးစာ ၁-စောင်။

ဗာရာဏသီဆရာတော်ဘုရားကြီးထံမှ ဆရာတော်ဉူးဩမာဝီရထံ ပေးစာ ၁-စောင်နှင့် သစ်ချိုပင်ရွာသူ ရွာသားများထံသို့ပေးစာ ၁-စောင်။

၄။ ကျောင်းသာဘဝမှစ၍ ပျံလွန်တော်မူသည့်တိုင် ဗာရာဏသီဆရာတော်ဘုရားကြီး၏ ဘဝအခန်းကဏ္ဍအမျိုးမျိုးမှ ဓာတ်ပုံများ-

စသည်ဖြင့် တရားတော်များ၊ မှတ်တမ်းများ၊ ပေးစာ ပြန်စာများ၊ ဓာတ်ပုံများကို ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်မှစ၍ မပျောက်ပျက်အောင် စုစည်းသိမ်းဆည်းထားရှိသော ဗာရာဏသီဆရာတော် ဘုရားကြီး၏ အနီးကပ်အလုပ်အကျွေး ဉပဋ္ဌာကဖြစ်သူ **"အရှင်ထေရပ္ပိယ"**အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာစောင်ဖြစ်မြောက်ရေးအဖွဲ့

# ဗာရာဏသီဆရာတော်ဘုရားနှင့် ဘဝဖြစ်စဉ်

<u>ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်</u>
<u>ကျောင်းထိုင်ဆရာတော်ရှင် ဗာရာဏသီဆရာတော် ဘုရားကြီး၏</u>

## ထေရုပ္ပတ္တိ အကျဉ်းချုပ်

ငယ်နာမည် ။ ။ မောင်ကျော်ယုံ၊

မိဘအမည် ။ ။ ဦးစံထူး+ဒေါ်ဒေါ်ဆေး၊

မွေးသက္ကရာဇ် ။ ။ ၁၂၆၄-ခု၊ ဝါဆိုလပြည့်၊ တနင်္ဂနွေနေ့၊ နံနက်(၃)နာရီ၊

မွေးချင်း ။ ။ (၁၀)ယောက်



၁။ ဦးသာအက်
၂။ ဦးပျော်ပုံ
၃။ ဦးကျော်ယုံ (ဗာရာဏသီမဟာထေရ်)
၄။ ဦးတင်ညွန့်
၅။ ဦးမောင်ကြီး
၆။ ဦးမောင်ငယ်
၇။ ဦးညီရင် (ဦးမဟောသဓပဏ္ဍိတာဘိဝံသ)
၈။ ဒေါ်ညီမကြီး
၉။ ဒေါ်ညီမငယ်
၁၀။ ဦးညီထွေး၊

ဇာတိ ။ ။ မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ဇီနံ့ကျေးရွာ၊

ငယ်ဆရာ ။ ။ ဆရာတော် ဦးသုန္ဒရ (ဇီနံ့ကျေးရွာ)၊

၁၂၇၇-ခု ။ ။ ကျောင်းအပ်



# ဟာရာဟာသီဆရာတော်ဘုရားနှင့် ဘဝဖြစ်စဉ်

၁၂၇၇-ခု ॥ ॥ (၁၃)နှစ်သားအရွယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော်ထံ အပ်နှံရောက်ရှိသည်။

ရှင်ပြုမင်္ဂလာ ॥ ॥ ၁၂၈၀-ခု၊ (၁၆)နှစ်သားအရွယ်၊

ရှင်ဒါယကာ ॥ ॥ ဦးအကောင်းရှုတ်+ဒေါ်ဒေါ်သွယ်၊ နန်းမတူမြို့။

ဥပဇ္ဈာယ်ဆရာ ॥ ॥ ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဒုတိယ မဟာဝိသုဒ္ဓါရုံ ဒီပဲယင်း ဆရာတော်၊

ဘွဲ့အမည် ॥ ॥ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော် ဘုရားကြီးက **"ရှင်အာနန္ဒပဏ္ဍိတ"**ဟု ဘွဲ့အမည်ပေးတော်မူသည်။

၁၂၈၀-ခုနှစ် ॥ ॥ (၁၅)နှစ်သားအရွယ်တွင် အစိုးရ ပါဠိပထမပြန်စာမေးပွဲကို ဝင်ရောက် ဖြေဆိုရာ ကျောင်းသားဘဝဖြင့် <u>**ပထမငယ်တန်း**</u> ကို အောင်မြင် တော်မူသည်။

၁၂၈၁-ခုနှစ် ॥ ॥ ရှင်သာမဏေဘဝဖြင့် အစိုးရ <u>**ပထမလတ်တန်း**</u> ကို အောင်မြင် တော်မူသည်။

၁၂၈၄-ခုနှစ် ॥ ॥ ဝါဆိုလဆန်း(၁၁)ရက်၊ ကြာသပတေးနေ့တွင် ရဟန်းအဖြစ်သို့ ရောက်ရှိ တော်မူသည်။

ရဟန်းဖြစ်ရာသိမ် ॥ ॥ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ခဏ္ဍသိမ်၊

ဥပဇ္ဈာယ်ဆရာ ॥ ॥ ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဒုတိယ မဟာဝိသုဒ္ဓါရုံ ဒီပဲယင်း ဆရာတော်၊

ရဟန်းဒါယကာ ॥ ॥ (ဦးအကောင်းရှုတ်)+ဒေါ်ဒေါ်သွယ်၊ နန်းမတူမြို့။

## <u>ကျော်လေးကျော်ဘွဲ့</u>



၁၂၈၅-ခုနှစ် ॥ ॥ ဝိသုဒ္ဓါရုံ ဝံသာလင်္ကာရ သဒ္ဓမ္မပါလ ပဏ္ဍိတဓေ ပထမကျော်

၁၂၈၇-ခုနှစ် ॥ ॥ သာဝတ္ထိပုညဝမှန ပထမကျော်

၁၂၈၇-ခုနှစ် ॥ ॥ မေမြို့နဂရ ဝိနယပထမကျော်

၁၂၉၅-ခုနှစ် ॥ ॥ အစိုးရပထမပြန် အကြီးတန်း ပထမကျော်

၁၂၉၅-ခုနှစ် ॥ ॥ သကျသီဟ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (ဒုတိယ)၊

**<u>ကျေးဇူးရှင်ဆရာတော်များ</u>**



။ ။ ၁။ အောင်လံမြို့နယ်၊ ဇိန့်ကျောင်းဆရာတော် ဦးသုန္ဒရ

၂။ တောင်ငူမြို့၊ လောကုတ္တရာသိမ်ဦးဆရာတော် ဦးကုဏ္ဍလ

၃။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ-စည်ရှင်ဆရာတော် ဦးကောသလ္လာဘိဝံသ (ရွှေကျင်နိကာယတွဲဘက်သာသနာပိုင်)

၄။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ-နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်

၅။ မန္တလေးမြို့၊ အဘယာရာမဆရာတော် ဦးအဂ္ဂဓမ္မာဘိဝံသ (ရွှေကျင်နိကာယတွဲဘက်သာသနာပိုင်)

၆။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ-ဇီးပင်ဆရာတော် ဦးနာရဒါဘိဝံသ

၇။ ရန်ကင်းဆရာတော် ဦးသောဘဏ

၈။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ)

၉။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဦးသုန္ဒရ (အဘိဓဇမဟာရဋ္ဌဂုရု)

၁၀။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဦးနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)

၁၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဦးကောဏ္ဍည (အဂ္ဂမဟာပဏ္ဍိတ)

၁၂၉၃-ခုနှစ် ။ ။ တော်သလင်းလဆုတ်(၈)ရက်နေ့၊ မေမြို့၊ ဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် **<u>ပဓာနနာယက</u>** ဖြစ်တော်မူသည်။

၁၃၀၂-ခုနှစ် ။ ။ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့သို့ ဘာသန္တရစာပေ ပညာသင်ကြားရန် ကြွရောက်တော်မူသည်။

၁၃၀၄-ခုနှစ် ။ ။ အိန္ဒိယနိုင်ငံ ပညာသင်နေစဉ် အဝကျွန်း (ယခု-ဘင်္ဂလားဒေး၌ နိုင်ငံရှိ ကျွန်းစုတစ်ခု) သိမ်တောင်ရွာ၌ သိမ်သမုတ်တော်မူခဲ့သည်။

၁၃၀၈-ခုနှစ် ။ ။ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ ဟိန္ဒူယူနီဗာစီတီ သက္ကတ ကောလိပ်မှ "(အာကျာရယ)ခေါ် သက္ကတဟိန္ဒီဘာသာ <u>မဟာဝိဇ္ဇာ</u> ဘွဲ့ ရရှိတော် မူသည်။

၁၃၁၁-ခုနှစ် ။ ။ **စည်ရှင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ ပြန်လည် သီတင်းသုံးနေတော်မူသည်။**

၁၃၁၂-ခုနှစ် ။ ။ ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီး၌ ရွှေကျင်နိကာယ ဂိုဏ်းလုံး ဝန်ဆောင်နာယက အကျိုးတော်ဆောင်အဖြစ် တာဝန်ယူတော်မူသည်၊

၁၃၁၅-ခုနှစ် ။ ။ သီဟိုဠ်ကျွန်း၊ ကိုလံဘိုလ်မြို့၊ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်၌ စံကင်းဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် သီဟိုဠ်ကျွန်း-ရွှေကျင်နိကာယ မဟာနာယက ခန့်အပ်လွှာကို ခန့်အပ်ခဲ့သည်။

၁၃၁၈-ခုနှစ် ။ ။ ဆဋ္ဌသင်္ဂါယနာတင် ပါဠိပတိ ဝိသောဓနေ ကိစ္စများကိုလည်းကောင်း၊ ပါဠိတက္ကသိုလ် ကိုယ်စားလှယ်ကိစ္စများကိုလည်းကောင်း ဆောင်ရွက်တော် မူခဲ့သည်။

၁၃၂၁-ခုနှစ် ॥ ॥ ဝဏ္ဏကျော်ထင် နိုင်ငံဂုဏ်ရည်(ဒုတိယ) သခင်မကြီးဒေါ်သိန်းတင်၏ ပင့်လျှောက်ချက်အရ ပြည်မြို့၊ နဝင်းရပ်ရှိ မူလ ငါးမျက်နှာကျောင်းတိုက် ကို <u>**"ဝိသုဒ္ဓါရုံဗာရာဏသီတိုက်"**</u> ဟူသောအမည်ဖြင့် စာသင်တိုက်ဖွင့်၍ သာသနာပြုကြွရောက်တော်မူခဲ့သည်။

## ရေးသားပြုစုခဲ့သော ကျမ်းစာများ





॥ ॥ ၁။ ပါဠိရဝဒပ္ပဏကျမ်း
၂။ တေလကဋ္ဌာဟနိဿယကျမ်း
၃။ သက္ကဋ္ဌစာဏကျနီတိ နိဿယကျမ်း (စာမူ)
၄။ ဘာသာရူပသိဒ္ဓိ (စာမူ)
၅။ ဒုတိယရွှေကျင်နိကာယမှတ်တမ်း
၆။ တတိယရွှေကျင်နိကာယမှတ်တမ်း

၁၃၄၂-ခုနှစ် ॥ ॥ တောင်ငူမြို့၊ ဝိသုဒ္ဓါရုံမြို့ထောင့်ကျောင်းတိုက် ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ်အစည်းဝေးကြီး၌ <u>**ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ (တွဲဘက် ရွှေကျင်သာသနာပိုင်)**</u> အဖြစ်တင်မြှောက်တော်မူ ခံရခြင်း၊
ဂိုဏ်းပေါင်းစုံ သံဃာအစည်းဝေးပွဲကြီးဖြစ်မြောက်ရေးဝန်ဆောင်(၆၆)ပါး၌ ပါဝင်ဆောင်ရွက်တော်မူခြင်း။
ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၌ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခြင်း၊

၁၃၄၂-ခုနှစ် ॥ ॥ <u>**အဂ္ဂမဟာပဏ္ဍိတ**</u> ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၁၃၄၃-ခုနှစ် ॥ ॥ တန်ဆောင်မုန်းလဆုတ် (၁၂)ရက်၊ တနင်္လာနေ့၌ ယိုးဒယား၊ မလေးရှား၊ စင်္ကာပူ၊ နီပေါ၊ အိန္ဒိယ၊ သီရိလင်္ကာ နိုင်ငံများသို့ (၉၃)ရက်ကြာ သာသနာပြုခရီး ကြွရောက်တော်မူသည်။

၁၃၄၇-ခုနှစ် ॥ ॥ နိုင်ငံတော်ဩဝါဒါစရိယ လက်မှတ်ကို အလှူခံရရှိတော်မူသည်။

၁၃၅၂-ခုနှစ် ॥ ॥ <u>**အဘိဓဇမဟာရဋ္ဌဂုရု**</u> ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၁၃၅၅-ခုနှစ် ॥ ॥ တပို့တွဲလပြည့်ကျော်(၁၃)ရက်၊ (၁၀-၃-၉၄) ကြာသာပတေးနေ့ မွန်းလွဲ(၂)နာရီ၊ (၅၀)မိနစ်အချိန်တွင် မင်္ဂလာဒုံ၊ တပ်မတော်ဆေးရုံကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

၁၃၅၅-ခုနှစ် ॥ ॥ တပေါင်းလဆန်း(၅)ရက်၊ (၁၆-၃-၉၄) ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁)နာရီတွင် ရန်ကုန်မြို့၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၌ ဈာပနအခမ်းအနား ပြုလုပ်၍ ကြံတောသုသာန်တွင် သာဓုကီဠန အန္တိမ အဂ္ဂိဈာပန ပြုတော်မူသည်။

ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ဟူသောအမည်ဖြင့် စာသင်တိုက်ဖွင့်ရန် ပြည်မြို့သို့ကြွအလာ
ပြည်ဘူတာရုံ၌ ကြိုဆိုနေကြသော ဒကာ ဒကာမများ



# ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ဖြစ်ပေါ်လာပုံ

## သိမ်ဦးဆရာတော်

၁၃၂၁-ခုနှစ် နွေလရာသီတွင် ဗာရာဏသီ ဆရာတော်သည် သင်္ဂါယနာတင်ကိစ္စဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးသို့ ရောက်ရှိနေပါသည်။ ထိုအခါတွင် စစ်ကိုင်းတောင်ရိုး ကျွစာချောင်၌ သီတင်းသုံး နေထိုင် လျှက်ရှိသော ကျွစာဆရာတော် ဘုရားကြီးသည် ရှေးယခင် ဝံသာနုခေတ်က နိုင်ငံရေးကို ထက်သန်စွာ လက်တွဲလုပ်ဆောင်ခဲ့ဘူးသော သခင်မ ဒေါ်သိန်းတင်ကို အမှတ်ရသဖြင့် ပြည်မြို့သို့ ကြွသွားပြီး ဒကာမကြီး အိမ်၌ ၂-ရက် ၃-ရက်ခန့် သီတင်းသုံး နေထိုင်ခဲ့ပါသည်။

ထိုအချိန်တွင် ဒကာမကြီး တိုက်အိမ်၏ အရှေ့ဘက် မနီးမဝေးတွင်ရှိသော ငါးမျက်နှာဘုရားဝင်း၏ အတွင်း၌ ကျောင်းပိုင်၊ ကျောင်းထိုင်ဖြစ်သော သက်တော်ရှည် ငါးမျက်နှာ ဆရာတော်ကြီးက တိုက်တွန်းသဖြင့် ဒေါ်သိန်တင်သည် ၁-သိန်းမျှ ကုန်ကျသော ကျောင်းတိုက်ကြီး

တစ်တိုက်ကို တည်ဆောက် နေပါသည်။ ထိုကျောင်းတိုက်ကြီးကို တွေ့မြင်သောအခါ ကျေးဇူးတော်ရှင် ကျစွာဆရာတော်ကြီးက "မိသိန်းတင် ကျောင်းကြီးပြီးက ဘယ်ဘုန်းကြီးများကို ပင့်တင်ကိုးကွယ်ဖို့ ရရှိသလဲ"ဟု မေးပါသည်။ ထိုအခါ ဒကာမကြီး ဒေါ်သိန်းတင်က "ဆရာတော် ဘုရား ယခုအထိတော့ ဘယ်ဘုန်းကြီးရယ်ဟု ရည်ရွယ်ချက်မရှိသေးပါဘုရား" ဟု လျှောက်ထားရာ "ဒါဖြင့် မိသိန်းတင်နှင့် သိကျွမ်းရင်းနှီးပြီးသော ဆရာတော်များ မရှိဘူးလား" ဟု မေးရာ "ရှိတော့ရှိပါ သည်ဘုရား၊ သို့ပေမယ့် ယခုအချိန်ထိ ဘယ်ရောက် နေမှန်းတော့ မသိပါဘုရား"ဟု လျှောက်ထားသဖြင့် ဆရာတော်က "ဘယ်သူများလဲ"ဟု မေးရာ "ဘုရား တပည့်တော် ငယ်ရွယ်စဉ် နိုင်ငံရေးလုပ်ခဲ့စဉ်က ထောင်ကျပြီး နယ်လွှဲခံရလို့ မေမြို့ရှိ ဘုရားတပည့် တော်၏ အစ်မတော် ကျောင်းအစ်မကြီးဒေါ်မြို့၏ အိမ်သို့ ၃-နှစ်ခန့်သွားရောက်နေထိုင်ခဲ့ပါသည်ဘုရား။ ထိုစဉ်အခါက ဆည်းကပ် ကိုးကွယ်ခဲ့ရသော ညီအစ်ကို ဆရာတော်နှစ်ပါးရှိပါသည်ဘုရား။ ဆရာတော် ဦးအာနန္ဒာပဏ္ဍိတနှင့် ဆရာတော်လေး ဦးမဟောသဓပဏ္ဍိတ တို့ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားပါသည်။ ထိုအခါ ကျစွာဆရာတော်ဘုရားကြီးက "အဲသည်ဆရာတော်လေးတွေ ယခု သင်္ဂါယနာကိစ္စဖြင့် ကမ္ဘာအေးမှာ ရှိနေကြတယ်။ ကောင်းတယ် သူတို့ကို ရအောင်ပင့်" ဟု အမိန့်ရှိပါသည်။ ထိုအခါ ဒကာမကြီးဒေါ်သိန်းတင်က "တပည့်တော်မ၏ ကိုယ်စား ဆရာတော်ကဘဲ ဆောင်ရွက်ပေးပါဘုရား" ဟု လျှောက်ထားလိုက်ပါသည်။

ရန်ကုန်ရောက်သောအခါ ကျစွာဆရာတော်ဘုရားကြီးက ရှေးဦးစွာ မြောင်းမြဆရာတော်ဘုရားကြီးနှင့်တိုင်ပင်ပါသည်။ တိုင်ပင်ပြီးနောက် ဆရာတော်ဘုရားကြီးနှစ်ပါး၏ အမိန့်အရ ပြည်မြို့၌ ကျောင်းတိုက်လက်ခံနေထိုင်ရန် ဝန်ခံကတိပေးလိုက်ပါသည်။

နယုန်လ ပြည့်ကျော်လောက်ရောက်တော့ ဗာရာဏသီဆရာတော်ထံမှ ဤစာရေးသူထံသို့ စာတစ်စောင်ရောက်လာပါသည်။ ၎င်းစာမှာ "မောင်ဝိသာရဒပဏ္ဍိတ၊ ဆရာတော်ကြီး များ၏ တိုက်တွန်းချက်အရ ပြည်မြို့မှာ ဝါဆိုရမည်။ မင်းတို့လည်း လိုက်ရမည်။ အခြားလိုက်ပါလိုသည့် ရဟန်းသာမဏေများကိုလည်း စာရင်း ကောက်ယူ ထားပါ။ ပြည်မှပင့်ရန်လာသော အကျိုးဆောင် ဒကာများနှင့် လိုအပ်သော ကိစ္စများကိုလည်း ဆောင်ရွက်ပါလေ"ဟု ဖြစ်သည်။ စာရောက်လာပြီးနောက် ပြည်မြို့မှ



ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ဖွင့်ရန် ပြည်မြို့သို့ကြွအလာ

အထောက်တော်ဒကာ ၃-ယောက်လည်း မရွေး မနှောင်း ရောက်လာကြပါသည်။

ဒကာများနှင့်တိုင်ပင်ကာ ပြည်မြို့တွင် သံဃာတော်များအတွက် လိုအပ်သော ကုတင် ၂၅-လုံးနှင့် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးစသည် အပြည့်အစုံကို မန္တလေးမှ ကပ္ပိ၍ ပြည်မြို့သို့ သင်္ဘောနှင့် တင်ပို့ကြပါသည်။

အကျိုးတော်ဆောင်ဒကာများမှာ -

၁။ ပြည်မြို့ ဆေးလိပ်ခုံမှ စာရေးကြီးဦးရွှေ
၂။ မြင်းခြံမြို့မှ ဦးတင်မောင်
၃။ တောင်ကြီးမြို့မှ ဆရာခွေးတို့ ဖြစ်ပါသည်။

လိုက်ပါမည့်သံဃာတော်များကို ရွေးချယ် စာရင်းကောက်ရာ

၁။ ရေဦးဆရာတော် ဘဒ္ဒန္တ ကေသရိန္ဒာဘိဝံသ (စာချ)
၂။ ဘဒ္ဒန္တဝိသာရဒပဏ္ဍိတ ( စာချ)
၃။ ဦးအာစာရ
၄။ ဦးသြဘာသ
၅။ ဦးနိမ္မလ
၆။ ဦးကောဏ္ဍည
၇။ ဦးနာဂဝံသ
၈။ ဦးနန္ဒာသဘ
၉။ ဦးနန္ဒိမာ
၁၀။ ဦးဥဂ္ဂပဏ္ဍိတ
၁၁။ ဦးခေမိန္ဒ
၁၂။ ဦးသစ္စပ္ပိယ
၁၃။ ဦးဝိဝေကာနန္ဒ
၁၄။ ရှင်နန္ဒောဘာသ
၁၅။ ရှင်ကောဝိဒ
၁၆။ ရှင်ဉာနဝံသ
၁၇။ ရှင်ရာဇိန္ဒ
၁၈။ ရှင်ဇယောလုရဇ- စသောရဟန်းသာမဏေ ၂၇-ပါးဖြစ်ပါသည်။

၁၃၂၀-ခုနှစ်၊ ဝါဆိုလဆန်း ၁၂-ရက်နေ့တွင် ရထားဖြင့် စုံဆင်းလိုက်ပါ၍ ရန်ကုန်ဘူတာကြီးရှိ မီးရထားဟိုတယ်၌ ညအိပ်ရပ်နားကြပါသည်။ ၁၃-ရက်နေ့ နံနက်ထွက်သည့်ရထားဖြင့် လိုက်ပါရာ ၁၂-နာရီကျော်ကျော်တွင် ပြည်မြို့သို့ရောက်ရှိကြပါသည်။ ပြည်မြို့ရှိ ဝတ်အသင်းအဖွဲ့များ၊ လူကြီးလူငယ်များနှင့် ဆေးလိပ်ခုံရှိ လုပ်သားပြည်သူများက ဘူတာမှ အထွက် အုံးအုံးကျွက်ကျွက် ကြိုဆိုကြပါသည်။ ကျောင်းတိုက်ကြီးသို့ ၁၃၂၀-ခုနှစ်၊ ဝါဆိုလဆန်း ၁၃-ရက်နေ့ နေ့လည်(၁)နာရီ အချိန်ရောက်ရှိကြပါသည်။ ကျောင်းတင်၊ ကျောင်းအပ်ပွဲ အခမ်းအနားကို ၁၃၂၀-ခုနှစ် နတ်တော်လဆန်း ၁၅-ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးယခင် ပြည်မြို့ကောင်းစားစဉ်က ငါတစ်ပါးမင်း တည်ထားခဲ့သော ငါးမျက်နှာ ဘုရားအတွင်းရှိ ကျောင်းတိုက်ဖြစ်၍ ငါးမျက်နှာကျောင်းတိုက်ဟု အမည်တွင်ခဲ့ရာ ကျေးဇူးရှင် ဗာရာဏသီ ဆရာတော် ဘုရားကြီး ရောက်ရှိ၍ သီတင်းသုံးသည့်နေ့မှစပြီး ဝိသုဒ္ဓါရုံဗာရာဏသီ (ရွှေကျင်ကျောင်း)တိုက် ဟု မှတ်တမ်းတင် ကမ္ပည်းထိုးခဲ့သည်မှာ ယခုအချိန် ထိပင် ဖြစ်ပါသည်။

တပည့်-ဝိသာရဒပဏ္ဍိတ

# ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်

## ဆရာစဉ်ဆက်

သိရီဟိတေသက (လယ်တီ)

အသရေမချို့ သိရီခေတ္တရာ ပြည်မြို့တွင် တုန့်နှိုင်းမမြင် ရှုတိုင်းယဉ်သည့် ဂိုဏ်းရွှေကျင်ကို စတင်ဖြန့်လွှား ပြန့်ပွားစေတော်မူသော ဗာရာဏသီ ဆရာတော် ဘုရားသည်ကား 'ဒုလ္လဘောပုရိသာဇညော' မိန့်ဟောအရ ထူးမြတ်ကောင်းမွန် ထူးချွန်သော မထေရ်မြတ်တစ်ပါးဖြစ်ပါသည်။

ဗာရာဏသီဆရာတော် အမည်တွင်သော ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ (သက်တော် ၅၇-နှစ် သိက္ခာတော် ၃၇-ဝါ) ကို နောက်ပါတပည့် သံဃာ(၂၀) ပါးနှင့်တကွ နဝင်းဒေါ်သိန်းတင် ဆေးလိပ်ခုံပိုင်ရှင် ဝဏ္ဏကျော်ထင်၊ နိုင်ငံဂုဏ်ရည် ဒုတိယ အဆင့်၊ ပြည်သူ့ လွှတ်တော်အမတ် သခင်မကြီးဒေါ်သိန်းတင်က ပင့်ဆောင်ကိုးကွယ်ခဲ့ပါသည်။

ပြည်မြို့ နဝင်းရပ်မှာ ဂုဏ်ရောင်လက်ဖြာ ငါးမျက်နှာစေတီ စွဲမှီမှည့်ခေါ် ကျောင်းတိုက်တော် အမည်ဟောင်းကို ပယ်ပြောင်းကာ "ဝိသုဒ္ဓါရုံ **ဗာရာဏသီတိုက်**" ဟု အမည်သစ်ယူ ကမ္ပည်းစိုက်ထူခါ ၁၃၂၁-ခုနှစ်၊ ဝါဆိုလဆန်း ၁၁-ရက်နေ့တွင် ရွှေကျင်ဂိုဏ်းအတွက် ဂုဏ်ယူထိုက်သည့် ကျောင်းတိုက်ကြီးကို စတင်တည်ထောင်ခဲ့ပါသည်။

(ဆရာတော်သည် မိမိကျောင်းသားအရွယ်မှ ဘွဲ့ရသည်ထိ ပညာနည်းစုံ ခိုလှုံရယူရာ အမိတိုက်တာ၏ ဝိသုဒ္ဓါရုံဟူသောအမည်၊ ဖခင်အမည်တွင် စည်ရှင် ထေရ်မြတ် ခေါ်ဝေါ်စေအပ် ဗာရာဏသီဟူသော အမည်၊ မိ-ဘ နှစ်မည် ပေါင်းစပ်စီစီ ကောင်းမြတ် ညီညီ ဂုဏ်ရည်စုရုံး စုံညီချယ်မှုန်း သီကုံးထားသည့် ဝိသုဒ္ဓါရုံ ဗာရာဏသီ အမည်ဖြစ်သည်။)

ကျေးဇူးရှင် ဗာရာဏသီ ဆရာတော်သည် ၁၃၅၅-ခုနှစ်အထိ တိုက်တာကို အုပ်ချုပ်စီမံလျက် သီတင်း



**သုံး နေထိုင်တော်မူခဲ့သည်။ လက်အောက်ခံ တပည့်ကြီးငယ်များကို တိုက်တာကြီး အရှည်ခိုင်ခန့် တည်တံ့အောင် လက်ဆင့်ကမ်း သယ်ယူနိုင်ရန် တိုက်အုပ်၊ တိုက်ကြပ်၊ စာချဘုန်းကြီးများ ခန့်အပ် မြှောက်စား သာသနာပြု သွားတော်မူခဲ့သည်။**

(က)

၁။ ဉးဝိသာရဒပဏ္ဍိတ (ဓမ္မာစရိယ) **တိုက်အုပ်**

၂။ ဉးဝိစိတ္တစာရ (သိရီပဝရ ဓမ္မာစရိယ) **ဉပတိုက်အုပ်**

၃။ ဉး ဇာ နေ ယျ (ဓမ္မာစရိယ) **တိုက်ကြပ်**

၄။ ဉးနာဂဝံသ (ဓမ္မာစရိယ) **ဉပတိုက်ကြပ်** တို့ဖြစ်ကြပါသည်။

ထိုတွင် ၁။ ဦးဝိသာရဒပဏ္ဍိတ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)သည် တောင်ငူမြို့၊ ဝိသုဒ္ဓါရုံလော ကုတ္တရာ သိမ်ဉးကျောင်းတိုက်သို့ ပြောင်းရွှေ့ သာသနာပြုတော်မူသည်။ ၃။ ဦးဇာနေယျသည် အောင်လံမြို့နယ် ကျောက်ပန်းတောင်းအခြေစိုက် ဂိုဏ်းစုကျေးရွာကျောင်း၌ ကျေးလက်သာသနာပြု နေတော်မူသည်။ ထိုသို့ တိုက်အုပ်၊ တိုက်ကြပ်များ ပြောင်းရွှေ့သွားကြသော အခါ-

( ခ )

၁။ ဦးဝိစိတ္တစာရ(သိရီပဝရဓမ္မာစရိယ) **တိုက်အုပ်**

၂။ ဦးနာဂဝံသ (ဓမ္မာစရိယ) **တိုက်ကြပ်**

၃။ ဦးနန္ဒောဘာသာဘိဝံသ(သ-စ-အ ဓမ္မာစရိယ) **ဉပတိုက်ကြပ်** တို့ဖြစ် လာကြပါသည်။

၁၃၄၂-ခုနှစ်တွင် စတင်ပေါ်ပေါက်လာသော ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ ဗာရာဏသီ ဆရာတော်ဘုရားကြီးသည် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဉက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယ အဖြစ်ဖြင့် လည်းကောင်း၊

တိုက်အုပ် ဦးဝိစိတ္တစာရသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊

တိုက်ကြပ် ဦးနာဂဝံသသည် တိုင်းသံဃနာယက၊ မြို့နယ် သံဃနာ ယကဉက္ကဋ္ဌ၊ မြို့နယ်သံဃာနာယက အကျိုးတော်ဆောင်၊ ပြည်၊ သရက်၊ သာယာဝတီ၊ သုံးခရိုင် ရွှေကျင်နိကာယ ဝိနည်းပြန်ဌာန



အကျိုးတော်ဆောင် အဖြစ် လည်းကောင်း၊

ဉပတိုက်ကြပ် ဦးနန္ဒောဘာသာဘိဝံသသည် ဒုတိယအကြိမ်မှစ၍ ယနေ့ထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ရွှေကျင်နိကာယ ဝိနည်းဓိုရ်၊ ရွှေကျင်နိကာယ ဂိုဏ်းလုံဝန်ဆောင်နာယက အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက် တော်မူကြပါသည်။

ဗာရာဏသီဆရာတော်ဘုရားကြီးသည် ၁၃၅၅-ခုနှစ်တွင် လွန်တော်မူအခါ တိုက်အုပ် **<u>ဦးဝိစိတ္တစာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)</u>** သည် ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် **<u>ဒုတိယဗာရာဏသီဆရာတော်</u>** ဖြစ်လာပါသည်။ ၁၃၅၅-ခုနှစ်မှ ၁၃၆၀-ခုနှစ်ထိ တိုက်တာကို ပဓာနနာယကအဖြစ် စီမံအုပ်ချုပ်သွားတော်မူသည်။

စာချဆရာတော် ဘုန်းတော်ကြီးဉးဓမ္မရသ



(ဓမ္မာစရိယ B.A ၊ ပါဠိပါရဂူ ) သည် ၁၃၆၁-ခုနှစ်၌ **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**ဘွဲ့ ဆက်ကပ်ခံယူရရှိသည်။

ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ဒုတိယဆရာတော် (တိုက်အုပ်) ဦးဝိစိတ္တစာရသည် ၁၃၆၀-ခုနှစ်တွင် လွန်တော်မူပါသည်။

ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီးကို ယထာက္ကမံ နည်းမှန်လမ်းမှန်အတိုင်း အဆင့်ဆင့်စီမံ အုပ်ချုပ်လာခဲ့ရာ ဒုတိယဗာရာဏသီဆရာတော် (ယခင်တိုက်အုပ်) ဦးဝိစိတ္တစာရ လွန်တော်မူသောကာလမှ ၁၃၆၀-ခုနှစ်မှ ယနေ့ကာလအထိ-

( ဂ )

၁။ ဘဒ္ဒန္တနာဂဝံသ(ယခင်တိုက်ကြပ်) **ပဓာနနာယက**

၂။ ဘဒ္ဒန္တနန္ဒာဘာသာဘိဝံသ (ယခင်ဥပတိုက်ကြပ်) **တိုက်အုပ်** ဖြစ်လာကြပြီး-

စာချဘုန်းကြီး ၈-ပါးတို့ဖြင့် တွဲဖက်ကာ တိုက်သံဃာ ၁၃၀-ကျော်တို့ကို ဘုရားရှင်၏ ဝိနည်းဥပဒေ၊ ရှေးရှေးရွှေကျောင် ဆရာတော်ကြီးများ ချမှတ်ထားသော နည်းလမ်း၊ စည်းကမ်းဥပဒေသတို့ဖြင့် စီမံအုပ်ချုပ်၍ လက်တွဲညီညီ သာသနာပြုနေတော်မူကြသည်။

သိရီဟိတေသက (လယ်တီ)



၁။ အရှင်ဘုရား တပည့်တော်မသည် အသက်ထက်ဆုံး မိုးရေခံသင်္ကန်းကို လှူလိုပါ၏။
၂။ ဧည့်သည် အာဂန္တုတို့အား ဆွမ်းကို လှူလို ပါ၏။
၃။ ခရီးသွားရဟန်းတို့အား ဆွမ်းကို လှူလိုပါ၏။
၄။ သူနာရဟန်းတို့အား ဆွမ်းကို လှူလိုပါ၏။
၅။ သူနာပြုရဟန်းတို့အား ဆွမ်းကို လှူလိုပါ၏။
၆။ သူနာရဟန်းတို့အား ဆေးလှူလိုပါ၏။
၇။ အမြဲယာဂု လှူလိုပါ၏။
၈။ ဘိက္ခုနီသံဃာအား ရေသနုပ်ကို လှူလိုပါ၏။

ဤစကားရပ်သည် မြတ်စွာဘုရား သာဝတ္ထိပြည် ကြွရောက်စဉ် မိဂါရမာတာဝိသာခါ၏ အိမ်၌ ဆွမ်းလှူကိစ္စပြီးသည့်နောက် မိဂါရမာတာဝိသာခါ၏ လျှောက်ထား တောင်းဆိုအပ်သော ရှစ်ပါးသော ဆုဖြစ်ပေသည်။

ထိုအခါမြတ်စွာဘုရားသည် "ဝိသာခါ သင် သည် အဘယ် အာနိသင်ကို ကောင်းစွာမြင်သည်ဖြစ်၍ ငါဘုရားအား ဤရှစ်ပါးသော ဆုကိုတောင်းသနည်း" ဟု မေးတော်မူရာ- "အရှင်ဘုရား ဤသာသနာတော်၌ ဝါကျွတ်သောရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမျှော်ရန် သာဝတ္ထိပြည်သို့ လာကုန်လတ္တံ့၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ထံချဉ်းကပ်ပြီးလျှင်- 'အရှင်ဘုရား၊ ဤမည်သော ရဟန်းသား စုတေကွယ်လွန်ပါပြီ၊ ထိုရဟန်း လားရာဂတိကား

# ခေတ်သစ်ဝိသာခါ ဂုဏ်ပြုလွှာ

အရှင်သောမရံသိ



အဘယ်ပါနည်း?၊ တမလွန်၌ ဖြစ်ခြင်းကား အဘယ်ပါနည်း?၊ (အကျွတ် တရား ရခြင်းကား အဘယ်ပါနည်း?။) ဟု မေးကုန် ရာ၏။

ထိုအခါမြတ်စွာဘုရားသည် 'ထိုစုတေကွယ်လွန်သော ရဟန်းကို သောတာပတ္တိဖိုလ်သို့ ရောက်၏ ဟူ၍သော်လည်းကောင်း၊ သကဒါဂါမိဖိုလ်သို့ ရောက်၏ ဟူ၍သော်လည်းကောင်း၊ အနာဂါမိဖိုလ်သို့ရောက်၏ ဟူ၍သော် လည်းကောင်း၊ အရဟတ္တဖိုလ်သို့ရောက်၏ ဟူ၍သော်လည်းကောင်း ဖြေကြားတော်မူကုန်ရာ၏။

ထိုအခါ တပည့်တော်မသည် ရဟန်းတို့ထံ ချဉ်းကပ်ပြီးလျှင် 'အရှင်ဘုရားတို့ ထိုအရှင်သည် သာဝတ္ထိ ပြည်သို့ လာဘူးပါသလော့' ဟု မေးလျှောက်ပါအံ့။

ထို ရ ဟန်း သည် 'သာဝတ္ထိပြည်သို့ လာဘူးသည်' ဟုတပည့်တော်မအား အကယ်၍ ပြောဆိုပါအံ့။ ဤသို့သောအခါ၌ ဧကန်မုချ ထိုအရှင်သည်-



ငါ၏ မိုးရေခံသင်္ကန်းကို သော်လည်းကောင်း၊ ဧည့်သည်တို့အား လှူဒါန်းသောဆွမ်းကို သော်လည်းကောင်း၊ ခရီးသွားတို့အား လှူသောဆွမ်းကိုသော်လည်းကောင်း၊ သူနာတို့အား လှူသော ဆွမ်းကိုသော်လည်းကောင်း၊ နာဖျားသော ရဟန်တို့အား လှူသော ဆေးကိုသော်လည်းကောင်း၊ အမြဲ လှူသော ယာဂုကို သော်လည်း ကောင်း သုံးဆောင်ဘူး၏" ဟု ဆုံးဖြတ်ခြင်းသို့ရောက်ပါ၏ ဘုရား။

ထိုသုံးဆောင်ဘူးသော ရဟန်းကို အောက်မေ့သော တပည့်တော်မအား ဝမ်းမြောက် ခြင်း ဖြစ်ရပါ၏။ ဝမ်းမြောက်သော တပည့်တော်မအား နှစ်သက်ခြင်း ဖြစ်ရပါ၏။ နှစ်သက်သောစိတ်ရှိသော တပည့်တော်မ၏ ကိုယ်သည် ငြိမ်းအေးခြင်း ဖြစ်ရပါ၏။ ငြိမ်းအေးခြင်း ကိုယ်ရှိသော တပည့်တော်မ သည် ချမ်းသာကို ခံစားရပါ၏။ ချမ်းသာသော တပည့်တော်မ၏ စိတ်သည် တည်ကြည်ခြင်းသို့ ရောက်ရပါ၏။ ထိုတည်ကြည်ခြင်းသည် တပည့်တော်မအား ဣန္ဒြေကို ပွားစေခြင်း၊ ဖိုလ်ကိုပွားစေခြင်း ဗောဇ္ဈင်ကိုပွားစေခြင်းဖြစ်ရပါ၏။

အရှင်ဘုရား တပည့်တော်မသည် ဤအကျိုးအာနိသင်တို့ကို ကောင်းစွာမြင်သည်ဖြစ်၍ မြတ်စွာဘုရားအား ရှစ်ပါးသော ဆုတို့ကို တောင်းပါသည် အရှင်ဘုရား " ဟုလျှောက်၏။

မြတ်စွာဘုရားသည်"ကောင်းပေစွ - ကောင်းပေစွ"ဟု မိန့်တော်မူပြီး၊ "သင့်အား ရှစ်ပါးသောဆုတို့ကို ခွင့်ပြုတော်မူ၏" ဟုမိန့်တော်မူခဲ့လေသည်။

[မဟာဝဂ္ဂပါဠိတော်]

မိဂါရမာတာ ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးတို့ကို ပြည့်စုံစွာ လှူဒါန်းခဲ့လေသည်။ ထို့အတူ- ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်သို့ ကြွရောက် နေထိုင်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊ ကျောင်းသားတို့သည် တိုက်အစ်မကြီး ဒေါ်သိန်းတင်၏ ဆွမ်း၊ သင်္ကန်း၊

ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့တွင် တစ်ပါးပါးကို အလှူခံခဲ့ဘူးသည်သာတည်း။ အဘယ့်ကြောင့်နည်း?

သခင်မကြီး ဒေါ်သိန်းတင်သည် ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်တွင်း၌-

၁။ သိမ်၊ ကျောင်း၊ ဇရပ်၊ အမည်တပ် ၁၅-ရပ်တို့ကို **<u>တစ်ဦးတည်း</u>** ဆောက်လုပ်လှူဒါန်းခြင်း၊

၂။ နေ့စဉ်မပျက် ပိဏ္ဍပါတ်ဆွမ်းဟင်းလျာများ ချက်ပြုတ် ကပ်လှူခြင်း၊

၃။ နှစ်စဉ်မပျက် ဝါဝင်, ဝါထွက်သင်္ကန်းများ ဆက် ကပ်ခြင်း၊

၄။ ရဟန်း၊ သာမဏေ၊ ကျောင်းသားတို့၏ ကျန်းမာ ရေးအတွက် ဆေးဝါးများ လှူဒါန်းခြင်း၊

၅။ မြို့တွင်း၌ နံနက်ခင်း ဆွမ်းခံပါတ်ဝေးပါက ကား ဖြင့် သယ်ပို့ပေးခြင်း၊

၆။ ကျောင်းသားသူငယ်များကိုလည်း လုံချည်, အင်္ကျီ ညီတူ ညာတူ ဆင်မြန်း ပေးခြင်း၊

၇။ အရွယ်ရောက်ပြီး ကျောင်းသားကြီးများကို ရှင့်အမအဖြစ် ခံယူကာ သာမဏေဘဝသို့ သွတ်သွင်းပေးခြင်း စသည်တို့ကြောင့်ဖြစ် ပါသည်။

ဤကဲ့သို့ အလှူဒါနကို လှူဒါန်းဘူးသော ပုဂ္ဂိုလ် တို့သည် သံယုတ်ပါဠိတော် ကိံဒဒသုတ်၌လာသော-

၁။ ဆွမ်းကိုပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်၏။

၂။ အဝတ် သင်္ကန်းကို ပေးလှူသူသည် အဆင်းကို ပေးလှူသည်မည်၏။

၃။ ယာဉ်ကို ပေးလှူသူသည် ချမ်းသာကို ပေးလှူ သည်မည်၏။

၄။ ဆီမီးကို ပေးလှူသူသည် မျက်စိကို ပေးလှူသည်မည်၏။



၅။ နေရာ(ကျောင်းစသည်) ကို ပေးလှူ သူသည်ကား အလုံးစုံကိုပေးလှူသည် မည်၏။

၆။ တရားကို ဟောပြော ပြသသူသည် အမြိုက် (နိဗ္ဗာန်)ကို ပေးလှူသည် မည်၏ ဟု မိန့်တော်မူချက်အရ-

တိုက် အစ် မ ကြီး ဒေါ်သိန်းတင်သည်လည်း



ကောင်းမြတ်သော ချမ်းသာသုခကို ရရှိမည်မှာ ဧကန်မုချ ဖြစ်ပေသည်။ ထို့ကြောင့်-

၁။ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်အစ်မကြီး ဒေါ်သိန်းတင်၊

၂။ ဆေး လိပ် ရုံ ပိုင် ရှင် န ဝင်း ဒေါ်သိန်းတင်၊

၃။ သမိုင်းဝင် သခင်မကြီး ဒေါ်သိန်းတင်

၄။ ဝ ဏ္ဏ ကျော် ထင် ဘွဲ့ ရ ဒေါ်သိန်းတင်၊

၅။ ပြည်သူ့လွှတ်တော် အမတ်ဟောင်း ဒေါ်သိန်းတင်၊

၆။ မော်ကွန်းဝင် (ပထမ) ဆုရ ဒေါ်သိန်းတင်၊

၇။ နိုင် ငံ ဂုဏ် ရည် (ဒုတိယ)ဘွဲ့ရ ဒေါ်သိန်းတင်-ဟု

ထင်ရှားကျော်ကြားသော ဂုဏ်ထူးဘွဲ့ထူး များထက် အလှူဒါနတို့ကို စွမ်းစွမ်းတမံ ပြုလုပ် ရာတွင် နောင်လာနောက်သား ပုဂ္ဂိုလ်များအတွက် ရှေ့ရှု လမ်းပြ မီးရှူးတန်ဆောင် အတုယူစရာ၊ အားကျစရာ ပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့် "မိဂါရ မာတာ ဝိသာခါ" ပမာ "ခေတ်သစ်ဝိသာခါ-ဒေါ်သိန်းတင်" ဟု အမည်ကင်ပွန်းတပ် ရေးသား မိပါတော့သည်။

ဤစာတမ်းဖြင့် သာသနာ့ မိခင် တိုက်အစ်မကြီး ဒေါ်သိန်းတင်အား အမှတ်တရဂုဏ်ပြုအပ်ပါသည်။

အရှင်သောမရံသီ
(စာချ-ဂဏဝါစက)
ရှစ်မိုင်၊ မစိုးရိမ်ရွှေကျင်တိုက်သစ်
ရန်ကုန်မြို့။

**ဗာရာဏသီဆရာတော်ဘုရားကြီး**



ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက် ပထမဆရာတော်ဘုရားကြီး ဖွားတော်မူသော ၁၂၆၄-ခုနှစ်မှစ၍ ရေတွက်သော် ၁၃၆၄ ခုနှစ်တွင် သက်တော် (၁၀၀) ပြည့်ပြီး ဖြစ်သဖြင့် ရာပြည့်မွေးနေ့ ပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ထိုသို့ပြုလုပ်ရာ၌ ရာပြည့် အထိမ်းအမှတ် စာစောင် ထုတ်ဝေမည် ဖြစ်သဖြင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်၊ ကျောင်းတိုက်၏ ဂုဏ်၊ ဘာသာသာသနာနှင့်ပတ်သက်သော ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ လင်္ကာများ ပေးပို့ကြပါရန် ဗာရာဏသီ ကျောင်းတိုက်မှ တာဝန်ခံ စာချဘုန်းကြီး ဦးထေရပိယ က လာရောက်၍ ဘုန်းကြီး ထံတောင်းခံစာပို့သွားပါသည်။

# သုံးခရိုင်ရွှေကျင်နိကာယ
## ဝိနည်းစာပြန်ပွဲကြီး

ဦးနာဂဝံသ(မောင်းထောင်)

ထိုသို့တောင်းခံစာလာပို့သောအခါ မည်သို့ မည်ပုံ အကြောင်းခံ၍ မည်သို့ မည်ပုံရေးရလျှင် ကောင်းလိမ့်မည်ဟု စဉ်းစားရပါသည်။ စဉ်းစားသောအခါ မိမိတို့ကိုယ်တိုင် လုပ်ကိုင်နေကြ တွေ့ကြုံနေကြဖြစ်သော အထက်ပါခေါင်းစီးပါ အကြောင်းအရာကိုရေးရန် ဆုံးဖြတ်လိုက်ပါသည်။

အထက်ပါခေါင်းစီး၌ <u>သုံးခရိုင်</u> ဟူသည် ပြည်ခရိုင်၊ သရက်ခရိုင်၊ သာယာဝတီခရိုင် ဟူသောခရိုင် သုံးခရိုင်ကို ခေါ်သည်။ <u>ရွှေကျင်နိကာယ</u> ဟူသည်

ပထမရွှေကျင်ဆရာတော် ဘုရားကြီးမှစ၍ ရွှေကျင် ဥဩ္ဘောင်ဆရာတော်ဘုရားကြီးများ၏ အဆုံးအမ ဩဝါဒကိုနာခံယူလျက် ရွှေကျင်ဂိုဏ်းကျင့်ထုံး ဥပဒေများနှင့်အညီ နေထိုင်ကြသော သံဃာတော်အပေါင်းကို ရွှေကျင်နိကာယဟုခေါ်သည်။ **ဝိနည်းစာပြန်ပွဲ** ဟူသည် ဒွေမာတိကာမှစ၍ ဘုရားဟောဝိနည်း ပါဠိတော်များကို ရွှေကျင်ဂိုဏ်းသံဃာတော်တို့ စုပေါင်း၍ နှုတ်လွတ်အာဂုံ ရွတ်ဆိုပြန်ဆိုကြသောပွဲကို ဝိနည်းစာပြန်ပွဲဟုခေါ်သည်။

ဤသုံးခရိုင် ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲကြီးတည်ရာ ကျင်းပပြုလုပ်ရာဌာနမှာ ပြည်မြို့၊ နဝင်းရပ် ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်ဖြစ်ပါသည်။ ပြည်မြို့၊ နဝင်းရပ်၊ ကျီးငှက်ဆေးလိပ်ရုံပိုင်ရှင် သခင်မကြီး ဒေါ်သိန်းတင်က မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော မကွေးတိုင်း၊ မြေထဲ (အောင်လံ) မြို့နယ်၊ ဇိန့်ရွာဇာတိဖြစ်သော ဆရာတော် ဦးအာနန္ဒပဏ္ဍိတကို ပင့်လျှောက်






ပြည်၊ သရက်၊ သာယာဝတီ သုံးခရိုင် ဝိနည်းစာပြန်ပွဲတော်၌ ဆရာတော်ဘုရားကိုယ်တိုင် ဆွမ်းဆန်စိမ်းခံ ကြွတော်မူစဉ်

၍ ပြည်မြို့၊ နဝင်းရပ်ရှိ ငါးမျက်နှာကျောင်းကို အပ်နှံလှူဒါန်းလိုက်ပါသည်။ ပင့်လျှောက်သဖြင့် ၁၃၂၀-ခုနှစ်က တည်ထောင်ခဲ့သော ကျောင်းတိုက်ကြီး ဖြစ်ပါသည်။

ထိုဆရာတော် ဦးအာနန္ဒပဏ္ဍိတသည် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့သို့ ကြွတော်မူ၍ ဟိန္ဒူယူနီဗာစီတီ သက္ကတ ကောလိပ်၌ ဘာသန္တရစာပေများကို သင်ကြားတော်မူခဲ့သည်။ ထိုဟိန္ဒူတက္ကသိုလ်တွင် သက္ကတ ဟိန္ဒီဘာသာ **မဟာဝိဇ္ဇာ**ဘွဲ့ကို ရရှိတော်မူသည်။ မြန်မာပြည်သို့ ပြန်ကြွလာသောအခါ ထိုဆရာတော် ဦးအာနန္ဒပဏ္ဍိတကို မဟာဝိသုဒ္ဓါရုံတိုက် ကျေးဇူးတော်ရှင် စည်ရှင်ဆရာတော်က ဗာရာဏသီဆရာတော်ဟု ဘွဲ့တော်ခေါ်မှတ် ထပ်၍ကင်ပွန်း တပ်ပေးလိုက်ပြန်ပါသည်။ ထို့ကြောင့် ထိုဆရာတော်ဘုရားကြီးကို ဗာရာဏသီဆရာတော်ဟူ၍ပင် ယခုထက်တိုင် ထင်ရှားကျော်ကြား လူသိများကြပါသည်။ ပြည်မြို့၊ နဝင်းရပ်၌ ကျောင်းတိုက်တည်ထောင်သောအခါ မိမိနေခဲ့ရင်းဖြစ်သော ဝိသုဒ္ဓါရုံဟူသောအမည်ကို ရှေ့မှထား၍ မိမိ၏ နောက်ထပ် ပညတ်ခေါ်မှတ်အပ်သော ဗာရာဏသီ ဟူသော အမည်နှင့် တွဲစပ်၍ **ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်**ဟု ကျောင်းတိုက်အမည်ကို မှည့်ခေါ်သတ်မှတ် သမုတ်ထားပါသည်။

၁၃၂၀-ခုနှစ် ကျောင်းတိုက်တည်ထောင်၍ စာချဘုန်းကြီးများ၊ စာသင်သားသံဃာများ လက်ခံထားကာ ပရိယတ်စာပေများကို သင်ကြားပို့ချစေတော်မူခဲ့သည်။ တဖြည်းဖြည်းနှင့် စာချစာသင်သံဃာများတိုးပွားလျက် စည်ကားလာပါသည်။ တစ်နည်းအားဖြင့် ပြည်မြို့ပေါ်တွင် ရွှေကျင်ဂိုဏ်းအခြေချ အစပျိုးပေးလိုက်ခြင်းဖြစ်ပါသည်။

၁၃၂၀-ခုနှစ် ကျောင်းတိုက်တည်ထောင်၍ စာပေပရိယတ်ကို ပို့ချသင်ကြား၍ အချိန်ရလာသောအခါ တစ်မြို့နယ်လျှင် တစ်ဌာန ရွှေကျင်နိကာယ



ပြည်မြို့သို့ရောက်ရှိပြီးနောက် ဆရာတော်ဘုရားကြီး၏
ဒုတိယဥပဇ္ဈာယ်ဆရာ ဓမ္မိကရာမဆရာတော်ဘုရားကြီး

ဝိနည်းစာပြန်ပွဲ ကျင်းပရမည်ဟူသော **ရွှေးရွှေး ရွှေကျင်နိကာယာ ဓိပတိဆရာတော်ဘုရားကြီးများ** သတ်မှတ်ဆုံးဖြတ်ချက်အတိုင်း ဝိသုဒ္ဓါရုံ ဗာရာဏသီ တိုက် ပထမဆရာတော်ဘုရားကြီးသည် **ကျောင်းအမ ကြီး** နဝင်းဒေါ်သိန်းတင် **အမှူးရှိသော ကျောင်းတိုက်** ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများနှင့် တိုင်ပင်ကာ ကျောင်းတိုက်တည်ထောင်၍ ငါးနှစ်ပြည့်မြောက်သော ၁၃၃၂-ခုနှစ်တွင် သုံးခရိုင်ဝိနည်း စာပြန်ပွဲကြီးကို စတင်ကျင်းပနိုင်ခဲ့ပါသည်။

ထို့ကြောင့် ဤသုံးခရိုင် ရွှေကျင်နိ ကာယ ဝိနည်းပြန်ပွဲကြီးကို ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် ပဏာမဗာရာဏသီ ဆရာတော် ဘုရားကြီးဦးဆောင်၍ တည်ထောင်ခဲ့ပါသည်။ ၁၃၃၂-ခုနှစ်မှစ၍ စာပြန်ပွဲကြီးကို နှစ်စဉ်မပျက်ကျင်းပလာရာ ယခု ၁၃၆၃-ခုနှစ်အထိ (၃၁) ကြိမ်ပင် ရောက်ရှိလာပါပြီ။ နှစ်စဉ်တပို့တွဲလဆန်း ၁၂-၁၃-၁၄-ရက်များတွင် (၃) ရက်တိုင်တိုင် ဝိနည်းစာတော်ကို အာဂုံနှုတ်လွတ် အရကျက်၍ ပြန်ဆိုကြရပါသည်။ တပို့တွဲလပြည့်နေ့တွင် စာအောင်သံဃာပူဇော်ပွဲ ကျင်းပပါသည်။

ပြန်ဆိုရသည့်ကျမ်းစာများမှာ-

**ရဟန်းတော်ဖြစ်လျှင်**

၁။ ဘိက္ခုပါတိမောက်----တစ်စောင်ပြန်
၂။ ဒွေမာတိကာ-----နှစ်စောင်ပြန်
၃။ ဒွေမာတိကာနှင့်ခုဒ္ဒသိက္ခာရှေ့ပိုင်း-သုံးစောင်ပြန်
၄။ ဒွေမာတိကာနှင့်ခုဒ္ဒသိက္ခာအကုန်-လေးစောင်ပြန်
၅။ ဒွေမာတိကာနှင့် ခုဒ္ဒသိက္ခာ၊ မူလသိက္ခာ-ငါးစောင်ပြန်
၆။ ဒွေမာတိကာနှင့်ခုဒ္ဒသိက္ခာ၊ မူလသိက္ခာ၊ ဝိနယ ကောသလ္လကျမ်း-ခြောက်စောင်ပြန်--

**သာမဏေဖြစ်လျှင်** -

၁။ ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယ၊ ဝတ်ပိုင်း ပါဠိအနက်-တစ်စောင်ပြန်
၂။ တစ်စောင်ပြန်ကျမ်းစာများနှင့် ဝိသုဒ္ဓါရုံညဥ့်ရွတ် နံနက်ရွတ်စဉ် ပရိတ်ကြီး ၁၁-သုတ်၊ ဓမ္မစကြာ ပါဠိများ--နှစ်စောင်ပြန် ဖြစ်ပါသည်၊

သုံးခရိုင်မှ ဝိနည်းစာပြန်သံဃာများနှင့် ကျောင်းထိုင် ကျောင်းပိုင် ဘုန်းကြီးများကို တပို့တွဲ လဆန်း (၁၁) ရက်နေ့ညအရောက် ပင့်ထားပါသည်။ ရွှေကျင်ဂိုဏ်းဆိုင်ရာ ရွှေကျင်သာသနာပိုင် ဆရာတော် များ၊ တွဲဘက်ရွှေကျင်သာသနာပိုင်ဆရာတော်များ၊ ရွှေကျင်ဂိုဏ်းမှ အခြားပင့်သင့်ပင့်ထိုက်သော ဆရာ တော်များကိုလည်း အထူးဝိသေသပင့်အဖြစ် ပင့်ရပါ သည်၊

တပို့တွဲလဆန်း ၁၂-၁၃-၁၄-၁၅-ရက်နေ့ နံနက် အာရုဏ်ဆွမ်းစားပြီးနောက် ကြွရောက် တော်မူလာကြသော မထေရ်ကြီးများ ဦးဆောင်၍ သုံးခရိုင်မှ ကြွလာကြသော ရှင်သာမဏေကလေးများပါ မကျန် ရပ်ကွက်အလိုက် လှည့်လည်၍ ညီညီညာညာ တန်းစီကာ ဆွမ်းခံထွက်ကြရပါသည်။ ဆွမ်းခံရာ၌

ချက်ပြီးဆွမ်း၊ ဆွမ်းဟင်းများကို အလှူခံသည်မဟုတ်၊ ဆွမ်းဆန်များ၊ သံဃာ တော်သုံး သက်နုး၊ ထီး၊ ဖိနပ်၊ ခဲတန်၊ ဗလာစာအုပ်၊ ဆပ်ပြာစသည်များကို အလှူခံခြင်းသာ ဖြစ်ပါသည်။ သံဃာတော်များမှာ သပိတ်လွယ်၍ ဒကာ ဒကာမများ ကြည်ညိုဘွယ်ကို ဆောင်ရှိသာ ကုန္တေရရတန်းစီ၍ ကြွကြရပါသည်။ ရလာသော ပစ္စည်းဝတ္ထုများကို ဂန္ဓဓုရပူဇကအဖွဲ့ ဒကာများက စနစ်တကျ စာရင်းပြုလုပ်ထားရပါသည်။

နေ့ဆွမ်းစားပြီးသောအခါ ခေတ္တ အနားယူပြီး ၁-နာရီအချိန် စာပြန်သံဃာများကို ဓမ္မာရုံကြီး အလယ်ထပ်သို့ကြွပြီး လက်မှတ်ထိုးကျမ်း စာ အ လိုက် စာပြန် ပလ္လင်သို့ပင့်၍ အလှည့်ကျ ဝိနည်းစာတော်ကို ၁၂-၁၃-၁၄ ရက်များတွင် (၃) ရက်တိုင်တိုင် ပြန်ဆိုကြရပါသည်။ သုံးခရိုင်မှ ကြွလာကြသော ကျောင်းထိုင်၊ကျောင်းပိုင်



ဂန္ဓ ဓုရ ပူဇကအဖွဲ့အတွင်းရေးမှူး ဦးစိုးမင်းက
စာပြန်သံဃာတစ်ပါးအား လှူဖွယ်ပစ္စည်း ဆက်ကပ်နေစဉ်

ဘုန်းတော်ကြီးများက အလှည့်ကျ စာထောက်စာမအဖြစ် ဆောင်ရွက်ကြပါသည်။ ကျန် သံဃာတော်မထေရ်ကြီးများနှင့် စာပြန်သံဃာတော်များက မိမိပြန်ဆိုရမည့် အလှည့်ကို စောင့်ရင်း စာနာနေကြရပါသည်။ ညနေ (၄) နာရီ ထိုးသောအခါ စာပြန်ခြင်းကိစ္စကို ရပ်နားလိုက်ပါသည်။ စာပြန်ပြီးသောအခါ ဒကာဒကာမများ လှူဒါန်းထားသည့် အဖျော်ရည်များ၊ ဘိလပ်ရည်များ၊ စတု မဓုများကို ဆက်ကပ် ကြပါသည်။

ညနေ (၆) နာရီလောက်တွင် ကြွလာကြသော သံဃာ မထေရ်ကြီးများနှင့် သုံးခရိုင်မှ စာပြန်သံဃာတော်များ စုပေါင်း၍ ဓမ္မာရုံကြီး ပေါ်တွင် ဘုရားရှိခိုး ကြရပါသည်။ ဘုရားရှိခိုးပြီးသောအခါသံဃာတော်များကို ပြန်မလွှတ်သေးဘဲ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများ၊ စာပြန်ပွဲဦးဆောင်ဆရာတော်ကြီးများ၏ ဩဝါဒကို နာကြားမှတ်သားကြရပါသည်။ ဆရာတော်ကြီး များ က လည်း ဝိနည်းကျင့်ဝတ် နှင့် ပတ်သက်သောဩဝါဒ၊ ကိုယ်ကျင့်သီလ နှင့် ပတ်သက်သော ဩဝါဒ၊ ရွှေကျင်ဂိုဏ်း ကျင့်ဝတ်စသော အခြား ဗဟုသုတ ဖြစ်ဖွယ် ဖြစ်သောဩဝါဒ၊ မှတ်သားစရာ၊ လိုက်နာစရာဩဝါဒများကို ညစဉ် မိန့်မြွက်တော်မူ ကြပါသည်။

ည (၇) နာရီအချိန်တွင် ပင့်ဆောင်ထားသော နိုင်ငံကျော်ဓမ္မကထိကများက (၄) ညတိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဟောကြားကြပါသည်။

တပို့တွဲလဆန်း(၁၄)ရက်နေ့ညနေ စာပြန်ခြင်းကိစ္စပြီးဆုံးသောအခါ သုံးခရိုင်မှ ကြွလာကြသော မထေရ်ငယ်များနှင့် စာပြန်သံဃာများက သုံးခရိုင်ဝိနည်းစာပြန်ပွဲ ဦးဆောင်နာယကဥက္ကဋ္ဌ ဆရာတော်ကြီး(၃)ပါးအား ကန်တော့ကြပါသည်။ ဆရာတော်ကြီးများကလည်း ဩဝါဒ ပေးတော်မူကြပါသည်။

တပို့တွဲလပြည့်နေ့တွင် စာပြန်ခြင်းကိစ္စပြီးဆုံး၍ စာပြန်ပွဲအောင်မြင်ခြင်းအထိမ်းအမှတ်အတွင်္ မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပကြပါသည်။ ထိုအစီစဉ်တွင် စာပြန်ပွဲကြွလာကြသော ထေရ်ကြီး ထေရ်ငယ် စာပြန်သံဃာအားလုံး နေ့(၁)နာရီအချိန် သက်န်းရုံ၍ ဓမ္မာရုံကြီးပေါ်သို့ကြွရောက်၍ သံဃာတော်များနေရာတွင် နေရာယူထိုင်နေကြရပါသည်။ ရေစက်ချအနုမောဒနာတရားဟောမည့် မထေရ်ကြီးကို ဓမ္မာသနပလ္လင်ကြီးပေါ်သို့ ပင့်ဆောင်ထားကြပါသည်။ ဂန္ထဓုရပူဇကအဖွဲ့ဒကာများနှင့် လူပရိသတ်များက သံဃာတော်များရှေ့တွင်နေရာယူကြရပါသည်။

သံဃာပရိသတ်၊ လူပရိသတ် စုံညီသောအခါ အခန်းအနားမှူးက ဝိနည်းပြန်အောင်ပွဲပြုလုပ်မည့်အစီအစဉ်များကို ဖတ်ကြားလျှောက်ထားပါသည်။ အစီအစဉ်တွင်ပါသည့်အတိုင်း ဆက်လက် ပြုလုပ်ကြပါသည်။ ရဟန်းတော် ၂-ပါးက ဝိနည်းသင်္ဂါယနာ အမေးအဖြေပြုလုပ်ခြင်း၊ သံဃာတော်များ ဝိနည်းပါဠိတော်ကို ပါရာဇိကသိက္ခာပုဒ်အကုန်ထိ စုပေါင်းရွက်ဆိုကြခါ ဝိနည်းတရားကို သံဂါယနာတင်ခြင်း၊ အောင်မြင်ခြင်းအထိမ်းအမှတ် ရတုပိုဒ်စုံရွတ်ဆိုခြင်းတို့ကို ပြုလုပ်ပြီးနောက် မထေရ်ကြီးထံမှ အနုမောဒနာတရားနာကြားခြင်း၊ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်ချ အမျှပေးဝေခြင်းတို့ကို ပြုလုပ်ကြပါသည်။

ဆွမ်းခံလှည့်လည်ရာ၌ ရလာသော ပစ္စည်းဝတ္ထုများကို စာပြန်သံဃာများအား စောင်ရေအလိုက် အချိုးကျခွဲဝေ၍ လှူဒါန်းကြပါသည်။ ရလာသော အနာမာသဝတ္ထုငွေများကိုလည်း စာပြန်သံဃာများအား စောင်ရေအလိုက် အချိုးကျခွဲဝေ၍ ကပ္ပိယကာရကထံ အပ်နှံလှူဒါန်း လိုက်ကြပါသည်။ ထိုနောက် ဇယန္တောဗောဓိယာမူလေစသောဂါထာကို သုံးကြိမ်ရွတ်ဆိုကြ၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြပါသည်။ ၎င်းနောက် လပြည့်နေ့ဖြစ်သဖြင့် သံဃာ့ဥပုသ်ပြုကြပါသည်။ တပို့တွဲလပြည့်နေ့ညနှင့် လပြည်ကျော်(၁) ရက်နေ့တွင် မိမိရပ်ဌာန်သို့ပြန်ကြွကြပါတော့သည်။ အပြန်ခရီးတွင် စာပြန်ဌာနမှ ရထား၊ ကား၊ စရိတ်များကို လှူဒါန်းလိုက်ကြပါသည်။

စာပြန်ပွဲ စ၍ကျင်းပစဉ်က သုံးထပ်ဓမ္မာရုံကြီး မရှိသေးပါ။ ယခုဓမ္မာရုံ ကြီးနေရာတွင် ရင်ခွဲမဏ္ဍပ်ဆောက်လုပ်ပြီး ဘေးမှအလုံကာရံကာ ၎င်းမဏ္ဍပ်အတွင်းစာပြန်သံဃာများ အိပ်ကြရပါသည်။ စာပြန်သည့်နေရာမှာ အလယ်တိုက်ကြီးအောက်ထပ်တွင် ကြပ်ကြပ်တည်းတည်းနေပြီး စာပြန်ရပါသည်။ အလယ်တိုက်နှင့် ဆွမ်းစားကျောင်းအကြား ကွက်လပ်တွင် မဏ္ဍပ်ဆောက်ပြီး ၎င်းမဏ္ဍပ်အတွင်း တရားဟော၊ တရားနာကြရပါသည်။ စာပြန်ပွဲ ကျင်းပလို့ လေးနှစ်ငါးနှစ်လောက်ရောက်ရှိလာချိန် ယခုဓမ္မာရုံကြီး စပြီးတည်ဆောက်ရာ နှစ်နှစ်လောက်နှင့် ပြီးဆုံးသွားပါသည်။

ယခုအချိန် ဤဓမ္မာရုံကြီးအပေါ်မှာပင် စာပြန်ခြင်း၊ တရားဟောခြင်း၊ အခမ်းအနားပြုလုပ်ခြင်းစသည်များကို ကျယ်ကျယ်ဝန်းဝန်းချမ်းချမ်းသာသာနှင့် ပြုလုပ်ကြရပြီး၊ ဆရာတော်ဘုရားကြီး၏ ဘုန်းတန်ခိုးအာနုဘော်ကားကြီးမားလှပေစွ၊ လုံးလဝီရိယတော်ကလည်း အံ့ဩဘွယ်ရာကြီးမားလှပေစွ၊ သခင်မကြီးဒေါ်သိန်းတင်စသော ပစ္စည်းလေးပါးဒကာ ဒကာမတို့၏ ဗုဒ္ဓသာသနာတော်ကို ယုံကြည်မှု သဒ္ဓါတရားကိုလည်း ချီးကျူးထိုက်ပေစွ။

သုံးခရိုင် ဝိနည်းစာပြန်ပွဲကြီး မဖြစ်ပေါ်သေးမီက သုံးခရိုင်မှာရှိကြသော ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များ တစ်ပါးနှင့်တစ်ပါး မတွေ့မြင်ဘူးကြပါ။

မသိကျွမ်းကြသေးပါ။ မိမိတို့ခရိုင်အတွင်းရှိ ရွှေကျင်ဂိုဏ်းဝင် သံဃာအချင်းချင်းသော်မှ မတွေ့မြင်ဘူးကြ၊ မသိကျွမ်းကြပါ။ မိမိတို့မြို့နယ်အတွင်းရှိ ရွှေကျင်ဂိုဏ်းဝင်သံဃာ အချင်းချင်းလောက်သာ မြင်တွေ့ကြရ၊ သိကျွမ်းခင်မင်ကြပါသည်။

ဗာရာဏသီဆရာတော် ဘုရားကြီးက လုံ့လဝီရိယကောင်းကောင်း အမြော်အမြင်ကြီးကြီးနဲ့ သုံးခရိုင်ဝိနည်းစာပြန်ပွဲကြီးကို စတင်တည်ထောင်ကျင်းပပေးမှသာလျှင် သုံးခရိုင်မှာရှိကြသော ရွှေကျင်ဂိုဏ်းဝင် ထေရ်ကြီး ဝါကြီး သံဃာတော်များ၊ ထေရ်လတ် ထေရ်ငယ် သံဃာတော်များ တွေ့မြင်ကြရ၊ ခင်မင်ရင်းနှီးကြရ၊ သာသနာရေးကိစ္စ၊ ဂိုဏ်းဂဏ ကိစ္စ တွေကို တိုင်ပင်နှီးနှောဆွေးနွေးကြရ၊ ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများ၏ ဩဝါဒများကို နာယူမှတ်သားကြရ၍ အလွန်ကျေးဇူးများလှပါသည်။

သုံးခရိုင်ရှိ ရဟန်းငယ် ရှင်သာမဏေများလည်း ဝိနည်းသိက္ခာပုဒ်တွေ ရှင်ကျင့်ဝတ်သိက္ခာပုဒ်တွေ အာဂုံနှုတ်တက်အရ ကျက်ကြသဖြင့် ကျေးဇူးများလှပါသည်။ သုံးခရိုင်ရွှေကျင်နိကာယတွင် ပါဝင်ကြသော သံဃာတော်တွေ ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီဖြစ်ပြီး စည်းစည်းလုံးလုံး ဖြစ်သွားကြရပါသည်။

ဗာရာဏသီဆရာတော်ဘုရားကြီးကား အမြော်အမြင်ကြီးမားလှပါသည်။ တစ်သာသနာလုံး အတွက်ရော၊ မိမိဂိုဏ်းအတွက်ပါ ကျေးဇူးများလှပါသည်၊ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်ကား ရေး၍ပင် မကုန်နိုင်အောင် များပြားလှပါသည်။

ဆရာတော်ဘုရားကြီးသည် သုံးဆယ်မြို့၊ မောင်းထောင်ကျောင်းတိုက်ကြီးကို ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့် ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ကြီး တည်ထောင်ထားသော ကျောင်းတိုက်ကြီးဖြစ်သဖြင့် မောင်းထောင်ကျောင်းတိုက်ကို အလွန် သံယောဇဉ်ရှိသည် အားလျော်စွာ မကြာမကြာလည်း ကြွတော်မူပါသည်။ ကြွလာတိုင်း ကြွလာတိုင်းလည်း သံဃာတော်များအား ဩဝါဒပေးသနားတော်မူပါသည်။ ညီညွတ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရဟန်းတော်တို့၏ သီလကျင့်ဝတ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဂိုဏ်းဂဏရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဩဝါဒပေးတော်မူပါသည်။

စာရေးသူသည် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်၍ ဆရာတော်ကြီး၏ ဝေယျာဝစ္စများကို အနီးကပ်ဆောက်ရွက်ခဲ့ဘူးပါသည်။ ဆရာတော်ဘုရားကြီး၏ စိတ်နေသဘောထားမှာ ဖြောင့်မတ်ဖြူစင်လှပါသည်။ ခန္တီတရား၊ မေတ္တာတရား အလွန်ကြီးမားတော်မူလှပါသည်။ ခမာဂုဏ် ဇာဂရိယဂုဏ်စသော နာယကဂုဏ် (၆)ပါးနှင့်လည်း ပြည့်စုံတော်မူပါသည်။ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားမြင့်မြတ်ပုံကား ရေးလို့မကုန်နိုင်အောင် များပြားလှသဖြင့် ဤမျှနှင့် အကျွန်ုပ်၏ စာမူဆောင်းပါးကို ရပ်နားလိုက်ပါသည်။ **ပထမဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်ဘုရားကြီး** စတင်တည်ဆောက်တော်မူသော သုံးခရိုင်ရွှေကျင်နိကာယဝိနည်း စာပြန်ပွဲ နှစ်စဉ်မပျက် ဆောင်ရွက်ကျင်းပနိုင်ကြပါစေသတည်း။

(ဤစာမူဆောင်းပါးပါ အချို့သော အချက်များကို ဗာရာဏသီဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ အကျဉ်းကို မှီငြမ်းပြုပါသည်။)

ဘုန်းကြီး ဦးနာဂဝံသ
ပဓာနနာယကဆရာတော်
မောင်းထောင်ကျောင်းတိုက်
သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်။



# ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်

## တစ်နေ့တာလုပ်ငန်းဆောင်ရွက်ချက်များ

၁။ နံနက် ၃း၃၀ သစ်စည်ထိုး၍ သံဃာတော်များ အိပ်ယာမှထကြရသည်။

၂။ နံနက် ၄း၀၀ ဘုရားဝတ်တက်ကြသည်။

၃။ နံနက် ၄း၂၀ နံနက် ဝတ်ရွတ်စဉ်များရွတ်ပွားသရဇ္ဈာယ်ကြရသည်။

၄။ နံနက် ၄း၃၀ ၁၀ မိနစ်ကြာမျှ အာနပါနစသည်တရားဘာဝနာ နှလုံးသွင်း ပွားများကြရသည်။

၅။ နံနက် ၄း၄၀ မေတ္တာပို့သကြရသည်။

၆။ နံနက် ၅း၀၀ နံနက်ဆွမ်းခံ (အတန်းဖြင့်) ကြွကြရသည်။

၇။ နံနက် ၆း၀၀ အရုဏ်ဆွမ်း ဘုဉ်းပေးကြရသည်။

၈။ နံနက် ၆း၄၅ မှ ၇း၃၀ ထိ စာချ၊စာအံ၊ စာပြန်ပြုကြရသည်။

၉။ နံနက် ၈း၀၀ နေ့ဆွမ်း (အတန်းဖြင့်) ကြွကြရသည်။

၁၀။ နံနက် ၉း၀၀ မှ ၁၀း၀၀ ထိ စာချ၊ စာအံ၊စာပြန် ပြုကြရသည်။

၁၁။ နေ့လည် ၁၁း၀၀ နေ့ဆွမ်း ဘုဉ်းပေးကြရသည်။

၁၂။ နေ့လည် ၁၂း၀၀ အပန်းဖြေ၊ အနားနေအိပ်စက်လိုက အိပ်စက်၍ စာကြည့်လိုက စာကြည့်ကြရသည်။

၁၃။ နေ့လည် ၁း၀၀ မှ ၂း၃၀ ထိ စာချ၊ စာအံ ၊ စာပြန် ပြုကြရသည်။

၁၄။ နေ့လည် ၃း၀၀ မှ ၄း၀၀ ထိ စာချ၊ စာအံ၊ စာပြန် ပြုကြရသည်။
၁၅။ ညနေ ၅း၀၀ ဆရာတော်ထံ၌ စာပြန်ညှိကြရသည်။
၁၆။ ည ၆း၃၀ ဘုရားဝတ်တက်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပါတိမောက်ရွတ်ဆိုခြင်း၊ ဓမ္မစကြာရွတ်ခြင်း၊ ညဥ့်ဝတ်ရွတ်စဉ် များရွတ်ခြင်းတို့ကို နေ့ရက်အလိုက် ရွတ်ဖတ် သရဇ္ဈာယ်ကြရသည်။
၁၇။ ည ၇း၀၀ မှ ၉း၀၀ ထိ စာပြန်ကြရသည်။
၁၈။ ည ၉း၀၀ မှ ၁၀း၀၀ ထိ ညဝါ စသည်ဆိုကြရ၊ စာကြည့်ကြရသည်။
၁၉။ ည ၁၀း၀၀မှ နံနက် ၃း၃၀ ထိ အိပ်စက်ကြရသည်။

* အဖိတ်နေ့တိုင်း ဩဝါဒခံယူခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းတို့ကို လည်းကောင်း၊
* ဥပုသ်နေ့တိုင်း စာချဘုန်းကြီးများထံ စာပြန်ဆိုခြင်း၊ စာမေးပွဲဖြေဆိုခြင်း၊ ဥပုသ်နေ့ညတိုင်း ရွှေကျင် ဂိုဏ်းကျင့်ထုံး ဥပဒေသတို့ကို နာကြားခြင်း၊ အလှည့်ကျ တရားဟောပြောခြင်းတို့ကို ပြုလုပ်ရသည်။
* ဝါတွင်းဥပုသ်နေ့တိုင်း ဧကာသနိက်ဓုတင်ဆောက်တည်ကြရပါသည်။

## ပိပိဓါလာဘ်-ပိပိသတ်

ဖလံဝေ ကဒလိံ ဟန္တိ၊ ဖလံဝေဠုံ ဖလံနဠံ
သက္ကာရောကာပုရိသာ ဟန္တိ၊ ဂဗ္ဘော အဿတရိံ ယထာ။

(သံယုတ် - ပါ - ပ - နှာ -၁၅၆ - ၄၃၆)

ငှက်ပျောသီးလျှင်၊ ငှက်ပျောပင်သတ်၊ ဝါးပင်ကိုသတ်၊ ဝါးသီးမှတ်လော့၊ သတ်တတ်ကျူပင်၊ ကျူသီးလျှင်တည့်၊ ထို့ပြင် အဿတိုရ်၊ မြည်းမကိုကား၊ ကိုယ့်ကိုယ်ဝန်သာ၊ သတ်တတ်စွာသို့၊ ပူဇာသက္ကာ၊ လာဘ်များစွာကား၊ ယုတ်မာသောသူ၊ သတ်တတ်ဟူ၏။

ဘုန်းကြီးဦးနာဂဝံသ
မောင်းထောင်ကျောင်းတိုက်
သုံးဆယ်မြို့

ဆောင်းပါးကဏ္ဍ

# အကျိုးဆောင်၏သည်းခံခြင်းတရား

[redacted]



သာသနာရေးရာ အဖွဲ့အစည်းများ သံဃာ့အဖွဲ့အစည်းများကို ဖွဲ့စည်း၍ ကျောင်းတိုက်ကိစ္စ ဂိုဏ်းကိစ္စ သာသနာရေးကိစ္စဟူသမျှ ဆောင်ရွက်ကြရာ၌ အကြီး အချုပ် ဥက္ကဋ္ဌ ဆရာတော်များ၊ အကျိုးဆောင် ဆရာတော်များ၊ တင်မြှောက်ဆောင်ရွက်ကြမှသာ အလုပ်ကိစ္စ အတော်အတန်ပြီးစီး အောင်မြင်သည်ကို စာရှုသူများ သိပြီး ဖြစ်ပေလိမ့်မည်။

အဖွဲ့စည်းများကို ဆုံးဖြတ်ပိုင်ခွင့်ရှိသော ဥက္ကဋ္ဌတစ်ပါးတည်း ထားရှိကြရာမှ အကြောင်းတစုံတရာ ကိစ္စပေါ်ခိုက် ဥက္ကဋ္ဌဆရာတော် အကြောင်း မညီ၍ အစည်းအဝေးမတက်နိုင်လျှင် ဆုံးဖြတ် ဆောင်ရွက်နိုင်သော တွဲဘက်ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌ စသည် တင်မြှောက်ထားကြရပြန်သည်။

ထို့အတူ အကျိုးဆောင် နေရာမှာလည်း တစ်ပါးတည်း ဆိုပါက အလုပ်ကိစ္စကောင်းစွာ မနိုင်မနင်းဖြစ်တတ်ကြ၍တွဲဘက် အကျိုးဆောင် /ဒုတိယ အကျိုးဆောင် စသည် တင်မြှောက်ထားကြပေသည်။

နိုင်ငံတော်အဖွဲ့အစည်းနှင့် လူတို့၏ ဂေါပက/ဝေယျာဝစ္စ စသည် ဖွဲ့စည်းကြရာ၌ကား အကျိုးဆောင်နေရာ၌ အတွင်းရေးမှူးဟူသော အမည်နာမဖြင့် ကင်ပွန်းတပ်ကြသည်ကများပါသည်။ သာသနာသုံး သံဃာသုံးအရဆိုလျှင် ဥက္ကဋ္ဌနှင့် နီးနား နောက်တော်ပါးဝယ် အကျိုးဆောင်ဟူ၍သာ ခန့်အပ်ခေါ်ဝေါ်ကြလေသည်။

ဤနေရာ၌ ရွှေကျင်ဂိုဏ်း၏ သုံးစွဲပုံကိုသာ ဖော်ပြပါဆိုလျှင် မြန်မာသာသနာရေးသာမက ကမ္ဘာ့သာသနာရေးအထိ ပြန့်ကျယ်တောက်ပလျက်ရှိသော ရွှေကျင်ဂိုဏ်းကြီးကို စတင်တည်ထောင်တော်မူသော ဂဏသမုဋ္ဌာပက မူလရွှေကျင်ဆရာတော်ကြီးသည် ယခုအထိ သက်တော်ထင်ရှားရှိမည်ဆိုလျှင် သက်တော် ရှယ် (၁၈၀) တစ်ရာ့ရှစ်ဆယ်နှစ် ရှိမည်ဖြစ်သည်။ ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းဘုရင်ကြီး၏ ကြည်ညိုလေးစားမှု အားကိုးမှုကို အပြည့်အဝခံယူရရှိခဲ့သော ရွှေကျင်ဆရာတော်ကြီး၏ ရွှေကျင်ဂိုဏ်းအဖြစ် တည်ထောင်ကျော်ကြားခဲ့သည်မှာ ယခု ၁၄၂-နှစ် ရှိပြီဖြစ်သည်။

မန္တလေးတောင် မြောက်ဖက် ရွှေကျင်ငါးတိုက် သံဃာတစ်ထောင်ကျော်ဖြင့် ဘဝရှင် မင်းတရားကြီး၏ ထောက်ပံ့မှုကြောင့် ပေါ်လွင်အောင်မြင်ခဲ့ရာမှ ယခုအချိန်ထိ အနှောက်ယှက်ကင်းစွာ သပ်သပ်ယပ်ယပ် ပိပိရိရိ တိုးတက်နေသည်မှာ သံဃာသုံးသောင်းကျော်အထိ မယုတ်မလျော့ဘဲ နှစ်စဉ်ဝါဆိုသံဃာစာရင်းအရ ခိုင်မြဲနေဆဲဖြစ်ပါသည်။

"အင်ကြင်းခက်ကျိုင်း ရွှေကျင်ဂိုဏ်း" ပရိဘာသာအရ ၁၂၂၂ - ခုနှစ်၌ ရွှေကျင်ဂိုဏ်းကြီးကို မင်းတုန်းမင်းကြီး၏ အားပေးချီးမြောက်မှုဖြင့် စတင်တည်ထောင်ခဲ့သည်။ မင်းတုန်းဘုရင်နှင့် သီပေါမင်းက စ၍ လူမျိုးပေါင်းများစွာ ဆည်းကပ်ကိုးကွယ်မှုကို ခံယူရရှိသော ရွှေကျင်ဂိုဏ်း၏ သက်တမ်း ၄၂ - နှစ်အတွင်း ၁၂၆၄ - ခုနှစ်တွင် ဗာရာဏသီဆရာတော်သည် မကွေးတိုင်း အောင်လံမြို့နယ်၊ ဇီးနှံရွာ၌ ဖွားမြင်ခဲ့သည်။

ရွှေကျင်ဂိုဏ်းသက်တမ်း ၆၁-နှစ်အရောက်ဝယ် ဗာရာဏသီဆရာတော် ရဟန်းမြတ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ ကျေးဇူးရှင် စည်ရှင်ဆရာတော်ကြီး၏ တပည့်အရင်းဖြစ်သည်နှင့်အမျှ ဦးအာနန္ဒပဏ္ဍိတဘွဲ့နာမည်ဖြင့် အစိုးရစာမေးပွဲ ငယ်/လတ်/ကြီးကို နှစ်ဆက်အောင်မြင်ခဲ့ရာမှ အစိုးရပထမကျော် ဆက်လက်ဖြေဆိုရာ ၂ -နှစ်တိုင်တိုင် အကြီးတန်းကို (၁) ဂဏန်းဖြင့် အောင်မြင်ခဲ့၍ ပထမကျော်ဟု ခေါ်တွင်ကြလေသည်။မန္တလေး ပရိယတ္တိသာသနဟိတ သကျသီဟ စာမေးပွဲ၌လည်း စာသင်တန်း/စာချတန်းများကို ချောမောစွာ အောင်မြင်ခဲ့၍ ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတာဘိဝံသ - ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။

ထို့နောက် မေမြို့ (ယခုပြင်ဦးလွင်)တွင် ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းအမည်ဖြင့် စာသင်တိုက်တည်ထောင်ဖွင့်လှစ်ကာ သာသနာပြု ပုဂ္ဂိုလ်ကျော်ဖြစ်ရုံမျှမက တောင်ငူမြို့ ရွှေကျင်နိကာယဝိနည်းစာပြန်ပွဲတွင် စာထောက်စာမအဖြစ်ဖြင့် လည်းကောင်း၊ ညတရားပွဲ ဓမ္မကထိကအဖြစ်ဖြင့်လည်းကောင်း ဝိနည်းစာပြန်ပွဲ ဝိနည်းပူဇော်ပွဲတို့၌ ထိရောက်စွာ ဆောင်ရွက်ခဲ့လေသည်။

၁၃၀၁ - ခုနှစ်၊ အင်္ဂလိပ်ခေတ်မှာပင် စည်ရှင်ဆရာတော်ကြီး၏ ဆန္ဒတော်နှင့်အညီ ဘာသန္တရပညာရေး ဘင်္ဂါလီ၊ နာဂရီ၊ သက္ကဋ၊ အင်္ဂလိပ်စာတို့ကို သာသနာပြုရေးအတွက် သင်ကြားဆည်းပူးရန် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့တွင် သီတင်းသုံးနေထိုင်ခဲ့သောကြောင့် ဗာရာဏသီ ဦးအာနန္ဒပဏ္ဍိတာဘိဝံသ - ဟူသော အမည်သညာသည် ရှင်လူများစွာ၏အလယ်၌ ထင်ရှားစွာ ကျော်ကြားခဲ့သည်။

နိုင်ငံခြား၌ ဒုတိယကမ္ဘာစစ်အတွင်း (ဂျပန်ခေတ်) ၅-နှစ်၊ ၆-နှစ်တိုင်တိုင် နေထိုင်ခဲ့သော်လည်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်နိကာယဗဟိုဌာနနှင့် မေမြို့ ဝိသုဒ္ဓါရုံတာဝန်တို့က တရေးရေး တမြမြ တွေးဆလျှက် တာဝန်သိသိ ဆောင်ရွက်လိုသောကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးခေတ်တွင် ဆရာတော်သည် မေမြို့ ဝိသုဒ္ဓါရုံကိုညီအရင်းဖြစ်သည့် အရှင်မဟောသဓပဏ္ဍိတာဘိဝံသ - အား လွှဲအပ်၍ မန္တလေး မဟာဝိသုဒ္ဓါရုံ စည်ရှင်ကျောင်း၌ စာချဂဏဝါစကအဖြစ် နေထိုင်သည်ကို ဖူးတွေ့ရပါသည်။

ရဟန်းသိက္ခာဝါ ၃၀ - ဝန်းကျင်၌ ကျေးဇူးရှင်

စည်ရှင်ဆရာတော်ကြီး တစ်ဘဝလွန်တော်မူသဖြင့် အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုဒ္ဓါရုံမဟာနာယက သာသနာပိုင် စံကင်းဆရာတော်ကြီးက ဗာရာဏသီ ဆရာတော်ကို ဘယ်ကိုမှမသွားစေ၊ မနေစေဘဲ စည်ရှင်ကျောင်းမှာပင် ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တ ဇာနေယျဗုဒ္ဓိဘိဝံသ၊ အသောကာရုံ ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတျာဘိဝံသတို့နှင့်အတူ နေစေတော်မူကာ တိုက်တာအကျိုး၊ ဂိုဏ်းအကျိုးကို သယ်ပိုးထမ်းဆောင်ရန် ဩဝါဒအမိန့်ပေးလေသည်။

ထိုစဉ် ၁၃၁၄ - ခုနှစ် (၁၉၅၂) ရောက်ရှိချိန် အင်္ဂမအကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းဝေးပွဲကြီးကို စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံကျောင်းဝိုင်းကြီးအတွင်း၌ ကျင်းပရာ ဗာရာဏသီဆရာတော်သည် အစည်းအဝေး အကျိုးဆောင် (အခမ်းအနားမှူး) အဖြစ်ဆောင်ရွက်သည်။

အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းအောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တဉာနုတ္တရ (အဘိဓာန်ကျမ်းပြု ဆရာတော်)က တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ယင်းအစည်းအဝေးပွဲကြီး၏ ထူးခြားချက်မှာ ရွှေကျင်ဂိုဏ်း၌ ပထမဆုံး စတင်ဖွဲ့စည်းခဲ့သော ကမ္မကာရက (ဂိုဏ်းလုံးဝန်ဆောင်နာယက) ဂိုဏ်းကြီးကိုင် အလုပ်အမှုအဆောင်အဖွဲ့ကြီးကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည်။

၁။ စစ်ကိုင်း ရွှေဟင်္သာဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ၊

၂။ စစ်ကိုင်း အနီးစခမ်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊

၃။ အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ၊

၄။ မဟာဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တ ဇာနေယျဗုဒ္ဓိဘိဝံသ၊

၅။ မဟာဝိသုဒ္ဓါရုံ အသောကာရုံဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏဇောတျာဘိဝံသ၊

၆။ မဟာဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော် ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတာဘိဝံသ၊

၇။ ဝိဇ္ဇာလင်္ကာရဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ၊

၈။ မဟာဝိသုဒ္ဓါရုံ သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တ ဝါသဝါဘိဝံသ၊

၉။ မဟာဝိသုဒ္ဓါရုံ ဝါဆိုကျောင်း ဓမ္မာစရိယ ဘဒ္ဒန္တအဂ္ဂိယ တို့ကို

ဥက္ကဋ္ဌ ဥပဥက္ကဋ္ဌ အနီးအနားတွင် နေထိုင်လျက် တစ်ဂိုဏ်းလုံး၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်ကြရန် ကမ္မကာရက ဝန်ဆောင်အဖြစ်ခန့်အပ် တင်မြှောက်ကြသည်။ သာသနာရေးကိစ္စကြီးငယ် စည်းဝေးကြသည့်အခါ-

ဥက္ကဋ္ဌ စံကင်းဆရာတော်ကြီးက သဘာပတိ၊

ဥပဥက္ကဋ္ဌ မြောင်းမြဆရာတော်က အရန်သဘာပတိ၊

ဝန်ဆောင်ကမ္မကာရက ဗာရာဏသီဆရာတော်က အကျိုးဆောင်၊

ဝန်ဆောင်ကမ္မကာရက ဝါဆိုဘုန်းကြီးက တွဲဖက်အကျိုးဆောင်အဖြစ် ဆောင်ရွက်ရန်-

ဤနေရာ ဤလုပ်ငန်းတာဝန်တို့ကို အမြဲတမ်းပေးအပ် တင်မြှောက်ကြပေသည်။

စံကင်းဆရာတော်ကြီးက ဗာရာဏသီဆရာတော်ကို သည်းခံလုပ်ဆောင်တတ်သူအဖြစ် ယုံကြည်သိမှတ်ပြီးဖြစ်သလို မြောင်းမြ ဆရာတော်ကလည်း ဗာရာဏသီဟာ သည်းခံမှုရှိသည်ဟု မိန့်မြွက်တော်မူသည်။

'ခန္တျာ ဘိယျော နဝိဇ္ဇတိ' သည်းခံခြင်းထက် မြတ်သောပိုလွန်သော တရားမရှိ ဟူ၍ မိန့်တော်မူကြသည်။ 'ပိဋ္ဌေယျ ကာယတော မေဒံ' ခန္ဓာကိုယ်မှ ကုသိုလ်အဆီအနှစ်ကို ညှစ်ထုတ်ရာ၏ - ဟူသော တရားမဗွကြားဖူးသည် မဟုတ်လားဟု စံကင်းဆရာတော်ကြီးက မိန့်ကြားတော်မူရာ ကြားဖူးပါသည်

ဘုရားဟု ဗာရာဏသီဆရာတော်က လက်အုပ်ချီ၍ ပြန်ကြားလျှောက်ထားသည်ကို ယခုတိုင် ဖူးတွေ့မြင်ယောင်မိပါသည်။

ဤသို့ ခန္တီမမွ လက်ကိုင်ထားတတ်သော ဆရာတော်သည် ဂိုဏ်းဂဏ ကြိုးကိုင်အဖွဲ့၏ အကျိုးဆောင်ဖြစ်တော်မူခဲ့ရာ ရွှေကျင်တစ်ဂိုဏ်းလုံး၏ အကျိုးဆောင်အဖြစ်ဖြင့် ထီးထီးမားမား ရပ်တည်လျက် အဌမအကြိမ်အစည်းအဝေးကြီး ပြီးစီးအောင်မြင်ခြင်းကအစ --- နှစ်စဉ်ဝါဆို သံဃာစာရင်း၊ အဓိကရဏ်းမှုခင်း ကိစ္စအဝဝတို့ကို သတိဝီရိယဖြင့် နှစ်ရှည်လ-ရက်များစွာ သာသနာရေး ဆောင်ရွက်ခဲ့ခြင်းဖြင့် ကျော်စောထင်ပေါ်ခဲ့လေသည်။

နဝမအကြိမ် ပဲခူးအစည်းအဝေးကြီး၊ ဒသမအကြိမ် မန္တလေးအစည်းအဝေးကြီးတို့၌လည်း ပဓာနအကျိုးဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ယင်း ဒသမအစည်းအဝေးကြီးကျင်းပချိန် ဗာရာဏသီ ဆရာတော်သည် ပဲခူးတိုင်း၊ ပြည်မြို့၊ နဝင်းရပ် ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် ပဓာန နာယကအမည်ဖြင့် တိုက်သံဃာတော်တစ်ရာကျော်တို့နှင့် သိုက်သိုက်မြိုက်မြိုက် သာသနာပြုတော်မူဆဲဖြစ်ပါသည်။

ထိုမှ နောက် ၁၃၃၇ - ခုနှစ်၊ (၁၉၇၅) ပဲခူးကြခတ်ဝိုင်းကျောင်းတိုက်၌ ပြုလုပ်သော ဧကာဒသမ ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးတွင် သက်တော် ၇၀-ကျော် အရွယ်ကာလ ဂိုဏ်းလုံးဝန်ဆောင် နာယကအဖွဲ့ (ကမ္မကာရက)၏ အကျိုးဆောင်အဖြစ်မှ နုတ်ထွက်အနားယူပြီး ပြည်မြို့ သုံးခရိုင် ရွှေကျင်ဂိုဏ်း တိုးတက်ရေး၊ ညီညွတ်ရေး၊ ဂိုဏ်းစည်းမျဉ်းလိုက်နာရေးတို့ကို မနားမနေပဲ ဆောင်ရွက်ကြိုးပမ်းတော်မူပါသည်။

ထိုမှနောက် နိုင်ငံတော်၌ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဂိုဏ်းပေါင်းစုံသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းကြီးကို ဆောင်ရွက်ရာ၌ ယင်းအစည်းအဝေးကြီးဖြစ်မြောက်အောင်မြင်ရေးအတွက် ရွှေကျင်ဂိုဏ်းမှ ကိုယ်စားလှယ် ၅-ပါးတွင် ဗာရာဏသီဆရာတော်လည်း တစ်ပါးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုမှနောက် ဆရာတော်သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်၊ ယင်းမှသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ ယင်းမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သည်။

မကြာမီ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ရရှိ၍၊ အမြင့်ဆုံး အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူသည်။

ဒွါဒသမ တောင်ငူ အစည်းအဝေးကြီး၌ ဂိုဏ်းသံဃာကိုယ်စားလှယ် ဆရာတော်တို့က ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယကအဖြစ် တင်မြှောက်ပူဇော်ကြပါသည်။

တစ်ဘဝပျံလွန်မည်ဖြစ်သော ၉၂ -နှစ်အတွင်းမှာပင် ရက်မပျက်စေပဲ ဘုရားဝတ်တက်မှန်မှန် လိုက်၍ စံပြကြည်ညိုဘွယ် ဂုဏ်ဆောင်ပုဂ္ဂိုလ်အဖြစ် အားထုတ်ကြိုးစားတော်မူခဲ့ခြင်း စသည် ရေးမကုန်၊ ပြောမကုန်များစွာသော ဂုဏ်အပေါင်းတို့မှ ခန္တီ-ဟူသော သည်းခံခြင်းတရားကို လက်ကိုင်ထားလျက် နေထိုင်တော်မူခဲ့သည်ကို အမြဲမပြတ် တရစပ် ဖူးတွေ့လိုက်ရပါကြောင်း ဥက္ကောင်းညွှတ်လျှိုး လက်စုံမိုး၍ ရှိခိုးလျှောက်ထားအပ်ပါသည်ဘုရား။

ဘဒ္ဒန္တ အာဋ္ဌိယ
အဘိဓဇမဟာရဋ္ဌဂုရု
(တွဲဘက်ရွှေကျင်သာသနာပိုင်)
မဟာဝိသုဒ္ဓါရုံ-ဝါဆိုကျောင်း
မန္တလေး။



# နာမည်ထူးပြင့် ဂုဏ်ထူးဆင့်သူ ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်

အရှင်အဂ္ဂညနာဘိဝံသ

**အမည်နာမဖြင့်အကျိုးရသလော?**

အမည်နာမဟူသည် ခေါ်ဝေါ်ရုံမျှသာ ဖြစ်သည်။ အမည်နာမ ဖြင့်အကျိုးတစ်စုံတစ်ရာ ရရှိနိုင်သည် မဟုတ်ဟူ၍ ဧကကနိပါတ်၊ လိတ္တဝဂ်၊ နာမ သိဒ္ဓိ ဇာတ်တော်အရ သိရှိရသည်။ သို့ရာတွင် ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်အချို့ကား ရှေးကံကြောင့်ပင် နာမည်အထူးကို ရရှိကြသည်ဟူ၍ ဆိုနိုင်ပေသည်။ ဂေါတမ ဘုရားအလောင်းတော် သတို့သား ဖွားမြင်ပြီးနောက် ၅-ရက်မြောက်နေ့၌ ဦးခေါင်းဆေး မင်္ဂလာပြုလုပ်ပြီးလျှင် နာမည်မှည့် မင်္ဂလာသဘင်ကို တစ်ဆက်တည်း ပြုလုပ်ကြသည်။ ထိုအခါ ဝေဒပါရဂူ ကောဏ္ဍည ပုဏ္ဏားလုလင်က "ဤသို့သော လက္ခဏာနှင့် ပြည့်စုံသောသူအား လူ့ဘောင်လောက၌ ရပ်တည် နေခြင်းမည်သည် မရှိ။ ဧကန်စင်စစ် ဘုရားဖြစ်ပေလိမ့်မည်"ဟူ၍ ဟောကိန်းထုတ်လေ သည်။ **ဤဟောကိန်းအရပင် တစ်လောကလုံး၏ အကျိုးစီးပွားကို ပြုလုပ်မည့်သူဖြစ်သောကြောင့် အလောင်းတော်မင်းသားကလေးကို "သိဒ္ဓတ္ထကုမာရ" ဟူ၍နာမည်မှည့်ခေါ်ကြလေသည်။ သက္ကတဘာသာ ဗုဒ္ဓစရိယကျမ်း၌မူ ဘုရားအလောင်းတော်၏ နာမည်ကို "သဗ္ဗတ္ထ သိဒ္ဓ" ဟူ၍ ဆိုလေသည်။**

**ဘုန်းကံကြီးသူတို့၏ နာမည်များ**

ကောသလမင်းကြီး၏ သမီးတော်တစ်ပါးသည် ၉၁-ကမ္ဘာ ထက်၌ ဝိပဿီမြတ်စွာ ဘုရားအား သုမနမည်သော မြတ်လေးပန်းတို့ကို ပန်းကုံး ကြီးအသွင် ပြုပြင်စီရင်ကာ ပေးလှူပူဇော်ခဲ့ဖူးသည်။ ဆုတောင်း ပတ္ထနာပါရှိသောထို ကောင်းမှုကံကြောင့်ပင် ဖြစ်လေရာ ဘဝတိုင်း၌ **သုမနာ** ဟူသော အမည်ထူးကို ရရှိခဲ့သည်။ဤ ဂေါတမဘုရား သာသနာ၌လည်း သုမနာ ဟူသော အမည်ထူးကိုရ၍ ၇-နှစ်အရွယ်မင်းသမီးငယ်ဘဝကပင် သောတာပန် အရိယာ သာဝိကာမဖြစ်လေသည်။

နဝမရွှေကျင် သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏ ငယ်နာမည်မှာ မောင်ကောင်း ဖြစ် သည်။ ရဟန်းဖြစ်ပြီးနောက် မနုဖြူ မြို့နယ်၊ စံကင်းရွာ ဓမ္မာရုံကျောင်း၌ သီးတင်းသုံး နေထိုင်ရာမှ အစပြု၍ စံကင်းဘုန်းကြီး စံကင်းဆရာတော်ဟု ထင်ရှားလာ

သည်။ သက်တော် ရှယ်တော်ကြီးရင့်၍ နဝမ ရွှေကျင်သာသနာပိုင် ဖြစ်လာသောအခါ တပည့်များက ထေရုပ္ပတ္တိ (ဂုရုပ္ပတ္တိ)ကထာ ရေးသားပြုစုကြသည်။ အဆိုပါ ထေရုပ္ပတ္တိကထာ၌ -

ဆရာတော်၏ "ဦးကောင်း" ဟူသော လူအမည်တော်နှင့် လက်ရှိထင်ရှား ကျော်ကြားလျက်ရှိသော "စံကင်း"ဟူသော အမည်တော် နှစ်ရပ်ကို ပေါင်းစပ်လိုက်ပါက ဖွားတော်မူသော သကရာဇ် "၁၂၃၂" ပေါ်လာမည်ဖြစ်ပေသည်ဟူ၍ ဖော်ပြထားသည်။ ထိုဂုရုပ္ပတ္တိကထာ၏ အမှာစကား၌ "ဆရာတော်ဘုရားကြီး၏ ရှေးဘုန်းကံပါရမီတို့၏ နှိုးဆော်ချက်ကြောင့် ဤသို့ အံ့ဩဖွယ်ရာ တိုက်ဆိုင်လာသည်" ဟု ဆိုထားလေသည်။

### ဗာရာဏသီဆရာတော်၏ အမည်တော်များ

မိမိတို့၏ ကျေးဇူးတော်ရှင်ဝိသုဒ္ဓါရုံ ဗာရာဏသီ ဆရာတော်၏ လူအမည်၊ ရှင်အမည်၊ ဆရာတော်အမည်တို့ အလွန်ထူးခြားစွာ ပေါ်ပေါက်လာသည်ကို တွေ့ရှိရပေသည်။ ဗာရာဏသီ ဆရာတော်လောင်း လျာသည် သက္ကရာဇ် ၁၂၆၄-ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္ဂနွေ နေ့၌ ဖွားမြင်တော်မူသည်။ နေ့ထူးနေ့မြတ်၌ ဖွားမြင်သော ဆရာတော်လောင်းလျာ သူငယ်၏ ငယ်နာမည်ကို "မောင်ကျော်ယုံ"ဟု မိဘနှစ်ပါးတို့က မှည့်ခေါ်ကြသည်။ ဤအမည်တော်နှင့် စပ်လျဉ်း၍ ပဌမကျော် အရှင် အာနန္ဒပဏ္ဍိတ၏ ထေရုပ္ပတ္တိစာတမ်း၌ ဤသို့ ဖော်ပြထားလေသည်။

"မောင်ကျော်ယုံ" ဟူသော ထိုအမည်သည် ခေါ်လွယ်ကာမတ္တ ဝေါဟာရဖြစ်စေရန် အမှတ်တမဲ့ မှည့်လိုက်သော အမည်ပင် ဖြစ်စေ ကာမူ ယခုအခါ ပဌမကျော် စာအောင်ပန်းကုံးကြီးကို ရှုမဆုံး အောင်ဆင်မြန်းတော်မူရသည်ကို ထောက်ထားသောအားဖြင့် ထိုအခါ သတို့သား၏ မိဘနှစ်ပါးတို့မှာ မိမိတို့၏ သားချစ် ရတနာ ပဌမကျော်လောင်းလျာရင်သွေးကို နတ်ပေးသကဲ့သို့ မှတ်ထင်ပြီးလျှင် **နောင်အခါ သူတစ်ပါးထက် အထူး အချွန် ကျော်ကြားလိမ့်မည်ကို ယုံကြည်သော အထိမ်းအမှတ်အားဖြင့် မှည့်ခေါ်သကဲ့သို့ပင် ရှိနေလေ၏။**





"တောက်ချင်တဲ့ မီးခဲ၊ အရှိန်နှင့်ရဲရဲ" ဟူသော စကား ကဲ့သို့ ကျော်ကြား လိမ့်မည်ဟု ယုံကြည်အပ်သောသူငယ်၏ ကိုယ်တွင်းဓါတ်ခံ အသိဉာဏ် အလိမ္မာတို့ကလည်း ငယ်စဉ်တောင်ကျေး ကလေးကစ၍ပင် ယုံ ကြည်လျှက်ရှိသော မိဘနှစ်ပါးတို့အား "ကျော်ပါမည်၊ ယုံပါတော့"ဟု နှုတ်ခွန်းတို့ဖက် ဝန်ခံချက် ပေးနေသကဲ့ သို့ပင် ရှိခဲ့လေ သတည်း။

**နာမည်ထူးကို ရယူသူများ-**

ပြဆိုခဲ့ပြီးသောစကားရပ်တို့ဖြင့် ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော်ဘုရားသည် ကလေးသူငယ်ဘဝကပင် အမည်သညာအထူးကို ရရှိတော်မူခဲ့ကြောင်း သိသာထင်ရှားပေသည်။ ဆရာတော်လောင်းလျာ သူငယ်သည် ကျောင်းသားဘဝ ၁၅-နှစ်သားအရွယ်တွင် အစိုးရပထမငယ်တန်းကို အောင်မြင်ပြီး နောက် ၁၂၈၀-ပြည့်နှစ်တွင် ဝိသုဒ္ဓါရုံ ဂဏဝါစကချုပ် စည်ရှင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ပဗ္ဗဇ္ဇာဘိသေကသဘင် ဆင်ယင်ရာ ဥပဇ္ဈာယ်ဆရာတော်က သာမဏေ "ရှင်အာနန္ဒပဏ္ဍိတ" ဟူသော ဝိသေ သဘွဲ့အမည်တော်ကို မှည့်ခေါ်တော်မူသည်။ အဆိုပါ ဘွဲ့အမည်တော်၏ အနက်အဓိပ္ပာယ်ကို ထေရုပ္ပတ္တိစာတမ်း၌ ဤသို့ဖော်ပြထားလေသည်။



ယခုနှစ်ပထမကျော်ရ ဦးအာနန္ဒပဏ္ဍိတအရှင်မြတ်သည် ဘွဲ့အမည်တော် အားလျော်စွာ ငယ်စဉ်တောင်ကျေးကလေး အရွယ်က စ၍ပင် မိမိကိုယ်တိုင်က လည်း ပညာရှင်ပုဂ္ဂိုလ်များကို နှစ်နှစ် မြို့မြို့ဖြင့် ကြို့ရို့ဆည်းကပ်ကာ ရသာဆိမ့် အီပညာရည်ရင်နို့ကို သောက်စို့ ကြီးပွားခဲ့ရသည်ဖြစ်ရကား ယခုအခါ၌ ခေါင်ခေါင်ဖျားဖျား ထွန်းကား ပေါ်ထင်လျှက် ပညာရှင် ပုဂ္ဂိုလ်ကြီးတို့ကလည်း မိမိသို့တစ်ဖန် ပြန်လှန်တုံ့ခေါက် ဝမ်းမြောက်မပြီး အနှစ်မြို့ကြီး နှစ်မြို့အပ်သော အခြေအနေသို့ ဆိုက်ရောက်ခဲ့ လေပြီ။

ပညာအရာ ဧတဒဂ်ဘွဲ့ရ လက်ျာတော်ရံ အရှင်သာရိပုတြာ မထေရ်မြတ်၏ ဘွဲ့အမည်တော်ကို ဝိနယသင်္ဂဟ အဋ္ဌကထာနှင့် သာရတ္ထဒီပနီဝိနည်းဋီကာ၊ သာရတ္ထမဉ္ဇူသာ အင်္ဂုတ္တိုရ်ဋီကာ ကျမ်းပြု အရှင်သာရိပုတြာက ခံယူတော်မူသည်။

တန်ခိုးအရာ ဧတဒဂ်ဘွဲ့ရ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်၏ ဘွဲ့အမည်တော်ကို မောဂ္ဂလာနဗျာက ရဏ်းကျမ်းပြု အရှင်မောဂ္ဂလ္လာန်က ခံယူတော်မူသည်။

ဓုတင်အရာဧတဒဂ်ဘွဲ့ရ အရှင်မဟာကဿပမထေရ်မြတ်၏ ဘွဲ့အမည်တော်ကို မောဟဝိစ္ဆေဒနီ အဘိဓမ္မာလက်သန်းအဋ္ဌကထာကျမ်းပြု အရှင်ကဿပ က ခံယူတော်မူသည်။ ဒိဗ္ဗစက္ခု အဘိညာဉ်ဧတဒဂ်ဘွဲ့ရ အရှင်အနုရုဒ္ဓါ မထေရ်မြတ်၏ ဘွဲ့အမည်တော်ကို အဘိဓမ္မတ္ထ သင်္ဂဟ (သင်္ဂြိုဟ်)လက်သန်းကျမ်းပြု အရှင်အနုရုဒ္ဓါက ခံယူတော်မူသည်။

**ဤအတူပင် ဧတဒဂ်၅-တန်ဘွဲ့ထူးခံသည့် အရှင်အာနန္ဒာ မထေရ်မြတ်၏ ဘွဲ့အမည်တော်ကို မိမိတို့၏ ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံ ဗာရာဏသီ ဆရာတော်က ခံယူတော်မူလေသည်။**

ဤသို့ ဗာရာဏသီဆရာတော်သည် ထူးခြားသော လူအမည်၊ ရှင်ဘွဲ့၊ ရဟန်းဘွဲ့တို့ကို ခံယူလျှက် "ပထမကျော် အရှင်အာနန္ဒပဏ္ဍိတ၊ ဝိသုဒ္ဓါရုံ ဦးအာနန္ဒ ပဏ္ဍိတာ ဘိဝံသ" ဟူသော ဂုဏ်ထူးဆောင် ဘွဲ့မည်တော်တို့ဖြင့် မြန်မာပြည်တစ်လွှားတွင် ထင်ရှားကျော်စော တော်မူခဲ့သည်။ သက်ရွယ်တော် ၄၀-နီး၍ မဟာထေရ် ကြီးအဖြစ်သို့ ရောက်ခါနီးတွင် ကျေးဇူးတော်ရှင် ဥပဇ္ဈာယ်ဆရာ စည်ရှင်ဆရာတော် ဘုရားက သက္ကတ၊ ဟိန္ဒီစသော ဘာသန္တရ ပညာရပ်တို့ကို လေ့လာဆည်းပူးရန် အိန္ဒိယပြည်သို့ စေလွှတ်တော်မူသည်။ ပထမကျော်

အရှင်အာနန္ဒပဏ္ဍိတသည် ဒုတိယကမ္ဘာ စစ်ကြီးဖြစ်ခါနီးတွင် အိန္ဒိယပြည် ဗာရာဏသီတက္ကသိုလ်၌ ဘာသန္တရပညာရပ်တို့ကို အစွမ်းကုန်ကြိုးစားအားထုတ်ကာ သင်ယူလေ့လာ တော်မူသည်။

ဒုတိယ ကမ္ဘာစစ်မီး ငြိမ်းပြီးသောအခါ ပထမကျော် အရှင်အာနန္ဒပဏ္ဍိတသည် အိန္ဒိယပြည်မှ မိမိရပ်ဌာန် မြန်မာနိုင်ငံသို့ ပြန်ကြွ တော်မူခဲ့သည်။ ဘာသန္တရပညာ ဆည်းပူးတတ်မြောက်၍ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြန်ရောက်လာသော အရှင်အာနန္ဒပဏ္ဍိတကို စည်ရှင်ဆရာတော်ဘုရားက ကျမ်းတတ်အကျော် စာချဆရာတော်အဖြစ်ဖြင့် မြှောက်စားချီးမြှင့်တော်မူသည်။ အခြားသော စာချဆရာတော်များကို သီတင်းသုံးရာ ကျောင်းအမည်ဖြင့် ခေါ်ဝေါ်ချီး မြှောက်တော်မူသော်လည်း အရှင်အာနန္ဒပဏ္ဍိတကိုမူ အိန္ဒိယပြည် ဗာရာဏသီ တက္ကသိုလ်၌ ဘာသန္တရပညာဆည်းပူးခဲ့သည်ကို အစွဲပြု၍ "ဗာရာဏသီဘုန်းကြီး" ဟု သီးခြားခေါ်ဝေါ် ချီးမြှောက် တော်မူသည်။



**ဗာရာဏသီဆရာတော်နှင့် ဘွဲ့ထူးဂုဏ်ထူးများ**

အရှင်အာနန္ဒပဏ္ဍိတသည် ၁၅-နှစ်သားအရွယ် ကျောင်းသား/ သူငယ်ဘဝကစ၍ စာမေးပွဲ အခန်းခန်း အောင်ပန်းအလီလီကို ရွှင်လန်းကြည်သာ ဆွတ်ခူး ပန်ဆင် နိုင်ခဲ့ပါပေသည်။ အစိုးရပထမပြန် ပထမငယ်၊ ပထမလတ်၊ ပထမကြီး တန်းတို့ကို အောင်မြင်ပြီးနောက် စာမေးပွဲတစ်ခုလုံး၏ အသာဆုံး တစ်ဂဏန်း ပထမကျော်အောင်ပန်းကို ၄-ကြိမ်တိတိရရှိတော်မူခဲ့ သည်။ ယင်းတို့ကား ဖော်ပြပါ အတိုင်းပင်တည်း။

(၁) ဝိသုဒ္ဓါရုံဝံသာလင်္ကာရ သဒ္ဓမ္မပါလပဏ္ဍိတဇေ ပထမကျော်

(၂) သာဝတ္ထိမြို့ ပုညဝမှန အသင်း၏ ပထမကျော်

(၃) ပြင်ဦးလွင်မြို့ သာသနာ နုဂ္ဂဟ အသင်း၏ ပထမကျော်

(၄) ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ ပထမကျော်

ဤသို့ ပထမကျော်အောင် ပန်းကို အလီလီ ဆင်မြန်းတော်မူသည့်အပြင် ရဟန်းတို့အတတ် ပရိယတ်လုပ်ငန်းတွင် အခက်ခဲ အနက်နဲဆုံးဟု ထိုခေတ်က အသိအမှတ်ပြုကြသည့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီး ၏ သက္ကသိဟ စာသင်တန်း၊ စာချတန်း တို့ကိုလည်း ဆုံးခန်းတိုင်ရောက် ပြီးမြောက် အောင်မြင်တော်မူခဲ့ သည်။ ထို့ကြောင့် အသင်းကြီး၏ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဟူသော ဘွဲ့ပုံတော်တံဆိပ်ကိုလည်း အလှူခံတော်မူခဲ့ရ လေသည်။

**ဗာရာဏသီဆရာတော်၏ ကုသလရိယဘုန်းဂုဏ်များ**

စာမေးပွဲအလီလီ ဂုဏ်ထူးပန်း စီရရီကို ပွေ့ချီဆင်မြန်း အံ့မခန်းသည့် ရဟန်းကျော် အရှင်အာနန္ဒပဏ္ဍိတာ ဘိဝံသသည် ၁၀-ဝါ ပြည့်ကြွယ် ထေရအရွယ်တွင် ပြင်ဦးလွင်မြို့ ဝိသုဒ္ဓါရုံရွှေကျောင်း ကျောင်းတိုက်ကို သိမ်းပိုက်အုပ်ချုပ် နာယကဆရာတော် ပြုလုပ်တော်မူရသည်။ ဝါတော် ၂၀-ပြည့်လုနီးတွင် မဇ္ဈိမဒေသ အိန္ဒိယပြည်ကြီးသို့ ဘာသန္တရ ပညာတော်သင်ပုဂ္ဂိုလ်အဖြစ်ဖြင့် ကြွမြန်းတော်မူ၍ တတ်သင့်တတ်ရာ ပညာတော်များ သင်ကြားပြည့်စုံပြီးနောက် မြန်မာပြည်သို့ ပြန် ရောက်လာသော အခါ ကျေးဇူးတော်ရှင် စည်ရှင်ဆရာတော်ဘုရား၏ ခြေတော်ရင်း၌ ခေတ္တခဏမျှ သီတင်းသုံးနေထိုင်ပြီးလျှင်

မူရင်း ဌာန ပြင်ဦးလွင်မြို့ ဝိသုဒ္ဓါရုံ ရွှေကျောင်းကျောင်း၌ ပြန်လည် သီတင်းသုံးကာ စိုးမိုးအုပ်ချုပ် တော်မူသည်။

၁၃၁၁-ခုနှစ် နတ်တော်လတွင် စည်ရှင်ဆရာတော်ဘုရား ဘဝနတ်နန်း စံမြန်းတော်မူသောအခါ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် စည်ရှင်ကျောင်း၌ သက်တူရွယ်တူ ဆရာတူတပည့် ဖြစ်တော်မူကြသည့် ပိုက်ကျုံး ဆရာတော်(ဦးဇာနေယျဗုဒ္ဓိဘိဝံသ)၊ အသောကာရုံဆရာတော် (ဦးသု ဝဏ္ဏဇောတျာဘိဝံသ) တို့နှင့် တွဲဖက်၍ စိတ်တူကိုယ်တူ ကြည် ဖြူစွာ စိုးမိုးအုပ်ချုပ်တော်မူရသည်။ သက်ရွယ်တော် ၅၀-ကျော်၍ ၆၀-အတွင်း ချင်းနင်းဝင်ရောက်လာသော အခါ ဗာရာဏသီဆရာတော်၏ ရှေးဘုန်းရှေးကံများ အချိန်တန် ၍ စီမံဖန်တီးလာသောကြောင့် ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာ ဏသီကျောင်းတိုက်ကြီး ပေါ်ပေါက် လာလေသည်။ ဗာရာဏသီဆရာတော်သည် ၁၃၂၀-ခုနှစ်တွင် ထိုကျောင်းတိုက်ကြီးကို ကြွရောက် စိုးစံစီမံအုပ်ချုပ်တော် မူရပြန်သည်။

ဂုဏ်တော်ဖြိုးတင့် သက်ရွယ် ကြီးရင့်တော်မူလာသော ဝိသုဒ္ဓါရုံဗာရာဏသီဆရာတော်ဘုရားကြီးကို ရွှေကျင်ဂိုဏ်းဝင် သံဃာတော် အရှင်မြတ်တို့က ၁၃၄၂-ခုနှစ် တန်ဆောင်မုန်းလ၌ ကျင်းပအပ် သော ဒွါဒသမ အကြိမ်ဂိုဏ်းလုံး ကျွတ် သံဃာ့အစည်းအဝေးကြီး၌ ရွှေကျင်နိကာယဉပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင် သာသနာပိုင်အဖြစ် တင်မြှောက်ပူဇော်ကြသည်။ မကြာမြင့်မီမှာပင် ပြည် ထောင်စု မြန်မာနိုင်ငံတော် (မ-ဆ-လ) အစိုးရမင်းတို့က “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်ဖြင့် လည်းကောင်း၊ နိုင်ငံတော်သံဃ မဟာနာယကအဖြစ်မှ အနားယူ၍ နိုင်ငံတော်ဩဝါဒါစရိယဖြစ်တော်မူသော ဗာရာဏသီဆရာတော်ဘုရားကြီးအား (န-ဝ-တ)အစိုးရ ပင်းတို့က “အဘိဓဇမဟာရဋ္ဌဂုရု” ဘွဲ့တံဆိပ်တော်ဖြင့်လည်းကောင်း လေးမြတ်ကော်ရော် ပူဇော်ကြလေသည်။

## ဗာရာဏသီဆရာတော်၏ ကျေးဇူးတော်များ

ဗာရာဏသီဆရာတော်သည် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးဆင့် မြင့်ထက်မြင့်အောင် ဖြည့်ကျင့်တော်မူသကဲ့သို့ သီတင်း သုံးဖော် သံဃာတော်များ အပေါ်၌ လည်းကောင်း၊ သာသနာတော်ကို ကြည်ညို



လေးစားသည့် ဒကာ၊ ဒကာမများအပေါ်၌ လည်းကောင်း ကျေးဇူးဥပကာရ များစွာပြုတော်မူခဲ့သည်။ ရွှေကျင်ဂိုဏ်းဝင် သက်တော်ရှည် ဆရာတော်ဘုရား ကြီးများ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိနှင့် ဩဝါဒတော်များကို ရေးသားပြုစုကာ ရွှေကျင်နိကာယ မှတ်တမ်းအဖြစ်ဖြင့် ရိုက်နှိပ်လှူဒါန်း တော်မူခဲ့သည်။ မဇ္ဈိမဒေသ အိန္ဒိယ ပြည်၌ ၆-နှစ်ကျော်မျှ သီတင်းသုံးနေထိုင်ကာ ပညာဆည်းပူးတော်မူခဲ့သော ဗာရာဏသီဆရာတော်သည် ပါဠိဘာသာ အသံထွက်ပုံနှင့် စပ်လျဉ်း၍များစွာ စိတ်ဝင်စားတော်မူခဲ့သည်။ အချို့သော အက္ခရာတို့၌ မြန်မာတို့အသံထွက်ပုံနှင့် အိန္ဒိယ, သီဟိုဠ်-စသော နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားတို့ အသံထွက်ပုံ မတူကြပေ။ တိုင်းတစ်ပါးသားတို့ အသံထွက်ပုံသည် မူရင်းဒေသ မကဓတိုင်း အသံထွက်ပုံမျိုး ဖြစ်၍ မှန်ကန်သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဗာရာဏသီဆရာတော်သည် ပါဠိဘာသာ ကို ရွတ်ဖတ်ရာ၌ မူရင်းဒေသမဂဓ တိုင်း အသံထွက်မျိုးမှန်ကန်အောင် စီမံဆောင်ရွက်တော်မူသည်။ မိမိ အုပ်ချုပ်ရာ ကျောင်းတိုက်၌သာမက မြန်မာတစ်နိုင်ငံလုံး ပါဠိဘာသာ အသံထွက်မှန်ကန်အောင် “ပါဠိရဝ ဒပ္ပဏ ပါဠိသံကြေးမုံ” ဟူသော ကျမ်းငယ်တစ်စောင်ကို ၁၃၁၅-

ခုနှစ်၌ ရေးသားထုတ်ဝေတော်မူ သည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးတိုက်တွန်းတော်မူချက်အရ စည်ရှင်ဆရာတော်ဘုရား ရေးသားဆုံးဖြတ်တော်မူအပ်သော ပါဠိပုဒ်များကို အက္ခရာဝလိစီစဉ် ကာ ဝိသုဒ္ဓါရုံပိဋက အဘိဓာန်ကျမ်း ဟူသော အမည်ဖြင့် ဗာရာဏသီ ဆရာတော် အမှူးရှိသော တပည့် ကြီးများက ၁၃၁၅-ခုနှစ်၌ပင် ထုတ်ဝေ တော်မူကြ သည်။ အဆိုပါ အဘိဓာန်ကျမ်းကြီး၏ ဝိညာပနနိဒါန်းကို ဗာရာဏသီဆရာတော်က ပါဠိဘာသာဖြင့် ရေးသားတော်မူ သည်။ ဆရာတော်၏ ပါဠိဘာသာနိုင်နင်းကျွမ်းကျင်ပုံကို ထိုနိဒါန်းဖြင့် သိရှိနိုင်ပေသည်။ ဒုတိယကမ္ဘာစစ် ကြီးအတွင်း အရိယဓမ္မ သက္ကတပညာသင်ဘဝဖြင့် အိန္ဒိယပြည်၌ နေစဉ် ဗာရာဏသီမြို့ မဟာဗောဓိ အသင်းက ထုတ်ဝေသော ကလျာဏီယမထေရ်မြတ်၏ တေလကဋာဟ ဂါထာတော်များကို ဗာရာ ဏသီဆရာတော် ဖတ်ရှုတော်မူရသည်။ မှတ်သားဖွယ်ကောင်းလှ၍ ဝသန္တတိလကာဂါထာ များဖြင့်သာ ဟောကြားထားသော ထိုကျမ်းငယ်ကို ဗာရာဏသီဆရာတော်သည် လင်္ကာသွားဖြင့် အနက်မြန်မာပြန်ဆို တော်မူသည်။ ထိုဘာသာ နိဿယကျမ်းငယ်ကို ကြည့်ရှု၍ ဗာရာဏသီ ဆရာတော်၏ မြန်မာဘာသာ ကဗျာလင်္ကာကျွမ်းကျင်ပုံကို ပညာရှင်များ သိရှိနိုင်ပေသည်။

ဗာရာဏသီဆရာတော်၏ သက္ကတဘာသာကျွမ်းကျင်နိုင်နင်း ပုံကို မိမိအနေဖြင့် အသေအချာ မသိရသော်လည်း မန္တလေးမဟာ ဝိသုဒ္ဓါရုံတိုက်သစ်အတွင်း၌ သက္ကတ ဘာသာ သင်ကြားလိုသော တပည့်များအား သက္ကတဖတ်စာ နီတိကျမ်း စသည်တို့ကို သင်ကြားပို့ချပေးသည် ကို ထောက်ရှုကာ မှန်းဆသိရှိနိုင်ပေသည်။

အထူးအားဖြင့် ဗာရာဏသီ ဆရာတော်၏ ဟိန္ဒီဘာသာ ကျွမ်းကျင်နိုင်နင်းပုံကို တိပိဋက ပါဠိ-မြန်မာအဘိ ဓာန်ကျမ်းကြီး ပြုစုစဉ်က သိရှိခဲ့ရပေသည်၊ စ-ဝဂ် အဘိဓာန်ကျမ်းကြီး၏ ဆလပုဒ် ဇာတိပုဒ်တို့၌ သက္ကတဘာသာ ဗျာယကျမ်းများ၏ အဆိုအမိန့်များပါဝင်နေသည်ကို တွေ့ရသည်။ ထိုဗျာယကျမ်းများ၏ အဆိုအမိန့်ကို ဟိန္ဒီသဒ္ဒသာဂရ အဘိဓာန်ကျမ်းကြီး၌ အကျယ်ဖွင့်ဆိုထားသည်။ ယင်း ဟိန္ဒီဘာသာဖွင့်ဆိုချက်များကို ဗာရာဏသီ ဆရာတော်က မြန်မာဘာသာပြန်ဆိုပေးတော်မူသည်။ ဆရာတော်၏ မြန်မာဘာသာ ပြန်ဆိုမှုကို ကြည့်ရှု သုံးသပ်၍ ဟိန္ဒီဘာသာလွန်စွာကျွမ်းကျင် တော်မူကြောင်း သိရှိရပေသည်။

ဤသို့ ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံဗာရာဏသီဆရာတော် သည် သီတင်းသုံးဖော် သံဃာတော် များနှင့် လူပုဂ္ဂိုလ်ဒကာ၊ ဒကာမ အများတို့အား ကျေးဇူးဥပကာရပြုတော်မူခဲ့ပေသည်။ ၁၂၆၄-ခုနှစ် ဝါဆိုလတွင် ဖွားမြင်တော်မူ၍ ၁၃၅၅-ခုနှစ် တပို့တွဲလတွင် ဘဝနတ်နန်းစံမြန်းတော်မူကာ ၁၃၆၄-ခုနှစ် ဝါဆိုလတွင် နှစ်ပေါင်း တစ်ရာပြည့်မြောက်တော်မူသော ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံ ဗာရာဏသီ ဆရာတော် ဘုရားကြီးအား နာမည်ထူးဖြင့် ဂုဏ်ထူးဆင့်သူ ဟူသော ဤစာဝစ်းဖြင့် လေးမြတ် ကော်ရော် ပူဇော်ပါသတည်း။

ဓမ္မဒ္ဓေဝါသိက
ဝိသုဒ္ဓါရုံ အရှင်အဂ္ဂဉာနာဘိဝံသ





# သီရိဂုဏ်ရည်

## စုံညီသည့်ဆရာတော်ဘုရား

ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D.)

**ရွှေမျက်နှာတော်, လက်ခြေတော်မှ, စ၍မကြွင်း, ပင်လုံဝင်းသည့်, ပန်းမင်းအနေ, ကျက်သရေမင်္ဂလာ, စုဝေးကာဖြင့်, လွန်စွာတင့်တယ်, သပ္ပါယ်တော်မူသော သီရိဘုန်းတော် -----**

ယခုဖော်ပြခဲ့သော သီရိဘုန်းတော်ဖွင့်သည် မိမိတို့ငယ်စဉ် ကိုရင်ငယ်ဘဝ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် တော်ကြီး၌ မူလတန်းတွင် သင်ကြား၍ အမြဲမပြတ် ရွတ်ဖတ်ပူဇော်ခဲ့ရသော ရတနာ့ဂုဏ်ရည်ကျမ်းလာ ကျေးဇူးတော်ရှင် ဘာသာဋီကာကျမ်းပြုအကျော် ဆရာတော်ဘုရားကြီး၏ ရေးသားဖွင့်ဆိုချက်လေး ဖြစ်ပါသည်။

မိမိတို့၏ ဥပဇ္ဈာယ်သခင် ကျေးဇူးတော်ရှင် ဘာသာဋီကာကျမ်းပြုအကျော် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးသည် ဗုဒ္ဓါနုဿတိပွားများနည်းကို သင်ကြားရာ၌လည်း သီရိဘုန်းတော်ကို အစစွာ အာရုံပြုပြီးမှ အရဟံဂုဏ်တော်, သမ္မာသမ္ဗုဒ္ဓဂုဏ်တော်များကို ပွားများလျှင် ပိုမို၍ကြည်နူးမှု ဗုဒ္ဓါရမ္မဏာပီတိဖြစ်လွယ်ကြောင်း မိန့်ကြားဖူးပါသည်။ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်၏ သီရိဘုန်းတော်ကို အာရုံပြုရာမှ သီရိအသုံးအနှုန်း, သီရိအဓိပ္ပါယ်, ဘုရားရှင်ကဲ့သို့ မဟုတ်သော်လည်း ထိပ်တန်းပုဂ္ဂိုလ်ကြီးများ၏ သီရိဂုဏ်ရည်ကို ရေးသားလိုစိတ် ပေါ်လာပါသည်။

သီရိဟူသော ပါဠိစကားကို မြန်မာအများက **သီရိဟုသုံးလေ့ရှိကြ၏။ ကတပုညေဟိ သေဝီယတေ၊ တေ ဝါ သေဝတီတိ သိရီ၊** **ရော-ဤ စ-** ဟူသော အဘိဓာန်သဂ္ဂကဏ္ဍဋီကာစကားအရ သိ-ဓာတ်၊ ရ-ပစ္စည်း ကတ္တိုဇောတက ဤ-ပစ္စည်းဖြင့် ပြီးသောပုဒ်ဖြစ်သောကြောင့် "**သိရီ**" ဟုရေးသားမှ မှန်ကန်ပါသည်။ **သီရိဟု** ရေးသားလျှင် ပါဠိထုံးနှင့်မညီပါ။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ အဋ္ဌသာလိနီ ဘာသာဋီကာဂန္ထာရမ္ဘအဖွင့်၌ သရ-ဓာတ်၊ အ-ပစ္စည်း ကတ္တိုဇောတက ဤ-ပစ္စည်းဖြင့် ပုဒ်ပြီးထားသည်ကိုလည်း တွေ့ရပါသည်။ ထိုနည်း အတိုင်းလည်း

သီရိပင် အမှန်ဖြစ်ပါသည်။ **သီရိဟူ** သောပုဒ် ပါဠိ၌မရှိပါ။ အသုံးများလွန်းသော ပုဒ်တစ်ပုဒ်ဖြစ်၍ ပုဒ်အဆုံး အဖြတ်သဘော ရေးသားလိုက်ပါသည်။

**သိရီ**၏ အဓိပ္ပါယ်ကို ပိဋကအဖွင့် ကျမ်းပေါင်းများစွာ၌ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ သီလက္ခန်ဋီကာသစ် ဗြဟ္မဇာလသုတ်၌ --- **သိရီတိ စေတ္ထ သရီရသောဘဂ္ဂါဒိသမ္ပတ္တိ** - သိရီ-ဟူသည် ခန္ဓာကိုယ်၏ လှပတင့်တယ်ခြင်းစသော ပြည့်စုံမှုတည်းဟု ဖွင့်ဆိုထား၏။ အာဒိ-သဒ္ဒါဖြင့် အသံကောင်းခြင်း၊ စကားလုံးကောင်းခြင်း၊ အကြီးအကဲ အစိုးရခြင်း၊ အခြွေအရံပြည့်စုံခြင်းတို့ကို ယူရပါမည်။ ဤဖွင့်ဆိုချက်ကို ကြည့်၍ ခန္ဓာကိုယ်၏ လှပခြင်း၊ အသံကောင်းခြင်း၊ စကားလုံးကောင်းခြင်း၊ အကြီးအကဲ အစိုးရခြင်း၊ အခြွေအရံပြည့်စုံခြင်းများကို လောက၌ **"သိရီ - ကျက်သရေ"** ဟုခေါ်ဆိုရကြောင်း သိနိုင်ပါသည်။ ထို့ကြောင့်ပင် ကျေးဇူးတော်ရှင် ဘာသာဋီကာ ကျမ်းပြုအကျော် ဆရာတော်ဘုရားကြီးက အဋ္ဌသာလိနီ ဘာသာဋီကာ ဂန္ထာရမ္ဘ၌ " **သိရီမတော - ကိုယ်တော်မြတ်၏ လျောက်ပတ်သပ္ပါယ် လွန်တင့်တယ်၍ များကြွယ်သတ္တဝါ အုပ်စိုးကာဖြင့် သံသာငြိမ့်ညောင်း ခြွေရံကောင်းဟု စုပေါင်းယှက်ဝေ ကျက်သရေရှိတော်မူသော"** ဟု အနက်ပြန်ဆိုကာ - ဘုရားရှင်အား ပူဇော်ထားပါသည်။

သဂါထာဝဂ္ဂ ဒေဝတာသံယုတ် အဋ္ဌကထာဋီကာတို့၌မူ " **သိရီတိ ကာယသိရိယံ၊ သိရီတိ ကတပုညေဟိ သေဝီယတိ တေဟိ ပဋိလဘီယတီတိ သိရီ၊ ကာယသိရိယံ ဝိဘဝေါ"** ဟု ဖွင့်ပြထားပါသည်။ သိရီ - ဟူသည် အစိုးရခြင်းဖြစ်၏။



ကုသိုလ်ကောင်းမှုပြုခဲ့သူများသည် မှီဝဲအပ် ရအပ်သောကြောင့် အစိုးရခြင်း စည်းစိမ်သည် သိရီမည်၏ဟု ဆိုလိုပါသည်။

အင်္ဂုတ္တိုရ်သတ္တကနိပါတ မဟာဝဂ္ဂဋီကာ၌လည်း သိရီဟူသည် အစိုးရခြင်းတည်း၊ အစိုးရမှုဂုဏ် ရှေးရှုဖြစ်နေလျှင် (အစိုးတရ ဖြစ်နေလျှင်) ကုန်းပေါ်စည်းစိမ်၊ ရေတွင်းစည်းစိမ် အားလုံး ရောက်ရှိလာကြမည်မှာ သေချာလှ၏။ **ထို့ကြောင့် "သိရီဟူသော ကျက်သရေသည် စည်းစိမ်တို့၏ တည်ရာ"** ဟုမိန့်ဆိုကြောင်း ဖွင့်ပြထားပါသည်။

ဇာတကအဋ္ဌကထာ တိံသနိပါတ်၌ သိရီ-ဟူသည် အခြွေအရံ စည်းစိမ်ဟု ဖွင့်ဆို၍ ဇာတကအဋ္ဌကထာ မဟာနိပါတ်၌ သိရီ-ဟူသည် အစိုးရခြင်းဟု ဖွင့်ဆိုထားပါသည်။

ဝိမာနဝတ္ထုအဋ္ဌကထာ နှင့် ဓမ္မသင်္ဂဏီ စိတ္တုပ္ပါဒ ကဏ္ဍမူလဋီကာတို့၏ ဖွင့်ဆိုပုံမှာ သိရီ-ဟူသည် ပညာ နှင့် ကုသိုလ်ကောင်းမှုတို့၏ အမည်ဟု ပညာရှိများမိန့်ဆိုကြ၏။

(တနည်း)- ကုသိုလ်ကောင်းမှုကြောင့် ဖြစ်ပေါ်လာသော ခန္ဓာကိုယ်၏ လှပတင့်တယ်ခြင်း၊ အသံ ကောင်းခြင်း၊ စကားလုံးကောင်းခြင်း၊ အကြီးအကဲ အစိုးရခြင်း၊ အခြွေအရံ များပြားခြင်း စသော ပြည့်စုံမှုကို (ကုသိုလ်ကောင်းမှု ပြုလာခဲ့သော ပုဉ်းကံရှင်များသို့ မှီတတ်သောကြောင့်၊

(တနည်း)-ပုဉ်းကံရှင်များ၏ မှီခိုမှုကို ခံရသောကြောင့်) သိရီဟု ခေါ်ဆိုရကြောင်း ဖွင့်ဆိုထားပါသည်။ သိရီအကြောင်းသိရန် အလွန်ကောင်းသည်ဟု ယူဆသဖြင့် ကျမ်းဂန်များစွာမှ ထုတ်နုတ်၍ ရေးသားလိုက်ပါသည်။

ရာပြည့် အထိမ်းအမှတ်ပွဲတော်ကြီးဖြင့် ပူဇော်အပ်သော နိုင်ငံ

တော်ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃ မဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာ နာယက တွဲဘက်ရွှေကျင် သာသ နာပိုင် ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာ ဏသီကျောင်းတိုက်ကြီး၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော်ရ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ ဆရာတော်



ဘုရားကြီး၏ သိရီဂုဏ်ရည်ကို အနည်းငယ်မျှ ဆက်လက်ဖော်ပြ လိုပါသည်။ သိရီ၏ အဓိပ္ပါယ်ကို ကျမ်းဂန်စုံဖွင့်သမျှ အကျဉ်းချုပ်ကာ လိုရင်းကောက်ချက်ချကြည့်သော် -

**၁။ ခန္ဓာကိုယ်လှပ အချိုးကျ တင့်တယ်ခြင်း။**

**၂။ အသံကောင်းခြင်း။**

**၃။ စကားလုံးကောင်းခြင်း။**

**၄။ အကြီးအကဲအစိုးရခြင်း။**

**၅။ အခြွေအရံများပြားခြင်း။**

**၆။ ပညာရှိခြင်း။**

**၇။ ရှေးဘဝများစွာက ဆည်းပူးခဲ့သော ကုသိုလ်ကောင်းမှု ရှိခြင်း** များကို သိရီဟု ခေါ်ဆိုကြောင်း တွေ့ရပါမည်။

ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဘက်ရွှေကျင် သာသနာပိုင် ပြည် ဗာရာဏသီ ဆရာတော်ဘုရားကြီး၏ ခံ့ညားတင့်တယ် ထည်ဝါသော ရူပကာယ၏ ပြည့်စုံမှု သိရီဂုဏ်မြောက်ပုံကို သက်တော်ထင်ရှားရှိစဉ်က ဖူးမြင်ဖူးသူ အားလုံးပင် လက်ခံကြပါမည်။ ပုံတော်များကို ဖူးမျှော်ကြည့်၍လည်း ရူပကာယ၏ တင့်တယ်အချိုးကျမှုဟူသော သိရီဂုဏ်ကို မှန်းမြော်ပူဇော်နိုင်ကြမည်ဟု ယူဆပါသည်။

အသံကောင်းခြင်းနှင့် စကားလုံးကောင်းခြင်းဟူသော သိရီဂုဏ်နှစ်ရပ်ကို ပူးတွဲ၍ ဟင်ပြလိုပါသည်။ ပြည်မြို့၌ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်တာတည်စ ၁၃၂၁-ခုနှစ်က ဟော်သလင်းလတွင် ရှင်ရဟန်းငယ် ၆-ပါး ရပ်ရှင်ကြည့်မိသဖြင့် ရွှေကျင်ဂိုဏ်းတိုက်တာဥပဒေအရ ဝါတွင်းကာလမှာပင် တိုက်မှအပ နှင်ထုတ်လိုက်ရာ တိုက်အမ သခင်မကြီး ဒေါ်သိန်းတင်သိသွား၍ ငါလျှောက်လျင် ရတန်ရဲ့ သဘောဖြင့် "ဆရာတော်ဘုရား -- တိုက်တာတည်စ ရောက်စ ဖြစ်သည့်အပြင် သံဃာလည်း နည်းသွားပါမည်ဘုရား၊ သို့ပါ၍ ရုပ်ရှင်ကြည့်မိသော သံဃာ ၆-ပါးကို မနှင်ပါရန် လျှောက်ထားပါသည်ဘုရား" ဟု လျှောက်ထားသည့်အခါ

**"သက်န်း - ဆွမ်း - ကျောင်း-ဆေးပစ္စည်းလေးပါးဖြင့် ချီးမြှောက်ထောက်ပံ့လှူဒါန်းဘို့သာ တိုက်အမ၏ တာဝန်ဖြစ်သည်။ ကျောင်းတိုက်တွင်းကိစ္စများတွင် ပါဝင်မရှုတ်သင့်"** ဟူသော စကားတော်ကို မိန့်ကြားစဉ်က အသံတော်၏ တည်ကြည်လေးနက်ခံ့ညားမှု၊ စကားလုံးပြက်သားမှုများသည် ဆရာတော်ဘုရား၏ အသံကောင်းခြင်း စကားလုံးကောင်းခြင်းဟူသော သိရီဂုဏ်ကို ပေါ်လွင်စေပါသည်။

အကြီးအကဲအစိုးရဖြစ်ခြင်းဟူသော သိရီဂုဏ်ကာ းအလွန်ပင် ပေါ်လွင်လှပါ၏။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်ကြီး၌ နေစဉ်ကပင် စည်ရှင်ဆရာတော်စသော ဆရာသမားကြီးများ၏ ချီးမြှင့်မြှောက်စားမှုအရ အရွယ်အလိုက် အကြီးအကဲအစိုးရဖြစ်ခြင်း၊ ပြင်ဦးလွင်မြို့၌ ဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးကို မအောင်မြင်စွာ တည်ထောင်၍ အကြီးအကဲ အစိုးရဖြစ်

ခြင်း၊ ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီ ကျောင်းတိုက်ကြီး တည်ထောင်၍ ဦးစီးပဓာနနာယက အကြီးအကဲ အဖြစ်ဖြင့် အစိုးတရ နှစ်ပေါင်းများစွာ အုပ်ချုပ်ခြင်း၊ နိုင်ငံတော်ဩဝါဒါစရိယ ဖြစ်တော်မူခြင်း၊ သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်လာသည့်အခါ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌ ဖြစ်တော်မူခြင်း၊ ရွှေကျင်နိကာယကြီး၏ ဥပဥက္ကဋ္ဌ မဟာနာယကတွဲဘက် ရွှေကျင်သာသနာပိုင် ဖြစ်တော်မူခြင်း စသည်တို့ကြောင့် အကြီးအကဲ အစိုးတရ ဖြစ်ခြင်း သိရီဂုဏ်ကား အလွန်ပင် ပေါ်လွင်ထင်ရှားပါ၏။

အခြွေအရံများပြားခြင်းလည်း သိရီဂုဏ်ပင်ဖြစ်ကြောင်း ကျမ်းစာများ၌ ဖွင့်ပြထား၏။ ဆရာတော်ဘုရားကြီး၏ အခြွေအရံများ ကား ပြင်ဦးလွင် ဝိသုဒ္ဓါရုံ၊ ပြည် ဝိသုဒ္ဓါရုံဗာရာဏသီ၊ တောင်ငူ ဝိသုဒ္ဓါရုံသိမ်ဦး၊ တောင်ငူမြို့ ဝိသုဒ္ဓါရုံမြို့ထောင့်၊ ရန်ကုန် ရှစ်မိုင်-မစိုးရိမ် စသောအားဖြင့် ဆရာတော် ဘုရားကြီး၏ အနီးကပ် တပည့်ရင်းများ နေထိုင်ရာ အုပ်ချုပ်၍သာသနာပြု ကျောင်းတိုက်များစွာရှိ သံဃာတော်များသည် ဆရာတော် ဘုရားကြီး၏ အခြွေအရံများ ဖြစ်ပါသည်။ ရွှေကျင်ဂိုဏ်းဝင် သံဃာအားလုံးကိုလည်း ဆရာတော် ဘုရားကြီး၏ အခြွေအရံများဆိုက သင့်နိုင်ပါသည်။ **ဤသို့လျှင် အခြွေအရံများခြင်း သိရီဂုဏ်ကိုလည်း ဆရာတော်ဘုရားကြီး ပိုင်ဆိုင်တော်မူသည်မှာ သေချာပါသည်။**

ပညာရှိခြင်းကိုလည်း သိရီဂုဏ်ဟု ကျမ်းဂန်များက မိန့်ဆိုကြ၏။ ငယ်စဉ်ဘဝမှစ၍ ဆရာကောင်းများထံ နည်းခံလျက် စာပေသင်ကြားခဲ့သဖြင့် အစိုးရ ပထမကျော်၊ ဝိသုဒ္ဓါရုံဝိသေသတမ ပထမကျော်၊ ပျဉ်းမနား သာဝတ္ထိမြို့ ဝိနယပထမကျော်၊ (မေမြို့) ပြင်ဦးလွင်မြို့ ဝိနယ ပထမကျော်ဘွဲ့များနှင့် သကျသီဟ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (အဘိဝံသ) ဘွဲ့တော်ကြီးကို ရရှိခြင်း၊ ဟိန္ဒီသက္ကတဘာသာများကို ကျွမ်းကျင်စွာ တတ်မြောက်သဖြင့် ခက်ခဲနက်နဲသော ကျမ်းစာပေါင်း များစွာကို ရေးသားတော်မူနိုင်ခြင်းတို့က ဆရာတော် ဘုရားကြီး၏ ပညာရှိကြီးဖြစ်ကြောင်းကို ကောင်းကောင်းကြီး ထင်ရှားစေပါသည်။ သို့ပါ၍ ပညာရှိခြင်း ဟူသော သိရီ ဂုဏ်ရည်ကိုလည်း ဆရာတော် ဘုရားကြီး ပိုင်ဆိုင်တော်မူသည်မှာ အထူးပြောနေစရာ မလိုအောင် သိသာထင်ရှားလှပါ၏။



၁၃၅၂ ခုနှစ် တပေါင်းလပြည့်နေ့တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်က အဘိဓမ္မမဟာရဋ္ဌဂုရုဘွဲ့လက်မှတ်ကို ဆက်ကပ်နေစဉ်

ရှေးဘဝများစွာက ပြုခဲ့သော ကုသိုလ်ကောင်းမှုရှိခြင်းကိုလည်း သိရီဟုဆိုရကြောင်း ကျမ်းစာများက ဖွင့်ပြကြ၏။ ဆရာတော် ဘုရားကြီး၏ ရှေးဘဝများစွာကပြုခဲ့သော ကုသိုလ်ကောင်းမှုများရှိကြောင်းကို အနုမာနနည်းအရ မှန်းဆကြည့်က

သိသာနိုင်ပါသည်။ အောက်မှာ ရေစီးလာလျှင် အထက်မှာ မိုးရွာသည်ကို သိနိုင်သကဲ့သို့ ယခုဘဝ၌ ရရှိနေသော ထူးခြားသော အကျိုးတရားများကိုကြည့်၍ ရှေးဘဝများစွာက ကုသိုလ်ကောင်းမှု ထုထည်ကြီးမားစွာပြုလာခဲ့ကြောင်း သိနိုင်ပါသည်။

တတိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီး၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယကတွဲဘက်ရွှေကျင် သာသနာပိုင် အဘယာရာမ ဆရာတော်ဘုရားကြီး၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဘက် ရွှေကျင်သာသနာပိုင် စည်ရှင်ဆရာတော်ဘုရားကြီး- စသော အကျော်အမော် သာသနာ့ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများ၏ အထံတော်၌ ပညာရင်နို့ သောက်စို့ခွင့်ရရှိခြင်း၊

ဆရာတော်ဘုရားကြီးများ၏ အထူးချီးမြှောက်မှုကို ခံယူရရှိခြင်း၊ ညီတော်အရင်းဖြစ်သော ဘဒ္ဒန္တမဟောသဓပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဝိသာရဒပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဥတ္တမဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဝိစိတ္တစာရ (အဂ္ဂမဟာပဏ္ဍိတ) စသော သာသနာတော်၌ ထင်ရှားကျော်ကြား ကျေးဇူးများသော တပည့်များစွာ ပေါ်ထွက်ခြင်း၊

ပြည် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြင်ဦးလွင်မြို့ ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်စသော ကျောင်းတိုက်ကြီးများစွာကို အောင်မြင်စွာ တည်ထောင်နိုင်ခြင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရ၊ နိုင်ငံဂုဏ်ရည်ဘွဲ့ရ သမိုင်းဝင် သခင်မကြီး ဒေါ်သိန်းတင်စသော မြန်မာတစ်



ပြည်လုံး ထင်ရှားသော ကျောင်းဒကာ-ကျောင်းအမများစွာက ဆရာတော်ဘုရားကြီး၏ ပြောဆိုသမျှကို လေးစားစွာနာခံ၍ သံဃာအများ ချမ်းသာအောင် ပစ္စည်းလေးပါးဘက်မှ လိုလေသေးမရှိ ထောက်ပံ့ပေးခြင်း နိုင်ငံတော် သြဝါဒါစရိယဖြစ်တော်မူခြင်း၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌ ဖြစ်တော် မူခြင်း၊ ရွှေကျင်နိကာယကြီး၏ ဥပဥက္ကဋ္ဌ မဟာနာယကတွဲဘက် ရွှေကျင်သာသနာပိုင် ဖြစ်တော်မူခြင်း- စသော အကျိုးတရားများကို သာမန်ရှေးကံဖြင့် ရနိုင်စရာမရှိပါ။ ဆရာတော်ဘုရားကြီး၏ ကြီးမားထူးခြားသော ရှေးကောင်းမှု ကုသိုလ်တော်များကြောင့် ရခြင်းဖြစ်သည်မှာ ထင်းရှားပါသည်။ သို့ပါ၍ ရှေးကောင်းမှုရှိခြင်းဟူသော သိရီဂုဏ်ရည်လည်း အပြည့်အဝ ရရှိတော်မူသဖြင့် **"သိရီဂုဏ်ရည်စုံညီသော ဆရာတော်ဘုရားကြီး"** ဟု နိုင်ငံတော် သြဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ၊ မဟာနာယက တွဲဘက် ရွှေကျင်သာသနာပိုင်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီ ဆရာတော် ဘုရားကြီးအား လေးစားကော်ရော် ပူဇော်အပ်ပါသတည်း။

**ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D.)**

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်

(၅-၄-၂၀၀၂)



# ဗာရာဏသီဆရာတော်

## အရှင်ဒေဝါဒိစ္စဝံသ(ဆရာလင်းကြီး)



( ၁ )

ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီ စာသင်တိုက်ကြီးကို တည်ထောင်တော်မူခဲ့သော ဗာရာဏသီဆရာတော် ဘုရားကြီးကို မြန်မာသက္ကရာဇ် ( ၁၂၆၄ )ခုနှစ်၊ ဝါဆိုလပြည့် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ဆရာတော် ဘုရားကြီး သက်တော်ထင်ရှားရှိပါက မြန်မာသက္ကရာဇ် (၁၃၆၄)ခုနှစ် ဝါဆိုလပြည့်နေ့တွင် သက်တော် (၁၀၀)ပြည့်ပေမည်။ ဆရာတော်သည် သက်တော် (၁၀၀)ပြည့်သည် အထိ သီတင်းသုံး၍ မသွားရသော်လည်း သက်တော်(၉၀)ကျော်သည် အထိ သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ရာ သက်တော်ရှည် ဆရာတော်တစ်ပါးဟု ဂုဏ်ပြုထိုက်လှပါသည်။

ဆရာတော်တစ်ဘဇာတ်ရုပ်သိမ်း၍ ချုပ်ငြိမ်းတော်မူခဲ့သော်လည်း ဆရာတော်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကား တပည့်များနှင့် ဆည်းကပ်ကိုးကွယ်သူ တပည့်ဒါယကာ-ဒါယိကာမများ၏ နှလုံးသားတွင် ထာဝရအသက်ရှင်လျက် ရှိပါသည်။ **ကပ္ပဋ္ဌ ဌာယိနော ဂုဏာ - ဂုဏ်ကျေးဇူးတို့သည် လေးမြင့်ရှည်ကြာ တစ်ကမ္ဘာပတ်လုံး တည်၏**- ဟူသော ဟိတောပဒေသ ဆရာ၏စကားကို ဆရာတော်က လက်တွေ့ပြခဲ့ခြင်းသာ ဖြစ်ပါသည်။

ဆရာတော် တည်ထောင်ခဲ့သော ကျောင်းတိုက်တာ အရိပ်အာဝါသ ရုပ်ဝတ္ထုများသာမက ဆရာတော်၏ သီလ သမာဓိ ပညာ ဂုဏ်တော် အရိပ်များက တပည့်များကို သာယာချမ်းမြေ့စေပါသည်။ ဆရာတော်ညွှန်ပြခဲ့သော အဆုံးအမဩဝါဒများကို 'ဘဝလမ်းညွှန်' အဖြစ် လိုက်နာကျင့်သုံးပါက ထာဝစဉ် အေးမြနေမည်သာ ဖြစ်ပါသည်။ ဤမျှ ကြီးမားလှသော ဂုဏ်တော် ကျေးဇူးတော်များကြောင့်ပင် ဆရာတော် သက်တော်ထင်ရှား မရှိသော်လည်း ရာပြည့်ပူဇော်ပွဲကို ဆင်နွှဲကျင်းပ ပူဇော်ကြခြင်းဖြစ်သည်။

( ၂ )

ရာပြည့်အထိမ်းအမှတ် စာစောင်ထုတ်ဝေရန် စာမူတောင်းခံလွှာ စာတိုက်မှ ရောက်လာသည်။ ရနိုင်ခဲသော အခွင့်အရေးကို ရခြင်းဖြစ်၍ ဝမ်းမြောက်မိပါသည်။ စာရေးသူတို့ စာသင်သားဘဝ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် နေစဉ်က ဗာရာဏသီဆရာတော်သည် မဟာဝိသုဒ္ဓါရုံတိုက်သစ်-စည်ရှင်ကျောင်း၏ နာယက ဆရာတော်တစ်ပါး ဖြစ်ပါသည်။ ထိုအချိန်က မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ ဂုဏ်အရှိန်ကား မြင့်မားလှပါသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က -

၁။ တိုက်အုပ်ဆရာတော် အရှင်ဝိစာရ



၂။ တိုက်ကြပ်ဆရာတော် အရှင်ကောသလ္လ

၃။ မော်စျကွ အရှင်စာရိတ္တ

၄။ ဆီးပင်ကျောင်းဆရာတော် အရှင်နာရဒါဘိဝံသ

၅။ သုဝဏ္ဏဝတီကျောင်း ဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ

၆။ ဝါဆိုကျောင်းဆရာတော် အရှင်စန္ဒာဘိဝံသ

၇။ စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသစသော-

သိက္ခာကာမ ပရိယတ္တိဝိသာရဒဂုဏ်နှင့် ပြည့်စုံသော တပည့်ကြီးများ ဝန်းရံနေသဖြင့် မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ ဂုဏ်သတင်းမှာ ထုံသင်းပျံ့လှိုင်၍ ကျက်သရေရှိလှပါသည်။ သီရိလင်္ကာ၊ ထိုင်း စသော နိုင်ငံရပ်ခြားကပင် လေးစားကြပါသည်။ စာရေးသူတို့ နေခဲ့ရသော စာသင်သားဘဝတွင်လည်း မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ -

၁။ အ ဘိ ဓ ဇ မဟာရဋ္ဌဂုရု၊ သာသနာပိုင်သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး

၂။ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ မြောင်းမြ ဆရာတော်ဘုရားကြီး (၂)ပါးတို့၏ ဦးဆောင်မှု အောက်တွင်-

၁။ ပိုက်ကျိုးဆရာတော်

၂။ အသောကာရုံဆရာတော်

၃။ ဗာရာဏသီဆရာတော်

စသော-

ဆရာတော်များ ဝန်းရံလျက်ရှိရာ စံကင်းဆရာတော် ဘုရားကြီးကား ကြယ်ပေါင်းခ,သော လမင်းကြီးပမာ လွန်စွာ ကျက်သရေရှိလှပါသည်။ ထိုဆရာတော်များကို စာသင်သားများသာမက ကျောင်းဘုန်းကြီးများကပါ လေးစားရိုသေကြပါသည်။ သာသနာရေးကိစ္စ၊ ရွှေကျင်နိကာယဂိုဏ်းကိစ္စများရှိလျှင်လည်း စံကင်းဆရာတော် မြောင်းမြဆရာတော်ဘုရားကြီးတို့၏ ဩဝါဒတော်နှင့် အညီ ဆောင်ရွက် တော်မူကြပါသည်။

အဖိတ်နေ့ညများတွင်လည်း ကရုဏာရသ ပြည့်ဝသော အသံတော်ဖြင့် စံကင်းဆရာတော်ဘုရားကြီး၏ ကြည်လင် အေးမြသော ဩဝါဒကို နာယူခဲ့ကြရသည်။ အလယ်တိုက် ခန်းမကြီးတစ်ခုလုံး လွှမ်းသွားအောင် ပြတ်ပြတ်သားသား မိန့်ကြားတတ်သော မြောင်းမြဆရာတော်ဘုရားကြီး၏ ဩဝါဒကိုလည်း နာယူရသည်။ သာသနာရေးအတွက် အားတက်ဖွယ်ရာ၊ မှတ်သားဖွယ်ရာ ဩဝါဒများကို နာကြားရသည်။ တစ်ခါတစ်ရံ ပိုက်ကျိုးဆရာတော်၏ ဩဝါဒ၊ ဗာရာဏသီဆရာတော်တို့၏ ဩဝါဒကိုလည်း နာယူရသည်။ အသောကာရုံ ဆရာတော်၏ ဩဝါဒကိုလည်း နာယူခဲ့ရပါသည်။

*<u>စည်ရှင်ကျောင်း၏ နာယကဆရာတော်များမှာ ဖော်ပြခဲ့သည့်အတိုင်း ပိုက်ကျိုးဆရာတော်၊ အသောကာရုံဆရာတော်၊ ဗာရာဏသီဆရာတော် သုံးပါး အုပ်ချုပ်လျက်ရှိပါသည်။ ဆရာတော်သုံးပါး မှာ မြန်မာသက္ကရာဇ် (၁၂၆၄) ခုနှစ် ဖွားများဖြစ်၍ သက်ရွယ်တော်အားဖြင့်လည်း မကွာကြပေ။ ပရိယတ္တိဂုဏ်၊ သီလ သမာဓိ ပညာဂုဏ်အားဖြင့်လည်း ထင်ရှား တော်မူကြသည်။</u>*

( ၃ )

ဗာရာဏသီ ဆရာတော်ကား စာသင်သားများနှင့် အမြဲတန်း တွေ့ကြုံ၍ ဖူးခွင့်ရသော ဆရာတော်တစ်ပါးဖြစ်သည်။ ဗာရာဏသီဆရာတော်သည် နာယကဆရာတော်တစ်ပါး ဖြစ်သော်လည်း အမြဲတန်း ညဥ့်ဘုရားဝတ်တက်၊ နံနက်ဘုရားဝတ်တက်ကို မပျက်မကွက် ဦးဆောင်တော်မူသည်။ ခရီးဝေးကြွ၍ ပြန်ကြွလာသောအခါ ညဥ့်ဘုရား ဝတ်တက်မမီက နံက်ဘုရားဝတ်တက်ကြွလာသည်။ တိုက်တာ၏ ဥပဒေကို အလွန်လေးစား၍ စာသင်သားများအား စံပြအနေအားဖြင့် ဦးဆောင်တော်မူသည်။ ညဥ့်ဘုရားဝတ်တက်ပြီး ညွှန်ကြားပြောဆိုရန်ရှိကလည်း ပြောဆိုမိန့်ကြားတော်မူသည်။

ယနေ့ အတော်များများ ဆွမ်းဘုန်းပေးရာ၌ ညာလက်ဖြင့် ဆွမ်းစား၍ ဘယ်လက်ဖြင့် ဇွန်းကို ကိုင်လေ့ရှိပါသည်။ ဆရာတော်က ထိုအလေ့ထနှင့် ပတ်သက်၍ "ဆွမ်းစားတဲ့အခါ ညာလက်ကိုသာ အသုံးပြုပါ၊ ဘယ်ဘက်လက်ကို အနောက်ရုံးမှာသာ အသုံးပြုကြပါ' ဟု မိန့်တော်မူသည်။ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကုဋီကား အနောက်ပိုင်းတွင် ရှိပါသည်။ အနောက်ပိုင်း၌ရှိသော ကုဋီကို ရည်ရွယ်၍ ဆရာတော်က 'ဘယ်ဘက်လက်ကို အနောက်ရုံးမှာသာ အသုံးပြုကြပါ' ဟု မိန့်တော်မူခြင်းဖြစ်သည်။

ထိုအချိန်က မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ အရုဏ်ဆွမ်းဘုဉ်းပေးပြီး၍ အလင်းရောက်ချိန်တွင် ကျောင်းဘုန်းကြီးများ စုပေါင်းပြီး လက်ဘက်ရည်ဘုန်းပေးလေ့ရှိသော လက်ဘက်ရည်ဝိုင်း တစ်ဝိုင်းရှိပါသည်။ ကျောင်းဘုန်းကြီး တော်တော်များများ ကြွရောက်လေ့ရှိပါသည်။ ထိုလက်ဖက်ရည်ဝိုင်းသို့ ဗာရာဏသီဆရာတော် ကြွရောက်ထိုင်သည်ကို မမြင်ခဲ့ရဘူးပေ၊



ဆရာတော်သည် ရွှေကျင်စာပေပြန့်ပွါးရေးတွက်လည်း အထူးအာရုံစိုက်တော်မူသည်။ ရှားပါးနေသော – ဝိသုဒ္ဓါရုံ အဆုံးအဖြတ် ဆိဒ္ဓပိဓာနနိကျမ်း ဝိသုဒ္ဓါရုံ အဘိဓာန် ဝိသုဒ္ဓါရုံ သဂ္ဂြဟ်နိဿျ ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် ဝိသုဒ္ဓါရုံ ဂုဏ်တော်ပွင့် စသော ကျမ်းစာများကို ပြန်လည်ရိုက်နှိပ်ပေးခဲ့သည်။

ဘဿာရာမတာ အပြစ်မှ ကင်းလွတ်အောင် ကျင့်သုံးခြင်းပါတကားဟု လေးစားကြည်ညိုမိပါသည်။

စာရေးသူ သတိပြု၍ ကြည်ညိုမိသော အကြောင်းတစ်ရပ်ကို ဖော်ပြပါဦးမည်။ စည်ရှင်ဆရာတော် ဘုရားကြီးကို မဖူးတွေ့လိုက်ရပေ။ **စည်ရှင်ကျောင်း၏ နာယက ဆရာတော်များမှာ ဖော်ပြခဲ့သည့် အတိုင်း ပိုက်ကျုံးဆရာတော်၊ အသောကာရုံ ဆရာတော်၊ ဗာရာဏသီဆရာတော် သုံးပါး အုပ်ချုပ်လျက် ရှိပါသည်။ ဆရာတော် သုံးပါးမှာ မြန်မာသက္ကရာဇ် (၁၂၆၄) ခုနှစ် ဖွားများဖြစ်၍ သက်ရွယ်တော်အားဖြင့်လည်း မကွာကြပေ။ ပရိယတ္တိဂုဏ်၊ သီလ သမာဓိ ပညာဂုဏ်အားဖြင့်လည်း ထင်ရှားတော်မူကြသည်။**

**လောက၌ ဖြစ်လေ့ဖြစ်ထရှိသည်မှာ ပထမ ဆရာတော်ဘုရားကြီးပျံလွန်၍ တပည့်ကြီးများ ကျန်ရစ်သောအခါ ညီညွတ်မှု ပျက်ပြားတတ်ပါသည်။** စည်ရှင်ကျောင်း၏ နာယက ဆရာတော်များကား တစ်စည်းတစ်လုံးတည်း ညီညွတ်လှပါသည်။ ထို့ကြောင့်ပင် စည်ရှင်ကျောင်းသည် ဆရာတော်ရှိစဉ်က ထက်ပင် တိုက်တာ အဆောက်အအုံများ တိုးတက်လာခဲ့ပါသည်။ ပရိယတ္တိစာပေပို့ချမှုတွင်လည်းတက်ညီလက်ညီ ဆောင်ရွက်တော်မူ ကြရာ စည်ရှင်ကျောင်းထွက် ပရိယတ္တိ သာသနဟိတဓမ္မာစရိယ (သက်ျသီဟဓမ္မာစရိယ)ဘွဲ့ရ ပုဂ္ဂိုလ်များ များလှပါသည်။ သက်ရွယ်တူ၊ ဂုဏ်ရည်တူ ဆရာတော်များ၏ ညီညွတ်လှသော သာမဂ္ဂီဂုဏ်ကား လေးစားကြည်ညိုဖွယ် ကောင်းလှပါသည်။

( ၄ )

မမေ့နိုင်သော ဖြစ်ရပ်လေးတစ်ခုကိုလည်း ဖော်ပြပါဦးမည်။ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ နေထိုင်စဉ်က ကိစ္စတစ်ခုဖြင့် ရန်ကုန်သို့ သွားပြီး ရထားစီး၍ ပြန်လာခဲ့ပါသည်။ ပဲခူးဘူတာသို့ ရထားရပ်လိုက်သောအခါ ကပ္ပိယကျောင်းသားနှင့် ဗာရာဏသီဆရာတော်သည် မိမိလိုက်လာသော တွဲပေါ်သို့ တက်လာပါသည်။ လေးစားရသော ဆရာတော်တစ်ပါးဖြစ်၍ မဝံ့မရဲ ဖြစ်သွားပါသည်။ သို့သော် ဆရာတော်က တရင်းတနှီး ဆက်ဆံပြောဆိုပါသည်။ နေ့ဆွမ်းစားချိန်ကျသောအခါ ဆရာတော်က ကပ္ပိယနှင့် အသင့်ပါလာသော ဆွမ်းကို အတူစားစေပါသည်။ မိမိပါလာသော ဆွမ်းချိုင့်လေးကို အသာပင် ထားလိုက်ရသည်။ ကျောက်တံခါး ဘူတာမှာဆင်းမည့် အကြောင်းကို ဆရာတော်အား ကြိုတင်လျှောက်ထားမိပါသည်။ ကျောက်တံခါး ဘူတာသို့ ရောက်သောအခါ ဆရာတော်သည် အလုပ်သမား တစ်ယောက် ခေါ်စေပြီး ကပ္ပိယကို

အလုပ် သမားအတွက် အပေး ခိုင်း၍ သည်ဦးပဋ္ဌင်း အသောကာရုံ တိုက် ရောက်အောင် လိုက်ပို့လိုက်' အမိန့်ရှိကာ ပို့စေပါသည်။ ဆရာ တော်သည် ရဟန်းငယ်တစ်ပါး ဖြစ် သော်လည်း ကြီးမားသော ကရုဏာ ဖြင့် စောင့်ရှောက်ခြင်းဖြစ်ရာ မမေ့ နိုင်သော ဖြစ်ရပ်လေးပင် ဖြစ်ပါ သည်။

စာရေးသူတို့ မဟာဝိသုဒ္ဓါရုံ တိုက်မှ မထွက်မီကပင် ဗာရာဏသီ ဆရာတော်သည် ပြည်မြို့မှ ကျောင်း အမကြီး(သခင်မကြီး)ဒေါ်သိန်းတင် က ပင့်၍ တပည့် သံဃာများနှင့် တကွ ကြွတော်မူသည်။ ဆရာတော် ကြွရောက်ပြီး ဖွင့်လှစ်တည်ထောင် တော်မူသဖြင့် "ဝိသုဒ္ဓါရုံ ဗာရာဏသီ တိုက်" ဟူသော အမည်ဖြင့် ထင်ရှား သော စာသင်တိုက်တစ်တိုက် ဖြစ် လာပါသည်။ ဆရာတော်သည် ရွှေကျင်ဂိုဏ်း ကိစ္စရှိတိုင်း မန္တလေး သို့ ကြွလာတော်မူပါသည်။ ပြည်မြို့ ၌ ပြည်၊ သာယာဝတီ ၊ သရက် အခြေခံဒေသသုံးခရိုင် ဝိနည်း စာတော်ပြန် ပွဲကြီးကို ဦးဆောင် ကျင်းပတော်မူရာ စည်ကား သိုက်မြိုက်လှပါသည်။ ပြည်မြို့ သာသနာသမိုင်းတွင် မှတ်တမ်း တင်ရမည့် စာပြန်ပွဲကြီးဖြစ်ပါ သည်။ ဆရာတော်သည်

၁။ မေမြို့ (ပြင်ဦးလွင်)၊ ဝိသုဒ္ဓါ ရုံ ရွှေကျင်ကျောင်း တိုက်၊

၂။ တောင်ငူမြို့၊ ဝိသုဒ္ဓါရုံ သိမ် ဦးကျောင်းတိုက်၊

၃။ တောင်ငူမြို့၊ ဝိသုဒ္ဓါရုံ မြို့ ထောင့်ကျောင်းတိုက်၊

၄။ ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏ သီတိုက် စသော -

တိုက်ကြီးများကို တည် ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ရွှေကျင် နိကာယ ကြီးပွါးရေးကို အလေး အနက်ထား၍ ဆောင်ရွက်တော်မူ သည်။ ဆရာတော်သည် ရွှေကျင် စာပေပြန့်ပွါးရေးတွက်လည်း အထူး အာရုံစိုက်တော်မူသည်။ ရှားပါး နေသော -

ဝိသုဒ္ဓါရုံ အဆုံးအဖြတ်
ဆိဒ္ဓပိဓာနနိကျမ်း
ဝိသုဒ္ဓါရုံ အဘိဓာန်
ဝိသုဒ္ဓါရုံ သဂြိုဟ်နိဿျ
ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ်
ဝိသုဒ္ဓါရုံ ဂုဏ်တော်ဖွင့်

စသော ကျမ်းစာများကို ပြန်လည် ရိုက်နှိပ်ပေးခဲ့သည်။ ဆရာတော်၏ သမိုင်းရေးရာ စိတ်ဓာတ်ကလည်း ထက်သန်လှပါသည်။ ၁၂၉၁-ခုနှစ်၊ ကဆုန်လဆုတ် (၂-၃-၄) ရက်နေ့ များတွင် မော်လမြိုင်မြို့ ပုဂံတောင် ကျောင်းတိုက်၌ စတုတ္ထအကြိမ် ကျင်းပခဲ့သော ရွှေကျင်နိကာယ သံဃာ့အစည်းဝေးပွဲကြီး ဆုံးဖြတ် ချက် အမှတ်(၆)တွင် "ရွှေကျင် နိကာယမှတ်တမ်း" ဟူသော အမည် ဖြင့် ပါဝင်သင့်သော အကြောင်း အရာစုံနှင့်တကွ မှတ်တမ်းစာအုပ် ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ဘူးပါသည်။ တဖန် ၁၃၁၈-ခု၊ တပို့တွဲလဆုတ် (၄-၅-၆) ရက်နေ့များတွင် ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၌ နဝမ အကြိမ်ကျင်းပသော ရွှေကျင် နိကာယ သံဃာ့အစည်းအဝေးကြီး ဆုံးဖြတ်ချက် အမှတ် (၃)တွင် -

နယ်သံဃာတို့ အကူအညီ ဖြင့် အချိန်ယူ၍ 'ရွှေကျင်နိကာယ မှတ်တမ်းကြီးတစ်ခုဖြစ်အောင် အားထုတ်ဆောင်ရွက်ရန်' ဟု ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် ထိုဆုံး ဖြတ်ချက်ကား အကောင်အထည် ပေါ်မလာခဲ့ပေ။ ဆရာတော် ရေး သားပြုစု၍ ' ရွှေကျင်နိကာယ မှတ်တမ်း' အမှတ်(၄) အထိ ပေါ် ထွက်လာခဲ့ပါသည်။ ရွှေကျင်နိ ကာယ သမိုင်းအတွက် အားထားရ မည့် မှတ်တမ်းပင် ဖြစ်ပါသည်။ ဤသို့ ရွှေကျင်နိကာယဂိုဏ်းဂဏ ကြီးပွားတိုးတက်ရေးအတွက် စိတ်ဇွဲ သန်သန်ဖြင့် ဆောင်ရွက် တော်မူခဲ့ သဖြင့် -

ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ (တွဲဖက်သာသနာပိုင်) ဖြစ်တော် မူပြီး နိုင်ငံတော် အစိုးရက ဆက် ကပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံ ဆိပ်တော်၊ အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ နိုင်ငံတော် ဩဝါဒါ စရိယ ဟူသော အဆင့်မြင့် ဘွဲ့ထူး ဂုဏ်ထူးတို့ဖြင့် ချီးကျူးပူဇော်ခြင်း ကို ခံယူရခြင်း ဖြစ်ပါသတည်း။

အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး)



# ကထိက-ရဟန်း

## သာသနာဟူသည်



-သာသနာဆိုသည်မှာ အဘယ် ဘရားနည်း?

သာသနာကို မည်သူတွေ စောက် ရှောက် ထိန်းသိမ်းနေသနည်း?

သာသနာဆိုသည်မှာ သမ္မာ သမ္ဗုဒ္ဓဘုရားရှင်တို့၏ အဆုံးအမ စကား၊ ဟောကြားအပ်သော တရား တော်များ ဖြစ်သည်။'သာသနာ' ဆိုသော စကားလုံး၏ အရကောက် တရားကိုယ်ကို အတိအကျ ဖော်ပြရ လျှင်-

"မဂ်ဉာဏ်၄-ပါး၊ ဖိုလ်ဉာဏ် ၄-ပါး၊ နိဗ္ဗာန်၊ ပရိယတ္တိသဒ္ဓမ္မ" ဟူသောသူတော်ကောင်းတရား ၁၀-ပါးတွင် အပါအဝင်ဖြစ်သော ပရိယတ္တိသဒ္ဓမ္မဖြစ်သည်။

ထိုတရားရတနာတွင် အပါ အဝင်ဖြစ်သော ပရိယတ္တိသဒ္ဓမ္မဖြင့် ပွင့်တော်မူတိုင်းသော ဘုရားရှင် တို့သည် ဆုံးမထိုက်သည့် ဝေနေယျ သတ္တဝါတို့ကို ဟောကြားဆုံးမ တော်မူကြ၏။ ထို့ကြောင့် တရား ရတနာတွင် အပါအဝင်ဖြစ်သော ပရိယတ္တိသဒ္ဓမ္မ ကိုသာသနာဟု ခေါ်ဆိုရခြင်းဖြစ်သည်။ ထို ပရိယတ္တိသဒ္ဓမ္မ ဟူသောသာသနာ တော်ကို အချို့ဒေသနာတော်တွင် "သဒ္ဓမ္မ" ဟူသောအမည်ဖြင့်လည်း ကောင်း၊ အချို့ဒေသနာတော်တွင် "ဓမ္မဝိနယ" ဟူသော အမည်ဖြင့် လည်းကောင်း၊ အချို့ဒေသနာတော် တွင် "ဗြဟ္မစရိယ" ဟူသော အမည် ဖြင့်လည်းကောင်း ထုတ်ဖော် မိန့်ကြားတော်မူသည်။

**သာသနာအပြား**

ဤနေရာ၌"ပရိယတ္တိသာ သနာ၊ ပဋိပတ္တိသာသနာ၊ ပတိဝေဓ သာသနာ" ဟူ၍လည်းကောင်း၊ "သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ" ဟူ၍လည်း ကောင်း ရှိနေပါလျက် ပရိယတ္တိကို သာ သာသနာအဖြစ် ဖော်ပြနေခြင်း နှင့် စပ်၍ သံသယပွားဖွယ်ရှိနေ သဖြင့် ရှင်းလင်းပါအံ့။ ထိုသို့ရှင်း လင်းရာ၌ ရှေးဦးစွာ ပရိယတ္တိ သဒ္ဓမ္မ၏ အပြားကို သိထားသင့် သည်၊ ပရိယတ္တိသဒ္ဓမ္မမှာ-

ဓမ္မဝိနယ အားဖြင့် ၂-ပါး၊
ပိဋကအားဖြင့်-၃-ပါး၊
နိကာယ်အားဖြင့် ၅-ပါး၊
အင်္ဂါအားဖြင့် ၉-တန်၊
ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀-ရှိသည်။

ဤပရိယတ္တိသဒ္ဓမ္မ အပြားကို ကြည့်ပါက လက်တွေ့လိုက်နာ ကျင့်သုံးရမည့် သိက္ခာသုံးပါး သူတော်ကောင်းတရား များဖြစ် ကြောင်းတွေ့ရမည်ဖြစ်သည်။

ဤသိက္ခာသုံးပါးကို ပြဆို သည့် ပရိယတ္တိဓမ္မများသည် ဘုရား ရှင်တို့၏ အဆုံးအမ စကားများ ဖြစ်၍ မုချအားဖြင့် သာသနာမည် ၏၊ မူလဘူတ အရင်းခံ သာသနာ ဖြစ်၏။ ကြွင်းသော ပဋိပတ္တိသာ သနာ၊ ပတိဝေဓသာသနာတို့သည် ထိုပရိယတ္တိသာသနာကို အခြေခံ၍ ကျင့်သုံးပါမှ ပေါ်လာရသော ဆင့်ပွား သာသနာများဖြစ်သည်။

ရှင်းပါအံ့- အကြင်သူသည် ထိုပရိယတ္တိသဒ္ဓမ္မမှာလာသော နည်းအတိုင်း လက်တွေ့ကျင့်သုံးအံ့၊ ထိုအခါ၊ ထိုသူ၏ သန္တာန်၌ ပဋိပတ္တိ သာသနာပွင့်ထွန်းပြီး ဖြစ်သည်။ အကယ်၍ ထိုသူသည် မဂ်ပေါက် ဖိုလ်ဝင်အဆင့်သို့ရောက်ပြီဆိုပါက ထိုသူ၏ သန္တာန်၌ ပတိဝေဓ သာသ နာ ပွင့်ထွန်းခြင်းဖြစ်၏။ ဤသို့လျှင် ထိုသူ၏ သန္တာန်၌" ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပတိ ဝေဓသာသနာ" ဟူသော သာသနာ သုံးရပ်ပြည့်စုံပြီး ဖြစ်တော့၏။

တစ်ဖန် ထိုသူကျင့်သုံးသော ပဋိပတ္တိသာသနာကို အဆင့်ခွဲ ကြည့်မည်ဆိုပါက"သီလအဆင့်၊ သမာဓိအဆင့်၊ ပညာအဆင့်"ဟု အဆင့်သုံးဆင့် ရှိနေကြောင်း တွေ့ရ မည်ဖြစ်၏။ ထို့ကြောင့် ထိုသီလ၊ သမာဓိ၊ ပညာတို့သည် သီးခြား သာသနာများမဟုတ်၊ ပဋိပတ္တိ သာသနာ၏ အစိတ်အပိုင်းများသာ ဖြစ်ကြောင်းရှင်းလင်းစွာ နားလည် ရပေမည်။ ထို့ပြင်" ပတိဝေဓ သာသနာ" ဆိုသည်မှာလည်း အခြားမဟုတ်၊ ထိုပညာသာသနာ၌ ပါဝင်နေသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တို့ပင် ဖြစ်သည်။ မဂ်ဉာဏ်၊ ဖိုလ် ဉာဏ်တို့ကို ပတိဝေဓ သာသ နာဟု ဆိုသည်မှတ်။

ဤနေရာ၌ ထင်မြင်လွယ်စေ ရန် အောက်ပါပုံကို ကြည့်ပါ။

| | | |
|---|---|---|
| မဂ်ဉာဏ် - ဖိုလ်ဉာဏ် | ← | ပတိဝေဓ |
| ↑ | | |
| ပညာသာသနာ ↑ သမာဓိသာသနာ ↑ သီလသာသနာ | ← | ပဋိပတ္တိ |
| ↑ | | |
| ဝိနည်း သုတ္တန် အဘိဓမ္မာ | ← | ပရိယတ္တိ |



ဤသို့လျှင် "သာသနာ" ဟူသော စကား၏ အရကောက် တရားကိုယ်မှာ ပရိယတ္တိသဒ္ဓမ္မ ဖြစ်ကြောင်း ထင်ရှားတော့၏

ဥပမာ

**သာသနာတော် သုံးရပ်တည်ရှိနေပုံ ဥပမာမှာ ပရိယတ္တိသည် ကန်ပေါင်နှင့်တူ၏။ ပဋိပတ္တိသည် ထိုကန်ပေါင်အတွင်း၌ တည်ရှိသော သီတာရေအေးနှင့် တူ၏။ ပတိဝေဓသည် ထိုရေ၌ ပွင့်ကြရသည့် ကြာတို့နှင့်တူ၏ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဟူသော ကြာပန်းတို့သည် ပဋိပတ္တိဟူသော သီတာရေအေး မရှိက မဖူးမပွင့်နိုင်ကြ၊ ပဋိပတ္တိဟူသော သီတာရေအေးလည်း ပရိယတ္တိတည်း ဟူသော ကန်ပေါင်ရိုးကြီး ခိုင်ခိုင်မာမာ တည်ရှိပါမှ တည်နေနိုင်၏။** အကယ်၍သာ ကန်ပေါင်ရိုးပမာ ပရိယတ္တိ သာသနာတော်ကြီး ပျောက်ကွယ်ခြင်းမရှိဘဲ တည်ရှိနေမည်ဆိုပါက ကြည်လင်အေးမြလှသော ပဋိပတ္တိ သီတာရေဖြင့် အမြဲပြည့်လျှံနေကာ ပတိဝေဓရွှေကြာတို့လည်း အမြဲ ဖူးပွင့်ဝေဆာလှပနေကြမည်သာဖြစ်၏။ ထိုအခါ ဤဘုရားရှင်၏ သာသနာဟူသော ကန်တော်ကြီးသည် သမ္မာအယူရှိကြသည့် လူ၊ နတ်၊ ဗြဟ္မာဟူသော ဝမ်းဘဲ၊ ဟင်္သာငှက်များစွာတို့၏ ပျော်မြူးကျက်စားရာ ဖြစ်နေပေလိမ့်မည်။

ဤသို့မဟုတ်ဘဲ ပရိယတ္တိ ကန်ပေါင်ကို ချိုးဖဲ့ဖျက်ဆီးကြမည်ဆိုပါက ပဋိပတ္တိရေ ခန်းခြောက်၍ ပတိဝေဓ မျှကြာတို့ကလည်း ပျောက်ခြင်းမလှ ပျောက်လွန်ပေလိမ့်မည်။

**ယခုအခါ အချို့သော စာစောင်များ၌- " တရားဖြင့်မွေ့လျော်လိုသော စာမတတ် သည်က အကောင်းဆုံး။ တရားဖြင့်မွေ့လျော်ရာ၌ ကျမ်းဂန်နှံ့စပ် စာတတ်ပေတတ် ဖြစ်ချေသော် အစွဲသိနှင့် အထဲသိတို့ ဝိဝါဒကြောင့် သဒ္ဓါနှင့် ပညာခြေရာမထပ် အစေးမကပ် ဖြစ် တတ်လှချေ၏" ဟူသော ပရိယတ္တိသဒ္ဓမ္မကို တူးဖြိုဖျက်ဆီးသည့် အဓမ္မဝါဒများကို ဖော်ပြနေကြ၏။ အချို့သော အခါပေးဆရာတို့က မဂ်လာအခမ်း အနားများ၌ အနတ္တ လက္ခဏသုတ် ကို မရွတ်ရဟု တားမြစ်ကြောင်းလည်း ကြားသိနေရ၏။ ဗုဒ္ဓသာသနာတော်တစ်ရပ်လုံးကို ဖျက်ဆီး၍ အတ္တဝါဒ သွင်းလာခြင်းဖြစ်၏။**

သာသနာ့ကျေးဇူး

သာသနာတော်နှင့် တွေ့ရခြင်း၏ ကျေးဇူးကားလွန်စွာကြီးမားလှ၏။ ကြောက်မက်ဖွယ်ကောင်းလှသော အပါယ်ဘေးကြီး၏ သဘောကို သိခွင့်ရကြ၏။ ထိုအပါယ်ဒုက္ခမှ ကင်းလွတ်ကြောင်း နည်းလမ်းကောင်းများကို သိခွင့်ရကြ၏။ ကင်းလွတ်ချမ်းသာခွင့်ရကြရ၏။ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာရကြောင်း ရောက်ကြောင်း

နည်းကောင်း လမ်းမှန်များကို သိခွင့်ရကြ၏။ လူ့ချမ်းသာ လက်တွေ့ခံစားခွင့်ရ၊ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာ အလွယ်တကူရရှိ ခံစားနိုင်ကြရုံမျှမက အို၊ နာ၊ သေ လွတ်ရာနိဗ္ဗာန်တိုင် ရောက်နိုင်ရနိုင်ခွင့်ရှိနေကြပေသည်။ သာသနာပကာလမှာ လုံးဝကြားခွင့်၊ နာယူခွင့်မရနိုင်၊ ဘုရားပွင့်ရာ သာသနာတွင်းကာလမှာသာ ကြားခွင့် နာယူခွင့် ရရှိနိုင်သော အနတ္တလက္ခဏာသုတ္တန်ကြီးများကို ကြားခွင့်ရ၊ နာယူခွင့် ရနေကြ၏။ အနတ္တသဘောကို အထိုက်အလျောက် သဘောပေါက်ခွင့် ရနေကြ၏။

အဘိဓမ္မာ ၇-ကျမ်းရှိရာတွင် နောက်ဆုံး ၅-ကျမ်းကို ဖွင့်ဆိုသည့် ပဉ္စပကရဏ(ပဉ္စပကြိုဏ်) အဋ္ဌကထာ (နှာ-၃၈)၌ သာသနာတော်၏ ကျေးဇူးကို -

"သာသနေ ပန ဓရမာနေ
အယံ ကပ္ပဝိနာသော နာမ နတ္ထိ၊
ကပ္ပဝိနာသေ သာသနံ နတ္ထိ"

ဟုမိန့်ဆိုထားသည်။ အဓိပ္ပါယ်မှာ"ဘုရားရှင်တို့ ဟောကြားဆုံးမတော်မူအပ်သော ပရိယတ္တိ သဒ္ဓမ္မခေါ် သာသနာတော်သည် သတ္တဝါတို့၏ သန္တာန်၌ တည်ရှိနေမည်ဆိုပါက ဤကမ္ဘာကြီး မပျက်စီးနိုင်။ ကမ္ဘာပျက်ရသည်မှာ သာသနာကွယ်နေသောကြောင့်" ဟူ၍ဖြစ်၏။

ဗုဒ္ဓသာသနာ တည်ရှိပါက ကမ္ဘာမပျက်၊ ကမ္ဘာပျက်ခါ သာသနာ ကွယ်ကာပြီးလေပြီ။

**သာသနာပြုပုဂ္ဂိုလ်များ**

ဤမျှ တန်ဖိုးကြီးမားသော သာသနာတော်ကို မည်သူတွေ စောင့်ရှောက်နေသနည်း? မည်သူတွေ ဖျက်ဆီး နေသနည်း?။

သာသနာတော် မကွယ် မပျောက်အောင်ထိန်းသိမ်းစောင့်ရှောက်သူကို သာသနာပြုပုဂ္ဂိုလ်ဟု ခေါ်ကြ၏။ ထိုသာသနာပြုပုဂ္ဂိုလ်များ မည်သူတွေဖြစ်သည်ကို မဖော်ပြမီ သာသနာပြုလုပ်ငန်းတို့ကို ရှေးဦးစွာ သိထားသင့်ကြပေသည်။

သာသနာပြုလုပ်ငန်းတို့မှာ
(၁) ပရိယတ္တိသဒ္ဓမ္မ မပျောက်မကွယ်အောင် ထိန်းသိမ်းခြင်း။
(၂) ထိုပရိယတ္တိသဒ္ဓမ္မ၌ညွှန်ပြထားသောနည်း လမ်းအတိုင်း လိုက်နာ ကျင့်သုံးခြင်းတို့ဖြစ်သည်။

အရှင်မဟာကဿပ အစရှိသော ရဟန္တာမထေရ်ကြီးတို့သည် ပရိယတ္တိသဒ္ဓမ္မများ မကွယ်မပျောက်စေရန် စုပေါင်းညှိနှိုင်း၍ သံဂါယနာတင်ခဲ့ကြကုန်၏။ သံဂါယနာတင်ပြီးသောအခါ-

ဒီဃနိကာယ်ကို အရှင်အာနန္ဒာနှင့် တပည့်များက တာဝန်ယူထိန်းသိမ်းခဲ့ကြရ၏။

မဇ္ဈိမ နိကာယ်ကို ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာနှင့် တပည့်များက တာဝန်ယူ ထိန်းသိမ်းခဲ့ကြ၏။

သံယုတ္တနိကာယ်ကို အရှင်မဟာကဿပနှင့် တပည့်များက တာဝန် ယူထိန်းသိမ်းခဲ့ကြရ၏။

အင်္ဂုတ္တရ နိကာယ်ကို အရှင်အနုရုဒ္ဓါနှင့် တပည့်များက တာဝန်ယူ ထိန်းသိမ်းခဲ့ကြရ၏။

ဤသို့တာဝန်ခွဲဝေ ကျက်မှတ် သယ်ဆောင်ခဲ့ကြ၏။ ထို့အတူ ဒုတိယ သံဂါယနာတင်ခေတ်၊ တတိယသံဂါနာတင်ခေတ်အထိ နှုတ်လွတ်အရကျက် သယ်ဆောင်ခဲ့ကြ၏။ ထို့နောက် သီရိလင်္ကာနိုင်ငံ၌ ပေထက်အက္ခရာ တင်ပြီး စတုတ္ထသံဂါယနာတင်ကာ ထိန်းသိမ်းခဲ့ကြ၏။ ထို့နောက် မြန်မာနိုင်ငံ၌ ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ကာ စောင့်ရှောက်ခဲ့ကြကုန်၏။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံတော်၌ တိပိဋကစရေစာမေးပွဲကြီး၊ နိကာယ် စာမေးပွဲကြီးများ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ မန္တလေး ပရိယတ္တိ သာသနဟိတ စာမေးပွဲ၊ ရန်ကုန်စေတိယင်္ဂဏ စာမေးပွဲ၊ သာမဏေကျော် စာမေးပွဲများစသည်တို့၌ ဝင်ရောက်ဖြေဆိုနိုင်ရေးအတွက် အားထုတ်နေကြသည့် ပရိယတ္တိ ဝန်ဆောင်စာချ စာသင်ရဟန်းသာမဏေတို့သည် လည်းကောင်း၊ ရန်ကုန်၊ မန္တလေး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသ

နာပြုတက္ကသိုလ်၊ စစ်ကိုင်း သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၌ သင်ကြား ပို့ချနာယူနေကြသည့် သင်တန်း ဆရာ သင်တန်းသားတို့သည်လည်း ကောင်း ပရိယတ္တိသဒ္ဓမ္မကို မပျောက် မကွယ်အောင် ထိန်းသိမ်းနေကြ သည့် အစစ်အမှန် သာသနာပြု ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

**ဝန်ကြီး၏လျှောက်ထားလွှာ**

ဤနေရာ၌ သာသနာပြု ပုဂ္ဂိုလ် အစစ်အမှန်တို့မည်မျှ အပင် ပန်းခံအားထုတ်ကြရသည်ကို သိရှိ စေရန် (၅၄)ကြိမ်မြောက် တိပိဋက ဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲဖွင့်ပွဲ အခမ်းအနား၌ သာသနာရေးဝန်ကြီး၏ လျှောက် ထားလွှာမှ ထုတ်နှုတ်ဖော်ပြအံ့

"တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး ကို မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပ လာခဲ့သည်မှာ (၅၄)ကြိမ်ရှိပြီဖြစ်၍ သာမန်အားဖြင့် မထူးဆန်းဟုထင် ရသော်လည်း ကမ္ဘာ့အရပ်ရပ်တွင် အခြား မည်သည့် နိုင်ငံတွင်မျှ မကျင်းပနိုင်၊ မြန်မာနိုင်ငံ တစ်နိုင်ငံ တည်းမှာသာ ကျင်းပနိုင်သည့် စာ မေးပွဲဖြစ်၍ အလွန်ထူးဆန်း အံ့ဩ ဖွယ်ကောင်းသည့် စာမေးပွဲကြီး ဖြစ်သည်ဟု ဆိုရမည် ဖြစ်ပါသည် ဘုရား။

အာဂုံပြန်ဆိုရမည့် ကျမ်း စာများမှာ ဝိနည်းငါးကျမ်း စာမျက်နှာပေါင်း (၂၂၆၀) မျက်နှာ၊ သုတ်သုံးကျမ်းစာမျက်နှာပေါင်း (၇၇၉) မျက်နှာ၊ အဘိဓမ္မာ ခုနစ် ကျမ်း စာမျက်နှာပေါင်း (၄၉၈၇) မျက်နှာ စုစုပေါင်းသင်ရိုး ပိဋက သုံးပုံ စုစုပေါင်းစာမျက်နှာ (၈၀၂၆) မျက်နှာဖြစ်၍ အလွတ်ကျက်မှတ် ပြန်ဆိုရန် သာမန်ပုဂ္ဂိုလ်များ အနေဖြင့် အိပ်မက်မျှပင် မမက်ရဲ အောင်ခက်ခဲနေသည်ကို တွေ့ရှိရပါ သည်ဘုရား။

တစ်ဖန် သဘောရေးဖြေ ဖြေဆိုရာ၌မူ ယင်းပါဠိတော်များ၏ အဖွင့်အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယနှင့် မြန်မာ ပြန်ကျမ်းများ၊ ဆိုရိုးကျမ်းများ၊ အရကောက်ကျမ်းများ၊ အမေး အဖြေနှင့် ဝိနိစ္ဆယကျမ်းများ စသည် ဖြင့် စာအုပ်ပေါင်း တစ်ထောင် ကျော်ကို လေ့လာဖတ်ရှု မွှေနှောက် နိုင်မှသာ ဝင်ရောက်ဖြေဆို ရသည့် စာမေးပွဲကြီးဖြစ်၍ ကမ္ဘာ့တွင် အခက်တကာ့အခက်ဆုံး စာမေးပွဲ ကြီးဖြစ်ပါသည်ဘုရား။ တို့ပြင် ရက် ပေါင်း (၃၃)ရက်ကြာ ကျင်းပရခြင်း ဖြစ်၍ အချိန် ကာလအားဖြင့် အကြာဆုံးစာမေးပွဲကြီး ဖြစ်ပါသည် ဘုရား။

ယင်းကဲ့သို့ ရက်အကြာဆုံး၊ ပြဋ္ဌာန်းကျမ်းစာအများဆုံး နက်နဲ ခက်ခဲဆုံးဖြစ်သော ဤတိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုသော သာသနာ့ အာဇာနည်များမှာ စာမေးပွဲ မအောင်ချင်နေပါစေ၊ ဝင်ရောက် ဖြေဆိုဖော်ရလျှင်ပင် အတိုင်းမသိ ကြည်ညို၍မဆုံး ဖြစ်ရပါကြောင်းကို ဖော်ပြလျှောက်ထားအပ်ပါသည် ဘုရား"

ထို့အတူ ဓမ္မရိပ်သာကြီး များဖွင့်၍ ဗုဒ္ဓ၏ ဓမ္မအဆီ အနှစ် တို့ကို လက်တွေ့ခံစားနိုင်အောင် သင်ပြနေကြသော အရှင်မြတ်များ၊ လိုက်နာကျင့်သုံးနေကြသည့် ယောဂီများ၊ ဓမ္မကထိကအရှင်များ၊ နယ်ခြားဒေသများ၌ အဆင်းရဲ အပင်ပန်းခံ သာသနာပြန့်ပွား အောင် ဆောင်ရွက်နေကြသော သာသနာ့အာဇာနည်အရှင်တို့သည် အစစ်အမှန် သာသနာပြု ပုဂ္ဂိုလ် များဖြစ်ကြကုန်၏။

ထိုဖော်ပြခဲ့ပြီးသော သာ သနာပြု အစစ်အမှန် ပုဂ္ဂိုလ်တို့၏ ကျေးဇူးကြောင့် ယနေ့အထိ သာ သနာတော်ကြီး မကွယ်မပျောက် တည်ရှိထွန်းလင်းနေခြင်းဖြစ်သည်။

**သူတို့**

ထိုသို့ အမှန်တကယ် သာ သနာပြုနေသူတို့က "သာသနာပြု ပုဂ္ဂိုလ်များ" ဟု အမည်မခံဘဲ အထက်လမ်း၊ အောက်လမ်း၊ ဘိုး တော်၊ ထွက်ရပ်ပေါက် အစရှိသည် တို့ဖြင့် စီးပွားရှာနေသူတို့က သာ သနာပြုအမည်ခံ 'သာသနာ' ဆို သော စကားလုံးကို နှုတ်ကမချဘဲ သာသနာ့အလံတွေ တလူလူလွှင့်ထူ နေကြ၏။

အတုနှင့် အစစ်တို့မှာ

ကွဲပြားခြားနား၏။ အတုတို့သည် ပေါ်လွင်လိုကြ၏၊ ဖော်ပြကြ၏၊ ပေါ်လည်းပေါ်လွင်နေကြ၏၊ ပေါ့လည်းပေါ့၏၊ အစစ်တို့မှာ မပေါ်လွင်လိုကြ၊ မထုတ်ဖော်ကြ၊ လျှို့ဝှက်ကြ၏။ ထို့ကြောင့် လူသိနည်း၏။ သို့သော်လေးနက်၏။ အတုတို့၏ လုပ်ငန်းတို့မှာ အကြား အမြင် ပေါက်သလိုလို လှိမ့်သည်။ အထင်ကြီးအောင် ဟန်ဆောင်သည်၊ အသက်ပိုပြောသည်၊ ဂဏန်းပေး၊ အခါပေး၊ ယတြာလုပ်ပေး၊ သစ်ပင်ထောင်ပြည့်စိုက်၊ ညွှန်ကြားလွှာအမှတ် (၄၁) ကိုမျက်ကွယ်ပြု၍ ဘုရားတွေစည်းကမ်းမဲ့ ဟိုတည်သည်တည် လုပ်သည်။ “ငါ့ကျောင်းက ဦးဇင်းဆေးလိပ်သောက်တာမင်းတို့သာသနာပိုင်ဘုရားတည်တာ လောက် အပြစ်မကြီးပါဘူး” ဟူသော စာတတ်အကျော် ဆရာတော် ဦးဗုဒ်၏ စကားကို သတိပြုသင့်ကြ၏။

ဤအလုပ်များကို လုပ်ကြသူတို့မှာ ဘုရားရှင် ပရိနိဗ္ဗာန်စံသောအခါ “ ငါတို့လွတ်လပ်ပြီ၊ လုပ်ချင်တာလုပ်တော့မည်” ဟုဝမ်းသာရွှင်မြူး ရင်ကျူးပြောဆိုသော သုဘဒ္ဒမည်သော တောထွက် ရဟန်းကြီး၏ အဆက်အနွယ်များဖြစ်ကြသည် တောထွက်ခင်ကြီးများ ကျမ်းဂန်ပေစာ၊ အလွတ်ခွါ၊ ကြိုက်ရာထင်တိုင်း ကျင့်နေကြသည့် ပရိယတ္တိပညာမဲ့ ငယ်ဖြူများဖြစ်သည်။

တွေ့ခဲလှသည့် သာသနာ

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ သာသနာဆိုသည်မှာ အလွန့်အလွန် တွေ့ခဲလှ၏။ ယခုကဲ့သို့ သာသနာတော်နှင့် တွေ့နေရသည့်အခါ သာသနာထွန်းကားရာဌာနမှ လူဖြစ်နေရသည့်အခါ၊ လူဖြစ်ရုံမျှမက ရဟန်းဘဝကိုပါ ရထားကြရသည့်အခါ ဓမ္မအနှစ်သာရကို အရမယူကြဘဲ၊ ပစ္စည်းလေးပါးအတွက် အလဇ္ဇီဓမ္မမိစ္ဆာဇီဝများဖြင့် အချိန်ကုန်နေကြသည်ကို ဘုရားရှင်သာ ရှိတော်မူမည်ဆိုပါက အာဠာရရသေ့၊ ဥဒကရသေ့ကြီးတို့နှင့် စပ်ပြီး “အရှုံးကြီးရှုံးလေစွ၊ အကယ်၍ ဤတရားကို နာယူခွင့်ရလျှင် သစ္စာ ၄-ပါးကို လျှင်စွာ သိမြင်ရာ၏” ဟု သနားခြင်း ကြီးစွာဖြင့် မိန့်ကြားတော်မူသကဲ့သို့ မိန့်ကြားတော်မူလေရာ၏

ထိုပုဂ္ဂိုလ်တို့ထံ တပည့်ခံနေသူတို့လည်း တန်ဖိုးကြီးလှသော သာသနာတော်ကြီးကို ဖျက်ဆီးမိလျှက် ဖြစ်နေပြီး မိမိတို့ ဆရာကြီးများနှင့်အတူ အပါယ်လေးဘုံသို့ တစ်အုံကြီး မရောက်ကြရလေအောင်၊ အကယ်၍ အပါယ်သို့ မတော်တဆ ကျရောက်မည်ဆိုပါက နောက်ဘုရားနှင့်ပါ လွဲပြီး ဤကမ္ဘာမှ နောက်ပေါ်ပေါက်လာမည့် သုညကမ္ဘာကြီးများ အသင်္ချေ အနန္တနှင့် ကြုံကာ သာသနာတော်နှင့် ဝေးကြရမည်ကို အထူးသတိပြု သင့်လှပေသတည်း။

ပရိယတ္တိယာ ဓရမာနာယ သာသနံ အန္တရဟိတံ နာမနဟောတိ =

ပရိယတ္တိသဒ္ဓမ္မတည်ရှိနေဆဲဖြစ်သော် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကွယ်ပျောက်ခြင်း မဖြစ်နိုင်။ (အံ၊ ၅ပ၊ ၇၂)

* မဂ်, ဖိုလ်, နိဗ္ဗာန်၊
မပျောက်ရန်၊
ဓမ္မကွန်မပျောက်မှ။
ဓမ္မကွန်မပျောက်၊
ထွန်းတောက်ရှည်ကြာ၊
တည်စေဌာ၊
လွန်စွာသင်အံ, ချပို့မှ။

ကထိက ရဟန်း

၁၃၆၃-ခုနှစ်၊
နတ်တော်လပြည့်ကျော် ၁၄-ရက်


TENTATIVE SCHEDULE OF THE REVEREND BARANATHI-SAYADAW OF PROME

BADANTA ASHIN ANNANDA PANDITA, PRESIDING HIGH PRIEST OF

SANGA MAHA NAYAKA

AND

THE REVEREND THEGON SAYADAW BADANTA ASHIN NYAR NAIKTHARA OF

Sagaing THADHAMA THIDAGU

THE TWO REVEREND SAYADAWS WILL TRAVEL THROUGH SIX COUNTRIES WITH INTENTION TO VISIT SACRED PLACES AS AN ACT OF RELIGIOUS DEVOTION AND WILL DELIVER PREACHINGS TO DEVOTEES

23 11 81 TO 2 2 82

SCHEDULE INCLUDES THE FOLLOWING SIX COUNTRIES

ဘုရားရှင်သည် ဓုတင်ကျင့်ဝတ်ကို သံဃာ့ ပရိသတ်အတွက် ကျင့်ဝတ်တစ်ခု အနေဖြင့် ကျင့်ဆောင်တော်မူစေသည်။ ဓုတင်ကျင့်ဝတ်ကို မြတ်နိုးတနာ ရှိတော်မူသည်။ ဓုတင်ကျင့်ဆောင် သူများအားလည်း အရေးတယူ မစချီးမြှောက်တော်မူသည်။ ဤဓုတင်အရေးနှင့်စပ်၍ ပါရာဇိကဏ် ပါဠိတော် (ဝိ၊ ၁၊ ၃၃၆)၌ လာရှိသော အောက်ပါအကြောင်းအရာများကို လေ့လာသင့်လှပါသည်။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ် သူဋ္ဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ မြတ်စွာဘုရား သည် ရဟန်းတို့ကို မိန့်တော်မူ၏။

ဗုဒ္ဓ • ရ ဟန်းတို့ ငါဘုရား သည် သုံးလပတ်လုံး တစ်ပါးတည်း ကိန်း အောင်းနေခြင်း ငှါ အလိုရှိသည်။ ဆွမ်း ပို့သော ရဟန်း တစ်ပါးကိုထား၍ တစ်ဦးတစ်ယောက် မျှ ငါဘုရားထံသို့ မချဉ်းမကပ်ရပေ။



# ထေရဝါဒမူ ၃ ချက်

ပုသိမ်ကြီး -
အရှင်အာရိယဝံသ

ရဟန်းများ = ကောင်းပါပြီမြတ်စွာဘုရား။

ထိုရဟန်းတို့သည် မြတ်စွာဘုရားအားဝန်ခံ၍ ဆွမ်းပို့သော ရဟန်းမှတစ်ပါး မည်သူတစ်ဦး တစ်ယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရပေ။ ထိုအခါ သာဝတ္ထိမြို့၌ နေသောသံဃာသည် "ငါ့ရှင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး တစ်ပါးတည်း ကိန်းအောင်းနေခြင်းငှါ အလိုရှိတော်မူသည်။ ဆွမ်းပို့ဆောင်သော ရဟန်းမှတစ်ပါး မည်သူတစ်ဦး တစ်ယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်သော ရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာကြားရမည်" ဟု ကတိကဝတ် ပြုထား၏။

ထိုအခါ ဝင်္ဂန္တ၏သား ရှင်ဥပသေနသည် ပရိသတ်နှင့်တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေ၏။ အာဂန္တုကရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် မြတ်စွာဘုရားတို့၏ အလေ့အထဖြစ်၏။ ထို့အခါ မြတ်စွာဘုရားသည် ရှင်ဥပသေနအား မေးတော်မူ၏။

ဗုဒ္ဓ = ဥပသေန၊ သင်တို့သည် ကျန်းမာကြကုန်၏လော၊ ပင်ပန်းနည်းစွာဖြင့် ရှည်သောခရီးကို လာခဲ့ကြရ၏လော။

ရှင်ဥပသေန = ကျန်းမာကြပါသည် မြတ်စွာဘုရား၊ မျှတကြပါသည် မြတ်စွာဘုရား၊ အကျွန်ုပ်တို့သည် ပင်ပန်းနည်းစွာဖြင့်လည်း ရှည်သောခရီးကို လာခဲ့ကြရပါသည် ဘုရား။ ထိုအခါ ဝင်္ဂန္တ၏သား ရှင်ဥပသေနနှင့် အတူနေတပည့် ရဟန်းသည် မြတ်စွာဘုရား၏ အနီး၌ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား မိန့်တော်မူ၏။

ဗုဒ္ဓ = ရဟန်း၊ ပံ့သကူသင်္ကန်းတို့သည် သင့်အား နှစ်သက်စေကုန်၏လော။

တပည့်ရဟန်း = အရှင်ဘုရား ပံ့သကူသင်္ကန်းတို့သည် အကျွန်ုပ်အား မနှစ်သက်စေနိုင်ကြပါ ဘုရား။

ဗုဒ္ဓ = ရဟန်း၊ သင်သည် အဘယ့်ကြောင့် ပံ့သကူဆောင်သနည်း။

တပည့်ရဟန်း = အရှင်ဘုရား၊ အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် ပံ့သကူသင်္ကန်း ဆောင်ပါသည်။ အကျွန်ုပ်သည်လည်း ပံ့သကူသင်္ကန်းဆောင်ရပါသည်။ ထိုအခါ မြတ်စွာဘုရားသည် ဝင်္ဂန္တ၏ သား ရှင်ဥပသေန အား မေးတော်မူ၏။

ဗုဒ္ဓ = ဥပသေန၊ သင်၏ ဤပရိသတ်သည် ကြည်ညိုဘွယ်ရှိပေစွ၊ ဥပသေန သင်သည် ဤပရိသတ်ကို အဘယ်သို့ ဆုံးမသနည်း။

ရှင်ဥပသေန = အရှင်ဘုရား၊ အကျွန်ုပ်ထံ ရဟန်းအဖြစ် တောင်းသူကို အကျွန်ုပ်သည် "ငါ့ရှင် ငါသည် တောကျောင်းနေ၏။ ပိဏ္ဍပါတ်ဓုတင်ဆောင်၏။ ပံ့သကူဆောင်၏။ အကယ်၍ သင်သည်လည်း တောကျောင်းနေပါမူ၊ ပိဏ္ဍပါတ်ဓုတင်ဆောင်ပါမူ၊ ပံ့သကူဆောင်ပါမူ ငါသည် သင့်ကို ရဟန်းပြုပေးမည်" ဟု ဆိုပါသည်။ အကယ်၍ အကျွန်ုပ်၏စကားကို နားထောင်အံ့၊ ရဟန်းပြုပေးပါမည်။ အကယ်၍ အကျွန်ုပ်၏ စကားကို နားမထောင်အံ့၊ ရဟန်းပြုမပေးပါ။

အကျွန်ုပ်ထံ နိဿရည်းတောင်းသူကို အကျွန်ုပ်သည် " ငါ့ရှင် ငါသည် တောကျောင်းနေ၏။ ပိဏ္ဍပါတ်ဓုတင်ဆောင်၏။ ပံ့သကူဆောင်၏။ အကယ်၍ သင်သည်လည်း တောကျောင်းနေပါမူ ပိဏ္ဍပါတ်ဓုတင်ဆောင်ပါမူ၊ ပံ့သကူဆောင်ပါမူ ငါသည် သင့်ကို နိဿရည်းပေးမည်" ဟု ဆိုပါသည်။ အကယ်၍

အကျွန်ုပ်စကားကို နားထောင်အံ့၊ နိဿရည်းကိုပေးပါသည်။ အကယ်၍ အကျွန်ုပ်စကားကို နားမထောင်အံ့၊ နိဿရည်းမပေးပါ။ အရှင်ဘုရား အကျွန်ုပ်သည် ပရိသတ်ကို ဤသို့ ဆုံးမပါသည်ဘုရား။

ဗုဒ္ဓ ။ ဥပသေန၊ သာဓု သာဓု - ကောင်းပေစွ၊ ကောင်းပေစွ၊ ဥပသေန၊ သင်သည် ပရိသတ်ကို ကောင်းစွာသာလျှင် ဆုံးမပါပေ၏။

ဥပသေန၊ သင်သည် သာဝတ္ထိမြို့၌ နေသောသံဃာ၏ ကတိကဝတ်ကို သိ၏လော။

ရှင်ဥပသေန ။ အရှင်ဘုရား၊ အကျွန်ုပ်သည် သာဝတ္ထိမြို့၌နေသော သံဃာ၏ ကတိကဝတ်ကို မသိပါဘုရား။

ဗုဒ္ဓ ။ ဥပသေန၊ သာဝတ္ထိမြို့၌နေသော သံဃာသည် "ငါ့ရှင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး တစ်ပါးတည်း ကိန်းအောင်းနေခြင်းငှာ အလိုရှိတော်မူသည်။ ဆွမ်းပို့သောရဟန်းမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ၊ ချဉ်းကပ်သူရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာကြားရမည်" ဟု ကတိကဝတ်ပြုထား၏။

ရှင်ဥပသေန ။ အရှင်ဘုရား၊ သာဝတ္ထိမြို့၌ နေသောသံဃာသည် မိမိပြုသော ကတိကဝတ်ဖြင့် ထင်ရှားပါလိမ့်မည်။ အကျွန်ုပ်တို့သည် "မပညတ်အပ်သေးသည်ကို မပညတ်ကြပါ။ ပညတ်ပြီးကိုလည်း မချိုးဖျက်ကြပါ။ ပညတ်တော်မူတိုင်းကုန်သော သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်ကြပါကုန်၏" အရှင်ဘုရား။

ဗုဒ္ဓ ။ ဥပသေန၊ သာဓု သာဓု - ကောင်းပေစွ၊ ကောင်းပေစွ၊ "မပညတ်သေးသည်ကို မပညတ်အပ်၊ ပညတ်အပ်ပြီးကိုလည်း မချိုးဖျက်အံ့၊ ပညတ်တိုင်းကုန်သော သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရမည်။

ဥပသေန၊ "တောကျောင်းနေရဟန်း၊ ပိဏ္ဍပါတ်မှတင်ဆောင်ရဟန်း၊ ပံ့သကူဆောင်ရဟန်းတို့သည် အလိုရှိတိုင်း ငါဘုရားကို ဖူးမြော်ရန်ချဉ်းကပ်ကြစေ" ဟုခွင့်ပြုတော်မူ၏။

ထိုအခါ များစွာသော ရဟန်းတို့သည် "ငါတို့သည် ဝင်္ဂန္တ၏သား ရှင်ဥပသေနအား ပါစိတ်အာပတ်ကို ဒေသနာကြားစေကုန်အံ့" ဟု တံခါးမှန်ပြင်ပ၌ ရပ်တည်ကြကုန်၏။ ထိုအခါ ဝင်္ဂန္တ၏သား ရှင်ဥပသေနသည် ပရိသတ်နှင့်တကွ နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရှိအသေပြုကာ ဖဲသွားလေ၏။ ထိုအခါ ထိုရဟန်းတို့သည် ဝင်္ဂန္တ၏သား ရှင်ဥပသေနကို ဤသို့ ပြောဆိုကြကုန်၏။

ရဟန်းများ ။ ငါ့ရှင်ဥပသေန၊ သာဝတ္ထိမြို့၌ နေသော သံဃာ၏ ကတိကဝတ်ကို သိ၏လော။

ရှင်ဥပသေန ။ မြတ်စွာဘုရားသည်လည်း အကျွန်ုပ်ကို "ဥပသေန သင်သည် သာဝတ္ထိမြို့၌နေသော သံဃာ၏ ကတိကဝတ်ကို သိ၏



လော" ဟု ဤနည်းအတိုင်း မိန့်တော်မူပါသည်။

အရှင်ဘုရား အကျွန်ုပ်သည် သာဝတ္ထိမြို့၌ နေသော သံဃာ၏ ကတိကဝတ်ကို မသိပါဟု လျှောက်ပါသည်။

ဥပသေန သာဝတ္ထိမြို့၌ နေသောသံဃာသည် "ငါ့ရှင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး တစ်ပါတည်း ကိန်းအောင်း နေခြင်းငှာ အလိုရှိတော်မူသည်။ ဆွမ်းပို့ဆောင်သော ရဟန်းမှတစ်ပါး မည်သူ တစ်ဦး တစ်ယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ။ ချဉ်းကပ်သူရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာကြားရမည်"ဟု ကတိကဝတ်ပြုအပ်၏ဟု မိန့်တော်မူပါသည်။

အရှင်ဘုရားတို့ သာဝတ္ထိမြို့၌နေသော သံဃာသည် မိမိပြုသော ကတိကဝတ်ဖြင့် ထင်ရှားပါလိမ့်မည်။

အကျွန်ုပ်တို့သည် "မပညတ်အပ်သေးသည်ကို မပညတ်ပါ၊ ပညတ်အပ်ပြီးသည်ကိုလည်း မချိုးဖျက်ကြပါ၊ ပညတ် တော်မူတိုင်းကုန်သော သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ကြပါကုန်၏" ဟု လျှောက်ခဲ့ပါသည်။

ငါရှင်တို့ မြတ်စွာဘုရားသည် "တောကျောင်းနေရဟန်း၊ ပိဏ္ဍပါတ် ဓုတင်ဆောင်ရဟန်း၊ ပံ့သကူဓုတင်ဆောင်ရဟန်းတို့သည် အလိုရှိတိုင်း ငါဘုရားကို ဖူးမျှော်ရန် ချဉ်းကပ်ကြပစေ"ဟု ခွင့်ပြုတော်မူအပ်ပြီဟု လျှောက်လေ၏။

ရဟန်းများ = ဥပသေနသည် အမှန်ကိုသာ ဆိုပေသည်၊ "မပညတ်အပ်သေးသည်ကို ပညတ်ရမည် မဟုတ်၊ ပညတ်အပ်ပြီးကိုလည်း ချိုးဖျက်ရမည်မဟုတ်၊ ပညတ်တော်မူတိုင်းကုန်သော သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရပေမည်"ဟု ပြောဆိုကြ ကုန်၏။

သာဝတ္ထိမြို့နေ ရဟန်းတို့သည် "မြတ်စွာဘုရားသည် တောကျောင်းနေရဟန်း၊ ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်း၊ ပံ့သကူဆောင်ရဟန်းတို့သည် အလိုရှိတိုင်း ငါဘုရားကို ဖူးမျှော်ရန် ချဉ်းကပ်ကြစေ" ဟု ခွင့်ပြုတော်မူသတတ်ဟု ကြားကြသောကြောင့် မြတ်စွာဘုရားကို ဖူးမြော်ရန် အလိုရှိကုန်ရကား အဝတ်အခင်းတို့ကို စွန့်ပစ်၍ အရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံ့သကူဓုတင် ဆောက်တည်ကြ လေသတည်း။ ။

ဤစာတမ်းဖြင့် "အဘိဓဇမဟာရဋ္ဌဂုရု" "တွံ့ဘက်ရွှေကျင်သာသနာပိုင်" ကျေးဇူးရှင် ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီ ဆရာတော်ဘုရားကြီးအား မြတ်နိုးကော်ရော်ပူဇော်ပါသည်။

တပည့်-အရှင်အရိယဝံသ(နာယက)
ဗဟိုမြို့မကျောင်းတိုက်
ပုသိမ်ကြီးမြို့၊ မန္တလေးတိုင်း။



# ကလိယုဂ် မဆန်းသေးသော မြန်မာပြည်

မြဝင်း(ဒဿန)

ဝါတွင်း တစ်မနက်ခင်းတွင် ကျွန်တော်သည် "မင်းကွန်း တိပိဋက နိကာယ သာသနာပြု အဖွဲ့၊ ပထမသုံးနှစ်ခရီး" စာအုပ် တွင် ပါရှိသော စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ (မြန်မာပြည် နှင့် ယုဂ်လေးမျိုး)ကို ဖတ်နေပါသည်။ ထိုသို့ ဖတ်နေစဉ် ကျွန်တော့် သူငယ်ချင်း ရောက်လာပါသည်။ ကျွန်တော့်သူငယ်ချင်းသည် ရောက်လျှင်ရောက်ချင်း ဤသို့ စကားစပါသည်။

"ဘာစာအုပ်ကြီးလဲ သူငယ်ချင်းရဲ့"

"မင်းကွန်းတိပိဋက နိကာယသာသနာပြုအဖွဲ့၊ ပထမသုံးနှစ်ခရီး စာအုပ်ပါကွာ။ ကလိယုဂ်ခေတ်အကြောင်း ပြောပြစရာရှိတာနဲ့ စစ်ကိုင်းတောင်ရိုး၊ ရွှေ ဟင်္သာ ဆရာတော်ဘုရား ကြီးရဲ့" မြန်မာပြည်နှင့် ယုဂ်လေးမျိုး "ဩဝါဒကထာကို ပြန်ဖတ်နေ တာ--ယုဂ်လေးမျိုးကိုတော့ မင်းသိတယ်မဟုတ်လား"

"ကတယုဂ်တို့၊ တေတာယုဂ် တို့ကို ပြောတာလား။ တစ်ခါက အနီးစခန်း ဆရာတော် ဘုရားကြီးရဲ့ ကောသလအိပ်မက် တရားခွေကို နာခဲ့ရတယ်။ အဲဒီ တရားခွေထဲမှာ ယုဂ်လေးမျိုး အကြောင်း ရှင်းပြထားတာပါတယ်"

"ဟုတ်တယ်၊ ကတယုဂ်၊ တေတာယုဂ်၊ ဒွါပရယုဂ်၊ ကလိ ယုဂ် ဆိုတဲ့ ယုဂ်လေးမျိုးကို ပြောတာ"

"အခွင့်ကြုံတုန်း- အဲဒီယုဂ် လေးမျိုးအကြောင်း နာပါရစေကွာ။ "

"လောကီကျမ်းတွေ အလို အရ လူ့လောကမှာ ယုဂ်လေးမျိုး ရှိသတဲ့။ အခုနက ပြောခဲ့တဲ့ ယုဂ်လေးမျိုးပေါ့။ အဲဒီယုဂ်လေးမျိုး အနက် ကတယုဂ် ဆန်းတဲ့အခါ လူတွေရဲ့ သန္တာန်မှာ လူ့ကျင့်ဝတ် တရားတွေ အပြည့်အစုံရှိသတဲ့။ လူတွေဟာ ရောဂါကင်းပြီး အသက် ရှည်ကြသတဲ့။ လောကကြီးဟာ ငြိမ်းချမ်း သာယာသတဲ့။ အခြေ လေးချောင်းရှိတဲ့ စားပွဲ ကုလားထိုင်မှာ အခြေလေးချောင်းလုံး အပြည့် အစုံရှိသလို ဣန္ဒြေရရ တည်ငြိမ်ပြီး နေသတဲ့။

"တေတာယုဂ်ဆန်းတဲ့ အခါ မှာတော့ လူတွေရဲ့ သန္တာန်မှာ လူ့ကျင့်ဝတ်တရားတွေ အပြည့် အစုံ မရှိတော့ဘူးတဲ့။ လူ့ကျင့်ဝတ် တရားတွေကို လေးပုံပုံရင် တစ်ပုံ ပျက်သွားပြီတဲ့။ သုံးပုံသာ ကျန် တော့သတဲ့။ အခြေလေးချောင်း ရှိတဲ့ စားပွဲကုလားထိုင်မှာ အခြေ တစ်ချောင်းပြုတ်ပြီး အခြေသုံး ချောင်းသာ ကျန်တော့တာနဲ့ တူသတဲ့။ ဒါကြောင့်မို့ တေတာ ယုဂ်ဆန်းတဲ့အခါမှာ လူတွေမှာ လောဘ၊ ဒေါသတွေ အတော် အတန် ထူပြောလာသတဲ့။ ရောဂါ ဝေဒနာများ အနည်းငယ် ဖြစ်ပေါ် လာသတဲ့။ အသက်တမ်းလဲ မသိ မသာ ယုတ်လျော့လာသတဲ့။

နောက်- ဒွါပရယုဂ် ဆန်းတဲ့ အခါကျတော့ လူတွေရဲ့ သန္တာန် မှာ လူ့ကျင့်ဝတ်လေးပုံမှာ နှစ်ပုံ ပျက်ပြီး နှစ်ပုံသာ ကျန်တော့သတဲ့ အခြေ လေးချောင်းရှိတဲ့ စားပွဲ ကုလား ထိုင်မှာ အခြေနှစ်ချောင်း ပြုတ်ပြီး အခြေနှစ်ချောင်းသာ ကျန်တဲ့အခါ ဒယိမ်းဒယိုင် ဖြစ်သွားသလိုပဲ လူတွေမှာ စာရိတ္တ ယိုင်လာသတဲ့။ အကုသိုလ်တွေ များလာသတဲ့။ နှလုံးစိတ်ဝမ်း မငြိမ်းတော့ဘူးတဲ့။ ရောဂါဝေဒနာတွေ တိုးပြီး အသက် တမ်းတွေ တိုသထက် တိုလာသတဲ့။

ကလိယုဂ် ဆန်းတဲ့အခါကျ တော့ အခြေလေးချောင်းရှိတဲ့ စားပွဲကုလားထိုင်မှာ အခြေ သုံး ချောင်းပြုတ်ပြီး အခြေတစ်ချောင်း သာ ကျန်တော့သလို လူတွေရဲ့ သန္တာန်မှာ လူ့ကျင့်ဝတ်တရားတွေ လေးပုံမှာ သုံးပုံပြုတ်ပြီး တစ်ပုံသာ ကျန်တော့သတဲ့။ ဒုစရိုက်တွေ ထူပြောလာပြီး ရောဂါဆန်းတွေ ဖြစ်ပေါ်လာသတဲ့။ ငယ်ငယ် ရွယ်ရွယ်နဲ့ သေကြသတဲ့။ စားရေး ရိက္ခာတွေ ရှားပါးလာသတဲ့။ မိုးခေါင်လာသတဲ့။

"ကလိယုဂ်ခေတ်ကို ဆုတ် ကပ်လို့လဲ ခေါ်ကြတယ်နော်။"

"ဟုတ်တယ် -- ကလိယုဂ် ခေတ်ကို ဆုတ်ကပ်အခါ ဆုတ် ကပ် ကာလလို့ ခေါ်ကြတယ်။"

" ဒါထက် ယုဂ်လေးမျိုးနဲ့ ပတ်သက်လို့ ရွှေဟင်္သာ ဆရာတော် ဘုရားကြီးက ဘယ်လိုမှတ် ချက် ချထားသလဲ။"

"ရွှေဟင်္သာ ဆရာတော် ဘုရားကြီး အမိန့်ရှိတာကတော့ ကလိယုဂ်ခေတ်ဟာ နှစ်ပေါင်း (၄၃၂၀၃) နှစ်ရှိသတဲ့။ ဗုဒ္ဓမြတ်စွာ ဟာ ကလိယုဂ်နှစ် (၂၅၀၀) ကျော် မှာ ပွင့်တော်မူခဲ့သတဲ့။

အခု- ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် ပြုပြီး နှစ်ပေါင်း (၂၅၀၀) ကျော် လာပြီဆိုတော့၊ ကလိယုဂ် ထဲသို့ ဝင်ခဲ့တာနှစ်ပေါင်း (၅၀၀၀) ကျော် ပြီလို့ ဆိုရမှာဖြစ်သတဲ့။ ကလိ ယုဂ်သက်နဲ့တွက်ရင် ကလိ ယုဂ် ခေတ်ထဲ ရှစ်ပုံတစ်ပုံ ရောက်ပြီလို့ ဆိုရမှာဖြစ်သတဲ့။ အဲဒီလို ကလိယုဂ် ခေတ်ထဲ ရှစ်ပုံတစ်ပုံ ရောက်နေတဲ့ အတွက် ကမ္ဘာ့ အခြေအနေကို ကြည့်ရင် လောဘ၊ ဒေါသတွေ ထူပြော၊ ဒုစရိုက်မှုတွေ များနေတာ တွေ့ရမှာဖြစ်သတဲ့။ ဒုစရိုက်မှုတွေ များလာတဲ့အတွက် ရောဂါဘေး၊ ရေဘေး၊ လေဘေး၊ လျှောင်ဘေး၊ သတ္ထန္တရဘေး၊ ဒုဗ္ဘိက္ခန္တရတွေကို တွေ့ရမှာ ဖြစ်သတဲ့။"

" ကြောက်စရာချည်းပါလား ကွာ။"

"သိပ်လဲကြောက်မနေပါနဲ့ ကွာ။ ဆရာတော်ဘုရားကြီး မိန့်တာက- အခုနက ပြောခဲ့တဲ့ လက္ခဏာရပ်တွေဟာ လူ့လောက တစ်ရပ်လုံးကိုခြုံပြီး ပြောရတာပါ တဲ့။ မြန်မာနိုင်ငံအဖို့တော့ ကလိယုဂ် မဆန်းသေးပါဘူးတဲ့။ ကတ၊ တေတာယုဂ်လောက်သာ ဆန်းပါသေးသတဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ သံဃာတော်အရှင်သူမြတ် တွေဘက်က ကြည့်လိုက်ရင် ပရိ

ယတ္တိ၊ ပဋိပတ္တိ သာသနာ တော်ကို ဆောင်ရွက်တော်မူကြပြီး၊ သူတော်ကောင်းတရားတွေ ပွားများနေတာ တွေ့ရသေးသတဲ့။ ဒကာ ဒကာမတွေဘက်ကို ကြည့်ပြန်တော့လဲ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း၊ မိဘဆရာတို့ကို ရှိခိုးခြင်း၊ အရိုအသေပြုခြင်း၊ ပြုစုလုပ်ကျွေးခြင်း၊ ဒါနပြုခြင်း၊ သီတင်းသီလ ဆောက်တည်ခြင်း ဆိုတဲ့ ကုသိုလ်မှုတွေကို စွမ်းနိုင်သမျှ ပြုနေကြတာ တွေ့ရသေးသတဲ့။ ဒါကြောင့်မို့ အခြား အခြားသော နိုင်ငံတို့မှာ ကလိယုဂ်ဆန်းနေပေမယ့် မြန်မာပြည်မှာတော့ ကလိယုဂ် မဆန်းသေးပါဘူးတဲ့။ ကတယုဂ်၊ တေတာယုဂ်လောက်သာ ဆန်းပါသေးသတဲ့။ အဲဒါ- ယုဂ်လေးမျိုးနဲ့ ပတ်သက်တဲ့ ဆရာတော်ဘုရားကြီးရဲ့ မှတ်ချက်ပဲ။"

" သာခုပါဗျာ --- သာခု --- သာခု။"

" ဆရာတော် ဘုရားကြီးရဲ့ မှတ်ချက်ကို ဖတ်ပြီးတော့ ငါ့မှာ အသိတစ်ခု ဝင်လာတယ် သူငယ်ချင်းရယ်။"

" ဘာများလဲကွာ ---၊ ပြောပြပါအုံး။ "

ဆုတ်ကပ်ထဲ ရောက်နေပေမယ့် မင်းတို့ ငါတို့တတွေ ကုသိုလ်တရားတွေ ပွားများနေမယ်ဆိုရင် ဆုတ်ကပ်ထဲ မဝင်သေးဘူးဆိုတဲ့ အသိပါပဲ။"

" ဒီတော့ - တို့ဘာလုပ်ကြမလဲ။"

" တို့တတွေ ကိုယ်ကိုယ်တိုင်လဲ ကုသိုလ်တရား ပွားများကြမယ်၊ အခြားအခြားသော သူတွေကိုလဲ ကုသိုလ်တရား ပွားများအောင် တိုက်တွန်းကြရမှာပေါ့။"

"သာ ခု ပါ သူငယ်ချင်းရယ်၊ သာခုပါ .. သာခုပါ။ ကိုယ်ကိုယ်တိုင်လည်း ကုသိုလ်တရား ပွားများပါ့မယ်။ အခြား အခြားသော သူတွေကိုလည်း ကုသိုလ်တရား ပွားများအောင် တိုက်တွန်းပါ့မယ်။"

ဤသို့ ဖြင့် ကျွန်တော်နှင့် ကျွန်တော့် သူငယ်ချင်းတို့သည် ထိုနေ့ နံနက်က ယုဂ်လေးမျိုး အကြောင်း ပြောဖြစ်ခဲ့ကြပါသတည်း။

မြဝင်း (ဒဿန)

ဦးမြဝင်း
ပါမောက္ခချုပ်၊ ပြည်တက္ကသိုလ်
ပြည်မြို့။



nothing
# နားထဲမှမထွက်သော

# ဆရာတော်ဓါမိန့်ကြားချက်

သိန်းအောင်(ဟာရကာသိ)



<u>မြန်မာနိုင်ငံခေတ်အဆက်ဆက်ကို</u>
<u>ပြန်ကြည့်လျှင်</u>
<u>သက္ကတစာပေတတ်သော</u>
<u>ဆရာတော်များသည်</u>
<u>ထင်ရှားကျော်ကြားသော</u>
<u>ဆရာတော်များဖြစ်သည်ကို</u>
<u>တွေ့ရသည်</u>

ဗာရာဏသီ ဆရာတော်သည် ရှစ်ရက် ဥပုသ်နေ့ တစ်နေ့ တစ်နာရီအချိန်တွင် သူ့ကျောင်းအောက်ထပ်ရှိ ကိုရင်များကိုခေါ်၍ ပါဠိစာပေနှင့် ဆက်နွယ်နေသော စာပေများကို သင်သင့်ကြောင်း၊ အထူးသဖြင့် ဟိန္ဒီနှင့် သက္ကတစာပေများတို သင်သင့်ကြောင်း အမိန့်ရှိသည်ကို သတိရလျှက်ရှိပါသည်။ နားထဲမှ မထွက်ပါ။

ယမေဠကရွာသား ကုဋမည်သောပုဏ္ဏားမျိုး ရဟန်းညီနောင်တို့က မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မြတ်စွာဘုရားကို လျှောက်ထားကြသည်။ ယခုအခါ ရဟန်းတို့သည် အမည်အမျိုးမျိုး ရှိပါကုန်၏။ အနွယ်အမျိုးမျိုး ရှိပါကုန်၏။ အမျိုးအသီးသီးမှထွက်၍ ရဟန်းပြုပါကုန်၏။ ဇာတ်အသီးသီးရှိပါကုန်၏။ ထိုရဟန်းတို့သည် မိမိတို့၏ ဘာသာစကားဖြင့် မြတ်စွာဘုရား၏ စကားတော်ကို ဖျက်ဆီးပါကုန်၏။ အရှင်ဘုရား ယခုအခါ တပည့်တော်တို့သည် မြတ်စွာဘုရား၏ စကားတော်ကို သက္ကတဘာသာဖြင့် မှတ်တမ်းတင်လိုပါကုန်၏- ဟု လျှောက်၏။

**န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ၊ (စူဠဝါပါဠိတော်) ရဟန်းတို့- မြတ်စွာဘုရား၏ စကားတော်ကို သက္ကတဘာသာဖြင့် မှတ်တမ်းမတင်အပ်ဟု ပယ်တော်**မူ၏။ ထိုသို့ မြတ်စွာဘုရား လက်မခံ ပယ်တော်မူခဲ့သည်မှာ စိတ်ထားမမှန်၊ သူတို့သာလျှင် သက္ကတစာပေကို တတ်၏။ သက္ကတစာပေဖြင့် မှတ်တမ်းတင်ထားလျှင် အခြားသောသူများလေ့လာလိုပါက သူတို့ကို ဦးတိုက်ပြီးမှ သင်ယူခွင့် ရနိုင်၏။ သက္ကတစာပေသည် ခက်ခဲ၏၊ လူတိုင်းမတတ်၊ လူနည်းစုသာ တတ်၏၊ ထို့ကြောင့် ခွင့်မပြုခဲ့ပေ။

ထို့ကြောင့် မြတ်စွာဘုရားက" အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိတုံ" (စူဠဝါပါဠိတော်) မိမိတို့၏ ဘာသာစကားဖြင့် မြတ်စွာဘုရား၏ စကားတော်ကို သင်ယူခြင်းငှါ ခွင့်ပြုတော်မူ၏- ဟု ဆက်လက်ဟောတော်မူပါသည်။

ထို့ကြောင့် မည်သူမဆို မိမိတို့တတ်သော ဘာသာစကားဖြင့် မြတ်စွာဘုရား၏ စကားတော်ကို သင်ယူနိုင်သည်ဟု ဆိုသဖြင့်- မြန်မာလို တတ်သောသူများကလည်း မြန်မာလိုသင်ယူနိုင်၏၊ မြန်မာလို ပြောဆိုနိုင်၏၊ ရေးသားနိုင်၏။ အင်္ဂလိပ်လိုတတ်သော သူများကလည်း အင်္ဂလိပ်လို သင်ယူနိုင်၏၊ အင်္ဂလိပ် လိုပြောဆိုနိုင်၏၊ ရေးသားနိုင်၏။ ရုရှားလို တတ်သောသူများကလည်း ရုရှားလို သင်ယူနိုင်၏၊ ရုရှားလို ပြောဆိုနိုင်၏၊ ရေးသားနိုင်၏။ တရုတ်လိုတတ်သော သူများကလည်း တရုတ်လို သင်ယူနိုင်၏၊ တရုတ်လို ပြောဆိုနိုင်၏၊ ရေးသား

နိုင်၏။ ဂျပန်လိုတတ်သော ပုဂ္ဂိုလ်များကလည်း ဂျပန်လိုသင်ယူနိုင်၏၊ ဂျပန်လို ပြောဆိုနိုင်၏၊ ဂျပန်လိုရေးသားနိုင်၏။ ဟိန္ဒီလိုတတ်သော ပုဂ္ဂိုလ်များကလည်း ဟိန္ဒီလို သင်ယူနိုင်၏၊ ဟိန္ဒီလို ပြောဆိုနိုင်၏။ ဟိန္ဒီလို ရေးသားနိုင်၏။ သက္ကတလိုတတ်သော ပုဂ္ဂိုလ်များကလည်း သက္ကတလို သင်ယူနိုင်၏၊ သက္ကတလို ပြောဆိုနိုင်၏၊ သက္ကတလို ရေးသားနိုင်၏။ လူတစ်စု၏ ဘာသာစကားတစ်ရပ်ဖြင့်သာ မူပိုင် မှတ်တမ်းတင်ထားတော်မူခြင်းကိုသာ တားမြစ်တော်မူပါသည်။ မည်သူမဆို မိမိတို့နားလည်သော ဘာသာဖြင့် သင်ယူနိုင်၊ ရေးသားနိုင်ကြောင်း သိသာပါသည်။

" သဗ္ဗံ သုတ မဓိယေထ၊ ဟီနမုက္ကဋ္ဌ မဇ္ဈိမံ - အရ မည်သည့်စာပေမျိုးမဆို သင်သင့်သည်၊ ကျင့်တဲ့အခါအမှာတော့ မြတ်စွာဘုရားရှင်၏ ဒေသနာတော်အတိုင်း ကျင့်ရမည် ဟု မိန့်တော်မူပါသည်။ ဆက်လက်၍ အမိန့်ရှိသည်မှာ -

ဘုန်းကြီးတို့ ၁၃၀၂-ခုနှစ်၊ ရန်ကုန်မြို့ အရိယဓမ္မ ပညာသင်အဖွဲ့မှ ပညာသင်ရွေးချယ် စေလွှတ်ခြင်းခံရသဖြင့် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၊ ဟိန္ဒူ ယူနီဗာစီတီမှာ သက္ကတနှင့်ဟိန္ဒီ သင်ကြားခွင့်ရတယ်။ ဒုတိယကမ္ဘာစစ်ကြီးနှင့်ဆိုနေလို့ အိန္ဒိယမှာ ခြောက်နှစ်ကြာခဲ့တယ်။

ဘုန်းကြီးတို့ အိန္ဒိယပညာသင် ရွေးချယ်ခြင်းခံရတယ်ဆိုတာ စည်ရှင်ဆရာတော်၏ ကျေးဇူးကြောင့် ဖြစ်တယ်။ စည်ရှင် ဆရာတော်က သက္ကတတို့၊ ဟိန္ဒီတို့ သင်ပေးလို့၊ ပညာသင်အရွေးခံရတာ။ ပါဠိစာပေ တတ်ကျွမ်းလိုလျှင် ပါဠိစာပေနှင့် ဆက်နွယ်နေတဲ့ ဟိန္ဒီ၊ ပြာကရစ်၊ သက္ကတ စာပေတို့ကို သင်ကြားသင့်တယ်။

မြန်မာနိုင်ငံ ခေတ်အဆက်ဆက်ကို ပြန်ကြည့်လျှင် သက္ကတစာပေတတ်သော ဆရာတော်များသည် ထင်ရှားကျော်ကြားသော ဆရာတော်များဖြစ်သည်ကို တွေ့ရသည်။

ပုဂံခေတ်က အရှင်အဂ္ဂဝံသမထေရ်သည် " ကမ္ဘာကျော် သဒ္ဒနီတိကျမ်းကြီး " ကို ပြုစုနိုင်ခြင်းမှာ ပါဠိစာပေသာမက သက္ကတစာပေပါ ပြောင်မြောက်စွာ တတ်မြောက်သောကြောင့် ဖြစ်သည်။

ပင်းယခေတ်တွင် အတွင်းဝန်၊ အတွင်းသေနာပတိဖြစ်သော သိရီစတုရင်္ဂဗလအမတ်ကြီးသည် "မဂဓအဘိဓာန်ဋီကာကျမ်းကြီး" ကို စီရင်နိုင်ခြင်းမှာလည်း သက္ကတစာပေတတ်သောကြောင့် ဖြစ်သည်။

အမရပူရခေတ်တွင် ဉာဏာဘိဝံသ ဓမ္မသေနာပတိ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မောင်းထောင် သာသနာပိုင် ဆရာတော်ကြီး "သာရတ္ထ ဝိလာသိနီ ဋီကာ မည်သော သီလက္ခန်ဋီကာသစ်ကြီး" ရေး၍ သာရကောမုဒိဆေးကျမ်း၊ ဒဗ္ဗဂုဏဆေးကျမ်း စသော ဆေးကျမ်းများကို သက္ကတဘာသာမှ မြန်မာဘာသာ ပြန်ဆိုနိုင်ခဲ့ခြင်းမှာလည်း သက္ကတစာပေ တတ်သောကြောင့်သာလျှင် ဖြစ်၏။

မန္တလေးခေတ်တွင်လည်း ဘွဲ့တံဆိပ်တော် သုံးတန်ရ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးတို့ "ဓာတွတ္ထ သင်္ဂဟကျမ်း" ကို ရေးနိုင်ခဲ့ခြင်းမှာလည်း သက္ကတစာပေ တတ်ကျွမ်းသောကြောင့် ဖြစ်၏၊ လယ်တီ ဆရာတော်ဘုရားကြီး၏ တပည့်ရင်း လယ်တီပဏ္ဍိတသည်ပင်လျှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ သက္ကတစာပေ လာရောက် သင်ကြားရလေသည်။

အဘယာရာမဆရာတော်တို့သည် "သက္ကတအဘိဓာန် အမရကောသနိဿယ၊ ဟိတောပဒေသနိဿယများနှင့် ပါဠိမြန်မာအဘိဓာန် နိဿယသစ်" များကို ရေးနိုင်ခြင်းမှာလည်း သက္ကတစာပေ တတ်သောကြောင့် ဖြစ်၏။

ပထမ သပြေကန် ဆရာတော်ကြီး နာမည်ကျော် "သဒ္ဒါကြီးနိဿယ" ရေးနိုင်ခြင်းမှာလည်း သက္ကတစာပေတတ်သောကြောင့် ဖြစ်၏။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ဘုရားကြီး "အလင်္ကာနိဿယ" ကို ဤမျှလောက်ကောင်းအောင် ရေးသားနိုင်ခြင်းမှာလည်း သက္ကတစာပေတတ်သောကြောင့် ဖြစ်၏။ ထို့အပြင် သက္ကတစာပေတတ်

မြောက်၍ ကျော်ကြားထင် ရှားသော ဆရာတော်များ များစွာရှိပါသည်။

မင်းတုန်းမင်းကြီး လက်ထက်တွင် ပြောင်မြောက်စွာ ပြောကြား၍၊ ပြောင်မြောက်စွာ လုပ်ကိုင်ဆောင်ရွက်၍ နာမည်ကျော်ကြားသော ယောမင်းကြီး ဦးဖိုးလှိုင်သည်လည်း သက္ကတစာပေတတ်မြောက်ကျွမ်းကျင်၏။ ခေတ်မီအောင် ရေးသားနိုင်၏။ လယ်တီဆရာ တော်ဘုရားကြီးပင် ရဟန်းငယ် ဘဝက စာပေ အရေးအသား နည်းခံရဖူးပေသည်။

**အဌကထာတွေထဲမှာလည်း ပိသောဒရာဒိဂိုဏ်းတွေ၊ နိရုတ္တိနည်းတွေပါတယ်၊ ၎င်းတို့သည် သက္ကတမှလာသော သဒ္ဒါနည်းများ ဖြစ်ကြသည်။**

ဒါကြောင့် မောင်ရင်တို့ အားလပ်တဲ့အချိန်မှာ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်အောင် သက္ကတစာပေကို သင်ကြားကြ၊ သင်ယူကြပါ၊ အချိန်ရှိခိုက် လုံလစိုက်ကြပါလို့ မိန့်တော်မူပါသည်။ ကိုရင်များအားလုံး သာဓုခေါ်၍ ဆရာတော်အား ဦးချပြီး ကျောင်းပေါ်မှ ဆင်းလာကြပါသည်။

ဆရာတော်သည် ထိုသို့ စာပေတတ်မြောက်၍ ဝိနည်းတော်ကို လေးစားသည့်အတွက် ရွှေကျင်ဂိုဏ်းလုံး၏ အလေးအမြတ်ကို ခံယူရ၍ ရွှေကျင်နိကာယဥပဥ္စကျမ်း ( ကံ့ဖက်ရွှေကျင်သာသနာပိုင် ) အဖြစ် တင်မြှောက်ခြင်း ခံရပါသည်။ နိုင်ငံတော်အစိုးရထံမှလည်း အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရပါသည်။

ယခုသော်ကား ဆရာတော်ဘုရားသည် ဘုရားပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ရဟန္တာ ကြီးများသော်မှ မလွန်ဆန်နိုင်သောလမ်းသို့ ကြွမြန်းတော်မူလေပြီတကား။

ဆရာတော်ဘုရား၏ တရားသံကို နာခံလျှက်၊ ကျင့်ကြံအားထုတ်လျှက် ရှိပါသည်ဘုရား။

သိန်းအောင်
(ဗာရာဏသီ)





သိန်းဇေအောင် (မြစ်ဦးလွင်)

# အာဏာစက်၊ ဓမ္မစက်နှင့် ရွှေကျင်ဂိုဏ်း

မင်းတုန်းမင်း ထီးနန်းရရှိသည့် အချိန်တွင် မြန်မာနိုင်ငံအောက်ပိုင်းကို ဗြိတိသျှနယ်ချဲ့တို့က သိမ်းပိုက်ထားပြီးဖြစ်သည်။ အောက်မြန်မာနိုင်ငံရှိ မြန်မာအမျိုးသားတို့သည် အမျိုးဘာသာ သာသနာ ရေးရာကိစ္စများနှင့် ပတ်သက်၍ မင်းတုန်း မင်းသည်သာ အားကိုးအားထားရာဖြစ်နေသည်။

မင်းတုန်းမင်းကိုယ်တော်တိုင်ကလည်း သာသနာတော်မြတ်ကို အလွန်သက်ဝင် ယုံကြည်တော်မူသည်။ မိမိကဲ့သို့ပင် ဇာတိကုလပုတ္တ၊ အာစာရကုလပုတ္တဖြစ်ကုန်သော အမျိုးသားတို့အား သာသနာတော်ကို သက်ဝင်ယုံကြည်စေလိုတော်မူသည်။ ထို့ကြောင့် ကိုယ်တော်တိုင် တရားဓမ္မများဖြင့် ဟောပြောတော်မူသည်။ သာသနာတော်ထမ်း ရဟန်းသံဃာတော်မြတ်တို့ အားလည်း ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့တော်မူ၍ သိက္ခာပုဒ်တော်များကို မတိမ်းမယိမ်းထိန်းသိမ်းစောင့် ရှောက်အောင် နှိုးဆော်တိုက်တွန်းတော်မူသည်။ သမဂ္ဂသမောဒါနဖြစ်အောင် ရွက်ဆောင်အားထုတ်တော်မူသည်။

ထိုအချိန်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်ရွာတွင် ဝိဝါဒါဓိကရုဏ်း တခုဖြစ်ပေါ်ခဲ့သည်။ ကြည့်မြင်တိုင်ရွာမှ ဆရာလင်း ဆိုသူနှင့် ၉-ဦးက တစ်ဖက်၊ ဆရာထိုက်ဆိုသူနှင့် ၉-ဦးကတစ်ဖက် ဝိနည်းတရားကို လူတို့သင်အပ်၊ မသင်အပ် ဟူသော အချက်အလက်အပေါ်မူတည်၍ ဝိဝါဒါဓိကရုဏ်းဖြစ်လာသည်။ ယင်းအယူအဆနှင့် ပတ်သက်၍ မည်သူမှားသည် မှန်သည် ကို အဆုံးဖြတ်ခံရန် မန္တလေးနေပြည်တော်သို့ တက်ရောက်လာကြသည်။ ဤအကြောင်းကို မင်းတုန်းမင်းတရားကြီးသိတော်မူလျှင် ၁၂၂၆-ခု၊ တပေါင်းလဆန်း ၁၅-ရက်စနေနေ့ အချိန်တွင် မြောကြီးရွာစားမင်း မင်းလှမင်းထင်ကို စေလွှတ်၍ အငြင်းပွားသူများအား ရှေ့တော်အရောက် ခစားစေတော်မူသည်။ ထို့နောက် မင်းတရားကြီးက-

"ဘေးတော်ဘုရား၊ ဘိုးတော်ဘုရား၊ ခမည်းတော်ဘုရား၊ နောင်တော်ဘုရား တို့လက်ထက်တွင် သာသနာတော် တိမ်မြုပ်ပျောက် ကွယ်ခြင်း၏ အကြောင်း၊ မကောင်းသော အလင်္ကာမွှတို့ကိုသာ ပြုကျင့်ကြိုက်နှစ်သက်သူသာ များကြသည်။ ငါကရောက်မင်းမြတ်၏ ရွှေလက်ထက်တော်၌ ထိုကဲ့သို့မဟုတ်။ မြတ်စွာဘုရားသခင်တို့သည် စက်ဆုပ်ရွံရှာတော်မူအပ်သော အလင်္ကာမွှ၊ အလင်္ကာအမှုအရာ၊ အလင်္ကာအကျင့်တို့ကို ပြုကျင့်ကြိုက်နှစ်သက်သော အလင်္ကာရဟန်းတို့ကို ပယ်ရှား တိမ်မြုပ်စေ၍ မြတ်စွာဘုရားသခင်တို့သည် ကြိုက်နှစ်သက်တော်မူကုန်သော နှစ်ရာနှစ်ဆယ့်ခုနစ်ပါးသော သိက္ခာပုဒ်တို့ကို မယိုမယွင်း မတိမ်းမယိမ်းရအောင် ကျင့်ဆောင်တော်မူကြကုန်သော အရှင်ကောင်း အရှင်မွန်လင်္ကာ သီလဝန္တမွှဝါဒီ ပုဂ္ဂိုလ် တို့စည်ပင်ပြန့်ပွားမှ သာသနာတော် အရှည်တည်ထွန်း၊ ထွန်းချိမ့်မည်ကို မြင်တော်မူသည်။ ထို့ကြောင့် ပါရမီပုညသမ္ဘာရ အဆောက်အအုံနှင့် ပြည့်စုံတော်မူသော ပရိယတ္တိဝိသာရဒ၊ ဂဏာစရိယ ဂဏပါမောက္ခစသော ရဟန်းသံဃာတော်တို့၏ ဦးခိုင်တမွတ်အမြင့်အမြတ် ဆည်းကပ်မှီခိုရာ မဟာသံဃရာဇ်ဖြစ်တော်မူသော သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ ပဏ္ဍိတပရိယတ္တိမေဓာဝီလင်္ကာကုက္ကုစ္စက သိက္ခာကာမ ဖြစ်ကုန်သော ရဟန်းကောင်း ရဟန်းမြတ်တို့၏ မှီခိုရာ၊ ပညာဝေယျတ္တိက၊ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကုန်သော သာသနာပြုဆရာတော်ရှစ်ပါးနှင့် ညှိနှိုင်းတိုင်ပင်ကာ ပါဠိအဋ္ဌကထာဋီကာလာတိုင်း အဆုံးအဖြတ် အမိန့်ထုတ်ပြန် တော်မူသည်။ အမိန့်တော်ကို မှန်ကန်စွာ လိုက်နာနိုင်မည်လော" ဟုမေးမြန်းတော်မူသည်။

ထိုအခါ ဝိဝါဒါမိကရဏ်း ဖြစ်သူများက မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခံ့ခိုင်တည်ကြည်စွာ လိုက်နာနိုင်ပါကြောင်း တညီတညွတ်တည်း သံတော်ဦးတင်ကြသည်။

ထို့နောက် မင်းတုန်းမင်းတရားကြီးသည် သာသနာပိုင်ဆရာတော်ဘုရားနှင့် ခင်မကန်ဆရာတော်၊ ဘုံကျော်ဆရာတော်၊ ဗားကရာဆရာတော်၊ ပြည်ဆရာတော်၊ ဆရာတော် ဦးစန္ဒိမာ၊ ထီးလင်းဆရာတော်၊ သင်္ဂဇာဆရာတော်တို့အား ဝိဝါဒါမိကရဏ်းနှင့် ပတ်သက်၍ ဝိနည်းပါဠိတော်၊ အဋ္ဌကထာကျမ်း၊ ဋီကာကျမ်းများနှင့်အညီ ဓမ္မစက်ထုတ်ပြန်ပေးရန်နှင့် ယင်းဓမ္မစက်အပေါ်တွင် အာဏာစက်ဖြင့် ပံ့ပိုး၍ အမိန့်တော်ထုတ်ပြန်ပါမည်ဟု လျှောက်ထားတော်မူသည်။

ဆရာတော်ဘုရားများက ဝိဝါဒါမိကရဏ်း ဖြစ်သူများ အခြေအတင် အငြင်းပွားချက်များကို ကြားနာ၍ ဝိနည်းတော် နှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးတော်မူကြသည်။ ယင်းအဆုံးအဖြတ်ကို မူတည်ကာ မင်းတုန်းမင်းတရားကြီးသည် ၁၂၁၇ - ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက်နေ့တွင် ဓမ္မဝိနယအမိန့်တော်ပြန်တမ်းကြီးကို ထုတ်ပြန်လိုက်ပါသည်။

ယင်းအမိန့်တော်ပြန်တမ်းတွင် -

"သာသနာတော်၏တည်ရာသည် ဝိနည်းတရားထင်ရှားရှိသည့်အတိုင်း ရဟန်းတော်တို့ ကောင်းမွန်စွာ မကျင့်ဆောင်က သာသနာတော်ညှိုးနွမ်းသည်။ တရားတော်ကို မကျင့်ဆောင်သော တယောက်သော အလင်္ကာသည် အလင်္ကာတစ်ထောင်ကို ဖြစ်စေ၍ သာသနာတော်ကို ဖျက်ဆီးနိုင်သည်" ဟု အစချီကာ ဝိနည်းတော်နှင့်မညီသော အလင်္ကာမွှ များကို အသေးစိတ်ဖော်ပြတော်မူသည်။

ထို့နောက် အမိန့်တော်၏ နိဂုံးချုပ်တွင်

"ယင်းသို့စသော အလင်္ကာကိုပြုတတ်သော သိက္ခာပုဒ်တို့ကို လေးစားမမှု၊ မြတ်စွာဘုရားရွှေမျက်နှာတော်ကို မထောက် မကြောက်၊

တစ်သက်လျာမျှ လာဘ်ပူဇော်ကိုငဲ့၍ ရဟန်း ကောင်းတို့ အသွင်အပြင် အဝတ်ကားမြတ်သော အရဟတ္တဓဇ၊ အကျင့်ကား မြတ်စွာဘုရားသာသနာတော်၏ ဆူးငြောင့်တံကျင် သဘွယ်ကဲ့သို့ ယုတ်မာလှသော အကျင့်ဖြစ်၍ သာသနာတော်ကို ဖျက်ဆီးတတ်သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို အားပေးအားမြှောက် ပူဇော်လှူဒါန်းသူတို့လည်း အလဇ္ဇီနှင့်ပေါင်းဘက်၍ သာသနာတော်ကို ဖျက်ဆီးသည်မည်သောကြောင့် အမိန့်တော်တွင် ပါရှိသည့် အလဇ္ဇီဓမ္မကို လွန်ကျူးကျော်နင်း၍ ကျင့်သော အလဇ္ဇီ ပုဂ္ဂိုလ်တို့ကို ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်မြို့ကျေးရွာနေ လူတို့ကို မကိုးကွယ်မလှူဒါန်းကြစေနှင့်"ဟု အမိန့်ထုတ်ပြန်ကာ သာသနာတော်အဓွန့်ရှည် ကြောင်း ဆောင်ရွက်တော်မူသည်။

ဤသို့လျှင် မင်းတရားကြီးသည် အလဇ္ဇီဝါဒါဓိများကို သာသနာတော်တွင်းမှ ရှင်းလင်းဖယ်သန့်၍ ဝိနည်းတော်နှင့် အညီကျင့်ကြံတော်မူ ကြကုန်သော ရဟန်းသံဃာတော်များကို ပစ္စည်းလေးပါးထောက်ပံ့ကာ သာသနာပြုတော်မူခဲ့သည်။

သက္ကရာဇ် ၁၂၂၃-ခုနှစ်တွင် မန္တလေးတောင် မြောက်ဖက်၌ ရွှေကျင်တိုက်(၅)တိုက်ကို ဆောက်လုပ်ကာ ပဌမရွှေကျင် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရအား လှူဒါန်းတော်မူသည်။ ထို့ကြောင့် မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဂိုဏ်းကို စတင်တည်ထောင်ပေးသူ (ဂဏသမုဋ္ဌာပက) ဖြစ်၍ ရွှေကျင်ဆရာတော်ဘုရားကြီးကား ရွှေကျင်ဂိုဏ်း၏ အနီးကပ်ဆရာ ဆရာဂဏာစရိယ ဖြစ်ပေသည်။

ဤသို့ဖြင့် မြတ်စွာဘုရား၏ သာသနာတော် သန့်စင်စစ်မှန်ရေးအတွက် အာဏာစက်၊ ဓမ္မစက်တို့နှင့် ပေါ်ထွန်းလာသော ရွှေကျင်နိကာယသည် သာသနာ သမိုင်းကြောင်းဝယ် မြတ်စွာဘုရားအလိုတော်ကျ တရားဓမ္မနှင့်အညီ တည်တံ့နေ မည်ဖြစ်ပါသတည်း။

သိန်းအောင် (ပြင်ဦးလွင်)

ကျမ်းကိုး
၁။ ရွှေကျင်သံဃရာဇာ နှစ်တစ်ရာ
၂။ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း
၃။ ဝိနယကောသလ္လကျမ်း





# စဉ်ဆက်သာသနာတည်စေသော

## အရှင်မဟာကဿပမထေရ်

မြတ်ဗုဒ္ဓ၏သာသနာပြုလုပ်ငန်းဟူသည်

၁။ သီလဖြင့် လူ့လောကစည်းကမ်းရှိဖို့၊

၂။ သမာဓိဖြင့် လူသားတို့ စိတ်ချမ်းသာဖို့၊

၃။ ပညာဖြင့် အရှိအမှန်ကို နားလည်သိမြင်ပြီး လူအသိမြင့်ဖို့ကို ရည်ရွယ်ခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓသည် သူ၏တစ်ဘဝလုံး (လေးဆဲ့ ငါးနှစ်ပတ်လုံး) မမောမပန်းနိုင်ရှာဘဲ မရပ်မနားသာလျှင် လှည့်လည်၍ ဓမ္မများကို ဟောတော်မူခဲ့ပါ သည်။ ဤသို့နှင့် ပင်ကျေနပ်တော်မမူဘဲ ဝေနေယျတို့ အပေါ်၌ ငဲ့ညှာသနားတော်မူသဖြင့် သာသနာတော်ကြီးကို လက်ဆင့်ကမ်းကာ ထားတော်မူခဲ့ပြန်သည်။

" ရဟန်းတို့ . . သင်တို့သည် ကဿပကဲ့သို့ နေနိုင် ကျင့်နိုင် အောင်ကျိုးစားကြ။ ရဟန်းတို့-ငါဘုရား သည် ဈာန်အဘိညာဉ် ဝင်စားတော်မူလိုသည့်အခါ အလိုရှိရာ ဈာန်အသိညာဉ်ကို (အချိန်မကြာစေဘဲ) ချက်ချင်းဝင်စားနိုင်သကဲ့သို့ ကဿပသည်လည်း ငါဘုရားကဲ့သို့ပင် ချက်ချင်းဝင် စားနိုင်၏" ဟုတန်ခိုး အရာ၌ တန်းတူထား၍ မြတ်ဗုဒ္ဓက အရှင်မဟာကဿပမထေရ်ကြီးအား မြောက်စားတော်မူခဲ့သည်။

အရှင်မဟာကဿပထေရ် ရဟန်းဖြစ်စ၌လည်း မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်ပင် ပုဏ္ဏာမည်သော ကျွန်မ၏ ခန္ဓာကိုယ်အလောင်းမှ တစ်ပြည်သားမျှသော "လောက်" များကိုဖယ်ရှား၍ ကောက်ယူခဲ့သော (မြတ် ဗုဒ္ဓသာလျှင် ဆောင်နိုင်သော) ပံသုကူသင်္ကန်းတော်ကို အရှင် မဟာကဿပထေရ်အား ပထမအကြိမ် ချီး မြှောက်တော်မူခဲ့သည်။

ဤမျှသာမကသေး မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် မြတ်ဗုဒ္ဓ၏ ခန္ဓာကိုယ် အလောင်းတော်ကို မီးရှို့၍ မရ၊ အရှင်မဟာကဿပထေရ် ရောက်လာသောအခါ၌ ခြေတော်အံစုံတို့သည် လဝန်းကြီး ထွက်ပေါ်လာသကဲ့သို့ ထွက်ပေါ်လာကာ ချီးမြှောက်တော်မူပြီးမှ အလောင်းတော်ကို မီးရှို့၍ ရခဲ့သည်။ ဤသည်ကား အရှင်မဟာကဿပအား နောက်ဆုံးချီးမြှောက်တော်မူခဲ့ခြင်းဖြစ်သည်။

အဘယ့်ကြောင့် မြတ်ဗုဒ္ဓက အရှင်မဟာကဿပထေရ်ကြီးအား ထိုမျှလောက် ချီးမြှောက်တော်မူသနည်း?

နောင်ရေးကို မြော်မြင်သော ဘုရင်မင်းမြတ်သည် မိမိ၏အရိုက်အရာကို ဆက်ခံနိုင်မည့် သားရတနာအား မိမိဝတ်ဆင်မြဲဖြစ်သော မင်းမြောက်တန်ဆာကို ပေး၍ ချီးမြှောက်သကဲ့သို့ မြတ်ဗုဒ္ဓသည်လည်း ကိုယ်တော်မြတ်၏ အရိုက်အရာသာသနာတော်ကို ဆက်လက်၍ ဆောင်ရွက်နိုင်မည့်ပုဂ္ဂိုလ်ကို မြင်တော်မူသောကြောင့်သာ ထိုမျှလောက် ချီးမြှောက်တော်မူခြင်းဖြစ်သည်။

မှန်ပါသည်။ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက်ပိုင်း၌ သာသနာတော်ကြီးကို အရှင်မဟာကဿပထေရ်ကြီးကသာဦးစီးဦးဆောင် သံဃာ့ဥသျှောင် (ဥက္ကဋ္ဌ သာသနာပိုင်ကြီး)အဖြစ်ဖြင့် တာဝန်ယူ၍ ထိန်းသိမ်းစောင့် ရှောက်တော်မူလာခဲ့သည်။

ဤသို့ ပဌမသံဂါယနာတင် ဓုတင်တေရသတေဒင်ရတော်မူသော အရှင်မဟာကဿပ မထေရ်ကြီးမှ ခေါင်းဆောင်သမှု အစပြု၍ မြတ်ဗုဒ္ဓသာသနာတော်ကြီးကို လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသည်။ ထိုမှတဆင့် ကဿပနွယ်ဖွား သာသနာ၏ ဥသျှောင်ရွှေကျင်ဆရာတော်ကြီးများမှာလည်း မြတ်ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ဝေဖြာ ငါးထောင်မက ရှည်ကြာခိုင်မြဲရေးအတွက် သာသနာတော်ကြီးကို စောင့်ရှောက်တော်မူလာခဲ့ကြသည်။

သာသနာ့ဥသျှောင် (ရွှေကျင်နိကာယသာသနာပိုင်)
ဆရာတော်ဘုရားကြီးများမှာ
(က) သာသနာပိုင်ဆရာတော်ကြီး ၁၄ -ပါး

၁။ ပထမရွှေကျင်ဆရာတော်ကြီး
၂။ ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး
၃။ တတိယရွှေကျင်သာသနာပိုင် ဒီပဲရင်း ဆရာတော်ကြီး (အထက်မြန်မာနိုင်ငံအတွက်)
၄။ တတိယရွှေကျင်သာသနာပိုင် ကျိုက္ကဆံ ဆရာတော်ကြီး (အောက်မြန်မာနိုင်ငံအတွက်)
၅။ စတုတ္ထ ရွှေကျင်သာသနာပိုင် အလုံ ဆရာတော်ကြီး
၆။ ပဥ္စမ ရွှေကျင်သာသနာပိုင် ချမ်းသာကြီး ဆရာတော်ကြီး
၇။ ဆဋ္ဌမ ရွှေကျင်သာသနာပိုင် လှတောကြီး ဆရာတော်ကြီး
၈။ သတ္တမ ရွှေကျင်သာသနာပိုင် ပစ္ဆိမာရုံ ဆရာတော်ကြီး
၉။ အဋ္ဌမ ရွှေကျင်သာသနာပိုင် ကန္နီဆရာတော်ကြီး
၁၀။ နဝမ ရွှေကျင်သာသနာပိုင် စံကင်း ဆရာတော်ကြီး (အဘိဓဇမဟာရဋ္ဌဂုရု)
၁၁။ ဒသမ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ကြီး
၁၂။ ဧကာဒသမရွှေကျင်သာသနာပိုင် အရှေ့ဝိသုဒ္ဓါရုံ ဆရာတော်ကြီး
၁၃။ ဒွါဒသမရွှေကျင်သာနာပိုင် ရွှေဟင်္သာ ဆရာတော်ကြီး (အဘိဓဇမဟာရဋ္ဌဂုရု)
၁၄။ တေရသမရွှေကျင်သာသနာပိုင် ညောင်ရွှေကန်ကြီးဆရာတော်ကြီး (အဘိဓဇမဟာရဋ္ဌဂုရု)
(လက်ရှိ ရွှေကျင်နိကာယ ဂိုဏ်းကြီး၏ အဓိပတိ)

ဥ်ရွှေကျင် ဥ်ဝိသုဒ္ဓါရုံ၊
ဒီပဲယင်း ကျိုက္ကစ် အလုံ။
ချမ်းသာ လှတော ကျိုက်လတ် ကန္နီ၊
စံကင်း မြောင်းမြ ကြေးမြင့်ဂဏီ။
ရွှေဟင်္သာ ညောင်ရွှေကန်ကြီးတိ၊
ရွှေကျင်ဝံသ ဂဏီသရော။

(ခ) တွဲဖက် သာသနာပိုင်ဆရာတော်ကြီး -၁၂-ပါး

၁။ အဘယာရာမဆရာတော်
၂။ ညောင်တုန်းစံကျောင်းဆရာတော်
၃။ ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်
၄။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)
၅။ ဝိသုဒ္ဓါရုံ အသောကာရုံဆရာတော်
၆။ ဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော် (အဘိဓဇမဟာရဋ္ဌဂုရု)
၇။ ညောင်တုန်းမြို့ စတုတ္ထစံကျောင်းဆရာတော် (အဘိဓဇမဟာရဋ္ဌဂုရု)
၈။ ပြည် ဗာရာဏသီဆရာတော် (အဘိဓဇမဟာရဋ္ဌဂုရု)
၉။ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)
၁၀။ စစ်ကိုင်း ပထမဂန္ဓာရုံဆရာတော် အရှင်သုပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ လက်ရှိ တွဲဘက် သာသနာပိုင်ဖြစ်တော်မူသည်)
၁၁။ မန္တလေး မဟာဝိသုဒ္ဓါရုံ ဝါဆိုဆရာတော် အရှင်အဂ္ဂိယ (အဘိဓဇ မဟာရဋ္ဌဂုရု၊ လက်ရှိ တွဲဘက် သာသနာပိုင်ဖြစ်တော်မူသည်)
၁၂။ ရန်ကုန် သိရိမန္တစံကျောင်း ဆရာတော် အရှင်ရာဇိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ လက်ရှိ တွဲဘက် သာသနာပိုင်ဖြစ်တော်မူသည်)

သာသနာတော်၏ ဦးစီးဦးဆောင် (ရွှေကျင်နိကာယသာသနာပိုင်) ဆရာတော် ဘုရားကြီး များမှာ (ရွှေကျင်နိကာယအနေအားဖြင့် ) ၂၆-ပါးပင်ရှိခဲ့ပြီးဖြစ်သည်။

ယင်း၂၆-ပါးသော သာသနာ့ဥသျှောင် ဆရာတော်ကြီးများတွင် တွဲဖက်သာသနာပိုင်ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဗာရာဏသီ မဟာထေရ် ဆရာတော်ဘုရားကြီးသည်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ ဆဋ္ဌသံဂါယနာနှင့် နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ဩဝါဒါစရိယအဖြစ်ဖြင့် သာသနာတော်ကြီးကို စောင့်ရှောက်တော်မူခဲ့ရသည်။

ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခန္တီ၊ မေတ္တာ၊ သန္တုဋ္ဌိ၊ သလ္လေခ၊ ဗျတ္တ၊ ပဋိဗလ စသောကျေးဇူးဂုဏ်တော်တို့ကိုအာရုံပြု၍ နိုင်ငံတော်အစိုးရမှ 'အဂ္ဂမဟာ ပဏ္ဍိတ'နှင့် 'အဘိဓဇ မဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခြင်း ခံတော်မူရသည်။

ဆရာတော်ဘုရားကြီးသည် မြတ်ဗုဒ္ဓသာသနာတော်ကြီးကို မြန်မာတွင်သာမက ပြည်ပနိုင်ငံများထိရောက်အောင်ပင် ဓမ္မဒူတသာသနာပြုတော်မူရင်း ၁၃၅၅-ခုနှစ်၊ တပို့တွဲလဆုတ် ၁၃-ရက်တွင် ဘဝနတ်ထံ စံလွန်တော်မူခဲ့ပါသည်။

ဤမျှဂုဏ်ဒြပ်ကြီးမား ဆရာတော်ဘုရားကြီး၏ မွေးဖွားရာဇာတိကား အောင်လံမြို့နယ်၊ ဇိန့်ရွာဖြစ်ပါသည်။ "ဒုလ္လဘော ပုရိသာ ဇညော" မိန့်ဟောအရ "ဇာနည်ယောကျ်ား ပုဂ္ဂိုလ်များကား နေရာဒေသ ဌာနတိုင်းဝယ် မဖြစ်ထွန်း မပေါ်ပေါက်" ဟူ၏သို့ မိမိတို့ မကွေးတိုင်း၊ အောင်လံမြို့နယ်တစ်နယ်လုံး ခြုံငုံ သုံးသပ်ရချေသော် သာသနာလောကဝယ် ယနေ့မှထောက် နောက်နှစ်တစ်ရာ ပြန်၍လှေ့လာသော် တစ်ပါးတည်းသာ တွေ့ရသည်။ ဆရာတော်ဘုရားကြီး၏ မွေးရပ်ဇာတိကား ဇိန့်ရွာ မဟုတ်ဘဲ "ဇိန" (အောင်မြေ)ရွာများ ဖြစ်လေရော့သလားဟု ထင်မှတ်ရပါတော့သည်။

ဂါမေဝါ ယဒိဝါရညေ ၊ နိန္နေဝါ ယဒိဝါထလေ။
သတ္တအရဟန္တော ဝိဟရန္တိ၊ တံ ဘူမိရာမဏေယျကံ။

မြို့ရွာအရပ်မှာ ဖြစ်စေ၊ တောကြီးမြိုင်ကြီးအရပ်မှာဖြစ်စေ၊ ချိုင့်ဝှမ်းနိမ့်ရှိုင်းရာ အရပ်မှာဖြစ်စေ၊ ကုန်းမြင့်သောအရပ်မှာဖြစ်စေ အာသဝေါကုန်ခန်းသော ရဟန္တာများ၊ အာသဝေါကုန်ခန်းအောင် ကျင့်နေကြသော သူတော်စင်များ သီတင်းသုံးရာအရပ် ထွက်ပေါ်ရာအရပ်သည် တင့်တယ်တော့သည် သာတည်း။

ကျေးဇူးတော်ရှင်ဆရာတော် ဘုရားကြီး သက်တော်ထင်ရှားရှိမည်ဆိုလျှင် ၁၃၆၄-ခု၊ ဝါဆိုလပြည့် နေ့တွင် သက်တော်(၁၀၀) ပြည့်မည်ဖြစ်ပါသည်။

ခန္ဓာကိုယ်ကြီးသည် သင်္ခါရတို့၏ သဘောအရပျက်စီးရသည် မှန်သော်လည်း ဆရာတော်ဘုရားကြီး၏ မြင့်မိုရ်မေရု နှိုင်းတုမမှီ ကျေးဇူးဂုဏ်တော် အလီလီတို့မှာဖြင့် ကပ်ကမ္ဘာ ဆုံးသည့်တိုင် မပျက်သုန်းသည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

တောင်တိုင်းတောင်တိုင်း၌ ပတ္တမြားမရှိ။
ဆင်တိုင်းဆင်တိုင်း၌ အမြုတေမရှိ။
တောတိုင်းတောတိုင်း၌ စန္ဒကူးမရှိ- ဟူ၏သို့ ရခဲ၊ ကြုံခဲ၊ တွေ့နိုင်ခဲစွာသော ဆရာတော်ဘုရားကြီး၏ နှိုင်းတုမမှီကျေးဇူးဂုဏ်တော် အလီလီတို့ကို ရည်ရော်မှန်းဆ လွမ်းတသသဖြင့် ဆရာတော်ဘုရားကြီး ထားတော်မူခဲ့သော အရိုက်အရာ မြတ်ဗုဒ္ဓသာသနာတော်ကြီးကို ပြုစုစောင့်ရှောက်ရင်းဖြင့် ကျေးဇူးဆပ်ကြပါကုန်စို့။

ထွန်းထွန်းကားကား၊ ယောကျ်ားတစ်ဆူ၊ ထိုသသူလျှင်၊ လူ၌သော်လဲ၊ ရနိုင်ခဲ၏၊ နက်နဲသိမြော်၊ ကြီးမြင့်သော်မူ၊ လေးဖော်မျိုးစစ်၊ မှီရာဖြစ်လိမ့်။ (ကိုးခန်းပျို့)

တပည့်- အရှင်အမတောဘာသ (တိုက်အုပ်)
ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်တိုက်သစ်
ရန်ကုန်မြို့။

## စန္ဒကူး

အော်-မွှေးလိုက်သည့် သည်နံ့သာ
လေအနေ့မှာဖြင့် ကြွေလျော့လို့သူရောက်လာ
ရပ်ရှစ်ခွင်ဘယ်ဆီကပါလိမ့်
ခြေထောက်ကာ လကိုဆန့်ပါလို့
နမ်းမိပေါ့ငါ့ဖြစ်အင်
မွှေးလိုက်သည့်ဖြစ်ခြင်း
သည်ရနံ့ရှူရှိုက်မိသူ သက်ရှူတောင်မှားပါဘိ
လိုခြင်သောချဉ်ခြင်း ရင်တွင်းမှပေါ်ထွက်လာ
တောအထပ်ထပ်ကိုဖြင့် ခြေဆန့်လို့ငါရှာမိ
အော်-မောလိုက်သည့်ငါ့ဖြစ်အင်
တစ်တောကုန် တစ်တောင်ဆုံးပါပေါ့
တောတောင်တွေလက်ဘယ်ညာချိုးသော်လည်း
ရေတွက်လို့ဆုံးအံ့မထင်
ငေးမှိုင်လို့ လျော့မယ်ကြံ
ဟောတစ်တောင်တွေ့ပြန်ပေါ့
အားခဲလို့ တက်ခဲ့ရပြန်
ဝမ်းသာလိုက်ဖြစ်ခြင်း
မျက်ရည်တောင်ကျခဲ့ပေါ့
နှစ်လတွေသုန်းလို့ အဆုံးသတ်မယ်ကြံကာမှ
သည်တောတွင် သည်တစ်ပင်သာပ
လေတိမ်းကာ ယိမ်းညာန္ဒဲ့လို့ရယ်
မွှေးလွန်းသည့် သည်စန္ဒကူး။

မောင်အေးချမ်း (အောင်လံ)
ဝိ-ဗာ



# ရာပြည့်မှအမှတ်တရ

ရေပြည့်ဆရာတော်

**သရီရသာ ဂုဏာနန္တာ၊ ဒူရမန္တ မန္တရံ၊**
**သရီရံ ခဏဝိဒ္ဓံသီ၊ ဂုဏာန္တာ ကပ္ပ ဋ္ဌိတိယော။**

**သရီရသာ၀**၊ ခန္ဓာကိုယ်၏ လည်း ကောင်း။ **ဂုဏာနန္တာ**၊ ဂုဏ်တို့၏ လည်းကောင်း။ **အန္တရံ**၊ အကြားသည်။(ခြားနားချက်သည်) **အစွန္တံ**၊ စင်စစ်။ **ဒူရံ**၊ ဝေးကွာလှပါပေ၏။ **သရီရံ**၊ ခန္ဓာကိုယ်သည်။ **ခဏဝိဒ္ဓံသီ**၊ ခဏလေးဖြင့် ကွယ်ပျောက်ခဲ့ပေ၏။ **ဂုဏာန္တာ**၊ ဂုဏ်တို့ ကတော့။ **ကပ္ပဋ္ဌိတိယော**၊ ကမ္ဘာဆုံးအောင် တည်တံ့ နိုင်ကြလိမ့်မည်တည်း။

၁၃၆၄-ခုနှစ်၊ ပါဆိုလဆန်း (၅) ရက် တနင်္ဂနွေနေ့၌ ကျေးဇူးတော်ရှင် ဓာရာဏသီ ဆရာ တော် ဘုရားကြီး၏ နှစ်တရာ (ရာပြည့်) မွေးနေ့ ပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆောင်းပါး စာစောင်များ ရေးသားနိုင်ရန် စာမူတောင်းမိန့်လွှာများ ရောက်ရှိလာပါသည်။

**ဆရာတော်ဘုရားကြီး၏ ခန္ဓာပဥ္စက ရုပ်နာမ် မွေတို့က ကွယ်ပျောက်သွားသော်လည်း ကျေးဇူးတော် ဂုဏ်တော်များက အနန္တ ဖြစ်၍ ရှည်လျားစွာသော ကာလတိုင် အောင် ကွယ်ပျောက်သွားလိမ့်မည် မဟုတ်ပါ။**

စာရေးသူသည် သာမဏေဘ၀ (၁၆) နှစ်သား အရွယ်ကပင် ဆရာတော် ဘုရားကြီး၏ အရိပ်အာဝါသ အောက်၌ အစဉ်သဖြင့် နေလာခဲ့ရာ ကျောင်းတိုက် အုပ်ချုပ်ပုံ၊ တပည့်တပန်းအပေါ် ပညာ ရေး အလေးထားပုံများကို ငယ်စဉ်အခါ က အမှုက်ဟမဲ့ နေခဲ့သော်လည်း မိမိ ကိုယ်တိုင် အသက်အရွယ် ထောက်လာ ပါမှ ဆရာတော်ဘုရားကြီး၏ ကျေးဇူး တော် ဂုဏ်တော်တို့ကို သိရှိနားလည် ခဲ့ရပါ သည်။

"ပန်းသီသမားသည် မွေးပျံ့ သင်း ကြိုင်လှပသော ပန်းပုံကြီးမှ ပန်းပွင့်များကို ယူငင်၍ သီကုံးပါသော်လည်း ကုန်ဆုံး အောင် သီကုံးခြင်းငှာ မစွမ်းနိုင်သကဲ့သို့" ဆရာတော်ဘုရားကြီး၏ ကျေးဇူး တော် ဂုဏ်တော်တို့ကိုလည်း ဤဆောင်းပါး မျှဖြင့် ရေးသားဖော်ပြခြင်းငှာ ကုန်ဆုံးနိုင်မည် မဟုတ်ပါပေ။

ဤ၌ စာရေးသူ၏ ဘဝတွင် ဆရာတော်ဘုရားကြီး ဆိုဆုံးမခဲ့သော ဖြစ်ရပ်များစွာထဲမှအနှစ်သက်ဆုံးအောက်ပါ ဖြစ်ရပ်နှစ်ခုကို တင်ပြလိုပါသည်။

၁၃၄၇ ခုနှစ်တွင် စာရေးသူသည် အောင်လံမြို့မှ ပြည်မြို့ ဝိသုဒ္ဓါရုံ ဓာရာ ဏသီ ကျောင်းတိုက်သို့ ရောက်ခိုက် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ

ကျောင်းဆောင်သို့ သွားရောက်ပြီး လျှောက်ထားစရာများကို လျှောက်ထားခဲ့သည်။ ဆရာတော်ဘုရားအား လျှောက်ထားပြီး၍ ပြန်လာသောအခါ ကျောင်းဆောင်၏ တံခါးဝ သို့ အရောက်တွင် " ကိုရေပြည့် နောက်က သက်န်းစလေး ရှည်နေတယ်" ဟု ဆရာတော်ဘုရားကြီးက အမိန့်ရှိပါသည်။

အသက် (၆၀) ဝန်းကျင် ရှိနေပြီဖြစ်သော စာရေးသူသည် ဤကဲ့သို့ ဆရာတော်ဘုရားကြီး၏ ဆိုဆုံးမစကားကို ကြားရသောအခါ မိမိအပေါ် ထားရှိခဲ့သော ဆရာတော်ဘုရားကြီး၏ မေတ္တာ စေတနာတို့ကား စာရေးသူအတွက် ယနေ့တိုင် မေ့၍မရနိုင်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါတော့သည်။

အခြားဖြစ်ရပ်တစ်ခုမှာ ဆရာတော်ဘုရားကြီးသည် အိန္ဒိယပြည် ဟိန္ဒူယူနီဗာစီတီတွင် သီတင်းသုံးနေသောအချိန်နှင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေသောအချိန်တို့သည် တိုက်ဆိုင်၍ နေပါသည်။ ထိုအချိန်၌ ဆရာတော်ဘုရားကြီး၏ ညီတော် အရင်းဖြစ်သူ ဦးမဟောသဓပဏ္ဍိတသည် တောင်ငူခရိုင် ကျွဲပွဲမြို့တွင်စာသင်တိုက်ဖွင့်၍ ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးနေချိန်ဖြစ်ပါသည်။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် စည်ရှင်ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် "ဓမ္မာရုံကျောင်း" အမည်ခံယူကာ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းကျောင်းတိုက်၌ ဆရာတော် ဦးမဟောသဓပဏ္ဍိတ နှင့်အတူ စာရေးသူသည် သီတင်းသုံးလျှက် ရှိပါသည်။

စစ်အတွင်းကာလဖြစ်သည့် အလျောက် စစ်ဒဏ်မှ ရှောင်တိမ်းရန် ကျွဲပွဲမြို့လေး၏ အရှေ့ဘက် စစ်တောင်းမြစ်ကမ်းအနီးတွင် ရှိသော ရေကျော်ရွာတွင် ရောက်နေခိုက် ဖြစ်ပါသည်။ ဂျပန်ကို တော်လှန်နေသောအချိန် ဖြစ်သည့်အားလျော်စွာ တစ်နေရာနှင့် တစ်နေရာ အဆက်အသွယ်နှင့် အသွားအလာ များပြတ်တောက် နေပါသည်။ သို့သော် ထင်ရှားကျော်ကြားသော ဆရာတော်ဖြစ်ပါက မည်သို့ပင်အခက်အခဲ ရှိသည်ဖြစ်စေ လေယာဉ်ပျံဖြင့် စာများကို ပေးပို့လိုသော နေရာသို့ အရောက်ပို့ပေးလေ့ရှိပါသည်။ ဗာရာဏသီ ဆရာတော်ဘုရားကြီးသည်လည်း အထင်ကရ ပုဂ္ဂိုလ်ဖြစ်သည့် အလျောက် ဆရာတော်ဘုရားကြီး ပို့စေလိုသောနေရာသို့ စာများကို အရောက်ပို့ပေးလေ့ရှိပါ သည်။

တစ်နေ့တွင်ဤစာရေး သူအား ဦးမဟောသဓပဏ္ဍိတက အနားသို့ခေါ်၍ "ကိုသုန္ဒရာနန္ဒ ဒီမှာ အိန္ဒိယပြည် ဗာရာဏသီမြို့ နောင်တော် ဆရာတော်ထံက စာတစ်စောင် ရောက်လာတယ် ဖတ်ကြည့်စမ်း" ဟုပြောကာ မိမိကိုပေး၍ ဖတ်ရပါသည်။စာထဲတွင် မိမိနှင့် ပတ်သက်၍ ရေးသားထားသည်မှာ " ညီတော်ဘုန်းကြီး ညီတော်ထံမှာ မောင်သုန္ဒရာနန္ဒ ရောက်နေသည် ဟုသိရ၍ ဝမ်းမြောက်ရပေသည်" ဟူသော စာပင်ဖြစ်ပါသည်။

သာမန် ဦးပဉ္ဇင်းတစ်ပါးမျှသာဖြစ်သော စာရေးသူသည် ယခုကဲ့သို့ ဆရာတော်ဘုရားကြီးက အလေးဂရုပြု၍ အသိအမှတ်ပြုကာ ရေးသားထားသော စာကို ရရှိသောအခါ ဝမ်းသာမှုဖြစ်ရသည်မှာ မေ့၍ မရနိုင်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါတော့သည်။

သို့ဖြစ်၍ စာရေးသူ၏ ဘဝတွင် ဆရာတော်ဘုရားကြီး၏ စေတနာ မေတ္တာတို့ကား များစွာရှိပါ၏။ သို့သော် ဤစာမျက်နှာကို ငဲ့သောအားဖြင့် စာရေးသူ၏ အနှစ်သက်ဆုံး ဖြစ်ရပ်နှစ်ခုဖြင့်သာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ရေးသားပူဇော်လိုက်ရပါ၏။

တပည့် -

သုန္ဒရာနန္ဒ

ရေပြည့်ဆရာတော်

အောင်လံမြို့။

# ဝိနည်းတရား အလေးထား



ဦးနာဂဝံသ (ဗိ-တာ)

"အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ ဘိက္ခု" အနုမြူမျှ လောက်သင့်ရောက်သော အပြစ်ကလေးကိုပင် ရှောင်ကြဉ်ရမည်ဟူ သော စကားတော်အရ " ကျေးဇူးတော်ရှင် တရာဏာသီ ဆရာတော်ဘုရားကြီးသည် သေးငယ်သည်ဟု ထင်ရသော ဝိနည်းသိက္ခာ ပုဒ်များကိုပင် ရိုသေ လေးစား အရေးထားတော်မူသော ဆရာတော် ဘုရားကြီးတစ်ပါးဖြစ်သည်။

ဝိသုဒ္ဓါရုံ တရာဏာသီ တိုက်ကို ၁၃၂၁-ခုနှစ်၊ တော်သ လင်းလတွင် တိုက်ခွဲအဖြစ်တည် ထောင်ဖွင့် လစ်သောအခါ ဘုန်း ကြီး ဦးဝိသာရဒပဏ္ဍိတ (တိုက်အုပ်) (ယခု တောင်ငူဝိသုဒ္ဓါရုံသိမ်ဦး စာသင်တိုက် ပဓာနနာယက အဂ္ဂ မဟာပဏ္ဍိတ) သည် မန္တလေးမှ ပြည်မြို့သို့ ကပါတည်း ပါလာခဲ့ သည်။ ယခုတင်ပြမည့် ဖြစ်ရပ်မှာ ဘုန်းကြီးဦးဝိသာရဒပဏ္ဍိတ ဝိသုဒ္ဓါ ရုံ တရာဏာသီတိုက်၌ သီတင်းသုံး နေဆဲအချိန်က ဖြစ်သည်။

ဘုန်းကြီးက စာရေးသူ အား "ကွမ်းရွက်ရှိသလား" ဟု မေးသောအခါ "မရှိပါဘုရား" ဟု စာရေးသူက ပြန်ကြား လျှောက် ကြားလိုက်သည်။ "ဘာလုပ်မလို့လဲ ဘုရား" ဟု တဆက်တည်း လျှောက်ထားသောအခါ "နေမကောင်းချင် သလိုဖြစ်နေတယ်။ ဒါကြောင့် ကွမ်းရွက်ပြုတ်ရည်နှင့် ဆေးလုံး ကို စားသုံးမလို့" ဟု ဆိုပါသည်။

ထိုအခါ ရေချိုးကန်၌ ကျောင်းသားမောင်ဟန်စိန်သည် ရေချိုးနေခိုက်ဖြစ်သည်။ စာရေး သူက ထိုကျောင်းသားအား ကွမ်းရွက်ဝယ်ရန် ၅ ပြားစေ့ကို ပစ်ပေးလိုက်သည်။ လမ်းလျှောက်နေသော ဆရာတော်ဘုရားသည် ထိုအခြင်း အရာကို မြင်ဟန်တူပါသည်။ သို့သော် စာရေး သူက ဆရာတော်ဘုရားကြီး မြင်တွေ့ လိမ့်မည်ဟု မထင်ခဲ့ပါ။

ဆရာတော်ဘုရားကြီးသည် ကွမ်းရွက် ဝယ်ရာမှ ပြန်ရောက်လာသော ကျောင်းသား အား ခေါ်ယူစစ်ဆေး မေးမြန်းပြီးနောက် စာရေးသူထံသို့ ယင်းကျောင်းသားဖြင့်ပင် စာရွက်တရွက်ကို ပေးစေခဲ့ပါသည်။ ယင်း စာရွက်၌ကား "မောင်နာဂဝံသ နေ့လည်ခင်း က ကျောင်းသားအား ၅-ပြားစေ့ကို ပစ်ပြီး ကွမ်းရွက်ဝယ်ခိုင်းမှုအတွက် ၃-ရက်တိတိ ကုဋိရေထမ်းစေ၊ မဟာထေရ် " ဟုပင်ဖြစ် သည်။

ဤသို့ဖြင့် မပြောပလောက်သော အပြစ်ကလေးကိုပင်ကြီးလေး သောအပြစ် အဖြစ် သဘောထားကာ နောင် ဆင်ခြင်ရန်

**ထို့ကြောင့် စာသင်သား အပေါင်းက ငါးပိနှင့် လောက် မကင်းကောင်းသလို ဗာရာဏသီနှင့်ဒကာမှာ မကင်းစကောင်းဟု ဆိုကြပါသည်**

အတွက် တပည့်များအား ဆုံးမတော်မူလေ့ရှိပါသည်။ မှန်ပါသည်။ ဆရာတော်ဘုရားကြီးသည် တပည့်ရဟန်းတစ်ပါး အရပ်တစ်ပါးသို့ ကြွသောအခါ၌ လည်းကောင်း၊ ဆွမ်းစား ကွမ်းစားကြွသောအခါ၌ လည်းကောင်း တပည့်ကျောင်းသားများ ခေါ်သွားစေလေ့ရှိပါသည်။ မခေါ်ဘဲလျက် ကြွသွားလျှင် ဒကာပေးပါသည်။ ပေးလာသမျှသော ဒကာကို ထမ်းဆောင်ရုံမျှနှင့် မပြီးသေးပါ။ ဘုရားဝတ်တက်ရာ၌ သံဃာ့အလယ်တွင် ဒကာထမ်း၍ ပြီးဆုံးကြောင်း လျှောက်ထားရပါသည်။ ထို့ကြောင့် စာသင်သားအပေါင်းက " ငါးပိနှင့် လောက် မကင်းကောင်းသလို၊ ဗာရာဏသီနှင့် ဒကာမှာ မကင်းစကောင်း " ဟု ဆိုကြပါသည်။ ဆက်လက်၍ တင်ပြလိုသည်ကား-

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သက်တော် (၇၃) နှစ်အရွယ်တွင် ဆီးကြိတ်ရောဂါရသည်ဖြစ်၍ မကွေးဆေးရုံကြီး၌ တက်ရောက် ကုသရပါသည်။ ထိုအချိန်က ဆရာတော် ဘုရားကြီးနှင့် ခင်မင်ရင်းနှီးသော ဆရာဝန်ကြီး ဦးကြည်သည်မကွေးတိုင်းဆေးရုံကြီး၌ ဆေးရုံအုပ် အဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ မကွေးသို့ တက်ရောက်ကုသရန် ရွေးချယ်ရခြင်းမှာ ဆရာတော် ဘုရားကြီးအား စောင့်ရှောက်ရန် သိရီစန္ဒာရုံ သီလရှင် ဆရာကြီးနှင့် တပည့်များက တာဝန်ယူသောကြောင့်လည်းကောင်း၊ အထူးအားဖြင့် ဆရာဝန်ကြီး ဦးကြည်နှင့် ခင်မင်ရင်းနှီးသောကြောင့်လည်းကောင်း ရွေးချယ်ရခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ ပဋ္ဌာ သမဏ အဖြစ် စာရေးသူနှင့် ဦးထေ ရပ္ပိယတို့ လိုက်ပါသွားခဲ့ရသည်။ တောင်ငူမြို့ ဝိသုဒ္ဓါရုံ မြို့ထောင့်ကျောင်း ဆရာတော်မှာ စာရေးသူတို့ နောက်မှ မကွေးမြို့သို့ ရောက် လာခဲ့ပါသည်။

ဆရာတော်ဘုရားကြီးနှင့် အတူ စာရေးသူတို့နှစ်ဦးစလုံး ခွဲစိတ်ကုသမှုကို မခံယူမီ တစ်ရက်ကြို တင်၍ ဆေးရုံသို့ တက်ရောက် အနားယူကြရသည်။ ဆေးရုံတက်ရောက်စဖြစ်သော ထိုနေ့၏ ညအချိန်တွင် ကျိန်းစက်ရန် ပြင်ဆင်နေသော မိမိနှင့် ဦးထေရပ္ပိယအား "ခုတင်ပေါ်မှာ ခေါင်းချပြီး အိပ်စက်မနေကြနဲ့. ခေါင်းအုံးထောင်ပြီး (ခန္ဓာကိုယ် ငုတ်တုတ် ) အိပ်စက်တတ်က အိပ်စက်ကြ၊ ဒို့လဲဒီ ကုလားထိုင်ပေါ်မှာအိပ်စက် ရတော့မယ်၊ မနက်ဖြန်ဆိုယင် ဒို့ကဂိလာနဖြစ်ပြီ" ဟုမိန့်ကြားပါသည်။

ညဉ့်နက်လာသောအခါ နှစ်ဦးစလုံးခေါင်းအုံးကြီးများထောင်၍ အိပ်စက်ကြပါသည်။ သို့သော် ဦးထေရပ္ပိယကား လူငယ်ဖြစ်သည့် အလျောက် အမှုမဲ့ အမှတ်မဲ့ အိပ်ပျော်သွားပါသည်။ ထိုအခါ ခုတင်ပေါ်သို့ ကျသွားသော ဦးထေရပ္ပိယ၏ ဦးခေါင်းကို ကောင်းကောင်း အိပ်ပျော်ဟန်မပေါ်သော ဆရာတော်ဘုရားကြီး ကမြင်သွားပါသည်။

နံနက်မိုးလင်းသောအခါ ဆရာတော်ဘုရားကြီးက စာရေးသူအား ခေါ်ယူ၍ "ဟိုမောင်ပဥ္စင်းကိုဒီနေ့ လာမအိပ်စေနဲ့ " ဟုမိန့်ကြားပါသည်။ ဦးထေရပ္ပိယက ထိုနေ့ညတွင် တာဝန်မယူရတော့

ဘဲ ဝိသုဒ္ဓါရုံမြို့ထောင် ဆရာတော် ကသာ တာဝန်ယူဆောင်ရွက်ရ ပါတော့သည်။

ဤသည်မှာ "ရဟန်းတော်များသည် " လူသာမဏေများနှင့် အတူတကွ တစ်မိုးတရံ တည်း၌ မအိပ်ရ" ဟု မြတ်စွာဘုရား ပညတ်ထားသော ဝိနည်းသိက္ခာပုဒ်ကြောင့်သာ ဖြစ်ပါသည်။

ဒါနှင့်စပ်၍ နောက်ထပ် မှတ်သားရန် ထပ်မံ၍ အကြောင်းတခုကို တင်ပြလိုပါသည်။ ၁၃၁၈-ခုနှစ်တွင် သုံးနှစ်တစ်ကြိမ် ကျင်းပသော ရွှေကျင်နိကာယ သန္နိပါတကို ပဲခူးမြို့၊ ကြခတ်ဝိုင်း စာသင်တိုက်၌ ကျင်းပပါသည်။ အကြိမ်အရေအတွက်အားဖြင့် ၉-ကြိမ်မြောက် ဖြစ်ပါသည်။ ထိုစဉ် အခါက သာသနာပိုင်သက်တော် ရှည်စံကင်း ဆရာတော် ဘုရားကြီးနှင့် ဥပဥက္ကဋ္ဌ မြောင်းမြ ဆရာတော် ကြီးတို့မှာ အသက်ရှင်နေဆဲ ဖြစ်ပါသည်။ ထိုနဝမသန္နိပါတသဘင်၌ ကျေးဇူးရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီးက အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ပါသည်။ ဝါဆိုဆရာတော် (ယခု တွဲဘက်သာသနာပိုင်)နှင့် ကြခတ်ဝိုင်းဆရာတော်တို့က တွဲဘက်အကျိုးတော် ဆောင်များအဖြစ် ဆောင်ရွက်ကြပါသည်။

ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော် ဘုရားကြီးသည် ယင်းအစည်းအဝေး မှတ်တမ်းကို ယူရန် စာရေးသူအား ပဋ္ဌာသမဏ အဖြစ် လိုက်ပါစေလျှက် ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက်သို့ သွားရောက်ခဲ့ကြပါသည်။ ထိုအချိန် ထိုအခါက ရထားများသည် မန္တလေးမှ ရန်ကုန်သို့ တဆက်တည်း မခုတ်မောင်းပါ။ မန္တလေးမှ ထွက်လာသော ရထားသည် တောင်ငူမှာ ညအိပ်ရပ်နားပါသည်။ ရန်ကုန်မှ ထွက်လာသော ရထားသည် ပျဉ်းမနား၌ ညအိပ်ရပ်နားပါသည်။

ဆရာတော်ဘုရားကြီးနှင့် စာရေးသူသည်လည်း အိပ်ခန်းပါသော အထူးခန်းမှ လိုက်ပါခွင့်ရခဲ့သည်။ ယင်းအခန်းထဲတွင် (၈) ယောက်ထိုင်နိုင်သော်လည်း (၆) ယောက်သာ အိပ်နိုင်ပါသည်။ အခန်းထဲတွင် ဆရာတော်ဘုရားကြီး၊ စာရေးသူနှင့် ကျောင်းသားပေါင်း ၃-ယောက်အပြင် အိန္ဒိယတိုင်းရင်းသား ကုလားလူမျိုး ဇနီးမောင်နှံ နှစ်ယောက်လည်း ပါလာကြသည်။ တောင်ငူသို့ ဆိုက်ရောက်လာသောအခါ ၎င်းဇနီးမောင်နှံနှစ်ယောက်စလုံး လဲလျောင်းအိပ်စက်လျှက် ရှိပါသည်။ ထိုအခြေအနေကို မြင်သော ဆရာတော်ဘုရားကြီးက " မောင် ပဉ္စင်း လွတ်လွတ် လပ်လပ် အိပ်လိုက ဘူတာပလက်ဖောင်းပေါ်မှာ အိပ်စင်ကလေးတွေငှားတယ်၊ ကျောင်းသားနှင့် အဲဒီမှာ သွားအိပ်ကြချေ။ ဒို့တော့ ဒီပေါ်မှာ ငုတ်တုတ်ထိုင်ပြီး မေးရတော့မှာပဲ " ဟု အမိန့်ရှိပါသည်။

ဆရာတော် ဘုရားကြီးသည် မည်သို့သော နေရာသို့ ရောက်နေသည်ဖြစ်စေ အမြဲသတိရှိပါသည်။ ဘယ်သောအခါမှ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေသည်ကို မတွေ့မြင်ရပါ။ ယခုကဲ့သို့ အကျဉ်း အကြပ် နေရာမျိုးမှာ ပင်ကျိန်းစက်ခြင်းမပြုဘဲ ဝိနည်းတော်နှင့်အညီသာ ခရီးကြွတော်မူလေ့ရှိသည်ကို တွေ့ရပါသည်။

ဤသည်ကား ယခုခေတ် ရဟန်းတော်များ မီးရထားဖြင့် သွားသောအခါ သတိပြုနိုင်ရေး (ဝါ) သဟသေယျ သိက္ခာပုဒ်ဘေးမှ ကင်းဝေးနိုင်ရေးအတွက် ရည်သန်ကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

တပည့်-
ဘဒ္ဒန္တနာဂဝံသ (ဝိ-ဗာ)
ပဓာနနာယကဆရာတော်





# ထေရုပ္ပတ်ချည်
## တစိုးတစိ တစေ့တစောင်း

ဘဒ္ဒန္တနန္ဒာဘာသာဘိဝံသ

(၁)

၁၃၆၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁)ရက်၊ စနေနေ့သည် သင်္ကြန်အကြိုနေ့ဖြစ်သည်။ ထိုနေ့ နံနက် (၈)နာရီခွဲတွင် စာချဘုန်းကြီး ဦးထေရပ္ပိယမှ -

**“စည်ရှင်ဆရာတော် ဦးအဂ္ဂဉာဏထံမှ ဖုန်းလာတယ်၊ ရာပြည့်ပူဇော်ပွဲအတွက် ဦးနန္ဒာဘာသကော စာမရေးဘူးလား၊ မဖြစ်ဖြစ်အောင် ရေးပါလို့ တပည့်တော်က တိုက်တွန်းကြောင်း ပြောလိုက်ပါ” ဟု ပြောပါသည်။**

စာရေးသူမှာ ဓမ္မကထိကဖြစ်ရန် စာရေးဆရာဖြစ်ရန် ပါရမီ သုံးဝမပါဟု မိမိကိုယ်ကို မိမိယုံကြည်ထားသည်။ ကျဉ်းသောအကြောင်းအရာကို ချဲ့ရန် တိုသောစကားကို ရှည်စေရန်အတွက် ဓမ္မကထိကနှင့် စာရေးဆရာတို့၌ ပင်ကိုယ်အရည်အချင်းများ ရှိကြသည်။ စာရေးသူမှာကား ထိုအရည်အချင်းများ မရှိပါ၊ စာရေးရန်လည်း ဝါသနာမပါ၊ ရပ်နီးရပ်ဝေး မိတ်ဆွေများထံ ကိုပင် မဖြစ်သာမှ စာရေး၏။ စကားကိုလည်း သိုင်းဝိုင်း၍ မပြောတတ်၊ ဒဲ့ဒိုးနှင့် တိုတိုပင် ပြောတတ်၏။ လိုရင်းကိုကားရောက်ချင်မှ ရောက်တတ်၏၊ စကားကိုများများ မပြောတတ်၊ မပြောလျှင် မဖြစ်မှ ပြော၏၊ တခါတရံ တနေကုန်၍မှ အခြားသူများနှင့် စကားတစ်ခွန်း ပြောမိချင်မှ ပြောမိ၏။ ထို့ကြောင့် တရားဟောရန် စာရေးရန် ဝန်လေးတတ်၏။

သို့သော် ဆရာတော် ဦးအဂ္ဂဉာနသည် စာရေးသူ၏ ခင်မင်ရပါသော လေးစားရပါသော နောင်တော်တစ်ပါးဖြစ်သည်။ ထိုဆရာတော်၏ တိုက်တွန်းသံ တနည်းအားဖြင့် ချမှတ်သော အမိန့်တော်သံကိုကား လွန်ဆန်ရန် ခဲယဉ်းလှပါဘိ။

( ၂ )

၁၃၅၅-ခုနှစ်၊ တပို့တွဲလဆုတ် (၁၃)ရက်နေ့၊ ညနေ (၃)နာရီခွဲ၊

နေရာဌာနကား မင်္ဂလာဒုံ တပ်မတော် စစ်ဆေးရုံ

**ကျေးဇူးတော်ရှင် သက်တော်ရှည် ဗာရာဏသီဆရာတော် ဘုရားကြီးသည် ကုတင်ညောင်းစောင်းပေါ်တွင် အနောက်ရပ်သို့ ဦးခေါင်းပြုလျက် ပက်လက်လဲလျောင်း စံနေတော်မူပါသည်။ သက်တော်ဝိညာဉ်ကား ကင်းမဲ့တော်မူလျက်ရှိချေပြီ၊ မထသော ကျိန်းစက်ခြင်းဖြင့် ကျိန်းစက်တော်မူလျက် ရှိချေပြီ၊ လွန်ခဲ့သော တစ်နာရီခန့်က ပျံလွန်တော်မူခဲ့ခြင်း ဖြစ်ပါသည်။**

ထိုနေ့ နံနက်က မင်္ဂလာဒုံစစ်

ဆေးရုံရှိ ဆရာတော်ဘုရားကြီး၏ ဂိလာနုပဋ္ဌာက ဦးထေရပွိုင်ယမှ အခြေအနေ မကောင်းကြောင်း ဖုံးဆက်သဖြင့် တိုက်ကြပ်ဘုန်းကြီး ဦးနာဂဝံသ **(ယခု ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် ပဓာနနာယက ဆရာတော်)**နှင့် စာရေးသူတို့သည် ကပ္ပိယကျောင်းသားတစ်ယောက် နှင့် ပြည်မှ မင်္ဂလာဒုံ စစ်ဆေးရုံသို့ လိုက်လာခဲ့ကြသည်။ ကားသည် ပြည်မှ နံနက် (၁၀)နာရီ (၁၅)မိနစ် ထွက်၍ မင်္ဂလာဒုံ စစ်ဆေးရုံသို့ ညနေ(၃)နာရီကျော်မှ ရောက်လာခဲ့ကြသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ အသက်ကိုမမှီတော့၊ တစ်နာရီခန့် နောက်ကျခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်နှင့် တပည့်သံဃာ၊ ဒကာ၊ ဒကာမတို့အပေါ် သံယောဇဉ်ကြီးတော်မူသည်။ ရောက်ရာ အရပ်က ဖုံးဆက်သတင်းမေး လေ့ရှိသည်။ ကျောင်းမှရောက်လာသည့် တပည့်သံဃာနှင့် ဒကာ ဒကာမတို့ကိုလည်း ကျောင်းတိုက်အကြောင်း တပည့်သံဃာ ဒကာ ဒကာမတို့အကြောင်း မေးလေ့ရှိသည်၊ မမေးဘဲနှင့် ပြောလာလျှင်လည်း တပြုံးပြုံးနှင့် နားထောင်နေတတ်သည်။

သို့သော် ပျံလွန်တော်မမူမီ မင်္ဂလာဒုံစစ်ဆေးရုံတက်နေရသော လွန်ခဲ့သော တစ်နှစ်ကျော်ခန့်မှစ၍ကျောင်းတန်းတိုက်တာနှင့် ပက်သက်၍လည်းကောင်း၊ တပည့်သံဃာနှင့် ပတ်သက်၍လည်းကောင်း၊ ဒကာ ဒကာမနှင့် ပတ်သက်၍ လည်းကောင်း ဘာကိုမျှ မမေးတော့၊ သူတပါးက ပြောလာလျှင်လည်း "အင်း အင်း" ဟုသာ လိုက်တတ်သည်။ ဟက်ဟက်ပက်ပက် စိတ်ပါ လက်ပါ မရှိလှ၊ ဘာမျှလည်း ပြောဆို ဝေဖန်မှု မရှိတော့၊ ငြိမ်း၍သာ နေတော်မူတတ်သည်။

စာရေးသူမှာ ထိုနှစ်က အစိုးရပါဠိပထမပြန်စာမေးပွဲနှင့် စာချတန်းစာမေးပွဲတို့၌ မေးခွန်းထုတ်ရသော ပညာရေးဗဟိုအဖွဲ့ဝင်ဖြစ်၍ ၁၃၅၅-ခုနှစ်၊ ပြာသိုလဆန်း (၁၂)ရက်နေ့ နံနက်တွင် ကမ္ဘာအေးသို့ ရောက်၍ နေ့လည်(၂)နာရီခန့်တွင် ဆရာတော်ဘုရားကြီး မေတ္တာသိတင်းသုံးရာ ရှစ်မိုင် မစိုးရိမ် ရွှေကျင်တိုက်သစ်သို့ သွား၍ ဆရာတော်ဘုရားကြီးအား ဖူးမျှော်သောအခါ ငြိမ်း၍သာ နေတော်မူသည်၊ မိမိကျန်းမာစဉ်က အရိပ်တကြည့်ကြည့်နှင့် ပြုစုစောင့်ရှောက် တော်မူခဲ့သော ဝိသုဒ္ဓါရုံဗာရာဏသီ တိုက်နှင့် ပက်သက်၍လည်းကောင်း၊ တပည့်သံဃာ ဒကာ ဒကာမများနှင့် ပတ်သက်၍လည်းကောင်း ဘာမျှ မေးတော်မမူ။

မေးခွန်းများထုတ်ပြီး၍ လျှို့ဝှက်ခန်းမှ ထွက်ရသော တပို့တွဲလဆန်း(၁၄)ရက်နေ့ နေ့လည်ခင်း၌ မင်္ဂလာဒုံစစ်ဆေးရုံရှိ ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမျှော်သောအခါလည်း ဘာမျှမိန့်တော်မမူ၊ လျှောက်ထားသမျှကိုသာ "အင်း အင်း" လိုက်တော်မူသည်။



**"လူတွေဟာ ပစ္စုပ္ပန်ဘဝနေဘို့သာ ကြိုးစားနေကြတယ်၊ သေဘို့အတွက်တော့ ပြင်ဆင်မှု မရှိကြဘူး"** ဟူသော ဆရာတော်ဘုရားကြီး၏ လက်သုံးဩဝါဒတော်နှင့် အညီ သေဘို့အတွက် ပြင်ဆင်သည့်အနေဖြင့် သံယောဇဉ်အရှုပ်အထွေးမှန်သမျှ ဖြတ်တောက်

**ဥပေက္ခာ ပြုတော်မူ၍ မေတ္တာ အအေးဓါတ်ဖြင့်သာ နေတော်မူခြင်း ဖြစ်ပေသည် ဟုစာရေးသူနားလည် သဘောပေါက်ခဲ့ ပါသည်။**

(၁၃)ဂဏန်းနှင့် ပတ်သက်၍ တိုက်ဆိုင်မှုတစ်ခုကိုကြုံတောင့်ကြုံခဲ့တွေ့ရ၍ တင်ပြလိုပါသည်။

ထို ၁၃၅၅-ခုနှစ်က ပညာရေးဗဟိုအဖွဲ့အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ (၁၄) ပါး ပင့်သော်လည်း တစ်ပါးက ပျက်ကွက်သဖြင့် (၁၃)ပါးသာ ကြွတော်မူသည်။ မေးခွန်းထုတ်ရန် လျှို့-ဝှက်ခန်းဝင်ပြန်တော့ ပြာသိုလဆန်း (၁၃)ရက်နေ့ ဖြစ်၍ မေးခွန်းကိစ္စအားလုံး ပြီးဆုံးသည်မှာလည်း တပို့တွဲလဆန်း(၁၃)ရက်နေ့ ဖြစ်နေသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးပျံလွန်တော်မူသော နေ့မှာလည်း တပို့တွဲလဆုတ် (၁၃) ရက်နေ့ ဖြစ်နေပြန်ပါသည်။

( ၃ )

**"ကျုပ်တို့တော့ (၁၈) နှစ်အရွယ် ကိုရင်ဘဝကစပြီး ငွေကြေးကို ကိုယ်တိုင် မကိုင်ခဲ့ဘူး၊ ကပ္ပိယနဲ့ဘဲ အပ်နှံထားတယ်၊ အိန္ဒိယပြည်ဗာရာဏသီမှာ နေတုန်းကတော့ ပြန်ခါနီးမှာ ကျောင်းသား မောင်ဟန်သိန်းက ထွက်ပြေးလို့ တစ်လလောက် ကိုယ်တိုင် ကိုင်ခဲ့ရဘူးတယ်။"**

အထက်ပါ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို နှစ်ကြိမ်ခန့် နာကြားခဲ့ရဘူး၏။ ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ-ဟူသည်နှင့်အညီ ဆရာတော် ဘုရားကြီးသည် လုပ်သလိုပြော၍ ပြောသလို လုပ်တတ်၏။ ပျံလွန်တော်မူသည့် အချိန်အထိ ငွေကြေးကိုင်တွယ်သည်ကို လုံးဝမတွေ့ခဲ့ရဘူးပါ။ အခြား သိက္ခာပုဒ်များ မလွန်ကျူးမိအောင်လည်း အထူးသတိထား တော်မူတတ်၏။ ဝိနယ ကုက္ကုစ္စကြီး တော်မူ၏။

ဆွမ်းစား စားပွဲခုံကို အကပ်ခံသောအခါ မဇ္ဈိမပုရိသ တစ်ယောက် မြှောက်နိုင်/မမြှောက်နိုင် သံသယ ဝင်လျှင်"အဲဒီ စားပွဲခုံကော အပေါ်က ဟင်းခွက်တွေကော တစ်ယောက်ထဲ မြှောက်ချီနိုင်ပါ့မလား"ဟု မေးတော်မူတတ်၏။ "မြှောက်ချီနိုင်ပါတယ် ဘုရား" ဟုလျှောက်လျှင် အကပ်ခံပြီး သံသယကင်းစွာဖြင့် ဘုဉ်းပေးတော်မူ၏။ "တစ်ယောက်ထဲ မမြှောက်ချီနိုင်ပါဘုရား" ဟု လျှောက်လျှင် ဟင်းခွက်များကို စားပွဲခုံပေါ်အောက်သို့ ပြန်ချခိုင်းပြီး တစ်ခွက်စီသာ ပြန်လည်၍ ကပ်စေတော်မူသည်။ စားပွဲခုံကြီးနေလျှင်မူကား ဆိုဘွယ်ရာ မရှိတော့၊ ဤမျှ ဝိနယကုက္ကုစ္စကြီးတော်မူ၏။

ရဟန်းတော်များ ဆွမ်းစားနေစဉ် အချို့ဒကာ၊ ဒကာမများက ဆွမ်းဇလုံကိုဖြစ်စေ၊ ဆွမ်းဟင်းခွက်ကိုဖြစ်စေ၊ ကိုင်လျက် "အရှင်ဘုရား ထပ်ထည့်ပါအုံးဘုရား" စသည်ဖြင့် ဖိတ်မန်လျှောက်ထားတတ်၏။ ဆွမ်းစားနေသည့် ရဟန်းတော်များက"တော်ပါပြီ" စသည်ဖြင့် ပြန်လည် မိန့်ကြားတတ်၏။ ထိုအခါ ထိုရဟန်းတော်မှာ ပဝါရိတ်သင့်၏။ အတိရိတ်ဝိနည်းကံ မပြုဘဲ ထိုဆွမ်းထိုဟင်းကိုဆက်စားပါက ပါစိတ်အာပတ်သင့်၏။ ထိုကိစ္စကို ရည်ရွယ်၍ ဆရာတော် ဘုရားကြီးက-




လ်ချုပ်ကြီး သန်းရွှေနှင့်ဇာနီး ဆရာတော်ကြီးများအား ဖူးမြော်
ုန်းမာရေး အခြေအနေများကို မေးမြန်း လျှောက်ထားခြင်း

"ဒို့မြန်မာလူမျိုးက စေတနာကောင်း၊ လောကွတ်ကောင်းတော့ ရဟန်းတွေ အာပတ်သင့်တယ်၊ လူ့ဝတ်ကြောင်တွေ ဝိနည်းသင်ပေးမှ ဖြစ်မယ်"ဟု မိန့်ကြားတော်မူ၏။

တစ်ခါက ဒကာတစ်ယောက်အိမ်သို့ ဆရာတော်ဘုရားကြီး ဆွမ်းစားကြွသောအခါ စာရေးသူလည်း နောက်တော်ပါအဖြစ် လိုက်ပါခဲ့ရ၏။ ဆွမ်းစားပြီး၍ အချိုပွဲ ဘုဉ်းပေးသောအခါ စာရေးသူမှာ အချိုပွဲတစ်ခုကို လက်ဖြင့်နှိုက်၍ ဘုဉ်းပေးပြီးနောက် အမှတ်တမဲ့ လက်သုတ်ပုဝါကို သုတ်မိစဉ် ဆရာတော်ဘုရားကြီးက အထိတ်တလန့် "ဟင်း--ဟင်း"ဟု မြည်တမ်း၏။

အချိုပွဲထည့်ထားသော ခွက်တစ်ခုခုကို လက်ဖြင့်နှိုက်၍ စားပြီးနောက် ထိုလက်ဖြင့် လက်သုတ်ပုဝါကို သုတ်လျှင် ထိုလက်သုတ်ပုဝါ၌ ကပ်ငြိနေသော မြူမှုံများ၊ အညစ်အကြေးများသည် လက်ကို ကပ်ငြိပေကျံမည်။ ထိုမြူမှုံ ထိုအညစ်အကြေးများသည် အကပ်မခံရသေးပါ၊ အကပ် မခံရသေးသော မြူမှုံအညစ်အကြေးများ ကပ်ငြိနေသောလက်ဖြင့် နောက်ထပ်စားစရာတစ်ခုခုကို ကိုင်၍ စားလျှင် အဒိန္န သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏။ ထို့ကြောင့် ဆရာတော်ကြီးက အထိတ်တလန့် ဟန့်တားခြင်း ဖြစ်ပါသည်။

"ဝိနယော နာမ သာသနဿ အာယု"ဟူသည်နှင့် အညီဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သည်။ ထို့အတူ ရဟန်းကောင်း ရဟန်းမြတ်တို့၏ အသက်လည်း ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် ဝိနည်းသိက္ခာပုဒ်ကို အသက်သဖွယ် စောင့်ရှောက်တော်မူ၏။ ထို့ကြောင့် မိမိရှေ့၌ ဝိနည်းသိက္ခာပုဒ်တစ်ခု ကျူးပေါက် လုဆဲဆဲဖြစ်သော စာရေးသူအား အထိတ်တလန့် ဟန့်တားတော်မူခြင်းဖြစ်ပါသည်။

"သာသနာပျက်တယ်ဆိုတာ ကိုယ်တိုင်မကျင့်သုံးကြလို့ ကိုယ့်သန္တာန်မှာပျက်တာ၊ ငွေကြေးကို ကိုယ်တိုင် ကိုင်တွယ်တော့ ဇာတရူပရဇတ သိက္ခာပုဒ်သာသနာ မိမိသန္တာန်မှာ ပျက်တယ်၊ ရှောင်ကြဉ်ရင် မိမိသန္တာန်မှာ ဇာတရူပ သိက္ခာပုဒ်သာသနာ တည်တာဘဲ။ ကျန်တဲ့ သိက္ခာပုဒ်တွေလဲ အလားတူဘဲ။ မြတ်စွာဘုရားသာသနာက နှစ်ငါးထောင်ဆိုပေမဲ့ အဆုံးအမ တော်ကို လိုက်နာ ကျင့်ကြံသူတွေ ရှိနေရင် နှစ်ငါးထောင်မက တည် မှာဘဲ၊ လိုက်နာကျင့်ကြံသူတွေ မရှိတော့ရင် နှစ်ငါးထောင် မတည်နိုင်ဘူး၊ သူတစ်ပါးသန္တာန်မှာ သာသနာတည်တယ် မတည်ဘူးဆိုတာ မကြည့်နဲ့၊ မိမိ သန္တာန်မှာ သာသနာ တည်အောင် ကြိုးစား။"

အထက်ပါ ဆရာတော်ဘုရားကြီး၏ ဩဝါဒသည် နှစ်များစွာ ကြာသော်လည်း ယနေ့ထက်တိုင် အမှတ်ရဆဲ၊ စာရေးသူတို့အတွက် လမ်းပြ မီးရှူးတန်ဆောင် ဖြစ် ဆဲပါ။

သာသနာဟူသည် မြတ်စွာဘုရား၏ အဆုံးအမတော်သာ တည်း။ ထိုသာသနာသည် သတ္တဝါတို့၏ ဗဟိဒ္ဓသန္တာန်၌သာ တည်သည်မဟုတ်၊ ဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံသူတို့၏ အဇ္ဈတ္တ သန္တာန်၌သာ တည်ရှိပေသည်။ အပါယ်လေးဘုံ ရောက်နေသူများ၊ ဘာသာခြားများ၏ သန္တာန်၌ သာသနာမတည်ရှိနိုင်ပါ။

ဗုဒ္ဓဘာသာဝင်ပင်ဖြစ်သော်လည်း လိုက်နာ ကျင့်ကြံမှု မရှိသူတို့၏ သန္တာန်၌ မတည်ရှိနိုင်ပါ။

သာသနာသုံးရပ်တွင် အပါ အဝင်ဖြစ်သော သီလသိက္ခာတွင်လည်း သက်ဆိုင်ရာ သိက္ခာပုဒ်ကို လွန်ကျူးသော ရဟန်းသာမဏေများ၏ သန္တာန်၌ ထိုသိက္ခာပုဒ် သာသနာပျက်နေပါသည်။ မတည်ရှိပါ။ အချို့ရဟန်းများမှာ ပါရာဇိက သိက္ခာပုဒ် လေးပါးကိုပင် မထိမဲ့မြင် ကျူးလွန်ချိုးဖောက် နေကြပေသည်။ ထိုပုဂ္ဂိုလ်တို့မှာ သင်္ကန်းကို ဝတ်ရုံနေကြသော်လည်း ထိုသူတို့၏ သန္တာန်၌ သာသနာရှိချင်မှ ရှိပေမည်။

ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးသည် ပါတိမောက္ခ သံဝရသီလ စောင့်ထိန်းမှု၌ မိမိ၏ ဆရာ ရင်းဖြစ်သော ဒီပဲရင်းဆရာတော်၊ စည်ရှင်ဆရာတော်၏ ခြေရာကို နင်းတော်မူနိုင်၏။ ရွှေကျင်ဂိုဏ်းစောင့် ဆရာတော်အဖြစ် အခြား ဆရာတော်များ၏ အသိအမှတ် ပြုခြင်းကို ခံယူတော်မူရ၏။ ရွှေကျင်ဂိုဏ်းကြီး၏ သမိုင်းဝင် စံပြပုဂ္ဂိုလ်တို့တွင် တစ်ပါးအပါအဝင်ဖြစ်တော်မူ၏။

စာရေးသူတို့မှာ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူသော ထိုကဲ့သို့သော ဆရာတော်ဘုရားကြီး တပည့်ဖြစ်ရသဖြင့် ကျေနပ်ပီတိဖြစ်ခဲ့ရ၏။ဂုဏ်ယူမိ၏။ အခြားတပည့်များလည်း ထိုကဲ့သို့ပင် ရင်ဝယ်ပီတိ ဖြစ်ကြပေလိမ့်မည်ဟု ယုံကြည်မိပေသည်။

( ၄ )

သီလပရိဓောတာ ဟိ ဘော ဂေါတမ ပညာ၊ ပညာပရိဓောတံ သီလံ။ ယတ္ထ သီလံ တတ္ထ ပညာ၊ ယတ္ထ ပညာ တတ္ထ သီလံ။

(သီလက္ခန္ဓဝဂ္ဂပါဠိ၊ ၁၁၆။)

အရှင်ဂေါတမ ပညာကို သီလသည် ဖြူစင်စေအပ်၏။

သီလကို ပညာသည် ဖြူစင်စေအပ်၏။

(တစ်နည်း) ပညာသည် သီလကြောင့် ဖြူစင်၏။

သီလသည် ပညာကြောင့် ဖြူစင်၏။

(တစ်နည်း)သီလသည် ပညာကြောင့် ဖြူစင်၏။

အကြင်ပုဂ္ဂိုလ်၌ သီလရှိ၏။ ထိုပုဂ္ဂိုလ်၌ ပညာရှိ၏။

အကြင်ပုဂ္ဂိုလ်၌ ပညာရှိ၏။ ထိုပုဂ္ဂိုလ်၌ သီလရှိ၏။

(ပါဠိတော် မြန်မာပြန်။)

သီလရှိသော ပုဂ္ဂိုလ်၌သာ ပညာ ရှိနိုင်၏။ သီလ မရှိသော ပုဂ္ဂိုလ်၌ကား ပညာ မရှိနိုင်ပါ။ ထိုနည်းတူစွာ ပညာရှိသော ပုဂ္ဂိုလ်၌သာ သီလရှိနိုင်၍ ပညာမရှိသော မိုက်မဲတွေဝေသော ပုဂ္ဂိုလ်၌ကား သီလမရှိနိုင်ပါ။

သီလဟူသည် ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယ သန္နိဿိတသီလ ဟူသော စတုပါရိ သုဒ္ဓိသီလတည်း။ နှစ်ပေါင်း ခြောက်ဆယ် ရှစ်ဆယ်တို့ကာလတိုင်အောင် မကျိုးမပျက်သောသီလ ရှိသော ပုထုဇဉ် ပုဂ္ဂိုလ်သည် သေခါနီးကာလပင် ဖြစ်သော်လည်း အလုံးစုံ သောကိလေသာတို့ကို ကုန်ခမ်းစေ၍ သီလဖြင့် ပညာကိုဆေးကြော၍ အရဟတ္တဖိုလ်ကို ရနိုင်ရောက်နိုင်ပါသည်။

<u>သာဓကဝတ္ထု</u>

ကန္ဒရသာလ ပရိဝုဏ်၌ သီတင်းသုံးတော်မူသော ဝါတော် ခြောက်ဆယ်ရ မထေရ်ကြီးသည် သေရာညောင်စောင်း လဲလျောင်းနေရစဉ် ပြင်းထန်လှစွာသော ဒုက္ခဝေဒနာကြောင့် ညည်းညူးတော်မူ၏။ ထိုအခါ တိဿမည်သော မင်းကြီးသည် မထေရ်ကို ဖူးမြင်ရန်လာ၍ ပရိဝုဏ်တံခါး၌ ရပ်နေစဉ် ညည်းညူးသံကို ကြားရ၍ မထေရ်၏ ညည်းညူးသံဖြစ်ကြောင်း သိသောအခါ -

"ရဟန်းသည် ဝါတော် ခြောက်ဆယ်ရပြီး ဖြစ်ပါလျက် ခံစားနေရသော ဒုက္ခ ဝေဒနာကို ဆင်ခြင်ခြင်း သီးခံခြင်းမျှကိုပင်မပြုယခုအခါ ထိုမထေရ်ကို ရှိခိုးခြင်း မပြုတော့" ဟုနှလုံးသွင်း၍ ပြန်လည် ဆုတ်နစ်၍ မဟာဗောဓိကို ရှိခိုးရန်သွား၏

ထိုအခါ အလုပ်ကျွေး ရဟန်းငယ်သည် -

"အရှင်ဘုရား တပည့်တော်

တို့ကို အဘယ့်ကြောင့် အရှက်ရစေပါသနည်း၊ သဒ္ဒါ တရားရှိသော မင်းကြီးသည် စိတ်နှလုံး မသာမယာ ဖြစ်၍ "ရှိခိုးခြင်း မပြုတော့"ဟု ပြော၍ ပြန်သွား၏ဟု လျှောက်၏။

"ငါ့ရှင်အဘယ်ကြောင့် ထိုမင်းသည် ငါတို့ကို ရှိမခိုးသနည်း" ဟုမထေရ်ကမေး၏။

"အရှင်ဘုရားတို့၏ ညည်းညူသံကို ကြားရ၍ ရှိမခိုးပါ" ဟု ရဟန်းငယ်က လျှောက်၏။

"ထိုသို့ဖြစ်လျှင် ငါ့အား အခွင့်ပေးကြကုန်လော" ဟုမိန့်တော်မူ၍ ဒုက္ခဝေဒနာကို ပယ်ခွါ၍ ဝိပဿနာကို အားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

ထိုအခါ ရဟန်းငယ်အား - "ငါ့ရှင်သွားချေ၊ ယခုအခါ မင်းကို ငါတို့ကို ရှိခိုးစေလော့" ဟု အမှတ်သညာ ပေးတော်မူ၏။ ရဟန်းငယ်သည် မင်းထံသွား၍ "ယခုအခါ မထေရ်ကို ရှိခိုးကုန်လော" ဟု ပြောဆိုလေ၏။

တိဿမင်းသည် မိကျောင်းကဲ့သို့ ဝပ်တွားလျက် မထေရ်ကို ရှိခိုးပြီးနောက် -

"တပည့်တော်သည် အရှင်ဘုရား၏ အရဟတ္တဖိုလ်ကို ရှိခိုးခြင်း မဟုတ်ပါ၊ ပုထုဇဉ်အရာ၌ တည်လျက် စောင့်ရှောက်အပ်သောသီလကိုသာလျှင် ရှိခိုးခြင်းဖြစ်ပါသည်၊" ဟု လျှောက်ထား၏၊

ဤကားသီလဖြင့် ပညာကို ဖြူစင်အောင် ဆေးကြောရာ၌ သာဓကဝတ္ထုတည်း။

ဤဝတ္ထု၌ ပုထုဇဉ်ဖြစ်ပါလျက် သီလကို မကျိုးမပေါက်အောင် စောင့်ရှောက်နိုင်ခြင်းသည် ခဲယဉ်း၏။ သီလ၌ တည်သောသူအား အရဟတ္တဖိုလ်သည် လက်၌ ရောက်ပြီးကဲ့သို့ဖြစ်၏။ အရှင်ဘုရား၏ အရဟတ္တဖိုလ်ကို ရှိခိုးခြင်း မဟုတ်ပါ။ စသည်ဖြင့် လျှောက်ထားခြင်း ဖြစ်ပါသည်။

ဤဝတ္ထုကို ရေးသားဖော်ပြရခြင်းသည် ပါတိမောက္ခသံဝရ သီလ၌ မကျိုး မပေါက်အောင် စောင့်ရှောက်ထိန်းသိမ်းတော်မူသော သေးငယ်သော အပြစ်များ၌ပင် ဘေးဟုရှုလေ့ရှိသော ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံတရာကာသီဆရာတော်အားလည်းကောင်း၊ ဆရာတော်ဘုရားကြီး၏ အထက် အထက် ဖြစ်တော်မူသော ဆရာတော်ဘုရားကြီးများအား လည်းကောင်း လေးစားကြည်ညို မြတ်နိုးပူဇော်နိုင်ကြပါစေခြင်းငှာ ဖော်ပြရခြင်း ဖြစ်ပါသည်။

ထို ဆရာတော်ဘုရားကြီးသည် အထက်ဖော်ပြပါ ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးကဲ့သို့ သီလဖြင့် ပညာကို ဆေးကြောသုတ်သင်၍ မဂ်ဖိုလ်ကို ရနိုင်ဖွယ်ရာ ရှိသည်သာ ဖြစ်ပါသည်။ မဂ်ဖိုလ်ကို မရဟု ဆိုပြန်လျှင်လည်း တိဿမင်းကဲ့သို့ အရဟတ္တဖိုလ်ထက် ပုထုဇဉ်အဖြစ်ဖြင့် မကျိုးပေါက်အောင် စောင့်ရှောက်နိုင်သော ဆရာတော်ဘုရားကြီးများ၏ သီလသည် တပည့်ဒကာ ဒကာမတို့အတွက် လေးစားကြည်ညိုဖွယ်ရာ မြတ်နိုးဂုဏ်ယူဖွယ်ရာ အောက်မေ့တမ်းတ သတိရစရာများသာ ဖြစ်ပါပေတော့သည်။

( ၅ )

"ကျုပ်တို့ ရွှေကျင်ဂိုဏ်းရဲ့ စည်းကမ်းဥပဒေတွေ ဆိုတာ ရွှေကျင်ဂိုဏ်းက သက်သက် တီထွင်ထားတာ မဟုတ်ပါဘူး၊ မြတ်စွာဘုရားရဲ့ ဝိနည်းဥပဒေအတိုင်း ဝိနည်းနဲ့ လျော်ညီအောင် ထုတ်ထားတာပါ။"

<u>လှူဘို့ တန်းဘို့ မကြောက်ကြပါနဲ့ ကျုပ်ဆို ကိုရင်ဝတ်ကတဲက တတ်နိုင်သမျှ လှူခဲ့တယ် ပွဲနေ့ရောက်တိုင်း တတ်အားသမျှ လှူခဲ့တယ် ပစ္စည်းတွေ ငွေကြေးတွေဆိုတာ သေရင် ထားခဲ့ရမှာ</u>

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ခဏခဏ မိန့်ကြားခဲ့သော ဩဝါဒ တစ်ခု ဖြစ်ပါသည်။

"စည်းကမ်းသည် လူ၏ တန်ဘိုး" ဟူသည်နှင့်အညီ ဆရာတော်ဘုရားကြီးသည် မိမိ၏တပည့် ရဟန်းသာမဏေများ တန်းဘိုးရှိလာအောင် စည်းကမ်းနှင့်အညီ အုပ်ချုပ်တော်မူ၏။ အစားအသောက် အနေအထိုင် အပြောအဆိုတို့၌လည်းကောင်း၊ သက်န်းဝတ်ရုံခြင်း စသည်တို့၌လည်းကောင်း၊ လိမ္မာရေးချားရှိအောင်၊ သမဏသာရုပ္ပဖြစ်အောင် အမြဲမပျက် ကြည့်ရှုဆိုဆုံးမတော်မူ၏။ အဖိတ်နေ့မှ ညဥ့်ဘုရား ဝတ်တက်ပြီးတိုင်း တရားတော်များဖြင့် ဩဝါဒ ပေးတော်မူ၏ အဖိတ်နေ့မှ တပါး သောနေ့များ၌လည်း လိုအပ်လျှင် လိုအပ်သလို ဩဝါဒပေးတော်မူ၏ စည်းကမ်းချိုးဖောက်သော တပည့်ရဟန်းသာမဏေများကို တွေ့မြင်လျှင် တွေ့မြင်သလို ဒဏ်ပေးတော်မူ၏။

ဆရာတော်ဘုရားကြီးသည် ထကြွလုံ့လရှိတော်မူ၏။ ဇွဲရှိ တော်မူ၏။ ပြည်မြို့၌ အရုဏ်ဆွမ်းခံဝတ်သင်းများရှိသဖြင့် နံက်ဘုရားဝတ်တက် မိနစ်(၃၀)၊ သင်္ကန်းရုံနှင့် တန်းစီရန်အတွက် မိနစ် (၁၀)၊ ကျောင်းမှ ဝတ်သင်းရှိရာသို့ သံဃာတော်များ ဆွမ်းခံကြွသည့်အခါ အရုဏ်တက်ပြီး ရောက်ရမည့် မိနစ်များကို တွက်ချက်၍ ဆရာတော်ဘုရားကြီးကိုယ်တိုင် နိုးစက်နာရီချ၍ နံက်တုံးခေါက်တာဝန်ကျသည့် ရဟန်းသာမဏေတို့ကို နှိုးလေ့ရှိ၏။

၁၃၂၉ - ခုနှစ်၊ ခန့်က ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသော သုံးထပ်တိုက်မှ သာမဏေများ နံက်ဘုရားဝတ်တက် မပါဝင်ပေ၊ ညဥ့်ဘုရားဝတ်တက်ပြီးသောအခါ -

"ကျုပ်ညက နှိုးစက် မချမိတော့ မနက်မနှိုးတော့ဘူး ကျုပ်ကျောင်းက မောင်ရင်တွေလည်း မနိုးဘူး၊ ဒီအတွက် မောင်ရင်တွေကို ဒဏ်ထမ်းခိုင်းပြီး ကျုပ်ကိုယ်တိုင် ဒဏ်ကြပ်ပြီးတော့ ဒဏ်ထမ်းပါတယ်။" ဟု မိန့်တော် မူ၏။

ကျောင်းတိုက်မှ ရဟန်းသာမဏေများ စည်းကမ်းဥပဒေ ချိုးဖောက်တဲ့အခါ ပျက်ကွက်သောအခါ ဒဏ်ပေးလေ့ရှိသလို မိမိကိုယ်တိုင် နံက်ဘုရားဝတ်တက် မပါဘဲ စည်းကမ်းဥပဒေ ပျက်ကွက်မိသော အခါလည်း ကိုယ်တိုင်ပင် ဒဏ်ထမ်းတော်မူခဲ့၏။

( ၆ )

ရဟန်းကိစ္စ၊ နှစ်ခုရှ၍၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း။ (ဝိသုဒ္ဓါရုံ ဩဝါဒကထာ)

ဆရာတော်ဘုရားကြီးသည် အထက်ပါ ဝိသုဒ္ဓါရုံ ဩဝါဒကထာ၌ လာသော ဝုဒ္ဓိကာရဏတရား ငါးပါးနှင့် ညီညွတ်ပြည့်စုံတော်မူ၏။ ဂန္ထဓုရ ဝါသဓုရနှစ်ဖြာ၌ ကြိုးစားအားထုတ်တော်မူ၏။ ပစ္စည်းလေးပါး ဒကာ ဒကာများဖြင့် ဟိတ်ဟန်ထုတ်ခြင်း ဂုဏ်လုပ်ခြင်း မျိုးကိုလည်း မတွေ့ရှိရပါ။ ရိုးရိုးအေးအေး သာနေတော်မူ၏။ ဒကာ ဒကာမများနှင့် ဆက်ဆံရာ၌ ဟော့ရမ်းသမှုမရှိ၊ စကားများများမပြော၊ မြှောက်ပင့်ခြင်း၊ ကြွားဝါခြင်းမျိုး မတွေ့ရပါ။ "ပစ္စည်းမသို စိတ်မတိုရင် ခင်ပျို (ရဟန်းပျို) သာမက ခင်အို (ရဟန်းအို) လဲကြီးပွားပါတယ်။" စသည်ဖြင့် ခဏခဏမိန့်ကြားသော ဩဝါဒနှင့်အညီ ပစ္စည်းကို မသိုသိပ်တတ်ပါ။ အလှူဒါန၌ မွေ့လျော်တော်မူ၏။ နှစ်စဉ်နှစ်တိုင်း မွေးနေ့ဖြစ်သော ဝါဆိုလပြည့်နေ့ ရောက်တိုင်း ကျောင်းရှိ သံဃာကို ဆွမ်းကြွေးဒါနပြုတော်မူ၏၊ တစ်နှစ်တာအတွင်း ရသမျှပစ္စည်းများကို မဲဖောက်လှူဒါန်းတော်မူ၏။ အချို့နှစ်များ၌ မြို့လုံးကျွတ် သံဃာကို အရုဏ်ဆွမ်းလောင်းလှူတော်မူ၏။ ကြုံရင်ကြုံသလိုလည်း လှူဒါန်းတော်မူ၏။

ဒါနမှု၌ ရဲရင့်ထက်သန်သော စေတနာသည် ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးဟန်တူပါသည်။ ဆရာတော်ဘုရားကြီး၌ ပစ္စည်းလေးပါး မရှားပါးပါ ဘုန်းကြီးတော်မူ၏။ အများသံဃာ ဒကာ ဒကာမတို့၏ လေးစားကြည်ညိုမှုကို ခံယူရရှိ

တော်မူ၏။ ဆရာတော်ဘုရားကြီး ကိုယ်တိုင် မိမိ၏ ဒါနစေတနာသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးနေကြောင်း ယုံကြည်တော်မူ၏။

ထို့ကြောင့် ပင် -"လှူတို့ တန်းဘို့ မကြောက် ကြပါနဲ့၊ ကျုပ်ဆိုကိုရင်ဝတ်ကတဲက တတ်နိုင်သမျှ လှူခဲ့တယ်၊ မွေးနေ့ရောက်တိုင်း တတ်အားသမျှ လှူခဲ့တယ် ပစ္စည်းတွေ ငွေကြေးတွေဆိုတာ သေရင် ထားခဲ့ရမှာ၊ လှူဒါန်းမှ ကိုယ်နောက်ပါမှာ ပစ္စုပ္ပန်ဘဝမှာလည်း အကျိုးပေးပါတယ်၊ ကျုပ်ဆိုရင် ခရီးသွားရင်း လမ်းမှာ ရထားပျက်နေတာ တောင်မှ မြို့တွေ၊ ရွာတွေနဲ့ အဝေးကြီးဖြစ်နေတာတောင်မှ ဆွမ်းကပ်မဲ့ ဒကာ ပေါ်လာတယ် ဆွမ်းမငတ်ခဲ့ဘူး" စသည်ဖြင့် တပည့်သံဃာတော်များအား ဩဝါဒ ပေးတော်မူ၏။

ဆရာတော်ဘုရားကြီးသည် စိတ်လည်းမတိုတတ်ပါ တတ်နိုင်သမျှ သီးခံတတ်၏၊ ခွင့်လွှတ်တတ်၏။ တခါက သာမဏေ ရှင်သုခေါဒယ (ယခုလူထွက်) သည် ကျောင်းပေါ်မှ တံတွေးထွေးစဉ် ကျောင်းဘေးမှ ဖြတ်လျှောက်သွားသော ဆရာတော်ဘုရားကြီး၏ ခေါင်းပေါ်သို့ ထွေးမိရက်သား ဖြစ်နေ၏။ ဆရာတော်ဘုရားကြီးသည် သင်္ကန်းဖြင့် ခေါင်းကိုပွတ်၍ ဆက်လျှောက်မြဲလျှောက်၏။ ရှင်သုခေါဒယမှာ ကဗျာကသီ ဆရာတော်ဘုရားကြီး နောက်သို့လိုက်၍ သင်္ကန်းကို



လက်ကန်တော့တင် ဦးချ၍ တောင်းပန်၏ "အောက်သို့မကြည့်ဘဲ တံတွေးထွေးမိပါကြောင်း၊ တံတွေးထွေးသူမှာ တပည့်တော်ဖြစ်ပါကြောင်း၊ တပည့်တော်ကို ထိုက်သင့်သည့် အပြစ်ဒဏ်ကို ပေးတော်မူပါ ဟုလျှောက်၏။ "အို မောင်ရင် မသိလို့ ထွေးမိတာဘဲ အပြစ်မရှိပါဘူး သွား သွား" ဟု မိန့်တော်မူ၏။

(၇)

ယဉ်ရွယ်နူးညံ့စဉ်မှစ၍ အလုံးစုံသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ သတိအမြဲကပ်လေ့ရှိသော စဉ်းစားဆင်ခြင်သည့် ဝိစာရဏ ဉာဏ်ပညာ ရှေ့သွားရှိသော ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံ ဓာရာကာသီ ဆရာတော် ဘုရားကြီး ကဲ့သို့သော ပုဂ္ဂိုလ်တို့၌ အံ့ချီးဘွယ်ရာသော သီလသမာဓိစသော ဂုဏ်များ ပရိယတ္တိ ပဋိပတ္တိ စသော ဂုဏ်များသည် များပြားလှစွာ၏။ ရေး၍ ကုန်နိုင်ဘွယ်ရာမရှိပါ။ သာသနာတော်၌လည်းကောင်း၊ ရွှေကျင်ဂိုဏ်း၌လည်းကောင်း အစားထိုး၍ မရသော စံပြပုဂ္ဂိုလ် ဖြစ် တော်မူ၏။

ဆရာတော်ဘုရားကြီးကို မသိမမီလိုက်သူများနှင့် ဆရာတော်ဘုရားကြီး၏ တပည့် ဒကာ ဒကာမများ အတုယူလိုက်နာ ကျင့်ကြံနိုင်ကြစေရန်နှင့် ကြည်ညိုသဒ္ဓါ ပွားနိုင်ကြစေရန် အတွက် <u>တစေ့တစောင်း</u> လေ့လာတွေ့ရှိရသမျှထဲမှ <u>တစိုးတစိ</u> အနည်းငယ်မျှသော မဟာထေရဂုဏ်ရည်များကို ထုတ်ဖော် ရေးသား၍ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအား စိတ်ညွှတ်ရိုကျိုး ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

အာစရိယဂုဏ အဟံ ဝန္ဒာမိသဗ္ဗဒါ။

ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ
(သ. စ. အ ဓမ္မာစရိယ)
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်
ဝိသုဒ္ဓါရုံဓာရာကာသီတိုက်
ပြည်မြို့။



# အတိတ်ကပြောရာလာသိမ်

အ ရှင် ဇ ယ သိ ဿ ရ

အတိတ်ကိုပြန်၍ကြည့်သော် မြန်မာပြည် အလယ်ပိုင်းပဲခူးတိုင်းတွင် ဖိုးဦးတောင်တော် သန့်စင်သော မြေစိုင်ခဲအလျှူဖြင့် ရှင်တော်ဗုဒ္ဓထံ သာသနာပြုဆုထူးပန်ဆင်ခဲ့သော ပွေးဖိုပွေးမလေးအဖြစ်မှသည် (စူဠသမ္မတ-မဟာသမ္မတ + ဗေဒါယီတို့၏ သားတော်) ဒွတ္တဘောင်မင်းတရားကြီး ဗိဿနိုးမိဖုရား (ပန်ထွာဘုရင်မ)တို့၏ "သရေခေတ္တရာ မြို့ဟောင်းရှိသည်။ ထိုမြို့ဟောင်း၏ အနောက်ဘက် ခပ်ယွန်းယွန်း၌ သရေခေတ္တရာမြို့သစ် တည်ရှိ၏။

သရေခေတ္တရာ (ပြည်)မြို့ မရောက်ခင် အဝေးကပင် ရွှေရောင်ဝင်းလျက်ရွှေတောင်ကြီးအလား စေတီ တော်ကြီးတစ်ဆူကို ဖူးတွေ့လိုက်ရပါ၏။ ယင်းကား ဒွတ္တဘောင်မင်းတရားကြီး + ဗိဿနိုးမိဖုရား(ပန်ထွာဘုရင်မ)တို့ တည်ထားကိုးကွယ်ခဲ့သော သုဒဿနတောင်ထိပ် လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီးပင်ဖြစ်ပါ တော့သည်။

ရွှေဆံတော် စေတီတော်မြတ်ကြီးသည် မြို့၏မုခ်ဦး သုဒဿနတောင်ထိပ်တွင် လုံးတော်ပြည့် ရွှေရောင်တို့က အမျှင်မျှင်၊ ရတနာခုနှစ်ပါး ထီးတော်စိန်ဖူးတော်တို့က တလွင်လွင်၊ ဆည်းလည်းသံတို့ကလဲ လေပင့် တိုင်းတချွင်ချွင်ဖြင့် နေ့စဉ်တရားဓမ္မဟောပြနေသလို ဖြစ်ပါတော့သည်။

သုဒဿနတောင်ထိပ်မှ အနောက်ဘက်သို့ ရှုမျှော်ကြည့်ပါက ဘော်ငွေရောင် ဖွေးဖွေးဖြင့် (လင်းမြွေကြီးသဘွယ် - ကောက်ကောက်ကွေ့ကွေ့) မြောက်မှတောင်သို့စီးဆင်းသွားလာနေသောဧရာဝတီ မြစ်ကြီးမှာ နဝဒေးမြစ်ကူးတံတားကြီး ခန့်ခန့်ညားညားဖြင့် သရေခေတ္တရာ (ပြည်)မြို့၏ကြည်နူးဖွယ်ရာ ကျက်သရေဆောင်ဖြစ်ပါတော့သည်။

သရေခေတ္တရာ (ပြည်)မြို့၏ အနောက်ဘက်မှ ကပ်လျက်စီးဆင်းသွားလာနေသော မိခင်ဧရာဝတီ မြစ်ကြီးထံမှ မြစ်ငယ်-ချောင်းငယ်အဖြစ်ဖြင့် အရှေ့သို့ ဖြာထွက်လာသော "ချောင်းငယ်"တစ်ခုရှိ၏။ ယင်းကား နဝင်းချောင်း ။

နဝင်းချောင်း၏ လက်ဝဲဘက်ကမ်းတစ်လျှောက်တွင် ဘူးဖရုံ၊ ပြောင်း၊ သခွါး၊ ကြံခင်းများနှင့် စားပင်သောက်ပင်လန်းရွှင်စိမ်းစိုသော ကိုင်းကျွန်းတို့ဖြင့် သာယာရှုမောဘွယ်ရာတွေ့မြင်ရသည်မှာ သူကိုယ်တိုင် စိုက်ပျိုး၍ သွားဘိသကဲ့သို့ ဖြစ်နေပါတော့သည်။

နဝင်းချောင်း၏ လက်ယာဘက်တွင်ကား ပြည်မြို့၏ ရပ်ကွက်ကြီး (၄)ခု **အပါအဝင်ဖြစ်သော** နဝင်းချောင်း၏ အနီး၌ တည်ရှိသော ကြောင့် (သမီပူပစာအားဖြင့်) နဝင်းရပ်ကွက် ၊ **ယင်းနဝင်းရပ်ကွက်** နယ်နမိတ်အတွင်း နဝင်းချောင်း၏ **ကမ်းနံဘေး၌** အဝေးကပင် လှမ်းမြင်နိုင်သော **ချမ်းမြရိပ်မြုံ** ဘာသာရေးတိုက်တာ အဆောက်အအုံကြီးတို့ဖြင့် "ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်တော်ကြီး" ကို **ထီးထီးကြီး** မြင်တွေ့နိုင်ကြပါ တော့သည်။

ရွှေဆံတော် စေတီတော်မြတ်ကြီးမှ လှမ်းမျှော်၍ ကြည့်ပါက မြောက်ဘက်တည့်တည့် (၇) ဖာလုံခန့် အကွာ၊ ရောဝတီမြစ်၏ အရှေ့ဘက် (၂)ဖာလုံခန့် အကွာတွင် တည်ရှိ၏ ယင်းကား "ဗာရာဏသီ" တိုက်တော်ကြီးပင်တည်း။

ဗာရာဏသီ ဆရာတော်ဘုရားကြီး သီတင်းသုံး နေထိုင်တော်မူသွားသောကြောင့် (ဌာနူပစာရအားဖြင့်)"ဗာရာဏသီတိုက်" ဟု သမိုက်ဂုဏ်ရည် နာမည် မှည့်ခေါ် ရလေသည်။

အိန္ဒိယပြည်ဗာရာဏသီမြို့၌ သီတင်းသုံး နေထိုင်တော်မူခဲ့သောကြောင့် (ဌာနူပစာရအားဖြင့်) ဆရာတော်ဘုရား**ကြီးအားလည်း** " ဗာရာဏသီ ဆရာတော်" ဟု ဂုဏ်နှင့်ဒြပ် **စပ်ဟပ်ညီလျှော်** မှည့်ခေါ် တော်မူကြလေသည်။

ဗာရာဏသီမြို့၌ သီတင်းသုံးတော်မူ ခဲ့ရုံဖြင့် ဗာရာဏသီဆရာတော်ဟုပင် ခေါ်ရမည်လော ? မဟုတ်ပါ ဤဆရာတော်ဘုရား ကြီးကား ပုဂ္ဂလဝိသေသ ဖြစ်နေသောကြောင့်ပင် တည်း။ (ပုဂ္ဂလ ဝိသေသော ဇာနိတဗ္ဗော) အဘယ်သို့ ပုဂ္ဂလဝိသေသ ဖြစ်ပါသနည်း ဟူမူ - ဆရာတော်ဘုရား ကြီး၏ ဝိနည်းစည်းကမ်း ဥပဒေ တို့ကို အသက်တမျှ ချစ်မြတ်နိုးခဲ့ပုံ အသက်တမျှ အလေးထား ပုံတို့ကို ပုဂ္ဂလဝိသေသ ဖြစ်ကြောင်း ဉာဏ်မီသမျှ တစ်စိတ်တစ်ဒေသဖော်ပြရမည်ဆိုလျှင် -

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ၁၂၇၇-ခုနှစ်၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဂန္ထကာရက၊ အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော် ဘုရားကြီးထံမှောက်သို့ ကပ်ရောက်ခိုဝင်တော်မူခဲ့ပြီး ပညာရင်နို့ ထောက်တို့နေစဉ် ဝိနည်းကို ချစ်မြတ်နိုး တော်မူသော ဆရာတော်ဘုရားကြီးဖြစ်မည့်အလျောက် (၁၃)နှစ်သားအရွယ် ကျောင်းသားသူငယ်ဘဝဖြင့်ပင် "ဝိကာလဝိဟာရဇနသင်္ကြာပုဒ်" ကိုစောင့်ထိန်းကြောင်း၊



ညစာမစားဘဲ ညစာစားမည့်အချိန်တွင် စာကျက်ခဲ့ကြောင်း သုတအနေအားဖြင့် ကြားသိရပါသည်။

ဒို့ဌအနေအားဖြင့် စာရေးသူတို့ အတိတ်က ကြုံတွေ့ခဲ့ရသည်များကို ပြန်ပြောင်း၍ ဆင်ခြင်ရချေသော် အမိ ဝိ-ဗာမြေ၌ ဓုတင်ကျင့်စဉ်များ ဆောက်တည်ခဲ့ရ၏။ ၎င်းတို့မှာ-

-ဧကာသနိကဓုတင်
-တိစီဝရိတ်ဓုတင်
-နိသဇ်ဓုတင် များပေတည်း။

ဧကာသနိကဓုတင်ကို နှစ်စဉ်ဝါတွင်း သီတင်းနေ့တိုင်းကျင့်သုံးရ၏ ဆရာတော်ဘုရားကြီးသည် ဧကာသနိက ဓုတင်ကို ရဟန်းဖြစ်သည်မှစ၍ ဝါတွင်းတိုင်းတစ်ခါဘူးမျှမပျက်ခဲ့ကြောင်းသိရပါသည်။ ဧကာသနိက ဓုတင်ဆောက်တည်သောနေ့၌ အရုဏ်ဆွမ်းစားလာပင့်လျှင် ဒကာကိုငဲ့ညှာ၍ လက်ခံပါသည်။ ၎င်းနေ့၌ အရုဏ်တစ်ထပ်သာ ဘုဉ်းပေးပြီး နေ့ဆွမ်းမဘုဉ်းပေးတော့ပါ။ တခါတရံ၌ အရုဏ်ကပ်သည့်အိမ်မှ မုန့်ဟင်းခါး၊ ကြာဇံဟင်းခါးများ ကပ်သည်နှင့် ကြုံတတ်၏။ ယင်းအရုဏ်မုန့်ဟင်းခါး၊ ကြာဇံများဖြင့်ပင် မျှတ၍ နေ့ဆွမ်းမဘုဉ်းပေးတော့ဘဲ ဧကာသနိက ဓုတင် မပျက်စေသည်များကို စာရေးသူတို့ ကိုယ်တွေ့ ကြုံခဲ့ရဘူးပါသည်။

တိစီဝရိတ်ဓုတင်ကို ဝိ-ဗာတိုက်၌ ရဟန်းဖြစ်သော အရှင်များကို ရဟန်းဖြစ်စနှစ် ဝါတွင်း (၃)လ ဆောက်တည်စေပါသည်။ နိသဇ်ဓုတင်ကိုကား နေ့စဉ်ဆောက်တည်ရ၏။ နံနက်ဝတ်တက်အဆုံး "အဒ္ဓါက္ကမာယပဋိပတ္တိယာ ဇရာမရဏာမှာ ပရိမောစေဿာမိ" ဟု ဆုတောင်းပါဠိ ရွတ်ဆိုအပြီး ဆက်၍ နှုတ်တက်နေသော ပါဠိကား-"သေယျံပဋိက္ခိပါမိ၊ နိသဇ္ဇိကင်္ဂ သမာဒိယာမိ" ဟူ၍ပင် ဖြစ်ပါတော့သည်။

ရစ်မသည် ဥ အတွက် အသေခံသည်။
စာမရီသားကောင်းသည် အမြီးအတွက်
အသေခံ သည်။
ရဟန်းသည် သီလအတွက် အသေခံသည်။

တစ်နေ့သော အခါသမယ ဆရာတော်ဘုရားကြီး "အူကျရောဂါ" ဖြစ်၍ မကွေးဆေးရုံကြီး၌ ခွဲစိပ်ကုသမှု ခံယူရသေး၏။ ခွဲစိပ်ခန်းဝင်မည်အပြု၌ ခွဲစိပ်ခန်းသုံးဝတ်စုံများ ဝတ်ရမည်ဆိုသော် ဆရာတော်ဘုရားကြီးက " အဲဒီဝတ်စုံဝတ်မှ ခွဲရမည်ဆိုလျှင် သေချင်သေပါစေတော့ မဝတ်နိုင်ဘူး" ဟု ငြင်းဆန်တော်မူခဲ့သည်။

* အသက်ဆုံးရှုံးပျက်စီးဘို့နှင့် ကြုံလာလျှင် ခြေလက် အင်္ဂါကို စွန့်ရရ၏။
* ခြေလက်အင်္ဂါပျက်စီးဘို့နှင့် ကြုံလာလျှင် ပစ္စည်းဥစ္စာကို စွန့်ရရ၏။
* ကိုယ်ကျင့်သီလပျက်စီးဘို့နှင့် ကြုံလာလျှင် အသက်ကိုစွန့်ရရ၏။

ဤကား သူတော်စင်တို့၏ ထုံးတမ်းပေတည်း။
အချိန်ကား ၁၃၅၁-ခုနှစ်၊ တပေါင်းလ၊

---

" *တရားတော်ကိုချစ်ခင်ပါ* "

*သာသနာတွင် မွေ့လျော်လျှင် တရားတော်ကိုခင်ပါမှ*
*တရားမခင် ဖြစ်တုံလျှင် ဘုရားရှင်နှင့် ကဏ္ဍက။*

ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာန၌ ဆရာတော် ဘုရားကြီး ဆေးကုသမှု ခံယူနေ၏။ ဝေဒနာပြင်းထန်သော်လည်း ဆရာတော်ဘုရားကြီး သတိလွတ်တော်မမူ။ နံနက်အရုဏ်မတက်မှီ ဂိလာနုပဋ္ဌာက ရဟန်းတော်များက နေ့စဉ် ဒေသနာကြားပေးရ၏။ တစ်နေ့၌ ဒေသနာ မကြားပေးမိ၍ " ဒီမောင်ပဥ္စင်းတွေ ဒေသနာလာမကြားဘူး၊ ဒဏ်ပေးရအုံးမယ်" ဟူ၍ ပြောဆို ရေရွတ်သံ ကြားလိုက်ရပါသည်။

(၎င်းနေ့၌ ဂိလာနုပဋ္ဌာက စာချဘုန်းကြီး ဦးပဝိတြသိရီ ဦးဆောင်သော စာရေးသူတို့ ဖြစ်သည်။)

ယနေ့သည်ကား ဆရာတော်ဘုရားကြီး ဦးနှောက်နှင့် အာရုံကြော ဆေးရုံကြီး၌ ဝေဒနာများ ပြင်းထန်လွန်း၍ စကားပင် မပီသတော့ပါ။ အစာအဟာရလည်း ဖြတ်တောက်စပြုလာ၏။ အစာအဟာရ တိုင်းကို လက်မခံတော့၊ သို့သော်လည်း အစာမစားဘဲ နေ၍ မဖြစ်သည့်အတွက် သင့်တင့်လျှောက်ပတ်သော အာဟာရဖြစ်မည့် အစားအစာများကို ဆရာဝန်ညွှန်ကြားချက်အတိုင်း မဖြစ်ဖြစ်အောင် ဆက်ကပ်ပေးရ၏။

"ဆရာတော်ဘုရား ဝမ်းအေးသွားအောင် သပျစ်(စပျစ်)သီးလေး ဘုန်းပေးတော်မူပါအုံးဘုရား။"

ကပ္ပိပြီးပြီလား?

ဆရာတော်ဘုရား ဘာအမိန့်ရှိပါသလဲ ဘုရား?

ကပ္ပိပြီးပြီလား?

(ဆရာတော်ဘုရားကြီး၏ စကားမှာ မပီမသ ဖြစ်နေ၍ အထပ်ထပ် အခါခါပြန်မေးရ၏။)

အော်--ကပ္ပိပြီးပြီလား တဲ့

မှန်ပါဘုရား - မှန်ပါဘုရား ကပ္ပိပြီးပါပြီဘုရား။

(ဂိလာနုပဋ္ဌာက ဦးပဝိတြသိရီ၊ ဦးထေရပ္ပိယ၊ ဦးအမတောဘာသနှင့် စာရေးသူတို့အားလုံး အံ့အားသင့်သွားကြသည်။)

ဆရာတော်ဘုရားကြီး၏ အသက်ဇီဝိန်ကို တပည့်သံဃာ ဒကာ၊ ဒကာမများက သူ့ဘက် ကိုယ့်ဘက် လုနေရချိန်ဖြစ်သော်လဲ ဆရာတော်ဘုရားကြီးမှာမူ အသက်ထက်ပင် သီလကို ချစ်မြတ်နိုးတော်မူသည်။

"ဣန္ဒြေကြီးကြီးမားမားထား
စကားနဲနဲပါးပါးပြော
ထင်တိုင်းချည်း နှုတ်မထွက်နဲ့
နှုတ်ထွက်မြဲစေ
သူတော်ကောင်း ကျက်သရေ။" ဟူ၏သို့

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည်-

၁။ ဣန္ဒြေ ကြီးမား၍ တည်တည်ကြည်ကြည်ရှိ၏။

၂။ ပြုံးရွှင်သော မျက်နှာဖြင့် နှုတ်ခွန်းဆို၍ စကားအပိုမပြောတတ်။ ဤနှစ်ချက်ကို ပညာရှိတို့ လွန်စွာ တန်ဘိုးထားကြသည်။

ဆရာတော်ဘုရားကြီးသည် မိမိကိုယ်တိုင် ဝိနည်းကို ချစ်မြတ်နိုးသကဲ့သို့ တပည့်အများကိုလည်း ဝိနည်းကို ချစ်မြတ်နိုးစေချင်သည်။

<u>ရှင်ကိုရှင်ချင်း မတုံ့နှင်းနှင့်</u>

<u>ရန်မထောင်မှ ရန်အောင်သည်</u>
<u>ရန်ထောင် ရန်လှောင်မိတတ်သည်။</u>
<u>ရန်မလိုမှ ရန်ပြိုသည်</u>
<u>ရန်လို ရန်ပိုတတ်လှသည်။</u>

"ကိုယ့်ဟာကိုယ် ယူစားတဲ့ခေတ်ကြီး ရောက်နေပါပြီလား"

အကပ်ခံရာ၌ အလိုမကျ၍ ဆရာတော် ဘုရားကြီး ငြီးငြီးညူညူ ပြောဆိုသော စကားသံ ဖြစ်သည်။ စာရေးသူတို့ရဟန်းငယ်ဘဝနေ့တစ်နေ့ ဆွမ်းစား နေစဉ်ဖြစ်သည်။ ဟင်းလိုက်သော ကျောင်းသားမှ ဟင်းလိုက်လျှင် ရဟန်းတော်က စားပွဲခုံကို ကိုင်ပေးထားရုံနှင့် မကျေနပ်၊ ထည့်သည့် ဟင်းခွက်ကို ကိုင်ပေးထိပေးမှ ကျေနပ်တော်မူသည်။ ဟတ္ထပါသ်လည်း မလွတ်စေရပါ။

"ဆွမ်းလုပ်ကို လက်မလေးနဲ့ လုံးလုံးပေးရတယ်၊ လက်ကိုလဲ သပိတ်နှုတ်ခမ်းပေါ် တင်ထားပေါ့"

ဆရာတော်ဘုရားကြီး၏ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်လေးများကိုပင် အလေးဂရုပြုပုံ ဖြစ်ပါသည်။ သေခိယ ပရိမဏ္ဍလ သိက္ခာပုဒ်အရ ဆွမ်းလုပ်ကို ဝန်းဝိုင်းစေချင်တယ် ၊ ဝန်းဝိုင်းအောင်ပြုလုပ်နေစဉ် တစ်ဘက်မှ ပိဏ္ဍုက္ခေပကသိက္ခာပုဒ် အရ ဆွမ်းလုပ်ကို မြှောက်သလို ဖြစ်သွားမှာကိုလဲ စိုးဟန်တူပါတယ်။ " အဏုမတ္တေသုဝဇ္ဇေသုဘယဒဿာဝီ" အဏုမြူမျှ အပြစ်ကလေးကိုပင် ဧရာမ အပြစ်ကြီးဟုနှလုံးပြု ရှောင်ကြဉ်ကာ၊ အပြစ်ကြီးဂရုက အာပတ်တို့ကို လေးစားရှောင်ကြဉ်သည်မှာ ဆိုဘွယ်အဘယ်ရှိပါအံ့နည်း။ "သဒ္ဓါသီလာဒိ သမ္ပန္နော" ပြည့်စုံလုံလောက်သော မဟာထေရ် ဆရာတော်ဘုရားကြီးပါတကား။

"သင်းပိုင်ကို ဝတ်တဲ့အခါ အောက်ပိုင်းမှာ အနားစများညီစေရတယ်၊ ဧကသီကို အပေါ်ကရုံတဲ့ အခါမှာလဲ အဝန်းညီအောင်ဝတ် ရုံရတယ်၊ သွားလာတဲ့အခါမှာလဲ ဣန္ဒြေရရ သွားကြလာကြ၊ သံဃာ့ပရိသတ် အလယ်မှာ နေထိုင်တဲ့အခါ အင်္ဂါခြေလက် လှုပ်လှုပ်ခါခါ မရှိစေနဲ့ စားသောက်တဲ့အခါမှာလဲ ပလုတ် ပလောင်း မစားရဘူး ရှူးရှူးရှဲရှဲ မြည်အောင် လဲဟင်းရည် မသောက် ရဘူး"

စသည်ဖြင့် ဆရာတော်ဘုရားကြီး၏ လိမ္မာစေကြောင်း၊ ကောင်းကြစေလို ဆိုမှာသမျှ ထေရာဘာသိတ ဩဝါဒ များမှာဖြင့် ယနေ့တိုင်မေ့မရနိုင်ပါပေ။

ငယ်ရွယ်စဉ်ကာလက ဆရာတော်ဘုရားကြီး၏ လမ်းစဉ်များသည် တန်ဖိုးရှိမှန်း အနှစ်သာရရှိမှန်း မသိခဲ့။ အသက်အရွယ်လေးရ၊ အသိဉာဏ်လေးဝင်လာမှသာ အနှစ်သာရရှိ၊ တန်ဘိုးရှိမှန်း သိရပါတော့သည်။

မိလိန္ဒမင်းကြီးကအရှင်နာဂသေန မထေရ်ကို လျှောက်ခဲ့ဘူးသည်။

အရှင်ဘုရား နာဂသေန - အရှင်ဘုရားသည် နိဗ္ဗာန် အကျိုးငှာ ရဟန်းပြုလာခဲ့ခြင်း မှန်ပါသလော?၊ မင်းမြတ်-ငါသည်ကား ငယ်ငယ်ရွယ်ရွယ်ကပင် ရဟန်းပြုသည်ဖြစ်၍ ဤမည်သော နိဗ္ဗာန် အကျိုးငှာ ရဟန်းပြု၏ ဟု ငါမသိ၊ အကြောင်းမှန်သော်ကား " ဤသာကီဝင်မင်းသား ဘုရားသားတော်ရဟန်းတို့သည် ပညာရှိကုန်၏။ ထိုပညာရှိ ရဟန်းတို့သည် ငါ့ကို သင်ကြားပေးကုန်လတ့ " ဟု ငါ့အား အကြံအစည် ဖြစ်၏။ ထိုငါသည် ထိုသာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့က သင်ကြားပေးရကား " ဤမည်သော နိဗ္ဗာန် အကျိုးငှာ ရဟန်းပြု၏ "ဟု သိလည်းသိရ၏၊ မြင်လည်း မြင်ရ၏ဟု အရှင်နာဂသေန မထေရ်မြတ် မိန့်ကြားသကဲ့သို့ပင်ဖြစ်ပါတော့သည်။

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး၏ ထောင်သောင်းမက များပြားလှစွာသော အံ့ချီးဘွယ်ရာ ဂုဏ်ကျေးဇူးတို့ကို ဖော်ထုတ်နိုင်ဘို့ရာ ကိုယ်စွမ်းဉာဏ်စွမ်း အလှမ်းဝေးကွာလှပါ၍ မိမိဉာဏ်မီသမျှနှင့်ပင် ဆရာတော်ဘုရားကြီးအား ပူဇော်သမှု ပြုရပါတော့သတည်း။

တပည့်-

အရှင်ဇယိဿရ
(စာချ-ဂဏဝါစက)
ရှစ်မိုင်၊ မစိုးရိမ်ရွှေကျောင်းတိုက်သစ်
ရန်ကုန်မြို့။

မဟာဝိသုဒ္ဓါရုံ တိုက်သားစစ်စစ် ပြည်မြို့ ဝိသုဒ္ဓါရုံ တာရာကာသီဆရာတော်ဘုရားကြီး ယခု ၁၃၆၄ ခု၊ ဝါဆိုလပြည့်မှာ သက်တော်နှစ်တစ်ရာပြည့်ပွဲတော်ကြီး ပြည်မြို့ နဝင်းရပ် ဝိသုဒ္ဓါရုံတာရာကာသီတိုက်ထဲမှာ ကျင်းပပူဇော်ကြမည်ဆိုတဲ့ သတင်းရနံ့တွေ မွှေးကြိုင်ပြန့်လှိုင် နေကြပါတယ်ဘုရား ။

မှတ်မိသည်က ဂေါစာ ၁၃၃၉-ခုနှစ် ဝါဆိုလပြည့်တုန်းကလဲ ဆရာတော်ဘုရားကိုယ်တော်တိုင် သက်တော်(၇၅)နှစ်ပြည့်အထိမ်းအမှတ် အသက်နှင့် ထပ်တူချစ်ခင်မြတ်နိုးတဲ့ ရွှေကျင်နိကာယမှတ်တမ်း အမှတ်(၃)ရေးသား ဖြန့်ဝေလှူဒါန်းခဲ့သည်ကို မှတ်မိပါသည်ဘုရား ။

ထို့နောက် ၁၃၄၆-ခုနှစ်ကြတော့ ပြည်မြို့ ဝိသုဒ္ဓါ တာရာသီတိုက် ကိုယ်တော်တိုင် တည်ထောင်လာခဲ့ရတဲ့ နှစ်(၂၅)နှစ်ပြည့် အထိမ်းအမှတ်နှင့် သက်တော်(၈၂)ပြည့်တွဲစပ်ပြီး ရွှေကျင်နိကာယ မှတ်တမ်းအမှတ်(၄)ကို ဖြန့်ဝေလှူဒါန်းခဲ့သည်တို့ကို အစဉ်အမှတ်ရလျက်ရှိကြသည်ဘုရား။ ယင်းမှတ်တမ်းတို့သည် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျင်နိကာယတို့ အတွက် အထူးသမိုင်းဝင် မှတ်တမ်းများ ဖြစ်ခဲ့ကြရပါသည်ဘုရား။

ဆရာတော်ဘုရားကြီးက မဟာဝိသုဒ္ဓါရုံတိုက်သားစိတ်၊ သာသနာစိတ် ၊ နိကာယစိတ်၊ ပြင်းပြင်းပြပြ၊ တက်တက်ကြွကြွ ရှိတော်မူတဲ့ ဆရာတော်ဘုရားကြီး ဖြစ်တော်မူသည့်အတွက် ကြောင့် လျှောက်ထားခွင့် ပြုတော်မူပါဘုရား။



**ဆရာတော်ဘုရားတို့ ငယ်စဉ်ကာလ ကျောင်းသားဘဝမှာ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌတွဲဘက် သာသနာပိုင်ဆရာတော်ဘုရားကြီး အဖြစ်တိုင် နေထိုင်တော်မူခဲ့တဲ့ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယ ဗဟိုဌာန**

# တာရာကာသီဆရာတော်ရာပြည့် အိတ်ဖွင့်လျှောက်ထားလွှာ

အရှင်ပဏ္ဍဝ ( ဝါးတန်း )

# ဗာရာဏသီဆရာတော်ရာပြည့် အိတ်ဖွင့်လျှောက်ထားလွှာ

အရှင်ပဏ္ဍိဝ (ဝါးတန်း)

ကြီးလည်း ယခု ၁၃၆၄ -ခုနှစ်မှာ သက်တမ်းနှစ်တစ်ရာ တင်းတင်းပြည့်လျက် ရှိပါပြီဘုရား။

မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ မဟာမုနိဂေါပက အဖွဲ့ ဩဝါဒါစရိယ ဝါးတန်းဆရာတော် ( ဆရာတော်ဘုရားခေါ်နေကြ ကိုဝဏ္ဏိတ) ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ တစ်ပါးတည်းဦးစီးညွှန်ကြားကာ ရာပြည့်နာရီစင် တည်ဆောက်ခဲ့ပါသည်ဘုရား။

ရာပြည့်နာရီစင်တည်ဆောက်သည့် နေရာက ဆရာတော်ဘုရားသိသာ ထင်ရှားအောင် လျှောက်ထားမယ်ဆိုက ရှေ့ဟေမဝတီကျောင်း ရေတွင်းအနောက်ဘက်၊ ဝါးတန်းကျောင်း ဆွမ်းစား ဌာန ငါးလွှာအပေါ် စလစ်ပြင်မှာ နာရီစင် တည်ဆောက်ပါသည်ဘုရား။

မြေပြင်မှ ပေဖွဲ့ကြည့်လျှင် ၆၂-ပေကျော် မြင့်ပါသည်ဘုရား။ ၁၃၆၄- ခု၊ ကဆုန်လပြည့်နေ့က ဖွင့်လှစ်ခဲ့ကြပါ သည်ဘုရား။

**မွေးနေ့ရာပြည့် ဆရာတော်ဘုရားကြီး သက်တော်ကိုယ်တိုင် ရှိနေအုံးမည်ဆိုက “ ဒီမဟာဝိသုဒ္ဓါရုံ ရာပြည့်အထိမ်းအမှတ်” “သူ့သက်ရာပြည့် အထိမ်းအမှတ်” ရာပြည့်နှစ်မှာ ပူးတွဲပြီး ဘယ်နည်းဘယ်ပုံ ကျင်းပမည်ဆိုတာ မခန့်မှန်းနိုင်ကြပါ။** ဆရာတော်ဘုရားသက်တော် (၈၂) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရေးသားဖြန့်ဝေလိုက်တဲ့ ရွှေကျင်နိကာယမှတ်တမ်းအမှတ်(၄)မှာ ပါဝင်တဲ့ စည်ရှင်ဆရာတော်ဘုရားကြီးလက်ရာ အနေကဇာတင်သိမှတ်စရာ၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓသာသနာအမြစ်စာတမ်း၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂန္ဓာရော စနလျှောက်ထုံး စာတမ်းတို့ဟာ ရှားပါးစာများ ရှာဖွေတင်ပြထားမှုသည် တန်ကြေးမဖြတ်နိုင်ကြောင်းလျှောက်ထားဝံ့ပါသည် ဘုရား။ အရှင်ပဏ္ဍိဝ ( ဝါးတန်း) မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။



သက်တော်ရှည် ဗာရာဏသီ [illegible]



# ဆရာသခင်ကျေးဇူးရှင်

ဘဒ္ဒန္တ ဣဿရာဘိဝံသ

တပည့်အများ၏ ဘဝတစ်ခုဟာ ဆရာတော် တစ်ပါး၏ ပြုမူဆောင်ရွက်မှုကို အတုယူပြီး ကျင့်ကြံကြိုးကုတ် အားထုတ်သဖြင့် တိုးတက်ကြီးပွားခဲ့တယ်ဆိုလျှင် အဲဒီဆရာတော်ကို "ဆရာသခင်" လို့ သတ်မှတ်လို့ ပြောဆိုလို့ ရေးသားတင်ပြလို့ ရနိုင်ပါတယ်။

ဆရာတော်၏ ပြုမူဆောင်ရွက်ပုံ ဆုံးမပုံကို တပည့်များက အတုယူ ကျင့်ကြံကြိုးကုတ်အားထုတ်သဖြင့် သက်ရှည်ကျန်းမာ သာသနာပြုနိုင်တဲ့ ကျေးဇူးများ ခံစားရလို့ ဆရာတော်အား "ကျေးဇူးရှင်လို့" ဂုဏ်တင်ပြီး ပြောဆိုရတာ ရေးသားရတာဟာ ပီတိလှိုင်းတွေ တစ်လိပ်လိပ်ဖြစ်ပေါ်စေပါသည်။

## ဆရာတော်၏ အထုံဝါသနာ

ဒုတိယမြောက် ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် ပဓာနနာယကဆရာတော် ဦးဝိစိတ္တစာရက ဤစာရေးသူအား "တပည့်တော်တို့ ကျေးဇူးရှင် ဗာရာဏသီ ဆရာတော်ကြီး ချမှတ်တဲ့ ဘုရားဝတ်တက်ကုသိုလ်ကြောင့် ဒီလောက်ရောဂါများတဲ့အထဲက အသက် (၇၀)ကျော် အသက်ရှည်တာ ဟာ ဆရာတော်ကြီး၏ အတုလိုက်လို့ ရှည်တာပါ တပည့်တော်နှင့် ရွယ်တူတွေ တော်တော်များများ ပျံတော်မူကုန်ပြီ ဘုရားရှိခိုးလို့ တပည့်တော် အသက်ရှည် တယ်လို့ ယူဆပါတယ်"ဟု ပြောခဲ့ဘူးပါသည်။ ကျေးဇူးတော်ရှင်ဆရာတော်၏ ဗုဒ္ဓါနုဿတိ အထုံဝါသနာသည် တပည့်အများအား ကူးစက်ပြီး ည-နံနက် မပျက်မကွက် ဘုရားအာရုံ၌ စူးစူးစိုက်စိုက် ဖြစ်၍ စွဲကျန်ခဲ့ပါသည်။

## ဆရာတော်၏ အပြော

ဆရာတော်ဘုရားသည် စကားပြောတော်မူသောအခါ ဆရာရင်း ဖြစ်တော်မူသော စည်ရှင် ဆရာတော် ဘုရားကြီးသည် ပြောသည့်နေရာ နားဝင်ချိုသာအောင် ပြောလေ့ပြောထရှိသကဲ့သို့ ကျောင်းသားငယ်ကလေးကိုပင် - "ဒီ ဒကာကြီးနာမည် ဘယ်သူလဲ" ဟု လေးလေးစားစား ပြောဆိုလေ့ရှိပါသည်၊ ဒေါသသံမပါအောင်လည်း သတိထား၍ ပြောဆိုတော်မူလေ့ရှိပါသည်၊

ဆရာတော်၏အသံ

ဆရာတော်သည် အိန္ဒိယနှင့် သီဟိုဠ်သို့ သက္ကတဘာသာသင်ယူရန် ကြွတော်မူစဉ်က - ဇိဝှါမဖ္ဖခေါ်တဲ့ စ - ဆ - ဇ - ဈ -ည ကို ကျ - ချ - ဂျ - ဃျ - ည အသံထွက်မှ ဇိဝှါမဖ္ဖပီသ၍ ကမ္ဘာ့အသံနှင့် ညီမျှနိုင်မည်၊ ရူပသိဒ္ဓိအလိုကျနိုင်သည်။ မြန်မာပြည် ပြန်ရောက်လျှင် အသံမှန်ပြင်ဆင်မည်ဟု စိတ်ဆုံးဖြတ်ပြီး ရဝိဒဗ္ဗဏ (အသံမှန်ပြ) ကျမ်းငယ် ထုတ်ဝေတော်မူ၍ သီလပေးသည့် အခါမှစ၍ အသံများ ပြင်ဆင်တော်မူ၍ ရွတ်ဆိုပေးလေ့ရှိပါသည်။

ဥပမာ - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ကို ဗုဒ္ဓံ ဆရဏံ ဂတ်ချာမိ - ဟု ရွတ်ဆိုပေးလေ့ရှိပါသည်။ ဗဟုသုတ မရှိလျှင် ရယ်ဖွယ်ဖြစ်သော်လည်း ဗဟုသုတလိုလားသူ အတွက် အသိမှန်ရသဖြင့် အလွန်ပင်ဝမ်းသာကြ ပါသည်။ ပြည်မြို့တွင် ဆရာတော်အသံသည် လွှင့်ပြန့် လျှက်ရှိပါသည်။

ဆရာတော့်အဟော

ဆရာတော်သည် တပည့်အပေါင်းအားမိမိရရှိ သမျှ ပရိက္ခရာများကို မွေးနေ့ရောက်တိုင်း မဲချလှူဒါန်း လေ့ ရှိပါသည်။ လှူဒါန်းသည့် အခါတိုင်း " ဒီပဲယင်း ဆရာတော် အမိန့်ရှိဘူးတယ် မျိုးစေ့ပြုတ်မစားနဲ့ မျိုးစေ့စိုက်ရတယ် စိုက်မှ များများ စားရတယ် ဒါဟာ တို့အနေနဲ့ မျိုးစေ့စိုက်တာဘဲ" ဤကဲ့သို့ ဟောလေ့ ဟောထရှိပါသည်။

ဆရာတော်သည် စာချတိုင်း "ရုပ်တစ်ရုပ်တွက် တတ်လျှင် မောဟ တစ်လုံးပျောက်တယ်။ ရုပ်များများ တွက်တတ်လျှင် မောဟ များများပျောက်တယ်။ မောဟ ပျောက်ချင်လျှင် စာတတ်ချင်လျှင် ရုပ်များများ တွက်ပါ"ဟု စာတတ်အောင် ဟောပြောလေ့ရှိပါသည်။

ဆရာတော့်အဝတ်

ဆရာတော်သည် အဝတ်အရုံတွင် အမြဲသတိ ထားတော်မူ လေ့ရှိပါသည်။ ကျောင်း၌နေစဉ်မှာပင် ပရိမဏ္ဍလ ဖြစ်အောင် အမြဲသတိထားပြီး ဝတ်ရုံတော်မူ လေ့ရှိပါသည်။ မည်သည့်အခါမျှ အနီရောင် သက်န်းကို အသုံးပြုလေ့မရှိပါ။ ပိန္နဲအဝါရောင်နှင့် အညိုရောင်များ ကိုသာ အသုံးပြုတော် မူလေ့ရှိပါသည်။

ဆရာတော့်ဝစနက္ခမဂုဏ်

ဆရာတော်သည် ဆွမ်းခံထွက်တော်မူရာ ဧရာမငွေပဒေသာပင်ကြီးကို ဒကာမကြီးတစ်ဦးက အကပ်ခံတော်မူပါဘုရားဟု လျှောက်ထားသဖြင့် လက်ညှိုးလေးထိရုံထိပြီး အကပ်ခံတော်မူရာ ကျောင်း ရောက်တော့ ဆရာတော်တစ်ပါးက "ငွေကို ဆရာတော် အနေနှင့် အကပ်ခံလို့မသင့်တော်ပါ" ဟုလျှောက်ထား သဖြင့် " နာက်ဒါမျိုးတွေ ရှောင်ပါ့မယ်" ဟု ဝန်ခံ ကတိပေးတော်မူရှာပါသည်။

ဆရာတော့်နဝကမ္မအလှူခံနည်း

တစ်ခါက ဤစာရေးသူသည် ဆရာတော် ဘုရား၏ နဝကမ္မကျပ်တစ်သောင်းကို ကပ္ပိယကျောင်း သား မောင်ဖြူအားလွှဲပါသည်ဟု လျှောက်ရာ "ကျပ်တစ် သောင်းတန် အပ်စပ်သော ပစ္စည်းလို့ သုံးရတယ်၊ ပြင်လျှောက်ပါ၊ နဝကမ္မကျပ်တစ်သောင်းလို့ဆိုလျှင် ငွေကိုလှူရာကြလို့ မအပ်ဘူး" ဟုအမိန့်ရှိ၍ ပြင်လျှောက်လှူခဲ့ရပါသည်။

<u>ဗာရာဏသီ တွင်တော်မူပုံ</u>

၁၃၁၁ -ခု နတ်တော်လဖြစ်ပါသည်။ စည်ရှင် ဆရာတော်၏ ကျန်းမာရေးသည် အင်မတန် စိုးရိမ်ရ သော အခြေအနေသတင်းကြားရ၍ ဗာရာဏသီ ဆရာတော်သည် ဝိသုဒ္ဓါရုံစည်ရှင်ကျောင်းသို့ ကြွလာ တော်မူပါသည်။

ဤစာရေးသူသည် အသက်(၁၄)နှစ်ခန့်ကိုရင် အရွယ်မျှရှိသေး၍ ဆရာတော် အားမဖူးဘူးသေးပါ။ ဗာရာဏသီဆရာတော်ဆိုလျှင် အိန္ဒိယမှ ကုလား ဘုန်းကြီးတစ်ပါး ဖြစ်ရမည်။ အသားမဲမဲ မုတ်ဆိတ်မွေး ထူထူနှင့် ဧရာမ ဘုန်းကြီးတစ်ပါးဖြစ်နိုင်တယ်လို့ စိတ်ထဲ၌ လူငယ်ဘာဝ တွေးတောခဲ့မိပါသည်။

သို့သော်အခါ ကိုရင်တစ်ပါးက ဆွမ်းစားနေသော ဗာရာဏသီဆရာတော်ကို "ဗာရာဏသီ ဆရာတော်ဆိုတာ အဲဒါပါပဲ" လို့ ပြောသဖြင့် ဖူးမြော်လိုက်ရာ ထင်သလိုမဟုတ်ဘဲ အသားရောင် ခပ်လပ်လပ် သက်နီးတော်အဝါရောင်နှင့် တည်ငြိမ်စွာ ကြည်ညိုဖွယ် တင့်တယ် သော ရုပ်ရည်ကို ဖူးမြော်ရ၍ အထူးပင် ပျော်ရွှင်ကြည်ညိုမိပါသည်။

ဘာပြုလို့ ဗာရာဏသီ ခေါ်သလဲလို့ ပြန်လည် မေးရာ ဗာရာဏသီမှာ သက္ကတဘာသာ သင်ရင်း စစ်အတွင်းမှာ အနေကြာ၍ စည်ရှင်ဆရာတော်က ချီးမြှောက်တဲ့အနေနှင့် ဗာရာဏသီဆရာတော်ဟု ခေါ်တော်မူတာကို အကြောင်းပြုပြီး ဗာရာဏသီ ဆရာတော်တွင် သွားကြောင်းရှင်းပြလို့ သိခဲ့ရပါသည်။

ဗာရာဏသီဆရာတော်ဘုရားကြီးထံ (၁၆)နှစ် တိုင်တိုင် ပညာသင်ကြားဆည်းကပ်ရ သဖြင့် ဆရာတော် ၏ မေတ္တာကိုခိုလှုံရ၍ ဆရာတော်ကြီး၏ဂုဏ်ကို ရေးလို့ကုန်မည်မထင်ပါ။ ဆရာတော်၏ အကျင့်ဂုဏ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဆရာတော်ကြီးအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသတည်း။

ဘဒ္ဒန္တ ဣဿရာဘိဝံသ
ဗာရာဏသီဆရာတော်ဘုရား၏ အန္တေဝါသိကတပည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
ဝိသုဒ္ဓါရုံရွှေဥုးကျောင်းပရိယတ္တိစာသင်တိုက်
အမရပူရမြို့။ (၄-၃-၀၂)



# ရေးသိဖွဲ့မှမိ ထေရ်ဂုဏ်ရည်

အရှင်ကိတ္တိဗလ

ကျေးဇူးတော်ရှင် ဟာရာဏသီဆရာတော် ဘုရားကြီးသည်ကား ၁၃၅၅-ခုနှစ်၊ တပို့တွဲလတွင် ဘဝနတ်နန်းစံမြန်းသွားလေပြီဖြစ်သော်လည်း ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်အဖုံဖုံတို့မှာကား သင်းပျံ့ထုံလှိုင်ကြိုင်နေဆဲပင်ရှိပေသည်။

ထိုသို့ ဆရာတော် ဘုရားကြီး၏ သင်းထုံဝေဆာ ကျေးဇူးဂုဏ်အဖြာဖြာကို တမ်းတရည်မျှော် ပူဇော်ကြမည့် ကြုံတောင့်ကြုံခဲ ဂုဏပူဇာ နှစ်တစ်ရာမွေးနေ့ ပူဇော်ပွဲမှာ ဆရာတော်ဘုရားကြီး၏ ကြည်ညိုဘွယ်ရာ ကျေးဇူးဂုဏ် အဖြာဖြာကို ကုန်စင်စေငှတင်ပြ ရန်မှာ မလွယ်ကူလှသော်လည်း ပေးလာသည့် အချိန်တိုလေး အတွင်းမှာ မိမိစွမ်းနိုင်သမျှနှင့် တစ်ခန်းတစ်ကဏ္ဍ ပါဝင်ရေးသား ပူဇော်ခွင့် ရသည်ကို ပင် တပည့်တစ်ဦး အနေနှင့် ကြည်နူးဝမ်းသာဖြစ်ရပါသည်။

စာရေးသူသည် စာသင်သားဘဝငယ်စဉ်ကပင်လျှင် ကျေးဇူးရှင်

ဆရာတော် ဘုရားကြီး၏ အနေ အထိုင် အပြောအဆို ကိုယ်အမူအရာ နှုတ်အမူအရာ အားလုံးကို ကြည်ညို လေးစားခဲ့ရသည်မှာ အမှန်ပင် ဖြစ်ပေသည်။ စာရေးသူ တစ်ဦးတည်းသာ ဤသို့ကြည် ညိုလေးစားခဲ့ရသည် မဟုတ်၊ ဆရာတော်ရားကြီးအား ဖူးမြင်တွေ့ရှိရသူ အားလုံးလည်း ဤသို့ရှိကြမည်မှာ မလွဲဧကန်အမှန်ပင် ဖြစ်ပေလိမ့်မည်။

ဆရာတော်ဘုရားကြီး၏ ပင်ကိုယ်ဟန်ပန် အသွင်အပြင်သည်ကား ဟိတ်ဟန်ထုတ်ခြင်း၊ ဂုဏ်လုပ် ခြင်းအလျင်းမရှိ၊ ပကတိအေးဆေးတည်ငြိမ် ရိုးသား ဖြောင့်မတ်၍တည်ကြည် ငြိမ်သက်တော်မူလှသည်။ ဆရာတော်ဘုရားကြီး သည် " ဂုဏ်မလုပ်နှင့် ဂုဏ်လုပ် လျှင် ဂုဏ်ပုပ်တတ်သည်၊ ဂုဏ်မမောက်နှင့် ဂုဏ် မောက်လျှင် ဂုဏ်ပျောက် တတ်သည်၊ ဂုဏ် မမော်နှင့် ဂုဏ်မော်လျှင် ဂုဏ်ချော် တတ်သည် " ဆိုသည့် ရှေးသူဟောင်းတို့၏ စကား ကို နှလုံး၌ အမြဲထားလျှက်- မိမိ၏သီလဂုဏ်၊ သမာဓိ ဂုဏ်၊ ပညာဂုဏ်၊ လောက ဂုဏ် စသည်နှင့်စပ်၍ အများအထင်ကြီးအောင် ဟန်ဆောင် မှုမရှိသည်ကို တွေ့ရပါသည်။ မိမိကိုယ်ကို ချီးမြှောက် လိုသည့် အတ္တုက္က သနအနေမျိုးဖြင့် လုံးဝဟောပြောလေ့ မရှိသည့်အပြင် သူတစ်ပါးကိုလည်း အထင်အမြင်သေး ခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ ဂုဏ်ကိုနှိမ်ချိုးလိုသည့် ပရဝမ္ဘန သဘောမျိုးဖြင့် ဘယ်သောအခါမှ ဟောပြောလေ့မရှိ သည်ကို တွေ့ရပါသည်။ ရိုးသားဖြောင့်မတ် တည်တံ့ မှန်ကန် သည့် လမ်းစဉ်အတိုင်းသာ မိမိကျောင်းတိုက် သာသနာ ကြီးပွားတိုးတက်စေရေး၊ ဘုရားရှင်သာသနာ ကြီးပွား တိုးတက်စေရေးကိုသာ အလေးထားဆောင်ရွက် အားထုတ်တော်မူလေသည်။

**ဆရာတော်ဘုရားကြီး၏ သာသနာပြုဆောင် ရွက်တော်မူပုံမှာလည်း နည်းယူမှတ်သား စံထားဘွယ် ကောင်းလှပေသည်။ အမှန်စင်စစ် ဝိသုဒ္ဓါရုံ ဗာရာဏသီ ကျောင်းတိုက်ကြီးသည်ကား စာသင်တိုက်ကြီးတစ်တိုက် ဖြစ်ပေသည်။ ထိုသို့ ဖြစ်လင့်ကစား စာပေကျမ်းဂန် သင်ကြားပို့ချရေးနှင့် စာမေးပွဲအောင်မြင်ရေးဆိုသည့် ဦးတည်ချက်တစ်ခုတည်းကိုသာ အလေးထား ဆောင် ရွက်တော်မူသည်ကားမဟုတ်** ကျင့်စဉ်ပဋိပတ်ကိုပါ **ယှဉ်တွဲလျှက် ကျင့်သုံးစေတော်မူသည်။**

ဆရာတော်ဘုရားကြီးသည် မိမိကျောင်းတိုက် သို့ ပညာရေးနို့ သောက်စို့ရန် ရောက်ရှိလာကြသည့် တပည့်တပန်း ရဟန်းသာမဏေများကို ရှေးဦးစွာ ဘုရားရှိခိုးမှအစ ညဥ့်ရွတ်နံနက်ရွတ် ပရိတ်ကြီး ဓမ္မစကြာများနှင့် သာမဏေဖြစ်လျှင်မူ ပစ္စဝေက္ခဏာ၊ လိင်ဒဏ်သေခိယ စုဒ္ဒသခန္ဓကဝတ်-ကလျာဏပုထုဇဉ် လုပ်နည်း (ခန္ဓာခွဲစသည်)များ၊ ရဟန်းဖြစ်လျှင်ကား ဘိက္ခုပါတိမောက်တစ်စောင်ကို သင်ယူစေသည်။

သင်ယူပြီးသမျှ **စာများကို မိမိထံတွင် အစ အဆုံး** ပြေပြစ်ချောမောစွာ ပြန်ဆိုစေပြီးမှ **အများနှင့် သက်ဆိုင်သည့် ကျမ်းစာများကို သင်ယူစေသည်။ ဆရာတော်ဘုရားကြီး၏ မေတ္တာ စေတနာကို မသိ နား မလည်ကြသည့် အခြားခြားသောကျောင်းတိုက်များမှ ရောက်ရှိလာကြသည့် ရဟန်းသာမဏေတို့သည်ကား ဤသို့ကျက်မှတ်ရသည်ကို ပျင်းရိကြ၍ ကျက်မှတ်လို စိတ်မရှိကြ၊ မလိုအပ်ဘဲနှင့် အချိန်ကုန်စေသည်။ စာမေးပွဲဝင်ရောက်နိုင်ရန် နှောင့်နှေးစေသည်၊ စသည် ဖြင့်အပြစ်ဆိုကာ** တခြားကျောင်းတိုက်သို့ ပြောင်း



ရွေ့သွားကြသော ရဟန်းသာမဏေများပင် ရှိခဲ့ကြ သည်။ အမှန်စင်စစ် ထိုပုဂ္ဂိုလ်တို့သည် တပည့်များ ကောင်းကျိုးကို ရှေးရှုဆောင်ရွက်တော်မူသည့် ဆရာတော်ဘုရားကြီး၏ မေတ္တာစေတနာအမှန်ကို မသိနားမလည်ကြသောကြောင့်ပင် ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီး၏ မေတ္တာ၊ စေတနာတို့သည်ကား အရွယ်ရောက်လာသည်နှင့်အမျှ အဖိုးမဖြတ်နိုင်သော ကျေးဇူးတရားများဖြစ်သည်ကို သိရှိနားလည်လာကြ မည်မှာ အမှန်ပင်ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီး၏ သည်းခံဓါတ် ခမာ ဂုဏ်သည်လည်း လွန်စွာမှပင် လေးစားကြည်ညို ဘွယ်ကောင်းလှသည်။ မလိမ္မာ မယဉ်ကျေးသည့် တပည့်မိုက်များက မပြုသင့် မပြောသင့်သည့် ကာယကံ၊ ဝစီကံမှုများကို ပြုမိ ပြောမိသည့် အခါများမှာလည်း ထိုတပည့်များအပေါ်၌ စိတ်ဆိုးခြင်း၊ ရန်ညိုးထားခြင်း အလျှင်း မရှိပေ။

ဆရာတော်ဘုရားကြီးသည် သူတစ်ပါးဆဲ လာလျှင် ဆဲရုံသာဆဲသေး၏၊ လက်နှင့်မှ



မရိုက်သေး၊ လက်နှင့်ရိုက်လာပြန်လျှင်လည်း ခဲနှင့်မှမပေါက်သေး၊ သည်းခံရမည်ဟူသော အရှင်ပုဏ္ဏမထေရ်၏ ထုံးကိုနှလုံး သွင်း၍ အရာရာတွင် စိတ်လိုက်မာန်ပါ မလွန်ကျူးမိအောင် အထူးသတိဆောင်တော်မူပါသည်။ သည်းခံဘို့ရန် မိန့်ကြားခဲ့သည့် ဆရာတော်ဘုရားကြီး၏ ဩဝါဒစကားကို မှတ်မိနေပါသေးသည်။ စာရေးသူ ဗာရာဏသီ တိုက်တွင် ပညာသင်ကြားစဉ်ကာလ တစ်နေ့သော နံနက်အရုဏ်ဆွမ်း အလှူခံကြွစဉ် စာရေးသူတို့ ဆွမ်းခံ သံဃာတန်းနှင့် အခြားကျောင်းတိုက် တစ်တိုက်မှ ဆွမ်းခံ သံဃာတန်းတို့ဆုံမိရာတွင် တစ်ဘက်သံဃာတန်းမှ ရဟန်းသာမဏေယ် အချို့က စာရေးသူတို့သံဃာ တန်းကို " ခလောက်လည်ဆွဲတဲ့ ပုဂ္ဂိုလ်တွေ ဘယ်ကိုသွားကြမှာလဲ " ဟု (သပိတ်အိတ်လွယ်ထားသည်ကို) ပြောင်လှောင်ပြောဆိုကြပါသည်။ ထိုအကြောင်းကို သိရှိတော်မူသောအခါ ဆရာတော်ဘုရားကြီးက ညဘုရားဝတ်တက်အပြီး ဩဝါဒစကား မိန့်ကြား ရာတွင် "ယနေ့တွေ့ကြုံခဲ့ရသည့် အကြောင်းအရာမျိုး နောင်ကြုံတွေ့လာလျှင် တစ်ဘက်ကဘယ်လိုပင် နောက်ပြောင်ပြောဆိုစေကာမူ မိမိတို့ဘက်က ဘယ်တော့မှ တုံ့ပြန်ပြောဆိုမှု မရှိစေနဲ့၊ အမှိုက်ကစ ပြဿဒ်မီးလောင်ဆိုတာလို ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ နောက်ပြောင် ရန်စ ပြောဆိုနေကြလျှင် သံသရာအဆက်ဆက် ဘယ်တော့မှ ရန်ဟာမငြိမ်းနိုင်ကြတော့ဘူး၊ ကျွဲနှင့်ခင်ပုတ်လိုပဲ နိုင်ရာစားနေကြမယ်။

ဘာ့ကြောင့်လဲဆိုလျှင် ရန်ငြိုးမပျောက်လို့ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ရန်ညိုးဖွဲ့ခြင်း၊

လက်စားချေခြင်း အမှုတွေ လုပ်နေကြမည်ဆိုလျှင် ကမ္ဘာ့ရန်ကြီးဖြစ်နေတော့မှာပဲ။ ဒါကြောင့် ရန်ငြိုး အာဃာတတွေ မထားကြနဲ့တော့ ဖျောက်ဖျက်လိုက်ကြ၊ ရန်ကိုရန်ချင်း တုံ့ပြန်မှုမပြုပဲ သည်းခံနိုင်မှသာ ရန်ဟာ ချုပ်ငြိမ်းသွား မှာဖြစ်ကြောင်း " ကို မိန့်ကြားတော်မူ၍ အောက်ပါ လင်္ကာကို လိုက်ဆိုစေသည်။ "ရန်မလိုမှ ရန်ပြုသည်၊ ရန်လိုလျှင် ရန်ပိုတတ်သည်။ ရန်မထောင်မှ ရန်အောင်သည်၊ ရန်ထောင်လျှင် ရန်လှောင်မိတတ်သည်။" ဟုမိမိပရိသတ်အား ရန်မပွားအောင် သည်းခံကြဘို့ရန် ဆုံးမတော်မူလေသည်။

ဆရာတော်ဘုရားကြီးသည် တပည့်ရဟန်း သံဃာတော်များအားလည်း လဟုက အာပတ်ငယ်များမှ စ၍ လေးစားလိုက်နာကျင့်သုံးကြရန် အမြဲမပြတ် သတိပေးဆုံးမတော်မူလေ့ရှိသည်။

"ဝိနယေဒွိတေ သာသနံဌိတံ၊ ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု-ရယ်လို့တော့ ရွတ်ကြ ဖတ်ကြ ဟောပြောတာတွေတော့ ရှိပါရဲ့၊ ရွတ်ဖတ် ဟောပြောကြ သည့်အတိုင်း ကျင့်ကြံပါမှ နေရာကြမယ်။

**သက်န်းသပိတ် ပရိက္ခရာ စသည်များကို အဓိဋ္ဌာန်ဝိကပ္ပနာပြု၍ အသုံးပြုကြပါမှ ဝိနည်းဟာ အသက်ရှိတယ်၊ တည်တယ်၊ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သုံးမည်ဆိုလျှင် ဆယ်ရက်လွန်က အာပတ်သင့်တာပဲ၊ အာပတ်သင့်တယ်ဆိုကတည်းက မကောင်းတော့ဘူး။ အာပတ်ဆိုတာ အကုသိုလ်ကိုခေါ်တယ်၊ ဒါကြောင့် ရဟန်းတော်များအနေနဲ့ အကုသိုလ်မဖြစ်ရအောင် သင်္ကန်းသပိတ်စသည်ကို အဓိဋ္ဌာန်တင် ဝိကပ္ပနာပြု၍ အသုံးပြုကြ" စသည်ဖြင့် သတိပေး ဆုံးမတော်မူလေ** သည်။

နိဿယည်းမယူမှု၍ အမှုမဲ့အမှတ်မဲ့ နေတတ် ကြသည့် ရဟန်းတော်အချို့ကို အကြောင်းပြု၍ " နိဿယည်း မလွတ်သေးသော အချို့ရဟန်းများ နိဿရည်းမယူဘဲ နေကြတာဟာ အာပတ်သင့် ...ပဲ၊ ဥပဇ္ဈာယ်ယူ သဒ္ဓိဝိဟာရိက တပည့်ဟူက ...ိုမြင်လျှင် နိဿရည်းယူစရာမလို၊ အန္တေဝါသိက



တပည့်များကတော့ နိဿယည်းယူနေမှ အပြစ်လွတ် တယ်၊ ၅-ဝါပြည့်၍ ဒွေမာတိကာစသည့်ဝိနည်း သိက္ခာ ပုဒ်များ၌ ကျွမ်းကျင်လိမ္မာ ပြည့်စုံလျှင်တော့ နိဿယည်းမယူဘဲ လည်းနေနိုင်သည်။ ဒါပေမယ့် လေးစားမှီခိုသည့် အနေဖြင့်၊ ဂရု နိဿယ အဖြစ် နိဿယည်းယူနေလျှင် အကောင်းဆုံးပဲ၊ ဒီလိုလိုက်နာကျင့်သုံးရမည့် အရာများကို သဒ္ဓါတရားနှင့် တတ်သိအောင်သင်ယူပြီး တတ်သိသည့်အတိုင်း ကျင့်သုံးကြပါမှ ဝိနည်းတည်တယ်။ အဲဒီဝိနည်း သိက္ခာပုဒ်ကို မကျင့်ကြတော့ဘူးဆိုရင်၊ ထိုဝိနည်းသိက္ခာပုဒ် သာသနာ ကွယ်နေကာပဲ " ဟု တပည့်ရဟန်း သံဃာ တော်များ၏အကျိုးကို ရှေ့ရှုဆုံးမတော်မူလေ့ရှိသည်။

ဤသို့ ကြီးကျယ်များလှ ကျေးဇူးဂုဏ်အနန္တကို ရည်မှန်းလျှက် ဆရာတော်ဘုရားကြီး၏ ကျေးဇူး ဂုဏ်တို့နှင့် နှိုင်းယှဉ်လျှင် မြူမှုံပမာဏသာရှိသည့် " **ရေးသိဖွဲ့မမီ ထေရ်ဂုဏ်ရည်** " စာတမ်းဖြင့် ကန်တော့ ပန်ဆင် ဂါရဝပြုလိုက်ရပါတော့သည်။

တပည့် -

ကိတ္တိဗလ (သာသနဓဇဓမ္မာစရိယ)

ညောင်နီ



မြန်မာနိုင်ငံတော်ပညာဌာန။

ပဌမမြန်မာပွဲ။

ရန်ကုန်မြို့။ ၁၉၃၅ ခုနှစ်၊ အောက်တိုဘာ လ ၂၅ ရက်။

ဦး[illegible] ၏ သား၊ အသက် ၃၀ နှစ်ရှိသူ ဦး[illegible] သည်၊

ပဌမကြီးတန်းတွင်သာလွန်အောင်မြင်သူဖြစ်၍၊ ၁၉၃၃ ခုနှစ်၊ ပဌမကျော်ဖြစ်ကြောင်းလက်မှတ် လွှာနိုး / အနေ

တော်မူသည်။

မြန်မာနိုင်ငံတော်ပညာဌာနဝန်ကြီး၊
ပဌမမြန်မာပွဲကော်မီတီအသင်းအကြီးဥက္ကဋ္ဌ၊

မြန်မာနိုင်ငံတော်ကိုစီရင်အုပ်ချုပ်တော်မူသော
ဘုရင်ခံမင်းကြီး။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# နိုင်ငံတော် သံဃမဟာနာယက ဆရာတော်

သာသနာတော်နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက် ( ၁၉၈၀-ပြည့်နှစ်၊ မေလ ၂၆-ရက်) တနင်းလာနေ့တွင် ရန်ကုန်မြို့ သိရီမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး သံဃာ့အစည်းအဝေးပွဲကြီးက နိုင်ငံတော်သံဃမဟာနာယကအဖြစ် ရွေးချယ်တော်မူချက်အရ ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သက်တော် ၇၀-နှစ်၊ သိက္ခာတော် ၅၀-ဝါရှိ ဆရာတော် ဘဒ္ဒန္တဓာနန္ဒပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ) အား နိုင်ငံတော် သံဃမဟာနာယက လက်မှတ်ကို ဆက်ကပ်ပါသည်။

( ဗိုလ်မှူးချုပ်စိန်လွင် )
ဝန်ကြီး
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်နေ့၊
၁၉၈၀-ပြည့်နှစ်၊ မေလ ၂၆-ရက်နေ့၊



ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ပိဋကတ္တယဆေကရဂုဏ်၊ ဂန္ထစရာဘာဂုဏ်၊ မဟာသေရဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် တို့နှင့် ပြည့်စုံတော်မူသော ပဲခူးတိုင်း၊ ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီ ကျောင်းတိုက်၊ မဟာနာယက ဗာရာဏသီ ဆရာတော် ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတာဘိဝံသ အရှင်မြတ်အား သာသနာတော်နှစ် ၂၅၂၄၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နတ်တော်လပြည့်ကျော် ( ၁၃ ) ရက်၊ ( ၁၉၈၁-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက် ) တနင်္ဂနွေနေ့တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ကောင်စီ

ဦးစန်းယု
နိုင်ငံတော်ကောင်စီ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်

\+++++++++++++++

သာသနာတော်နှစ် ၂၅၂၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက် ( ၁၉၈၅-ခုနှစ်၊ မေလ ၃၀-ရက် )ကြာသပတေးနေ့တွင် ရန်ကုန်မြို့ သိရီမင်္ဂလာကမ္ဘာအေး ကုန်းမြေ ဆင္ဃသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော ဒုတိယအကြိမ် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက နိုင်ငံတော် ဩဝါဒါစရိယဆရာတော်အဖြစ် ရွေးချယ်တော်မူချက် အရ ပဲခူးတိုင်း၊ ပြည်မြို့၊ ဝိသုဒ္ဓါရုံဓာရုဏာသီတိုက်၌ သီတင်းသုံးတော်မူသော သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၆၃) ဝါရှိ ဆရာတော် ဘဒ္ဒန္တ ဓာရုဏ ဗုဒ္ဓပဏ္ဍိတ ( အဂ္ဂမဟာပဏ္ဍိတ ) အား နိုင်ငံတော် ဩဝါဒါစရိယ လက်မှတ်ကို ဆက်ကပ်ပါသည်။

ဘဒ္ဒန္တကုမာရာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု
အကျိုးတော်ဆောင်ဆရာတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်နေ့
၁၉၈၅-ခုနှစ်၊ မေလ ၃၀-ရက်နေ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော်

အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ဂန္ထဓုရဗာဟုသစ္စဂုဏ်၊ ဗဟုဇနဟိတသုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ပဲခူးတိုင်း၊ ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၊

## နိုင်ငံတော်ဩဝါဒါစရိယ

## ဆရာတော်ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတာဘိဝံသ

အရှင်မြတ်အား သာသနာတော်နှစ် - ၂၅၃၄၊ ကောဇာ သက္ကရာဇ် ၁၃၅၂ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ - ရက်၊ (၁၉၉၁ - ခုနှစ်၊ ဇန်နဝါရီလ ၄ - ရက်) သောကြာနေ့တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

# ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး၏ ဘွဲ့တံဆိပ်တော်၊ တံဆိပ်တုံးနှင့် အလံတော်










အောင်လံမြို့နယ် ဇာတိ ဇိနံ့ကျေးရွာ
ဒွေ့ဘာတီကစေတီ

## အလှူဒါနနှင့် ကျေးဇူးရှင်ဆရာတော်ဘုရား



စစ်ကိုင်းအာယုဒါနဆေးရုံအတွက် သီတဂူဆရာတော်ထံ လှူဒါန်းစဉ်



အောင်လံမြို့နယ် ရွှေပန်းတောကျေးရွာ တိုက်နယ်ဆေးရုံအတွက်
မ,တည်အလှူငွေ တစ်သိန်းကျပ် လှူဒါန်းစဉ်



ဗဟန်း ရွှေကျင်နိကာယ သာသနာလင်္ကာရမဟာရုံကြီးအတွက်
တစ်သိန်းကျပ်မ,တည်၍လှူဒါန်းစဉ်



အောင်လံမြို့နယ် ရွှေပန်းတောကျေးရွာ တိုက်နယ်ဆေးရုံ



အောင်လံမြို့နယ် ဇာတိ ဇိနံ့ကျေးရွာရှိ ဗာရာဏသီဗိမာန်တော်

# ကျေးဇူးရှင်ဆရာတော်ဘုရားကြီး
# တည်ထောင်,သီတင်းသုံးတော်မူခဲ့သော ကျောင်းတိုက်များ

မြင်ဦးလှိုင်မြို့ ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် မုခ်ဦး





မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်
စည်ရှင်–ဒေါင်းမိုးကျောင်းဆောင်



မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်
ဆရာတော်ဘုရားကြီး ရဟန်းဖြစ်ရာသိမ်



မြင်ဦးလှိုင်မြို့ ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် အလယ်ဓမ္မာရုံကြီး



# တစ်သွေးတစ်သံ တစ်မိန့်အောက်မှ

## ကျေးဇူးရှင်ဆရာတော်ဘုရား

**သိမ်ဥူးဆရာတော်**

သက္ကရာဇ် ၁၂၉၂-ခုနှစ် ရဟန်းဝါ ၉-ဝါအရ တွင် ကျေးဇူးတော်ရှင် စည်ရှင်ဆရာတော်၏ အပ်နှံ စေခိုင်းမှုအရ ကျေးဇူးရှင်ဟာရာဏသီဆရာတော် ဘုရားကြီးသည် မေမြို့သို့ ကြွရောက်၍ ရွှေကျင်တိုက်ကို လက်ခံသိမ်းပိုက်ပြီးခါ ရဟန်းတော် ၅၀ကျော်တို့အား စာပေပရိယတ္တိများကို သင်ကြားပို့ချပေးခဲ့ပါသည်။

(ထိုအခါတွင် ကျောင်းထိုင် အင်္ဂါမပြည့်မှီသေး သဖြင့် စည်ရှင်ကျောင်းဘုန်းတော်ကြီး ဆရာတော် ဥူးကောဝိဒလိုက်ပါ စောင့်ရှောက်၍ ၂-နှစ်ကြာမျှ ကူညီနေထိုင်ပေးခဲ့ရပါသည်။) ၁၃၀၂-ခုနှစ် ဝါးတော ၁၉-ဝါအရတွင် အရိယဓမ္မပညာတော် သင်အဖွဲ့မှ ရွေးချယ်ခြင်းခံရသဖြင့်

အိန္ဒိယပြည်ဗာရာဏသီမြို့ ဟိန္ဒူယူနီဗာစီတီသက္ကတ ကောလိပ်၌ ဟိန္ဒူနှင့် သက္ကတဘာသာ စာပေများကို ၆-နှစ်ကြာမျှသွားရောက်၍ လေ့လာသင်ယူခဲ့ပါသည်။

ဗာရာဏသီဆရာတော်ဘုရားသည် ၁၃၀၈-ခုနှစ် နယုန်လတွင် အိန္ဒိယမှ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ မှတ်မိပါသေးသည် ဝါဆိုလဆန်း ၈-ရက်နေ့တွင် မန္တလေးမြို့မှ မေမြို့သို့ကြွရောက်ရာ ဤစာရေးသူလည်း နောက်ပါအဖြစ် လိုက်ပါခဲ့ရပါသည်။ မေမြို့ရောက်သောအခါ တပည့်ဒကာ၊ ဒကာမများက ဝမ်းမြောက်စွာဖြင့်သူ့ထက်ငါ ရှိခိုးဦးတိုက်ပြီး "ဆရာတော် သည်နှစ်မေမြို့မှာဘဲ ဝါဆိုတော်မူပါ" ဟု ဝိုင်းဝန်းလျှောက်ထားကြရာ ကြည်ဖြူစွာပင် လက်ခံလိုက်ပါသည်။

ထို့ကြောင့် ဝါဆို လဆန်း(၁၃)ရက်နေ့မှာ မန္တလေးသို့ ပစ္စည်းများ သယ်ယူရန် စေလွှတ် သဖြင့် သွားရပါသည်။ **မန္တလေး ရောက်ရှိပြီးနောက် ကျေးဇူးရှင်စည်ရှင်ဆရာတော်ဘုရား ထံ သွားရောက်၍ စာကို ဆက်ကပ်ရာ ကျေးဇူးရှင် စည်ရှင်ဆရာတော်ဘုရား၏ နှုတ်တော် မှ "သူတို့ကချည်း သူတို့ ဘုန်းကြီးလေးမို့ လွှမ်းသတဲ့လားဗျာ၊ ကျုပ်ကလဲ**



**ကျုပ်တပည့်ကို လွှမ်းတာ ပေါ့"လို့ " ခင်ဗျားဒကာ၊ ဒကာမတွေကို ပြောလိုက် ပါလေ"ဟု ပြောကြားမိန့်မှာပါသည်။** စာကိုလည်း ရေးပေးလိုက်ပါသည်။

သို့သော် မိမိနှင့်မသက်ဆိုင်သဖြင့် ဖတ်မကြည့်မိခဲ့ပေ။ ဝါဆိုလပြည့်နေ့တွင် ပစ္စည်းများနှင့်တကွ မေမြို့သို့ပြန်ရောက်သဖြင့် စာကိုဖတ်ကြည့်သောအခါမှ ဆရာတော်ဘုရားက "မင်းကွာ စာများဖတ်ကြည့်ပါတော့၊ စာမဖတ်ဘဲ ပစ္စည်းများ သယ်လာတော့ မောတာပေါ့၊ ဆရာတော်က မန္တလေးကို ပြန်ပြီးဝါဆိုရမယ်"တဲ့ဟု အမိန့်ရှိသဖြင့် အမောသာ အဖတ်တင်ခဲ့ရပါသည်။

ကျောင်းရောက်လာကြသော ဒါကာ/ဒါယိကာမများကိုလည်း "စည်ရှင်ဆရာတော်က မန္တလေးသို့ပြန်၍ ဝါဆိုရမည့်အကြောင်း အမိန့်ရှိသဖြင့် နက်ဖန်နက် ပြန်ရမည်"ဟု ဆရာတော်ဘုရားက ပြောဆိုပါသည်။ ထို့ကြောင့် ၁၃၀၈-ခုနှစ်၌ မန္တလေးတွင် ဝါကပ်ဆိုရပါသည်။

ထိုနှစ် ထိုအချိန်မှစ၍ တပည့်ကြီး(၃)ပါးကို ကွဲပြားခြားနားအောင်

၁။ ပိုက်ကျိုးကျောင်းပေါ်၌ သီတင်းသုံးနေထိုင်လျှက်ရှိသော တပည့် ကို "ပိုက် ကျိုး ဆရာတော်"

၂။ အသောကာ ရုံတိုက်ပေါ်၌ သီတင်း သုံးနေထိုင်လျှက်ရှိသောတပည့် ကို "အသောကာရုံ ဆရာတော်"

၃။ အိန္ဒိယပြည် ဗာရာဏသီတက္ကသိုလ်မှ ပြန်ကြွလာသော ဆရာတော် ကို "ဗာရာဏသီဆရာတော်" ခေါ်ရမည် ဟု ဝိသေသ နာမည် တပ်၍ သတ်မှတ်ပေး လိုက်သည်။

ထိုအချိန်မှစ၍ ကျေးဇူးတော်ရှင် စည်ရှင်ဆရာတော်ဘုရား၏ ခေါ်ဆိုချီးမြှောက်မှုကြောင့် ဗာရာဏသီဆရာတော် ဟုနာမည်ကျော်ကြား ထင်ရှားလာခဲ့ပါသည်။

၁၃၀၉-ခုနှစ်နှင့် ၁၃၁၀-ခုနှစ်တို့မှာ မေမြို့ရှိ ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၌ ပြန်လည်ဝါဆိုသီတင်းသုံးနေထိုင်ပါသည်။

၁၃၁၀-ခုနှစ် နတ်တော်လတွင် ကျေးဇူးရှင် စည်ရှင် ဆရာတော်မကျန်းမမာ၍ ဆေးရုံတက်ရောက်ကုသနေရပါသည်။ ထိုအချိန်က ဤစာရေးသူသည် စာမေးပွဲဖြေရန်အတွက် မန္တလေးသို့ဆင်းလာပြီး



ဆေးရုံသို့တက်ရောက်ကုသနေရသော ကျေးဇူးတော်ရှင် စည်ရှင်ဆရာတော်ထံမှောက်သို့ သွားရောက်ကန်တော့သောအခါ ဆရာတော်က “မင်းဆရာ ပါမလာဘူးလား”ဟု မေးပါသည်။ ထိုအခါ မိမိမှ “ကိစ္စလေးတစ်ခု ရှိနေ၍ ဆရာတော်ပါမလာသေးပါဘုရား”ဟု လျှောက်ထားရာ“အော်အော် မိမိ၏ ဆရာသမားနာမှုကိစ္စဖြစ် နေတာထက် အခြားအရေးကြီးသော ကိစ္စများရှိသေးသတဲ့လားကွာ”ဟု အမိန့်ရှိသဖြင့် ဤစာရေးသူသည် များစွာပင် ယူကြုံးမရ ဝမ်းနည်းခြင်းဖြစ်သွားပါသည်။

ထိုအကြောင်းကို စာရေး၍မီးရထားကြုံဖြင့် ဆရာတော်ထံပို့လိုက်ရာ ညနေခင်းတွင် မေမြို့မှ မီးရထားဖြင့် လိုက်ပါလာခဲ့ပြီး ဆေးရုံရှိ ဆရာတော်ထံသို့ ချက်ချင်းသွားရောက်ခဲ့ပါသည်။ **ဆရာတော်လာသည်ကို မြင်လျှင်မြင်ချင်း ဆေးရုံကုတင်ပေါ်မှ လူ မမာဆရာတော်သည် ဝမ်းသာအားရမျက်နှာတော် ကြည်လင် ရွှင်ပျလာပါသည်။ ထိုအခါမှ မိမိလည်း စိတ်လက်ပေါ့ပါးသွားပါသည်။**

ဤမျှလောက်ပင် ကျွန်ုပ်တို့၏ဆရာတော်သည် မိမိ၏ကျေးဇူးရှင်ဆရာတော် အပေါ်၌ အလွန်ပင် အရေးထားဂရုစိုက်တော်မူပါသည်။

၁၃၁၀-ခုနှစ်၊ နတ်တော်လဆုတ် ၁၀-ရက်နေ့ မှာပင် ကျေးဇူးရှင်စည်ရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ သာသနာပိုင် ဆရာတော်ကြီးနှင့် သီတင်းသုံးဘော်များ၏ ခေါ်ဝေါ်မှု တိုက်တွန်းမှုများကြောင့် ၁၃၁၁-ခုနှစ်တွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ စည်ရှင်-ဒေါင်းရိုးတိုက်ကျောင်းပေါ်၌ သီတင်းသုံးနေထိုင်၍ ပိုက်ကျိုးဆရာတော်၊ အသော ကာရုံ ဆရာတော်တို့နှင့်အတူ လက်တွဲခါ သာသနာ့ တာဝန်များကို ထက်သန်စွာ ထမ်းဆောင်ခဲ့ပါသည်။

၁၃၁၅-ခုနှစ်တွင်လည်း သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် သီရိလင်္ကာနိုင်ငံသို့ ကြွရောက်၍ ကိုလံဘိုမြို့၊ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်၌ သီဟိုဠ်ကျွန်း ရွှေကျင်နိကာယမဟာနာယက ခန့်အပ်လွှာကို အခမ်းအနားဖြင့် ခန့်အပ်တော်မူခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့၏ဆရာတော်သည် မိမိကျေးဇူးရှင်ဖြစ်သော ဆရာတော်ကြီးများ၏ အမိန့်ဩဇာအတိုင်းသာ လိုက်နာဆောင်ရွက်လေ့ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။

တပည့်-ဝိသာရဒပဏ္ဍိတ

---

*“ ကွာခြားချက် ”*

*သာသနာပြင်ပဆရာသည် တစ်ဘဝအတွက်လောကီပညာကို အခယူ၍သင်ပေးသည်၊*

*သာသနာတွင်းဆရာသည် ဘဝများစွာအတွက် ပိဋကတ်ပညာကို ဆွမ်းသက်န်းပေး၍ သင်ပေးသည်၊*



# ဗာရာဏသီမဟာထေရ်ဘုရားနှင့် ခြောက်နှစ်တာကာလ

အရှင်အဘယ (နယူးယောက်)

**'မမေ့နိုင်သောပုဂ္ဂိုလ်များ'**

ဘဝနတ်ထံ ပျံလွန်တော်မူသွားသော ကျေးဇူးတော်ရှင် ဗာရာဏသီ မဟာထေရ်ဘုရား၏ ဂုဏပူဇာ နှစ်တစ်ရာ (ရာပြည့်) မွေးနေ့ပူဇော်ပွဲကို (၁၄-၇-၂၀၀၂)နေ့တွင် ကျင်းပပြုလုပ်ရာတွင် ဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍ "ရာပြည့် အထိမ်းအမှတ် စာစောင်" ထုတ်ဝေမည်ဖြစ်ရာ (ဆရာတော်ဘုရားကြီး၏ဂုဏ်၊ကျောင်းတိုက်၏ဂုဏ်၊ ဘာသာ၊ သာသနာနှင့် ပတ်သက်သော) စာမူများကို ချီးမြှင့် ဂုဏ်ပြုပေးကြရန် မေတ္တာရပ်ခံအပ်ပါသည်- ဆိုသော စာမူတောင်းခံလွှာ (၁၈-၃-၂၀၀၂) နေ့တွင် လူကြုံဖြင့် တစ်ဆင့် ရောက်ရှိခဲ့သည်၊ "သေသောသူကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့" ဆိုသော မြန်မာ့ဆိုရိုးစကား ရှိခဲ့သော်လည်း ကမ္ဘာ, မိမိတို့နိုင်ငံနှင့် မိမိတို့ အမျိုးဘာသာ သာသနာ ၏ အကျိုးအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့ကြသော ကမ္ဘာ့ခေါင်းဆောင် နိုင်ငံခေါင်းဆောင် ကာယ ဉာဏ ပညာရှင်များနှင့် ဘာသာရေး ခေါင်းဆောင် သာသနာရေး ခေါင်းဆောင် အာဇာနည်ပုဂ္ဂိုလ်များကို မူ မမေ့နိုင်ကြပါ၊ မေ့လေ့မရှိကြပါ၊

ဥပမာအားဖြင့် ဘာသာရေး ခေါင်းဆောင်များဖြစ်သည့် ဘုရားမြတ်စွာ၊ မဟာဗြဟ္မာကြီး၊ ခရစ်တော်၊ မိုဟာမက်နှင့် အခြားသော

ဘာသာ ရေးဦးဆောင်ပုဂ္ဂိုလ်များ၊ အမေရိကန်သမ္မတ ဂျော့ဝါရှင်တန်၊ အီဗရာဟင်လင်ကွန်း၊ အင်္ဂလန် ဝန်ကြီးချုပ် ဝင်စတန်ချာချီ၊ အက်တလီ၊ ဆိုဗီယက် ယူနီယံ လီနင်၊ စတာလင်၊ တရုတ်ခေါင်းဆောင် မော်စီတုံး၊ ချူအင်လိုင်း၊ အိန္ဒိယခေါင်းဆောင် မဟတ္တမဂန္ဒီကြီး၊ ပဏ္ဍစ်နေရူး၊ ဂျပန်ဝန်ကြီးချုပ် တိုကျို၊ အင်ဒိုနီးရှားသမ္မတဆူကာနို၊ ကမ္ဘောဒီးယားခေါင်းဆောင် သီဟာနု၊ မြန်မာ့ခေါင်းဆောင်များ ဖြစ်ကြသည့် အနော်ရထာမင်း၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းမင်းတရားကြီး၊ ဗိုလ်ချုပ်အောင်ဆန်း၊ သာသနာ့ခေါင်းဆောင်များဖြစ်သည့် ရှင်အရဟံ၊ ဆရာတော် ဦးဗုဒ်၊ ရွှေကျင်ဆရာတော်၊ လယ်တီဆရာတော်၊ မန်လည်ဆရာတော်၊ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်၊ ဒွါရဂိုဏ်းသာသနာပိုင် အုတ်ဖိုဆရာတော်၊ မန္တလေး-မစိုးရိမ်ဆရာတော်၊ ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်၊ အမရပူရ၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၊ မဟာစည်ဆရာတော်၊ မင်းကွန်းတိပိဋကရေ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ စသည်တို့ဖြစ်ကြသည်၊ မိမိတို့ဆိုင်ရာ အခြားသော ဆရာတော် သံဃာတော်များနှင့်နိုင်ငံရေးခေါင်းဆောင်၊ စာရေးဆရာ၊ အနုပညာရှင်များလည်း ရှိကြသေးသည်။

"သေသောသူ ကြာရင်မေ့၊ ပျောက်သောသူရှာရင်တွေ့"ဆိုသော ဆိုရိုးစကားသည် ယေဘုယျသဘောအားဖြင့် ဆိုထားသော စကားသာဖြစ်သည်၊ ဘာသာရေးခေါင်းဆောင် ကမ္ဘာ့ခေါင်းဆောင်၊ နိုင်ငံ့ခေါင်းဆောင် ပုဂ္ဂိုလ်များကိုမူ သားစဉ်မြေးဆက် မမေ့နိုင်ကြပါ။ ယင်းပုဂ္ဂိုလ်များသည် ကမ္ဘာ့သမိုင်း နိုင်ငံ့သမိုင်း အသီးသီးတွင် ထာဝစဉ် ဥဒါန်းတွင်ကျန်ရစ်မည့်ပုဂ္ဂိုလ်များပင် ဖြစ်ကြသည်။

"ဂုဏပူဇာ နှစ်တစ်ရာ'

ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားသည် မြန်မာတစ်နိုင်ငံလုံး မကျော်သော်လည်း ရွှေကျင်နိကာယအတွင်း၌ ထင်ပေါ်ကျော်ကြား လူသိများသော ဆရာတော်ပင်ဖြစ်သည်၊ ရွှေကျင်ဂိုဏ်းတွင် ရတောင့်ရခဲဖြစ်သော တွဲဘက်ရွှေကျင်သာသနာပိုင်ဆိုသည့် ဂုဏ်ထူးဘွဲ့ထူးဖြင့် ဂိုဏ်းဝင်သံဃာတော်များက တစ်ညီတစ်ညွတ်တည်း တင်မြှောက်ပူဇော်ခြင်းခံရသည်။

ထို့ပြင် သာသနာရေး လောကတွင် အောင်ပွဲရရန် အလွန်ခက်ခဲ၍ အသက်နှင့် ရင်းနှီးလျက် ကြိုးစား အားထုတ်မှသာ အောင်မြင်နိုင်သဖြင့် ရဟန်းရှင် လူအားလုံးက 'သက်ကျသီဟလူသတ် စာမေးပွဲကြီး' ဟုတင်စားထားကြသည့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ စာမေးပွဲကို အောင်မြင်သောကြောင့်'ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ'ဆိုသည့် "အဘိဝံသ" ဘွဲ့ထူးကိုလည်း ဆွတ်ခူးရရှိခဲ့သည်။ အင်္ဂလိပ်ခေတ်တွင် 'အစိုးရ ပထမကျော်' အောင်ပန်းကိုလည်း ဆင်မြန်းပန်ဆင်နိုင်ခဲ့သည်၊ တစ်ဖန် ပါတီကောင်စီအစိုးရခေတ်တွင် 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့နှင့်န-ဝ-တအစိုးရခေတ်တွင်'အဘိဇမဟာ ရဋ္ဌဂုရု' မင်းပေးတံဆိပ်ကိုပါ လက်ခံ ရရှိတော်မူခဲ့သည်။ တစ်ဖန် ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယက၊ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံတော်ဩဝါဒါစရိယလည်း ဖြစ်တော်မူခဲ့သည်။

ရွှေကျင်နိကာယတွင် အဂ္ဂမဟာပဏ္ဍိတ၊ ဥပဥက္ကဋ္ဌ၊ တွဲဘက်သာသနာပိုင်ဖြစ်တော်မူသော စည်ရှင်ဆရာတော်ဘုရားကြီး၏ ဒက္ခိဏဗာဟု-ညာ လက်ရုံးဖြစ်သည့် အပြင် ရွှေကျင်ဂိုဏ်း၏ အကျိုးတော်ဆောင်ချုပ် တာဝန်ကိုလည်း အချိန်ကြာမြင့်စွာ ယူတော်မူခဲ့သည်။ သို့ဖြစ်၍ ဆရာတော်ဘုရားအား ရွှေကျင်ဂိုဏ်းဝင်သံဃာတော်များနှင့် သက်ဆိုင်ရာရဟန်းရှင်လူတပည့်များက မမေ့နိုင်ကြပါ၊ ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးတို့ကို နေ့စဉ်နေ့တိုင်း ပူဇော်ကန်တော့ရသည်ကို အားမရနိုင်သဖြင့် ဂုဏပူဇာ နှစ်တစ်ရာ (ရာပြည့်)မွေးနေ့ပူဇော်ပွဲကို ကျင်းပပြုလုပ်၍ ပူဇော်ကန်တော့ကြခြင်းဖြစ်သည်။

'ငယ်စဉ် ဘဝ'

ဂုဏပူဇာ နှစ်တစ်ရာပြည့် ပူဇော်ပွဲကို ကျင်းပပြုလုပ်မည့် သတင်းကိုသိရသည့်အခါ လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်က ဆရာတော်ဘုရားနှင့်မိမိ ဆရာတပည့် အဖြစ်ဖြင့် တွေ့ကြုံဆုံဆည်းခဲ့ရပုံများသည် မိမိ၏ စိတ်အစဉ်မှာ အတိတ်၏ အရိပ်ပမာ စဉ်ဆက်မပြတ် ရိုက်ခတ်ပေါ်လာတော့သည်၊ ၁၃၂၂-ခုနှစ်၊ နယုန်လပြည့်ကျော် (၃)ရက်နေ့ မနက်စောစောတွင် မိမိ၏ မူလ ကျေးလူရှင် ဆရာဖြစ်တော်မူသော ရွှေတောင်မြို့နယ်၊ မန်ကျည်းပေါက်ကုန်းရွာ၊ သိပ္ပံကျောင်း၊ ဆရာတော်ဦးကုမာရ၊ ဇကရာဇ်ကုန်းရွာ၊ ရင်းတိုက်ကွင်းတောရကျောင်း၊ ဆရာတော် ဦးဥက္ကံသဇောတိ(ပျံလွန်) ရှင်တိက္ခာစာရ (ယခု-ဦးတင့်ဝေ၊ ရန်ကုန်)၊ မိမိနှင့်အတူ ဒေါ်သိန်းရွှေ (ရှင်တိက္ခာစာရ၏ ရှင့်အစ်မ)၊ ဒေါ်သိန်းဟန် (မိမိ၏မိခင်)တို့သည် ဇာတိရွာ၊ မန်ကျည်း ပေါက်ကုန်းမှ ရွှေတောင်မြို့သို့ မြင်းလှည်းဖြင့်သွား၍ တစ်ဖန်ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဟာရာဏသီတိုက်သို့ ကားဖြင့်သွားခဲ့ကြသည်၊ ဆရာတော်များနှင့် မိခင်များက မိမိတို့အား စာချဆရာတော်ထံ စာသင်ရန် အပ်နှံပြီးလျှင် နေ့လယ် တစ်နာရီတွင် ဇာတိရွာသို့ ပြန်သွားကြသည်။

ထိုစဉ်က ဟာရာဏသီ ဆရာတော် တွံတေးမြို့သို့ ဘုန်းကြီးပျံပွဲကိစ္စဖြင့် ခရီးကြွနေသဖြင့် စာချဘုန်းကြီး ဦးဝိသာရဒပဏ္ဍိတ(ယခု-အဂ္ဂမဟာပဏ္ဍိတ၊ လောကုတ္တရာသိမ်ဥူဒတိုက်၊ တောင်ငူမြို့)က မိမိတို့နှစ်ပါးအား ဆရာတော့်ကိုယ်စားလက်ခံထားသည်။

ဆရာတော်သည် ဝါဆိုလဆန်းမှ ခရီးပြန်ကြွလာရာ စာချဘုန်းကြီးက မိမိတို့အား ဆရာတော်ထံ ပို့ပေးခဲ့သည်။ ဆရာတော်က သူ၏တပည့် ဘုန်းကြီး ဦးဥက္ကံသဇောတိ၏ တပည့်အဖြစ်ဖြင့် အသိအမှတ်ပြုခဲ့သည်။ ဘုန်းကြီးဦးဥက္ကံသဇောတိသည် မန္တလေးမြို့၊ အနောက်ပြင်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် စာသင်ပြီး 'သာသနဓဇသိရီပဝရ ဓမ္မာစရိယ' ဘွဲ့ကို ရရှိခဲ့သဖြင့် ဆရာတော်ဘုရား၏ တပည့်ရင်း ဖြစ်သည်။ မိမိတို့သည် ၎င်းဘုန်းကြီး၏ အဆက်အသွယ်ဖြင့် ဝိသုဒ္ဓါရုံဟာရာဏသီတိုက်သို့ ရောက်ရှိခြင်းပင်ဖြစ်သည်။ ကျောင်းတိုက်သည် ၁၃၂၁-ခုနှစ်မှ စတင်ဖွင့်လှစ်ခြင်းဖြစ်ရာ မိမိတို့က ဒုတိယနှစ်မှ ရောက်ရှိခြင်း ဖြစ်၏။

ရောက်စနှစ်တွင် ကျောင်းတိုက်၌ ဆရာတော်နှင့် စာချဘုန်းကြီး ဦးဝိသာရဒပဏ္ဍိတ၊ စာချဘုန်းကြီးလေး ဦးဝိစိတ္တစာရ (နောင်-အဂ္ဂမဟာပဏ္ဍိတ၊ ဒုတိယမြောက်၊ ပဓာနနာယကဆရာတော်၊ ပျံလွန်) တို့က စာချနာယက အုပ်ချုပ်ရေးတာဝန်ယူ၍ ဘုန်းကြီးဦးနန္ဒာသဘ (တောင်ငူမြို့)၊ ဘုန်းကြီးဦးနာဂဝံသ

*ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးတို့ကို နေ့စဉ်နေ့တိုင်း ပူဇော်ကန်တော့ရသည်ကို အားမရနိုင်သဖြင့် ဂုဏပူဇာ နှစ်တစ်ရာ (ရာပြည့်)မွေးနေ့ပူဇော်ပွဲကို ကျင်းပ ပြုလုပ်၍ ပူဇော်ကန်တော့ကြခြင်းဖြစ်သည်။*

နှင့် (ယခု-ပဓာနနာယကဆရာတော်) ဘုန်းကြီးဦးကောဏ္ဍည (သခွပ်ပင်လယ်ရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်း) တို့ကအကူစာချ တာဝန်ကိုယူကြသည်။ ရှေ့ပိုင်းတွင် စာချဘုန်းကြီးနှစ်ပါးက ဆွမ်းစားကျောင်းတာဝန်ကို ယူ၍ နောက်ပိုင်းကျမှဘုန်းကြီးဦးဩဘာသက ယူခဲ့သည်။

သံဃာတော်(၄၀)ခန့်သာရှိပြီး ကျောင်းသား (၁၅)ယောက်ခန့်ရှိသည်၊ ကျောင်းအဆောက်အအုံများက ယခု အလယ်တိုက်ကြီး၊ မဟာဗကုလကျောင်းနေရာ၌ နှစ်ထပ်သစ်သားဆောင်၊ နှစ်ထပ်သစ်သား ဆွမ်းစားဆောင်နှင့် ဒေါ်အမာကျောင်းနေရာ၌ နှစ်ထပ်တိုက်လေးသာရှိသည်။ (ထိုစဉ်မိမိနှင့် အတူနေခဲ့သည့် သံဃာတော်များတွင် ယခုအခါ ကျောင်းတိုက်၌ ဆရာတော်ဦးနာဂဝံသနှင့် ဆွမ်းစားကျောင်း ဆရာတော် ဦးဩဘာသသာ ရှိတော့၏။)

ရှေ့ကျောင်ဂိုဏ်းနှင့် စာရေးသူ

မိမိသည် လူငယ်တို့ဘဝ အတုမြင်အတတ်သင်ကာ လူကြီးတွေ ဆေးလိပ်သောက်သည်ကို အားကျပြီး ကျောင်းသားအရွယ်က စပြီးဆေးပေါ့လိပ် သောက်ခဲ့သည်၊ (၁၁)နှစ်အရွယ် ကိုရင်ဝတ်သည့် အခါတွင်လည်း ဆေးလိပ်မပြတ်ဘဲ ဆက်ပြီးသောက်ခဲ့သည်။ မိမိ၏ မွေးစားအစ်ကို ဦးကာဝေယျသည် မိမိအား ဆေးလိပ်မသောက်ရန် ရိုက်နှက်ပြီး ဆိုဆုံးမသော်လည်း မွေးစားမိခင်က သူ့သား ဦးပဋ္ဌင်း မသိအောင် ဆေးလိပ်ကို မိမိအား ခိုးဝှက်ပြီးပေးသဖြင့် သောက်မြဲ သောက်ခဲ့သည်။ ဆေးလိပ်မပြတ်မှုန်း သိသဖြင့် မိခင်ရင်းက ဆေးပေါ့လိပ်အစား ဆေးတန်သောက်ဖို့ ပြောဆိုရင်း ဆေးတန်တလုံး ဝယ်ပေးခဲ့သည်။ တစ်ဖန် ဆေးတန်က ကိုရင်နှင့် မလိုက်ဖက်သဖြင့် ဆေးပြင်းလိပ်သောက်ရန် ပြောလာ၍ ဆေးတန်ကိုဖြတ်ပြီး ဆေးပြင်းလိပ်ကို သောက်ခဲ့ပြန်သည်။ မိမိကား ဆေးပေါ့ ဆေးပြင်း ဆေးတန်အပြင် စီးကရက်ပါ သောက်တတ်တော့သည်။

ဆရာတော်ကလည်း သူ့ရှေ့မှာမသောက်ရန်သာ အမိန့်ရှိသဖြင့် အခြားကွယ်ရာတွင် သောက်မြဲပင်ဖြစ်နေသည်။ ရခဲ ကွမ်းပါ စားလိုက်သေးသည်။ စာသင်တိုက်ပို့ခါနီး တစ်ပတ်ခန့်အလိုတွင် 'တိက္ခနဲ့ အဂ္ဂ-မင်းတို့နေရမယ့် ကျောင်းတိုက်က ဆေးလိပ်မသောက်ရ၊ ဆေးမဝါးရဘူး၊ ဆေးလိပ်သောက်ရင် သူ့တို့ကျောင်းမှာ နေခွင့်မရဘူး၊ ခုကတည်းက ကြိုတင်ပြီး ဆေးလိပ်ဖြတ်ထားကြ၊' ဟုဆရာဘုန်းကြီးက အမိန့်ရှိထားသည်၊ မိမိသည် ဆရာပြောသည့် ရက်ကစပြီး ဆေးလိပ်ကို ဖြတ်ပစ်လိုက်သည်၊ ကျောင်းတိုက်ရောက်ပြီး ဆေးလိပ်မသောက်ရသဖြင့် ဇာတိရွာသို့ပြန်ပြေးရန် အကြိမ်ကြိမ်ကြံမိသေးသည်၊ ဘိန်းစွဲနေသည့် ဘိန်းသမားလို ဘိန်းမစားရ၍ ဘိန်းအစား ဆေးလိပ်ကို ပြောင်းသောက်သကဲ့သို့ ကျောင်းတိုက်ထဲတွင် ဆေးစွဲနေသည့် ဘဝတူကိုရင်နှစ်ပါးနှင့် ဦးပဋ္ဌင်းနှစ်ပါးကို တွေ့ရသည်၊ သူတို့သည် ဆေးလိပ်အစား ဆေးရွက်ကြီးကို ဝါးငုံနေကြသည်။

တစ်လအတွင်းမှာ သမဏောန သမဏော၊ ဂေါဏောန ဂေါဏော= သူယုတ်ချင်းချင်း သတင်းလွေ့လွေ့ဆိုသလို သူတို့နှင့်အပေါင်းအသင်းဖြစ်သွားတော့သည်။ မိမိသည် ဆေးလိပ်အစား ဆေးဝါးရာ ခံတွင်းချဉ်ပြေလာသည်။ သို့ရာတွင် ဆေးလိပ်သောက်ရသလိုတော့ အာသာမပြေဖြစ်နေသည်။ ဆေးငုံတာက ဆေးသောက်သလောက် အပြစ်ဒဏ် မကြီးလေးသဖြင့် ဆေးလိပ်မသောက်ဝံ့ဘဲ ရသေ့စိတ်ဖြေ ဆရာတော် မသိအောင် ဆေးကိုသာ ခိုးဝှက်ပြီး ဝါးငုံနေရသည်။

ဂင်းနှစ်တွင် မိုးရာသီက အလွန်ကောင်းမွန်သဖြင့် မိုးတွေ အဆက်မပြတ် ရွာသွန်းနေသည်။ ညနေ စာအံကျောင်းဆင်းချိန် ၅နာရီခန့်တွင် ဆရာတော်သည် မိုးရွာနေတုန်း ထီး တစ်လက်ဖြင့် ရေမြောင်းတွေကို လိုက်ကြည့်နေရာ ရေစီးမကောင်းသဖြင့် မိမိကိုခေါ်ပြီး ပေါက်တူးဖြင့် အပြင်ခိုင်းသည်။

မိမိသည် ပါးစပ်ထဲမှာဆေးဝါးရင်း ဆေးဖတ်ကိုမထွေးဖြစ်ဘဲ ဆရာတော်နှင့်အတူ မိုးရှာထဲတွင် ရေစီးကောင်းအောင် ရေမြောင်းပြင်ခဲ့သည်။ ဆေးဝါးသည့်ဆေးသမားနှင့် ကွမ်းသမားများသည် တံတွေးကို မကြာခဏထွေးပစ်မှ အဆင်ပြေသည်။ မထွေးလျှင် စကားပြောရာတွင် အဆင်မပြေဖြစ်တတ်သည်။ မိမိသည် ပါးစပ်ထဲ ဆေးရှိနေ၍ ဆရာတော်နှင့် စကားပြောရာမှာ အဆင်မပြေဖြစ်နေသည်။ အဆင်ပြေအောင် တံတွေးထွေးလျှင်လည်း ဆရာတော်သိမည်ဖြစ်၍ ဆေးဖတ်အားလုံးကို ဝါးမျိုပစ်လိုက်ရသည်။

ဆေးငုံ ရင့်သောသူတွေအတွက် ဘာမှမဖြစ်နိုင်သော်လည်း ဆေးငုံသက် နုသောမိမိမှာမူ ဆေးဖတ်တွေ ပါးစပ်ထဲရောက်ပြီး မကြာခင် ခေါင်းမူးကာ မြေပေါ်မှာ လဲကျသွားတော့သည်။ ဆရာတော်က မိမိအဖြစ် ကိုမသိဘဲ'မောင်ရင် အဂ္ဂဥာနကြီး အအေးပတ်ပြီး မူးလဲသွားလို့ လာခေါ်ကြပါ' ဟု အခြားကိုရင်များအား အခေါ်ခိုင်းပြီး ဆေးတိုက်စေကာ ထိုနေ့ညမှာ ဘုရားရှိခိုးဝတ်၊ စာအံဝတ်များမှ လွတ်ငြိမ်းခွင့်ပေးလိုက်ပါသည်။ တပည့်မိုက်၏ အဖြစ်မှန်ကို ပျံလွန်တော်မူသည့်တိုင်အောင် သိခွင့်ရမသွားရှာသော ဆရာတော်ဘုရားအား သည်းခံခွင့်လွှတ်ပါရန် လျှောက်ထားအပ်ပါသည်။

၁၃၂၂-ခုနှစ်မှစ၍ ယနေ့တိုင် ယင်းဆေးသောက် ဆေးဝါးမှုများကို လုံးဝရှောင်ကြဉ်နိုင်ခဲ့သဖြင့် မိမိအတွက် ရွှေကျင်ဂိုဏ်း၏ ပွဲဦးထွက် ကျေးဇူးပင်ဖြစ်သည်၊ ယခုလို အခြေအနေသို့ ရောက်ရှိနေခြင်းသည်လည်း ရွှေကျင်ဂိုဏ်းနှင့် ယခုထက်တိုင် သက်တော်ထင်ရှားရှိသော ကျေးဇူးတော်ရှင် ဇာတိရွာ၊ သိပ္ပံကျောင်း ဆရာတော်ဘုရားကြီးမှစပြီး ရွှေကျင်ဂိုဏ်းဝင် ဆရာသမားအားလုံး၏ ကျေးဇူးပင်ဖြစ်ပါသည်။

'ဘုရားသံဃာ ဆရာသမားထံတော်ပါး ခစားဘယ်သို့ ဝင်မည်နည်း၊ လက်ကန်တော့ထိုး လက်အုပ်မိုး ရှိခိုးဝင်ပါမည်။ စသည့်ရွှေကျင်ကျောင်းသား ကျင့်ဝတ်စည်းကမ်းများနှင့်အညီ သံဃာတော်များပါ လိုက်နာကျင့်သုံးကြရာ မိမိသည် တောကျီးကန်းကြီး မြို့ရောက်လာသလို မခေါ်တတ် မပြောတတ် မနေတတ် မထိုင်တတ်ဖြစ်နေ၏။ ဘုရားရှိခိုးပြီးသည့်အခါ နောက်ဆုတ် ထ၍သွားပုံ၊ စကားပြောသည့်အခါ၊ မသိဘူးအစား၊ မသိပါဘုရား၊ သိပါတယ်ဘုရား စသည်ဖြင့် 'ပါဘုရား'ကို ထည့်စွက်၍ ပြော[illegible] ရန် ဆရာတော်က သ[illegible]: သည် ရောက်စတွင် ဆေးလိပ်မသောက်ရခြင်း၊ သပိတ်အိတ်ကိုင်ရခြင်း၊ သပိတ်နှင့် ဆွမ်းစားရခြင်း၊ နေကထိုင်ခင်း သုံးရခြင်း စသည် ကြောင့် ရွှေကျင်ဂိုဏ်းကို 'သူများထက်ထူးတယ်'ဟန်ဆောင်တယ်' စသည်ပြောဆို၍ လုံးဝမကြိုက်နှစ်သက်ခဲ့ပါ။ သို့ရာတွင် အနေကြာလာလေ သဘောကျလာလေဖြစ်ပြီး ရွှေကျင်ဂိုဏ်းစွဲ ပြင်းထန်ခဲ့တော့သည်။

## 'မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိ'

ရှင်တိက္ခာစာရနှင့် မိမိသည် သိတင်းကျွတ်လျှင် ဇာတိရွာပြန်၍ အခြားကျောင်းတိုက်သို့ ရွှေ့ပြောင်းရန် ဆရာဘုန်းကြီးအား လျှောက်ထားသည့်အထိ ရွှေကျင်ဂိုဏ်းကို အမုန်းပွားခဲ့သော်လည်း ဝါစ်နှစ်ကျော်လာသည့်အခါ ဆရာတော်ဘုရားနှင့် စာချဘုန်းကြီးများ၏ မေတ္တာကရုဏာစေတနာ ဝေဖြာခြင်း၊ စာဝါပို့ချမှု ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ ပစ္စည်းလေးပါးနှင့်စပ်၍ မကြောင့်ကြရခြင်းစသည်များကြောင့် ပထမလတ်တန်းအောင်သည့်အထိ သုံးနှစ်ကြာ နေထိုင်ခဲ့သည်။ ရောက်စနှစ်မှာ အခြေခံစာပေများကို သင်ကြား၍ ၁၃၂၃-ခုနှစ်၊ အစိုးရ ပထမပြန်စာမေးပွဲဖြေဆိုရာ ပထမငယ်တန်းအောင်မြင်ခဲ့သည်။ ဆရာတော်ဘုရားထံတွင် ကစ္စီ၊ ဋီကာကျော်နှင့် မာတိကာ ဓာတုကထာစာဝါများ သင်ကြားခဲ့ရ သည်။

၁၃၂၄-ခုနှစ်တွင် ပထမလတ်တန်းစာဝါများ သင်ကြားနေစဉ် သူငယ်ချင်းဖြစ်သူ ရှင်ဇနေသုတနှင့် ပတ်သက်၍ မိမိမှာ

ကျောင်းတိုက်ဥပဒေချိုးဖောက်မှု ဖြစ်ခဲ့ရသည်။ ထိုစဉ်က မိမိ၏ အထက်ညာဘက် အံသွားတစ်ချောင်းကိုက်နေ၍ နှုတ်ပစ်လိုက်သဖြင့် တစ်ရက်ခြား မြို့ထဲသွားပြီး သွားဖိုက်ဆိုင်မှာ ဆေးထည့်နေရသည်။

ကျောင်းတိုက်ရှိ **စာချစာသင် သံဃာတော်များသည် အနာမာသ အကပ္ပိယဖြစ်သည့် ဝတ္ထုငွေများကို ကိုယ်တိုင်မကိုင်ရဘဲ ကျောင်းသားများထံ အပ်နှံထားရပြီး မြို့ထဲမှာ ဈေးဝယ်စရာရှိလျှင် ကျောင်းသားကပ္ပိယများဖြင့် ဝယ်ကြရ၏။ ကိုယ်တိုင် ဈေးဝယ်ခြင်း၊ ငွေကိုင်ခြင်းများကို ပြုလုပ်လျှင် ကျောင်းတိုက်မှာ နှင်ထုတ်သည့်အထိ အရေးယူခံရသည်။**

တစ်ရက်တွင် ရှင်ဇနေသုတသည် တိတ်တခိုး ငွေခုနှစ်ကျပ် ယူလာပြီး သူ့အတွက် မြို့ထဲက ပိုင်းလော့ဖောင်တိန် ဝယ်ယူရန် မိမိအားပြောဆိုသည်။ ဆရာတော်သိလျှင် နှစ်ပါးလုံး အပြစ်ပေးခံရမှာစိုးသဖြင့် မဝယ်နိုင်ကြောင်း အတန်တန် ပြောဆိုသော်လည်း အတင်းအကြပ်အဝယ်ခိုင်းသဖြင့် မိတ်ဆွေအချင်းချင်း အားနာသောကြောင့် ပိုက်ဆံကို ဝှက်ယူသွားခဲ့ရသည်။

မိမိသည် သွားကိစ္စပြီးလျှင် ဖောင်တိန်ဝယ်ရန်ရှိသေးသဖြင့် ကျောင်းတိုက်မပြန်ဘဲ ရွှေဘုန်းပွင့် ဘုရားထဲဝင်၍ ပထမဦးဆုံး သင်္ကန်းရုံကိုဖျက်ပြီး ကိုင်သွားသည့် ယပ်တောင်ကို ဘုရားဆင်းတုတော်၏ နောက်ဘက်မှာ ဝှက်ထားခဲ့သည်။ ကင်းဘုရားအနီးရှိ စတိုးဆိုင်မှာဖောင်တိန်ကို ဝယ်ယူခဲ့သည်။

သင်္ကန်းရုံဖျက်ခြင်း၊ ယပ်တောင်မကိုင်ခြင်းသည် ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်မှ မဟုတ်ဘဲ အခြားကျောင်းတိုက်များမှ ကိုရင်ဟု သိစေလိုခြင်းပင်ဖြစ်၏။ အမှန်အတိုင်းပြောရလျှင် မရိုးသားခြင်း၊ မလိမ့်တစ်ပတ်လုပ်ပြီး လိမ်ညာခြင်းပင်ဖြစ်၏။ လူငယ်အတွေးဖြင့် ကိုယ့်အပြစ်ကို ပတ်ဝန်းကျင် မသိစေရန် ဖုံးကွယ်ခြင်းပင် ဖြစ်၏။ ကျောင်းတိုက်ရောက်လျှင် အခြားသူတွေမသိစေရန် နှစ်ပါးချင်း လျှို့ဝှက်ထားဖို့ ညှိနှိုင်းတိုင်ပင်ရသည်။ ပိပိရိရိ ထိန်ဝှက်ထားသော်လည်း ဖောင်တိန်ဝယ်ပြီး သုံးရက်အကြာတွင် မိမိတို့ပြဿနာကား ဘူးပေါ်သလို ပေါ်လာတော့သည်။

ရှင်ဇနေသုတသည် ကိုယ်ပိုင်ပိုက်ဆံဖြင့် ဖောင်တိန်ဝယ်ခိုင်းခြင်း မဟုတ်ဘဲ ကျောင်းမှာ ခေတ္တနေထိုင်သည့် ဦးလှသိန်း၏ ငွေကို ခိုးပြီး ဝယ်ခိုင်းခြင်းဖြစ်သဖြင့် မီးခိုးကြွက်လျှောက် ခိုးသူ ဝယ်သူ တရားခံနှစ်ဦးလုံး ဖမ်းမိခဲ့သည်။ ဆရာတော်က မိမိအား ခေါ်၍ စစ်ဆေးမေးမြန်းရာ အမှန်အတိုင်းပင် လျှောက်ထားရတော့သည်။ 'သာသနာ့စည်းကမ်း၊ ကျောင်းတိုက်စည်းကမ်းရှိပါလျက်

***ကျောင်းတိုက်ရှိ စာချစာသင် သံဃာတော်များသည် အနာမာသ အကပ္ပိယဖြစ်သည့် ဝတ္ထုငွေများကို ကိုယ်တိုင်မကိုင်ရဘဲ ကျောင်းသားများထံ အပ်နှံထားရပြီး မြို့ထဲမှာဈေးဝယ်စရာရှိလျှင် ကျောင်းသားကပ္ပိယများဖြင့် ဝယ်ကြရ၏။***

ဘုရားရှင်နှင့် သူ့ကို အားမနာဘဲ သူငယ်ချင်းကို တော့ အားနာပြီး ဝယ်ပေးတာဟာ ဘုရားရှင်နှင့် သူ့ကို မလေးစားရာ ရောက်ကြောင်း' စသည်ဖြင့် ရှေ့နေမေးသည့် မေးခွန်းမျိုးဖြင့် မေးမြန်းခဲ့သည်။ မိမိက " တပည့်တော်မှားပါတယ်၊ ဆရာတော် ပေးချင်သည့်အပြစ်သာ ပေးပါဘုရား" ဟု အမှန်အတိုင်းပင်ဖြောင့် ချက်ပေးလိုက်ရပါတော့သည်။ မိမိ၏ အာမခံဖြစ်သည့် စာချဘုန်းကြီး ဦးဝိသာရဒပဏ္ဍိတက ဆရာတော် မခေါ်မီကပင် ကြိုတင်၍ ဆရာတော်ဘုရား၏ သဘောဆန္ဒကို ပြောကြားထားနှင့်သည်။

ဆရာတော်သည် ကိုယ်တိုင်လည်း ဟုတ်တိုင်းမှန်စွာ ပြောဆိုတတ်ပြီး ဟုတ်တိုင်းမှန်စွာ ပြောဆိုတတ်သူကိုသာ သဘောကျ၏။ အမှန်အတိုင်း ဝန်ခံပြောဆိုပါက အတော်အတန်ကြီးလေးသည့် အပြစ်မျိုးကိုပင် သည်းခံ ခွင့်လွှတ်တတ်သည်။ ဆရာတော်က နှစ်ပါးလုံး တစ်ပတ်တိတိ တစ်ရက်မှာ လေးနာရီကြာမျှ ဆောက်လုပ်ဆဲဖြစ်သည့် သုံးထပ်တိုက်ဘေးတွင် မြေကြီး များကို အဖို့ခိုင်းပြီး (၇)ရက်မြောက်နေ့တွင် ရှင်ဇနေသုတကို လိမ်ပြောမှု၊ ပိုက်ဆံကိုင်မှု၊ ခိုးမှုများဖြင့် ကျောင်းတိုက်မှ နှင်ထုတ်လိုက်သည်။ ရှင်ဇနေသုတက ကျောင်းတိုက်မှ ထွက်ခွာ၍ နောက်တစ်ရက် သံဃာများ၏ ပေါ်ပလင်သက်နိုး(၇)စုံကို ခိုးယူပြီး သက်နိုးဆိုင်မှာ ရောင်းချခဲ့သဖြင့် ဦးဝိရာစာရ(ပျံလွန်)နှင့် မိမိတို့က တိုက်အစ်မကြီးဒေါ်သိန်းတင်၏ အလှူငွေဖြင့် ပြန်လည်ရွေးယူခဲ့ရသည်။

*ဆရာတော်သည် ကိုယ်တိုင်လည်း ဟုတ်တိုင်းမှန်စွာ ပြောဆိုတတ်ပြီး ဟုတ်တိုင်းမှန်စွာ ပြောဆိုတတ်သူကိုသာ သဘောကျ၏၊ အမှန်အတိုင်း ဝန်ခံပြောဆိုပါက အတော်အတန်ကြီးလေးသည့် အပြစ်မျိုးကိုပင် သည်းခံခွင့်လွှတ်တတ်သည်။*

မိမိကိုမူ ပိုက်ဆံကိုင်ပြီး ဈေးဝယ်သော်လည်း အမှန်အတိုင်းပြောဆိုခြင်း၊ ပထမငယ်တန်း အောင်ထားခြင်းကြောင့် 'နောင် ဒီလိုအမှုမျိုး မကျူးလွန်တော့ပါ၊ ကျူးလွန်လျှင် ကျောင်းတိုက်က ထွက်ခွာပေးပါမယ်' ဆိုသော ဝန်ခံကတိချုပ်ဖြင့် တိုက်ထဲမှာပဲ ဆက်လက်နေထိုင်ခွင့်ပေးခဲ့ပါသည်။ (ယနေ့ခေတ် အမြင်ဖြင့် ကြည့်လျှင် ရယ်ရွှင်ဖွယ်ရာဟာသပုံပြင်ပမာ ဖြစ်နေမည် ထင်ပါ၏။)

'အခြားကျောင်းတိုက်များသို့ ပြောင်းရွှေ့ခြင်း'

မိမိသည် ပထမလတ်တန်း စာမေးပွဲဖြေဆိုပြီးလျှင် ရန်ကုန်မြို့၊ ကျောက်ကုန်း မေဒိနီကျောင်းတိုက်မှာ ပြောင်းရွှေ့နေရန် ထိုစဉ်က သက်တော်ထင်ရှား ရှိသေးသော ဆရာတော်ဦးအာဋာဝ (အဂ္ဂမဟာပဏ္ဍိတ)အား လျှောက်ထားခဲ့ရာ နေခွင့်ရခဲ့သည်။ မိမိ၏ မူလဆရာရင်းနှင့်မိဘများကလည်း ကျေကျေနပ်နပ် ခွင့်ပြုကြသည်။ သို့ရာတွင် ကျောင်းတိုက်ပြန် ရောက်ပြီး တစ်ပတ်ခန့်တွင် ဆရာတော် ဘုရားအား ကျောင်း ပြောင်းမည့်

အကြောင်း လျှောက်ထားရာ ဆရာတော်က 'ငယ်ငယ် ရွယ်ရွယ် မှာ ရန်ကုန်မြို့ကြီးမှာ မနေသင့်သေး၊ ရဟန်းဖြစ်ပြီး ကိုယ့်စိတ်ကိုယ် ထိန်းသိမ်းနိုင်မှ နေသင့်ကြောင်း၊ သူသဘောကျသည့် ကျောင်းတိုက်တွေမှာ နေချင်ရင်တော့ ပို့ပေးမည် ဖြစ်ကြောင်း' အမိန့်ရှိ၍ ဆရာတော် သဘောကျသည့် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မေမြို့ (ပြင်ဦးလွင်မြို့)၊ ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်နှင့် တောင်ငူမြို့၊ ဝိသုဒ္ဓါရုံ မြို့ဒေါင့်ကျောင်းတိုက်ကို ညွှန်ပြလိုက်ပါသည်။

မိမိသည် မေမြို့ (ပြင်ဦးလွင်မြို့)၊ ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်သို့ ၁၃၂၅-ခုနှစ်တွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်၊ ပဓာနနာယက ဆရာတော်က ဆရာတော်ဘုရား၏ ညီတော်အရင်းပင်ဖြစ်သဖြင့် ညီနောင်နှစ်ပါး၏ တပည့်ဖြစ်ခဲ့ရသော မိမိအတွက် ဝမ်းမြောက်ဂုဏ် ယူဖွယ်ပင်ဖြစ်သည်။ ထိုကျောင်း တိုက်မှာ ပထမကြီးတန်း စာဝါများ သင်ကြားနေရာ ရာသီဥတု အအေး ဒဏ်ကို မခံနိုင်သဖြင့် ဗာရာဏသီ ဆရာတော်ဘုရား ကျောင်းတိုက် မှာရောက်ခိုက် မြောင်းမြမြို့၊ ပဋ္ဌောတာရုံတိုက်သို့ ပြောင်းရွှေ့လိုကြောင်း လျှောက်ထားရာ ဆရာတော်နှစ်ပါးလုံးက ကျေကျေနပ်နပ် ခွင့်ပြုသည့်အပြင် မေမြို့ ဆရာတော်က ပဋ္ဌောတာရုံ ဆရာတော်ထံ အပ်နှံစာပင်ရေးပေးလိုက်သည်။

မေမြို့ ဆရာတော်သည် အခြားဘွဲ့တူ ရဟန်းတစ်ပါး ရှိနေသဖြင့် မိမိ၏ 'ရှင်အဂ္ဂဉာဏ'ဘွဲ့ နာမည်ကို 'ရှင်အဘယာလင်္ကာရ' ဟု ပြောင်းပေးခဲ့သည်။ မိမိသည် ၁၃၂၆ -ခုနှစ်တွင် မြောင်းမြမြို့၊ ပဋ္ဌောတာရုံတိုက်သို့ ပြောင်းရွှေ့၍ ၎င်းကျောင်းတိုက်မှာပင် ဆရာတော် ဦးဉာဏိက၏ ဥပဇ္ဈာယ်ဖြင့် ရဟန်းဖြစ်ပြီးလျှင် ပထမကြီးတန်း၊ ကျမ်းရင်းသုံးကျမ်း၊ ပါဠိပါရဂူ (ဝိနည်း) နှင့် မြန်မာဂုဏ်ထူး (ဒီဃနိကာယ်) စာမေးပွဲများကို အောင်မြင်ခဲ့သည်၊ စာချဘုန်းကြီး တာဝန်ကိုပါယူရင်း ၁၃၃၄- ခုနှစ်အထိ (၉) နှစ်ကြာ နေဖြစ် ခဲ့သည်။

## 'ဆရာတော်ဘုရား၏ ချီးမြှောက် ထောက်ပံ့မှု'

မိမိသည် မြောင်းမြမြို့မှာ နေသော်လည်း ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၊ ဆရာတော်ဘုရားထံသို့ မကြာခဏရောက်၍ဆရာတော် ဘုရားနှင့် စာ အဆက်အသွယ် လည်း ရှိနေသည်၊ မိမိထွက်ခွာ သွားသည့် အခါ မိမိနှင့်အတူသွားခဲ့သည့် အရှင်တိက္ခာစာရနှင့် သူ့တူ ရှင်ကဝိဿရတို့က ကျောင်းတိုက်မှာ နေရစ်ခဲ့သည်။ ဆရာတော်ဘုရားကြီးသည် မိမိ အဋ္ဌသာလိနီ ကျမ်းအောင်မြင်သည့် ၁၃၂၉- နှစ်မှစ၍မိမိအား အဝေးရောက် တပည့်တစ်ဦးအဖြစ် အသိ အမှတ်ပြုပြီး နှစ်စဉ်နှစ်တိုင်း ဝါဆို သင်္ကန်း၊ ကထိန်သင်္ကန်းနှင့် ဖိနပ် စသည့် လှူရန်ပစ္စည်းများကို ပေးပို့ ချီးမြှင့်ခဲ့သည်။

ဓမ္မာစရိယဘွဲ့ ရပြီးလျှင် ကျောင်းတိုက်သို့ ပြန်ရောက် စာချတာဝန်ယူပေးရန်လည်း စာရေးတိုင်း ထည့်သွင်းလျက် မှာတော်မူခဲ့သည်။ ဓမ္မာစရိယနှင့် ပါဠိပါရဂူ ဘွဲ့ရသည့်အခါ ပြန်လာရန် စာအတန်တန် ရေးပြီး အမိန့်ရှိသော်လည်း ပဋ္ဌောတာရုံတိုက်မှာလည်း စာချတာဝန်ကို ယူနေရသဖြင့် မသွားရောက်နိုင်ခဲ့ပါ၊ ထိုစဉ်က တိုက်အုပ် ဆရာတော်ဖြစ်သည့် ဦးဝိစိတ္တစာရကလည်း ဆရာတော်ဘုရားကဲ့သို့ပင် စာအဆက်အသွယ် ရှိပြီး ကျောင်းတိုက်မှာ အမြန်ဆုံး လာရောက်၍ စာချတာဝန်ယူပေးရန် မှာကြားတော်မူသည်။ ဆရာတော်ဘုရား၏ လမ်းညွှန်သြဝါဒ အရ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် တိုက် အစ်မကြီး၊ နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)၊ ဓဏ္ဍကျော်ထင် ဒေါ်သိန်းတင်က စာတိုက်မှ ပင့်စာ ပို့ပြီး ပင့်လျှောက်သဖြင့် မိမိသည် ၁၃၃၄-ခုနှစ်တွင် ကျင်းပပြုလုပ်သည့် ပြည်, သာယာ ဝတီ, သရက် သုံးခရိုင် ဝိနည်းပြန်ပွဲ အမီ တပို့တွဲ လဆန်း(၈)ရက်နေ့၌ ဗာရာဏသီသို့ ဒုတိယအကြိမ် ပြန်လည်ရောက်ခဲ့သည်။

၁၃၃၂-ခုနှစ်တွင် မြောင်းမြမြို့၊ ပဋ္ဌောတာရုံတိုက်မှ ပြောင်းရွှေ့

နာယက ဆရာတော်နှစ်ပါး နှင့် ဆက်စပ်ပြီး ဝိနည်းမှုကိစ္စဆိုင်ရာ အဓိကရုဏ်းမှု ဖြစ်သောကြောင့် တိုက်သစ် ပဋ္ဌာတာရုံစာသင်တိုက် ပေါ်ထွန်းခဲ့သည်။ ရွှေကျင်နိကာယ၊ ဒသမမြောက် သာသနာပိုင် ဖြစ်တော်မူသော ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်ဘုရားကြီးသည် ပဋ္ဌာတာရုံကျောင်းတိုက်ကို စွန့်ခွာပြီး မန္တလေး - မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ ရန်ကုန်မြို့ ရန်ကင်း - မဟာဗောဓိကျောင်းတိုက်နှင့် မြောင်းမြတိုက်သစ်မှာ သီတင်းသုံးနေထိုင်တော်မူသည်။

မြောင်းမြဆရာတော် ဘုရားကြီးက တပည့်ကြီးဖြစ်သည့် ပဋ္ဌာတာရုံ ဆရာတော် ဦးဉာဏိကအပေါ် အခိုက်အတန့်အားဖြင့် ငြိုငြင်နေတော်မူဆဲဖြစ်ရာ သုံးခရိုင် ဝိနည်းပြန်ပွဲသို့ သာသနာပိုင် ဆရာတော်ဘုရားကြီးကို ပင့်ထားကြောင်း ကြားသိရသဖြင့်ဆရာတပည့် ပြန်လည်တွေ့ဆုံပြီး စကားပြောဆိုခွင့် ရစေရန် ရည်ရွယ်လျက် မိမိ၏ ဥပဇ္ဈာယ်ဆရာဖြစ်သော ဆရာတော်ဦးဉာဏိကကိုလည်း ဝိနည်းပြန်ပွဲသို့ ပင့်ပေးပါရန် ဗာရာဏသီ ဆရာတော်ဘုရားအား စာဖြင့် ကြိုတင် လျှောက်ထားခဲ့သည်။ ဆရာတော်ဘုရားသည် မိမိ၏ သဘောဆန္ဒကို လိုက်လျောပြီး ပဋ္ဌာတာရုံဆရာတော်ကို အထူးပင့်ဆရာတော်စာရင်းတွင် ထည့်သွင်း၍ ပင့်ပေးတော်မူခဲ့ပါသည်။

ပဋ္ဌာတာရုံ ဆရာတော်သည် ဝိနည်းစာပြန်ပွဲတော်သို့ ကြွရောက်ရင်း ညီဝမ်းကွဲတော်သူ အရှင်ဝိဝေကာနန္ဒ၏ ရဟန်းခံပွဲအတွက်ပါမိမိ၏ ဇာတိဌာနေဖြစ်သော မန်ကျည်းပေါက်ကုန်းရွာသို့ ကြွရောက်၍ ချီးမြှောက်ခဲ့သည်။ သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့်လည်း ပြန်လည်တွေ့ဆုံပြီး စကားပြောခွင့် ရရှိခဲ့သည်။ ဗာရာဏသီ ဆရာတော်ဘုရား၏ ချီးမြှောက်မှုဖြင့် မိမိမှာ ဥပဇ္ဈာယ်ဆရာတော်အား ကျေးဇူးဆပ်ခွင့် ရရှိလိုက်ပါသည်။ ဆရာတော်ဘုရားသည် ချီးမြှောက်သင့် ချီးမြှောက်ထိုက်သည်ဟု ထင်မြင်ယူဆထားပြီးသော တပည့်များအား ချီးမြှောက်ထောက်ပံ့ရာတွင် သူမတူ ရှားမှုရှားသော ဆရာတော်မျိုး ဖြစ်ပါသည်။

**'စာချနာယကဘုန်းကြီး'**

မိမိပြန်ရောက်ချိန်မှာ စာဝါများပို့ချပြီးစီးချိန်ဖြစ်၍ စာဝါ မပို့ချဘဲ ဖြေဆိုမည့် မြန်မာဂုဏ်ထူးကျမ်းအတွက် ကြိုးစားခွင့် အချိန်များစွာရရှိသဖြင့် ထိုနှစ်တွင် မြောင်းမြမြို့၊ စာဖြေဌာနမှ ဝင်ရောက်ဖြေဆိုရာ ဝိယနိကာယ် မြန်မာဂုဏ်ထူးကျမ်းကို အောင်မြင်ခဲ့သည်။ ဆရာတော်ဘုရားက မိမိအား မဟာဗကုလကျောင်းဆောင် အပေါ်ထပ်မှာ နေရာချထားပေးသည်။ တိုက်အုပ်ဆရာတော်အတွက် ဆောက်လုပ်နေသည့် ကျောင်းသစ်က မပြီးသေးသဖြင့် တိုက်အုပ်နှင့်အတူ နေရသည်။

ဆရာတော်ဘုရား၏ မွေးမနေ့ဖြစ်သော ဝါဆိုလပြည့်နေ့ ညပွဲင် မိမိကိုခေါ်၍ 'ဒို့တော့ ဒီနှစ်ကစပြီး အေးအေးဆေးဆေး အနားယူမယ်၊ မောင်အဘယာလင်္ကာရကတိုက်ကြာ အုပ်ချုပ်ရေးစသည်ကို တိုက်အုပ်၊ တိုက်ကြပ်တွေနှင့် အတူတွဲပြီး ကူညီဆောင်ရွက် ပေးရမယ်' စသည်ဖြင့်အမိန့်ရှိကာ တက်ထရွန်သက်နှင်း တစ်စုံကို ဆရာတော်ကိုယ်တိုင် ပေးတော်မူခဲ့သည်။

မိမိသည် စာချဘုန်းကြီး ဖြစ်သော်လည်း ရှေးဘုန်းရှေးကံ နည်းပါးလှသဖြင့် ဆရာတော်ဘုရားချီးမြှင့်မှု တက်ထရွန်သက်နှင်းကို ဝတ်ဖူးတော့၏။ ၁၃၃၅-ခုနှစ်မှစ၍ ဓမ္မာစရိယ စာဝါဖြစ်သည့် သီလက္ခန်ကျမ်း၊ အဋ္ဌသာလိနီကျမ်းနှင့် ပထမပြန်စာဝါဖြစ်သည့် အဘိဓာန်၊ အလင်္ကာ၊ ဆန်းသင်္ဂြိုဟ်၊ ရူပသိဒ္ဓိ၊ မာတိကာ ဓာတုကထာကျမ်းများကို ပို့ချသင်ကြားပေးရန်နှင့် တိုက်တာအုပ်ချုပ်ရေးတာဝန်ကိုပါ ပေးတော်မူသည်။

ဆရာတော်သည် တပည့်များအား ချီးမြှောက်အားပေးသော်လည်း အပြစ်ဒဏ်ပေးစရာရှိလျှင် ပေးတော်မူခဲ့သည်။ မိမိသည် ဒုတိယမြောက်နှစ်၌ ကျောင်းတိုက်၏ အပြစ်ဒဏ်ကို ခံရဖူး၏။ ကျောင်းတိုက်တွင် ဆရာတော်ဘုရားနှင့်အတူ တိုက်အုပ်တိုက်ကြပ်

မှစ၍ စာချစာသင် သံဃာတော်အားလုံး ကျန်းမာရေး ကောင်းနေလျှင် ညဥ့် နံနက်ဘုရားဝတ်တက် နှစ်ကြိမ် မှန်မှန်လိုက်ရသည်။

ဘုရားဝတ်တက်ရာ၌ ဘုရားရှိခိုးခြင်း၊ ဝိနည်း ပါဠိတော်၊ ပရိတ်တော်နှင့် ဆိုင်ရာသုတ်တော်များကို ရွတ်ဖတ်ခြင်း၊ တရားထိုင်ခြင်းဟု ညဥ့်နံနက်အလိုက် သုံးပိုင်းစီ ခွဲခြားထားရာ သုံးပိုင်းလုံး မီအောင် သွားကြရသည်၊ ပထမပိုင်းပြီးမှ (သို့မဟုတ်) ဒုတိယပိုင်း၊ တတိယပိုင်းပြီးမှ ရောက်လျှင်သော် လည်းကောင်း ဘုရားဝတ်တက် မလိုက်လျှင်သော်လည်းကောင်း သတ်မှတ်ထားသည့် ပြစ်ဒဏ် အလိုက် ရေဒဏ် သဲဒဏ်နှင့် ဘုရားရှိခိုးဒဏ်များကို ထမ်းဆောင်ရသည်။ မိမိသည် ပထမပိုင်း မမီသဖြင့် နှစ်ကြိမ် တိုင်တိုင် ဆရာတော်ဘုရားကျောင်းမှာသွားပြီး ဘုရားရှိခိုးဒဏ်ကို ထမ်းဆောင် ခဲ့ရသည်။

ဆရာတော်ဘုရားကိုယ်တိုင် တစ်ရက်တွင် အိပ်ပျော်ပြီး နံနက်ခင်းတုံးခေါက်မည့်သူကို မနှိုးမိဘဲ ဘုရားဝတ်တက်ပင် မလိုက်နိုင်ဖြစ်ခဲ့သည်။ နောက်ညဘုရား ဝတ်တက်အပြီး "ပင်ပန်းပြီးအိပ်ပျော်သွားလို့ ဘဲလ်လဲ မတီးနိုင်၊ ဘုရားဝတ်တက်လဲ မလိုက်နိုင်ဖြစ် သွားတယ်။ ဒို့ကိုယ့်စား တုံးခေါက်ပေးတဲ့ တိုက်ကြပ်ဘုန်းကြီးအား သက်န်းတစ်စုံနဲ့ ဆပ်ပြာလှူပြီးပြီ၊ ဒို့လဲ ဘုရားရှိခိုး ဒဏ်ထမ်းဆောင် ပြီးပြီ" ဟု သံဃာများအား အသိ ပေးရင်း တိုက်ကြပ်ဘုန်းကြီးအား ချီးကျူးစကားမိန့်ကြားခဲ့သည်။ ဆရာတော်ဘုရားကား ဟုပ်သလိုပြောပြီး ပြောသလိုလုပ်သည့် 'ယထာဝါဒီ တထာကာရီ' ပုဂ္ဂိုလ်မျိုးဖြစ်ပါသည်။

မိမိသည် စာသင်သားဘဝဖြင့် သုံးနှစ်ကြာနေခဲ့သော ဟသင်တိုက်ကြီးနှင့် ဆရာသမားများအား သုံးနှစ်တိုင်တိုင် စာပေပို့ချခြင်းဖြင့် ပြန်လည် ကျေးဇူးဆပ်နိုင်ခဲ့၏၊ မိမိ၏ဇာတိရွာနှင့်တကွ ရွာနီးချုပ်စပ်များမှ စပါးပေါ်ချိန်တွင် ကျောင်းတိုက်အတွက် ဆွမ်းဆန်စပါးရရှိအောင်လည်း ရင်းတိုက်ကွင်း ကျောင်းဆရာတော် ဦးဥက္ကံသဇောတိ(ပျံလွန်)နှင့် တိုင်ပင်၍ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ မိမိ၏ ကျေးဇူးတော်ရှင် သိပ္ပံကျောင်းဆရာတော်ဘုရားက ဆွမ်းဆန်စိမ်းခံကြွလာသော သံဃာများအား နှစ်စဉ် ဆွမ်းတစ်နပ် ဆက်ကပ်ခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။

*<u>ပင်ပန်းပြီး အိပ်ပျော်သွားလို့ ဘဲလ်လဲမတီးနိုင်၊ ဘုရားဝတ်တက်လဲ မလိုက်နိုင်ဖြစ်သွားတယ်။ ဒို့ကိုယ့်စား တုံးခေါက်ပေးတဲ့ တိုက်ကြပ်ဘုန်းကြီးအား သက်န်းတစ်စုံနဲ့ ဆပ်ပြာလှူပြီးပြီ၊ ဒို့လဲ ဘုရားရှိခိုးဒဏ် ထမ်းဆောင်ပြီးပြီ</u>*

သို့ရာတွင် ဆရာတော်ဘုရား ဖြစ်စေချင်သော အလိုဆန္ဒအတိုင်း မဆောင်ရွက်နိုင်သဖြင့် စိတ်မကောင်း ဖြစ်မိပါသည်၊ ဆရာတော်ဘုရားက မိမိအား စာချဘုန်းကြီးမှ တိုက်ကြပ်၊ တိုက်ကြပ်မှ တိုက်အုပ်၊ တိုက်အုပ်မှ တစ်ဆင့် ဆရာတော်ဖြစ်သည့်တိုင်အောင် ကျောင်းတိုက်မှာ သူနှင့် အတူလက်တွဲကာ အမြဲတမ်း သာသနာ့

ဖြစ်မိသည်။ ရွှေကျင်ဂိုဏ်းဝင် ဆရာများကလည်း ရွှေကျင်ဂိုဏ်းမှာနေပြီး သာသနာ့တာဝန်ကို ထမ်းဆောင်စေချင်သည်။

အခြားဂိုဏ်းမှာ စာသင်တိုက်ဖွင့်လှစ်နေသည့် မိမိအား ခင်မင်ရင်းနှီးသော သီတင်းသုံးဖော်များက 'ဦးအဘယာကြီးက ရွှေကျင်မှာမွေးပြီး ဒွါရမှာ လုပ်ကျွေးနေတယ်' ဟုပင် ပြက်ရယ်ပြုကြသည်၊ 'တပည့်တော်ရဲ့ မူလဆရာရင်းက သုဓမ္မာ၊ စာသင်တိုက်ဆရာများက ရွှေကျင်၊ နေတာက မဟာဒွါရ၊ ပြည်ပမှာနေတော့လဲ ဂိုဏ်းပေါင်းစုံ၊ ဘယ်ဂိုဏ်းဝင်လို့ ပြောရမှန်းတောင် မသိဖြစ်နေတယ်'ဟု ပြန်ပြောမိ၏ ဒကာတစ်ဦးကတော့ 'ဆရာတော် ဦးအဘယာက အားလုံးနဲ့ ရောလို့ရတဲ့ရေပါပဲ'ဟု လျှောက်ထားဖူးသည်။

ဆရာသမားများ၏ အလိုဆန္ဒအတိုင်း မလုပ်ဆောင်နိုင်စေကာမူ ဘုရားရှင်ချမှတ်ထားသော ဝိနည်း စည်းကမ်းနှင့် ဆရာသမားများ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဩဝါဒ စည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာ၍ ရောက်ရာဌာနမှာ ဘုရားရှင်၏ သာသနာ့တာဝန်ကို စွမ်းနိုင်သမျှကျေပွန်အောင် ထမ်းဆောင်နေခြင်းကိုတော့ကျေနပ်ခွင့်လွှတ်ကြမည်ဟု ယုံကြည်မိပါသည်။

တာဝန် ထမ်းစေချင်သည်၊ နေစေချင်သည်။

မိမိကား ရည်မှန်းချက်ကြီးကြီးဖြင့် ဆရာသမားများနှင့် တိုက်တာကို စွန့်ခွာပြီး အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်မှာ ပညာဗဟုသုတ ဆည်းပူးရန် ခေတ္တခဏ ထွက်ခွာလာရာမှ ကျောင်းတိုက်သို့ ပြန်မနေဖြစ်တော့ဘဲ မဟာဂန္ဓာရုံတိုက်မှာပင် တစ်နှစ်ကျော် နေဖြစ်ခဲ့သည်၊ ထိုမှတစ်ဆင့် မြောင်းမြမြို့၊ ပဋ္ဌာနတာရုံတိုက်မှာ သုံးနှစ်နေပြီး ၁၃၄၂-ခုနှစ်တွင် ဧရာဝတီတိုင်း၊ အိမ်မဲမြို့မှာ အောင်သိပ္ပံစာသင်တိုက်ကို တည်ထောင် ဖွင့်လှစ်ခဲ့သည်၊ တစ်ဖန် ၁၉၈၆-ခုနှစ်တွင် ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှာ ဝိနယမဟာဌာန၊ နာယက(ပါမောက္ခ) တာဝန်ကို ယူခဲ့ရပြန်ပြီး ၁၉၉၀-ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့မှစ၍ ယနေ့ဟိုင် သမိုင်းပေးတာဝန်အရ ပြည်ပမှာ သာသနာ့တာဝန်ကို ထမ်းဆောင်နေခဲ့သည်။

'ယုံကြည် မျှော်လင့်ချက်"

မိမိသည် ကျေးဇူးရှင် ဆရာများအပေါ်မှာ တပည့်တာဝန်များစွာ မကျေပွန်ခဲ့သဖြင့် ဝိသုဒ္ဓါရုံ တာရာဏသီတိုက်နှင့် ဆရာများထံ အရောက်အပေါက်နည်းခဲ့သည်။ ဆရာများနှင့် ဂိုဏ်းခြင်းမတူသော အညနိကာယမှာ နေရသောကြောင့် ဆရာများအား အားတို့ အားနာ

*ငါတို့နေရာ ကျကမ္ဘာတွင် သာသနာကျိုး လောကကျိုးနှင့် ကိုယ်ကျိုးတွက်တာ စွမ်းနိုင်ရာကို မနာလိုကင်း ဟန်ပန်ရှင်း၍ စိတ်ရင်းပြုံးစွာ ကြိုးစားပါအံ့။*

**"ဆရာတော်ဘုရားကို နောက်ဆုံးဖူးမျှော်ခြင်း"**

မိမိသည် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်မှာ တာဝန် ထမ်းဆောင်နေစဉ် 'ဓမ္မာစရိယ ပါဠိပါရဂူလမ်းညွှန်' ကျမ်းစာ တစ်အုပ်ပြုစုပြီး မိမိ၏ ဆရာသမား များ၊ သီတင်းသုံးဖော်များနှင့် ရဟန်း ဒကာမိသားစု၏ ခေတ္တစိုက်ထုတ် ပေးသည့် အလှူငွေများဖြင့် ရိုက်နှိပ် ဖြန့်ချိခဲ့ရာ ကျေးဇူးတော်ရှင် မဟာ ထေရ်ဘုရား၏ နဝကမ္မကျပ်ငွေ ခြောက်ထောင် နှင့် တိုက်အုပ် ဆရာတော်၏ နဝကမ္မ ကျပ်ငွေ နှစ်ထောင်ပါခဲ့သည်၊ ဆရာတော် ဘုရားထံ အကျိုးအကြောင်း စာရေးပြီး လျှောက်ထားသည့်အခါ ရှစ်တောင်ကျပ်ရမည့် အကြောင်း စာရေးပြန်ကြားခဲ့ပါသည်။

မိမိသည် ဆရာတော်ဘုရား ရန်ကုန်မှ ပြည်မြို့ အပြန်မှာ ဆရာ တော်ဘုရား၏ ကားဖြင့် လိုက်ပါ သွားရပြီး သာယာဝတီမြို့မှ ဆရာ တော်ဘုရား၏ တပည့်ဒကာ မိသား စုအိမ်မှာ နေ့ဆွမ်းစားရသည်၊ ကျောင်းတိုက်ရောက်လျှင် ကျောင်း သားမှတစ်ဆင့် နဝကမ္မငွေ ခြောက် ထောင်ကျပ် ရရှိခဲ့သည်၊ နှစ်ထောင် ကျပ်မှာ မသုံးရသည့် ၇၅-ကျပ်တန်၊ ၃၅-ကျပ်တန်၊ ၂၅-ကျပ်တန်များ ဖြစ်နေသဖြင့် ခြောက်ထောင် ကျပ်သာ ရရှိခဲ့သည်၊ မိမိအပြန်ခရီး အတွက် ရထား အထူးတန်း လက်မှတ်ကိုမူ ရန်ကုန်မှ ကြိုတင်ပြီး ယူခိုင်းထားနှင့်သည်။ ထိုစဉ်က အစိုးရမှ တရားမဝင် ငွေများ ကြေညာပြီးခါစဖြစ်ရာ လူတိုင်းမှာ ငွေကြေးရှားပါးနေချိန် ဖြစ်သည်၊ သို့ရာတွင် ဆရာတော်ဘုရားသည် မိမိအတွက် အဆင်ပြေရန် ဖြည့်စွမ်း ပေးတော်မူပါသည်။ ဆရာတော် ဘုရားများ၏ နဝကမ္မငွေများကို ထိုင်းနိုင်ငံရောက်မှ တပည့်တစ်ဦးမှ တစ်ဆင့် ပြန်လည်ပေးပို့ခိုင်းရာ အပြီးပေးလှူကြောင်း အမိန့်ရှိ၍ ဒကာက ဆရာတော်များအား ပြန်လည် ပေးလှူခဲ့ကြောင်း သိရ သည်။

ပြည်ပခရီးထွက်ခွာနီးမှာ ဆရာတော်ဘုရားသည် ဇက်ကြော တက်ရောဂါဖြင့် ရန်ကုန်၊ ဂျပန် ဆေးရုံကြီးတွင် ကုသနေခိုက်ဖြစ်၍ ဆရာတော်ဘုရားထံ သွားရောက် ပြီး ကန်တော့ ပူဇော်ခဲ့သည်၊ အမေရိကမှာ နေသည့်အခါ ဆရာ တော်ဘုရား ပျံလွန်တော်မူသည် ဟု ကြားသိရာ ဆေးရုံမှာဆရာတော်ကို ဖူးမျှော်ရခြင်းသည် မိမိအတွက် နောက်ဆုံး ဖူးမျှော်ကန်တော့ ရခြင်းပင် ဖြစ်ကြောင်း သိရပါတော့ သည်။

သို့ဖြစ်ရာ ဘဝတစ်ကွေ့တွင် ခဏသာ တွေ့ကြုံ ဆုံဆည်းခွင့် ရစဉ်အတွင်း မိမိအား ယခုအခြေ အနေသို့ ရောက်အောင် စာပေသင် ကြားပေးခြင်း၊ ဩဝါဒပေးခြင်း ဆိုသည့် ဓမ္မာနုဂ္ဂဟ၊ ဆွမ်းသင်္ကန်း နှင့် လိုအပ်ရာ ပစ္စည်းများပေးခြင်း ဆိုသည့် ချီးမြှောက်မှုနှစ်မျိုးအပြင် အခြားသော နည်းမျိုးစုံဖြင့် ချီးမြှင့် အားပေးခဲ့ကြသော ဗာရာဏသီ မဟာထေရ်ဘုရား အပါအဝင် ကျေးဇူးတော်ရှင် ဆရာသခင်များ နှင့် သက်ရှိထင်ရှားရှိနေကြသော ကျေးဇူးတော်ရှင် အနန္တဂိုဏ်းဝင် ဆရာသခင်တို့အား ကိုယ်နှုတ် နှလုံး သုံးပါးလုံးဖြင့် ကန်တော့ ရိုကျိုး လက်စုံမိုးကာ ရှိခိုးဦးညွှတ်ရင်း မိမိ ၏ ခံယူချက် အဓိဋ္ဌာန်ဖြင့် ဤ ဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။

ငါတို့နေရာ ဤကမ္ဘာတွင်
သာသနာကျိုး လောကကျိုးနှင့်
ကိုယ်ကျိုးတွက်တာ စွမ်းနိုင်ရာကို
မနားလိုကင်း ဟန်ပန်ရှင်း၍
စိတ်ရင်းဖြူစွာ ကြိုးစားပါအံ့။

အရှင်အဘယ (နယူးယောက်)
(၂၃-၃- ၂၀၀၂)

ဝမ်းလည်းသာသွားသည်။

ဝမ်းလည်းနည်းသွားမိသည်။

ပြည်မြို့ ဝိသုဒ္ဓါရုံ-တရားအားသီတိုက် စာချ ဆရာတော် ဦးဇေယျပိဋက-၏ အထံတော်မှ - ကျေးလူ ရှင် တရာကာသီဆရာတော်ဘုရားကြီး၏ ပုလာပူဇာ - နှစ်တစ်ရာ (ရာပြည့်) ပူဇော်ပွဲကို လာမည့် ၁၃၆၄ ခုနှစ်၊ ဝါခေါင်လဆန်း(၅)ရက်၊ (၁၄၊ ၇၊ ၂၀၀၂) တနင်္ဂနွေ နေ့၌ ကျင်းပမည်ဖြစ်ရာ - ရာပြည့်စာစောင် ထုတ်ဝေ ပူဇော်နိုင်ရေးအတွက် စာမူရေးသားပါရန် - စာမူ တောင်းခံလွှာရောက်လာ၍ ဝမ်းသာခြင်းဖြစ်ပါ၏။

ဝမ်းသာမိသည်က-----

စာမူတောင်းခံလွှာ ရောက်လာ၍မဟုတ်။ မိမိမျှော်မှန်းထားခဲ့သည့် ဆန္ဒကြီး ပြည့်ဝလာတော့ မည်ဖြစ်၍ ဝမ်းသာခြင်းပါ။

လူ့ဘဝ တစ်ခန်းရပ်၍ သံသရာတစ်ဝေယံ ဆက်တော်မူသွားကြသည့် ကျေးလူရှင်ဆရာတော်များ လက်ထက် နောင်-နှစ် (၂၀)ကျော်က တစ်ကြိမ်အား ထုတ်ခဲ့ စီစဉ်ခဲ့သော်လည်း - အကြောင်းအမျိုးမျိုးတို့ကြောင့် အကောင်အထည်မပေါ်ခဲ့။

ယခုတစ်ဖန် - လူသစ်၊ စိတ်သစ်၊ အမြင်သစ်၊ အတွေးသစ်၊ အရေးသစ်တို့ဖြင့် အားထုတ်ကြ စီစဉ်ကြပြန်ပြီ။ အောင်မြင်ရန်သေချာပါ၏၊ ပို၍ သေချာ သည်က- ဆရာတော်ဘုရားကြီး၏ အရိပ်သဖွယ်ဖြစ်သည့် တပည့်ကြီးများ ဦးဆောင်ပြုလုပ် စီစဉ်နေကြသဖြင့် အောင်မြင်ရန်ပို၍သေချာလှပါ၏။

ဝမ်းနည်းမိသည်က .......

ဆရာတော်ကြီးနှင့်ပတ်သက်သည့် မှတ်စုမှတ် ရာ စာကိုထွာတို့ ဘာဆိုဘာမျှ လုံးဝ (လုံးဝ) ရှာဖွေ မတွေ့တော့ခြင်းကြောင့် ဖြစ်ပါ၏၊ အစပျောက်ရှာဖွေ

# အကြည်ညိုဆုံး ဂုဏ်တော်ပုဒ်

ပဲခူးမှူး(အောင်လှ)

မတွေ့ရတော့သဖြင့် လုံးဝစိတ်ကူးမရ၊ မရေးတော့ဟု စိတ်ကူးနေစဉ် ---။

သို့လော --သို့လော -- တွေးတောရင်း ---။

လာမည့်မြန်မာသက္ကရာဇ် - ၁၃၆၄- ခုနှစ်သည် သာသနာသက္ကရာဇ် - ၂၅၄၆ - ခုနှစ်နှင့် (၆၄၊ ၄၆) ကက်ကင်းခါတ်ဖြစ်နေ၍ - အတွေးအခေါ် ပညာရှင်တို့ - သာသနာ့သမိုင်း၊ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းတို့တွင် ထူးထူးခြားခြား မှတ်စရာတို့ ဖြစ်လာမည်လော? - ဟု ကြိုတင် တွေးထင်နေကြသည်။

လာမည့်နှစ်၌ - ထူးထူးခြားခြားဖြစ်၊ မဖြစ်-တပ်အပ်သေချာ မပြောပြနိုင်သော်လည်း - လွန်ခဲ့သည့်နှစ်တစ်ရာကမူ ထူးခြားခဲ့ပါ၏။ မြန်မာသက္ကရာဇ် - ၁၂၆၄-ခုနှစ်သည် သာသနာ သက္ကရာဇ် ၂၄၄၆ - ခုနှစ်နှင့် (၆၄၊ ၄၆)တို့ ကက်ကင်းခါတ်တိုက်ဆိုင်ပြီး ထူးခြားမှုဖြစ်ခဲ့ပါ၏။

၁။ မန္တလေးမြို့အနောက်ပြင် (ယခု မဟာအောင်မြေမြို့နယ်) မဟာဝိသုဒ္ဓါရုံတိုက်သစ် တည်ထောင်သောနှစ်။

၂။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ သက်တော် (၆၄) နှစ်ပြည့်သောနှစ် (ဆရာတော်ကြီး ၁၂၀၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၃-ရက်၊ ဖွား)

၃။ ဗာရာဏသီဆရာတော်ဘုရားကြီး၏ မွေးဖွားရာနှစ် (၁၂၆၄-ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္ဂနွေနေ့ဖွား၊)

(၆၄၊ ၄၆) ခုနှစ်ဖြစ်နေခြင်းသည် တိုက်ဆိုင်မှုဟု ဆိုနိုင်သော်လည်း ဇာတ်တော်များစွာ အကြောင်းအရာတို့ လေ့လာကြည့်ပါက တိုက်ဆိုင်သင့်သည့် တိုက်ဆိုင်မှုဟု လက်ခံရပါမည်။

ထိုမျှမက -----

မြန်မာတို့ထုံးစံအရ ယေနာမည်မှည့်ရာ၌ နေ့လိုက်နံလိုက် မှည့်လေ့မှည့်ထရှိခဲ့ကြပါလျှက် တနင်္ဂနွေသားဖြစ်သည့် ဆရာတော်ဘုရားကြီး၏ ယေနာမည်ကို နေ့လိုက်နံလိုက် မဟုတ်မူ၍ မောင်ကျော်ယုံ - ဟုမှည့်ခေါ်ကြခြင်းကလည်း ထူးခြားနေပြန်၏

ကျော် - ၂ ။ ။ ယုံ - ၄

ရွှေ - ၄ ။ ။ ကျင် - ၂

(၂၄၊ ၄၂) ဖြစ်နေပြန်သဖြင့် (ကျော်ယုံနှင့်ရွှေကျင်) ကက်ကင်းခါတ်အရ အနာဂတ်သာသနာ၌ ထင်ပေါ်ကျော်ကြားလာမည့် အတိတ်နိမိတ်တို့ဖြစ်ခဲ့ကြပါသည်။

ထိုသို့ -

မွေးသက္ကရာဇ် တိုက်ဆိုင်မှု၊

နာမည်တိုက်ဆိုင်မှု၊

ဝါဆိုလပြည့် - မွေးဖွားမှုတို့ကြောင့်လည်း ဆရာတော်ဘုရားကြီးသည် (၁၅) နှစ်သားအရွယ် ငယ်စဉ်မှပင်စ၍ ပညာရေး၊ သာသနာရေး၊ ဘာသာရေး စသည်တို့၌ ထင်ပေါ်ကျော်ကြားထူးခြား ထင်ရှားခဲ့ပါပေသည်။

သက်ဆိုင်ရာတို့ စုံစမ်းမေးမြန်းကြည့်ရာ သာသနာ့သမိုင်းဝင် ထေရုပ္ပတ္တိ စာအုပ်ကြီး ရေးထုတ်စိုက်ထူ ပူဇော်နိုင်ရေး တပည့်များကြိုးစားရှာဖွေ စုစည်းစာမူကြမ်းကြီးရေး၍ ဆရာတော်ဘုရားကြီးထံ ဆက်ကပ်ကြရာ "ငါတို့သေမှ ပုံနှိပ်ဟု" ပြန်လည်မိန့်ကြားလိုက်သဖြင့် ဆရာ့စကားမိုးကြိုးသွားသို့ ၊ မှတ်သားလိုက်နာ တပည့်၊ ဒကာတို့ အသာနောက်ဆုတ်နေခဲ့ကြရကြောင်းသိရပါ၏။

ဆရာတော်ဘုရားကြီး၏ စကားတော်၌ ပါဝင်သည့် ဂုဏ်တို့ကို ပညာရှင်တို့သည်သာ မှန်းဆသိမြင် နိုင်ကြလိမ့်မည် ဖြစ်ပေသည်။ မိမိသည်ကား ဂုဏ်အမျိုးမျိုးမှာ "အရိုးဆုံး" ဖြစ်သည့် ဤဂုဏ်ပုဒ်ကိုသာ ကြည်ညိုမဆုံး ဖြစ်မိပါသတည်း။

ပဲခွပ်မှူး (အောင်လံ)

(၉-၄-၂၀၀၂)

ဘုရားရှင်သည် သာသနာတော်၌ ဝင်ရောက် ကြသော ရှင်ရဟန်းတို့အား သာသနာတော်၌ ပြုလုပ်သင့် ပြုလုပ်ထိုက်သော အလုပ်နှစ်ရပ်ကို ချမှတ်တော်မူခဲ့လေသည်.

အလုပ်နှစ်ရပ်ဟူသည်မှာ - ဂန္ထအလုပ်နှင့် ဝိပဿနာအလုပ်ဖြစ်လေသည်။

တနည်းအားဖြင့် - ပရိယတ်အလုပ်နှင့် ပဋိပတ်အလုပ်ဖြစ်လေသည်။

ပရိယတ်အလုပ်ထဲ၌ တပည့်သာဝကတို့အား ကျင့်စရာစည်းကမ်းဥပဒေရှိ၏။ လိုက်နာစရာ၊ လုပ်ထုံး လုပ်နည်းရှိ၏။ ဘဝ၏လမ်းညွှန်ချက် လည်းရှိ၏။

ပဋိပတ်အလုပ်ထဲ၌ ပရိယတ်အသိပေါ် အခြေခံ၍ အလုပ်လုပ်ခြင်း ကျင့်သုံးခြင်းဖြစ်၏၊ ဘုရားရှင်သည် မိမိတို့၏ တပည့်သာဝကတို့အား စည်းကမ်းနှင့် ပြည့်စုံသော အဖွဲ့အစည်းတစ်ခုဖြစ်စေလို၏။ တစ်ဦးနှင့်တစ်ဦး ဆက်နွယ်ရာ၌ လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာစေလို၏။ မိမိတို့၏ ဘဝဦး တည်ရာလမ်းကြောင်းကိုလည်း မမှိတ် မသုန် လျှောက်လှမ်းစေလို၏။

ထို့ကြောင့် သာသနာတော်သို့ ဝင်ရောက်လာကြသော ရှင်ရဟန်းတို့ သည် မြတ်စွာဘုရား ချမှတ်တော်မူသော အလုပ်နှစ်မျိုးတို့တွင် မိမိ ဆောင်ရွက်နိုင်မည့် အလုပ်ကို တာဝန်ယူ၍ သာသနာတော် မကွယ်ရေး အစဉ်ရှေ့ရှုကာ ဆောင်ရွက်ရလေသည်။

လောက၌နေသော လူပုဂ္ဂိုလ်များသည်လည်း အလုပ်ကိုယ်စီ ရှိကြ၏၊ အလုပ်လုပ်၍ ဘဝကို တည်ဆောက်ကြ၏။ အလုပ်လုပ်ဆောင်သောလူကို လူတကာတို့ လေးစားကြ၏။ မြတ်နိုးကြ၏။ ငွေရေးကြေးရေးနှင့် ပတ်သက်လာလျှင်လည်း အလုပ်ရှိသောသူကို ယုံကြည်စွာ ချေးငှားကြ၏။ အလုပ်သည် လူနေမှု ဘဝအဆင့်အတန်းကို မြှင့်တင်ပေး၏၊ ထို့ကြောင့် လောက၌ "<u>အလုပ်ဟူသမျှ ဂုဏ်ရှိစွ</u>" ဟူသော အဆိုအမိန့်တစ်ရပ် ဖြစ်ပေါ်လာခဲ့လေသည်၊ ထိုအဆိုအမိန့် သည် လောက၌ ရှိသင့် ရှိထိုက်သော အဆိုအမိန့်တစ်ရပ် ဖြစ်လေသည်၊

# ကြွယ်ဝေဆဲ

ဦးသီတလာစာရ(အောင်လံ)

အလုပ်မရှိသောသူတို့ကား အဆိုပါ အဆို အမိန့်များနှင့် ဆန့်ကျင်ခြားနားလျှက်ရှိသည်ကို အများ သူငါသိကြလေသည်။

လောက၌ အလုပ်လက်ရှိ - အလုပ်လက်မဲ့ ရှိကြ၏။ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့၏ ဘဝနေထိုင်မှု သည်လည်းခြားနားကြ၏ ထို့အတူသာသနာတော်၌ လည်း အလုပ်လက်ရှိ-အလုပ်လက်မဲ့ဟူ၍ နှစ်မျိုး နှစ်စားရှိနိုင်၏။ ထိုသူတို့၏ ဘဝနေထိုင်မှုသည်လည်း ခြားနားကြ၏။ သာသနာတော်၌ပြုလုပ်သင့်၊ ပြုလုပ် ထိုက်သောအလုပ်များကို မမှိတ်မသုန်ဆောင်ရွက်သော ရှင်ရဟန်းတို့မှာ မိမိအလုပ်ကြောင့် ဂုဏ်သတင်း ပျံ့သင်းကြ၏။ သာသနာတော်နှင့် ဆိုင်သော ကိစ္စရပ် တို့၌ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြ၏။ တိုင်းသူ ပြည်သားတို့၏ အားကိုးခြင်းကို ခံကြရ၏။ အဆိုပါ အကြောင်းအရာများသည် မိမိကရယူလို၍ ပြုလုပ်သည် မဟုတ်၊ မိမိပြုလုပ်သင့် ပြုလုပ်ထိုက်သော အလုပ်များကို ပြုလုပ်ခြင်းကြောင့် ရရှိလာသော ဂုဏ်သတင်းများပင် ဖြစ်လေသည်။

အချို့သောပုဂ္ဂိုလ်တို့သည်ကား အလုပ်ကား မလုပ် သို့သော်ကောင်းသောဂုဏ်သတင်းအဖြာဖြာ တို့ကိုလိုခြင်သော အာသာဆန္ဒဖြင့် ဟန်ပန်အမူ အရာ အမျိုးမျိုး ပြတတ်ကြ၏။ ထိုပုဂ္ဂိုလ်တို့အတွက် ဂုဏ် သည်ကား လိုက်လေဝေးလေ ဖြစ်နေတတ်ကြ၏။ ထို့ကြောင့် ဟန်သည် အဆံရှိမှတည်ကြ၏။ အဆံမရှိ သော ဟန်သည်ကား ဟန်မျှသာဖြစ်၏။

**ဂုဏေးသည် ဂုဏ်ကြောင့်လှပ၏။ ကျက်သရေ ရှိ၏။ တင့်တယ်၏။ ဂုဏ်သည် ဂုဏေးပုဂ္ဂိုလ်နှင့် မထိုက် တန်ပါက ၎င်းဂုဏ်ကြောင့်ပင် ဂုဏေးပုဂ္ဂိုလ်၌ ဂုဏ် ပျက်စီးရလေ၏။ ထို့ကြောင့် " ဂုဏ်နှင့် ဂုဏေး မတန် သေးက ဂုဏေးဂုဏ်ကြောင့် ဂုဏ်ပျက်သည် " ဟု မိန့်ဆို ကြလေသည်။**

ပြည်မြို့-ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီးကို တည်ထောင်တော်မူသော ဗာရာဏသီဆရာတော် ဘုရားကြီးကား ဂုဏ်များစွာနှင့် ပြည့်စုံတော်မူ၏။ ဂုဏ်သည်ကား မြောက်တတ်မှမြောက်၏။ မမြောက် တတ်က ဂုဏ်ပင်ပျောက်ပျက်သွားတတ်၏။ ပညာရှိ အများကဲ့ရဲ့ဘွယ်ပင်ဖြစ်တတ်၏။ မိမိအနေဖြင့် အမြဲတစေ စာရေးနေသူမဟုတ်ပါ။ သို့အတွက်ဆရာ တော်ဘုရားကြီး ဂုဏ်ပုဒ်များစွာထဲမှ အနည်းငယ်မျှသာ လျှင် ပူဇော်သောအားဖြင့် တင်ပြပါအံ့ -

ဆရာတော်ဘုရားကြီးသည် သာသနာတော်နှင့် ဆက်စပ်သော အလုပ်မျိုးကို အကြွင်းမရှိ စွမ်းစွမ်းတမံ ပြုလုပ်တော်မူခဲ့၏။ ခန္ဓာဝန်ဇာတ်သိမ်း၍ ချုပ်ငြိမ်း တော်မူသည်အထိ ပြုလုပ်တော်မူခဲ့၏။ ပရိယတ် အရာတွင်လည်း အများသူငါတို့ မဆွတ်ခူးနိုင်သော ဘွဲ့တံဆိပ် အဆူဆူတော်ကို ရရှိတော်မူခဲ့လေ၏။ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့တံဆိပ်တော်ကိုလည်း အမြင့်ဆုံးဘွဲ့တံဆိပ်တော်အထိ အလှူခံ ရရှိတော်မူခဲ့ လေသည်။ ဆရာတော်ဘုရားကြီးအား ချီးကျူး ကော်ရော်မှုအစုစုတို့တွင်-

"ကျော်လေးကျော်ရ သာသနာ့ဇာနည်
သကျသီဟ စာချဂုဏ်ရည်
ကျမ်းဂန်ပြုစု ရေးမှုစုံသည်
မဟီကြို့ ပြည်မြို့ဗာရာဏသီ"

ဟူသောဂုဏ်ပုဒ် ဝိသေသနတစ်ခုကို ထိုက် ထိုက်တန်တန် ရရှိတော်မူသော ဆရာတော်ဘုရား ကြီးတစ်ပါးဖြစ်လေသည်။

၁၃၀၂-ခု ရန်ကုန်မြို့ အရိယဓမ္မပညာတော် သင်အဖွဲ့ကြီးမှ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့သို့ ပညာတော်သင် စေလွှတ်ခံရသော ရဟန်းတော် ခြောက်ပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်လေသည်။ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ ဟိန္ဒိယူနီဗာစီတီ သက္ကတ ကောလိပ်၌ ဘာသန္တရစာပေများကို ခြောက်နှစ်ကြာ သီတင်းသုံး၍ သင်ယူတော်မူခဲ့၏၊ ထိုကောလိပ်မှ ဆက်ကပ်သော သက္ကတဟိန္ဒီ မဟာဝိဇ္ဇာ ဘွဲ့ကိုလည်း ရရှိတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီးသည် လောကုတ္တရာစာပေဘွဲ့ကိုသာမက လောကီဘာသန္တရ

စာပေဘွဲ့ကိုလည်း ရရှိတော်မူသော ဆရာတော်ဘုရားကြီးဖြစ်လေသည်။

ထိုသို့ပညာတော်စုံ၍ ရွှေပြည်မြန်မာနိုင်ငံတော်သို့ ပြန်ရောက်သည့်အခါ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ငယ်ဆရာရင်း စည်ရှင်ဆရာတော်ဘုရားကြီးမှ ဆရာတော်ဘုရားအား ဇာရာဏာသီ ဟူသောဘွဲ့ပညတ်တော်ကို သံယာ့အလယ်မှာ ချီးမြှင့်ခေါ်ဝေါ်တော်မူခဲ့လေသည်။ ထိုအချိန်မှစ၍ ဇာရာဏာသီဟူသော ဘွဲ့ပညတ်တော်သည် သာသနာ့အလယ်၌ ထင်ရှားကျော်ကြားတော်မူလာခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ပရိယတ်အရာ၌သာ စံထားလောက်သည်မဟုတ်၊ ပဋိပတ်အရာ၌လည်း စံထားလောက်ပေသည်။ ဆရာတော်ဘုရားကြီးသည် သီတင်းသုံးနေထိုင်ရာ၌လည်းကောင်း၊ ဆွမ်းဘုန်းပေးရာ၌လည်းကောင်း ကျစ်လစ်သိပ်သည်းတော်မူ၏။ ဒကာဒကာမများနှင့် စကားပြောဆိုရာ၌လည်း လိုရင်းကိုသာပြောတော်မူတတ်လေ၏။ သင်္ကန်းဝတ်ရုံရာ၌လည်း ဆောင်း, နွေ, မိုး ကာလပတ်လုံး အပေါ်ရုံ ဧကသီဖြင့်သာ သမဏသာရုပ်ကို အမြဲဆောင်လေ့ရှိ၏။

ဝတ္ထုငွေကြေးများကိုလည်း ကပ္ပိယကာရကဖြင့်သာ အသုံးပြုတော်မူ၏။ အိန္ဒိယနိုင်ငံပညာတော်သင်သွားရာတွင်လည်း ကပ္ပိယကာရကဖြင့်သာ သွားရောက်တော်မူခဲ့လေသည်။ အိန္ဒိယနိုင်ငံတွင်နေစဉ် ဆရာတော်ဘုရားကြီးအား ပြောစမှတ်တစ်ခုရှိခဲ့၏။ ကပ္ပိယအဖြစ်ခေါ်သွားသော တူတော်မောင် ကျောင်းသားငယ်သည် သူငယ်ချင်းအပေါင်းအသင်းများနှင့် လည်ပတ် သွားလာရင်း ပြန်ချိန်လွန်သွားခဲ့၏။ ထိုအကြောင်းအရာကို ဆရာတော်ဘုရားကြီး ကြားသိသောအခါ ကြိမ်ဒဏ်ပေး၍ ဆုံးမတော်မူခဲ့၏။ ထိုအခြင်းအရာကို မြင်သောအခါ သူငယ်ချင်းများက ကျောင်းသားငယ်အား အကြံပြုပြောဆိုလေ၏။

"မင်းရဲ့ဆရာဘုန်းကြီး မရိုက်နိုင်အောင် ဒုတ်တံမှာ ငွေကပ်ချိထား"ဟု အကြံပြုပြောဆိုကြလေ၏။ ဆရာတော်ဘုရားကြီးသည် ဝိနည်းတော်၌ မည်မျှလေးစား လိုက်နာသည်ကို သီးတင်းသုံးဘော်တို့ကောင်းစွာ သိရှိကြလေသည်။

ဘာဝနာပွားများမှု၌လည်း ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓါ နုဿတိဂုဏ်တော်ကို အမြဲတစေ ပွားများလေ့ရှိသည်။ ည, နံနက်ဝတ်တက်မှုကို ဝတ်ပျက်တော်မမူခဲ့ပေ။ တပည့်အများကိုလည်း ည, နံနက်ဘုရားဝတ်တက်မှုကို ပြုစေတော်မူခဲ့ပေသည်။ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ပြောဆို သောလက်သုံးစကားတစ်ခုရှိ၏။ "ဘုရားရှင်ပေးသောနေစရာ-စားစရာ-ဝတ်စရာ များကိုတော့ နေစဉ်သုံးစွဲပြီး ဘုရားရှင်ကိုမေ့နေလို့ ဘယ်ဖြစ်မလဲ၊ မောင်ရင်တို့ မောင်ပဉ္စင်းတို့ တစ်နေ့ဆွမ်းနှစ်ကြိမ်စားလျှင် တစ်နေ့နှစ်ကြိမ်လောက်တော့ ဘုရားရှင်ကို အမှတ်ရ ဝတ်တက်ရမှာပေါ့ " ဟု ဆရာတော်ဘုရား ကြီးက အမိန့်ရှိတော်မူခဲ့လေသည်။ လောကလူသားများ သည် ကျေးဇူးရှိသူကို ကျေးဇူးရှိမှန်းသိမှ ကျေးဇူးတင်တတ်ကြ၏။ မသိက မတင်တတ်ကြပေ။ ထို့ကြောင့် ဘုရားရှင်သည် မိမိတို့ဘဝရဲ့ အစစ်အမှန် ကျေးဇူးရှင်ဖြစ်ကြောင်း ဆရာတော်ဘုရားကြီးက ညွှန်ပြ၍ ဆိုဆုံးမတော်မူခဲ့လေသည်။

ထိုကဲ့သို့ စွယ်စုံရ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ၁၃၂၁-ခုနှစ်တွင် ပြည်မြို့-ကျိုးငှက်ဆေးလိပ်ရုံပိုင်ရှင် ဝဏ္ဏကျော်ထင်၊ နိုင်ငံဂုဏ်ရည်ဒုတိယ အဆင့်ရ-ပြည်သူ့လွှတ်တော်အမတ် သခင်မကြီးဒေါ်သိန်းတင်မှ လှူဒါန်းသော ပြည်မြို့-နဝင်းရပ်ငါးမျက်နှာကျောင်းကို အလှူခံတော်မူခဲ့လေသည်။ ငယ်ဆရာရင်းချီးမြှင့်သော ဇာရာဏာသီ ဟူသောအမည်ပညတ်ကိုယူလျှက် အနွယ်တော်ဖြစ်သော ဝိသုဒ္ဓါရုံ ဟူသောစကားနှစ်ရပ် စပ်ယှဉ်ကာ ဝိသုဒ္ဓါရုံ ဇာရာဏာသီတိုက် ဟူသော အမည် သစ်ဖြင့် စာသင်တိုက်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့ လေသည်။ ဆရာတော်ဘုရားကြီး တည်ထောင်စိုက်ပျိုး၍ သာသနာပြုခဲ့သော စာသင်တိုက်ကြီးသည်ကား ယနေ့သာသနာ့အလယ်၌ ထယ်ဝါခန့်ငြားစွာ ဝေဆာလျှက်ရှိလေသည်။

# ကြွယ်ဝေဆဲ

ဦးသီတလာစာရ(အောင်လံ)

ဆရာတော်ဘုရားကြီးသည် နယ်ချင်း၊ ဆက်စပ်ရာ ရွှေကျင်နိကာယဝင် အချင်းချင်းများကို သာမဂ္ဂီတရားများ ရှိစေလိုခဲ့လေသည်။ ထိုသို့ဖြစ်ရန်မှာလည်း အချင်းချင်းတွေ့ဆုံဆွေးနွေးမှုသည်သာ ပဓာနဖြစ်၏။ တွေ့ဆုံခြင်းဖြင့် မေတ္တာဓာတ်များ သက်ဝင်တတ်၏။ ထိုအချက်ကို ဆရာတော်ဘုရားကြီးသည် ကောင်းစွာ သိရှိတော်မူလေသည်။ ထို့သို့တွေ့ဆုံမှု၊ ဆွေးနွေးတိုင်ပင်မှု အမြဲတစေဖြစ်ရန် အကြောင်းတစ်ရပ် ရှာတော်မူခဲ့လေသည်။

၁၃၃၂ -ခုနှစ်တွင် သုံးခရိုင်ရွှေကျင် နိကာယဝိနည်း တော်စာပြန်ပွဲ-ဟူသော သံဃာ့သာမဂ္ဂီ အဖွဲ့အစည်းကြီးတစ်ခု အောင်မြင်အောင် ရွက်ဆောင်တော်မူခဲ့လေ၏။ ထို့သို့ရွက်ဆောင်သဖြင့် သာသနာတော်၏ အသက်သဖွယ်ဖြစ်သော ဝိနည်းတရားကိုလည်း ထိန်းသိမ်းရာ ရောက်ခဲ့လေသည်။ ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် အတွင်းရှိ သုံးခရိုင် ရွှေကျင်နိကာယ ဝိနည်းတော်စာပြန်ပွဲကြီးသည် ယခုအခါ၌ မြို့သူ/မြို့သား - နယ်သူ/နယ်သား တို့၏ အားထားစရာ ကုသိုလ်တရားတိုးပွားစရာ တစ်ခုဖြစ်ခဲ့လေသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးသည်ကား ခန္ဓာဝန် ဇာတ်သိမ်း၍ ကြွလဲခဲ့သော်လည်း ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က တည်ထောင်စိုက်ပျိုးတော်မူခဲ့သော ဝိသုဒ္ဓါရုံ ဗာရာဏသီ တိုက်ကြီးသည်လည်းကောင်း၊ - သံဃာ့သာမဂ္ဂီ အဖွဲ့ကြီးဖြစ်သော ဝိနည်းတော်စာပြန်ပွဲကြီးသည်လည်းကောင်း၊ မြို့သူ/မြို့သား၊ နယ်သူ/နယ်သား တို့၏ ကုသိုလ်တရား တိုးပွားရန်အတွက် တစ်နှစ်ထက်တစ်နှစ် စည်ပင်ဝေဆာ (ဝေဆဲ)လျက်ရှိကြောင်း ဤစာလွှာဖြင့် ကန်တော့ပန်းဆင်သ၍ တင်ပြလိုက်ရပေသည်။

ဦးသီတလာစာရ (အောင်လံ)
ဝိ-ဗာ (၅-၄-၂၀၀၂)



TENTATIVE SCHEDULE OF THE REVEREND BARANATHI—SAYADAW OF PROME,

BADANTA ASHIN AHNANDA PANDITA, PRESIDING HIGH PRIEST OF

SANGA MAHA NAYAKA

AND

THE REVEREND THEGON SAYADAW BADANTA ASHIN NYAR HAIKTHABA OF

Saguing THADHAMA THIDAGU

THE TWO REVEREND SAYADAWS WILL TRAVEL THROUGH SIX COUNTRIES WITH INTENTION TO VISIT SACRED PLACES AS AN ACT OF RELIGIOUS DEVOTION AND WILL DELIVER PREACHINGS TO DEVOTEES

23 11 81 TO 2 2 82

*SCHEDULE INCLUDES THE FOLLOWING SIX COUNTRIES.*

(1) ROYAL THAILAND
(2) MALAYSIA
(3) SINGAPORE
(4) THE REPUBLIC OF SRI LANKA
(5) INDIA
(6) ROYAL NEPAL



မွေ့ဥ္မာမ တပေါင်းလ၏ အပ္ပရှိန်သည်
အလွန်ပူပြင်းလျက်ရှိ၏၊ မိမိထံသို့ ဥူးဟန်သိန်း
(အရာခံဗိုလ်- ငြိမ်း)သည် ဝင်ရောက် ခန့်ကို တပေါင်းလ

# ကာရာကသီအာရာမတော်ဘုရားကြီး၏ ပရိယတ္တိအခြေခံမျှုပဒေသ

သိရိဘုန်းထွန်း

දිනමිණ [illegible] 1982 [illegible] පෙබරවාරි [illegible] 16 [illegible]

## 'සසුනේ දියුණුවට රජය වැඩ කරනවා'



[illegible]

ပြည့်ကျော် (၅)ရက် အင်္ဂါနေ့ နံနက် (၁၀)နာရီ အချိန်တွင် ရောက်ရှိလာ၏။ ဦးဟန်သိန်းကား ဗာရာဏသီဆရာတော်ဘုရားကြီး၏ အစ်ကို ဦးပျော်ပုံ၏ သားကြီးဖြစ်သည်။ မိမိက ဗာရာဏသီ ဆရာတော်ဘုရားကြီး၏ညီ ဦးမောင်ငယ်၏ သားကြီးဖြစ်သည်၊ ဦးဟန်သိန်း၏ လက်တွင် စာရွက် တစ်ရွက်ပါ လာ၏။ ထိုစာရွက်တွင် "စာမူတောင်း ခံခြင်း"၊ ၁၃၆၄ ခုနှစ်၊ ဝါဆိုလဆန်း ၅-ရက်( ၁၄-၇-၂၀၀၂) တနင်္ဂနွေနေ့တွင် ပထမကျော်၊ သကျသီဟ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယတွဲဖက်သာသနာပိုင် ဗာရာဏသီဆရာတော် ဘုရားကြီး၏ ရာပြည့်ဂုဏပူဇာ ပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်းနှင့် "ရာပြည့်အထိမ်း အမှတ်စာစောင်" ထုတ်ဝေမည် ဖြစ်သောကြောင့် စာမူများ ချီးမြှင့်ဂုဏ်ပြုပေးကြပါရန် ဦးထေရပွဲယ၏ မေတ္တာရပ်ခံလွှာကို ဖတ်ရှုရပါ၏။

ထိုစဉ် ဗာရာဏသီဆရာတော် ဘုရားကြီးအား လည်းကောင်း, ဘဝသစ်ရောက်ဆရာတော်ကြီးအား လည်းကောင်း၊ ဘဝသစ် ရောက် ဆရာတော်ကြီး၏ နောင်ညီရင်းများဖြစ်ကြ သော အကို ဦးသာအက်၊ ဦးပျော်ပုံ၊ ညီ-ဦးတင်ညွန့်၊ ဦးမောင်ကြီး မိမိ၏ဖခင် ဦးမောင်ငယ် (ဦးသီရိယမက) မိမိဘထွေးတော် ဦးမဟောသဓပဏ္ဍိတာဘိဝံသ (သ. အ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပြင်ဦးလွင် ဝိသုဒ္ဓါရုံ ဆရာတော်၊ အရိုးလေး-ဒေါ်ညီမကြီး၊ ဘထွေးလေး ဦးညီထွေး (ဦးဇာဂရောသဓပဏ္ဍိတ) တို့အား တွေးထင်ပြေးမြင်လာသဖြင့် ဆို့နစ်ရစ်ဝဲ မစဲသောမျက်ရည်တို့သည် ကျဆင်းလာပါတော့သည်။

အထူးသဖြင့် မိမိသည် ဘကြီးတော်ဘုရား၏ အမွေကို မွေးစားသားဖြစ်ပါလျက် မခံယူထိုက်သည်ကို လည်း လွန်စွာဝမ်းနည်းသွား၏။ သို့သော် သို့သော် အမွေခံ ထိုက်သော ဦးသုန္ဒရာနန္ဒ (ရေပြည့်ဆရာတော်)၊ ဦးဝိသာရဒပဏ္ဍိတ (သိမ်ဦးဆရာတော်)၊ ဦးနာဂဝံသ၊ ဦးနန္ဒောဘာသာဘိဝံသ၊ ဦးဓမ္မရသ၊ ဦးဩဘာသ၊ ဦးထေရပွဲယ စသောတပည့်ရင်းများ ကျန်ရှိနေသေးသဖြင့် ပီတိပါမောဇ္ဇ ဖြစ်ရပြန်ပါသည်။

ဘကြီးတော်ဘုရား (ဗာရာဏသီဆရာတော်ကြီး)၏ ဂုဏ်တို့ကား ဖွဲ့သီအံ့၍ ဆုံးမထင်ပါ။ ဦးထေရပွဲယ၏ စာမူတောင်း ခံလွှာအရ ရေးကွက်များ စုပုံထွက်ပေါ်လာ၏။ ထိုအထဲတွင် အနှစ်သက်ဆုံး စာတစ်ပုဒ်ကိုတော့ ရေးပေးရလျှင် ဘကြီးတော်ဘုရားအား ကျေးဇူးဆပ်သည်မည်၏ဟု ယုံကြည်သဖြင့် ဟိုလွန်ခဲ့သော ၁၃၀၈ - ခုနှစ်က, ပါဠိရဝဒပ္ပဏကို သတိရလာပါ၏။ မေမြို့ (ပြင်ဦးလွင်) ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၌ဖြစ်၏။ အလယ်တိုက်ကြီးမှာ ဂျပန်ခေတ်ဗုံးဒဏ်ကြောင့် ပျက်စီးနေ၏။ ၎င်းမြောက်ဘက်၌ နှစ်ထပ်တိုက်ကျောင်းကို ကျောင်းအမကြီး ဒေါ်မြို့က ဆောက်လှူထား၏။ ဘကြီးတော်ဘုရား သီတင်းသုံး၏။ အရှေ့ဘက်စကြိန်ကျောင်း၌ စာချဆရာတော် ဦးဓမ္မာစာရ၊ ဦးဝိသာရဒပဏ္ဍိတ၊ အနောက်ဘက် ဘဏ္ဍာလယကျောင်း၌ ဘန္တေကြီး ဦးဉာဏိန္ဒ၊ ဦးနန္ဒဝံသနှင့် မိမိ။ အနောက်တောင်ဘက် မှန်ကျောင်း၌ ဦးသုဇာတ၊ အရှေ့တောင်ဘက် သိမ်ကျောင်း၌ ဦးသီဟနာဒ၊ ဦးသဒ္ဓမ္မ၊ မြောက်ဘက် ဘတ္တဂ္ဂဝိဟာရ၌ ဦးက္ကန္ဒာစက္က၊ စသည်ဖြင့် အင်အား (၄၀)ခန့်ရှိခဲ့ပါသည်။ ဘောဇနသပ္ပာယ ပြီးပြည့်စုံလှလေသည်။

ဘကြီးတော်ဘုရားသည် တူတော် ဦးဟန်သိန်းနှင့်အတူ အိန္ဒိယပြည်၊ ဗာရာဏသီမြို့ ဟိန္ဒူယူနီဗာစီတီတွင် ရှုအီယား ဟော်စတယ်၌ သီတင်းသုံး၍ ၁၃၀၀-ခုနှစ်လောက်ကစ၍ သက္ကတ နာဂရီ (**Philosophy of Buddhist Literature**) စာပေများ သင်ယူခဲ့ပြီး ၁၃၀၈-ခုနှစ်တွင် ပြန်ကြွလာချိန်ဖြစ်သည်။ မန္တလေး မဟာ ဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော် ဘုရားကြီး၏ လမ်းညွှန်မှုအတိုင်း မူလကျောင်းထိုင်ရာ မေမြို့ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်၌ သီတင်းသုံးနေတော်မူစဉ် တပည့်များအား မျက်မှောက်သို့ စုဝေးလာရောက်ကြစေ၍ ဘာရတနိုင်ငံခေါ် မဇ္ဈိမဒေသ၊ အိန္ဒိယပြည်၌ မြတ်ဗုဒ္ဓ ပွင့်တော်မူခဲ့

သဖြင့် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော သုတ်ဝိနည်း အဘိဓမ္မာတို့သည် မာဂဓ-သက္ကတ တို့ဖြစ်၏။

မာဂဓသံ သက္ကတသံနှင့် မြန်မာနိုင်ငံလက်ရှိ သုံးစွဲနေသော ပါဠိတော်တို့တွင် အသံ (သဒ္ဒ)တို့သည် ကွဲပြားခြားနားပုံတို့ကို အသေးစိပ်ရှင်း လင်းမိန့်ကြား တော်မူပါသည်။ "ဇိန ဝစန ယုတ္တံဟိ ဇိန ဝစန ယုတ္တံ ဧဝ- မြတ်စွာဘုရား၏ စကားတော်နှင့် လျော်ညီသော စာပေ ပရိယတ္တိသင်ကြားမှုကို ငါသည် ယနေ့ကပင် စတင်တော့အံ့"ဟု မိန့်တော်မူခဲ့၏။

"ပရသမညာ ပယောဂေ" သက္ကတကို သင်ယူကြလေဟူ၍ပင် အဓိပ္ပါယ်ဆောင်ကာ "အက္ခရာပါဒ ယော ဧကစတ္တာလီသံ • ဝဏ္ဏာ ၄၁-လုံးမှစ၍ ဘာသံသံ တို့ကို စိတ်ရှည်စွာ ညွှန်ကြား သင်ပြတော်မူခဲ့သော ဓာရာဏသီဆရာတော်ဘုရားကြီး၏ သက္ကတအသံတို့ ကို ယျှတိုင် ကြားနေဆဲဖြစ် ပါသည်။

ပါဠိစာပေ အခြေခံ သော့ချက် ၁၈-ချက်တို့၌၊ ၁။သရ။ ၂။ ဗျည်း။ ၃။ ဒီဃ။ ၄။ ရဿ။ ၅။ ဝဂ္ဂ။ ၆။ ဌာန်။ ၇။ ကရိုဏ်း။ ၈။ ပယတ်။ ၉။ ဂရု။ ၁၀။ လဟု။ ၁၁။ သိထိလ။ ၁၂။ ဓနိတ။ ၁၃။ ယောသ။ ၁၄။ အ, ယောသ။ ၁၅။ သရူပ။ ၁၆။ အ,သရူပ။ ၁၇။ သဝဏ္ဏ။ ၁၈။ အ, သဝဏ္ဏ တို့ရှိကြပေရာ ရွတ်ဘာသံပြောဆို (သဒ္ဒါ) ခေါ် (အသံ)၏ အနက်အဓိပ္ပါယ်မှုရင်းကျကျ



ဆရာတော်ဘုရားကြီး၏ သက္ကတဘာသာလက်ရေးမူ

တတ်မြောက်ရန် လိုပါသည်။ သဒ္ဒါ၌ သုတ်စဉ်- သုတ်နက်ဟု ရှိ၏။ "သဒ္ဒါ" ဆိုသည်မှာ "အသံ" ပင်ဖြစ်၏။ ထိုအသံ (သဒ္ဒ) ၌ အသံ (၁၀)မျိုး ရှိ၏။ ၎င်းတို့ကို "ဗျဉ္ဇန ဗုဒ္ဓိဆယ်ပါး" ဟု ခေါ်၏။

၁။ ဒီဃ- အသံရှည်ဆွဲ၍ ရွတ်ဆိုရသော အသံ၊

၂။ ရဿ - အသံတိုဖြင့် ရွတ်ဆိုရသော အသံ၊

၃။ ဂရု - လေးသောအသံဖြင့် ရွတ်ဆိုရသော အသံ၊

၄။ လဟု - ပေါ့သောအသံဖြင့် ရွတ်ဆိုရသော အသံ၊

၅။ ဓနိတ - တင်းတင်းရွတ်ဆိုရသော အသံ၊

၆။ သိထိလ - လျော့လျော့ရွတ်ဆိုရသော အသံ၊

၇။ သမ္ဗန္ဓ - ပုဒ်စပ်၍ ရွတ်ဆိုရသော အသံ၊

၈။ ဝဝတ္ထိတ - ပုဒ်ဖြတ်၍ ရွတ်ဆိုရသော အသံ၊

၉။ ဝိမုတ္တ - ဖွင့်၍ရွတ်ဆိုရသော အသံ၊

၁၀။ နိဂ္ဂဟိတ -ပိတ်၍ရွတ်ဆိုရသော အသံ၊

- ဟူ၍ ကစ္စာယန ဗျာကရုဏ်းကျမ်း သန္ဓိ ပထမသုတ်တွင် "အတ္တော အက္ခရ သညာတော"ဟု ဖွင့်ဆိုထား၏။ အသံ- ဟူသော "သဒ္ဒါ" သည် အက္ခရာ - ဗျည်း - သရ - ခေါ်သော "ဝဏ္ဏ" တို့ပင် တည်း။ ထိုဝဏ္ဏ ၄၁-လုံးတွင် "ဩ" အဆုံးရှိသော ရှစ်လုံးသော အက္ခရာတို့သည် "သရ"ဖြစ်၏။ (တတ္တော ဒ္ဓဋ္ဌာ သရာ အဋ္ဌ) "ထိုသရ ရှစ်လုံးတွင် ပေါ့ပါးလျင် မြန်သော (အ- ဣ-ဉ) သရ သုံးလုံးသည် "ရဿ" မည်၏။ (လဟု မတ္တာ တယော ရဿာ)၊ ကျန်ငါးလုံး တို့သည် "ဒီဃ" မည်၏။ (အညေ ဒီဃာ) သရမှ ကြွင်းသော အက္ခရာ ၃၃- လုံးတို့သည် "ဗျည်း" မည်၏ (သေသာ ဗျဉ္ဇနာ)၊ ထို ၃၃ လုံးတို့တွင် ကမှ မ အထိ ငါးလုံး ငါလုံး ကုန်သော ဗျည်းတို့သည် ဝဂ္ဂ (ဝဂ်)မည်၏။ (ဝဂ္ဂါ ပဉ္စ ပဉ္စသော မ. န္တာ) ယမှ ဠ အထိကား အဝဂ် ဖြစ်၏။

သရ ရှစ်လုံးတို့တွင် " အာ - ဤ - ဦ - ဧ - ဩ " တို့သည် " ဂရုပုဒ် " ။ အ - ဣ - ဉ တို့သည် " လဟုပုဒ်" ဖြစ်၏။ (ပရ သမညာ ပယောဂေ )ဟု သုတ်တွင် ပြသောကြောင့် သုံးစွဲသင့်သော တစ်ပါးသော သက္ကတကျမ်းတို့၏ အမည်သညာတို့ကိုလည်း ယှဉ်အပ် ၏ဟု ညွှန်းထား၏။

ဗျည်း (၃၃)လုံးတို့ကို ပုံစံကျ ၅-လုံးစီ စဉ်ရေးလျှင် ကမှ မ အထိ (၂၅) လုံးရှိ၏။ ပထမက္ခရာ , ဒုတိယအက္ခရာ ၂-လုံးစီ ထက်အောက်ယှဉ်၍ အဝဂ်မှ (သ)တစ်လုံးထည့်လျှင် (၁၁)လုံးရ၏။ ၎င်းသည် " အ,ဃောသ " မည်၏။ တတိယက္ခရာ, စတုတ္ထက္ခရာ , ပဉ္စမက္ခရာ သုံးလုံးစီ ထက်အောက်ယှဉ်၍ ယမှ ဠ အထိ ၆-လုံးကို ထည့်- ပေါင်း (၂၁)လုံးတို့သည် " ဃောသ" မည်၏။

ဗျည်း (၃၃)လုံးတွင် ကမှ မ အထိ စဉ်ရေးလျှင် ပ-ဒု - တ - စ - ပ - ၅ လုံးစီ ထက်အောက်စဉ်နေ၏။ ပထမနှင့် တတိယက္ခရာ (၁၀)လုံးတို့သည် " သိထိလ" မည်၏။ ဒုတိယနှင့်စတုတ္ထက္ခရာ (၁၀)လုံးတို့သည် " ဓနိတ " မည်၏။ ပဉ္စမက္ခရာ င - ဉ -န-ဏ-မ- တို့ကား နိဂ္ဂဟိတ်တည်း (အံက္ကတိ နိဂ္ဂဟိတံ )။

သရူပ - အ,သရူပ တို့ကား • သ • တူသော၊ ရူပ • ရုပ် (အသွင်သဏ္ဍာန်) သရနှစ်လုံးတို့သည် အသွင်သဏ္ဍာန်တူ နေလျှင် " သရူပ " ။ ( အ-အာ-ဣ-ဤ-ဥ-ဦ-ဧ-ဧ-ဩ-ဩ )

အ-အာ တို့နောင် ဣ-ဤ-ဥ-ဦ-ဧ-ဩ ၆-လုံးတို့သည် " အသရူပ " ။ အသွင်မတူ သရတို့တည်း။

ဣ-ဤ တို့နောင် အ-အာ-ဥ-ဦ-ဧ-ဩ- ၆-လုံး၊
ဥ-ဦ-တို့နောင် အ-အာ-ဣ-ဤ-ဧ-ဩ - ၆-လုံး၊
ဧ-နောင် အ-အာ-ဣ-ဤ-ဥ-ဦ-ဩ-၇-လုံး ၊
ဩ-နောင် အ-အာ-ဣ-ဤ-ဥ-ဦ-ဧ ၇-လုံးတို့သည် " အသရူပ" တို့ပေတည်း။

သဝဏ္ဏ - အသဝဏ္ဏတို့ကား • သ-တူသော ၊ ဝဏ္ဏ-ပုံသဏ္ဍာန်(ဝါ ) ဌာန် ။ ပုံသဏ္ဍာန်အားဖြင့် ကဏ္ဍစသော ဌာန်နှင့်၎င်း ၊ အတူရှိသော သရများသည် " သဝဏ္ဏ " မည်၏။

အ - အာ - ဣ - ဤ - ဥ - ဦ ၆-လုံး ၊ ဧမှာ ပုံသဏ္ဍာန်တူ တွဲဖက် မရှိ။ ဩမှာလည်း မရှိကြ၍ "အ, သဝဏ္ဏ" သရများဖြစ်ကြ၏။

(အသဝဏ္ဏ ဧ - ဩ)ဖြင့် အသဝဏ်အဖြစ်သို့ ရောက်သွား၏။ ဧ-ဩကို " အသဝဏ်ပြုရာ၌ ဌာန်တစ်စိတ်တူသည်ကို သတိပြုရာ၏။ ဣဝဏ်ကို ဧ၊ ဥဝဏ်ကို ဩ ပြုရသည်။

ဣဝဏ် ၂-လုံးသည် တာလုဌာန် (အာစောက်အရပ် ) ၌ ဖြစ်၍ ဧ-သည် ကဏ္ဍတာလုဌာန် (လည်ချောင်း - အာစောက်)၌ ဖြစ်သောကြောင့် ဌာန် တစ်စိတ်တစ်ပိုင်းအားဖြင့် တူ၏။

ဥဝဏ်သည် ဩဋ္ဌဌာန်( နှုတ်ခမ်း)၌ ဖြစ်သောကြောင့် ဌာန်တစ်စိတ်တစ်ပိုင်းအားဖြင့်တူ၏။

ကဏ္ဍ • လည်ချောင်း ဒန္တ • သွား
တာလု • အာခေါင် ဩဋ္ဌ • နှုတ်ခမ်း
မုဒ္ဓ • အာထိပ် နာသိက • နှာခေါင်း• ဇ •
ဖြစ်သောအက္ခရာ
ကဝဂ် • ကမှ င + အ - အာ-ဟ • ကဏ္ဍဇ အက္ခရာ
စဝဂ် • စ မှ ဉ + ဣ -ဤ-ယ • တာလုဇ အက္ခရာ ၊
ဋဝဂ် • ဋ မှ ဏ + ရ - ဠ • မုဒ္ဓဇ အက္ခရာ၊
တဝဂ် - တ မှ န + လ-ယ • ဒန္တဇ အက္ခရာ၊
ပဝဂ် • ပ မှ မ + ဥ - ဦ • ဩဋ္ဌဇ အက္ခရာ။
ဧ • ကဏ္ဍတာလု၊
ဩ • ကဏ္ဍဩဋ္ဌ"

ဌာန်ဆိုသည်မှာ "ဌာန"ကိုခေါ်၏။ အက္ခရာ အသံတို့၏ ဖြစ်တည်ရာဌာနတည်း။ ဥပမာအားဖြင့် လူတို့၏ လည်ပင်း၌ စာလုပ်ရှိ၏။ ထိုစာလုပ် အတွင်းဘက် အောက်တွင် အဆုပ်သို့လေသွင်း လေထုတ်ပြုလုပ်သည့် လေပြွန်တစ်ခုရှိ၏။ ထိုလည်ပင်း စာလုပ်တစ်ဝိုက်တွင် " အသံ" မြည်နိုင်သော အကြော အမျှင်များရှိ၏။ အသံကြိုးမျှင် ဟု ခေါ်ဆိုနိုင်၏။ အဆုပ်တွင်းမှ လေကို တွန်းထုတ်လိုက်သောအခါ အသံကြိုးမျှင်တို့ကို ရိုက်ခတ်တုံခါ၍ " အသံ" ဖြစ်ပေါ် လာ၏။

ပင်ကိုယ်မူလ ဖြစ်ပေါ်လာသော အသံမှာ (အာ)ဟု ပထမ ထွက်၏။ ဒုတိယ ရှည်လျားစွာ ထွက်သောအသံ (အာ)အခြေ ခံသည် (အာဟာ)ဖြစ်၏။

တတိယ လျှော့ချအသံမှာ (အား - ဟား ဟား ) ဖြစ်သွားတတ်၏။

မူရင်း(အာ) အသံကိုရွတ်သောအခါ လျှာရင်းရှိ ကြွက်သားများကို ဖောင်းကြွလာစေရန် လေထွက်သော လမ်းကြောင်းကိုလည်း တန့်ရပ် ပိတ်ဆို့ သွားအောင် ပြုလုပ်လိုက်လျှင် (အ)ဟူ၍ တိုသော အသံဖြစ်သွား၏။

ထို (အာ)ဟူသော အသံတစ်ခု တည်းကိုပင်လျှင် ၁။လျှာရင်း ၂။လျှာလယ် ၃။လျှာဖျား ပိတ်ဆို့မှုအားဖြင့်လည်းကောင်း (သို့) နှုတ်ခမ်း နှစ်ဖက်အားပိတ်ဆို့ကာ တားဆီးပြုပြင် ပေးမှုတို့ကြောင့်လည်းကောင်း လိုအပ်သောအသံမျိုးစုံ အက္ခရာမျိုးစုံထွက်ပေါ်လာနိုင်ပါ၏။

ဌာန်၌ ငါးပါးရှိ၏။ အက္ခရာတို့၏ တည်ရာဌာနဖြစ်သောကြောင့် ဌာန်ဟုခေါ်၏။

၁။ လည်ချောင်း --- တည်ရာ
ကဏ္ဌဌာန - ကဏ္ဌဌာန်။
၂။ အာစောက် --- တည်ရာ
တာလုဌာန - တာလုဌာန်။
၃။ လျှာထိပ် (အာခေါင် - သွားရင်း) တည်ရာ
မုဒ္ဓဌာန - မုဒ္ဓဌာန် ။
၄။ သွား ------တည်ရာ ဒန္တဌာန - ဒန္တဌာန် ။
၅။ နှုတ်ခမ်း ----တည်ရာ ဩဋ္ဌဌာန - ဩဋ္ဌဌာန်။

သို့ဖြစ်၍ဌာန်ငါးပါးပီသ ကျနစွာ ဘာသ်ကြားရွတ်ဆိုတတ်မှ ဌာန်ကျသည် ဟု ဆိုကြကုန်၏။ ဤသို့ အက္ခရာတို့၏ တည်ရာဌာနကို သိလျက် ရွတ်ဘာသ်သည့် အခါ အထက်၌ ပြဆိုခဲ့သော ဇ - ဖြစ်ခြင်း အက္ခရာတို့ကို ပြန်လည်နှလုံးသွင်းလျှင် ကဏ္ဌဇ အက္ခရာ - ၈-လုံး ၊ တာလုဇအက္ခရာ - ၈-လုံး ၊ မုဒ္ဓဇ အက္ခရာ ၇-လုံး ၊ ဒန္တဇ အက္ခရာ ၇- လုံး ၊ ဩဋ္ဌဇအက္ခရာ -၈-လုံး ကဏ္ဌတာလုဇအက္ခရာ ၁-လုံး ၊ ကဏ္ဌ ဩဋ္ဌဇ အက္ခရာ ၁-လုံး တို့ကို သိ၍ ဤဌာန်ငါးပါးအပြင် နှာခေါင်းဌာန်၌ဖြစ်သော " နာသိကဌာန် " ကိုထည့်သွင်းသော် ဌာန် ၆-ပါးဖြစ်သတည်း။

ကရိုဏ်းဆိုသည်မှာ အသံလှိုင်းပါသည့်လေကို လိုရာဌာနသို့ ရှေးရှု၍ ရိုက်ခတ်ထိခိုက်သွားစေရန် ပြုပြင်ကူညီပေးသောလျှာနှင့် နှုတ်ခမ်းစသည့်တို့ကို "ကရိုဏ်း" ဟုခေါ်၏။ ဥပမာ - နှဲပုလွေ မှုတ်သောအခါ သံစဉ်များကို လက်ပေါက်များမှ အဖွင့် အပိတ်ပြုလုပ်ပေးလျှင် အသံသည် အတို - အရှည် ၊ အနိမ့် - အမြင့် ၊ အပျော့ - အမာ မျိုးစုံပေါ်လာဘိသကဲ့သို့ လျှာနှင့် နှုတ်ခမ်းတို့က ပြုပြင်ခြယ်လှယ်ပေးမှုကြောင့် အသံ အမျိုးမျိုး ဖြစ်ပေါ်လာနိုင်၏။ ပါဠိစာပေ ဘာသ်သော အခါ၌ဖြစ်စေ ၊ ရွတ်ဘာသ် သရဇ္ဈာယ်သော အခါ၌ဖြစ်စေ၊ ဌာန်-ကရိုဏ်းကျဖို့လိုကြောင်း ၊ ဌာန်ကရိုဏ်း မကျလျှင် ထိရောက်မှန်ကန်မှုမရှိကြောင်း ဘကြီးတော်ဘုရားက မိန့်တော်မူခဲ့ပါ၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘကြီးတော်အလို ( ဗုဒ္ဓံ ဆရဏံ ဂတ်ချာမိ)
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘကြီးတော်အလို (ဓမ်မံ ဆရဏံ ဂတ်ချာမိ)
သံဃံ သရဏံ ဂစ္ဆာမိ၊
ဘကြီးတော်အလို (ဆမ်ဃမ် ဆရဏံ ဂတ်ချာမိ )

ဤ၌ လျှာ၏ အလယ်ဖြစ်သော ကရိုဏ်းကို ဇိဝှါမဇ္ဈ ကရိုဏ်း၊

လျှာဖျား၏ အနီး၌ဖြစ်သော ကရိုဏ်းကို ဇိဝှေါပဂ္ဂ ကရိုဏ်း၊

လျှာဖျား၌ဖြစ်သော ကရိုဏ်းကို ဇိဝှဂ္ဂ ကရိုဏ်း

မူရင်းဌာန် အတိုင်းဖြစ်သော ကရိုဏ်းကို သကဌာနကရိုဏ်း ဟု ၄-မျိုးပြ၏။

စ-ဆ-ဇ-ဈ-ည-ဋ္ဌ-ဤ-ယ (၈)လုံးတို့ကို ရွတ်ဆိုသောအခါ အာခေါင်အရင်းပိုင်း အာစောက်ကို လေလှိုင်းရိုက်ခတ်စေရန် လျှာ၏အလယ်ပိုင်းအား မို့မောက်အောင် ပြုပြင်ပေးရသည့်အတွက် ဇိဝှါမဇ္ဈ ကရိုဏ်း

ဘကြီးတော်အလို- စ-ဆ-ဇ-ဈ ကို ကျ-ချ-ဂျ-ဃျ- ဟု သက္ကတအသံနှင့် ဌာန်ပါပါ ရွတ်ဆိုရသည်ကို

သတိချပ်ရာ၏။

န-ဌ-ဍ-ပ-ဏ-ရ-ဋ ၇-လုံးတို့ကို ရွတ်ဆို သောအခါ အာခေါင်၏ အလယ်ပိုင်းကို လေလှိုင်း တိုက်ခတ် ပွတ်သွားအောင် လျှာကို မ,ကာ လိပ်တင်ပြီး ရွတ်ဆိုရသောကြောင့် လျှာအနီးကရိုဏ်းခေါ် ဓိဝှါ ပဂ္ဂကရိုဏ်း တ-ထ-ဒ-ဓ-န-လ-သ- ၇-လုံးတို့ကို ရွတ်ဆိုသောအခါ သွားကိုလေလှိုင်းတိုးဝေ့၍ ရိုတ်ခတ်သွားစေရန် လျှာဖျားကိုသွားနှင့် ထိကပ်ပေးရ သောကြောင့် လျှာဖျားကရိုဏ်းခေါ် ဇိဝှဂ္ဂ ကရိုဏ်းဟု ခေါ်၍-

အက္ခရာတို့ကို ရွတ်ဆိုရာ၌ မလှုပ်ရှားသော နေရာတို့ကို "ဌာန်" လှုပ်ရှားသော အစိတ်အပိုင်းတို့ကို " ကရိုဏ်း" ဟုခေါ်၏။

ပ-ဖ-ဗ-ဘ-မ-ယ-ရ-လ-ဝ-သ-ဟ-ဠ-အံ တို့ကို ရွတ်ဆိုသောအခါ တည်ငြိမ်နေသော အပေါ် နှုတ်ခမ်းသည် "ဌာန်" လှုပ်ရှားသွားသော အောက်နှုတ် ခမ်းသည်" ကရိုဏ်း"။

က-ခ-ဂ-ဃ-င တို့ကိုရွတ်ဆိုရာ၌ လည်ချောင်း အတွင်း အရှေ့ပိုင်းမှာ လျှာရင်း ကြွက်သားများကို မို့မောက်စေရန်လည်းကောင်း နိမ့်စွက်သွားစေရန် လည်းကောင်း ပြုပြင်ပေးသည့် အစိတ်အပိုင်းကို " ကရိုဏ်း " မလှုပ်မရှား တည်ငြိမ်နေသော လည်ချောင်း အပိုင်းကို " ဌာန်" ဟု မှတ်ရာ၏။

ပယတ္တ- ပယတ်ဆိုသည်ကား - အင်အား စိုက်ထုတ်မှုကို ခေါ်သည် ပယတ်၌ (၄)မျိုးရှိသည်။

၁။ အက္ခရာတို့ကို ရွတ်ဘာသ် သရဇ္ဈာယ် ခြင်းအလို့ငှါ အားထုတ်သော အခါ၌ မူလထွက်ပေါ် လာသော အသံလှိုင်းကို " ဌာန် " " ကရိုဏ်း" တို့ဖြင့် အတားအဆီး အပိတ်အပင် မရှိအောင်, ဖွင့်ထုတ်လွှတ် ပေးကာ ရွတ်ဘာသ် သရဇ္ဈာယ်ခြင်းကို ဝိဝဋပယတ်။

၂။ အသံလှိုင်းကို " ဌာန်" " ကရိုဏ်း" တို့ဖြင့် တားဆီးပိတ်ဆို့ရပ်တန့်စေကာ ရွတ်ဘာသ် သရဇ္ဈာယ် ခြင်းကို သံဝုဋပယတ်။

၃။ အသံလှိုင်းကို သက်ဆိုင်ရာဌာန၌ ပြင်းထန် စွာ ထိခိုက်စေ၍ " ဌာန်" " ကရိုဏ်း" တို့ကို ထိမိစွာ ရွတ်ဘာသ် သရဇ္ဈာယ်ခြင်းကို ဖုဋ္ဌပယတ်။

၄။ သက်ဆိုင်ရာ " ဌာန်" " ကရိုဏ်း "တို့ကို ပြင်းပြင်းထန်ထန် မထိစေပဲ အနည်းငယ်မျှသာ ထိစေ၍ မထိတထိ ရွတ်ဘာသ် သရဇ္ဈာယ်ခြင်းကို သံဖုဋ္ဌ ပယတ် ဟု မှတ်ရာ၏။

အထက်ပါ ပယတ်(၄)မျိုးအရ ဌာန်-ကရိုဏ်း မလွတ်စေပဲ ရွတ်ဆိုရသော အက္ခရာတို့ကား - အာ- ဣ-ဤ-ဉ-ဦ (ဦ) ဧ-ဩ-သ-ဟ (၉)လုံးသော အက္ခရာတို့ကို ဝိဝဋ ပယတ်နှင့် ရွတ်ရ၏။ အ-သရကို သံဝုဋ ပယတ်နှင့်ရွတ်ရ၏။ ကမှ မ အထိ က-ဝဂ် - စ-ဝဂ် - ဋ-ဝဂ် - တ-ဝဂ် - ပ-ဝဂ် ၂၅-လုံးတို့ကို ဖုဋ္ဌ ပယတ်နှင့် ရွတ်ရ၏။ ယ-ရ-လ-ဠ-ဝ ၅-လုံးတို့ကို သံဖုဋ္ဌ ပယတ်နှင့်ရွတ်ရ၏။

အဝဂ်၌ ယ-ကို ယ-ဟုသာ ဘာသ်သံထွက် ရ၏။ (ယပက်လက်မဟုတ်) ရကိုရ ( Ra ) ဟု အသံထွက်ရ၏။ ရကောက် (ယကောက်)မဟုတ် ၊ လျှာလိပ်သံဖြင့်ရွတ်ဆိုရ၏။ မိမိရေးသောစာ၌ " ဘာသ်" ဟုရေး၏။ ဘတ် -ဖတ်-ဘာသ် သုံးမျိုးတွင် သဒ္ဒါအလိုအားဖြင့် " ဘာသ ဘာသနေ သိရဇ္ဈာယ် သမာနတော" ဖြင့် ဘာသ်ကို ယုတ္တိဗေဒအားဖြင့် သုံးသင့်သည် ဟု ဘကြီးတော် (ဗာရာဏသီဆရာတော် ဘုရားကြီး)ကမိန့်ခဲ့ဖူး၏။

ဤကား ကျေးဇူးတော်ရှင် ဘကြီးတော်ဘုရား (ဗာရာဏသီဆရာတော်ကြီး)သင်ကြားပေးခဲ့သော အခြေခံတို့ပင်ဖြစ်ပါသည်။

ထူးခြားချက်တို့ကား - ပါဠိရဝဒပ္ပဏခေါ် ပါဠိဘာသ်နည်း ဥပဒေသအဋ္ဌမြစ်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌အသုံးပြု နေသော ပိဋကတ်သုံးပုံ တွင် ပဌမ သင်္ဂါယနာတင်စဉ်က ၅၂- အုပ်ရှိခဲ့၏။ ဆဋ္ဌသင်္ဂါယနာ၌ ဇာတက အဂ္ဂိုတ္တိုရ်(၁၁)ကျမ်းကို ကြဲ့ ၍ အုပ်ရေ ၄၀-ရှိပေရာ ၊ ထိုကျမ်းတို့၏ ဇစ်မြစ်မှာ ၊ မာဂဓ - သက္ကဋ- နာဂရီ ဘာသာတို့မှ ကူးယူရသော ပါဠိဖြစ်သဖြင့် အသံထွက် **(Pronunciation)**

ပုံမတူသော အချက်များရှိနေပါ၏။

စဝဂ်၌ စကို - ကျ ၊ ဆ-ကို ချ၊ ဇ-ကို ဂျ၊ ဈ-ကို ယျ၊ ၄-လုံးနှင့် အဝဂ်၌ သ-ကို ဆ-ရှ (သျှ ) ရှရ-၁-လုံး ၊ ဤ ၅-လုံး တို့သည် မြန်မာနှင့် သက္ကတ အသံထွက် မတူကြပါ။ သက္ကတ အသံသည် ၊ မူလပင်ကိုယ် ပေါ်ထွက်လာသော စကား (Mother Language) ပင်ဖြစ်သည်။ သူငယ်တို့သည် ထမင်းချာတယ်၊ ဈေးသွားတယ် ဟု မူရင်းသဘာဝအသံတို့ကို စံပြုလျှင် သိသာထင် ရှားနေပါ၏။

အသံထွက်မတူပုံကား -

ဥဒါဟရဏ် - ၁ ။

သမန္တာ စက္ကဝါဠေသု (ဆမန္တာ ကျက္ကဝါဠေ ဆု)
အတြာ ဂစ္ဆန္တု ဒေဝတာ (အတြာ ဂတ်ချန္တု ဒေဗတာ)
သဒ္ဓမ္မံ မုနိရာဇဿ (ဆဒ္ဓမ္မံ မုနိ ရာဂျတ်ဆ)
သုဏန္တု သဂ္ဂ မောက္ခဒံ (ဆုဏန္တု ဆဂ္ဂ မောက္ခဒံ)

ဥဒါဟရဏ် - ၂ ။

ဇယန္တော ဗောဓိယာ မူလေ(ဂျယန္တော ဗောဓိယာမူလေ)
သကျာနံ နန္ဒိ ဝဍ္ဎနော (ဆကယာနံ နန္ဒိ ဝဍ္ဎနော)
ဧဝ မေဝ ဇယော ဟောတု (ဧဝ မေဝ ဂျယော ဟောတု)
ဇယဿု ဇယ မင်္ဂလေ (ဂျယတ်ဆု ဂျယ မံဂလေ)

ဥဒါဟရဏ် - ၃။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ (နမို တတ်ဆ ဘဂ, ဗတို အရဟတို ဆမ္မာ ဆမ္ဗုဒ္ဓတ်ဆ)

(အို - ဩ သဒိသော ဒွေပွဲ)။

စသည်ဖြင့် ပထမတွင် သဒ္ဒါနည်းကို သင်ပြပေးသည်။ ဥဒါဟရဏ်တို့ကို ပရိတ္တပါဠိ သုတ္တန္တ၊ ဝိနယ၊ အဘိဓမ္မပါဠိတို့မှ ထုတ်နှုတ်၍ သက္ကတအသံတို့ကို သင်ပြတော်မူခဲ့သည်။

မေမြို့ (ပြင်ဦးလွင်) ဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်မှသည် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံရွှေကျောင်း တိုက်သစ် စည်ရှင်ကျောင်း ဒေါင်းရိုးတိုက်၌ရှင်း ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၌ရှင်း - ဂျိနဗကျန် (ဇိန ဝဓန - ဗုဒ္ဓဘာသိတ ကထာ)ဖြင့် တပည့်အများတို့အား သင်ကြား ပေးတော်မူခဲ့သော ဘကြီးတော်ဘုရား (ဗာရာဏသီဆရာတော်ကြီး)သည် ၁၃၅၅-ခုနှစ် တပို့တွဲလပြည့်ကျော် (၁၃)ရက် (၁၀. ၃. ၉၃) ကြာသပတေးနေ့တွင် ပျံလွန်တော် မူခဲ့ပါသည်။ ထိုစဉ်က သက်တော် (၉၂)၊ သိက္ခာတော် (၇၂)ဝါဖြစ်သည်။ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ ဘွဲ့မည်ရသည့် မဟာထေရ်မြတ်ကြီးကို အရိယာသူတော်စင်အပေါင်းတို့က "နှစ်သက်"ကြသော်လည်း သေမင်းက "မနှစ်သက်"၍ အကျွန်ုပ်တို့တတွေနှင့် ခွဲခွာကြွသွားတော်မူသည်မှာ (၈)နှစ် ကျော်ခဲ့လေပြီ။ ၁၃၆၄-ခုနှစ် ဝါဆိုလဆန်း (၅)ရက် (၁၄-၇-၂၀၀၂)ရောက်သောကာလ ဘကြီးတော်ဘုရားသာ သက်တော်ထင်ရှား ရှိခဲ့ပါလျှင် သက်တော်ရှည် ရာပြည့် မထေရ်မြတ်ကြီးကို တပည့်ဒါယကာအားလုံးဖူးတွေ့နေရပေလိမ့်မည်။

ဘကြီးတော်ဘုရားသည် "အက္ခရာပျက်၊ ယွင်းသွေကွက်၊ အနက်ချွတ်တိမ်းရာ"ဟူသော ပထမရွှေကျင်နိကာယ သာသနာပိုင်ဆရာတော်ဘုရားကြီး၏ နိယံကို အမြဲတစေ နိဒါန်းဆင်၍ သင်ပေးလိုသော အကြောင်းအရာကို စတင်လေ့ရှိ၏။

သဒိသ ဒွေဘာဝ၊ အသဒိသဒွေဘာဝ ဌာန်တူသော အဆင့်၊ ဌာန်မတူသော အဆင့်တို့ကို ပြည့်န်ရာ၌ စက္ကဝါ၊ သတ္တဝါ၊ သစ္စာ၊ အနတ္တာ၊ မေတ္တာ တို့သည် သဒိသဒွေဘော်ဖြစ်ကြ၏။

အနုတ္တရ ကဲ့သို့ မနုဿတွင် သနှစ်လုံးဆင့်ဖြင့် "မနုဿ" ဆိုက သံယုဂ်မှန်ဒွေဘော်ဖြစ်ကြောင်း၊ ညကြီး-ဥငယ် ဝဲယာကပ် သကဲ့သို့ သ-ကိုလည်း ဝဲယာကပ်ထားသည်မှာ ဒွေဘော်မပီသကြောင်း၊ တဿ၊ အတြ၊ ဗြဟ္မ၊ သိက္ခာ၊ ပုစ္ဆာ၊ သဒ္ဒါ တို့မှာ အသဒိသ ဒွေဘော်ဖြစ်သော်လည်း ဗြဟ္မ-၌ ဗရဟ္မ-အသံမထွက်ဘဲ "ဗြန်မ" "ဗြင်မ" အသံထွက်နေကြောင်း၊ ဗရဟ္မ - မြင့်မြတ်သော။ စရိယ (ကျရိယ) ကျင့်ခြင်းဖြစ်ပေရာ "ဗရဟ္မ" ဟု အသံထွက်မှ မှန်ကန်ကြောင်း မိန့်တော်မူခဲ့ပါ၏။

ဂုင်းနောက် အသဒိဒွေဘော်မှ သကျ - (ဆကယ)ကို သက်ကျဆိုနေပုံ ရောဂျ (ရောဂယ)ကို ရောက်ဂျ-ဆိုနေပုံ၊ အာချာတ် (အာခယာတ) အဂ္ဂျာဂါရ်ံ (အက်ဂယာဂါရ်ံ-အဂ္ဂိအာဂါရ်) နဒျာသန္ဒော (နဒျယာ ဆန္ဒော- နဒီအာဆန္ဒော) စသောဥပမာများနှင့် မူရင်းအမိပ္ပါယ် ပေါ်အောင်လည်း စိတ်ရှည်စွာ သဘော ပေါက် နားလည်သည်အထိ သင်ပေးတော်မူခဲ့ပါ၏။

ငနှင့် ဟတို့၏ ဆင့်ပုံကို ပြတော်မူရာ၌ မင္ဂလ (မံဂလ) သင်္ခါရ (ဆံခါရ) သင္ခေပ (ဆံခေပ) တဏှာ (တဏဟာ) အမှ္ဟ (အမဟ) တုမှ္ဟ (တုမဟ) ဏှာယ (ဏဟာယ) စသည်တို့အပြင် ရှသံညင်းချိပ်တွင် သံယုတ်မပါ ဋ-ကိုပြ၏။ ဋု = ဋု ။ ဌ = ဋ္ဌ = ဌ ဆင့်ပုံကို လည်း ပြ၏။

အထူးကား - ပဋ္ဌာနပါဠိတော်၌ ပစ္စယော (ပစ်စယော)ကို ပြစ်စယောရွတ်နေပုံ၊ သက္ကတအသံ (ပတ်ကျယော) ပစ္ဆိမ (ပစ်ဆိမ)ကို ပြစ်ဆိမ၊ (သက္ကတ - ပတ်ချိမ)၊ နစ္စ (နင်စ)ကို နင်းစ၊ (သက္ကတ - နံကျ) ရွတ်ဘာသ်နေပုံ ပါဠိ၌ - အတြ၊ တတြ၊ နိဂြောဓ (နိဂရောဓ) တို့ကလွဲ၍ ယပင့်-ရရစ်မရှိပုံ၊ ဘုဒ္ဓ၊ ဆန္ဒ၊ ကဏှာ၊ ဓမ္မ တို့ကို နိဂ္ဂဟိတ်သံနှင့် ဘာသ်သကဲ့သို့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ - ကိုလည်း (ဗုဒ်ဓံကျ၊ ဓမ်မံကျ၊ ဆံယံကျ) ဟု ဘာသ်မှု အစွမ်းထက်ပုံတို့ကို သင်ကြားပေးခဲ့၏။

နောက်တစ်ခုကား - "ဝစ္စနှစ်လုံး၊ ပါဠိထုံး၊ အသုံးမရှိပါ" ဖြစ်ပါသည်။ အဟံ ဘန္တေ (အဟံ ဘန်တေ) အဟံဘန်းတေ မဆိုရ၊ သီလံ ဒေထ (ဆီလံဒေထ) သီလံ ဒေးထ မဆိုရ၊ ဂစ္ဆန္တိ (ဂတ်ချန္တိ) ဂစ်ဆန်းတိ မဆိုရ၊ စသည်ဖြင့် ဘကြီးတော်ဘုရား ကိုယ်တိုင် တားမြစ်ခဲ့ပါ၏။

မှတ်မိပါသေးသည် စာရေးသူသည် ၁၉၅၃- ခုနှစ်က ဘကြီးတော်ဘုရားနှင့် အတူ သီဟိုဠ်ကျွန်း (လံကာဒီပ - သီရိလင်္ကာ) သို့ လိုက်ပါသွားခဲ့ဘူး၏။ ကိုလံဘိုလ် (ကောလမ္ဘ) မြို့၊ မရဒါန ရပ်ကွက်၊ ဒေမတာဂိုဒလမ်း၊ ဝိသုဒ္ဓါရာမယ (**Vissuddhara-maya Monastery**) သို့ ရောက်ခဲ့စဉ်က အဆိုပါ ရွှေကျင်ကျောင်းတိုက်၌ ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) (**Vesuk Buddhism Festival**) ဝိသာခါ နက္ခတ်ပွဲသဘင်နေ့၌ ဘကြီးတော်ဘုရားက ပါဠိ + အင်္ဂလိပ်နှစ်ဘာသာဖြင့် ဆင်ဟလီ ဗုဒ္ဓဘာသာဝင် တို့အား တရားဟောပါသည်။

ဦးစွာ ပထမ ငါးပါးသီလ (**Five Precepts**) ချီးမြှင့်သည်၊ ဂုင်းနောက် မြတ်စွာဘုရား၏ ဩဝါဒပါတိမောက်ဖြစ်သော ဂါထာတော်

သဗ္ဗပါပဿ အကရဏံ
**( The Giving up of all evil )**
ကုသလဿူပသမ္ပဒါ
**( The cultivation of all good )**
သစိတ္တပရိယောဒပနံ
**( The cleaning of one's mind )**
ဧတံ ဗုဒ္ဓါနသာသနံ
**( This is the teaching of the Buddhas )**

ကို ဟောပါသည်။မကောင်းမှုမှန် သမျှကို မပြုလုပ်ခြင်း၊ ကောင်းမှုမှန်သမျှကို ပြည့်စုံစေ ခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း၊ (မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင် ၊ ဖြူအောင် စိတ်ကိုထား) ဤတရား သုံးပါးတို့သည် ခပ်သိမ်းသော ဘုရားရှင်တို့၏ အဆုံး အမ ဩဝါဒပေတည်း ဟူသော ဒေသနာပါတည်း။

ဂုင်းနောက် မဂ္ဂင်ရှစ်ပါးကို ဂုင်းတို့နား လည် အောင် ဆက်ဟောရာ၌

၁။ သမ္မာ ဒိဋ္ဌိ (ဆမ္မာ ဒိဋ္ဌိ)
မှန်စွာသိမြင်မှု (**Right Understanding**)
၂။ သမ္မာ သင်္ကပ္ပ (ဆမ္မာ ဆံကပ္ပ )
မှန်စွာ ကြံစည်မှု ( **Right Though**)
ပညာမဂ္ဂင် (၂)ပါးကိုဟောပါသည်။
၁။ သမ္မာဝါစာ (ဆမ္မာ ဝါကျာ)
မှန်စွာ ပြောဆိုမှု ( **Right Speech**)
၂။ သမ္မာ ကမ္မန္တ (ဆမ္မာ ကမ္မန္တ ) မှန်စွာ ပြုလုပ်မှု
**( Right Deed or Right Action)**
၃။ သမ္မာအာဇီဝ (ဆမ္မာ အာဂျီဗ )

မှန်စွာ အသက်မွေးမှု (Right liveli hood)

သီလမဂ္ဂင် (၃)ပါးကို ဟောပါသည်။

၁။ သမ္မာဝါယာမ ( ဆမ္မာဝါယာမ )
မှန်စွာအားထုတ်မှု
(Right Effort or Right Energy)

၂။ သမ္မာ သတိ (ဆမ္မာ ဆတိ)
မှန်စွာ သတိကပ် ရှုမှတ်မှု
( Right Mindfulness)

၃။ သမ္မာသမာဓိ (ဆမ္မာဆမာဓိ)
မှန်စွာစူးစိုက်တည်ငြိမ်မှု
( Right Concentration)

သမာဓိမဂ္ဂင် (၃)ပါးကို ဟောပါသည်။

ထို့နောက် ပါဠိတစ်လှည့် အင်္ဂလိပ်တစ်လှည့်ဖြင့် ပရိသတ် ၅၀၀-ကျော်တို့ကို ဗုဒ္ဓအလိုတော်ကျ ဆုံးမသွန်သင် ဓမ္မသဘင် ကျင်းပခဲ့ပါသည်။ ဘကြီးတော်



ဆရာတော်ဘုရားကြီး၏
မြန်မာအင်္ဂလိပ်လက်ရေးမူ

ဘုရား၏ ဝဲယာ၌ ဦးဉာဏဝံသ ( Rev; Nyana Vansa) ဦးသဒ္ဓါနန္ဒ (Rev; Suddha nanda) ဦးဝဇီရဗုဒ္ဓိ (မြန်မာ - ယခု အိန္ဒိယ-ဘုံဘေ) (မွန်ဘိုင်း)မြို့၊ ဓမ္မာစရိယ ၊ မဟာဝိဇ္ဇာ) ဦးဉာဏုတ္တရ (မြန်မာ)နှင့် မိမိတို့ရှိကြသည်။

ဝိသုဒ္ဓါရုံ ပါဠိအဘိဓာန် အတွက် သီဟိုဠ်ပါဠိ အဋ္ဌကထာများစုစည်းရန် ကြွတော်မူခဲ့သော ဘကြီးတော်ဘုရားသည် မြန်မာနိုင်ငံ၌ အင်္ဂလိပ်စကား (English Language)ကို အနီးစခမ်းဆရာတော် ဦးပဏ္ဍိတ (ဓမ္မကထိက)နှင့် တော်တော်ကြာ ပြောဖူးသည်မှအပ ပြောလေ့ပြောထမရှိတော့ပေ။ ကမ္ဘာသုံးပါဠိ ( International Language of Pali)ကိုပင် (ဝါ) သက္ကတပါဠိကိုပင် မြတ်နိုးခဲ့မင်သည်ကို တွေ့ရပါတော့သည်။

ထို့ကြောင့် ဘာသန္တရဆေက၊ ပိဋကတ္တယ ပါရဂူဖြစ်တော်မူသော ဘကြီးတော်ဘုရား (ဗာရာဏသီဆရာတော်ဘုရားကြီး)၏ တူတော်ရင်းဖြစ်သော အကျွန်ုပ်သည် ပါရမီသမ္ဘာရနည်းလွန်းသဖြင့် အမွေခံ မထိုက်ခဲ့သော်လည်း ပုညဝန္တာဝ လဗ္ဘရေ-အရ ရှေးရှေးဆိက ပါရမီဖြိုး တန်ခိုးကြီးလျက်ရှိ ကြပေကုန်သော ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ဗာရာဏသီဆရာတော်ဘုရားကြီး၏အန္တေဝါသိက၊ အနန္တေဝါသိက၊ သဒ္ဓိဝိဟာရိက တပည့်ကြီးငယ် အသွယ်သွယ်တို့က (ဝါ) ဩဝါဒကွမ ပုဂ္ဂိုလ်ကျော် တို့က ဆရာတော်မထေရ်မြတ်၏ ဈာပဒေသအတိုင်း ဆက်လက် ထိန်းသိမ်းဖြန့်ပွားသွားကြမည်ဆိုပါလျှင် . . ။

စိရံ တိဋ္ဌတု သဒ္ဓမ္မော
May the Buddha's Dammas endure for ever!

သိရိဘုန်းထွဋ်
ရန်ကုန်တိုင်း၊ မှော်ဘီမြို့၊
အမှတ် (၂၇)၊ ဗဟိုလမ်းမကြီး၊
မြို့မ(၄) တိုးချဲ့ မြို့သစ်၊
မဟာဝိဇ္ဇာမိုရ်ရဲဆေးတိုက်။

ဗာရာဏသီဆရာတော်ကြီး ဘဒ္ဒန္တအာနန္ဒ ပဏ္ဍိတာဘိဝံသအား ဦးလေးဖြစ်သူ၏ ယောက္ခမကို အကြောင်းပြုကာ လွန်ခဲ့သောနှစ်(၂၀)ကျော်ကာလကပင် စာရေးသူ ဖူးတွေ့ကြည်ညို ရင်းနှီးခွင့်ရခဲ့ပါသည်။ ဆယ်စုနှစ် နှစ်စုစာခန့် ဆရာတော်နှင့် ရင်းရင်းနှီးနှီး အနီးကပ် ဆက်ဆံပြီး လေ့လာသိရှိရသမျှမှာ ဆရာတော်သည် ကျောင်းတိုက်သို့ ရောက်လာကြကုန်သော ဒါယကာ ဒါယိကာမ ပရိသတ်တို့အား မျက်နှာကြီး ငယ်မရွေး အဆင့်အတန်း မခွဲခြား တပြေးတသားတည်း ဆက်ဆံကာ ပစ္စုပ္ပန်အစီးအပွား သံသရာ အစီးအပွားတို့ အကျိုးငှာ မေတ္တာရှေ့ထားလျက် ဆောင်ရွက်ပေးတတ် ခြင်းပင် ဖြစ်ပါသည်။

စေတနာအလျောက် စွမ်းအားအလျောက် လှူဖွယ်ပစ္စည်း အမျိုးမျိုးတို့ဖြင့် မိမိအား လာရောက်ဖူး မြော်လှူဒါန်းပူဇော်ကြ



# ဗာရာဏသီဆရာတော်နှင့်

## စာရေးသူ

## လှသန့် - ပြည်

သည့် ဒါယကာ ဒါယိကာမ လူတန်းစားအမျိုးမျိုးတို့ကိုလည်း အယုတ်အမြတ် မခွဲခြားမူ၍ အနှစ်သာရသဘောအားဖြင့် တပြေးညီသောဆုဖြင့်သာ ချီးမြှောက်တော်မူပါသည်။

"တပည့်တော် တပည့်တော်မတို့သည် ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်သို့ ဝမ်းမြောက်ဝမ်းသာ ကိုယ်တိုင်လာရောက်ကြ၍ (ဤ) လှူဖွယ်ပစ္စည်း အစုစုတို့ကို လှူဒန်းပူဇော် ကြပါ၏။ မဂ္ဂသစ္စာပါရမီ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးကြပါကုန်၏" စသောအားဖြင့် လမ်းကြောင်းအစချီကာ ဆရာတော်ချီးမြှင့်တော်မူသောဆုသည် သာမန်သဘောအားဖြင့် သုံးသပ်ပါက ထူးထူးခြားခြားကြီး မရှိလှဟု ထင်မှတ်ရပါသည်။ သို့သော် အဘိဓမ္မာသဘောအားဖြင့် ဝေဖန်သုံးသပ်ကြည့်ပါမူ လာရောက်လှူဒါန်း ပူဇော်ကြသည့် ဒါယကာ ဒါယိကာမ ပရိသတ်အတွက် သာသနာတွင်း ဝိဝဋ္ဋနိဿိတပါရမီကုသိုလ်ထူး တစ်ခုဖြစ်စေရန် စိတ်နေစိတ်ထား လမ်းညွှန်မှုနှင့်တကွ ချီးမြှင့်ပေးထားသော "ဆု" ဖြစ်ကြောင်း ကောင်းစွာသိမြင်နိုင်ပါသည်။

ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်သို့ ဝမ်းမြောက်ဝမ်းသာ ကိုယ်တိုင်လာရောက်ကြ၍ လှူဖွယ်ပစ္စည်းအစုစုတို့ကို လှူဒါန်းပူဇော်ကြခြင်းသည် မဟာကုသိုလ် "သောမနဿ သဟဂုတ် အသင်္ခါရိက" အင်္ဂါမြောက်ကြောင်း ရည်ညွှန်းဖော်ဆောင်ပေးရာရောက်၍ မဂ္ဂသစ္စာ ပါရမီကုသိုလ်မျိုးဖြစ်အောင် အာရုံပြုလှူဒါန်းစေခြင်းသည် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်စေရာ သာသနာတွင်း ဝိဝဋ္ဋနိဿိတ မဟာကုသိုလ် "ဉာဏသမ္ပယုတ်" အင်္ဂါမြောက်အောင် လမ်းညွှန်ဖော်ဆောင်ပေးရာ ရောက်နေပါသည်။

အချုပ်သဘောအားဖြင့် ဆရာတော်လမ်းကြောင်း အစချီပေးသည် "ဆု" ကိုနှစ်လုံးမူ အာရုံပြုကာ လှူဒါန်းကြသည့် ဒါယကာ ဒါယိကာမတို့သည် မဟာကုသိုလ်စိတ် (၈)ပါးတွင် တစ်နံပါတ် အထက်တန်းကျဆုံးဖြစ်သော "သောမနဿ သဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိက" ကုသိုလ်စိတ်နှင့်ယှဉ်ကာ လှူဒါန်းပူဇော်ရာရောက်ခြင်းကြောင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာစလုံး၌ လွန်စွာပင်ကျေးဇူးများ အကျိုးရှိလှပါသည်။

"ဝိနယောနာမ သာသနဿအာယု" ဝိနည်းတရားတော်သည် သာသနာတော်၏ အသက်ဟူ၍ ဟောကြားထားတော်မူချက်အရ ဘုရားရှင်၏ သာသနာတော် အရှည်တည်တံ့နိုင်ရန်အတွက် ဝိနည်းတရားတော်သည် အလွန်ပင် ပဓာနကျအရေးကြီး အရေးပါလှပါသည်။ ထိုအချက်ကို ကောင်းစွာအလေးမူ နှလုံးသွင်းမိသော ဆရာတော်သည် မိမိကိုယ်တိုင်ကလည်း ဝိနည်းသိက္ခာပုဒ်တော် တို့အရာ၌ အလွန်ပင်ရိုသေလေးစားလိုက်နာပြီး ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက် သံဃာတို့ကိုလည်း ဝိနည်းတော်နှင့် အညီလိုက်နာကျင့်သုံးကြစေရန် တိကျပြတ်သားသော ကျောင်းတိုက်စည်းမျဉ်းစည်းကမ်းများကို ချမှတ်လျက် အုပ်ချုပ်တော်မူပါသည်။

ထို့ပြင်ဘုရားရှင်၏ ဝိနည်းသာသနာတော်ကို စောင့်ရှောက်သောအားဖြင့် ပြည်ခရိုင်၊ သရက်ခရိုင်၊ သာယာဝတီခရိုင် ဒေသတို့ရှိ ကျောင်းပေါင်း (၁၀၀) ကျော်မှ သံဃာတော်များပါဝင်သော အခြေခံဒေသ သုံးခရိုင် ရွှေကျင်ဝိနည်းတော် စာပြန်ပွဲကိုလည်း ဆရာတော်၏ ထက်သန်ပြင်းပျလှသည့် ဆန္ဒနှင့်အညီ (၁၃၃၂) ခုနှစ်မှ အစပြုကာ ပြုလုပ်ကျင်းပလာခဲ့ပါသည်။ ဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သော်လည်း ယခုတိုင်အောင် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပပြုလုပ်နိုင်ဆဲ ဖြစ်ပါသည်။

မြန်မာတပြည်လုံးတွင် ရွှေကျင်နိကာယ ဝိနည်းတော်စာပြန်ဌာနပေါင်း (၁၀၀)ကျော်ရှိ၍ ပြန်ဆိုတော်မူကြရာဝယ် (က) အာဂုံပြန်စနစ် (ခ) ရေးဖြေစနစ် (ဂ) အာဂုံပြန်ရေးဖြေစနစ် ဟူ၍သုံးမျိုးရှိပါသည်။ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၌ ကျင်းပပြုလုပ်သော စနစ်မှာ အာဂုံပြန်စနစ်ဖြစ်ပါသည်။ စာပြန်ပွဲ သက်တမ်းတလျှောက် မုံရွာ၊ ပြင်ဦးလွင်၊ မန္တလေး၊ စစ်ကိုင်း၊ မိတ္ထီလာ၊ ပုသိမ်၊ မြောင်းမြ၊ ရန်ကုန်၊ မော်လမြိုင်၊ တောင်ငူ၊ တောင်ကြီး၊ ညောင်ရွှေ၊ စသောမြို့ကြီးတို့မှ အထူးပင် ရွှေကျင်ဂိုဏ်းဝင်

(ဝိသေသ) ဆရာတော်ကြီးများပါ ကြွရောက်ချီးမြှောက်တော်မူခဲ့ကြပါသည်။

စာပြန်ပွဲသို့ ကြွရောက်တော်မူလာကြသည့် အထူးဝိသေသ ပင့်ဆရာတော်ကြီးများနှင့် စာပြန်သံဃာတော်အချို့တို့ကို နှစ်အတန်ကြာအောင် စာရေးသူသည် မိမိနေအိမ်သို့ ပင့်ဖိတ်ကာ နေ့ဆွမ်း ဆက်ကပ်လှူဒါန်း ပူဇော်ခွင့်ရခြင်း၊ ဝိသေသ ပင့်ဆရာတော်ကြီးများထံမှ မှတ်သားလောက်စရာ အဆုံးအမ ဩဝါဒ တို့ကို ကြားနာမှတ်သားခွင့်ရခြင်းစသောအကျိုးကျေးဇူးများကိုလည်း ဆရာတော်၏ စီစဉ်ချီးမြှောက်ပေးမှုကို အကြောင်းပြုကာ စာရေးသူ ရရှိခဲ့ပါသည်။

ယခုအခါ၌ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမက၊ သာသနဝေပုလ္လ စသောဂုဏ်ကျေးဇူး အပေါင်းတို့ဖြင့် ပြည့်စုံကုံလုံတော်မူသည့် ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ကြီး ဘဒ္ဒန္တအာနန္ဒ ပဏ္ဍိတာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူသွားသော်လည်း ကျန်ရစ်ကုန်သော တိုက်အုပ်၊ တိုက်ကြပ်၊ စာချ ဘုန်းတော်ကြီး စသည့်ဆရာတော်၏ အန္တေဝါသိက တပည့်ကြီး အစဉ်အဆက်တို့က ကျောင်းတိုက်၏ တာဝန်ကို ဆရာတော်ကြီးချမှတ်ပေးထားပြီး ဖြစ်သော စည်းမျဉ်း စည်းကမ်းတို့နှင့်အညီ တက်ညီ လက်ညီ ဝိုင်းဝန်း စောင့်ရှောက်လျက် ရှိကြပါသည်။

ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်သည် "အပ္ပသန္နာနံဝါပသာဒါယ၊ ပသန္နာနံဝါဘိယျောဘာဝါယ" ဟူသောတရားတော်အတိုင်း ဘုရားရှင်၏ သာသနာတော်တွင် မကြည်ညိုသေးသော ပုဂ္ဂိုလ်တို့အား ကြည်ညိုစေရန်နှင့် ကြည်ညိုပြီးဖြစ်သော ပုဂ္ဂိုလ်တို့အားလည်း တိုး၍ကြည်ညိုနိုင်စေရန် ဂုဏ်ယူတင့်တယ် ဝင့်ထယ်လောက်စွာဖြင့် ရပ်တည်လျက်ရှိပါသည်။

(ဤဆောင်းပါးဖြင့် ဗာရာဏသီဆရာတော်ကြီး ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသထေရ်၏ ဂုဏ်ကျေးဇူးတို့ကို ရိုသေလေးမြတ်စွာ ရှိခိုးပူဇော်ပါ၏)

လှသန့် (ပြည်)

## အားသစ်စာနည် မွေ့သို့ချီ

နိကာယ်ငါးရပ်၊ ပိဋကတ်ကို
လုံးစုံမြင်သိ၊ ဂုဏ်အတိဖြင့်
တေဒဂ်မှန်၊ ဘွဲ့ထူးခံသည့်
သုံးလူထွဋ်ထား၊ မြတ်ဘုရား၏
ညီဘွားအာနန်၊ မထေရ်ဟန်သို့
ဂုဏ်တင်မမှား၊ သိထင်ရှားစွ။

မထေရ်ဘုန်းမော်၊ ပြည်လုံးကျော်လျက်
ဘုန်းတော်တက်နေ၊ ကျက်သရေဖြင့်
ဂုဏ်တော်ကြီးစွာ၊ ထေရ်ဗာရာ၏
သီလစာမရီ၊ သမာဓိကား
နှိုင်းရွှေမြင့်မိုရ်၊ ချင့်လောက်ဆိုသင့်
ပညာတောင်ဖောက်၊ စိန်ကျောက်ပမာ
ပြည့်စုံစွာတင့်၊ ထေရ်အရှင့်။

ထေရ်ရဆရာ၊ ကျောင်းတိုက်တာဟု
သာသနာ့ရိပ်မြုံ၊ သိုက်အအုံဝယ်
သွန်သင်ဆုံးမ၊ များသိဿတို့
ပညာရှိလယ်၊ ဂုဏ်ဝင့်ထည်ပြီး
တက်သစ်နေဝန်း၊ ထွန်းသစ်လစန်း
ပွင့်သစ်ပန်းသို့၊ ကြည်သာရွှင်လန်း
သခင့်လမ်းကို၊ နောက်မဆုတ်တမ်း
ရှေ့ဆက်လှမ်းမည်၊ ဇမ္ဗူသောင်းလုံးကျော်စေသော်။

ရေနံမြေ-အရှင်အဂ္ဂညာဏ

ဗာရာဏသီဆရာတော် ဘုရားကြီး၏ ဘဝ တစ်စိတ် တစ်ပိုင်းကို ဖော်ပြခွင့်ရသည့်အတွက် ရာပြည့်စာစောင်ဖြစ်မြောက်ရေးအဖွဲ့အား ကျေးဇူးတင်ရပါကြောင်းကို ဦးစွာဖော်ပြအပ်ပါသည်

ဗာရာဏသီဆရာတော်ဘုရားကြီး၏ ဘဝတစ်စိတ်တစ်ပိုင်းကို ဖော်ပြပါက ညီတော်ဖြစ်သော မေမြို့ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တမဟောသဓ ပဏ္ဍိတာဘိဝံသ) ကိုပါ တစ်စွန်းတစ်စ ဖော်ပြမှသာ ပြည့်စုံစွာ ဖော်ပြရာရောက်မည်ဟု ယူဆပါသည်။

သံယာ့လောကတွင် နောင်တော် ဗာရာဏသီဆရာတော်၊ ညီတော် မေမြို့ဆရာတော်ဟု ပြောဆို သုံးနှုန်းလေ့ရှိသော ဖော်ပြပါညီတော်၊ နောင်တော်များမှာ အောင်လံမြို့၊ ဇီနံ့ရွာ၊ ခမည်းတော်ဦးစံထူး၊ မယ်တော် ဒေါ်ဆေးတို့၏ သားတော်များဖြစ်ကြပါသည်။ နောင်တော် ညီတော်ဟုဆိုသော်လည်း အထက်အောက် မဟုတ်ကြဘဲ တစ်ဦးနှင့်တစ်ဦး အကြားတွင် သားသုံးယောက်ရှိပါသည်။ ယင်းညီတော် နောင်တော်တို့ကို ကျနော်၏ ငယ်ဆရာတော်ဖြစ်သော တောင်ငူမြို့ သိမ်ဦးကျောင်းတိုက်ဆရာတော် ဦးကုဏ္ဍလ (ယခင်အခေါ် ယိုးဒယား ယခုအခေါ် ထိုင်းနိုင်ငံသို့ မြန်မာပြည်မှ ပထမဆုံး လေယာဉ်ဖြင့် တရားဟောကြွရ သည့်အတွက် လေယာဉ်ပျံဦးကုဏ္ဍလဟုသံယာ့ လောကတွင် ပြောဆိုလေ့ရှိပါသည်။) က ပညာသင်ရန် ခေါ်ဆိုသွားကြောင်းကို ကျနော်မိခင်ကပြောပြ၍ မှတ်သားထားပါသည်။ ကျနော်တို့၏ အိမ်နှင့် ဆရာတော်တို့၏အိမ်မှာ လမ်းသာခြားပြီး မျက်စောင်းထိုး အနေအထားဖြစ်ပါသည်။

ဗာရာဏသီဆရာတော်ကို ကျနော်က ဘထွေးတော်သည့်အတွက် ဘထွေးကြီးဟု လျှောက်ထားလေ့ရှိပြီး မေမြို့ဆရာတော်ကိုမူ ဘထွေးငယ်ဟု လျှောက်ထားလေ့ရှိပါသည်။ နောင်တော်နှင့် ညီတော်တို့သည် အချင်းချင်း အလွန်ညီညွတ် မေတ္တာထားကြသည်ကို သတိပြုမိပါသည်။ ဗာရာဏသီဆရာတော်သည် မန္တလေးမြို့တွင် သီတင်းသုံးသော်လည်း အခါအားလျော်စွာ ညီတော်ရှိရာ မေမြို့ ဉာဏ်တောရပ်ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်သို့ ကြွရောက်လေ့ရှိပါသည်။

# ဘထွေးကြီးနှင့်ကျွန်တော်

ဒုတိယဗိုလ်မှူးကြီး စံသိမ်း(အငြိမ်းစား)

အချိန်ကား ၁၉၅၂ -ခုနှစ်၊ မေလတွင် ဖြစ်ပါသည်။ ကျနော်သည် မေမြို့ဗိုလ်သင်တန်းကျောင်းတွင်ဗိုလ်လောင်းသင်တန်း တက်ရောက်လျက် ရှိပါသည်။

ဘထွေးငယ် မေမြို့ ဆရာတော်ထံ အခါအားလျော်စွာ သွားရောက်ဖူးမျှော်လေ့ရှိပါသည်။ တစ်နေ့တွင် အဖော်သင်တန်းသား နှစ်ဦးနှင့်အတူ မေမြို့ဆရာတော်ထံ ရောက်ရှိရာ ဗာရာဏသီဆရာတော် ရောက်ရှိနေကြောင်း သိရ၍ သွားရောက်ဖူးမျှော်ပါသည်။ ထိုစဉ် ဆရာတော်က "မောင်စံသိမ်း မင်းသရဏဂုံသုံးပါးကို အလွတ်ဆိုတတ်သလား၊ ဆိုတတ်ရင်ဆိုပြစမ်း"ဟု မိန့်ကြားပါသည်။

ကျနော်သည် ဗုဒ္ဓဘာသာတစ်ဦးဖြစ်ပါသည်။ သရဏဂုံသုံးပါးကို ဗုဒ္ဓဘာသာကလေးငယ် ကလေးများပင် အလွတ်ဆိုတတ်နေပါလျက် ငါ့ကိုဘာကြောင့် ဆိုခိုင်းရသလဲ ဟု စိတ်ထဲကတွေးမိပြီး သင်တန်းတက်ဘက် အဖော်များရှေ့တွင် ဆိုပြရပါသည်။ ဆရာတော်က ဆက်လက်မိန့်ကြားသည်မှာ "ပါးစပ်ကဆိုသွားတာကို စိတ်ထဲမှာ အနက်သိပြီး အနက်အဓိပ္ပါယ်နှင့်တစ်ကွ အနှစ်သာရအထိ နှလုံးသွင်းရတယ် ဆိုတာကို သဘောပေါက်စေချင်လို့ အခုလို မင်းရဲ့သူငယ်ချင်းပါ သိရအောင် သူတို့ရှေ့မှာ ဆိုခိုင်းရခြင်းဘဲ။ သရဏဂုံသုံးပါးဆိုတာ ဗုဒ္ဓဘာသာရဲ့ အထွဋ်အထိပ် ရတနာသုံးပါးလို့ အဓိပ္ပါယ်ရတယ်။ အဖိုးတန်လို့ ရတနာဆိုတဲ့ ဂုဏ်ကို ရခြင်းဖြစ်တယ်။ ဒီ သရဏဂုံသုံးပါးကို အခြားကိစ္စမရှိတဲ့အခါတိုင်း နှလုံးသွင်းနေရင် ဘေးအန္တရာယ်အားလုံးမှ ကာကွယ်ပြီးဖြစ်တယ်။ မိမိသာမက ပတ်ဝန်းကျင်ပါ လုံခြုံတယ်။ မင်းက စစ်ထဲရောက်နေတယ်ဆိုတော့ အန္တရာယ်နှင့်နီးလို့ အကာအကွယ်ပေးတာဖြစ်တယ်" ဟု အမိန့်ရှိပါသည်။

ဆရာတော်သည် အလွန်စကားနည်းပါသည်။ မေးတစ်ခွန်း ဖြေတစ်ခွန်းသာ မိန့်ကြားလေ့ရှိပါသည်။ "ကိစ္စပြီးလျှင် ပြန်တော့" ဟု တိုးတိမိန့်ကြားလေ့ရှိပါသည်။ ယခုလည်း "အခုပြောတာကို ဘာမေးစရာရှိလဲ"ဟု မေးသဖြင့် မေးစရာမရှိကြောင်း လျှောက်ထားရာ ပြန်ခွင့်ပြုပါသည်။ ၁၉၅၂-ခုနှစ်၊ ဒီဇင်ဘာလတွင် ဗိုလ်လောင်းသင်တန်းပြီးဆုံးပြီဖြစ်၍ ဘထွေးငယ်ထံ နှုတ်ဆက်ဖူးမျှော်ရန် ရောက်ခဲ့ပါသည်။ ဗာရာဏသီဆရာတော် ရောက်နေကြောင်း သိရ၍ သွားရောက်ဖူးမျှော်ပါသည်။ ဆရာတော်သည် လက်တွင်းမှ စာအုပ်ကိုချပြီး တာဝန်ကျသည့်တပ်ကို မေး၍ အမှတ် (၁၉) ခြေလျင်တပ်ရင်းတွင် တာဝန်ကျကြောင်းနှင့် တပ်ကို အသစ်ဖွဲ့စည်းဆဲဖြစ်၍ ဘယ်နယ်မြေတွင် တာဝန်ထမ်းဆောင်ရမည်ကို မသိသေးကြောင်း၊ လောလောဆယ် ရန်ကုန်တွင် တပ်သားသစ်များကို လေ့ကျင့်နေသည်ကိုသာ သိရသေးကြောင်း စသည်များကို လျှောက်ထားခဲ့ပါသည်။

ဆရာတော်သည် ဤတစ်ကြိမ်တွင်မူ အနန္တော အနန္တငါးပါးဖြစ်သော ဘုရား၊ တရား၊ သံဃာ၊ အမိ၊ အဖနှင့် ဆရာများသည် မိမိ၏ ကျေးဇူးရှင်များဖြစ်ကြောင်း အကျယ်ရှင်းလင်းဟောကြားပြီး ၎င်းတို့ကို နေ့စဉ်ကန်တော့ပြီးမှ ထိုနေ့ကို အဆုံးသတ်ရန်၊ အိပ်စက်ရန် အထပ်ထပ်မှာကြားပါသည်။ တွေ့ဆုံဖူးမျှော်ရန် ခဲယဉ်းသည့်အပြင် ဤမျှဟောကြားချက်ကို နာကြားရဖို့မှာလည်း ခဲယဉ်းပါသည်။ ထို့ကြောင့် ဆရာတော်၏ မှာကြားဆုံးမချက်ကို ယနေ့ထိလိုက်နာ ဆောင်ရွက်လျှက်ရှိသဖြင့် ဘေးရန်အပေါင်းနှင့် အခက်အခဲအပေါင်းမှ ကင်းဝေးခဲ့ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၁၉၇၀-ခုနှစ်၊ မတ်လတွင် စာသင်ကျောင်းများ ပိတ်ရက်အတွင်း မိမိသားနှင့် တူဖြစ်သူ နှစ်ယောက်ကိုရှင်ပြုရန် အကြောင်းဖြင့် ပြည်မြို့၊ နဝင်းရပ်ရှိ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်သို့ မိသားစုနှင့်အတူ ရောက်ရှိခဲ့ပါသည်။ ကျောင်းတိုက်အတွင်း ဇရပ်တစ်ဆောင်တွင် နေရာချထားပေးပါသည်။

မေမြို့ဆရာတော် ဘထွေးငယ်ကို ကြိုတင်ပင့်လျှောက်ထား၍ ပြည်မြို့တွင် ဖူးတွေ့ရပါသည်။ ရှင်လောင်းများကျက်မှတ်ရန် ရှင်ကျင့်ဝတ်စာအုပ်ကို ဆရာတော်ကြီးက စီစဉ်ထားပါသည်။ ရှင်ကျင့်ဝတ်သင်ပေးရန်နှင့် ရှင်လောင်းများကို အုပ်ချုပ်ရန် ရဟန်းတစ်ပါးကို စီစဉ်ပေးထားပါသည်။

ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်အတွင်း

လှူဒါန်းရန်ဖြစ်၍ တိုက်အစ်မကြီး ဒေါ်သိန်းတင်နှင့် တိုင်ပင်ရန် ဆရာတော်ကြီးက အမိန့်ရှိပါသည်။ တိုက်အစ်မကြီး ဒေါ်သိန်းတင်မှာ သခင်မကြီးဒေါ်သိန်းတင်ဟု တိုင်းသိပြည်သိ မျိုးချစ်ပုဂ္ဂိုလ်ဖြစ်ပါသည်။ အပိုမပြော လုပ်ငန်းစေ့စပ်သေချာလှပါသည်။ အလှူရှင်၏ သဒ္ဓါတရားနှင့် လျော်ညီသည့် အကျွေးအမွေး အလှူပစ္စည်းကအစ စီမံပေးပါသည်။ ဧည့်ခံကျွေးမွေးရာတွင် တိုက်အစ်မကြီး၏ ဆေးလိပ်ခုံ အလုပ်သမားများမှ လိုလေသေးမရှိ ဒေါင့်စေ့အောင် ကျွမ်းကျင်ကြပါသည်။ အလှူရှင်မှာ ဘာမျှကြောင့်ကြစရာမရှိပါ။ မိမိအလှူအပေါ် ကြည်နူးဝမ်းမြောက်နေရုံသာဖြစ်ပါသည်။ ရှင်ပြုအလှူ၏ အနုမောဒနာတရားကို ဘထွေးယော်မေမြို့ဆရာတော်က ချီးမြှင့်ပါသည်။ အလှူပြီးမြောက်၍ အမျှဝေပြီးနောက် မကြာမီအတွင်း အလှူရှင်းတမ်းကို တိုက်အစ်မကြီး၏ လက်ထောက်က လာပေးပါသည်။

မိမိတို့မှာ အလှူအတွက် မည်မျှလှူရန် ရည်မှန်းပြီးဖြစ်ပါသည်။ အလှူစာရင်းမှာ အလိုမရှိ အပိုသာရှိနေ၍ ကျောင်းတိုက်အတွက် ပန်းကန်ခွက်ယောက်များပင် အပိုဆောင်း လှူဒါန်းနိုင်ပါသေးသည်။ တိုက်အစ်မကြီး၏ အကွက်စေ့စေ့ စီမံပေးမှုကို ရရှိသဖြင့် အထူးကြေနပ် နှစ်သိမ့်ရပါသည်။ ခေတ်သစ် ဝိသာခါ တိုက်အစ်မကြီး ဟု တင်စားခေါ်ဝေါ်ပါက လွန်အံ့မထင်ဟု စိတ်ထဲတွင် ချီးကျူး နေမိပါသည်။ ဘထွေးကြီးနှင့် စပ်လျဉ်း၍ ဆရာတော်အပေါ် ဖြစ်ပေါ်နေသော တိုက်အစ်မကြီး၏ သောကကို အလျဉ်းသင့်၍ ဆက်လက်တင်ပြလိုပါသည်။

ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ် ကုသဆောင်တွင် ဆီးရောဂါကြောင့် ဘထွေးကြီးတက်ရောက်ကုသနေစဉ်က ဖြစ်ပါသည်။ တိုက်အစ်မကြီးက ဗိုလ်မှူးတို့ရဲ့ ဘထွေးကို တစ်ခြားသူကပင့်တိုင်း ညအိပ်ညနေ နေရာအနှံ့ လိုက်လိုက်နေတာကို တားမြစ်ပေးပါဦးဟု ပြောပါသည်။ အခါအခွင့်ရသည့်အချိန်တွင် ဘထွေးကြီးမှာ သက်တော်ရှစ်ဆယ်ကျော် နေပါပြီ၊ ခရီးထွက်တာကို မိမိကျန်းမာရေးအတွက် လျှော့ဘို့ သင့်ပါပြီ၊ ခရီးထွက်တော့ ကျိန်းစက်ချိန်မမှန်၊ ဆွမ်းဘုန်းပေးချိန် မမှန်၊ ဆီးချုပ်ဝမ်းချုပ် အညောင်းမိစသည်တွေကို ငယ်စဉ်ကလို ဒဏ်မခံနိုင်တော့ကြောင်း စသည်ဖြင့် လျှောက်ထားပါသည်။

ဆရာတော်ကြီးက "မောင်စံသိမ်းရဲ့ ဒီခန္ဓာကြီးကို အလိုမလိုက်ရဘူး၊ သူ့ဆန္ဒပြတိုင်း လျှော့မပေးရဘူး။ ဟိုကဒီက ပင့်ကြတာဟာ သာသနာရေးကိစ္စအတွက်ဖြစ်တယ်။ အခြားဘာကိစ္စမှ မပါဘူး။ သာသနာ့ကိစ္စအတွက် ခရီးထွက်တာဖြစ်တယ်။ ရုပ်နာမ်နဲ့ဖွဲ့စည်းထားတဲ့ဒီခန္ဓာကြီးကို သာသနာအတွက် လှူထားပြီးဖြစ်လို့ ပင်ပန်းတာတွေကို ဂရုမစိုက်နိုင်ဘူး ပြီးတော့ ခရီးထွက်ရတာဟာ စိတ်ချမ်းသာပါတယ်ကွာ မပင်ပန်းပါဘူး"ဟု မိန့်ကြားပါသည်။

ဆရာတော်ကြီး ခရီးထွက်သည့်ကိစ္စနှင့် ပက်သက်၍ မိမိလျှောက်ထားသောအခါ ဆရာတော်ကြီး၏ ပြန်ကြားချက်ကို တိုက်အစ်မကြီးအား အကျိုးအကြောင်းပြန်ပြောရာ တိုက်အစ်မကြီးထံမှ မည်သို့မျှဝေဖန်ချက် ထွက်မလာသည်ကို သတိရ မှတ်တမ်းတင်အပ်ပါသည်။

ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များမှာ မှတ်တမ်းပြုစု ကုန်နိုင်ဖွယ်မရှိပါ။ သို့ပါ၍ အခြားတပည့်ဒကာများလည်း မိမိတို့ဖော်ထုတ်ရေးသားလိုသော အချက်များကို မှတ်တမ်းတင်နိုင်ရန်အတွက် ကျနော်၏ ရေးသားတင်ပြချက်ကို နိဂုံးချုပ်အပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးစံသိမ်း ( အငြိမ်းစား)
အမှတ်(၄၇) ၊ ဇေယျာဝတီ (ဗဟိုလမ်း)
စမ်းချောင်းမြို့နယ်
ဖုန်း -၅၃၄၈၅

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆို လပြည့်နေ့တွင် သူ့လမ်းစဉ်နှင့် သူ့ဝါဒကို စတင်ညွှန်ကြားချမှတ်၍ သူ့သာသနာကို အစပျိုး တည်ထောင်ခဲ့၏။ ထိုနေ့မှာပင် သူတည်ထောင်ထားသော သာသနာကို အရှည်တည်တံ့ခိုင်မြဲအောင် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြမည့် "သံဃာ" ဟူသောအဖွဲ့ အစည်းကို ဦးစွာဖွဲ့စည်း တည်ထောင်ပေးခဲ့ပြန်၏။

မြတ်ဗုဒ္ဓသည် ချစ်သားတို့ "သင်တို့သည် ငါဘုရား၏ သာသနာကို အဆင်ပြေသလို ထိန်းသိမ်း စောင့်ရှောက်ရစ်ကြပါ" ဟု ပရမ်းပတာ မျက်နှာလွှဲ ခဲပစ်သဘောမျိုး ထားခဲ့ခြင်းမဟုတ်ပေ။ သင်တို့သည် ဝိနည်း ဟူသော စည်းကမ်းကို လေးစားလိုက်နာကြပါ။ သုတ္တန်ဟူသော နည်းလမ်း တို့ဖြင့် တပည့်စဉ်ဆက်တို့အား အကျိုးအပြစ်ပြ၍ သွန်သင်ဆုံးမကြပါ။ အဘိဓမ္မာဟူသော သဘောတရားတို့ဖြင့် ခန္ဓာဝဋ်ဇာတ် အမြစ်ပြတ်အောင် ရှုမှတ်ပွားများ အားထုတ်ကြပါ ဟု စည်းကမ်း၊ နည်းလမ်း၊ သဘောတရား ဟူသော အချက်သုံးချက်တို့ဖြင့် သာသနာ့ပန္နက်ချမှတ်ခဲ့ပေ၏။

မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပထမဝါ ကို မိဂဒါဝုန်တော၌ ဝါကပ်တော်မူ၏။ ဝါကျွတ်သော် ရဟန္တာမထေရ် (၆၀)တို့ကို "ချစ်သားတို့ သင်တို့သည် တစ်လမ်းတည်းတွင် နှစ်ပါး မကြွကြဘဲ လူနတ်ပြဟ္မာ သတ္တဝါတို့ အကျိုးစီးပွားအလို့ငှာ မြို့ရွာအနှံ့ ဒေသစာရီ ကြွချီလျက် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးအကျင့်မြတ်တို့ကို ဟောပြော ပြသ၍ သာသနာပြုကြကုန်လော့။ ငါဘုရား သည်လည်း ဤမိဂဒါဝုန်တော၌ ကျောင်းကောင်းကောင်း ဆောက်လုပ်စေကာ နေထိုင်လိမ့်မည်မဟုတ်။ တရားဟော သာသနာပြုရန် ဥရုဝေဠတောသို့ ကြွမည်" ဟု မိန့်တော်မူကာ ရဟန်းတော်များကိုလည်း




အရှင်ပညာဇောတ(သရက်)

သာသနာ ပြုကြွစေခဲ့၏။ မိမိ (ဘုရားရှင်) လည်း သာသနာပြု တရားဟော ကြွတော်မူခဲ့ပေ၏။ (ဝိ၊ ၃၊ ၂၇)

ထိုမှတပါး အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည်လည်း နတ်ပြည်၊ ငရဲပြည်သို့ ကြွချီတော်မူခဲ့၍ ၎င်းတို့အား သက်သေတည်ကာ လူ့ပြည်တွင် လက်တွေ့တရားပြ၍ သာသနာပြုတော် မူခဲ့၏။ သီရိဓမ္မာသောကမင်းကြီးသည်လည်း ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရဟန်း မထေရ်များ စေလွှတ်ကာ သာသနာပြုစေခဲ့၏။ ပုဂံခေတ် အရှင်အရဟံ မထေရ်သည်လည်း သထုံသို့ ပိဋကတ်တော်များ သွားရောက်ယူစေကာ မြန်မာပြည်အနှံ့ သာသနာပြန့်ပွားစေခဲ့၏။

မြတ်ဗုဒ္ဓ၏ သာသနာပြုပုံနှင့် ရှေးရှေးက သာသနာပြု ပုဂ္ဂိုလ်တို့ သာသနာပြုပုံများကို မျက်စိထဲတွင် မြင်အောင်ကြည့်စေလို၏။ ပထမဦးစွာ မိမိအကျိုးကို ပြီးပြည့်စုံအောင် ဆောင်ရွက်ခဲ့၏။ ထို့နောက် လောကအကျိုးစီးပွား အလို့ငှာ တရားဓမ္မများ ဟောကြား၍ သာသနာပြုခဲ့သည်ကို မြင်တွေ့နိုင်ပေ၏။

### "သာသနာ"

သာသနာဟူသော စကားလုံး၏ အဓိပ္ပါယ်ကို နေတ္တိအဋ္ဌကထာ၌ "ဒိဋ္ဌဓမ္မိကသမ္ပရာယိက ပရမတ္ထေဟိ ယထာရဟံ သတ္တေ သာသတိ ဝိနေတိ ဧတေနာတိ သာသနံ" ဟု ဖွင့်ဆိုထား၏။ မျက်မှောက် တမလွန် လောကုတ္တရာ အကျိုးစီးပွားတို့ဖြင့် ထိုက်သည့်အားလျော်စွာ သတ္တဝါတို့ကို ဆုံးမကြောင်းဖြစ်သော ဘုရားစကားတော် အဆုံးအမဩဝါဒသည် "သာသနာ" မည်၏။

ထိုဘုရားစကားတော် အဆုံးအမ ဩဝါဒဟူသည်မှာလည်း ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်ပင် ဖြစ်၏ အနှစ်ချုပ်ထုတ်ယူလျှင် ---

၁။ ငါးပါးသီလ စသော သီလအကျင့်
၂။ ကမ္မဋ္ဌာန်းလေးဆယ် ဟူသောသမာဓိအကျင့်
၃။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ရှုမှတ်သည့် ဝိပဿနာဟူသော ပညာအကျင့်ဟု သုံးမျိုးရှိ၏။ ထိုမှတစ်ဆင့် လိုရင်းချုပ်ရလျှင် သာသနာဟူသည် သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့် သုံးမျိုးသာ ဖြစ်၏။ "သာသနာ" ဟူသော စကားလုံးကို သုံးနှုန်းပြောဆိုပါက "သီလ၊ သမာဓိ၊ ပညာ" သုံးမျိုးသာ ဖြစ်ရပေ၏။

### "ပြု"

"ပြု" ဟူသည် တစ်ဦးတစ်ယောက်၏ သန္တာန်၌ တည်တံ့အောင်ပြုလုပ်ခြင်း၊ အများသန္တာန်၌ ပြန့်ပွားအောင် ပြုလုပ်ခြင်း၊ နှစ်ပေါင်းများမြောင်၊ ငါးထောင်မက ရှည်ကြာတည်အောင် ပြုလုပ်ခြင်းတို့ကို "ပြု" ဟူ၍ ခေါ်ဆိုရ၏။

### "သာသနာပြု"

သာသနာပြု ဟူသောစကားလုံးတွင် သေချာစိစစ်ကြည့်ပါက အဓိပ္ပါယ်များစွာ ပါဝင်နေသည်ကို တွေ့ရပေ၏။ ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူ၊ ပို့ချ၊ ရေးသား၊ ဖြန့်ဝေ၊ ရွတ်ဖတ်နေခြင်းကို "သာသနာပြုနေသည်" ဟု ဆိုနိုင်၏။ ပဋိပတ္တိ ကျင့်စဉ်များကို ဟောပြော ကျင့်ကြံအားထုတ်နေခြင်းကိုလည်း "သာသနာပြုနေသည်" ဟုပင်ခေါ်ဆိုနိုင်ပြန်၏။

သာသနာပြုခြင်းသည် မိမိကိုယ်တွင်း၌ သီလ သမာဓိ၊ ပညာတရားများ တည်အောင် ကျင့်ကြံအားထုတ်ခြင်းသည် "ကိုယ်တွင်း သာသနာပြုသည်" မည်၏။

မိမိ၏ အနီးပတ်ဝန်းကျင် မိသားစု၊ တပည့်သားများကို သီလ၊ သမာဓိ၊ ပညာတရားများ တည်အောင် ကျင့်ကြံ အားထုတ်စေရန် တိုက်တွန်း ဟောပြောခြင်းသည် "မိသားစုသာသနာပြုသည်" မည်၏။

မိမိ၏ လူမျိုးနိုင်ငံများမှစ၍ အခြားခြားသော လူမျိုး၊ နိုင်ငံများ၊ ကမ္ဘာသူ ကမ္ဘာသားများအား မိမိလက်လှမ်းမီသလောက် သီလ၊ သမာဓိ၊ ပညာတရားများ တည်အောင်ကျင့်ကြံအားထုတ် စေရန်တိုက်တွန်း

ဟောပြောခြင်းသည် "လက်လှမ်းမီ သာသနာပြုသည်" မည်၏။ ဤသို့သာသနာပြုနည်း အမျိုးမျိုးရှိရာ မိမိတို့ အနေဖြင့် နှစ်သက်ရာသာသနာပြုနည်းဖြင့် ဆက်လက်သာသနာပြုနိုင်ပါ၏။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ခါနီး ဟောကြားခဲ့သော မဟာပရိနိဗ္ဗာနသုတ်အဖွင့် (ဒီ၊ ဌ၊ ၂၊ ၁၆၉) ၌ ဘုရားရှင်အား ဆွမ်းသင်္ကန်း စသောပစ္စည်းလေးပါးတို့ဖြင့် ပူဇော်သောအာမိသပူဇာ။ ကိုယ်ကျင့်တရားဖြင့် ပူဇော်သော ဓမ္မပူဇာ နှစ်မျိုးကို ဖွင့်ဆိုဟောကြားရာဝယ် အာမိသပူဇာ မည်သည်----

သာသနာကို တစ်ရက်မျှ၊ ယာဂုတစ်ခါသောက်မျှ တည်စေခြင်းငှါ မစွမ်းနိုင်။ သီဟိုဠ်သီရိလင်္ကာ၌ရှိသော မဟာဝိဟာရ ကျောင်းတိုက်ကြီးနှင့် တူသော ကျောင်းတိုက်ပေါင်း အထောင်သည်လည်း ကောင်း၊ မဟာစေတီနှင့်တူသော စေတီအဆူရေ အထောင်သည်လည်းကောင်း၊ သာသနာကို အရှည်ကြာအောင်စွမ်းဆောင်နိုင်မည်မဟုတ်။ သီလစသည်ကို ကောင်းစွာ ကျင့်ခြင်းသည်သာ မြတ်စွာဘုရားအား လျော်သောပူဇော်ခြင်းဖြစ်၏။ ထိုဓမ္မ ပူဇာကိုသာ ဘုရားရှင် ဘောင့်တတော်မူ၏။ ထိုဓမ္မပူဇာအကျင့်သည်သာလျှင် သာသနာကို အရှည်ကြာအောင် ဆောင်ထားခြင်းငှါစွမ်းနိုင်ပေ၏။



ထို့ပြင် သုတ်မဟာဝါအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်၌လည်း "ယေန ကမ္မံ ကတံ၊ တဿေဝ ဟောတိ" ဘုရားစေတီ တည်ထားကိုးကွယ်ခြင်း၊ ကျောင်းဆောက်လုပ်လှူဒါန်းခြင်းစသည်တို့သည် ထိုသူ့အတွက် ကုသိုလ်တော့ဖြစ်၏" ဖွင့်ဆိုထား၏။

မှန်ပါသည်။ လှူဒါန်းပူဇော်သူတို့၊ ရှိခိုးပူဇော်သူတို့ ကုသိုလ်ရကြမည်သာ။ သာသနာတော် အတွက်လည်း အထောက်အပံ့ ဖြစ်ရသည်မှာ ဧကန်ပင်ဖြစ်ပါ၏။ အဘယ့်ကြောင့်ဆိုသော် သာသနာတော်အတွက် အရှည်ခိုင်ခံ့တည်တံ့ ပြန့်ပွားအောင် ရွက်ဆောင်နေသူတို့လည်း ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့နှင့် မကင်းနိုင်သောကြောင့်ပင်တည်း။

ဤနေရာ၌ ဆင်ခြင်ကြည့်လျှင် ဘုရားရှင်၏ အဆုံးအမဖြစ်သော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို မိမိသန္တာန်၌ တည်တံ့အောင် ကိုယ်တိုင်ကျင့်သုံးခြင်း၊ အများသန္တာန်၌ ပြန့်ပွားအောင် ကျင့်သုံးစေရန် ဟောပြောခြင်း၊ နှစ်ပေါင်း ငါးထောင်မကတည်အောင် ဟောပြောတိုက်တွန်းဆောင်ရွက်မှုသည် "သာသနာပြုသည်" မည်ပါပေ၏။

"သာသနာပြုပုဂ္ဂိုလ်များ"

ဗုဒ္ဓသာသနာပြု-ဟုအမည်ခံထားကြသော ပုဂ္ဂိုလ်များသည် အနေမှန်ဖို့လို၏။ အကျင့်မှန်ဖို့လည်း လိုပေ၏။ ဗုဒ္ဓ၏အဆုံးအမအတိုင်း လိုက်နာ၍မိမိ၏ ကိုယ်ကျင့်သိက္ခာများ အဆင့်အတန်းမြင့်မားနေရ၏။ တိမ်းပါးချွတ်ချော်မှု မရှိစေရန် သတိပြုဆင်ခြင်ရ၏။ တစ်ပါးသူအထင်သေးသွားတာမျိုး မဖြစ်စေရ။ ထိုသို့ဖြစ်ပါမှ ပုဂ္ဂိုလ်ခင်၍တရားမင်လာနိုင်ပါ၏။ မိမိဟူသောအကြောင်းကြောင့် ဘာသာ၊ သာသနာ ပြန့်ပွားလာနိုင်ပါ၏။ အခြေခံ အားကောင်းသော ဗုဒ္ဓဘာသာအဖြစ်ရပ်တည်လာနိုင်ပါ၏ ။

**သာသနာပြုကြရာတွင် လွယ်လွယ်နဲ့ အရင်စလို မဖြစ်စေရန် အရေးကြီးပါ၏။ ဖြတ်လမ်းမှလိုက်၍ စည်းရုံးခေါ်ဆောင်တာမျိုး မဖြစ်စေရန်လိုအပ်ပါ၏။**

အခြေခံမှစ၍ နားသွင်းပေးရင်းဩကာသ, ဘုရားရှိခိုး, ပန်းဆီမီးကပ် ရေချမ်းကပ် ဆုတောင်းအမျှဝေ ဗုဒ္ဓဝင်ဖြစ်တော်စဉ်၊ ကဗျာ၊ လင်္ကာများ ပရိတ်တရားတော်များမှစ၍ သင်ကြားပို့ချပေးရ၏။ ဤသို့တဖြည်းဖြည်း အားယူပြီးမှသာ ဘာသာဝါဒ၏ နက်နဲသော သဘောတို့ကို ဟောပြောပြသပေးရ၏။ နည်းမှန်လမ်းမှန်ညွှန်ပြပေးရ၏။

ဤသည်ကား မသိမလိမ္မာ မယဉ်ကျေးသော ကလေးသူငယ်များမှ စ၍လူငယ်လူရွယ်များကို လမ်းမှန်ရောက်အောင် အသိပညာဖွံ့ဖြိုးအောင်၊ ယဉ်ကျေးလာအောင် စည်းရုံး ဟောပြောရမည်မှာ သာသနာပြုအမည်ခံ ပုဂ္ဂိုလ်တို့၏ တာဝန်ဝတ္တရားများပင်ဖြစ်ပေ၏။

သာသနာပြုဟူသော စကားကို အသံကျယ်ကျယ်နှင့် ဟစ်နေကြသောဘုန်းကြီးများဘိုးတော်မယ်တော်များကလည်း သူတို့ကိုယ် သူတို့ သာသနာပြုပုဂ္ဂိုလ်ဟု ကင်ပွန်းတပ်နေကြ၏။ သူတို့လုပ်ကိုင်သော အလုပ်များမှာ ဗေဒင်ဟောခြင်း၊ ဗိုဟ်ထိုးခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ပြုလုပ်ခြင်း၊ ယတြာချေပေးခြင်း၊ တစ်တောင့်ထွာစေတီများတည်၍ ထီးများလိုက်တင်ပေးခြင်းများဖြစ်ပေ၏။ သူတို့ ကိုယ်တိုင် လုပ်နေသော အလုပ်နှင့် ပြောနေသော၊ ကြွေးကျော်နေသော သာသနာပြုဟူသော စကားတို့မှာ ဆီနှင့် ရေပမာ တခြားစီ ကွဲပြားနေပေ၏။ ဘုရားတည်၊ ကျောင်းဆောက်၊ အဓိဋ္ဌာန်ဝင်ခြင်းစသောလုပ်ငန်းမှန်သမျှသည် ကုသိုလ်ပြုခြင်းမျှသာဖြစ်ပေ၏။ ဘုရားရှင်အလိုတော်ကျ သာသနာပြုနေခြင်းမျိုးကားမဟုတ်ပေ။ ဗေဒင်ဟော၊ ဓာတ်ရိုက် ဓာတ်ဆင် လုပ်ပေးသော သာသနာပြုအမည်ခံနေသော ဘုန်းကြီးများ၊ တစ်တောင့်ထွာစေတီများတည်၍ ဘုရားထီးတင်ပေးသော ဘုန်းကြီးများ၊ ဘိုးတော်များ၊ မယ်တော်များသည် မိမိတို့အနေဖြင့် "ငါတို့သည် သာသနာပြုနေတာလား၊ ဒါမှမဟုတ် ကုသိုလ်ပြုနေတာလား" ဆိုတာကို ကွဲကွဲပြားပြားသိရှိရန် အထူးလိုအပ်ပေ၏။ ထိုသို့သတိမမူ၊ မသိဟန်ဆောင်၍ ပြုလုပ်နေမည်ဆိုပါက သာသနာ၏ အတွင်းရန်သူ (တစ်နည်း)သာသနာဖျက်ပုဂ္ဂိုလ်များဟု သတ်မှတ်ခြင်းခံရပေလိမ့်မည်။

သို့ဖြစ်၍ သာသနာတော်အတွင်း၌ ရှိနေကြသော ဆရာတော်သံဃာတော်များနှင့် သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ကြသော ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့ အနေဖြင့် စစ်မှန်သောထေရဝါဒ ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားသည်ကို အလိုရှိပါကစစ်မှန်သော သာသနာပြု ပုဂ္ဂိုလ်များကိုသာ ရွေးချယ်စိစစ်၍ ကိုးကွယ် ဆည်းကပ်တတ်ဖို့ အရေးကြီးပါ၏။ အနေသန ကုလဒူသက ပုဂ္ဂိုလ်များကို ချီးမြှောက်ထောက်ပံ့မိပါက အဆိပ်ပင်ရေလောင်းသူကဲ့သို့ မိမိတို့ကိုယ်တိုင် သံသရာအပြစ်ကျရောက်ဖွယ်ရှိပါ၏။

မြတ်ဗုဒ္ဓ၏သာသနာတော်တည်တံ့ရေး အတွက် သာသနာတော်တွင်းမှနေ၍တာဝန်ထမ်းဆောင်သော ရဟန်းတော်များနှင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးဖြင့် ထောက်ပံ့နေကြသော ဒကာ၊ ဒကာမအပေါင်းတို့က အသိနှင့် သတိယှဉ်တွဲ၍ သာသနာ့ ရန်စွယ်အန္တရာယ်ဟူသမျှကို တွန်းလှန် ချေမှုန်းတော်မူနိုင်ရန် မေတ္တာစေတနာဖြင့် တိုက်တွန်းလိုက်ရတော့ပါသတည်း။ ။

ဤမဂ္ဂစာစုဖြင့် သက်တော် (၁၀၀) ပြည့် ကျေးဇူးရှင် တရားဏာသီဆရာတော်ဘုရားကြီး ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတာဘိဝံသ မထေရ်မြတ်ကို ဂုဏ်ပြုပူဇော်ပါ၏။

တပည့်----အရှင်ပညာဇောတ (သရက်)
သာသနတက္ကသိုလမ္မာစရိယ
B.A (Buddhism)
(၁၃-၄-၂၀၀၂)

# မြို့ထည်လေးရဲ့အတ္ထုပ္ပတ္တိ

အရှင်နန္ဒသာရ(စည်ရှင်)

စာရေးသူသည် ဆရာတော်ကြီးအား တစ်ကြိမ် သာလျှင် တွေ့ဖူးကြုံဖူးခဲ့ပါသည်။ ယခုတော့ တွေ့ခဲ့ရသော ထိုတစ်ကြိမ် သည်ပင် စာရေးသူအတွက် တစ်သက်မမေ့နိုင်စရာ အကြောင်း ဖြစ်ခဲ့ရပါသည်။ ပြန်ပြောင်း ပြောရလျှင် ဆရာတော်ကြီး မလွန်မီ ဟိုးလွန်ခဲ့သော ဆယ်နှစ်ခန့်ကျော် အချိန်တုန်းက ဖြစ်ပါသည်။

ဆရာတော်ကြီးသည် မိမိငယ်စဉ်က ပညာသင်ကြား ဆည်းပူးခဲ့သော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် စည်ရှင် ကျောင်းသို့ ရောက်ရှိလာခဲ့ပါသည်။ ထိုအချိန်က စာရေးသူသည် လည်း ဝိသုဒ္ဓါရုံ-ဓမ္မကထိကအဖြစ်ဖြင့် စည်ရှင်ကျောင်း၏ ကိုယ်စား တရားဟောပြောနေသော အချိန်ဖြစ်ပါသည်။

တစ်ညနေတွင် ဆရာတော်ကြီးက မိမိအား တွေ့ချင် သည်ဟုဆိုကာ အလုပ်အကျွေး ကိုရင်တစ်ပါးအား လွှတ်၍ ဆရာတော်ကြီးတည်းခိုးရာ ပိုက်ကျိုး ကျောင်းပေါ်မှ အခေါ်ခိုင်းပါ သည်။ တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူးသော ဆရာတော်ကြီးက မိမိအားခေါ်သည်ဆိုသဖြင့် အံ့ဩခြင်းနှင့် အတူ "ဘာများ ပြောမှာပါ လိမ့်မလဲ" ဟု အတွေးဝင်မိပါသည်။

ဆရာတော်ကြီး၏အထံသို့ ရောက်သောအခါ ဆရာတော်ကြီးက ဝိသုဒ္ဓါရုံ-ဓမ္မကထိက အသစ်စက်စက်ကလေး ကို တွေ့ဖူးချင်၍ အခေါ်ခိုင်းရခြင်းဖြစ်ကြောင်း အမိန့်ရှိပါသည်။ ဆက်၍လည်း မိမိကျောင်း မိမိတိုက်တာ ဂုဏ်ရှိရန်အတွက် ဝိသုဒ္ဓါရုံ-ဓမ္မကထိကမှ သည် နိုင်ငံကျော်ဓမ္မကထိက ဖြစ်သည် အထိ ကြိုးစား၍ တရားဟောရန် နှုတ်ဖြင့်စောင်မ တိုက်တွန်းပါ

သည်၊ ထို့နောက် စာရေးသူအား ကြက်သွေးရောင် ကတ္တီပါခြုံထည် အကောင်းစားတစ်ထည်ကို ပေးလှူ ချီးမြှောက်ပါသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း မျက်ရည်များ ကျမတတ်ပင်ဖြစ်မိပါသည်။ ကတ္တီပါ ခြုံထည် ရရှိခဲ့၍ ဝမ်းသာခြင်းမဟုတ်ပါ။

တပည့်ရင်းချာမဟုတ်မူ၍ တစ်ကြိမ်တစ်ခါမျှ တွေ့ဖူး မြင်ဖူးခြင်း မရှိသော မိမိလို သာမညပုဂ္ဂိုလ်ကို အထင်ကရ ဆရာတော်ကြီးက ယှုလိုခေါ်ယူတွေ့ဆုံ လျက် နှုတ်ကိုယ်နှစ်ပါးဖြင့် စောင်မ ချီးမြှောက်မှုကို ခံယူရခြင်းကြောင့် ဖြစ်ပါသည်။ ဆရာတော်ကြီးကို မတွေ့မမြင်ဖူးခင်ကပင် ဆရာတော်ကြီးသည် "တပည့် တို့အား နှုတ်ဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ၊ ချီးမြှောက် တတ်သည် " ဟု ကြားသိခဲ့ဖူးပါသည်။ ထိုအကြားကို ဆရာတော်ကြီးက လက်တွေ့ပြသ လိုက်ခြင်းပေလော ဟုပင် စာရေးသူခံစားလိုက်မိပါသည်။ ထို့နောက်လည်း ဆရာတော်ကြီးနှင့်တစ်ကြိမ်မျှထပ်မံ၍မတွေ့ဆုံတော့ပါ။

ဆရာတော်ကြီးနှင့် တစ်ကြိမ်သာ တွေ့ဆုံခဲ့ရ သော်လည်း ထိုတစ်ကြိမ်ကို တစ်သက် မမေ့နိုင်လောက် အောင် ဆရာတော်ကြီးက စာရေးသူအား ကျေးဇူးပြုခဲ့ ပါသည်။ စာရေးသူလက်၌ရှိသော ခြုံထည်လေးက ဆရာတော်ကြီး၏ ကျေးဇူးကို မမေ့နိုင်အောင် ထုတ်ဖော် လှစ်ဟ ပြသနေဘိသကဲ့သို့ရှိသည်။ ဘုန်းကံအလျောက် နောက်ထပ် ခြုံထည်အကောင်းစားများ စာရေးသူ မရ၍မဟုတ် ရရှိခဲ့ပါသည်။ သို့သော်လည်း ဆရာတော် ကြီး ချီးမြှောက်ထားခဲ့သော ကတ္တီပါခြုံထည်လေး လောက် စာရေးသူ မမြတ်နိုးလှပါ။ ယနေ့တိုင်လည်း စာရေးသူခြုံနေဆဲ ကိုင်ဆောင်နေဆဲ ဖြစ်ပါသည်၊ ဆောင်းရာသီသို့ရောက်၍ ထိုခြုံထည်လေးကို ခြုံမိလေ တိုင်း ကျေးဇူးရှင် ဆရာတော်ကြီးကို လွမ်းဆွတ် သတိရ မိသည်၊ မိမိအား ပေးခဲ့သော ဆရာတော်ကြီး၏ ဂုဏ် ကျေးဇူးအနန္တတွေကို အောက်မေ့ တသမိသည်၊ ခြုံထည် လေးကိုခြုံရ၍နွေးသည်ဟု ခံစားရသည်ထက် ဆရာ တော်ကြီး၏ နှိုင်းဆမရသော မေတ္တာစိတ်ကို လွှမ်းခြုံရ၍ နွေးသည်ဟု စာရေးသူ ထင်မြင်ခံစားမိသည်၊

ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတွေကို သတိရ မိလေတိုင်း ဆရာတော်ကြီးအား ပြန်လည်ကာ ဝတ်ကြီး ဝတ်ငယ်ပြုလျက် ကျေးဇူးဆပ်ချင်လှသည်။ သို့သော် လည်း မဖြစ်နိုင်တော့ပါ။ ဆရာတော်ကြီးကား ဘဝနတ် နန်း စံမြန်းခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ ကျေးဇူးဆပ်ခွင့် မရလိုက်သော စာရေးသူအား ယခုတော့ ကျေးဇူးပြန်လည် ဆပ်နိုင်ရန် အကြောင်းက ပေါ်လာခဲ့သည်။ ဆရာတော်ကြီး၏ တပည့် ဒကာ ဒကာမအပေါင်းတို့က စုပေါင်းလျက် ဆရာတော်ကြီး၏ မွေးနေ့အထိမ်းအမှတ် ရာပြည့်ပွဲ သဘင် ကျင်းပပြုလုပ်မည်။ အထိမ်းအမှတ် စာစောင် လည်း ထုတ်ဝေမည်ဟု သိရှိရသည်။ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ရေးသားကာ ကျေးဇူးပြန်လည် ဆပ်ခွင့်ရသဖြင့် အတိုင်းမသိ ဝမ်းမြောက်မိသည်။ ကျေးဇူးရှင် ဆရာတော်ကြီး ရောက်ရှိရာ နတ်ဘုံနတ် နန်းမှ ကျေနပ်ဝမ်းမြောက်နိုင်ပါစေ။

ဆရာတော်ကြီး ချီးမြှင့်ခဲ့သည့် ခြုံထည်လေးကို ခြုံမိလေတိုင်း ဆရာတော်ကြီး၏ ကျေးဇူးအနန္တကို အောက်မေ့ တသလျက် အစဉ်သတိရနေမည် သာဖြစ် ကြောင်း နတ်ပြည်မှ ဆရာတော်ကြီးကြားအောင် ဤဆောင်းပါးဖြင့် တစ်ဖန်စကား ကြားလိုက်ပါရစေ။

ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်ကို အာရုံပြု လျှက်-

အရှင်နန္ဒသာရ
စည်ရှင်-စဉ့်ကိုင်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေမြို့နယ်၊ မန္တလေး။



ဘဝနတ်ထံပျံလွန်တော်မူပြီးသော ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယတွဲဘက် သာသနာပိုင် ဗာရာဏသီဆရာတော်ဘုရား၏ ဥတုဇရုပ်ကလာပ်ကို ကျွန်တော်ဖူးနေစဉ်၊ မျက်ရည်များတသွင်သွင် ယိုစီးလာပါသည်။ သည်းလှိုက် အူလှိုက် ဝမ်းနည်းကြေကွဲမှုကို ခံစားနေရသည်။ ဤမျက်ရည် ယိုစီးနေသည့် ကြားမှ ကျွန်တော်၏ ကပ္ပိယဘဝ ဖြစ်စဉ် အတိတ်သမိုင်းကို မှုံရေးရေးဖြင့် မြင်ရောင် တွေးတောမိပါသည်။ ကျွန်တော့်ဘဝဖြစ်စဉ်မှာ မှုံရေးရေးမျှသာ-

ကျွန်တော် (၂) နှစ်သား အရွယ်ကပင် အဖေဆုံးသွားသည်ဟု ကြားသိရပါသည်။ ကျွန်တော်က သားသမီး(၃) ယောက်တည်းမှာ အငယ်ဆုံး၊ အထွေးဆုံး အကြီးများကတော့ အစ်မများဖြစ်ကြသည့် မလုံးနှင့် မသောင်း ညီအစ်မနှစ်ယောက် (ယခုမရှိကြတော့ပြီ)၊ ဘခင်ဦးပျော်ဘုံမှာလည်း ဆရာစံအရေး အခင်းတွင် ကွယ်လွန်ခဲ့သည်။

ကျွန်တော်တို့မောင်နှစ်မ (၃) ယောက်၊ အဘိုး-အဖွားနှင့် နေရသည်။ အကြောင်းမှာမိခင်ဒေါ်ခမယ်သည် ဦးအုန်း ဆိုသူနှင့် နောက်အိမ်ထောင်ပြုသွားသည်။ ဦးအုန်းမှာ (၈)မိုင်၊မစိုးရိမ်ဆရာတော်ဘုရားကြီး၏ တူအရင်းဖြစ်ပါသည်။ ကျွန်တော်သည် အမေ ဒေါ်ခမယ်နောက် အိမ်ထောင် ပြုသွားစဉ်ကတည်းက ဘယ်တော့မှ အတွေ့မခံဘဲရှိခဲ့သည်။

# မေတ္တာကရုဏာရိပ်ကိုတမ်းတခြင်း

ကဗိုယ · တန်သိန်း



ငါတို့ကို စွန့်ပစ်သွားတာဘဲဟုအမြဲစိတ်မကောင်း ဖြစ်နေခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ကျွန်တော်မွေးဖွားသော ရွာမှာ မောင်းမလှုပ် ရွာဖြစ်သည်။ အောင်လံမြို့အရှေ့ဘက်မိုင် (၂၀) ကျော်ခန့်ဝေးသည်။

ကျွန်တော်အဖေက ဦးပျော်ဘုံ၊ ဇိန့်ရွာသား၊ အမေက မောင်းမလှုပ်သူ၊ အဘိုးအဘွားက ဦးမောင်လေး၊ ဒေါ်ပန်းမှုံဖြစ်သည်။ အဘိုးအဘွားများသည် မြေယာများစွာ ပိုင်ဆိုင်သူများဖြစ်ကြသည်။ မြေး (၃)ယောက်အတွက်စားဝတ်နေရေး ပူစရာမလိုတော့ပေ။



ဟိန္ဒီယူနီဗာစီတီကျောင်းသားဘဝ

အဘိုးနှင့် အဘွားတို့က ကျွန်တော်အား ရွာရှိ ဦးကေတု ကျောင်းတွင် (၅) နှစ်သားအရွယ်မှစ၍ ကျောင်းထားပေးသည်။ အမေရဲ့မောင်ဝမ်းကွဲ ဦးလေးတင်အောင်က ထမ်းပိုး၍ နေ့စဉ်ကျောင်းပို့ပေးသည်။ (ဘုန်းကြီးဦးကေတုက သွားလေရာ ထီးထမ်းစေ၍ အလှူပွဲများ အမြဲလိုက်ပါရသည်ကို မြင်ယောင်နေမိပါသည်။)

တစ်နေ့တွင် မောင်းမလှုပ်ရွာဦးရှိ ဦးမောင်လေးနှင့် ဒေါ်ပန်းမှုံတို့၏ နေအိမ်သို့ ကြည်ညိုဘွယ်ရာကောင်းသော ဘုန်းကြီးတစ်ပါးကြွရောက်လာပါသည်။

ဘုန်းဘုရားက ဘုန်းကြီးဟာ မင်းအဖေဦးပျော်ဘုံရဲ့ညီဖြစ်တယ်ဟု မြွက်ကြားပြီး အမည်နှင့် အသက်ကိုမေးပါသည်။

မောင်ဟန်သိန်းပါဘုရား

အသက်(၇)နှစ်ပါဘုရား

စာကတော့ ရွာကျောင်းမှာ နမက္ကာရ တက်ပြီးပါပြီဘုရား။

မင်းကိုကျောင်းထားပေးဘို့ လာခေါ်တာ၊ မင်းလိုက်မယ်မဟုတ်လား

ကျွန်တော်မှာ ဘာပြောရမှန်း မသိပါ။

ဘုန်းဘုရားကမေမြို့ခေါ်သွားမယ်။ ဟိုမှာ လောကဓါတ်ကျောင်း ထားပေးမည်ဟု ဆိုပါသည်။

မေမြို့ ဘယ်မှာနေမှန်း မသိ၊ လောကဓါတ် ဆိုတာလည်း နားမလည်ပါယောင်နန။

ဘုန်းကြီးက တူတော်မောင်ကို စာတတ်ပေတတ်ဖြစ်အောင် ကျောင်းထားပေးမယ်၊ အဘိုးအဘွားက လိုအပ်သလိုထောက်ပံ့ပေါ့ဟု ဆိုပါသည်။

မှန်ပါဘုရား၊ အားလုံးတာဝန်ယူပါတယ်ဘုရား။

အဘိုး အဘွားနှင့် ခွဲခွာပြီး ဘထွေးတော် သီတင်းသုံး နေထိုင်သော မေမြို့ ဉာဏ်တောရပ်ရှိ ဝိသုဒ္ဓါရုံရွှေကျင်တိုက်တွင်နေထိုင်ရပါသည်။ ကျောင်းတွင် ဘထွေးတော် အပါး၌ နေထိုင်၍ မြူနီစပါယ်ကျောင်းတွင် ကျောင်းတက်ရပါသည်။ (၄) တန်းအောင် မြင်ခဲ့ပါသည်။

တနေ့တွင် ဘထွေးတော်ဆရာတော်ကအိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ ကို ပညာတော်သင် အဖြစ်သွားရမယ် ၊ ငါ့တူကို ကပ္ပိယကာရကအဖြစ် ခေါ်သွားမယ် အဆင်ပြေလျှင် ဟိုမှာ ကျောင်းဆက်နေမယ် ကြားလား။

မှန်ပါဘုရား။

မင်းအဘိုးအဘွားကလည်း အခါအားလျော်စွာ

ကျောင်းစရိတ်ထောက်ပံ့မယ်လို့လူကြုံပါး လိုက်တယ်၊ မင်းအတွက် ဒီအဝတ်အစားတွေ လဲပေးလိုက်တယ်။

မှန်ပါဘုရား။

ကျွန်တော့်အဘို့ အံ့ဩဝမ်းသာသွားသည်။ အိန္ဒိယသည် ကုလားတွေနေသော တိုင်းပြည်ဟူ ၍ သာသိပါသည်။ ဘုရားပွင့်ခဲ့ရာနေရာ ဒေသဟု ပြောသံ ကြားဘူးပါသည်။

စာသင်တိုက်ရှိ ဘုန်းဘုရားများထံမှ ပြောစကား ကြားသိရသည်မှာ အိန္ဒိယနိုင်ငံရှိ ဗိရလာ သူဌေးကြီးက ဟိန္ဒူ-မြန်မာ ချစ်ကြည်ရေးအသင်း ဖွဲ့ထားကြောင်း၊ ၎င်းအဖွဲ့မှ ဓမ္မာစရိယဘွဲ့ရနှင့် ပထမကျော် ဆရာတော် (၆) ပါးကို အိန္ဒိယနိုင်ငံမှာ ပညာသင်ကြားရန် ထောက်ပံ့မည်ဖြစ်ကြောင်း၊ ထိုအထဲတွင် ဘထွေးတော် ဆရာတော်လည်း ပါဝင်သောကြောင့် ကပ္ပိယအဖြစ် ဝိနည်းတော်နှင့်အညီ လိုက်ပါရမည်ဖြစ်ကြောင်း၊ ကျွန်တော်အနေဖြင့် ကပ္ပိယအဖြစ် လိုက်ပါ၍ အခွင့်အခါသင့်လျှင် အတန်းကျောင်းဆက်နေရန် ဖြစ်ကြောင်းကိုပါ သိရပါသည်။ ဘထွေးတော်ဘုရားသည် ဝတ္ထုငွေမကိုင်ပါ၊ ကပ္ပိယ၌သာ ထားပါသည်။

နိုင်ငံခြားပညာသင်ရွေးချယ်ရာတွင် လူပုဂ္ဂိုလ် (၄)ဦးပါဝင်သည် ဟု သိရပါသည်။ ထို(၄) ဦးအနက် ဦးစောထွန်း၊ မဟာသိပ္ပံ ဦးသိန်းထွန်း ကိုသာမှတ်မိသတိရတော့သည်။

ကျွန်တော်သတိရမိသည်။ ၁၉၄၀-ပြည့်နှစ်၊ ဇူလိုင်လဟုထင်ပါသည်။ ဗြိတိန်နိုင်ငံပိုင် ဘီဘီလိုင်း သင်္ဘောကြီး ကမ်းတွင်ကပ်ထားသည်။ ထိုသင်္ဘောကြီးဖြင့် အိန္ဒိယသို့ လိုက်ပါရန်ဖြစ်သည်။ သတင်းထောက်များက ဓါတ်ပုံရိုက်လိုသည်ဟု ဆိုသဖြင့် ပညာတော်သင် သံဃာတော် (၆) ပါးနှင့် ကပ္ပိယ ကျွန်တော်တို့ သင်္ဘောကြီးနံဘေးတွင် ဓါတ်ပုံအရိုက် ခံကြပါသည်။ နောက်တနေ့ သူရိယသတင်းစာတွင် ပါခဲ့သည် ဟုကြားသိရသည်။



ရန်ကုန်မြို့မှ ကာလကတ္တားမြို့သို့ သင်္ဘောဖြင့် ရောက်ရှိကြပြီး၊ အီဒင်ဆေးရုံလမ်းရှိ အမှတ် (၁၀/အေ) ဗုဒ္ဓဘာသာကျောင်းသို့ ရောက်ရှိခဲ့သည်။ ၎င်းမှ ဗာရာဏသီ (ဗာရာနစီ) မြို့သို့ ရောက်ရှိခဲ့ကြသည်။

ဘထွေးတော်အပါအဝင် သံဃာ (၆)ပါးတို့သည် အိမ်ကြီးတစ်အိမ်ကို ကျောင်းအဖြစ်ငှားရမ်းနေထိုင်ကြပါသည်။ မိမိတို့သင်ယူလိုသော ဒေဝနာဂရီခေါ် ဟိန္ဒီဘာသာကို သင်ကြရသည်။ ဟိန္ဒီဘာသာကို တစ်နှစ်ခန့်သင်ယူပြီး တတ် ကျွမ်းသောအခါ မိမိတို့ လေ့လာလိုသော ဘာသာရပ်များကို အထူးတလည် လေ့လာကြပါသည်။

ဘထွေးတော်သည် ကြီးမားသော ရည်ရွယ်ချက်ထားရှိသူဖြစ်ရာ၊ အခြားရဟန်းပုဂ္ဂိုလ်များနှင့် ခွဲ၍ ဗာရာဏသီရှိ ဟိန္ဒူတက္ကသိုလ်၊ သက္ကဋဘာသာကောလိပ်သို့ တက်ရောက်ခဲ့သည်။ ယင်းတက္ကသိုလ်ရှိ သက္ကဋ ကောလိပ်တွင် အာကျာရယခေါ် မဟာပညာကျော်သင်တန်းကို တက်ရောက်ခွင့်ရခဲ့ပါသည်။

ဟိန္ဒူတက္ကသိုလ်တွင် သက္ကဋဘာသာ သင်ယူလိုသော ရဟန်းပုဂ္ဂိုလ်များအတွက် ရှူဟီးယာ ဟော်စတယ်တွင် နေထိုင်ခွင့်ပြုပြီး၊ အခန်းအမှတ် (၆၄) ကို ဗုဒ္ဓခန်းမ (**Buddha Room**) အမည်ပေး ထားပါ

သည်။ သီဟိုဠ်မှ ရဟန်း တစ် ပါး လည်း အတူ သီတင်းသုံးပါသည်။



အိန္ဒိယ နိုင်ငံသည် အင်္ဂလိပ်ကျွန်ဘဝမှ လွတ်မြောက်ရန် ကြိုးပမ်းနေချိန်တွင် နိုင်ငံအတွက် ပညာတတ်များ တိုးတက်များပြားစေရန် ရည်ရွယ်လျက် အခမဲ့ ပညာသင်ပေးနိုင်သော တက္ကသိုလ်တရပ်လိုအပ်သည်ဟုယုံကြည်သော<u>ပဏ္ဍိတ်မာလဝီးယား</u>သည် နိုင်ငံသား မျိုးချစ်ပုဂ္ဂိုလ်များထံမှ အလှူခံ၍ ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ဟိန္ဒူ တက္ကသိုလ် တည်ဆောက်ပေးခဲ့သည်။

တက္ကသိုလ်တွင် သက္ကဋကောလိပ်၊ သိပ္ပံဆိုင်ရာ၊ ဝိဇ္ဇာ/အင်ဂျင်နီယာ၊ ဆိုင်ရာကောလိပ် ပေါင်းများစွာ အပြင်၊ အာယုဗေဒဆေးပညာကောလိပ်ပါရှိပါသည်။ ပရဆေးဥယျာဉ်လည်း ပြုစုထားသည်။

ဟိန္ဒီတက္ကသိုလ်၏ ဆောင်ပုဒ်မှာ "စားစရိတ် ရှိယုံမျှဖြင့် အခမဲ့အထက်တန်းသိပ္ပံနှင့် ဝိဇ္ဇာပညာ သင်ယူနိုင်ရမည်" ဖြစ်သည်။

ယင်းဟိန္ဒူ တက္ကသိုလ် သို့နိုင်ငံ ပေါင်းများစွာမှ ပညာသင်များလာရောက်ကြပါသည်။ ထိုစဉ်က မြန်မာများထဲမှ ဦးစောထွန်း (မဟာသိပ္ပံ)၊ ဦးသိန်းထွန်း (စိုက်ပျိုးရေး)တို့သည် သင်တန်းတက်လျက် ရှိကြပါသည်။

ချမ်းသာကြွယ်ဝသော ဟိန္ဒူသူဌေးများသည် တက္ကသိုလ် အဆောင်များမိမိအမည် များဖြင့် လှူဒါန်းကြသည်။ ဗိရလာသူဌေးလှူသော အဆောင်မှာ ဗိရလာ ဟော်စတယ်၊ ဘရောက်ဒါ စော်ဘွားလှူ သော အဆောင်ကို ဘရောက်ဒါဟော်စတယ် ရှုဟီယာသူဌေး လှူသော အဆောင်ကို ရှုဟီယား ဟော်စတယ် စသည်ဖြစ်ပါသည်။

ဘ ထွေး တော် ဘုရားသက္ကဋကောလိပ် တက်နေစဉ် ကပ္ပိယ ကျွန်တော် အ နေ ဖြင့် တက္ကသိုလ်ဝင်း အတွင်းရှိ တက္ကသိုလ်ကလေးများ ကျောင်းတွင် အတန်းပညာကို သင်ယူခွင့်ရသည်။ ကလေးများ ကျောင်းမှ အလယ်တန်း အောင်မြင်သောအခါ အထက်တန်းကျောင်း ဆင်ထရယ် ဟိန္ဒူဟိုက်စကူးကျောင်းသို့ တက်ရောက် ပညာသင်ကြားခဲ့ရသည်။

ဘထွေးတော်နှင့် ကျွန်တော်၏ စားမှုသောက်မှုကို တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ "စားရိပ်သာ" တွင်သာ စားသုံးရပါသည်။ ဘထွေးတော်သည် ဝိနည်းတော်နှင့် အညီကျင့်ကြံအားထုတ်လျက် ပရိတ် တရားတော်များကို နေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ်သည်ကို ကြည်ညိုဘွယ်ရာဖူးတွေ့ရပါသည်။

ဘထွေးတော်ဘုရားသည် လောကဓမ္မ နှစ်ဌာနစလုံး ကပ္ပိယကျွန်တော်အားကြီးမားသော မိဘမေတ္တာဖြင့် စောင့်ရှောက်သည်ကို မမေ့နိုင်ပါ။

မြန်မာပြည်မှာကဲ့သို့ အောက်တိုဘာလ သီတင်းကျွတ်ပွဲတော် ကျောင်းပိတ်သလို၊ အိန္ဒိယတွင် ကာလီနတ်သမီးပူဇော်ပွဲ ဒရှဟရာပွဲအတွက် ကျောင်းပိတ်ပါသည်။ ထိုရက်အတွင်း ကပ္ပိယကျွန်တော်အား မိဂဒါဝုန်ရှိ ဦးကိတ္တိမကျောင်းတွင် ရှင်ပြုပေးပါသည်။ ရှင်မပြုမီ မှတ်တမ်းတင်ရောင်ပူစူးနှင့် ဓါတ်ပုံရိုက်ပါသည်။ ကိုရင်ဝတ်နှင့်လည်းရိုက်သည်။ ယင်းပုံများကို ပြည်မြို့ ဝိသုဒ္ဓါရုံ တရာဏသီကျောင်းတိုက်ရှိ ဆွမ်းစားကျောင်းတွင် ချိတ်ဆွဲထားသည်ကို တွေ့မြင်နိုင်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွား၍ ဂျပန်များ မြန်မာပြည်ကို သိမ်းပိုက်ပြီးသောအခါ အင်္ဂလိပ်

အစိုးရသည် အိန္ဒိယပြည်သို့ပြောင်းရွှေ့ပြီး၊ စစ်ပြေးမြန်မာအစိုးရအဖြစ်ဆင်မလားမြို့တွင် ရုံးစိုက်လိုက်သည်။ စစ်ပြေးမြန်မာများ၊ စစ်ဘက်နယ်ဘက် အရာရှိများ၊ အိန္ဒိယသို့ရောက်ရှိလာကြသည်။

စစ်ပြေးမြန်မာဗုဒ္ဓဘာသာမိသားစုများသည် ဗာရာဏသီနှင့် (၇) မိုင်ခန့် ဝေးသော မိဂဒါဝုန် (ဆရာနတ်) သို့ လာရောက်ဘုရားဖူးကြသည်။ ထိုဘုရားဖူးများထဲတွင် စစ်ပြေးအစိုးရ၏ မြို့ပိုင်ဖြစ်သော ဦးဇမောင်လည်း ပါသည်။ သူသည် ဘထွေးတော်ဘုရားအား လာရောက်ဖူးမျှော်ပါသည်။ သူသည်လူပျိုကြီးဖြစ်၍ ဘခင်အိုကြီးအား ကျွေးမွေးပြုစုနေသူဖြစ်ပါသည်။

မြို့ပိုင်ကြီး ဦးဇမောင်သည် ဘထွေးတော်ဘုရားနှင့် တွေ့ဆုံဖူးမျှော်ရသောအခါ အလွန်ကြည်ညိုသဒ္ဓါပွားလျက် ပစ္စည်းလေးပါး ဒကာအဖြစ် အသိအမှတ်ပြုပါရန် လျှောက်ထားခဲ့သည်။ နွေရာသီတက္ကသိုလ်ကျောင်းပိတ်လျှင် ဆင်းမလားမြို့ ကြွရောက်အနားယူပါရန်နှင့် နေ့စဉ်ဆွမ်းကွမ်းကပ် လှူလိုကြောင်း ပန်ကြားလျှောက်ထားခဲ့သည်။ ဘထွေးတော်ဘုရားသည် သဒ္ဓါတရားကြီးမားသော ဒါယကာ၏ လျှောက်ထားချက်ကိုလက်ခံခဲ့ပါသည်။

ဘထွေးတော်ဘုရား၏ အကျင့်သီလကောင်းမှု၊ စာပေကျမ်းဂန်တတ်သိမှု၊ ပထမကျော်အောင်မြင်မှုသည် အင်္ဂလိပ်စစ်ပြေးအစိုးရ၏ အရာရှိအရာခံများနှင့် မြန်မာဗုဒ္ဓဘာသာဝင်များ ထံသို့ဂုဏ်သတင်း ရောက်ရှိသွားပါသည်။

မြန်မာမိသားစုများထံရှိ ထိုအချိန်က ဒဂုံမဂ္ဂဇင်းတွင် ဘထွေးတော် ဦးအာနန္ဒပဏ္ဍိတာဘိဝံသ၏ ပထမကျော်တန်း အောင်မြင်သော ထေရုပ္ပတ္တိ အကျဉ်းကို ဓါတ်ပုံနှင့်တကွ ဖော်ပြပါရှိလာသည်ကို ဖတ်ရှုရသည့်အတွက် ပိုမိုကြည်ညိုသဒ္ဓါများ ပွားများသဖြင့် ရက်ခြားအိမ်တိုင်းဆိုသလို ဆွမ်းကပ်ခြင်းနှင့် ဝတ္ထုအစုစုကို ကပ်လှူခြင်းပြုလုပ်၍ ကုသိုလ်ယူကြပါသည်။

နွေကျောင်းပိတ်ရက်များတွင် ဆင်မလားမြို့သို့ ကြွရောက်သီတင်းသုံးရာ၌ ဆွမ်းဒါယကာ များအဖြစ် မင်းကြီး ဦးတင်ထွဋ်၊ ဆာပေါ်ထွန်း၏ခယ်မ ဒေါ်သိန်းနှင့်တူမ- မလှိုင်၊ စာတိုက်မင်းကြီး ဦးသိန်း၊ ရဲဝန်ထောက်ကြီးဦးဘို၊ ဒေါ်ခင်ခင်ကြီး၊ ရှေ့နေကြီး မစ္စတာဂျိုရှိနှင့် ဇနီးတို့လည်း ပါဝင်ကြပါသည်။

ဆာပေါ်ထွန်း၏ခယ်မဒေါ်သိန်းနှင့် တူမ - မလှိုင်တို့မှ ဆရာတော်ဘုရားနှင့် ကပ္ပိယကလေး ပါ ဗုဒ္ဓဂါယာဘုရားဖူးလိုက်ပို့ ပေးပါဟု ပန်ကြားသဖြင့် ဘထွေးတော်ကိုယ်တိုင် ဗုဒ္ဓဂါယာ-မိဂဒါဝုန်- ကုသိနာရုံ - ကပိလဝတ်- ရာဇဂြိုဟ်- နာလန္ဒ ၊ သာဝတ္ထိစသည့် ဗုဒ္ဓပွင့်ရာ နေရာထူး -နေရာမြတ်များ ကိုလိုက်ပို့ပေးခဲ့သည်။ ထိုအထဲတွင် ဘိလပ်သူ သစ်တောအရာရှိ ဦးခင်၏ဇနီးလည်း ပါဝင်ပါသည်။



ဘထွေးတော် ဆရာတော်ဘုရားသည် ဗုဒ္ဓ၏ စာပေကျမ်းစာများကို လေ့လာဆန်းစစ်ကြည့်ခဲ့၏။ မူလမာဂဓဘာသာမှ ပါဠိသက္ကဋဘာသာသို့ အဆင့်ဆင့် ကူးပြောင်းလာမှုကို နှစ်ပေါင်းများစွာ လေ့လာဆည်းပူးခဲ့၏။ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် မူရင်း ပါဠိဘာသာ အသံထွက်အတိုင်း၊ ပြောဆိုဟောပြော

ပို့ချမှ သာလျှင် နိုင်ငံတကာ သာသနာပြုလုပ်ငန်းများ အောင် မြင်နိုင်မည်ဟု ဘထွေးတော်ဘုရား ယုံကြည်ထားကြောင်း ဆွေးနွေးပြောဆိုသံများ ကြားသိရပါသည်။

ဘထွေးတော်ဘုရားသည် အိန္ဒိယနိုင်ငံတွင် (၆) နှစ်တိုင်တိုင်၊ အိန္ဒိယ သက္ကတ ဘာသာရပ်များ သင်ယူခဲ့ပြီး၊ မြန်မာပြည်သို့ ၁၉၄၆ခုနှစ်၊ မေလတွင် ပြန်လည်ရောက်ခဲ့သည်။ မန္တလေးစည်ရှင်ဆရာတော် ဘုရားကြီးက ဘထွေးတော်အား ဗာရာဏသီ (ဗာရာဏသီ) ဆရာတော်အဖြစ် အမည်နာမပေးအပ် ချီးမြှင့်ခဲ့သည်ကိုလည်း သိရပါသည်။

မြန်မာပြည်သို့ ပြန်လည်ရောက်ရှိသောအခါ ကပ္ပိယဖြစ်သူ ကျွန်တော်အားကိုရင်ဝတ်ဖြင့် နေလိုကနေ၊ မနေလိုလျှင် လိုရာခရီးသို့သွားနိုင်သည်ဟု အပြီးအပိုင် သံယောဇဉ်ဖြတ်လိုက်တော့သည်။

ကျွန်တော်သည် သင်ယူခဲ့သော အတန်းပညာဖြင့် တပ်မတော်ထဲသို့ဝင်ရောက်ခဲ့ပြီး၊ မြန်မာပြည်အနှံ့နှင့် အိန္ဒိယနိုင်ငံစစ်သံ ( ကြည်း-ရေ-လေ )မြန်မာသံရုံးတွင် (၆)နှစ်တိုင်တိုင် အမှုထမ်းခဲ့ရသည်။ ဘထွေးတော်က ပြုစုပျိုးထောင်ပေးသော ကပ္ပိယကျွန်တော်သည် နိုင်ငံ၏ကျေးဇူးသစ္စာကို (၄၁)နှစ်တိုင်တိုင်တာဝန်ထမ်းဆောင်ခဲ့သည့်အတွက်၊ နိုင်ငံတော်စစ်မှုထမ်းကောင်းတံဆိပ်ကို ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

ဘထွေးတော်ဘုရား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရသော ၁၉၈၁-ခုနှစ်တွင် တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်အားလည်း နိုင်ငံတော်စစ်မှုထမ်းကောင်း တံဆိပ်ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

၁၉၈၇ -ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့တွင် ကျွန်တော်၏နေအိမ်၌ ဆရာတော်ဘုရားအား ဆွမ်းကပ်လှူခြင်း၊ ဝတ္ထုအစုစုကို လှူဒါန်းခြင်းပြုခဲ့ပါသည်။ ဆရာတော်၏ ဩဝါဒမှာ "အလှူဒါနမပြတ်စေနဲ တတ်နိုင်သ၍ လှူဒါန်းသွားပါ၊ ဘဝအတွက် အမြဲပြည့်စုံနေလိမ့်မည်"ဟု မြွက်ကြားခဲ့ပါသည်။

မှန်ခေါင်းအတွင်းရှိ ဘထွေးတော် ဗာရာဏသီဆရာတော်ဘုရား၏ရုပ်ကလာပ်ကို ဖူးမျှော်ရသော ကပ္ပိယကျွန်တော်မှာ မျက်ရည်များ ယိုစီးလျှက် သဲဘဝင်လှိုက်ဆူနေပါသည်။

အမေသေဆုံးကလည်း မငိုခဲ့။

စစ်အတွင်း အိန္ဒိယတွင် ရှိနေစဉ် အမေကွယ်လွန်သည်ဟု ကြားသိခဲ့ရသော်လည်း မည်သို့မျှမဖြစ်ခဲ့၊ ယခုသော် ရွှေတောင်ကြီးဆုံးရှုံးလေပြီဟု ခံစားရပါသည်။

ဘထွေးတော်ဆရာတော်ဘုရားသည် အမိ၏မေတ္တာ၊ အဖ၏မေတ္တာမျှသာမကဘဲ၊ ဉာတကာနန္ဒသက်ဟော-ဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ကျွန်တော်အား ကပ္ပိယဘဝဖြင့် ကရုဏာ တွေပေးဝေခဲ့ပါသည်။ ကျွန်တော်ပြုစုရသည်က နည်းနည်းလေးဘဲဟု ထင်မိပါသည်။ ဘထွေးတော်ဆရာတော်ဘုရား၏မေတ္တာ၊ ကရုဏာသည် ကြီးမားလှပေ၏။ မြင့်မိုရ်တောင်ကဲ့သို့ ပင်ထင်မိပါသည်။ မြင့်မိုရ်တောင်ဦးမက ကြီးမားသည့် ဘထွေးတော်ဆရာတော်ဘုရား၏ မေတ္တာကရုဏာ များကို အောက်မေ့သတိရလျှက် ရှိနေပါသည်။

ဤ ကြီးမားသော မေတ္တာ ကရုဏာအမွေကို သားစဉ်မြေးဆက် အောက်မေ့သတိရစေရန် ရည်သန်လျှက် ကပ္ပိယတစ်ယောက်၏ဘဝဖြစ်စဉ် အကျဉ်းကို ကျမျက်ရည်ယိုစီးလျှက် မှုံရေးရေး မှတ်တမ်းတင်အပ်ပါသတည်း။

ကပ္ပိယ-ဟန်သိန်း





သီဟိုဠ်ကျွန်းသို့ကြွစဉ်အခါက ဆရာတော်ကြီး စီးနင်းလိုက်ပါရသော m.v "WORCHESTERSHIRE" သင်္ဘောကြီး

# သီဟိုဠ်သွားမှတ်တမ်း

သီရိဘုန်းထွဋ်

အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော = ဟူသော ပါဠိအရ၊ အာဂတော- မိမိအပေါ်ကျရောက်လာသော၊ ဘာရော- တာဝန်ကို၊ အဝဿံ - မချွတ် ဧကန် အမှန်အောင်မြင်အောင်၊ ဝဟိတဗ္ဗော - ထမ်းဆောင်အပ်၏ ဟူသည်နှင့်အညီ-

၁၃၁၅-ခုနှစ်က-နဝမ ရွှေကျင်နိကာယ သာသနာပိုင် သက်တော်ရှည် စံကင်း ဆရာတော်ဘုရားကြီး၏ စေလွှတ်တော်မူသော တာဝန်ဖြင့် ဗာရာဏသီဆရာတော်ဘုရားကြီးသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဒေမတာဂိုဒလမ်းရှိ မဟာဝိသုဒ္ဓါရာမယကျောင်းတိုက်သို့ "သီဟိုဠ်ကျွန်း ရွှေကျင်နိကာယ မဟာနာယက" ခန့်အပ်လွှာပေးရန် ကြွတော်မူခဲ့ပါသည်။

ထိုသို့ ကြွစဉ်တွင် မိမိသည်လည်း ပစ္စာဉပ သကာ ကပ္ပိယကာရက အဖြစ်, လိုက်ပါသွားရပါသည်။ နိုင်ငံကူးလက်မှတ် (ဗီဇာ)များကို B.T Brother (ဘီတီဘရားသား) အဆိုတော် ဉုးအံ့ကြီး က အစအဆုံး ဆောင်ရွက်ပေးပါသည်။ ဘီဘီလိုင်း သင်္ဘောသည် အင်္ဂလန် အမေရိကန်အထိ ခုတ်မောင်း၏။ ဒါဗီရှိုင်းယား၊ ဝါဝစ်ရှိုင်းယား၊ ဝေါဆက်စတာ ရှိုင်းယားဟူ၍ ပင်လယ်ကူးသင်္ဘော (၃) စင်း ထွက်၏။ ဘကြီးတော် (ဗာရာဏသီ ဆရာတော်ကြီး)နှင့် မိမိတို့သည် ဝေါဆက်စတာရှိုင်းယား (M.V Worcester shire ) သင်္ဘောဖြင့် ၁၃၅၃-ခု၊ မေလ ၅-ရက်နေ့ ညနေ(၃)နာရီ အချိန်တွင် ရန်ကုန် ဆူးလေဆိပ်ကမ်းမှ စတင်ထွက်သည်။ ညနေ (၅)နာရီ...



**သီဟိုဠ်မှပင့်ဆောင်လာသော ဌေစေတီ**

ကိုကိုးကျွန်းသို့ ရောက်၏။ ထိုကျွန်းနှင့် ၃-မိုင်ခန့်အကွာတွင် ရေချို(အနောက်) ရေငန်(ကြည်ပြာ) ရောစပ်လာ၏။ တစ်ဖြည်းဖြည်း နေဝင်သွားသောအခါ ပင်လယ်ပြာပြာသည် မှိုင်းမှုံသွား၏။ သင်္ဘောမှ မီးဆလိုက်ရောင်သာ ရှိတော့သည်။

သင်္ဘောဦးပိုင်းတွင် သဘာဝ ရှုခင်းများကို ရှုကြည့်၍ မရသောအခါ ပင်လယ်လေ ခံစားရင်း ည(၇)နာရီခန့်တွင် မိမိတို့ အခန်းနံပါတ်(၄၄)သို့ ပြန်ကြ၍ အနားယူရင်း အိပ်စက်ကြ၏။ သို့နှင့် (၅)ညအိပ် (၆)ရက် နံနက် (၁၀)နာရီတွင် သီဟိုဠ်ကျွန်း ကိုလံဘိုဆိပ်ကမ်းသို့ ဆိုက်ရောက်ပါတော့သည်။ ကိုလံဘိုဆိပ်ကမ်း ( Colunbo Harbour) တွင် ဝိသုဒ္ဓါရာမယမှ ဦးဉာနဝံသ ( သီဟိုဠ်)၊ ဦးသဒ္ဓါနန္ဒ (သီဟိုဠ်)၊ ဦးဝဇီရဗုဒ္ဓိ (မြန်မာ)နှင့် ယာဉ်မောင်း သောမရတန (Soma ratana) တို့က ကြိုဆိုနေကြသည်။ (သီဟိုဠ်အခေါ် အာယဆမာ ဉာနဝံဆ, အာယဆမာ-ဆဒ္ဓါနန္ဒ, အာယဆမာ ဝဂျီရဗုဒ္ဓိ) ၎င်းတို့၏ ပင့်ဆောင်မှုဖြင့် ဘကြီးတော်ဘုရားနှင့် မိမိတို့သည် ဝိသုဒ္ဓါရာမယသို့ ရောက်ခဲ့ပါတော့သည်။

**ဓာရာကာသီဆရာတော်ဘုရားကြီး**

မြန်မာနိုင်ငံ ရွှေကျင်နိကာယဗဟိုဌာနမှ မဟာနာယက ခန့်အပ်လွှာပေးအပ်ရန် ကြွလာသည့် ဓာရာကာသီဆရာတော်ဘုရားကြီးအား ဆာဗွန် ကောသလဝါလ အမှူးပြုသော ဝိသုဒ္ဓါရာမယ ရွှေကျင်ကျောင်းတိုက်ကြီး၏ ဥပဋ္ဌာကအဖွဲ့ဝင်များ, စတုပစ္စယ ဒါယကာ, ဒါယိကာမများ ၁၀၀-ကျော်ခန့် ကျောင်းတိုက်အဝင်လမ်း ဝဲယာတို့၌ မတ်ရပ်လက် အုပ်ချီကြလျက် ပူဇေမမဟာထေရေ ဂါရဝေန (**Pujema Mahathere Garavena**) (ပူဂျေမ မဟာထေရေ ဂါရဝေန) ဟူသော အသံတို့သည် လည်းကောင်း၊ သာဓု သာဓု ( **Sādu Sādu**) ( ဆာဓု - ဆာဓု ) ဟူသော အသံတို့သည်လည်းကောင်း ပဲ့တင်ဟီးသွားပါတော့သည်။

ဘကြီးတော်ဘုရားက သုခိတာ ဟောထ ဒုက္ခမုဥ္စထ ( ဆုခိတာ ဟိုထ ဒုက္ခမုံဂျထ) ဟု ပြန်လည်



**၁၃၁၅ ခု သီဟိုဠ်ကျွန်း ကိုလံဘိုမြို့မှ ဓာရာကာသီဆရာတော် ဆောင်ယူတော်မူလာသော ကြောင်နာမီ**

မိန့်ကြားပါ၏။ သီဟိုဠ်ရဟန်းတော်တို့က သုန္ဒရံ ဘန္တေ သုန္ဒရံ နန ဘန္တေ ( ဆုန္ဒရံ ဘန္တေ - ဆုန္ဒရံ နန ဘန္တေ) ကျန်းခန့်သာ မာတော်မူပါစဘုရား စသည်, စသည်ဖြင့် ဂရုဂါရဝပြုကာ မေးလျှောက်ကြကုန်၏။ ခရီးပန်းလာသော ဓာရာကာသီဆရာတော်ကြီးက ဧဝံ သုန္ဒရံ အာဝုသော ( ဧဝမ် ဆုန္ဒရံ အာဝုဆော) ဟူသာ ခွန်းတုံ့ပြန်ရပါတော့၏။ ကျွန်ုပ်ကတော့ I, m very glad us see you ခင်ဗျားကို တွေ့ရတာဝမ်းသာပါတယ်

လောက်သာပြောခွင့်ရပါသည်။

ဗာရာဏသီဆရာတော်ကြီးသည် (၂)ရက်ခန့် အနားယူ၍ ရွှေကျင်နိကာယ မဟာနာယက ခန့်အပ်နိုင်ရေးအတွက် အစီအစဉ်များ ချမှတ်တော်မူပါသည်။

**သီဟိုဠ်နိုင်ငံရောက် ၅-ရက်မြောက်တွင် သီဟိုဠ်ကျွန်းရွှေကျင်နိကာယ မဟာနာယက ခန့်အပ်လွှာပေးပွဲကို ထိုမဟာဝိသုဒ္ဓါရာမယကျောင်းတိုက်၌ ကျင်းပပါသည်။ သီဟိုဠ် မြန်မာသံအမတ်ကြီး ဦးဘလွင်ကိုယ်တိုင် အခမ်းအနားသို့ ကြွရောက်၍ <u>ဘဒ္ဒန္တဝိမလ</u>အား သီဟိုဠ်ကျွန်း ရွှေကျင်နိကာယ မဟာနာယက ခန့်အပ်လွှာကို ဆက်ကပ်ပေးပါသည်။ အခမ်း**



သီဟိုဠ်ကျွန်းသို့ကြွအလာ မြန်မာသံအမတ်ကြီးဦးဘလွင်နှင့် သံဃာတော်များ ကြိုဆိုကြပုံ

အနားသို့ ဘကြီးတော်ဘုရားကိုယ်တိုင် ဦးဆောင်၍ **သာသန သဃ လောကဿ ဝုဍ္ဎိဘဝတု သဗ္ဗဒါ (ဆာဆနတ် ဆကျ လောကတ်ဆ ဝုတ်ဓိ ဘဗတု ဆဗ္ဗဒါ)** သုံးကြိမ် ရွတ်ဆိုလျက် **ဇယန္တော ဂါထာ (ဂျယန္တော-ဂါထာ)**ဖြင့် ဖွင့်လှစ်ပေးခဲ့ပါသည်။ ၎င်းနောက် ပါဠိဘာသာဖြင့် ရွှေကျင်နိကာယ စည်းမျဉ်း ဥပဒေကိုမိန့်ကြားရာ ဦးဉာနဝံသက သီဟိုဠ်ဘာသာ (ဆင်ဟလီဘာသာ)ဖြင့် ထပ်မံရှင်းလင်းပြပါသည်။

ထိုမဟာနာယက ခန့်အပ်လွှာ ပေးအပ်ပွဲပြီးသည့် နောက်ပိုင်းတွင် ဘကြီးတော်ဘုရားနှင့် ကျွန်ုပ်တို့သည် ကလျာဏီစေတီသို့လည်းကောင်း၊ လံကာတိလက စေတီသို့လည်းကောင်း၊ ထူပါရာမစေတီသို့လည်းကောင်း ဘုရားဖူးထွက်ကြပါသည်။ ပါဠိဘာသာအခြေခံကို အင်္ဂလိပ် လိုရေးသော အမ္ဗလံဂိုမြို့ အေ-ပီ ဗုဒ္ဓတ္တ ဆရာတော်ထံသို့၎င်း၊ တစ်မြို့လုံးနတ်ကွန်းရှိသော "ဒေဝိန္ဒရမြို့" သို့၎င်း၊ ဦးဝဇီရဗုဒ္ဓိ၏ ဦးဆောင်မှုဖြင့် လှည့်လည်ခဲ့ပါသည်။

၎င်းနောက် သီဟိုဠ်စွယ်တော်တိုက်ရှိရာ ကန္ဒီမြို့သို့သွား၍ ဗုဒ္ဓရက္ခိတ ဆရာတော်ကျောင်းတွင် တည်းခိုကာ စွယ်တော်ကို ဖူးကြပါသည်။ ၎င်းမှ **အောင်ဆန်းမောင့်ဘက်တန် လွတ်လပ်ရေးအတွက် စာချုပ်ချုပ်ခဲ့သော "ပေရာဒေနိယမြို့" ရှိ ( Royal Bottanic Garden ) ဘော်တန်နစ်ဥယျာဉ်သို့ သွားရောက်လည်ပတ်ခဲ့ပါသည်။** ၎င်းမှ သီရိနိဝါသ (Sri Nivā sa) သျှရီနိဗာဆရှိ မန္တလေး မဟာဝိသုဒ္ဓါရုံ စည်ရှင်ကျောင်း၌ ပညာသင်သွားသော ဦးကဿပ ( သီဟိုဠ်အခေါ် ကယတ်ဆပ) ကျောင်းသို့ သွားပါသည်။ ၎င်းသည် ဘကြီးတော်၏ တပည့်ရင်း ဖြစ်သဖြင့် (၃)ရက် သီတင်းသုံးရန် လျှောက်ထားသော ကြောင့် အနားယူနေရပါသည်။ သီရိနိဝါသဆိုသည့် အတိုင်း ပျော်စရာကောင်းလှပါ၏။

၎င်းမှ သာသနာထွန်းကားခဲ့ရာ အနုရာဓမြို့သို့ ထွက်ခဲ့ကြပါသည်။ အနုရာဓတွင် မဟာစေတီ, သယ်မိတ္တာ ဗောဓိလောဟပါသာဒ, အဘယဂိရိ, ဇေတဝန်စေတီများသို့ လိုက်လံဖူးမြော်ကြပါသည်။ အဘယဂိရိနှင့် ဇေတဝန်စေတီတော်တို့ကို အစွဲပြု၍ အဘယဂိရိဂိုဏ်း၊ ဇေတဝန်ဂိုဏ်း ဟူ၍ သံဃာဂိုဏ်း ၂-ဂိုဏ်း ကွဲခဲ့သောနေရာဖြစ်သည်။ ၎င်းတို့တွင် မဟာစေတီကြီးသာ မပျက်မစီးရှိသည်။ လောဟပါ

သာဒ (ကြေးပြသာဒ်ကျောင်း)မှာ တိုင်ပေါင်း ၁၀၀၀-ရှိ၏။ ကျောက်တိုင်တို့သာ ကျန်တော့သည်။ အနုရာဓပူရမြို့တွင်းပြင်၌ ရေတွင်းကြီးများ, ရေကန်ကြီးများရှိသည်။ ရေကန်ကို "ဒေဝဝါပီ" ဟု ခေါ်၏။

**သိရိမေဃဝဏ္ဏမင်းသည် ဝိကြမပဏ္ဍုသော ရှစ်သောင်းလေးထောင်သည် သီဟိုဠ်ကျွန်းငယ်၌ ၈၄၀၀၀-ပြည့်အောင် ရှိအံ့မထင်၊ ၎င်း၏ သမီးတော် သင်္ဃမိတ္တာထေရီ စိုက်ပျိုးခဲ့သော ဒက္ခိဏသာခ ဗောဓိပင်မှာ ရင့်ရော်၍ လုံးပတ် ၆-ပေခန့်ရှိသည်။ ညောင်ခေါက်များသည် ရှားပင်အခေါက်ကဲ့သို့ ပမာတူနေ၏။ ထိုအပင်မှပွားသော ဗောဓိညောင်တို့က လုံးပတ် ၁၀-ပေ၊ ၁၂-ပေစီ ရှိကြ၏။**

ထိုမှ တစ်ဖန် သိရိမေဃဝဏ္ဏ မင်းကြီး၏ သားတော် ရှင်မဟာမဟိန္ဒ သီတင်းသုံးခဲ့ရာ "မဟိန္ဒလေ့တောင်"သို့ ခရီးဆက်ကြပါသည်။ တောင်ခြေတွင် ရဟန်းတော်များ တရားကျင့်သော ဂူများ, ကျောင်းအုတ်မြစ်များနှင့် အနံ ၂-ပေ၊ အလျား ၂၅-ပေရှိ ကျောက်ရေစည်ရှည်ကြီးရှိ၏။ ပတ္တဓောဝန ဝါပီဟု ကမ္ပည်းထိုးထားသည်။ သပိတ်ဆေးသော ရေကန်ဖြစ်၏။ ၎င်းမှ မြောက်ဘက် ကျောက်ဆစ်လှေကား အထစ်ပေါင်း ၁၀၀၀ ( Thousand Steps ) ရှိသော လှေကားကြီးမှာ အကျယ်ပေ ၂၀-ခန့်ရှိ၏။ ထိုလှေကားဖြင့် မဟိန္ဒလေ့တောင်ထိပ်သို့ တက်ကြ၏။ ဘကြီးတော်ဘုရားသည် မဟိန္ဒလေ့ တောင်ထိပ်၌ မေတ္တာသုတ် ပရိတ်တော်နှင့် မဟာသမယသုတ်တော်ကို ရွတ်တော်မူခဲ့၏။ မဟိန္ဒလေ့တောင်၏ အရှေ့ဘက် ၃ မိုင်ခန့်အကွာတွင် မြင့်မတ်သောတောင်ကြီးရှိ၏။ ထိုတောင်ကြီး၏ ၃-ပုံ၊ ၂-ပုံတွင် လိုဏ်ဂူကြီးတစ်ခုရှိ၏။ မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်က ၁၅-နှစ်သားအရွယ်ရှိ တရုတ်ရဟန်းတော် "ဖာဟီယန်" နေထိုင်သွားသောဂူ-ဟု သီဟိုဠ်ရာဇဝင် ( History of Ceylon ) ၌ တွေ့ရသည်။

၎င်းနောက် သီဟဗာဟုမင်း၏ သားတော် "ပရက္ကမဗာဟု"နန်းစိုက်ရာ ပေါလန္နာရုဝမြို့သို့ ခရီးဆက်ကြပါသည်။ အနုရာဓနှင့် ပေါလန္နာရုဝမြို့အကြား ဒုဋ္ဌဂါမဏိမင်းနှင့် ဧဠာရကြေးမင်း(၁၆-ပြည်ထောင်ရှိ)တို့ စစ်ဖြစ်ရာတွင် အသုံးပြုခဲ့သော ပေ ၂၀၀-ကျော်ရှိ မျှော်စင်ကြီးမှာ လဲပြိုနေသည်ကို တွေ့ခဲ့ရ၏။ ပေါလန္နာရုဝမြို့၌ သျှာမနိကာယ (ယိုးဒယားဂိုဏ်း) ရှရိဝါသုဒေဝ (ရှရိဝါဆုဒေဝ) ကျောင်း



၁၃၁၆ ခုနှစ်တွင် ရွှေကျင်သာသနာပိုင် သက်တော်ရှည် စကောင်းဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းအရ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်၌ သီဟိုဠ်ကျွန်း ရွှေကျင်နိကာယ မဟာနာယက သန့်အဂ်ဗျာကို ဆက်ကပ်နေသော သီဟိုဠ်ကျွန်း မြန်မာသံအမတ်ကြီး ဦးဘလှိုင်, သီဟိုဠ်ကျွန်းမဟာနာယက ဘဒ္ဒန္တဝိမလ (၃) နှင့် အလယ်မှ ဖာရာကာသီဆရာတော်

တွင် တည်းခို၏။ ပရက္ကမဗာဟုနန်းတော်ရာ ကျောက်တောင် ကမူများကို ထုလုပ် ထားသော ဗုဒ္ဓရုပ်ပွားတော်များ, မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သောအခါ အရှင်အာနန္ဒာငိုကြွေးနေပုံ ရုပ်တုတော်များ, ပရက္ကမဗာဟု မင်းကြီး၏ ပိဋကတ်တိုက်နေရာ တို့ကို ဖူးမြော်ခဲ့ရသည်။

နောက်တစ်နေ့တွင် စတုတ္ထသင်္ဂါယနာတင်ရာ မလယဇနပုဒ် "အာလောကလိုဏ်ဂူ"သို့ သွားကြပါသည်။ (သာသနာ ၄၅၀-ခုနှစ်၊ ဝဋ္ဋဂါမဏိမင်း၏ ပစ္စယနုဂ္ဂဟဖြင့် ရဟန္တာ ၅၀၀-တို့ သင်္ဂါယနာတင်ခဲ့၏။ ထိုအချိန်သည် မြန်မာနိုင်ငံ သီရိခေတ္တရာ ကြက်ခေါင်းစား "ငတပါးမင်း"နှင့် ဝဋ္ဋဂါမဏိမင်းတို့ နန်းပြိုင်ဖြစ်သည်။ ထိုငတပါးမင်းတည်သွားသော ငါးမျက်နှာစေတီမှာ ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် အတွင်း၌ ယခုတိုင် ထင်ရှားရှိနေပါသည်) ထိုစတုတ္ထ သင်္ဂါယနာ၌ ရဟန်းတော်များ ပိဋကတ်သုံးပုံကို အာဂုံ မဆောင်နိုင်ကြပြီဖြစ်သောကြောင့် ပေထက်အက္ခရာ တင်တော်မူခဲ့သည်။

ထိုသင်္ဂါယနာ၌ ပိဋကတ်တော်များကို ဤသို့ ခွဲခြားသတ်မှတ်ခဲ့၏။

၁။ ပိဋကတ် ၃-ပုံ

သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ။

၂။ နိကာယ် ၅-ရပ်

ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရ၊ ခုဒ္ဒက။

၃။ အင်္ဂါ ၉-ပါး

သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ ။

၄။ ခန္ဓာအားဖြင့် ၈၄၀၀၀

| | | |
|---|---|---|
| သုတ္တန်တွင် | ဓမ္မက္ခန္ဓာ | ၂၁၀၀၀ |
| ဝိနည်းတွင် | ။ | ၂၁၀၀၀ |
| အဘိဓမ္မာတွင် | ။ | ၄၂၀၀၀ |

အထူးကား မြတ်စွာဘုရားအား အန်တုသူ "သစ္စကပရိဗိုဇ်" သည် ၎င်း၏နှမများ အရှင်သာရိပုတ္တရာ၏ ကျေးဇူးကြောင့် ရဟန္တာမများဖြစ်ခဲ့ကြသော်လည်း တတိယ သင်္ဂါယနာ တင်ပြီးနောက် နှစ်ပေါင်း ၂၀၀- ကျော်ကာလမှ သစ္စကသည် သီဟိုဠ်ကျွန်းတွင် "ကာဠဗုဒ္ဓရက္ခိတမထေရ်" အမည်ဖြင့် ထင်ရှားသော ရဟန္တာဖြစ်ခဲ့ပါသတည်း။

သီဟိုဠ်ကျွန်း အလယ်ပိုင်း၌ကား မဟာလေ့ကား (ပင်လယ်ကသစ်)ပန်းပင်များ၊ ကိုကိုး၊ ကော်ဖီပင်များ၊ ယင်းတိုက်ပင်များပေါ၏။ အုန်းနှင့်ကွမ်းသီးပင်တို့က တစ်ကျွန်းလုံးပင် ပေါများ၏။ အာလောကလိုဏ်ဂူဆိုရာမှာ လိုဏ်ဂူမဟုတ်၊ တောင်စွယ် ကြီး ၃-ခုတို့၏ အကြား၌ ဖြစ်၏။ အနောက်ဘက်တောင်စွယ်၏ အောက်ခြေတွင် ကျောက်ဂူကြီးရှိ၏။ ကျောက်ဂူထဲတွင် ဗုဒ္ဓရုပ်ပွားတော်များရှိ၏။ ထိုကျောက်ဂူဝ၏ အဝင်ထိပ်၌ အရှင်မဟာဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ် ညဉ့်သုံးယာမ်ရေးစာမူ ၃-ခုရှိသည်ဟု ဆို၏။ အင်္ဂတေဖြင့် ပိတ်ထား၏။ ထိုမှ " နိသဒ်ရာဇာ" နန်းစိုက်ခဲ့သော လိုဏ်ဂူသို့သွားခဲ့၏။ ၎င်းမှ ဓမ္မုလ ကျောက်ဆောင်၊ ဆိဂိရိယကျောက်ဆောင်တို့သို့ သွားခဲ့၏။

၎င်းမှ သီဟိုဠ်ကျွန်း အရှေ့မြောက်ပိုင်း နုဝရေရိယမြို့ (နုဝါရာအီလိယ) မြို့သို့ သွားကြသည်။ မေမြို့ကဲ့သို့ တောင်ပေါ်တက်ရ၏။ လက်ဘက်ဥယျာဉ်များ တောင်ပြည့်ရှိ၏။ ကမ္ဘာကျော် လစ်ပတန် ( Lipton Tea) လက်ဘက်ခြောက် စီလုံတီး (Ceylon Tea) ထွက်ရာဒေသဖြစ်၏။ နုဝရေရိယ၌ ဉူးဒိသာနယက (ဒစ်ဆန်နာယကေး) ခေါ် ဒါယကာကြီးအိမ်၌ တည်းခိုသည်။ ၂-ရက်အနားယူကြ၏။ ၎င်းမှ နာလတန္နီမြို့သို့ တောင်ပေါ်ရထားငယ်ဖြင့် ဆင်းရ၏။ နာလတန္နီမြို့မှ ဟတ္တံမြို့သို့ ကားစီးရ၏။ ဟတ္တံမြို့ငယ်သို့ ရောက်လျှင် ရှရီပါဒ (စေတီပါဒ) ခေါ် ခြေရာတော်တောင်ကို မြင်ရ၏။ ခုနှစ်မိုင်ခွဲ မြင့်၏။ ညနေ (၃)နာရီမှစ၍ အဆင့်ဆင့်သော တောင်များကို ဖြတ်ကျော်၍ တက်ကြသည်။

ရှရီပါဒ (Sri Pāda Hill) တောင်သွားလမ်းတို့၏ နံဘေးများတွင် ကျောက်ကို ထွင်းထားသော

သေလာသန (ဆေလာဆန) ထိုင်ခုံများရှိကြ၏။ ဘုရားဖူးသွားများထဲတွင် အသက်ကြီးသူများက ဂုင်းနေရာ၌ ထိုင်၍ ဘုရားဖူးအဖွဲ့ကို ငါးပါးသီလ ပေးကြ၏။ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ဆုံတွေ့သောအခါ ဆာဓု ဆာဓု (သာဓု-သာဓု) ဟု လက်အုပ်ချီ၍ နှုတ်ဆက်ကြ၏။ ရှရီပါဒ တောင်သည် မတ်စောက်၍ စုလစ်မွန်းချွန် ဖြစ်၏။ တောင်ထွဋ်ရောက်ခါနီးတွင် သံလှေကားဖြင့်

ရှရီပါဒ ( Sri Pāda ) ခြေရာတော်တောင်ကို နေမင်း(ရဝိဆူရိယ)က ဦးသုံးကြိမ်တိုက်ပြီးမှ တက်သည် ဟုဆိုပေရာ ညဥ့်လုံးပေါက်မအိပ်ပဲ အရှေ့တောင်စွန်း တွင် နေရာယူ၍ အရုဏ်တက်သည်အထိ စောင့်မျှော် နေပါ၏။ မှန်ပြောင်းနှင့်ကြည့်သောအခါ " ထရန်ကို မာလီ" မြို့အကျော်မှ ပင်လယ်ရေလှိုင်းသည် အိမ်လုံး ခန့်ကြီး၏။ ထိုရေလှိုင်း၏ မြင့်ချည် နိမ့်ချည်ကြောင့်



ကောဇာ ၁၃၁၆ခု ကဆုန်လဆွင် သီဟိုဠ်ကျွန်း မဟာဝိသုဒ္ဓါရာမယတိုက်၌ လံကာရွှေကျင်နိကာယ မဟာနာယကခန့်အပ်သော အခမ်းအနားအပြီး
သီဟိုဠ်သံဃာများနှင့် ဝဲ—ဝပါးကြားမှ ဗာရာဏသီဆရာတော်ဖြစ်၍ ၎င်းဖော်ဝဲမှ သီဟိုရွှေကျင်နိကာယ မဟာနာယကကြီးနှင့် အစွန်ဆုံးမှ ထားဝယ် ဦးဥဝိရညာဏ

တွယ်၍ တက်ရ၏။ သန်းခေါင်ကျော် နောက်တစ်ရက် ရောက် ၁-နာရီ ၄၅-မိနစ်တွင် တောင်ထိပ်သို့ ရောက်ကြ၏။ ဆီမီး အုန်းဆီ ( နာရိယတေလ)ဖြင့် ကြေးလင်ပန်းတွင် ထည့်၍ ပူဇော်ကြ၏။ သဗ္ဗညုမြတ်စွာ ဘုရားအား အာရုံညွတ်၍ ရှိခိုးပူဇော်ကြ၏။ (ဗုဒ္ဓါရမ္မဏ ပီတိ ဥပ္ပါဒေတွာ)။ ဘကြီးတော် ဗာရာဏသီဆရာ တော်ကြီး၊ ဦးဝဇီရဗုဒ္ဓိနှင့် မိမိတို့သည် မြန်မာကန် တော့ချိုး ( ဝိသုဒ္ဓါရုံ ဩကာသ) ဖြင့် ရှိခိုးကြပါသည်။ ဆင်ဟလီ သီဟိုဠ် လူမျိုးတို့ကား "အပေ့ဗုဒ္ဓါန် အဘိဝမ်ဒိန္နဲ ဆိရဆာအဘိဝမ်ဒိန္နဲ - (အပေ့ = အကျွန်ုပ် တို့သည်၊ ဗုဒ္ဓန် =မြတ်စွာဘုရားကို၊ ဆိရဆာ = ဥကျောင်းဖြင့်၊ အဘိဝမ်ဒိန္နဲ = အလွန် ရိုကျိုးရှိခိုးပါ၏၊ အဘိဝမ်ဒိန္နဲ = အလွန်ရိုကျိုးရှိခိုးပါ၏။) ဟူ၍ ရှိခိုး ပူဇော်ကြပါသတည်း။ ။

နေသည် ဦးခိုက်သကဲ့သို့ ဖြစ်၏။ သာမန်ကြည့်သော် ခြေရာတော်တောင်ကို အရိုအသေ ပြုဘိအလား ထင်မှတ်ရပါသည်။

**မိုးလင်းသောအခါ ခြေရာတော်၏ ၁၀၈- ကွက် စက်လက္ခဏာတို့ကို မမြင်ရပါ။ အလျား ၈-တောင်၊ အနံ ၆-တောင်ခန့်ရှိသော ကျောက်ဖျာ အညိုကြီးက ခြေရာတော်ကို အုပ်ထားပါသည်။ ကျောက်ဖျာ၏ ထိပ်၌ "Offer by belovely of the God" ဟု ရေးထိုးထား လေရာ ဘာသာပြန်ရန် မိမိစဥ်းစားရတော့၏။ အဖြေ ကား ဒေဝါနံပိယတိဿမင်း လှူဒါန်းသည်ဟူ၍ သိရပါ ၏။**

အဘယ်ကြောင့် ကျောက်ဖျာဖြင့် အုပ်ထား သနည်း ဟူမူကား - သီဟိုဠ်ရာဇဝင်၌ ကဝါလမိုင်း ဆရာတို့က ခြေတော်ရာပေါ်တွင် ဆေးကျိတ်ကြသဖြင့်

ပျက်ယွင်းသွားမည်စိုး၍ ဒေဝါနံ ပိယတိဿမင်းကြီး က ဒကယကျိုးသ်အား သမုဒ္ဒရာမှ ကျောက်ဖျာကိုယူ၍ အုပ်ထားခိုင်းကြောင်း သိရသည်။ ဤမျှမြင့်သော တောင်ထွဋ်သို့ သာမန်လူတို့ မစွမ်းဆောင်နိုင်သည်ကို ထူးဆန်းစွာ တွေ့ခဲ့ရပါသည်။

ရှရိပါဒမှ အပြန် သီဟိုဠ်ကျွန်းမြောက်ပိုင်း ဂျပ္ဖနား (Juffna) မြို့သို့သွားခဲ့ပါသည်။ ဂျပ္ဖနားမြို့သည် အိန္ဒိယသို့ လှမ်း၍မြင်နေရသော မြို့ဖြစ်သည်။ အိန္ဒိယနှင့် သီဟိုဠ်ဆက်ထားသော "ဟနုမာန် ကျောက်တန်းရှိ၏။ ၃-မိုင်ခန့်ရှည်၏။ ရေအောက် ၄-၅ ပေနက်လျက်ရှိသည်။ ရေကူးသမားများ ကူးခပ်ထောက်မိကြ၏။ အချို့နေရာ ကျောက်တန်းပြိုနေသဖြင့် ဗောတိုင်များချထား၏။ ဆင်များ ကူးခါသွား၍ ရသဖြင့် အယ်လီဖင့်ပတ်စ် (Elephant park) ဟုခေါ်၏။ တမီလ်လူမျိုး ဟိန္ဒူဘာသာဝင် များနေထိုင်ကြ၏။ ရာသီဥတုပူပြင်း၏။ ထန်းပင်များပေါက်ရောက်၏။

[သီဟိုဠ်ကျွန်း၏ ထူးခြားချက်ကား အောက်ပိုင်း"ဒေဝိန္ဒရမြို့"နှင့်အရှေ့ပိုင်း"ထရန်ကိုမာလီမြို့"တို့တွင် ပေါ်တူဂီ လူများနေထိုင်ကြ၏။ မြောက်အထက်ပိုင်းတွင် တမီလ်လူမျိုးများနေထိုင်ကြ၏။ အနောက်ပိုင်း, အလယ်ပိုင်းတို့တွင် ဆင်ဟလီ လူမျိုး အများစုနေထိုင်ကြ၏။ တစ်နှစ်လုံးမိုးရွာ၏။ ဇွန်, ဇူလိုင် ၂-လတွင်သာ မိုးပြတ်၏။ ပိန္နဲနှင့်သရက်တို့သည် တစ်နှစ်လုံးသီးပွင့်ကြသည်။ သျှာမနိကာယ, ရာမညနိကာယ, သုဓမ္မာနိကာယနှင့် ရွှေကျင်နိကာယ ရဟန်းတော်များ **သီတင်းသုံးတော်မူကြ၏။ သျှာမနိကာယ (Siam Thai ယိုးဒယား) ရဟန်းတို့သည် မျက်ခုံးမွေးရိတ်ထားကြ၏။ စကားဝါရောင် သင်္ကန်းတို့ကို ဝတ်ရုံကြ၏။]**

သီဟိုဠ်ကျွန်းထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားဝတ်ပြုပူဇော်ပုံကား ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ပန်းအိုး ၁-လုံး၊ သောက်တော်ရေခွက် ၁-ခွက်သာရှိ၏။ ပန်း, ဆီမီး, ရေချမ်းကပ်လှူရာ၌ ရှေ့နောက်တန်းစီရပ်နေကြ၏။ရှေ့လူပူဇော်ပြီးမှ နောက်လူက ပူဇော်ကြ၏။ ရှေ့လူပူဇော်သွားသော ပန်း, ရေချမ်းတို့ကို နောက်လူက စွန့်ပစ်ပြီး အသစ်လှူကြ၏။ ပထမ လူ၌ ကုသိုလ်ရပြီးသဖြင့် စွန့်ပစ်ကြသည်။ တာရှည်စွာ လှူမထား၊ နောက်ဆုံးလှူသူ၏ ပန်း, ရေချမ်းသာ ကျန်ရစ်ခဲ့၏။ လှူသောပန်းမှာ သာလ(ဆာလ)ခေါ် လုမ္ဗိနီ အင်ကြင်းပန်းဖြစ်၏။ ဗုဒ္ဓံ ဆရဏံ ဂစ်ချာမိ၊ ဓမ္မံဆရဏံ ဂစ်ချာမိ၊ ဆံဃံ ဆရဏံ ဂစ်ချာမိ ရှိခိုးသံတို့သည် သံပြိုင်အားဖြင့် လွန်စွာနားထောင်၍ ကောင်းလှ၏။ ဣမိနာ ပုည ကမ္မေန၊ မေတ္တေယျတ် ဆေဝ ဆန္တိကေ၊ ဇဟိ ဘိက္ခုံ လဘိတ်ဆာမ" (ဤကောင်းမှုဖြင့် အရိမေတ္တေယျ ဘုရားရှင်၏ အထံတော်၌ ဧဟိဘိက္ခု ရဟန်းဖြစ်ရပါလို၏။) ဟူသော ဆုတောင်းသံတို့သည်လည်း ဥဗ္ဗေဂါပီတိ ဖြစ်ရပါ၏။ နံနက် အရုဏ် ညဥ့်ဦးယာမ် ဝတ်တက် ဝတ်ကပ်မှုန်ကြသည်မှာ သာမာဂဓိ မူလဗုဒ္ဓဘာသာ ပီသလှပါတော့သည်။

**လံကာဒီပ ( သီဟိုဠ်-သီရိလင်္ကာ)၏ အထက်၌ ယက္ခဒီပ (ဂျပ္ဖနားနှင့် အိန္ဒိယအကြား)ရှိ၏၊ ၎င်း၌ တမီလ် (ကျေးကုလား)တို့ နေထိုင်ကြ၏။ အမွေးထူထူ မည်းနက်နက် အရုပ်ဆိုးကြ၏။ ယက္ခဒီပနှင့် လျှော်ကန်နေ၏။** ၎င်းအထက် နာဂဒီပ (ရှေးက နဂါးကျွန်း)၎င်းအထက်၌ဇမ္ဗူဒီပ (ဂျမ်ဗုဒီပ) ဂျမ်ဗုခေါ် နှင်းသီး ( သပြေသီးအဖြူ) များပေါ်၏။ ၎င်းကျွန်းကို ပုဂံမဏိစည်သူမင်းရောက်ခဲ့သည်ဟု ဆိုကြပါသည်။ ရက္ခိုင်ကမ်းရိုးတန်းမှ ဖေါင်ဖြင့် ဘင်္ဂလား ပင်လယ်ကမ်းခြေအတိုင်း သွားဟန်တူ၏။ လေးကျွန်းတစ်မြင့်မိုရ်ဒက္ခိဏဒီသာ ဇမ္ဗူဒိပ်ကျွန်း မဟုတ်တန်ရာ။ နေရူ= မြင့်မိုရ်တောင်၏၊ ဒက္ခိဏဒိသံ= တောင်အရပ်သို့၊ ဂန္တွာ =သွားခြင်းငှါ၊ ဒုက္ကရံ = ခဲယဉ်းလှပါပေ၏။ မဏိစည်သူမင်းရောက်သော ဇမ္ဗူဒိပ်ကျွန်းကား အိန္ဒိယနိုင်ငံမဒရပ်မြို့အနီးရှိ ဇမ္ဗူဒီပကျွန်းဟုထင်၏။ ဇမ္ဗူသပြေသီးများ ရေသို့ကြွေကျသည့်အသံကို နမူနာယူ၍ တူရိယာဂီတ သံစဉ်(၇)မျိုးတီထွင်ခဲ့သည်ဆိုလျှင် ပို၍မှန်ကန်နိုင်လေသည်။ ပထဝီ အနေအထား ရှေးမြန်မာတို့၏ စွမ်းပကားတို့ကို သဘာဝ ယုတ္တိ ရှိ, မရှိ သဘောသကန်

ပဋိဘာန်ရေ့သွား, ဝိဘင္ဂဉာဏ်အားဖြင့် ဆင်ခြင် သုံးသပ်ဆုံးဖြတ်ကြပါကုန်။

သီဟိုဠ်ကျွန်းသို့ ခေတ္တရောက်ခဲ့စဉ်တွင် စွယ်တော်လှည့်ပွဲတော်၊ ဝိသာခါနက္ခတ်ပွဲတော်၊ အယ်လီဇဘက် ဘုရင်မ နှင့်ကြင်ယာတော် ( **H.R.G Princess Elizabeth and H.R.H Duke of Edinburch** ) တို့ တိုင်းခန်းလှည့်လည်လာခြင်း **(Common wealth jour)** နှင့် ကိုလံဘိုလ်မြို့၊ မရဒါနရပ်ကွက် ဧယ်လီဖင့် စတုံး **(Ele phant stone doncinq hall)**ကပွဲရုံ၌ ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ဆရာတော် ဦးသေဋ္ဌိလ၏ ဓမ္မစက္ကပဝတ္တနသုတ်ကို အင်္ဂလိပ်ဘာသာဖြင့် ဟောသောတရားပွဲတို့ကို ကြုံတွေ့ခဲ့ရပါသည်။

ဤကား နိဒါန်း၏ နိဒါန်းမျှသာဖြစ်ပါသည်။ အာနန္ဒာကောလိပ်တွင် ဒေါက်တာ ဘဒ္ဒန္တရာဟုလာနှင့် အဋ္ဌာရသ ဟတ္ထုပ္ပေဒ ကိစ္စ၊ သုကရ မဒ္ဒဝ ဝိနိစ္ဆယကိစ္စ၊ စွယ်တော်တိုက်အုပ် ဗုဒ္ဓရက္ခိတဆရာတော်နှင့် စတ္တာလီသ သမဒန္တ, သုသုက္ခ ဓါဋ္ဌာ စသော မဟာပုရိသ လက္ခဏာတော် ၃၂-ပါး (ဒွတ္တိံသ မဟာပုရိသ လက္ခဏာ) မကုဋာရာမဆရာတော် ဦးသိဂ္ဂဝ **(Rev; Seiggava)**တို့နှင့် ဘကြီးတော်ဘုရား ဆွေးနွေးခဲ့ပုံများကို ချန်လှပ်ထားခဲ့ပါသည်။

ဘကြီးတော်ဘုရား ( ဗာရာဏသီ ဆရာတော်ဘုရားကြီး)သည် ဝါဆိုအမီ မြန်မာနိုင်ငံသို့ ပြန်ကြွရမည် ဖြစ်သဖြင့် ကိုလံဘိုလ် ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်ရှိ ဓုရ နှစ်ဖြာအားထုတ်ဆောင်ရွက်လျက် ရှိကြကုန်သော သံဃာတော်တို့အား ရွှေကျင်သာသနာပိုင် စံကင်း ဆရာတော်ဘုရားကြီးကိုယ်စား ဩဝါဒါနုသာသနီ စုံလင်စွာ မိန့်ကြားပြီးသကာလ ကျွန်ုပ်နှင့်အတူ ပေါ်ဆက်စတာ ရှိုင်းယား ပင်လယ်ကူး သင်္ဘောကြီးဖြင့် ပြန်ခဲ့ပါတော့သည်။ အပြန်တွင် သီဟိုဠ်မြန်မာ သံအမတ်ကြီး ဦးဘလွင် မိသားစုတို့လည်း မြန်မာပြည်သို့ ခေတ္တပြန်သည်နှင့် တိုက်ဆိုင်စွာ ပါရှိလာခဲ့ပါသည်။ [illegible]ကြီးဦးဘလွင်နှင့်အတူ ရန်ကုန် မြန်မာ့ဂုဏ်ရည်လမ်း၊ စာပန်းချီမဂ္ဂဇင်းတိုက် တည်ထောင်သူ အမျိုးသားပညာဝန် ဦးဖိုးကျား၏သား ကိုဇော်ဝင်း (ကျား)လည်း ပါလာသဖြင့် မိမိနှင့် စကားပြောဖက်ရခဲ့ပါသည်။

သာသနာရောင်ဝါထွန်းသည့် သီဟိုဠ်ကျွန်းသို့ တစ်ကျော့ပြန် သွားချင်ပါသေး၏။ အကြောင်းသော်ကား ဘကြီးတော်ဘုရားသာ သက်တော်ထင်ရှား ရှိနေပါလျှင် "ပူဇေမ မဟာထေရံ ဂါရဝေန" ဟူသော သီဟိုဠ်သံတို့ကို ထပ်မံကြားနေရပေအုံးမည်သာ ဖြစ်ပါသည်။

သီရိဘုန်းထွဋ်



# ကျေးဇူးရှင်ဆရာတော်ဘုရားကြီး တည်ထောင်၊သီတင်းသုံးတော်မူခဲ့သော ကျောင်းတိုက်များ



ပြည်မြို့ ဝိသုဒ္ဓါရုံမာရာဇာသီကျောင်းတိုက်
ငါတစ်ပါးမင်း တည်ထား ကိုးကွယ်ခဲ့သော
ငါးမျက်နှာစေတီ



ပြည်မြို့ ဝိသုဒ္ဓါရုံမာရာဇာသီကျောင်းတိုက် မုခ်ဦး



ပြည်မြို့ ဝိသုဒ္ဓါရုံမာရာဇာသီကျောင်းတိုက်
ဆုတောင်းပြည့်စေတီ

# ကျေးဇူးရှင်ဆရာတော်ဘုရားကြီး တည်ထောင်,သီတင်းသုံးတော်မူခဲ့သော ကျောင်းတိုက်များ



မဟာထေရုပ်မာန
ဆရာတော်ဘုရားကြီး နောက်ဆုံးသီတင်းသုံးတော်မူရာကျောင်းဆောင်



သိဒ္ဓိထေရုပ်မာန
ဆရာတော်ဘုရားကြီး ဒုတိယ—သီတင်းသုံးတော်မူရာကျောင်း၊



အလယ်သိမ်တိုက်ကြီး
ဆရာတော်ဘုရားကြီး ပထမ—သီတင်းသုံးတော်မူရာကျောင်း၊

# ကျေးဇူးရှင်ဆရာတော်ဘုရားကြီး
# တည်ထောင်,သီတင်းသုံးတော်မူခဲ့သော ကျောင်းတိုက်များ



မနောရဉ္ဇိတ ဓမ္မသာလာ ဓမ္မာရုံကြီး



ကောမာရိဗြဟ္မစာရိနီ ဒေါ်အမာကျောင်းဆောင်



မဟာဗကုလကျောင်းဆောင်

# ကျေးဇူးရှင်ဆရာတော်ဘုရားကြီး
# တည်ထောင်,သီတင်းသုံးတော်မူခဲ့သော ကျောင်းတိုက်များ



ဓမ္မာစရိယကျောင်းဆောင်

မူလကျောင်းဆောင်





မဟာဗောဓနန္ဒသာလာ ဆွမ်းစားကျောင်းဆောင်

# ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီးနှင့် စစ်ကိုင်း သီတဂူဆရာတော် အရှင်ဉာဏိဿရတို့ အာရှ(၆)နိုင်ငံခရီး အတူတကွကြွရောက်ခဲ့စဉ်

ထိုင်းနိုင်ငံ (၂၃-၁၁-၈၁) မှ (၁၃-၁၂-၈၁) ထိ



ထိုင်းနိုင်ငံရောက်ခဲ့စဉ်က ဆီမီးပူဇော်နေသော ကျေးဇူးရှင်ဆရာတော်ဘုရား



ဇင်းမယ်—ဝတ်မန်းမုန်းကျောင်း ဓာတ်တော်ကို ရေသွန်းပူဇော်စဉ်



ထိုင်းနိုင်ငံ
သုခေါဒယသို့ရောက်စဉ်
အမှတ်တရ



ထိုင်းနိုင်ငံ ဗန်ကောက်သို့ရောက်စဉ် အမှတ်တရ



ဇင်းမယ် ဝတ်မန်းမုန်းကျောင်းဆရာတော်နှင့်အတူ

# မလေးရှားနိုင်ငံ (၁၄ - ၁၂ - ၈၁) မှ (၁၇ - ၁၂ - ၈၁) ထိ
# စင်ကာပူနိုင်ငံ (၁၈ - ၁၂ - ၈၁) မှ (၂၄ - ၁၂ - ၈၁) ထိ



မလေးရှားနိုင်ငံ ပီနန်မြို့ရှိ တရုတ်ဗုဒ္ဓဘာသာကျောင်းအမှတ်တရ



မလေးရှားနိုင်ငံ ပီနန်မြို့၌ မွေးနေ့ကိတ်လှီးနေသော ကျေးဇူးရှင်ဆရာတော်ဘုရား



စင်ကာပူနိုင်ငံ ကျားသုငွေ့အိမ်၌ ကျားသုငွေ့နှင့် သူငွေ့ကတော်တို့ အကန်တော့ခံနေစဉ်



စင်ကာပူနိုင်ငံ ကျားသုငွေ့အိမ်၌ ကျားသုငွေ့နှင့် သူငွေ့ကတော်တို့ ဆွမ်းကပ်ခံနေစဉ်

# သီရိလင်္ကာနိုင်ငံ (၂၅ - ၁၂ - ၈၁) မှ (၁၀ - ၁ - ၈၂) ထိ
# အိန္ဒိယနိုင်ငံ (၁၁ - ၁ - ၈၂) မှ (၂၆ - ၁ - ၈၂) ထိ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မုဒ္ဒပူဇော်ပွဲတွင်
ဓမ္မကထိက သီဟိုဠ်ဆရာတော်ဦးအရိယဓမ္မက ရှိခိုးပူဇော်နေစဉ်



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဝိသုဒ္ဓါရုံကျောင်း သိမ်ရှေ့တွင်
ဦးပေါ်ထွန်း—ဒေါ်အေးအေး၊ သား မောင်မောင်အေးထွန်း၊ သမီး အေးသီတာထွန်း
တို့နှင့်အတူ





အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်
ကမ္ဘာအေးစေတီတောင်ခြေတွင်

# နီပေါနိုင်ငံ (၂၇-၁-၈၂) မှ (၁-၂-၈၂) ထိ



နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ ဘောင်ထိပ်ဘုရားပေါ်တွင် သီတဂူဆရာတော် ဟော်တယ်ပိုင်ရှင်တို့နှင့်အတူ



နီပေါနိုင်ငံ ပိုခရမြို့၌ ဦးဘရီ နီပေါရဟန်းတော်ဦးသောဘနတို့နှင့်အတူ



နီပေါနိုင်ငံရောက်ခဲ့စဉ်

အတီတေ ဗာရာဏသီယံ ဗြဟ္မဒတ္တေ- စသည်ဖြင့် အစချီ၍ ဇာတ်အဋ္ဌကထာများတွင် ရေးသားနိဒါန်း ပျိုးကြောင်း တွေ့ရှိမှတ်သားရပါ၏။ ဤနှယ် ဧဝံ မေသုတံ-အကြောင်းပြု၍ - -

လွန်လေပြီးသော ၁၃၂၄/၂၅ခုနှစ်၊ နတ်တော် လကပင်ဖြစ်ပါ၏။ တောင်ငူမြို့၊ ဇလီဒေါင့်ရပ်၊ ဝိသုဒ္ဓါရုံမြို့ထောင့်ကျောင်းတိုက်သို့ ဗာရာဏသီ ဆရာတော်ဘုရားကြီး ကြွရောက်လျှက် ဝတ်ဆောက်တည်နေသောအချိန် -

ညချမ်း ဘုရားဝတ်တက် ဝတ်ကပ် ဝတ်ပြုပြီးသောအခါတွင် သာမဏေအရွယ်လတ်ပိုင်းတို့ကို ရွေးချယ်၍ ဗာရာဏီဆရာတော်ဘုရားကြီးအား အလှည့်ကျနှိပ်ပေးသောဝတ်ကိုပြုရန် ဆရာဘုန်းကြီးမှ တာဝန် ပေးစေလွှတ်ပါသည်။

ထိုသို့အနှိပ်ဝတ်ပြုနေစဉ် ဗာရာဏသီ ဆရာတော်ဘုရားကြီးမှ သာမဏေတို့၏ဘွဲ့အမည်တို့ကို မေးမြန်း၏။ လက်အုပ်ချီ၍ ပြန်လည်လျှောက်ထားရ၏။ ပြန်လည်လျှောက်ထားရာ၌ “တပည့်တော် တေဇ္ဇာလံ



# အတုယူစရာ

လယ်ဝေး-ရွက်လှ

ကာရ(တေဇာလက်ာရ)ပါဘုရား၊ တပည့်တော် ဆုဂျာတ (သုဇာတ)ပါဘုရား" စသည်ဖြင့် ကမ္ဘာသုံးသက္ကတ မာဂဓဖြင့် လျှောက်ထားရ၏။ ထိုသို့လျှောက်ထားမှ သာလျှင် ဆရာတော်ဘုရား နှစ်သက်တော်မူသဖြင့် ထိုအသံထွက်ဖြင့်လျှောက်ထားရသည်။ ယင်းအသံ ထွက်ပီသစေရန်အတွက် အထူးလေ့ကျင့်စရာမလို၊ ဆရာဘုန်းတော်ကြီးမှ ရှင့်ကျင့်ဝတ်၊ သဒ္ဒါကြီး သုတ်စဉ်၊ သဂြိုဟ်စသည်တို့ကိုကျက်မှတ် ရာတွင် ညွှန်ပြသင်ကြား ပေးထားသဖြင့် အခက်အခဲမရှိ လွယ်ကူစွာ ပြန်ကြား လျှောက်ထားနိုင်ခဲ့ပါ၏။

(အလျဉ်းသင့်သဖြင့် ဆေးမီးတို ဆေးနည်း တစ်ခုကိုပါ မှတ်မိလိုက်ပါ၏။ ထိုဆေးမီးတို၏ အာနိသင် ကား - အပူခိုးထွက်၍ အညောင်းအညာပျောက်ကင်း လျက် မျက်စိကြည်လင်ခြင်းစသည့် အကျိုးအာနိသင် များ ရရှိကြောင်းကို ဆရာတော်ဘုရားကြီးထံမှ နာခံမှတ် သားလိုက်ရပါသည်။

ဆေးနည်းကား - ဇမာသံပုရာသီးရင့်ရင့်ကို အလယ်ဇဟိုမှထက်ခြမ်းခွဲပါ။ ယင်းထက်ခြမ်းနှစ် ခြမ်းပေါ်တွင် မီးဖိုချောင် အိမ်သုံးဆား အသင့်အတင့် ထည့်၍ ညချမ်းအိပ်ယာမဝင်မီ ခြေဖဝါးနှစ်ဖက်အား ပွတ်တိုက် ပေးရန်ဖြစ်ပါသည်။)

ဗာ ရာ ဏ သီ ဆရာတော်ဘုရားကြီးသည် ဝတ်ဆောက်တည်ပြီး၍ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီ တိုက်သို့ ပြန်မကြွမီ ဘုရားဝတ်တက် ဝတ်ကပ်ပြီးသော အချိန်၌၊ တစ်ကျောင်းတိုက်လုံးရှိ စာချ၊ စာသင် ရဟန်း၊ သာမဏေတို့သည် ဆရာတော်ဘုရားကြီးအား လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြရ၏။ ဆရာတော် ဘုရားကြီးမှ ဆုံးမဩဝါဒအနုသာသနီ တရားစကား မြွက်ကြားချီးမြှင့်တော်မူပါသည်။

ဆုံးမဩဝါဒအနုသာသနီတရားတော်ကား - -

"လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြတဲ့ ကိုဥတ္တမဝံသနှင့်တကွ စာချ၊ စာသင် ရဟန်းသာမဏေ အပေါင်းတို့ " ဟူသော နိဒါန်းဖြင့် အစထားလျက် အောက်ဖော်ပြပါ တရားတော်ကို ဟောကြားဆုံးမတော် မူပါသည်။

"မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ကာလက ဇာဏုဿောဏိလို့ခေါ်တွင်တဲ့ ပုဏ္ဏားတစ် ယောက်ဟာ မြတ်စွာဘုရားကို အချက် ၆-ချက်ပါတဲ့ မေးခွန်းကို မေးမြန်းလျှောက်ထားတယ်။ ကရုဏာသခင် မြတ်စွာဘုရားရှင်ကလဲ စိတ်ရှည်လက်ရှည်နဲ့ ပြန်လည် ဖြေကြားပေးတော်မူပါတယ်။ ဘယ်လိုမေးမြန်း လျှောက် ထားပြီး ဘယ်လိုဖြေကြားတော်မူသလဲဆိုရင် -

ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရား။ တပည့်တော်အား မေးခွန်းများ မေးခွင့်ပြုပါဘုရား - -

၁။ မင်းလို့ခေါ်တဲ့ ရှင်ဘုရင်တွေဟာ ဘာကို အလိုရှိကုန်ပါသလဲဘုရား၊ ဘယ်အတွက် လေ့လာ ကုန်ပါသလဲဘုရား၊ ဘယ်မှာလျှင်တည်ရာရှိကုန် ပါသ လဲဘုရား၊ ဘာကိုနှလုံးသွင်းကုန်ပါသလဲဘုရား၊ ဘယ်မှာ လျှင်အဆုံးရှိကုန်ပါသလဲဘုရားလို့မေးမြန်း လျှောက် ထားတယ်။

ဒီတော့ မြတ်စွာဘုရားရှင်က ဇာဏုဿောဏိ အမည်ရှိတဲ့ပုဏ္ဏား - မင်းလို့ခေါ်တဲ့ရှင်ဘုရင်တွေဟာ စည်းစိမ်ကိုအလိုရှိကုန်တယ်၊ ပညာအတွက် လေ့လာ ကုန်တယ်၊ စစ်သည်ဗိုလ်ပါအပေါင်းမှာ တည်ရာရှိကုန် တယ်၊ ရေမြေကိုအစိုးရခြင်းကို နှလုံးသွင်းကုန်တယ်၊ အစိုးရခြင်းမှာ အဆုံးရှိကုန်တယ် လို့ ဖြေကြားတော်မူ ပါတယ်။"

ဗာရာဏသီဆရာတော်ဘုရားကြီးသည် တပည့် ပရိသတ်တို့၏ စိတ်ဝင်စားမှု ရှိ/မရှိ အကဲခတ်ပြီး ငြိမ်သက်စွာတရားတော်ကို နာကြားနေကြသော တပည့် ပရိသတ်တို့အား (၂) ပုဏ္ဏား၊ (၃)သူကြွယ်၊ (၄) မိန်းမ၊ (၅)ခိုးသူတို့၏ အလို၊ လေ့လာရာ၊ တည်ရာ၊ နှလုံးသွင်းမှု နှင့် အဆုံးတို့ကို စိတ်ဝင်စားဖွယ်ရာ အသုံးအနှုန်းတို့ဖြင့် ပါဠိတော် ဟောစဉ်အတိုင်း ဟောကြားဆုံးမတော်မူ၏။

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရား -

၆။ ရဟန်း သာမဏေတို့ဟာ ဘာကိုအလိုရှိ

ကုန်ပါသလဲဘုရား၊ ဘယ်အတွက် လေ့လာကုန်ပါသလဲဘုရား၊ ဘယ်မှာလျှင် တည်ရာရှိကုန်ပါသလဲဘုရား၊ ဘာကိုနှလုံးသွင်းကုန်ပါသလဲဘုရား၊ ဘယ်မှာလျှင် အဆုံးရှိကုန်ပါသလဲဘုရား လို့ မေးမြန်းလျှောက်ထားပြန်တော့ မြတ်စွာဘုရားရှင်က-

ရဟန်းတို့ဟာ သည်းခံမှု၊ သီလစင်ကြယ်မှုကို အလိုရှိကုန်တယ်။ ပညာအတွက် လေ့လာကြတယ်၊ သီလလျှင်တည်ရာရှိကုန်တယ်၊ ကြောင့်ကြမရှိမှုကို နှလုံးသွင်းကုန်တယ်၊ နိဗ္ဗာန်မှာ အဆုံးရှိကုန်တယ် လို့ ပြန်လည်ဖြေကြားတော်မူပါတယ်" စသည်ဖြင့် ဗာရာဏသီဆရာတော်ဘုရားကြီးက ဟောကြားဆုံးမပြီး အနှစ်ချုပ် နိဂုံးအုပ်ဟောကြားတော်မူပါသည်။

"တပည့်အပေါင်းတို့- တပည့်တော်တို့ဟာ အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဓမ္မိကဝဂ်မှာ မြတ်စွာဘုရားဟောကြားထားတဲ့ ဆယ်ခုမြောက် ခတ္တိယသုတ်တော် နောက်ဆုံးမေးမြန်း၊ ဖြေကြားတော်မူတဲ့ ရဟန်း၊ သာမဏေများ လိုက်နာ ကျင့်သုံးရမည့် သည်းခံမှု၊ သီလစင်ကြယ်မှုကို အလိုရှိကြရမယ်။ ပညာအတွက် လေ့လာကြရမယ်။ သီလသာလျှင် တည်ရာရှိကြရမယ်။ ကြောင့်ကြမရှိမှုကို နှလုံးသွင်းကြရမယ်။ နောက်ဆုံး ရည်မှန်းချက် ပန်းတိုင်ကတော့ နိဗ္ဗာန်ရောက်ဖို့ဘဲဖြစ်တယ်။"

ဤကဲ့သို့ ဟောကြားဆုံးမပြီး တပည့်အပေါင်းတို့က သာဓုသုံးကြိမ်ခေါ်လျက် ပူဇော်ကန်တော့ပွဲပြီးသွားပါတော့သည်။

လွန်ခဲ့သော ၃၈/၃၉ နှစ်အချိန်က ဗာရာဏသီဆရာတော်ဘုရားကြီး၏ ဩဝါဒစကားတော် တရားတော်ကို ပြန်လည်သတိရစေသည်ကား

ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက (တွဲဘက်သာသနာပိုင်) ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဗာရာဏသီဆရာတော်ထေရုပ္ပတ္တိအကျဉ်း စာစောင်ပင်ဖြစ်၏။ ယင်းစာစောင်၏ နိဒါန်းစာလွှာတွင် -

" ဝိနယဂရု အလေးပြု စံပြုတို့ဆရာ "ဟူသောခေါင်းစဉ်ငယ်အောက်တွင် ဝိနည်းလေးစားပုံ၊ ဂရုဂါရဝပြုပုံကို သာဓကနှင့်တကွဖော်ပြပြီး ဝိနယဂရုဂါရဝယုတ္တေါ်သော (အံ-၄) ဝိနည်း၌ ငယ်စဉ်ကပင် လေးစားသဖြင့် အိန္ဒိယသားများကပင်- လေးစားရိုသေမှုပြုကြသည် ဟူ၍လည်းကောင်း-

" ထီးကျင့်မကျင့် ကြနှင့်" ဟူသောခေါင်းစဉ်ငယ်အောက်တွင်လည်း ခေါင်းဆောင်ရှေ့သွား ဆုံးမဩဝါဒပေးတဲ့ဆရာ၊ တရားဟော ဓမ္မကထိကစသောဆရာများဟာ ထီးကျင့်မကျင့်ရဘူး၊ ထီးကျင့်ဟူသည်မှာ သူများသာလုံခြုံစေပြီး ချမ်းသာစေတယ်၊ ကောင်းစေတယ်၊ မိမိက အပူခံသံသရာမှာ ဆင်းရဲတွေ့မည့် ပုဂ္ဂိုလ်များသည် (တစ်နည်း)သူတစ်ပါးသာ ကျင့်သုံးစေပြီး မိမိမကျင့်သော ပုဂ္ဂိုလ်မျိုးကို ထီးကျင့်ကျင့်တယ်ဟု ခေါ်သည်။ ဒါကြောင့် ထီးကျင့်မကျင့်ကြနှင့်၊ အထူးသတိပြုပြီး အတ္တတ္ထ၊ ပရတ္ထ နှစ်ဝအကျိုးများအောင် အားထုတ်ရမည် ဟူ၍လည်းကောင်း ဖော်ပြထား သည်ကို ဖတ်ရှုလိုက်ရသောကြောင့် လွန်လေပြီးသောနှစ်၊ တရားစစ်၏ အနှစ်ချုပ်ကို ပြန်လည်သတိရစေပါသည်။

" အော် -- ဗာရာဏသီဆရာတော် ဘုရားကြီးဟာ တပည့်ပရိသတ်တို့အား သီလစင် ကြယ်မှုအရေးဇောင်းပေးအလေးထားပြီး ဟောသွားပါတကား၊ ဟောပြောဆုံးမသွားတော်မူသည့် အတိုင်းလည်း ဆရာတော်ကြီးကိုယ်တိုင် လိုက်နာကျင့်သုံးသွားပါတကား" ဟု ဗာရာဏသီဆရာတော်ဘုရားကြီး၏ ဂုဏ်ပုဒ်ကိုတစ်စိတ်တစ်ခြမ်းဖြင့် အတိတေရှေးကို အမှတ်ရပြီး "အတုယူစရာ" အဖြစ်တင်ပြ ပူဇော်လိုက်ရပါသတည်း။

လယ်ဝေး (ရွှက်လှ)



၁၃၀၂ ခုနှစ်၊
သီတင်းကျွတ်
လဆုတ် ၄ရက်၊
(၇-၁၀-၁၉၉၀)
ဆွမ်းဆန်လှူဒါန်းပွဲတွင်
ကျေးဇူးရှင်
ဆရာတော်ဘုရားနှင့်
နိုင်ငံတော်
အကြီးအကဲများ



# စာအုပ် မ, တည်အလှူရှင်များ

| | | |
|---|---|---|
| (၁) | ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် တပည့်သံဃာတော်များ | ၂၀၀,၀၀၀ |
| (၂) | ရန်ကုန်မြို့၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ် တပည့်သံဃာတော်များ | ၁၀၀,၀၀၀ |
| (၃) | ဦးဂန္ဓသာရာဘိဝံသ (စ-အ ဓမ္မာစရိယ၊ ပါဠိပါရဂူ) ဝပ်ထာ့မအိုးကျောင်း၊ လန်းပန်းမြို့၊ ထိုင်းနိုင်ငံ။ | ၁၀၀,၀၀၀ |
| (၄) | ဦးအာသဘာစာရ (အဂ္ဂမဟာကျော်) မင်္ဂလာရာမဝိဟာရကျောင်း ဝါရှင်တန်မြို့၊ အမေရိကန်နိုင်ငံ | ၅၀,၀၀၀ |
| (၅) | ဦးအောင်မြင့် + ဒေါ်နုနုရီ၊ သမီး မဥ္ဇူ နှင့် သား မောင်သက်နိုင် အမှတ် (၁၆)၊ မဥ္ဇူလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်း၊ ရန်ကုန်မြို့။ | ၃၀၀,၀၀၀ |
| (၆) | ဦးဘသိန်း + ဒေါ်တင်တင်ကြည် မိသားစု ၇-မိုင်၊ ရန်ကုန်မြို့ | ၁၀၀,၀၀၀ |
| (၇) | ဒုတိယဗိုလ်မှူးကြီးစံသိမ်း (အငြိမ်းစား) + ဒေါ်မြမြသိန်း မိသားစု အမှတ် (၄၃)၊ ဇေယျာဝတီ (ဗဟို)လမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| (၈) | ဦးစိုးမင်းအား ရည်စူး၍ ဒေါ်တာတာ မိသားစု အမှတ် ၄၇၃-က၊ ဇာနည် ၁၃-လမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| (၉) | ရဟန်းအမကြီး ဒေါ်ခင်ခင်စိန် မိသားစု အမှတ် ၂၆-က၊ တေးနုယဉ်လမ်း၊ ၇-မိုင်ခွဲ၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |

# ဝတ္ထုကဗျာ

( ၁ )

" ---- ဤဘဒ္ဒကပ်ကမ္ဘာ၌ တစ်ကမ္ဘာလုံးတည်သော အံ့ဖွယ် တန်ခိုးတို့မည်သည်-

၁။ သဉ္ဇ ယုန်ရေးအမှတ်တံဆိပ်သည် အလုံးစုံလည်းဖြစ်ကုန်သော ဤ ဘဒ္ဒကပ်ကမ္ဘာပတ်လုံး တည်လတ္တံ့၊

၂။ ဝဋ္ဋဇာတ်၌ မီး၏ငြိမ်းရာ အရပ်ကို အလုံးစုံလည်းဖြစ်သော ဤဘဒ္ဒကမ္ဘာပတ်လုံး မလောင် လတ္တံ့၊

၃။ ဃဋီကာရ (အိုးထိန်းသည်) ၏ နေရာအရပ်သည် အလုံးစုံလည်းဖြစ်သော၊ဤဘဒ္ဒကပ်ကမ္ဘာပတ်လုံး မိုးမစွတ်သည် ဖြစ်၍ တည်လတ္တံ့၊

၄။ ဤရေကန်ကို ရံ၍ ပေါက်ကုန်သော ကျူတို့သည် ဤဘဒ္ဒ ကမ္ဘာပတ်လုံး တစ်ခုသော အပေါက် ရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ဤလေးပါးတို့သည် တစ်ကမ္ဘာလုံး တည်ကုန်သော အံ့ဖွယ် တန်ခိုးတို့ မည်ကုန်၏ --"

အလင်းရောင် အားပျော့လာသဖြင့်ဖတ်လက်စ အကြောင်းအရာတစ်ဝက်တစ်ပြက်ကို ရပ်နား၍ စာအုပ်ကို ပိတ်လိုက်၏။



( ၂ )

နွေဦး၏ တောင်လေပြေ ရှူးသည် ဆော့မြူးသည့်အခိုက် "ဒွေဘာတိကဘုရား" ဘေးဝဲယာရှိ ပင်ပျို ပင်အိုတို့မှ ရွက်ဝါတို့သည် မြေဝယ် ပြေးလွှား ဆော့ကစား လျက်ရှိသည်။ ယင်းမာရွက်၊ စွယ်တော်ရွက်၊ ညောင်ရွက်၊ စိန်ပန်းရွက်နှင့် တရုတ်စကားရွက်စသည့် သစ်ပင်ပေါင်းစုံတို့မှ အရွက်ဟောင်းတို့ပင်။ အထက်ကောင်း ကင်ယံ၌ နွေဦးလသည် အသင့် နေရာယူလျက်ရှိသော်လည်း ရှင်နေမင်းကား အနောက်ဂေါ်ယာကျွန်းသို့ မဝင်ချင့် ဝင်ချင်ဖြင့် လေးတိ လေးကန် ရှိလှသည်။ ရှားပင်တောတန်းဆီမှ ချိုးကူသံနှင့် ဥဩငှက်သံတို့သည် နရီစည်းဝါး တိကျရန် တိုင်ပင်ထားသည့်အလား တလှည့်စီ သီကျူး၍ နေ၏။





# အရှင်ဇမေသက(ဖိန့်)

## အကြွေနှင့်အကြွေး

အရပ်လေးမျက်နှာ ... သို့ ယက်ဖ်သို့ ရှုလိုက်ပါ လျှင်ပင် စိမ်းစို ဝင်းမှန့် လန်းဆန်း၍ အရွက် အဖူး၊ အငုံ ဖြစ်ရန် အားယူနေသော အသွင်သစ်ကို မြင်ရပြန်သည်။ အပျက်နှင့်အဖြစ်၊ အဟောင်းနှင့် အသစ်၊ အဆင်းနှင့် အတက်ဟူသော သင်္ခါရလောက ပန်းချီကား၏ ဒွန်တရား စုပ်ချက်တို့ကို သတိမူမိသည်။ ဆက်၍ ဤစေတီ နှင့် ကျောင်းကန်၊ ဤရပ်ရွာနှင့် ရွာသူ ရွာသား စသည့် အတွေး ဝတ်ရည်ကို အတိတ် လေပြည် လေညင်းသည် သုတ်ဖြူးစ ပြုခဲ့လေပြီ။



(နောင်တော်) ဇာဂရုဏာသီဆရာတော်နှင့် (ညီတော်) မေမြို့ဆရာတော်

( ၃ )

စေတီတော်၏ ဘွဲ့တော်ကား- ဒွေဘာတိကစေတီ၊

တည်ထားသူကား- ဇာဂရုဏာသီဆရာတော်နှင့် မေမြို့ဆရာတော်တည်း ဟူသော ညီနောင်ရဟန်းနှစ်ပါး၊

နေရာကား- မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ဇိန့်ရွာ ရွာဦးကျောင်း၏ အရှေ့ဘက် ကုန်းမြင့်အရပ်ဖြစ်သည်။

**ထိုညီနောင် နှစ်ပါးတို့သည် အဘယ်ကြောင့် ဤစေတီကို ဤရပ်ရွာ၊ ဤနေရာ၌ တည်ထားပူဇော်ရလေသနည်း၊ အမေးကား တိုသည်ဟုထင်ရသော်လည်း၊ အဖြေကား အရှည်သားဟုဆိုရမည်ပင်၊ မိမိ ရောက်ရှိနေသည့် ဝန်းကျင်ဒေသနှင့် သဘာဝအနေအထား၊ ဖတ်လက်စ တစ်ပိုင်းတစ်စ စာအကြောင်း အရာတို့ကို သတိရမိ၏။**

ဘုရားရှင်သည် ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်စဉ် နင္ဂကပါနရွာ၊ နင္ဂကပါနရေကန်၊ ဆပ်သွားတောဝယ် ကျူရိုးတို့၌ တောက်လျှောက်အပေါက်ဖြစ်နေခြင်းကို အကြောင်းပြု၍ ဇာတ်တော်ကို ဟောမြွက်ခဲ့သည်။ အတိတ်ကို ဆောင်တော်မူခဲ့သည်။

ရှေးအခါက ဤကျူတောသည် လူမနေသော တောအရပ်တည်း။ ဤရေကန်၌ ရေစောင့်ဘီလူးသည် ရေကန်သို့ ဆင်းသော သတ္တဝါတို့ကို စား၏။ တစ်နေ့သောအခါ ဘုရားအလောင်း မျောက်မင်းနှင့် ရှစ်သောင်းသော မျောက် အပေါင်းတို့သည် ဤရေကန်သို့ ရောက်လာကြသည်။ မျောက်တို့သည် ရေကန်အတွင်းမှ ရေကို သောက်လိုကြသော်လည်း မျောက်မင်းမလာသေး၍ စောင့်နေကြသည်။ မျောက်မင်းရောက်လာသောအခါ ဤရေကန်၌ ကန်တွင်းသို့ သက်ဆင်းသော ခြေ ရာသာရှိ၍ ပြန်တက်သောခြေရာကို မတွေ့ရသဖြင့် ရေစောင့် ဘီလူးရှိကြောင်းကို သိရသည်။ ထို့ကြောင့် မျောက်အပေါင်းတို့အား ကန်တွင်းသို့ မသက်ဆင်းရန် တားမြစ်ပြီး လျှင်ကန်နံဘေး ပေါက်ရောက် နေသောကျူရိုးဖြင့် ရေသောက် ရရန်ကြံစည်၏။ "ဤရေကန်ကို ရံ၍ ပေါက်ရောက်ကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော ကျူ တို့သည် တစ်ပေါက်တည်းဖြစ်စေ ကုန်သတည်း"ဟု **အဓိဋ္ဌာန်၏။** ဘုရားအလောင်းတော်တို့၏ အစီး အပွားကို ကျင့်ဆောင်ခြင်း၏ များသည်၏ အဖြစ်ကြောင့် အဓိဋ္ဌာန်သည့်အတိုင်း ပြည့်စုံခဲ့သည်။ မျောက်မင်းနှင့် မျောက်အပေါင်းတို့သည် ထိုကျူရိုးတို့ဖြင့် ကန်အတွင်းမှ

ရွှေစစ်လျှင် မှတ်ကျောက် တင်ခံနိုင်သကဲ့သို့ ဆရာအရှင်၏ သည်းခံစိတ် မေတ္တာစိတ်စသည့် နာယကဂုဏ်ရည် သူတော်ကောင်းစိတ် မြဲခဲ့ပုံတို့သည်ကား များပြားခဲ့သည် ဆက်ဆံခဲ့ဘူးသူမှန်သမျှ သိတော်မူကြပါလိမ့်မည်! ဟုသာ သက်သေထူပြချင်ပါ၏

ရေကို သောက်သုံးကြရလေသည်။

ဘုရားအလောင်းတော် မျောက်မင်း၏သတိနှင့်ပညာ ညီမျှစွာဖြင့် ခေါင်းဆောင်တစ်ဦး၏ ဂုဏ်ရည်ကို သတိပြုဖွယ်ပင်ဖြစ်သည်။

( ၄ )

ရေချိုတွင်းသည် ငယ်သော်လည်း အများ၏ အသုံးဝင်မှုကြောင့် ကိုယ်စိတ်နှစ်ပါး သုခကို ဆောင်သဖြင့် အကျိုးများ၏။ ပင်လယ်၊ သမုဒ္ဒရာရေတို့သည် များမြောင်သော်လည်း အများအသုံးမဝင်၍ အကျိုးမများချေ။ ဗာရာဏသီဆရာတော်နှင့် မေမြို့ဆရာတော် ညီနောင်နှစ်ပါးသည် အရေအတွက်ကား နည်း၏။ နိုင်ငံအကျိုး၊ ဘာသာ သာသနာ့အကျိုး၊ ရပ်ရွာဒေသအကျိုးတို့ကို ရွက်ဆောင်ကြိုးပမ်းမှုတို့၏ သမိုင်း မှတ်တိုင်တို့ကား မြန်မာပြည်အနှံ့ ပြန့်ကျဲလျှက်ရှိခဲ့ပြီ။

နောင်တော် ဗာရာဏသီဆရာတော်သည် ကျောင်းသားဘဝ သာမဏေဘဝ ရဟန်းဘဝတို့ကို မည်သို့ဖြတ်သန်းခဲ့သနည်း?၊ ပညာရေး၌ ငယ်၊ လတ်၊ ကြီး၊ ပထမကျော်၊ မန္တလေး သကျသီဟအသင်း၏ အဘိဝံသ စာမေးပွဲ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ရှိ ဟိန္ဒူတက္ကသိုလ်မှ စာမေးပွဲများစွာကို ဖြတ်သန်းခဲ့သည်။ အောင်မြင်ခဲ့သည်။ မန္တလေးမြို့ ဝိသုဒ္ဓါရုံတိုက်သစ်၊ ပြင်ဦးလွင် (မေမြို့) ဝိသုဒ္ဓါရုံ ရွှေကျောင်ကျောင်း၊ ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတို့တွင် ဦးစွက် ခေါင်းဆောင် စာချဘဝ ပဓာန နာယကဆရာတော် ဘဝတို့ဖြင့် ပညာဒါနကို ပြုခဲ့သည်။ ပညာဆီမီး ထိန်ညီးစေခဲ့သည်။ သာသနာရေး၌ ကျေးလက်မှ ကလေးသူငယ်များကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြုပေးခြင်း၊ ရွှေကျောင်ဂိုဏ်း၏ အကျိုးတော်ဆောင်, ဥပဥက္ကဋ္ဌ အလုပ်များလုပ်ဆောင်ခဲ့ခြင်းနှင့် ဇာတိမွေးရပ်ရွာ၌ တိုက်နယ်ဆေးရုံ, ဗာရာဏသီဗိမာန်ကျောင်း, ဒွေဘာတိကစေတီ စသည့် ကျောင်းကန်အဆောက်အဦးတို့ကို ပြုလုပ်ခဲ့ခြင်း စသည်များစွာ ရှိခဲ့သည်။

ဗဟိဒ္ဓအပြင်ရုပ်ဝတ္ထု လက်ညှိုးထိုးပြစရာ များစွာရှိသကဲ့သို့ အဇ္ဈတ္တအတွင်းစိတ်သဏ္ဍာန်သည် ဆရာတစ်ဆူ ပီသခဲ့ပါသလော?

ခေါင်းဆောင် သူတော်ကောင်း ပီသ၏လော?

ရွှေစစ်လျှင် မှတ်ကျောက် တင်ခံနိုင်သကဲ့သို့ ဆရာအရှင်၏ သည်းခံစိတ်, မေတ္တာစိတ် စသည့် နာယကဂုဏ်ရည် သူတော်ကောင်းစိတ် မြဲခဲ့ပုံတို့သည်ကား များပြားခဲ့သည်။ ဆက်ဆံခဲ့ဘူးသူမှန်သမျှ သိတော်မူကြပါလိမ့်မည်! ဟုသာ သက်သေထူပြချင်ပါ၏။

( ၅ )

ဆရာအရှင်သည် သက်တော်ထင်ရှားရှိခဲ့လျှင် ယခု ၁၃၆၄-



ဒွေဘာတိကစေတီတော်

ခုနှစ်တွင် သက်တော် ၁၀၀-ရှိလိမ့်မည်။ သင်္ခါရလောက၏ ဖြစ်၊ တည်၊ ပျက်တွင် ဆရာတော် ပျံလွန် ခဲ့ရပြီ။

နငူပါနဇာတ်၌ ဘုရားအလောင်းတော်မျောက်မင်းသည် သတိ၊ ပညာ၊ နှစ်ဖြာစွမ်းအားအညီထားသည့် သာဓကရှိသကဲ့သို့ ဆရာအရှင်သည်လည်း သတိ၊ ပညာ၊ ညီစွာပြု၍ ဘဝတစ်ခုကို ဖြတ်သန်းခဲ့လေပြီ။ "ဝါနရဿ သီသံ ဗာရာဏသိ" ဗျူပွတ်သီသောမြို့ ဗာရာဏသီတွင် ပညာသင် ယူခဲ့၍ " ဗာရာဏသီဆရာတော် " ဘွဲ့အမည်တော်ဖြင့် ဘဝသံသရာ ဇာတ်ရုပ်ကို နှုတ်သိမ်းခဲ့လေပြီ။ ဆရာအရှင်၏ ကိုယ်ပွား အရိပ်ဖြစ်ကြသော သာသနာ့ဝန်ထမ်း ရှင်၊ ရဟန်းနှင့် တပည့် ဥပါသကာ၊ ဥပါသိကာတို့၏ တာဝန်ဝတ္တရားတို့ကား များမြောင် လှပေစွ။ ဆရာကောင်းတပည့် ပန်းကောင်း ပန်ကြပါလျှင် ကောင်းမြတ်လှပါပေစွ။

နွေဦး၏ လမင်းပင် ကောင်းကင်ဝယ် ထိန်ထိန်သာလျှက်ရှိလေပြီ။ တစ်ချက်တစ်ချက် ညဥ့်ငှက်တို့၏ တွန်ကြူးသံသည် အရှေ့ရိုးပြတ်တော လယ်ကွင်း တစ်နေရာဆီမှ လွင့်ပျံလာခဲ့ပြီ။ မိမိ၏အတွေးစတို့ကို ဖက်သတ်၍ ဒွေဘာတိကဘုရား စောင်းတန်းလှေကားထစ်များအတိုင်း ဘုရားကုန်းတော်မှ ဆင်းသက် မိသည်။

**နငူပါနဇာတ်တော်ပါ "ထုံးမတိမ် ငုံး၊ အိမ်၊ ကျူ၊ လ" တို့သည် ကပ်ကမ္ဘာတည်သရွေ့ တည်သကဲ့သို့ ဆရာအရှင်၏ တပည့်သူတော်စင်တို့ တည်ပါစေဟုလည်း ဆုခြွေမိသည်။**

နွေဦး၏ ရွက်ဝါအကြွေတို့ အကြား၌ ထင်ကျန်ရစ်သော ကျေးလူအကြွေး ပွင့်ဖတ်လေးများသည်ဟုသည် ကြံပြန့်လျှက် . . .

တပည့်- ခမေသက
(First year) န-ပ-သ (မန္တလေး)

ကျမ်းကိုး-
၁။ ခုဒ္ဒကနိကာယ၊ ဇာတကဋ္ဌကထာ၊ ပဥ္စမောဘာဂေါ၊
၂။ ဧကကနိပါတ၊ သီလဝဂ္ဂ၊ နငူပါနဇာတကဝဏ္ဏနာ၊ (နှာ-၁၈၆-၈။)



## လျှောက်သောလမ်း

ထေရ်ဆရာ(ဗာရာ) ဂုဏ်မြင့်
အသရေတင့် ဝင့်ဖြာ
ဗွေအဆင့် ထက်အာကာမှာ
ဆန်းသော်တာအလား . . . ။

တပည့်ဒကာ/မ များကို
အသိ အလိမ္မာမြင့်မားဖို့
မြတ်တရား ဆုံးခွေ
ကောင်းမှု မှာစေ. . . ။

အမတ ပြည်ဂေဟာမှာ
မျှော်ရည်ကာ ကြွမြန်း
တပည့်တွေ လျှောက်လှမ်းဖို့
ဖောက်ခဲ့သည့်လမ်း . . . ။ ။

တာရာမျိုး

## "ဆရာ့လမ်း"

* ဤကမ္ဘာ ဤလောက
မနောလှ ဂုဏ်လွှင့်တင်
အဲဒါ ဆရာရှင်။
* ပညာသင်
လိမ္မာယဉ် တပည့်။
* အမျိုး ဘာသာနှင့်
သာသနာ ဂုဏ်ဝါတိုးအောင်
ဝေဖြိုးစေ၍

* မြတ်ဗုဒ္ဓ သာသနာ
တည်တံ့စွာ ခိုင်ရေး။
* ဒို့ဆရာ မိန့်မှာမှု
သဒ္ဓါထု ယုံကြည်စွာ
အားသွန်ကာ ဝီရိယနဲ့
ထမ်းကြတဲ့လေး။

* ထမ်းဆောင်တဲ့ များရှင်လူ။
* ပြည့်စုံစွာ လုံလုံလောက်
ရောက်ပါလိမ့် နိဗ္ဗူ။
* ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ
စာဂုဏ်ရည် လှစ်ကျူ
လွှင့်ထူမှုရှိသား။
* သို့အတွက်ရယ်ကြောင့်
အသိနက်ကာ အတွေးမတိမ်ကြပါနဲ့
အာစရိယ ထေရ်မဟာက
မိန့်မှာကာ လမ်းစဉ်ပြတယ်
လိုက်ကြစို့လား။

ဝင်းသစ္စာ (သမ္ဘူလ)

“မကြံစည် မမျှော်လင့်ဘဲနှင့်လည်း
ဖြစ်ပေါ်လာတတ်၏။
ကြံစည်မျှော်လင့်ထားပေမယ့်လည်း
မဖြစ်လာဘဲ ရုတ်တရက်ပျောက်ပျက်
သွားတတ်၏။”

ခုဒ္ဒကနိကာယ်၊
ဇာတကအဋ္ဌကထာ
(၄)၊တေရသကနိပါတ်၊
သရဘမိဂဇာတ်။



# တင်ယဉ်

## အလိုဆန္ဒတို့၏နောက်ကွယ်၌

## ကြေကွဲဝမ်းနည်းစရာ ကပိလဝတ်ဘုရင် သုဒ္ဓေါဓနနှင့် ပြည်သူပြည်သားများ

| | |
|---|---|
| နေရာကား | - မဇ္ဈိမဒေသ |
| တိုင်းနိုင်ငံကား | - ကပိလဝတ် |
| ပါဝင်သူများကား | - ဘုရင်သုဒ္ဓေါဓနနှင့် ကပိလဝတ်ပြည်သူပြည်သားများ |
| အလိုဆန္ဒကား | - စကြဝတေးမင်းဖြစ်ရေး |
| ဖြစ်လာသည်ကား | - ဗုဒ္ဓဘုရားရှင်နှင့် ယင်း၏သာဝကရဟန္တာများ။ |

ဘုရင်သုဒ္ဓေါဓနနှင့် ကပိလဝတ်ပြည်သူ ပြည်သားများသည် လောကလူသားများဖြစ်သည့်အလျှောက် ဘုရားလောင်းသိဒ္ဓတ္ထအား ကာမဂုဏ်စည်းစိမ်အပြည့်ဖြင့် စကြဝတေးမင်းဖြစ်ရန် လိုလားခဲ့၏။ သို့မှသာလျှင် ထိုခေတ်ထို အခါက ၎င်းတို့၏ တိုင်းနိုင်ငံသည် အခြားတိုင်းနိုင်ငံအပေါ်၌ လွှမ်းမိုးချယ်လှယ် ဩဇာပေးနိုင်မည်ဖြစ်၏။ ထို့ကြောင့်လည်း ကပိလဝတ် ပြည် သူပြည်သာများက သိဒ္ဓတ္ထမင်းသား စကြဝတေးမင်းဖြစ်ရေးကိုသာ အဓိကပန်းတိုင် အဖြစ်အားထုတ်ခဲ့ခြင်းဖြစ်၏။ အဘယ် ကဲ့သို့သော အကြောင်းနှင့်မျှ တောထွက်၍ ရဟန်းပြုသွားမည်ကို မလိုလားခဲ့။ ဤကား





ဘုရင်သုဒ္ဓေါဒနနှင့်ကပိလဝတ် ပြည်သူ ပြည်သားတို့၏ ဆန္ဒဖြစ်၏။

သို့သော် လောကစည်း စိမ်ကို ငြီးငွေ့၍ ထိုကာမဂုဏ် လောကစည်းစိမ်မှ လွတ်မြောက် မှုကို ရှာဖွေနေသော ဘုရားလောင်း သိဒ္ဓတ္ထအတွက်ကား ဘုရင်သုဒ္ဓေါ ဒနနှင့် ကပိလဝတ်ပြည်သူ ပြည် သားများ၏ အလိုဆန္ဒနှင့် ပြဒါး တစ်လမ်း၊ သံ တစ်လမ်း ဆန့်ကျင်ဘက်ဖြစ်နေ၏။ ထို့ကြောင့်လည်း သက် တော် ၂၉- နှစ်အရွယ်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုသည့် နိမိတ်ကြီးလေးပါးကိုမြင်ပြီးနောက် တောထွက်ခဲ့ခြင်းဖြစ်၏။

ဤမှာပင် ဘုရင်သုဒ္ဓေါဒနနှင့် ကပိလဝတ် ပြည်သူ ပြည်သားတို့၏ မျှော်လင့်ကြိုးစားချက်သည် ကုန်ဆုံးသွားခဲ့ပြီးဖြစ်၏။ ၎င်းတို့ လိုချင်တောင့်တ သည်ကား သိဒ္ဓတ္ထအား စကြဝတေးမင်းဖြစ်ရေးပင် ဖြစ်၏။ သို့သော် သိဒ္ဓတ္ထဖြစ်လာသည်ကား တောထွက်၍ ရဟန်းပြုသွားခြင်းတည်း။ စကြဝတေး မင်းဘဝနှင့် ရဟန်းဘဝ နှစ်မျိုးသောဘဝ၏ လွန်ဆွဲ ပွဲတွင် ရဟန်းဘဝကို ရွေးချယ်ခြင်းဖြင့် သိဒ္ဓတ္ထ မင်းသားက ဘုရင်သုဒ္ဓေါဒနနှင့် ကပိလဝတ်ပြည် သူပြည်သားများ အပေါ် အနိုင်ယူခဲ့၏။ ဤသို့ဖြင့် ကပိလ ဝတ်ပြည်သူပြည်သားတို့၏ အားကိုးအားထားပြုစရာ နေမင်းကြီးကား ကွယ်ပျောက်သွားခဲ့၏။

သို့သော် ဘုရင်သုဒ္ဓေါဒန နှင့် ကပိလဝတ်ပြည်သူပြည်သား များက ၎င်းတို့၏တိုင်းနိုင်ငံ၌ စကြဝတေးမင်းသာ ဖြစ်ရမည်ဆိုသည့် စိတ်ကူးယဉ်အိပ်မက်ကား ကွယ် ပျောက်၍သွားခြင်းမရှိသေးပေ။

အဘယ်ကြောင့်နည်း? - လမင်းကြီးနှင့်တူသော သိဒ္ဓတ္ထ၏ ညီတော် နန္ဒမင်းသား ရှိသေးသည် မဟုတ်ပါလား။ မှန်၏၊ ညီတော်မင်း သားသည်လည်း စကြဝတေးမင်း လောင်းဆိုသည်ကိုကား ကပိလဝတ် ပြည်သူ ပြည်သားများ သိထားပြီး ဖြစ်၏။ ထို့ကြောင့်လည်း သိဒ္ဓတ္ထ မင်းသား၏လုပ်ရပ်အပေါ် အလို မပြည့်သမျှ ညီတော်နန္ဒမင်းသား အပေါ်သို့ ဦးတည်လာခဲ့ခြင်း ဖြစ်၏။

ဤတစ်ကြိမ်၌လည်း ၎င်း တို့ရှုံးနိမ့်ရပြန်၏။ သစ္စာလေးပါး မြတ်တရားကို သိမြင်ပြီးဖြစ်သော မြတ်ဗုဒ္ဓသည်ကား စကြဝတေးမင်း စည်းစိမ်တည်းဟူသော ကာမဂုဏ် ကွန်ယက်အတွင်းမှ ရဟန္တာအဖြစ် တည်းဟူသော ဓမ္မစံအိမ်သို့ ရောက် အောင် ညီတော်နန္ဒမင်းသားအား ပို့ဆောင်ပေးနိုင်ခဲ့၏။ နောင်တော် သိဒ္ဓတ္ထ၏ ထီးနန်းအရိုက်အရာ မျိုးကို ညီတော်နန္ဒမင်းသား ဆက်ခံ နိုင်လိမ့်မည်ဟု ဘုရင်သုဒ္ဓေါဒနနှင့် ကပိလဝတ်ပြည်သူပြည်သားအားလုံး ယုံကြည်အားကိုးလက်ခံခဲ့ကြ၏။

သို့သော် နောင်တော် သိဒ္ဓတ္ထကိုယ်တိုင် သပိတ်တော်ကို ထမ်းစေကာ ကပိလဝတ်နန်းတော်မှ သီတင်းသုံးရာ ကျောင်းတော်သို့ ခေါ်သွားခြင်းဖြင့် ညီတော်နန္ဒ၏ စကြဝတေးမင်းဘဝကို အဆုံးသတ်ခဲ့၏။

ဤသို့ဆိုလျှင် စကြဝတေးမင်းဘဝကို အဆုံးသတ်စေခဲ့သူ နောင်တော်သိဒ္ဓတ္ထကို ကြေနပ်မှုမရှိကြောင်း လျှောက်ထားရမည်လော? သို့မဟုတ် နောင်တော်၏စကားကို မပယ်ရှားရဲသူ ညီတော်နန္ဒမင်းသားကိုပဲ ကျိန်းမောင်းပြောဆိုရမည်လော? ဤအရာကား ဘုရင်သုဒ္ဓေါဓနနှင့် ကပိလဝတ် ပြည်သူပြည်သားတို့၏ ညီနောင် နှစ်ပါးအပေါ်ထားရှိသော ၎င်းတို့၏ စိတ်ဆန္ဒအတိုင်းသာ ဆုံးဖြတ်နိုင်မည်ဖြစ်၏။ မည်သို့ပင်ဆိုစေ လမင်းကြီးနှင့်တူသော နန္ဒမင်းသားကား ၎င်းတို့၏ မျှော်လင့်ချက် မြင်ကွင်းမှ အမှန်တကယ် ကွယ်ပျောက်သွားရပြီး ဖြစ်၏။

ဤသို့ဖြင့် သုဒ္ဓေါဓနဘုရင်နှင့် ကပိလဝတ် ပြည်သူပြည်သားများက နေမင်းကြီးနှင့် လမင်းကြီးပမာ အားထားခဲ့သော ညီနောင်နှစ်ပါးသည် စကြဝတေးမင်းတည်းဟူသော လောက စည်းစိမ်ကို ကျောခိုင်းလျှက် ၎င်းတို့၏ အလိုဆန္ဒမှ တဖြည်းဖြည်းမှေးမှိန် ကွယ်ပျောက်သွားခဲ့သည်မှာ ပူဆွေး သောကဖြစ်ရုံမျှအပ မည်သို့များတတ်နိုင်မည်နည်း. . . .

သို့သော်ငြားလည်း လောက စည်းစိမ်သာ ဖက်တွယ်ထားဆဲဖြစ်သော ဘုရင်သုဒ္ဓေါဓနနှင့် ကပိလဝတ်ပြည်သူပြည်သားများက စကြဝတေးမင်း ဖြစ်မြောက်ရေးအတွက်သာ ဆက်လက်၍ မျှော်လင့်တောင့်တနေဆဲဖြစ်၏။ ဖြစ်ထိုက်ပါပေ၏။ ထိုခေတ်ထိုအခါက စကြဝတေးမင်းသည်သာ ၎င်းတို့အတွက် အထွဋ်အမြတ်ဖြစ်၏။ ထိုအချိန်၌ သိဒ္ဓတ္ထမင်း သားကလည်း သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓဖြစ်စပင် ရှိသေးရာ မြတ်ဗုဒ္ဓ၏ ဓမ္မအင်ပါယာသည်လည်း အလွန်ပင် နယ်မြေ ကျဉ်းမြောင်းသေး၏။ အကယ်၍များ ဓမ္မအင်ပါယာသည် မြတ်ဗုဒ္ဓအဖြစ်သို့ ရောက်လျှင် ရောက်ချင်း ကျယ်ပြန့်သွားမည်ဆိုပါက (သို့မဟုတ်) ဓမ္မ၏အရသာကို ဘုရင်သုဒ္ဓေါဓနနှင့် ကပိလဝတ် ပြည်သူပြည်သားများ ချက်ချင်း လက်ငင်း ခံစားရပါက သိဒ္ဓတ္ထအား စကြဝတေးမင်း



အဖြစ်နှင့် ဓမ္မ၏ အရှင်သခင်အဖြစ် မည်သည်ကို ရွေးချယ်မည်လဲ? ယခုကား ကပိ လဝတ် ပြည်သူ ပြည်သားတို့အဖို့ ဓမ္မအမြင်သည် အလွန်အားနည်း



သေး၏။ အရာရာကို လောကအမြင်ဖြင့်သာ ဆုံးဖြတ်နိုင်သေး၏။

ထိုသို့သော အချင်းအရာ ကြောင့်လည်း ဘုရင်သုဒ္ဓေါဒနနှင့် ကပိလဝတ်ပြည်သူပြည်သားများက ပထမအကြိမ်၊ ဒုတိယအကြိမ်ရှုံး နိမ့်ခြင်းထက် တတိယအကြိမ် မြောက် ရှုံးနိမ့်ခြင်း၌ကား ယမ်းပုံ မီးကျ ဒေါသဖြစ်ရခြင်းဖြစ်၏။ အကြောင်းကား - -

ဘုရားလောင်းသိဒ္ဓတ္ထနှင့် ယသော်ဓရာ မိဖုရားတို့မှ မွေးဖွား သော မြေးတော်သူ ရာဟုလာအား ဗုဒ္ဓမြတ်စွာက ၎င်း၏ ဓမ္မအင်ပါယာ အတွက် အသုံးပြုရန် သာမဏေ ဘဝသို့ သွတ်သွင်းပေးခဲ့သောကြောင့် ဖြစ်၏။

အမှန်အားဖြင့် ယသော် ဓရာမိဖုရားသည် သားတော်ရာ ဟုလာအား ၎င်း၏ ဖခမည်းတော်သူ ဘုရားရှင်ထံသို့ ဘုရားလောင်း ဘဝက ဖွားဖက်တော် ဖြစ်ခဲ့သော ရွှေအိုးကြီး ၄-လုံးကို အမွေပစ္စည်း အဖြစ် တောင်းခိုင်းခြင်းဖြစ်၏။ မြတ်ဗုဒ္ဓသည် ဤရရှိလာသော အခွင့်အရေးကို ကောင်းစွာအသုံးချ ခဲ့၏။ ယသော်ဓရာ မိဖုရား ပေးစေလိုသော အမွေနှင့် မြတ်ဗုဒ္ဓပေးသော အမွေကား လုံးဝခြားနား၏။

ယသော်ဓရာမိဖုရား ပေးစေလိုသော အမွေကား အာမိသ ဒါယာဒခေါ် ပစ္စည်းဥစ္စာအမွေဖြစ်၏။ မြတ်ဗုဒ္ဓပေးတော်မူသော အမွေကား ဓမ္မဒါယာဒခေါ် တရား အမွေဖြစ်၏။ ဗုဒ္ဓမြတ်စွာဘုရား သည် ခမည်းတော် ပီသစွာဖြင့် ရာဟုလာအား လောကအမွေထက် မြင့်မြတ်သော တရားအမွေကို ပေးခဲ့ပါ၏။ သို့သော် အမွေဟူသည် ပစ္စည်းဥစ္စာသာဖြစ်သည်ဟု လက်ခံ ထားသော ယသော်ဓရာနှင့် ကပိလဝတ် ပြည်သူ ပြည်သားများက ဤ တရားအမွေကို အမွေအဖြစ် လက်မခံယုံမှုမက မြတ်ဗုဒ္ဓသည် ၎င်းတို့၏ဘဝကို တစ်ဆင့်ချင်း တစ်ဆင့်ချင်း လျော့ကျအောင်၊ လူညွန့်

တုံးအောင်၊ စကြဝတေး မျိုးဆက်ပြတ်အောင် ပြုလုပ်သည်ဟု ထင်၏။

ယသော်ဓရာနှင့် ကပိလ ဝတ်ပြည်သူပြည်သားတို့ထက် ဘုရင်သုဒ္ဓေါဓနေ၏ သည်းခံနိုင်စွမ်း အင်အားသည်ကား သည်တစ်ကြိမ်၌ ကုန်ပျောက်သွားပြီဖြစ်၏။ မည်သို့မျှ ဒေါသကို ထိန်းချုပ် ချိုးနှိမ်နိုင် စွမ်းမရှိ၊ သို့ဖြစ်၍လည်း သားတော် ဘုရားထံ အရောက်သွား၍ " အရှင်ဘုရား မိဘတို့ ခွင့်မပြုသော သား သမီးကို ရှင်ရဟန်းပြုမပေးပါနှင့်" ဟု လျှောက်ထားခြင်းဖြစ်၏။ (ထိုအချိန်မှစ၍ ဗုဒ္ဓမြတ်ဘုရား သည် မိဘတို့ ခွင့်မပြုသော သား သမီးတို့အား ရှင်ရဟန်းပြုခြင်းမှ တားမြစ်တော်မူခဲ့သည်။) ဤဖြစ်ရပ် မှာ ဘုရင်သုဒ္ဓေါဓနေနှင့် ကပိလဝတ် ပြည်သူပြည်သားတို့က မြတ်ဗုဒ္ဓ၏ ဓမ္မလမ်းစဉ်အပေါ် တုံ့ပြန်မှုပင် ဖြစ်၏။ အလိုဆန္ဒတို့၏ နောက်ကွယ်မှ ဒေါသတို့သည် အမှန်ကို အမှန်ဟုမြင်ခြင်းမရှိဘဲ ထိုအမှန်ကိုပင် အမှားဟုထင်လာတတ်၏။

မည်သို့ပင်ဆိုစေ ကပိလ ဝတ်ပြည်သူပြည်သားတို့ တောင့်တ ခဲ့သော စကြဝတေးမင်းအိမ်မက်တို့ တွင် ဤ ၃-ကြိမ်မြောက် ရှုံးနိမ့်ခြင်း သည်ကား ၎င်းတို့အတွက် အထိအနာဆုံးဖြစ်ခဲ့၏။ အမှန် စင်စစ်အားဖြင့် ဤရှုံးနိမ့်မှုများ သည် စစ်မှန်သော ရှုံးနိမ့်မှုများ မဟုတ်။ အောင်နိုင်မှုများစွာတို့တွင် အအောင်နိုင်ဆုံးသော အောင်နိုင်မှု အစစ်သာလျှင်ဖြစ်၏။ သို့သော် ၎င်းတို့နားလည် လက်ခံထားသော လောကအမြင်မှ မလွန်မြောက်သေးဘဲ ဓမ္မအမြင်သို့ မရောက်သေးသမျှ ကာလပတ်လုံး မိမိတို့ကိုယ်ကို ရှုံးနိမ့်မှုဟုသာ လက်ခံထားရမည် ဖြစ်၏။

## ကြေကွဲဝမ်းနည်းစရာ ဇိန့်ရှာသူရှာသားများ

| | |
|---|---|
| နေရာကား | - အောင်လံမြို့၏ အရှေ့ဘက်(၂၄) လေးမိုင်အကွာ ၊ |
| ရှာအမည်ကား | - ဇိန့်ရှာ ၊ |
| ပါဝင်သူများကား | - ရှာသူ၊ ရှာသားများ |
| အလိုဆန္ဒကား | - သက်တော်၊ ရာကျော်ရှည်ဘို့အရေး |
| ဖြစ်လာသည်ကား | - သေခြင်းတရား |

ဇိန့်ရှာသူ ရှာသားများ အလိုရှိ သည်ကား . . .

မိမိတို့ရှာမှ ပေါ်ထွန်းလာသော ဆရာတော် သံဃာတော်များ သက်တော်ရာကျော်ရှည်၍ သာသနာပြုနိုင်ရေးဖြစ်၏။ ထိုသို့ သက်တော်၊ ရာကျော်ရှည်နေမှသာ ဇိန့်သားတို့ပျော်၏။ ဇိန့်သားတို့ ထင်ပေါ်၏။ ဇိန့်သားတို့မော် ကြွားလို့ရ၏။နောက်ဆုံးအနေအားဖြင့် သံသရာနှင့် ချီ၍တွက်



လျှင်ပင် ဇိန့်သားတို့ ကုသိုလ် ကောင်းမှုကို များစွာ ယူလို့ရ၏။ ထို့ကြောင့်လည်း ဇိန့်သားတို့က ဆရာတော်များအား အသက်ရှည်၍ ရာကျော်သည်အထိ မြင်လို တွေ့လိုကြခြင်းဖြစ်၏။ သေခြင်း တရားဆိုသည်ကိုကား ဇိန့်သား များ၏ အလိုဆန္ဒအားဖြင့် မကြားလို မမြင်လိုကြ။ နောက်ဆုံး အနေအာ းဖြင့် ဆရာတော်သံဃာတော် များနှင့် ပတ်သက်လျှင် သေခြင်း တရားအား တွေးလိုပင် မတွေးလို ကြ။ ဤသည်ကား ဇိန့်ရွာသူရွာ သားများ၏ အလိုဆန္ဒဖြစ်၏။

သို့သော် နောင်တော် ဖြစ် သော ဗာရာဏသီဆရာတော် ဘုရားကြီးသည်ကား ၁၃၅၅-ခုနှစ်၊ တပို့တွဲလဆုတ် ၁၃-ရက်၊ နေ့လည် ၂-နာရီအချိန်တွင် ဘဝဟောင်း ကိုစွန့်ပြီး၊ ဘဝသစ်ဖြစ်သော နတ်ထီး နတ်နန်းသို့ ကြွသွားတော် မူ၏။ ဇိန့်ရွာသူရွာသားတို့၏ လိုလားချက်ဖြစ်သော သက်တော် ရာကျော်ရှည်ရေးကို ဥပေက္ခာပြု လျက် သေမင်းသည် ဆရာတော် ဘုရားကြီးအား ခေါ်သွားခဲ့၏။ ဤသည်မှာ ဇိန့် ရွာသူ ရွာသား တို့၏ လိုလားချက်၊ မျှော်လင့်ချက် တို့ကို သေမင်းသည် ညှာတာခြင်း ကင်းမဲ့စွာဖြင့် ချိုးနှိမ်လိုက်ခြင်းပင် ဖြစ်၏။

**နောင်တော်ဆရာတော် ဘုရားကြီး၏ ဘုန်းကံပါရမီသည် ရွာသူ ရွာသားတို့၏ ဘဝကို များစွာ မြင့်တင် ပေးခဲ့ပါ၏။ ဇိန့်ရွာဆိုသည် ကား အောင်လံမြို့၏ အရှေ့ဘက် ၂၄-မိုင်အကွာတွင်ရှိသော ရွာက လေးတစ်ရွာသာဖြစ်၏၊ အိမ်ခြေ ၂၀၀-ကျော်မျှသာရှိသော ဤရွာ၌ ဆရာတော်ဘုရားကြီးသာ မပေါ် ပေါက်ခဲ့လျှင် ဇိန့်ရွာသည် အညာ တရွာတစ်ရွာအဖြစ်နှင့်ပင် သမိုင်း မှ ပျောက်ကွယ် သွားလိမ့်မည်**

ဖြစ်၏။

သို့အတွက်ကြောင့်လည်း သေမင်းကို မုန်းတီးရွံရှာ စက်ဆုပ်ခြင်းဖြစ်၏။ ညှာတာမှုမရှိသူ၊ သေမင်းနှင့် စွန့်ခွါ၍သွားသူ၊ နောင်တော်ဆရာတော်ဘုရားကြီးတို့တွင် မည်သူ့ကို အပစ်တင်ရမည်လဲ?။ မည်သို့ပင်ဆိုစေ သေမင်းသည်ကား ဇိန့်ရွာသူ ရွာသားတို့အပေါ် အနိုင်ယူသွား၏။ သို့ဖြစ်၍ ဇိန့်ရွာသူ ရွာသားတို့၏ နေမင်းကြီးသဖွယ် အားထားရသူ နောင်တော်ဆရာတော်ဘုရားကြီးကား ရွာသူ၊ ရွာသားများကို အမှန်တကယ် စွန့်ခွာခဲ့ပြီးဖြစ်၏။

ဤသို့ဖြစ်ပါက ဇိန့်ရွာသူ ရွာသားတို့အတွက် ဆုံးရှုံးမှုကို အစားထိုးရန်မှတစ်ပါး အခြားမရှိ။ ထို့ကြောင့်လည်း နေမင်းကြီးသဖွယ်ဖြစ်သူ နောင်တော် ဆရာတော်ဘုရားကြီးအစား လမင်းကြီးသဖွယ်ဖြစ်သော ညီတော် မေမြို့ ဆရာတော်ဘုရားကြီးအား အစား ထိုး၍ နှစ်သိမ့် ကျေနပ်ခဲ့ခြင်းဖြစ်၏။ သို့သော် ၁၃၅၆-ခုနှစ် နယုန်လ (၃-လအကြာ)တွင် ညီတော်ဆရာတော်ဘုရားကြီးသည် နောင်တော် ဆရာတော်ဘုရားကြီးနောက်သို့ (သို့မဟုတ်) သေမင်း၏နောက်သို့ လိုက်ပါသွားခဲ့၏။ ညီတော်ဆရာတော်ဘုရား ကိုယ်တိုင်သည်ပင် ဇိန့်ရွာသူ ရွာသားတို့ထက် နောင်တော် ဆရာတော်ဘုရားကြီးကို ပိုမိုချစ်၍လား? (သို့မဟုတ်) သေမင်းကို အန်တုခြင်းငှါ မစွမ်းနိုင်၍လား?။ ကျန်ရစ်သူ ဇိန့်ရွာသူ ရွာသားများမှာက သောက ပရိဒေဝတို့ဖြင့် ငိုကြွေးခြင်းမှအပ အဘယ် အချင်းအရာများ တတ်နိုင်လိမ့် မည်နည်း။ ဇိန့်ရွာသူရွာသားတို့က ညီတော် ဆရာတော်ဘုရားကြီးအား သက်တော်ရာကျော် ရှည်ခြင်းဆိုတဲ့ အရိုက်အရာမျိုးကိုသာခံစား၊ စံစားစေလို၏။ နောင်တော် ဆရာတော်ဘုရားကြီးနောက်သို့ လိုက်သွားခြင်းကိုကား လုံးလုံးမျှ အလိုမရှိခဲ့။ ဒုတိယအကြိမ် ဆုံးရှုံးမှုသည် ပထမအကြိမ် ဆုံးရှုံးမှုထက် အဆများစွာသာလွန်၍ ကြေကွဲ ရပါ၏။

ပထမအကြိမ်၊ ဒုတိယ အကြိမ်များ၌ကား သေမင်းသည် ဇိန့်ရွာသူ ရွာသားများအား အနိုင်ယူခဲ့ပြီးဖြစ်၏။ ဤတတိယ အကြိမ်၌ကား သေမင်းကို



နောင်တော်ဆရာတော်ဘုရားကြီး၏ ဘုန်းကံပါရမီသည် ရွာသူရွာသားတို့၏ဘဝကို များစွာမြှင့်တင်ပေးခဲ့ပါ၏ ဇိန့်ရွာဆိုသည်ကား အောင်လံမြို့၏ အရှေ့ဘက် ၂၄ မိုင်အကွာတွင်ရှိသော ရွာကလေးတစ်ရွာသာဖြစ်၏ အိမ်ခြေ ၂၀၀ ကျော်မျှသာရှိသောဤရွာ၌ ဆရာတော်ဘုရားကြီးသာ မပေါ်ပေါက်ခဲ့လျှင် ဇိန့်ရွာသည် အညတရ ရွာတစ်ရွာအဖြစ်နှင့်ပင် သမိုင်းမှ ပျောက်ကွယ်သွားလိမ့်မည်ဖြစ်၏

အန်တုရ၍ အနိုင်တိုက်ယူရမည်ဟု ဇိန့်ရှာသူ ရှာသားတို့အားခဲ၍ ထားခဲ့ပါ၏။ သို့သော်လည်း ညာတာမှုကင်းမဲ့သူ သေမင်းက တစ်ဖန်ထပ်မံ၍ တတိ ယအကြိမ်မြောက် ဇိန့်သားတို့ အပေါ် လွှမ်းမိုးအနိုင်ယူခဲ့ပြန်၏။ သေမင်းသည် အဘယ်ကဲ့သို့သော ရန်ငြိုးမျိုးဖြင့် ဇိန့်ရှာသူ ရှာသားတို့အပေါ် ဆက်ခါဆက်ခါဖြင့် တိုက်ခိုက်လာဘိသနည်း။ ဇိန့်ရှာသူ ရှာသားတို့၏ ကံစွမ်းအင်သည် ညံ့ဖျင်းနေ၍လား? (သို့မဟုတ်) နောင်တော်ဆရာတော်ဘုရားကြီး ပေးအပ်လာသည့် အမွေကို ခံယူခြင်းလား?။ ဤအရာ၌ကား ရှာသူ ရှာသားတို့အတွက် ခွဲခြားဝေဖန် နိုင်စွမ်းမရှိ ။

အကြောင်းကား ၁၃၅၇-ခု နှောင်းတန်ခူးလ သကြိန်အတက် နေ့တွင် နောင်တော်ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသ အောက်မှာ ကြီးပြင်းလာသူ၊ ဇိန့်ရှာသူ ရှာသားတို့၏ မျှော်လင့်ချက်ဖြင့် အားထားခဲ့ရသူ အရှင်အမတော နတ(၂၇-နှစ်၊ ဓမ္မာစရိယ ၂-ကျမ်းအောင်)သည် သေမင်း၏ ခေါ်သွားခြင်းကို ခံရပြန်၏။ နောင်တော်ဆရာတော်ဘုရားကြီးသည် သားတော်အား သေခြင်းတရားဆိုသည့် အမွေကိုပေး၍ မိမိထံသို့ ခေါ်ယူသွားခြင်းလား? (သို့မဟုတ်) ညီတော်ဆရာတော် ဘုရားကြီး ကိုယ်တိုင်ကပါ နောင်တော်ဆရာတော်ဘုရားကြီး၏ အလို အတိုင်းပြုမူခြင်းလား?

အကယ်၍များ ဆရာတော် ဘုရားကြီးများက ခေါ်သွား သည်ဟုဆိုလျှင် . . .

ဇိန့်ရှာသူ ရှာသားများ တောင်းခိုင်းသည့် အမွေကား ဆရာတော်ဘုရားကြီးများကဲ့သို့ ထင်ပေါ်ကျော်ကြား လူသိများသည့် ဆရာတော်ဘုရားကြီးတစ်ပါး ဖြစ်စေလို၏။ ဆရာတော်ဘုရားကြီးပေးသည့် အမွေကား သေခြင်းတရားတည်း။

သုံးကြိမ်တိုင်တိုင် ဆုံးရှုံးခံရသော ရှာသူရှာသားတို့၏ သောကပရိဒေဝမှာ အထွဋ်အထိပ်သို့ ရောက်သွားပြီဖြစ်၏။ ဆောက်တည် ခြင်းငှာ မစွမ်းနိုင်တော့။ အကယ်၍များ ဇိန့်ရှာသူ ရှာသားများက တိုင်တည်၍ ရမည်ဆိုလျှင် သုဓ္ဓေါ မနမင်းကြီးက မြတ်စွာဘုရားအား လျှောက်ထားဘိသကဲ့သို့ နတ်ပြည်နတ်နန်းမှာရှိတဲ့ ဆရာတော်ဘုရားကြီး၏ ကိုယ်ပွားတော်အား တိုင်တည်လိုက်ချင်ပါ၏။ မည်ကဲ့သို့ ကုစားပေးမည်ကို ရှာသူ ရှာသားများ အလွန်သိချင်လှပါ၏။ ယခု တစ်ဖန် သေမင်း၏ ခေါ်ဆောင်သွားခြင်းကို ခံရခြင်းသည်ကား ဇိန့်ရှာသူ ရှာသားတို့အတွက် လှေလှော်ရင်းနှင့် တက်ကျိုး ရခြင်းပင် ဖြစ်၏။

အမှန်စင်စစ်အားဖြင့် ကပိလဝတ်ပြည်သူ ပြည်သားများ ရှုံးနိမ့်ရခြင်းကား လောကအမြင် ဖြင့်သာ ရှုံးနိမ့်ခြင်းဖြစ်၏။ ဓမ္မ အမြင်ဖြင့်ကား အောင်နိုင်ခြင်းပင်ဖြစ်၏။ နောက်ထပ်တစ်ဖန် ပြန်လည်၍ တွေ့မြင်နိုင်သေး၏။ ဇိန့်ရှာသူ ရှာသားများမှာကား တကယ့်ရှုံးနိမ့်ခြင်း ဖြစ်၏။ လောက ဓမ္မ နှစ်ဌာနလုံး ရှုံးနိမ့်ခြင်းဖြစ်၍ ဒီဘဝ၊ ဒီခန္ဓာမှာ နောက်ထပ်တစ်ဖန် ပြန်လည်၍ ဆုံနိုင်ခွင့်မရှိတော့ . . .

တင့်ယဉ်
မဟာဓမ္မာစရိယ M.A (ကျမ်းပြု)





# ကန်တော့ပန်းဆင်

**လယ်ဝေး အရှင်ဥစ္စာနန္ဒ**

မြတ်ဆရာအရှင်၏ - ဩဝါဒတရားသံများ-

ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော် ဘုရားကြီးသည် ၁၃၂၁-ခုနှစ်တွင်၊ ပြည်မြို့၊ ဝဏ္ဏကျော်ထင် သခင်မကြီး ဒေါ်သိန်းတင်၊ နိုင်ငံဂုဏ်ရည် (ဒုတိယ) ၏ ပင့်လျှောက်တောင်းပန်ချက်အရ- မန္တလေးမှ- နောက်ပါ-စာချစာသင်၊ ရဟန်းရှင် (၂၅)ပါး၊ ကျောင်းသား(၅)ယောက်တို့နှင့် တကွ ကြွရောက်၍။ "ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်" ဟူသောအမည်ဖြင့် စာသင်တိုက် ဖွင့်လှစ်တည်ထောင်ကာ စာသင်သားများစွာကို ပရိယတ္တိစာပေ သင်ကြားပို့ချ ပေးတော်မူပါသည်။

တစ်နှစ်ထက်တစ်နှစ် စာသင်သားဦးရေများပြားတိုးပွားလာကာ ဤအရှင်သည် ၁၃၂၄ - ခုနှစ်တွင်၊ ကျောင်းသားယ်ဘဝဖြင့် ပညာရင်နို့ သောက်စို့ရန် ရောက်ရှိလာခဲ့ပါသည်။ ထိုအချိန်က ဆရာတော်သည် သက်တော်အားဖြင့်၊ (၆၀) ဝန်းကျင်ခန့်သာရှိပါသေးသည်။ သာသနာတော်၏ အကျိုးအတွက် ဝိနည်းစည်း ကမ်း၊ ဥပဒေနှင့်အညီ အုပ်ချုပ်စီမံလျက် စာသင်တိုက်ကြီးကို တိုးတက်ကြီးပွားလာအောင် စွမ်းစွမ်းတမံ သာသနာပြု ဆောင်ရွက်နေသော အချိန်ကာလ ဖြစ်ပါသည်။

ညဉ့် နံနက်ဘုရားဝတ် မှန်မှန်တက်ပြီး အခါအားလျော်စွာ သံဃာတော်များနှင့် ကျောင်းသားသူငယ်များအားလည်း ပြောဆိုနေထိုင်ပုံနှင့် စားသောက်သွား လာပုံများကို ယဉ်ကျေးသိမ်မွေ့အောင် အောက်ခြေက အစ သင်ပြလျက် ဆုံးမဩဝါဒတရားများ ဟောကြားလေ့ရှိပါသည်။ ဆရာတော်ဘုရားကြီးသည် မည်သည့်အခါကမျှ ကြမ်းတမ်းစွာ ပြောဆိုလေ့မရှိပါ။ သို့သော် မေတ္တာကရုဏာနှင့် ယှဉ်သောဆုံးမမှုမျိုးကိုသာ အမြဲမပြတ် ပြောဆိုပါသည်။

ထိုဩဝါဒတရားများ အများအပြားရှိသည့်အနက် ဤအရှင် မှတ်မိသမျှကို "ရာပြည့် ပူဇော်ပွဲကြီး" တွင် ဆရာတော်ဘုရားကြီးအား ကြည်ညိုမှန်းဆ တမ်းတရင်း ကန်တော့ပန်းဆင်လိုက်ရပါသည်။

တစ်နေ့- ကျောင်းအမကြီးအိမ်သို့ ဆွမ်းဝတ် ယူရန်သွားရာတွင်-- ဘောလုံး ကစားနေသော ရပ်ကွက်ထဲမှ အရွယ်တူကလေးများကိုတွေ့၍ စာရေးသူလည်း ဝင်၍ကစားပါသည်။ ကျွမ်းကျင်မှု မရှိဘဲ

ကစားချင်သော စိတ်ဆန္ဒတစ်ခုဖြင့်သာ အတင်း အဝမ္မဝင်၍ကန်ခြင်းဖြစ်ပါသည်။ အခြားပုဂ္ဂိုလ် တစ်ဦးနှင့် မျက်နှာချင်း ခြေထောက်ချင်းဆိုင်၍ ကန်မိပါသည်။ ခြေထောက်က သုံး-လေး ရက် ခန့် ရောင်နေပြီး ထော့နဲ့ထော့နဲ့နှင့် ဖြစ်နေပါ သည်။ စာရေးသူ၏အခြင်းအရာကို ဆရာ တော်ဘုရားကြီးက မြင်သောအခါ 'ဘာဖြစ်တာ လဲ'ဟု မေးပါသည်။ 'ဘောလုံးကန်လို့ ထော့နဲ့ ထော့နဲ့ ဖြစ်နေတာပါဘုရား'ဟု လျှောက်ရာ "မင်းမှတ်ထား-ကိုယ်က ဆရာသမားနဲ့ ကျွမ်း ကျွမ်း ကျင်ကျင် တတ်မြောက်အောင် သင်ထား တာမှ မဟုတ်တာ ကိုယ်ခံရတာပေါ့။ အမေ မွေးတုန်းက အကောင်းကလေးကျိုးသွားရင် မခက်ပေဘူးလား ဘယ်အရာမဆို ကျွမ်းကျင် တတ်မြောက်အောင် သင်ထားတာမှ အထက် တန်းကို ရောက်တာမျိုး"ဟု ဆုံးမပြီး ကိုယ်တိုင် ဆေးလိမ်းပေး တော်မူပါသည်။ မေတ္တာကရုဏာ ကြီးမားပေစွ ဆရာတော် . . .

ထိုမှတဆင့် ဆရာတော် ဘုရားကြီးသည် စာရေးသူအပါဝင် ကျောင်းသား ၄ - ယောက်ကို ရှင်သာ မဏေ ပြုပေး ပါသည်။ ဤသို့ ဖြင့် စာရေးသူ သည် ဆရာ တော်ဘုရားကြီး ၏ သာသနာ့ဝန်ထမ်းလက်၏ ဆင့် ကမ်း အမွေချီးမြှင့်ပေးခြင်းကို ခံယူ ရရှိပြန်ပါသည်။



ရာတော် ဘုရားကြီးသည် တပည့်များအား ကုဋီတက်ရာ၌ ဒုတ်၊ စက္ကူကို မသုံးဘဲ၊ရေဖြင့် သာ အသုံးပြု ရန် ငါးပိဥပမာ

> မောင်ရင်တို့- ငါးပိအိုးထဲ လက်ညှိုးကလေးနဲ့ ထိုးကြည့် လိုက်၊ အဲဒီလက်ကလေးကို၊ ဒုတ်နဲ့ခြစ်၊ စက္ကူနဲ့ သုတ်လိုက်ရင် ပြောင်သွားတာပေါ့။ ဒါပေမဲ့ အနံ့ကပျောက်မသွားဘူး။ ရေနဲ့ ဆေးလိုက်တော့မှ အားလုံး အနံ့ပါ ပြောင်သွားတာပေါ့



ပေး၍ "မောင်ရင်တို့ . . . ငါးပိအိုးထဲ လက်ညှိုး ကလေးနဲ့ ထိုးကြည့်လိုက်၊ အဲဒီလက်ကလေး ကို၊ ဒုတ်နဲ့ခြစ် စက္ကူနဲ့သုတ်လိုက်ရင် ပြောင်သွားတာ ပေါ့၊ ဒါပေမဲ့ အနံ့ကပျောက်မသွားဘူး။ ရေနဲ့ဆေး လိုက်တော့မှ အားလုံး အနံ့ပါ ပြောင်သွားတာပေါ့" ဟု [illegible] ရအောင် သွန်သင် ပေးတော်မူခဲ့သော ကျေးဇူးရှင်ဆရာတော် . . .

ဆရာတော်ဘုရားကြီးသည် ကျောင်းသား များနှင့် ကိုရင်များအား ခေါင်းလောင်းခေါက်၍ ခေါ်လေ့ရှိပါသည်။ တစ်နေ့တွင် စာရေးသူသည် ခေါင်းလောင်းခေါက်သံကြား၍ ဆရာတော်ဘုရား ကြီးထံသို့ သွားရောက်ခဲ့ပါသည်။ အောင်လံမှ ကျောင်းသို့ ခေတ္တခဏ ရောက်နေသော ဒါယိကာမ ကြီးတစ်ယောက်က ဆရာတော်ဘုရားကြီးအား ဗေဒါလုံးများကို လှူဒါန်း နေချိန်ဖြစ်ပါသည်။ ထိုဒါယိကာမကြီးက "ကိုရင်" ဟုခေါ်ပါသည်။ ထိုအခါ စာရေးသူက "ခင်ဗျာ"ဟု ပြန်၍ ထူးလိုက်ပါသည်။ "ဘယ်ရွာကလဲ"ဟုမေးပါသည်။ "ကျွန်တော် လေ့ဒုန်းရွာကပါ"ဟု ပြန်လည်၍ ဖြေလိုက် ပါသည်။

ကုလားထိုင်ပေါ်တွင် သီတင်းသုံးနေသော ဆရာတော်ဘုရားကြီးက "မောင် ရင်- မှတ်ထား ကိုရင်တို့၊ ရဟန်းတို့ဆိုတာ ဒကာ၊ ဒကာမတွေကို ဘယ်တော့မှ 'ခင်ဗျား၊ ကျွန်တော်' မပြောရဘူး။ 'ကိုရင်' လို့ ခေါ်ရင် - 'ဒကာမကြီး' လို့ ပြန်ထူးရ တယ်။ ဘယ်ရွာကလဲမေးရင် 'ကိုရင် လေ့ဒုန်းရွာ ကပါ'လို့ ပြောရတယ်"ဟု ပြောဆိုဆက်ဆံ ရေးပါ မကျန်အောင် သင်ပြ ပေးတော်မူခဲ့သော ကျေးဇူးရှင်ဆရာတော် . . .

ယခု စာရေးသူ ရေးသားမည့် အကြောင်း အရာနှင့် ပတ်သက်သည်ကား ကျောင်းတိုက်ထဲ၌ ကပ္ပိယကြီးတစ်ယောက်ရှိသော အချိန်က ဖြစ်ပါ သည်။ ထိုကပ္ပိယကြီးသည် အရပ်ရှည်၍ ခါးကိုင်း ကာ သွားလာသည့်နေရာတွင် ထော့နဲ့ ထော့နဲ့

ဖြင့်သွားတတ် ပါသည်။ စာရေးသူတို့သည် ငယ်ရွယ်သူများဖြစ်သည့်အလျောက် ၎င်းကပ္ပိယကြီး သွားလာသည့် ပုံစံအတိုင်း ထော့နဲ့ထော့နဲ့ပုံစံဖြင့် နောက်ပြောင် သွားလာကြပါသည်။ ထိုအခါ ကပ္ပိယကြီးသည် အလွန်စိတ်ဆိုးလျက် နောက်မှ လိုက်ကာ ကိုရင်များကို ရန်မူပါသည်။ ထိုအခါ ရှေ့မှပြေးနေသော ကိုရင်တစ်ပါးက ထုံးရေများဖြင့် ပြန်၍ပက်လိုက်ရာ ကပ္ပိယကြီး၏ တစ်ကိုယ်လုံးတွင် ထုံးရေများ စို့ရွှဲညစ်ပေကုန်ပါသည်။ ထိုအကြောင်းအရာကို ဆရာတော်ဘုရားကြီးထံ သွားရောက်၍ လျှောက်ထားပါတော့သည်။

ထိုအခါ ဆရာတော်ဘုရားကြီးက ကိုရင်များ အားခေါ်၍ "မောင်ရင်တို့ နောက်တယ်ပြောင်တယ်ဆိုတာ နေရာ တကာတိုင်း ကောင်းတာမဟုတ်ဘူး။ သူများကို ပြုလုပ်တော့မယ်ဆိုရင် ကိုယ်က အရင်စဉ်းစားရတယ်။ ကိုယ်သာ ဒီနေရာမှာဆိုရင် ခံနိုင်ပါ့မလား။ မလုပ်ရဘူး။ ဝဋ်လိုက်တတ်တယ်။ ဘုရားလက်ထက်တုန်းက ရှင်အနုရုဒ္ဓါရဲ့ နှမလေး - ရောဟိနီဆိုတဲ့ အမျိုးသမီးကလေး တစ်ဦးရှိတယ်။ မင်းမျိုးမင်းနွယ်ဖြစ်ပြီး ရုပ်အဆင်းအင်္ဂါကလည်း လှပချောမောတယ်။ ဒါပေမယ့် သူ့မှာ သူတစ်ပါးတွေ အနားမကပ်ချင်လောက်အောင် နူနာရောဂါသည်ကြီး ဖြစ်နေရတယ်။ အဲဒါဘဝတစ်ခုက ကချေသည်မလေး တစ်ဦးကို ခွေးလေးယားသီးနဲ့ ပက်ခဲ့တဲ့ အကုသိုလ်ဝဋ်ကြွေးကြောင့် ဒီဘဝမှာ လာခံရတာဖြစ် တယ်။ နောက်ကို အဲဒီလို မလုပ်ကြနဲ့"ဟု ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝကောင်းကျိုးရအောင် ဆုံးမပဲ့ပြင်တော်မူခဲ့သော ကျေးဇူးတော်ရှင် ဆရာတော် . . .

ထိုမှတစ်ဖန် ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်တွင် ဥပုသ်နေ့တိုင်း၌ အပတ်စဉ် စာမေးပွဲကို ဖြေဆိုရမြဲဖြစ်သည်။ ၎င်းစာမေးပွဲဖြေဆိုရက်မတိုင်မီ အဖိတ်နေ့ တစ်နေ့တွင် သံဃာတော်များအား ဆရာတော်ဘုရားကြီးက ဩဝါဒ ပေးပါသည်။

"မောင်ရင်တို့ . . . . မောင်ပဉ္စင်းတို့ . . . . ပညာသင်တယ်ဆိုတာ အချိန်အရွယ်ရှိတုန်း ကျိုးစားပြီးသင်ရတယ်။ ဒို့များငယ်စဉ်တုန်းက စာကျက်ရတာ အေးအေး လူလူ မကျက်ရဘူး။ တစ်ခါတစ်လေပုလိပ်ရောဂါကြောင့် ပြေးရတယ်၊ အကြောင်း အမျိုးမျိုးကြောင့် စစ်ကိုင်းဖက်ကို သွားပြီးနေရတယ်။ ည-စာပြန်တဲ့အခါ ကိုယ်မေ့နေတာလေးတွေရှိရင် သစ်ရွက်ကလေးတွေကို မီးရှို့ပြီး မြန်မြန်ကြည့်လိုက်ရတယ်။

စာမေးပွဲ အောင်နေရုံနဲ့လဲ မပြည့်စုံသေးဘူး။ အကျင့်သီလသိက္ခာနဲ့ ပြည့်စုံအောင် နေဘို့က ပိုပြီး အရေးကြီးတယ်။



သီလနဲ့ ပြည့်စုံအောင် နေရင် စာကျက်ရင်းလဲ ရဟန္တာ ဖြစ်သွားနိုင်တယ်။ ဘုရားလက်ထက်က ကောသလတိုင်း တောအုပ်တစ်ခုမှာနေတဲ့ ရဟန်းတစ်ပါးဟာ ဆရာသမားအား ဝေယျာဝစ္စ ပြုစုလုပ်ကျွေးရင်း ဆရာထံမှာ စာတက်တယ်၊ စာကျက်ရင်းနဲ့ မိမိနှုတ်ကထွက်တဲ့ အသံများကို ရှုမှတ်ရင်းနဲ့ ကျက်လိုက်တာဖြစ်၊ ပျက်ကိုမြင်ပြီးရဟန္တာဖြစ်သွားတယ်။ဒါကြောင့် စာလဲတတ်အောင် သင် ကိုယ်ကျင့်သီလနဲ့ လဲပြည့်စုံအောင် နေထိုင်ရမည်" ဟု ဆုံးမတော်မူခဲ့သော ကျေးဇူးရှင်ဆရာတော် . . .

ဤသို့ဖြင့် ဆရာတော်ဘုရားကြီး၏ ဩဝါဒ တရားသံများသည်ကား ယနေ့တိုင် ဤအရှင်တို့၏ နှလုံးသားထဲဝယ် စွဲထင်၍ ကျန်ရစ်နေပါတော့သည်။

ပြည်တရာ-ပြေမြန်မာကျော်ကြား

ထေရ်အရှင်ဂုဏ်ထူး- ဦးညွှတ်ဝတ်တွား။

လယ်ဝေး အရှင်ဥစ္စာနန္ဒ

## ကျေးဇူးဆပ်ကြရအောင်

*   ခင်မင်တွယ်
စင်စင်ကြယ်၊ သိက္ခာပန်းကိုလ
ဆင်မြန်းမြတ်နိုး ။
သေးအငယ်
ရေးမကျယ် စာမဖွဲ့လောက်ပေမင့်
တွေးကြောက်ပြစ်ဆိုး။

*   ပြောသလို
ဟောအဆို ပြုလုပ်ကျင့်ပါတဲ့
ဂုဏ်ဝင့် ထေရ်ဘုန်း ။
စံနမူ
ဟန်အတူ ယူကြပါကွဲ့
ညွှန်ပြပုံနှုန်း ။ ။

*   ရွှန်းရွှန်းလွင်
မွှန်းမွှန်းတင် ကျေးဇူးရိပ်မှာဖြင့်
ချွေးသိပ် ပျော်အေး ။
ကျေးဇူးကို
တွေးကျူး ပိုမြတ်စကားကိုတဲ့
မှတ်သားကာ နာခံကျင့်လို့ရယ်
တိုးမြှင့်ဆပ်ပေး ။ ။

လယ်ဝေး – ရွက်လှ

## သင်သေသွားသော်

လူ့ပြည်လောက
လူ့ဘဝကား
အိုရနာရ
သေရဦးမည်
မှန်ပေသည်တည့်။

သို့တပြီးကား
သင်သေသွားသော်
သင်ဖွားသောမြေ
သင်တို့မြေသည်
အခြေတိုးမြင့်
ကျန်ကောင်းသင့်၏။

သင်၏မျိုးသား
စာစကားလည်း
ကြီးပွားတက်မြင့်
ကျန်ကောင်းသင့်၏။

သင်ဦးချ၍
အမျှဝေရာ
စေတီသာနှင့်
သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။

ဇော်ဂျီ

သက်ဆိုင်ရာတို့စုံစမ်းမေးမြန်းကြည့်ရာ
သာသနာ့သမိုင်းဝင်ထေရုပ္ပတ္တိစာအုပ်ကြီး
ရေးထုတ်စိုက်ထူပူဇော်နိုင်ရေး
တပည့်များကြိုးစားရှာဖွေစုစည်းစာမူကြမ်းကြီးရေး၍
ဆရာတော်ဘုရားကြီးထံဆက်ကပ်ကြရာ
ငါတို့သမှုပုံနှိပ်ပဟု ပြန်လည်မိန့်ကြား
လိုက်သဖြင့်ဆရာ့စကားမိုးကြိုးသွားသို့
မှတ်သားလိုက်နာတပည့်ဒကာတို့
အသာနောက်ဆုတ်နေခဲ့ကြရကြောင်းသိရပါ၏

အရှင်ဣန္ဒောဘာသ(အဂ္ဂမဟာပဏ္ဍိတ)
အောင်လံမြို့

စံကင်းဆရာတော်ကြီးက
တာရာကာသီဆရာတော်ကို
သည်းခံလုပ်ဆောင်တတ်သူအဖြစ်
ယုံကြည်သိမြင်ပြီးဖြစ်သလို
မြောင်းမြဆရာတော်ကလည်း
သည်းခံမှုရှိသည်ဟု
မိန့်မြွက်တော်မူသည်

တွဲဘက်ရွှေကျင်သာသနာပိုင်
ဝါဆိုဆရာတော်

မွေးနေ့ရာပြည့်ဆရာတော်ဘုရားကြီး
သက်တော်ကိုယ်တိုင်ရှိနေဦးမည်ဆိုက
ဒီမဟာဝိသုဒ္ဓါရုံ ရာပြည့်အထိမ်းအမှတ်
သူ့သက် ရာပြည့်အထိမ်းအမှတ်
ရာပြည့်နှစ်မှာပူးတွဲပြီး
ဘယ်နည်းဘယ်ပုံကျင်းပမည်ဆိုတာ
မခန့်မှန်းနိုင်ကြပါ

အရှင်ပဏ္ဍာဝ (ဝါးတန်း)

အထူးအားဖြင့်တာရာကာသီဆရာတော်၏
ဟိန္ဒီဘာသာကျွမ်းကျင်နိုင်နင်းပုံကို
တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးပြုစုစဉ်က
သိရှိခဲ့ရပေသည်။ ဝဝင် အဘိဓာန်ကျမ်းကြီး၏
ဆလပုဒ် ဇာတိပုဒ်တို့၌သက္ကတဘာသာ
နျာယကျမ်းများ၏အဆိုအမိန့်များပါဝင်နေသည်ကို
တွေ့ရသည်။ ထိုနျာယကျမ်းများ၏အဆိုအမိန့်ကို
ဟိန္ဒီသဒ္ဒသာဂရအဘိဓာန်ကျမ်းကြီး၌
အကျယ်ဖွင့်ဆိုထားသည်။ ယင်းဟိန္ဒီဘာသာ
ဖွင့်ဆိုချက်များကိုတာရာကာသီဆရာတော်က
မြန်မာဘာသာပြန်ဆိုပေးတော်မူသည်။

အရှင်အဂ္ဂဉာဏာဘိဝံသ (စည်ရှင်)